


# ကမ္ဘာကျော် မှုခင်းကြီးများ

ဝင်းနိုင်ဦး <ရေနံ>

2002 . GRAPHIC DESIGN : KYAW MINN MOUNG


ကမ္ဘာကျော်
မှုခင်းကြီးများ
ဝင်းနိုင်ဦး〈ရေနံ〉

ပညာရွှေတောင်စာအုပ် - ၉၃

# ကမ္ဘာကျော် မှုခင်းကြီးများ

ဝင်းနိုင်ဦး (ရေနံ)

ပညာရွှေတောင်စာအုပ်တိုက်
အမှတ် (၁၀၄)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၄၂၈၃၃

အတွင်းစာသားခွင့်ပြုချက်အမှတ် ၅၀၀ / ၂၀၀၂ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၆၃၀ / ၂၀၀၂ (၇)

ထုတ်ဝေသည့်အကြိမ် ပထမအကြိမ်

၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ ကိုကျော်မင်းမောင်

ဖလင် ဦးထွန်းဆိုင်

ထုတ်ဝေသူ ဒေါ်မိုးကေခိုင်

ချိုတေးသံစာပေ (၀၁၆၉၂)

ရွှေနံ့သာကျေးရွာ

ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ

ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် ဦးဝင်းအောင်

အတွင်းစာသားပုံနှိပ် သန်းထိုက်ရတနာအော့ဖ်ဆက်

မြဲ(၀၅၁၃၁)၊ အမှတ် ၈၄၊ လမ်း ၅၀၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး [redacted]-၇၀၀ ကျပ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | သူခိုးကြမ်းပိုး လူဆိုးလူမိုက်များ | ၁ |
| ၂ | စိုင်ကော်၍ ချူပေါ်ရောက်ခဲ့သည့် ထောင်ဖောက်ဝရမ်းပြေးကြီး | ၂ |
| ၃ | ဥမင်လိုဏ်ခေါင်းတူးပြီး ဘဏ်ဖောက်ခွဲခဲ့သည့် ကမ္ဘာ့အကြီးဆုံး ခါးပြမှုကြီး | ၁၆ |
| ၄ | ၁၉ ရာစု အမေရိကန် မျက်လှည့်ဝိဇ္ဇာကြီး ဟူဒီနီအလား စွမ်းလှသည့် လန်ဒန်လူဆိုး ငတက်ပြား | ၂၆ |
| ၅ | ဆန်၏သား ဒေးဗစ်ဘာကိုဝစ် | ၃၇ |
| ၆ | သေပန်းပွင့်ခဲ့ကြသည့် ဒုစရိုက်မောင်နှံ | ၄၄ |
| ၇ | ရဲတင်းတစ်လက်နှင့် လူသတ်သမား | ၅၀ |
| ၈ | သေရွာသွားဟန်ပြု၍ မြေလျှိုး ခြေရာဖျောက်သွားသော အမတ်မင်း | ၆၈ |
| ၉ | ကြမ်းပိုး လိပ်ဖြစ်အောင် ပြတတ်သည့် ဆပ်ကပ်ဆရာ | ၈၅ |
| ၁၀ | အံ့မခန်း အပြောကောင်းလှသည့် လူလည်ပတ်ကား | ၉၅ |
| ၁၁ | မစားရ ဝခမန်း ဇာတ်လမ်းဆင်ကာ လျှောက်လိမ်ခဲ့သည့် လန်ဒန်လူကုံထံတစ်ယောက်အကြောင်း | ၁၀၀ |
| ၁၂ | ပြင်သစ်နိုင်ငံ ကမ္ဘာကျော် အီဖယ်လ်တာဝါ မျှော်စင်ကြီးကိုမှ လက်ညှိုးထိုးရောင်းစားခဲ့သူ | ၁၀၅ |
| ၁၃ | ပညာသားပါလွန်းသည့် လူလိမ်ကြီးများ | ၁၁၇ |
| ၁၄ | နေလို လလို ထင်ရှားသည့် စာရေးဆရာကြီး အမည်ကိုမှ အလွဲသုံးစားလုပ်ဝံ့သည့် လူလိမ်စာရေးဆရာ | ၁၁၈ |
| ၁၅ | ကျားမြီးကိုမှ သွားဆွဲသည့် အတုအပဝိဇ္ဇာ | ၁၃၀ |
| ၁၆ | လိမ်ဆင်ပန်းချီလက်ရာတို့ဖြင့် ကျော်ကြားခဲ့သည့် အတုအပဝိဇ္ဇာ ပန်းချီဆရာ | ၁၄၂ |

| | | |
|---|---|---|
| ၁၇ | သောနုတ္တိုရှ်လို ယောက်ျား | ၁၅၀ |
| ၁၈ | မကောင်းမှုကိုမှ မွေ့လျော်တဲ့ ဂီတသမား | ၁၆၅ |
| ၁၉ | ကိုယ်ပွားစိတ်ခွာ စိတ္တဇလူသတ်သမား | ၁၇၂ |
| ၂၀ | ဘီလူးအသည်းနှင့် မိန်းမရိုင်းကြီး သို့မဟုတ် မေရီအန်းကော့တွန် | ၁၈၀ |
| ၂၁ | မှားယွင်းသောပြစ်ဒဏ် စီရင်ခဲ့လေသလော (ဂျွန်ခရစ္စတီအမှု) | ၁၉၃ |
| ၂၂ | အဆိပ်ဘုရင် နီးလ်ကရင် | ၂၀၁ |
| ၂၃ | ဘော့စတွန်မြို့မှ လူသတ်သမား | ၂၁၃ |
| ၂၄ | ရမ္မက်ရူးမလေးနှင့် ဒုစရိုက်သံသရာ | ၂၂၁ |
| ၂၅ | ကြားစခန်း အမှတ် (၆)အေ လူသတ်မှု | ၂၂၈ |
| ၂၆ | ရက်စက်မှုကမ်းကုန်လွန်းသူ လင်ဆိုးတစ်ယောက် | ၂၃၇ |


♣ ♣ ♣

# နိဒါန်း

မကောင်းဆိုးဝါး နတ်ဆိုးမိစ္ဆာတို့သည် သူတစ်ပါးအား ဆွဲဆောင်နိုင်သည့် သာယာနာပျော်ဖွယ် တေးသွားသံစဉ် ရှိသည်ဆိုသော လူကြီးသူမတို့၏ ဆိုရိုးစကား ရှိခဲ့သည်။ ထို့အတူ လောကတွင် လူလိမ်၊ လူကောက်၊ မကောင်းမှုဒုစရိုက်သမားတို့မည်သည် မည်သို့ပင် ခိုးဆိုးလိမ်လည် လှည့်ဖြားနေကြစေကာမူ သူတစ်ပါး ကျ,လောက်စရာ ဟန်ပန်လေသံ၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ကောင်းတတ်စမြဲပင် ဖြစ်၏။

မှန်ပါသည်။ သူတို့၌ သူတစ်ပါးစွဲမက်စရာ နှစ်သက်မြတ်နိုးစရာ ဇာတ်လမ်းများ ကိုယ်စီရှိကြပါသည်။ လူလိမ်လူကောက်၊ လူဆိုးလူသွမ်း လူသရမ်း၊ သူယုတ်မာတို့မှာ တထေရာတည်း သို့မဟုတ် တစ်မူထူးခြားပြီး ယေဘုယျအားဖြင့် လူကောင်းသူကောင်းတို့ထက် အထင်ကြီးလောက်စရာ၊ စိတ်ဝင်စားစရာ အကျင့်စရိုက်ကောင်းတို့ ရှိနေတတ်ကြသည်။

ထိုစကားမှန်ကန်ကြောင်း ဤစာအုပ်ပါ ကမ္ဘာ့အမိပတိ လူလိမ်၊ လူကောက်ကြီးတို့၏ ဖြစ်ရပ်မှန်ဇာတ်လမ်းက သက်သေခံကြပေလိမ့်မည်။ ဤစာအုပ်တွင် အကျင့်စရိုက် တာတေလံနေကြသော်လည်း မှတ်သားလောက်စရာ မာယာတစ်သိန်း၊ အပလိန်းအနန္တကြွယ်ဝလှသည့် အမျိုးသား၊ အမျိုးသမီး လူလိမ်လူကောက်တို့အကြောင်း ကောင်းနိုးရာရာ ရွေးချယ်စုဆောင်း တင်ပြထားပါသည်။ စာရှုသူတို့အား အတင်းအကျပ်တော့ မတိုက်တွန်းလိုသော်လည်း အမြည်းသဘော ဖတ်ကြည့်စေချင်ပါသည်။

ပညာရွှေတောင်စာအုပ်တိုက်


ဤစာအုပ်ပါ လူလိမ်လူကောက်ကြီးတို့ အားလုံးလိုလို လူဆိုးလူမိုက် ဒုစရိုက်သမားတွေချည်း မဟုတ်ကြပေ။ အချို့အချို့တို့၏ အမူအကျင့် ဝစီစရိုက်တို့မှာ တစ်နည်းတစ်ဖုံအားဖြင့် ချစ်စရာကောင်းလှသည်ကို တွေ့ ရှိရပေသည်။ ဤစကားကို မထောက်ခံချင်တောင်မှ သူတို့၏ ပြောင် မြောက်လှသည့် အမူအရာ၊ အကျင့်ဝသီ၊ ပြောမှုဆိုမှု၊ ချိုသာမှုတို့ကို မချီးမွမ်းဘဲ နေနိုင်လိမ့်မည် မဟုတ်ဟု ထင်မိပါသတည်း။

❁ ❁ ❁

# အခန်း(၁)
## သူခိုးကြမ်းပိုး လူဆိုးလူမိုက်များ

လူဆိုးလူမိုက်၊ လူလိမ်လူကောက်တို့အဖို့ အကျင့်သီလနှင့် တူသည့် ရာဇဝတ်မှု၊ ဒုစရိုက် ဆိုသည်မှာ သူတို့အတွက် ကိုယ်ပိုင်ဆုလာဘ်ပင် ဖြစ်သည်။

**ဂျော့ဖာကျူဟာ** (George Farquhar)



လွန်ခဲ့သော (၁၈)နှစ် (၁၉၆၃)ခုနှစ်အတွင်းက အင်္ဂလန်နိုင်ငံ၊ ဝေးလံခေါင်းပါးသည့် တောပိုင်းဒေသတစ်ခု၌ စာပို့မီးရထားတစ်စင်းကို စီးနင်းလုယက်ခဲ့ကြသည့် လူဆိုးဂိုဏ်းတစ်ဂိုဏ်းမှာ ဘဏ်ထုတ်ငွေစက္ကူပေါင် (၂. ၅)သန်း အပိုင်စီးသွားခဲ့လေသည်။ ထိုအခင်းဖြစ် မီးရထားစီးနင်းတိုက်ခိုက်မှုကြီးမှာ (၂၀)ရာစုနှစ်၏ စံတင်ရသော ရာဇဝတ်မှုကြီးပင် ဖြစ်ပါသည်။

ယင်းဟိုးလေးတစ်ကျော် မီးရထားစီးနင်းဓားပြတိုက်မှုကြီး၏ လက်သည်တရားခံ ဓားပြကြီးများ (Great Teain Robbers) တို့အနက် လူသိများသည့် ဓားပြကြီးမှာ ရိုနယ်ဘစ် ဆိုသူ ဖြစ်၏။ သူသည် အဖွဲ့ဝင် လူဆိုးဓားပြတစ်ဦးဖြစ်ပြီး အခင်းဖြစ် မီးရထားစီးနင်း ဓားပြမှု၌ သူ၏ အခန်းကဏ္ဍမှာ အသေးအဖွဲ ဖြစ်ခဲ့သော်လည်း နောင်အခါ ဖမ်းဆီးရမိပြီး ထောင်နန်းစံခဲ့ကြစဉ်က သူ၏ အံ့မခန်းစွမ်းပကားဖြင့် ထောင်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ သူကား ဥပဒေဘက်တော်သားတို့ထက် ရှေ့တစ်လှမ်း အသာစီးရသွားခဲ့သည်။

အင်္ဂလန်နိုင်ငံ ငွေစက္ကူသုံးစွဲလှည့်ပတ်ရေးမှုအရ ဟောင်းနွမ်းပျက်စီးသွားသော ငွေစက္ကူတို့ကို ညစဉ် စကော့တလန်မှ လန်ဒန်မြို့သို့ မီးရထားဖြင့် ဖျက်ဆီးပစ်ရန် ပို့လေ့ရှိသည်။ ငွေစက္ကူတို့ကို အထူးတွဲ၌ လုံလုံခြုံခြုံတင်၍ စကော့တလန်နိုင်ငံ၊ ဂလပ်စကောင်းမြို့မှ အူစတန်မြို့သွား ပုံမှန်ညစာပို့ဖြင့် တင်ပို့လေ့ရှိသည်။ တင်ပို့သည့် ငွေကြေးပမာဏမှာ ကွဲပြားခြားနားမှု ရှိသည်။ သို့သော် ဘဏ်ပိတ်ရက်အပြီး နောက်နေ့များဆိုလျှင် ငွေကြေးပမာဏမှာ အလွန်ပင် များလေသည်။ (၁၉၆၃)ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့ည မီးရထားနှင့် ပါလာမည့် ငွေစက္ကူများမှာ စတာလင်ပေါင် (၄)သန်းထက်မနည်း ရှိနိုင်ကြောင်း ဓားပြဂိုဏ်းကြီးက ကျိန်းသေတွက်ထားခဲ့ကြသည်။

သူတို့ လူဆိုးဂိုဏ်းဝင်တို့မှာ သူခိုးဂိုဏ်းဓားပြပေါင်းစုံ ဖြစ်သည်။

ထိုလူဆိုးဂိုဏ်း၏ အဓိကခေါင်းဆောင်တို့မှာ ဘရုစ်ရေနိုးလ်စ်၊ အသက် (၃၀)နှစ်ဖြစ်ပြီး ဇိမ်ကျကျဘဝကိုမှ နှစ်သက်သူ ဖြစ်သည်။ သူကလည်း သူ့ကိုယ်ကို ထင်တစ်လုံးနှင့် လန်ဒန်အရှေ့ဖျား လူဆိုးဂိုဏ်းဝင်

ညီနောင်တို့ထက် သာသူဟု မှတ်ယူထားခဲ့လေသည်။

ဂေါ်ဒွန်ဂွဒ်ဒီမှာ အသက် (၃၂) နှစ်ရှိပြီး တစ်ဗွေတည်း မိုက်ရဲသတ်ရဲဖြတ်ရဲသည်။ ဝတ်စားကာ မြာပွေတတ်သူ ဖြစ်သည်။

"စိန်ပြောင်း"ဟု အမည်ရသည့် ရိုနဲလ်ဘတ်စတာအက်ဒ်ဝပ်စ်မှာ အသက် (၃၀)ရှိပြီး ကလပ်ပိုင်ရှင် ဖြစ်သည်။ သူသည် မိသားစုနှင့် အနေများတတ်သူ ဖြစ်၏။

နောက်လူဆိုးတစ်ဦးမှာ ချာလီဝီလ်ဆင် (Charlie Wilson) ဆိုသူဖြစ်ပြီး အသက် (၃၂)နှစ်ရှိ၍ ကြံရည်ဖန်ရည်ကောင်းသူ ဖြစ်သည်။ သူသည် ရေနိုးလ်စ်၏ သူငယ်ချင်းရောင်းရင်း ဖြစ်သည်။ ဂျစ်မီဝှိုက် (Jimmy White) အမည်ရှိ လူဆိုးမှာ အသက် (၄၂)နှစ်ရှိပြီး အေးအေးဆေးဆေးနေတတ်သူ ဖြစ်သည်။ သူသည် လေထီးခုန်စစ်မှုထမ်းဟောင်း တစ်ယောက်ဖြစ်သည်။ နောက်တစ်ယောက် ဘော့ဝဲလ်ချ် (Bob Wedch) မှာ အသက် (၃၂)နှစ်ဖြစ်ပြီး လန်ဒန်မြို့တောင်ပိုင်း ကလပ်အသင်းအဖွဲ့တစ်ခု၏ ပိုင်ရှင်ဖြစ်သည်။ တွမ်မီဝစ်ဘီ (Tomy Wisbey) ဆိုသူ လူဆိုးမှာ အသက် (၃၂)နှစ်အရွယ်ရှိပြီး မြင်းပွဲအုပ်ဒိုင်ခံသူတစ်ယောက် ဖြစ်သည်။ နောက်ဆုံး လူဆိုးအဖွဲ့ဝင် ဂျင်ဟပ်စီ (Jim Hussey) မှာ အသက် (၃၀)ရှိပြီး လန်ဒန်တိုင်းဆိုဟိုမြို့နယ်အတွင်း၌ စားသောက်ဆိုင်တစ်ဆိုင် ဦးစီးဖွင့်လှစ်ထားသူဖြစ်သည်။

သူတို့ လူဆိုးဓားပြဂိုဏ်းကြီးတွင် ပါရဂူသုံးယောက်ပါ ထပ်လောင်းဖြည့်စွက်ထားသည်။ယင်း ပါရဂူသုံးဦးအနက် တက်မ,ကိုင် အမည်ရသည့် ဝှီးလ်မင်းရွိုင်းဂျိမ်းစ် (Wheels' man Roy James) (၂၃)နှစ်မှာ ပန်းတိမ်ဆရာတစ်ဦး၊ ပြိုင်ကားမောင်းသမားတစ်ဦး ဖြစ်သည်။ ရော်ဂျာကော်ဒရေး (Roger Cordrey) မှာ အသက် (၃၈)နှစ်အရွယ် ပန်းစိုက်ပျိုးရောင်းချသူ ဖြစ်၏။ သူသည် မီးရထားအချက်ပြကိရိယာတို့ကို ပြင်ဆင်သည့်အလုပ်၌ ကျွမ်းကျင်သူ ဖြစ်သည်။ နောက်ဆုံးတစ်ဦးမှာ အငြိမ်းစား မီးရထားစက်ခေါင်းသမားတစ်ယောက် ဖြစ်ပါသည်။

သူတို့ လူဆိုးဓားပြဂိုဏ်းကြီးမှာ နောက်ဆုံးအနေဖြင့် အရေးမပါသည့် သူခိုးငတိုတစ်ယောက် ထပ်မံ ဖြည့်စွက်ဖွဲ့စည်းခဲ့သည်။ ထို ငတိုမှာ

အခမ်းအနား ပြင်ဆင်တတ်သူဖြစ်ပြီး လှပသည့် ဇနီးမယားလေးရှိသူ ဖြစ်၏။ သူဘယ်တော့မှ မစွမ်းဆောင်နိုင်သည့် ချမ်းချမ်းသာသာ ဇိမ်ရှိရှိ ဘဝဖြင့် နေထိုင်သွားနိုင်ဖို့ စိတ်ကူးယဉ်နေသူ ဖြစ်သည်။ သူ့နာမည်က ရိုနဲလ်ဘစ် ဖြစ်ပါသည်။

ယခု မီးရထားအနုကြမ်းစီးခဲ့ကြသည့် ဓားပြအဖွဲ့ကြီးသည် အင်္ဂလန်နိုင်ငံ၊ ဘတ်တင်မာန်ရှိုင်းယားပြည်နယ်၊ ဘဂိုက်ဂိုးတံတားမှာ လူသူပြတ်သည့်နေရာဖြစ်၍ ဖြတ်တိုက်ရန် ရွေးချယ်ထားကြသည်။ ထိုနေရာမှနေ၍ ဖျက်ဆီးပစ်ရန် ငွေများတင်ဆောင်လာမည့် စကော့တလန်မှ လန်ဒန်မြို့သို့ သယ်ဆောင်လာသော ဂလပ်စ်ဂေါင်းအူစတန်သွား ပုံမှန်ညစာပို့ရထားကို ချုံခိုတိုက်ခိုက်ရန် ဖြစ်သည်။ သူတို့ လူဆိုးအဖွဲ့ အခြေစိုက်စခန်းမှာ ဆက်သွယ်ရေး အဆက်ပြတ်သည့် လယ်သာစလိတ် လယ်တောဖြစ်ပြီး အခင်းဖြစ်သည့် တံတားနှင့် (၂၆)မိုင် ဝေးကွာပေသည်။

(၁၉၆၃)ခုနှစ်၊ ဩဂုတ်လ (၂)ရက် ညဥ့်သန်းခေါင်ယံအချိန် ဝန်းကျင်၌ အပွကြံကြမည့် ဓားပြတစ်စုသည် ပြောက်ကြားဝတ်စုံကိုယ်စီ ဆင်မြန်းထားကြပြီး သူတို့ အခြေစိုက်စခန်းလယ်တောမှ ပစ်မှတ်နေရာ မြစ်ကူးတံတား ဘဂိုက်ဂိုးဘရစ်ချ်ဆီသို့ လင့်ရိုဗာကားနှစ်စီး၊ လော်ရီကားတစ်စီးတို့ဖြင့် မောင်းနှင်စီးနင်း ထွက်ခွာလာခဲ့ကြသည်။ မီးရထားအလံပြ ဆက်သွယ်ရေး ကျွမ်းကျင်သူ ဓားပြ ဂေါ်ဒရေးက အချက်ပြမီး နှစ်ကြိမ်တိုင် ဖွင့်ချည်မှိတ်ချည်လုပ်လိုက်သည်။ ပထမအချက်ပြမီးကို တံတားနှင့် ကိုက်သုံးလေးရာ အကွာအရောက်တွင် လည်းကောင်း၊ ဒုတိယမီးနီကို တံတားနှင့် နီးလာချိန်၌ လည်းကောင်း ပြခဲ့သည်။ ပထမအချက်ပြမီးမှာ မီးရထား စက်ရှိန်လျှော့ မောင်းနှင်ရန်ဖြစ်ပြီး ဒုတိယမှာ လုံးဝ ရပ်တန့်လိုက်ရန် ဖြစ်သည်။ ဓားပြ လူဆိုးဂိုဏ်းဝင်တို့မှာ ရထားသံလမ်းနံဘေး အရေးပေါ် တယ်လီဖုန်းလိုင်းကြိုးတို့ကို ဖြတ်တောက်ကာ အဆက်အသွယ် ဖြတ်ထားလိုက်ကြသည်။ ထို့ပြင် အနီးဝန်းကျင် ထိုရပ်ဝန်းဒေသ အနီးတစ်ဝိုက်ရှိ လယ်ယာလုပ်ငန်းဌာနများ၊ အိမ်များမှ တယ်လီဖုန်း အဆက်အသွယ်ကိုပါ ဖြတ်တောက်ပစ်ခဲ့ကြသည်။

မီးရထား အနုကြမ်းစီးမည့် ဓားပြများ ရထားပေါ် ခြေချသည့်အချိန်

မှာ နံနက်လင်းအားကြီး (၃)နာရီ ရှိလေပြီ။ မီးရထားစက်ခေါင်းမောင်း သမား ဂျက်မီးလ်စ်မှာ အံ့ဩစွာဖြင့် အချက်ပြမီးသို့ လှမ်းကြည့်နေသည်။ အခါတိုင်း ဤနေရာအရောက်၌ လမ်းပန်းရှင်းလင်းကြောင်း အချက်ပြ မီးစိမ်းပြလေ့ရှိသော်လည်း ယနေ့ညကျမှ ထူးထူးခြားခြား အဝါရောင် ပြရ ပါသည်။ သူ မတွေးတတ်အောင် ဖြစ်သွားမိသည်။ သို့နှင့် သူလည်း ဘရိတ်အုပ်လိုက်ကာ မီးရထားဒီဇယ်အင်ဂျင်စက်ရှိန်ကို လျှော့ချလိုက်ပါ သည်။ ထို့နောက် အပေါ်မှ အိုဗာမာက်အချက်ပြမီးနီကို နီရဲစွာ တွေ့လိုက် ရသည်။ ဂျက်လည်း မီးရထားကို ရပ်တန့်ပစ်လိုက်ပြီး သူ့လုပ်ဖော်ကိုင် ဖက် မီးထိုးသမားအား "ဘာတွေဖြစ်နေသလဲ" ဟု မေးလိုက်သည်။ မီးထိုး သမား ဒေးဗစ်ဝှစ်ဘီသည် လမ်းနံဘေး အရေးပေါ်ဖုန်းဖြင့် ဆက်သွယ် စုံစမ်းရန် အောက်သို့ ဆင်းခဲ့သည်။

မီးထိုးသမားဝှစ်ဘီ မှောင်ထဲ၌ ပျောက်ကွယ်သွားခဲ့သည်။ သူ့အား တစ်စုံတစ်ယောက်က "ရထားပေါ် . . . . သူငယ်ချင်း"ဟူ၍ လှမ်းမေးမြန်း သံကို မီးလ် ကြားလိုက်ရသည်။ ထို့နောက် ဘာသံမှ ပေါ်မလာတော့။ အမှန်စင်စစ် ထိုအချိန်၌ ရထားဓားပြ ဘတ်စတာအက်ဒ်ဝပ်လက်တွင် ကြိုးတုပ်ခံနေရရှာလေပြီ။ ရထားပေါ်မှ အထုပ်ကြီးတစ်ထုပ် တာရိုးပေါ် ကျလာပြီးနောက် မီးထိုးသမား ဝှစ်ဘီ အဖမ်းခံလိုက်ရခြင်း ဖြစ်သည်။

မီးရထားစက်ခေါင်းခန်းနောက်ပိုင်း၌ စက်ခေါင်းသမား မီးလ်စ်မှာ ညှပ်ပူးညှပ်ပိတ်မှ ဓားပြများ အတိုက်ခံလိုက်ရသည်။ သူ့အား နောက်မှ ဝင်အအုပ်ခံလိုက်ရပြီး ဦးခေါင်းအား နှစ်ချက်အရိုက်ခံလိုက်ရသည်။ ထို့နောက် မီးရထားစက်ခေါင်းတွဲနှင့်ကပ်လျက် ရှေ့ဆုံးနှစ်တွဲ ကျန်ရထား တွဲများမှ ဖြုတ်ခဲ့ပြီး ရထားမောင်းသမားဟောင်း ဓားပြကြီးက တံတားနှင့် အနီးဆုံးနေရာသို့ မောင်းနှင်လာခဲ့သည်။ ထိုရှေ့ဆုံးတွဲနှစ်တွဲတွင် တစ်တွဲမှာ သူတို့အပိုင်စီးမည့် ငွေစက္ကူများ သယ်ဆောင်လာခဲ့သောတွဲ ဖြစ်သည်။

ထို့နောက် ဓားပြတို့လည်း ငွေစက္ကူတွဲ တံခါးပြတင်းတို့ကို ရဲဒင်း၊ သံတူးရွင်းတို့ဖြင့် ဖျက်၍ ဝင်ခဲ့ကြသည်။ ဌာနအစောင့် (၆) ယောက်တို့အား တွဲကြမ်းခင်းပေါ် ဝမ်းလျားမှောက်ခိုင်းထားပြီး စတာလင်ပေါင် ငွေစက္ကူ များထည့်သွင်းထားသော စာပို့ပါဆယ်အိတ်ကြီး (၁၂၀)လုံး လက်ဆင့်

ကမ်းကာ တွဲပေါ်မှ မြေပြင်တာရိုးပေါ်၊ ထိုမှတစ်ဆင့် သူတို့ မောင်းနှင်ရပ်နားထားသော လော်ရီကားကြီးပေါ် တင်ဆောင်ခဲ့ကြသည်။

မီးရထားစီးနင်း တိုက်ခိုက်လုယက်ခဲ့ကြသော ဓားပြဂိုဏ်းကြီးမှာ ရင်ထဲတိုက်အောင် မောသွားခဲ့ကြသော်လည်း ပင်ပန်းရကျိုးနပ်ခဲ့ကြသည်။ အောင်ပွဲရဓားပြတို့၏ ကားတန်းကြီးမှာ သူတို့စခန်းချရာ လယ်သာစလိတ်ယာတောဆီသို့ ပြန်လာခဲ့ကြသည်။ စာပို့ရထား စာတိုက်တွဲမှ ပေါင်စတာလင်ငွေစက္ကူထုပ်များ အပိုင်စီးမှုကြီးမှာ မူလ ကြိုတင်ကြံစည်ထားသည့် စီမံကိန်းအတိုင်း အောင်မြင်ထ,မြောက်ခဲ့လေသည်။ ထိုအခင်းဖြစ်မှုကြီး၌ မီးရထားစက်ခေါင်းမောင်းသမား ဂျက်မီးလ် ဦးခေါင်း၌ ပြင်းပြင်းထန်ထန် အရိုက်ခံလိုက်ရသည်မှလွဲ၍ သေနတ်တစ်ချက် မဖောက်လိုက်ရ၊ အသက်တစ်ချောင်း မဆုံးရှုံးခဲ့ဘဲ အောင်မြင်ခဲ့ခြင်း ဖြစ်၏။ သူတို့၏ ကြိုးပမ်းမှုမှာ အထွတ်အထိပ်ရောက်ခဲ့ပြီး ရလဒ်မှာလည်း မက်မောလောက်စရာ ကောင်းလှပေသည်။ သို့သော် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိချေ။

ထိုအချိန်က သူတို့၏ ဘဝလမ်းခရီးမှာ ပန်းခင်းသောလမ်းသဖွယ် ဖြောင့်ဖြူးသာယာလှချေ၏။ ထိုညမှာ ဝမ်းသာမဆုံး တပြုံးပြုံးဖြင့် လုယက်တိုက်ခိုက်လာခဲ့ကြသည့် ငွေစက္ကူတို့ကို ရေတွက်ကြ၏။ တံစိုးလက်ဆောင်ထိုးရန် ဝေစုတစ်ပုံပုံ၊ အနည်းအကျဉ်း လာဘ်ပေးရန် စသည်ဖြင့် ပေးစရာကမ်းစရာတို့ကို နုတ်လိုက်ကြသည်။ ထို့နောက် ကျန်ငွေကို သူတို့ဂိုဏ်း၏ ဓားပြများ အချိုးကျ ခွဲဝေယူခဲ့ကြသည်။ စာပို့ညရထားမှ အပိုင်စီးခဲ့ကြသည့် ငွေစုစုပေါင်း စတာလင်ပေါင် (၂၅၀၀,၀၀၀) ဖြစ်သည်။

အကယ်၍ အခင်းဖြစ်အမှုပေါ်ခဲ့ကြပြီး မီးခိုးကြွက်လျှောက် ခြေရာကောက်လာပါက ရာဇဝတ်ဘက်သို့ အလီဘိုင် (အခင်းဖြစ်စဉ် မိမိတို့မည်သည့်နေရာ၌ ရှိနေကြောင်း သက်သေပြချက်)ပြကြရန် အသီးသီး ဇာတ်တိုက်ထားကြသည်။ သူတို့ဝေစုငွေတို့ကို လိုသလောက် သုံးစွဲကြပြီး ကျန်ငွေတို့ကို မိမိတို့ ကျူးလွန်ခဲ့ကြသည့် ပြစ်မှုအတွက် ပြစ်ဒဏ်ခံရပြီး ထောင်မှ လွတ်သည့်အခါ၌ အေးအေးဆေးဆေး သုံးစွဲနိုင်ရန် သိုဝှက်သိမ်းဆည်းထားကြဖို့လည်း အသီးသီး စီစဉ်ကြလေသည်။ အကယ်၍ အခင်းဖြစ်အမှုကြီး ပေါ်ပေါက်သွားခဲ့ပြီး တရားဥပဒေကပေးသည့် ပြစ်ဒဏ်ခံရ

ပါကလည်း တိုတောင်းလှသည့် ကာလမျှသာ ဖြစ်သည်ဟု မိမိတို့ကိုယ် မိမိတို့ ယုံကြည်ချက်အပြည့်ဖြင့် လူစုခွဲခဲ့ကြသည်။

ရာဇဝတ်ဘေးပြေး၍ မလွတ်ပါ။ မီးရထားဓားပြတိုက်မှုကြီး ပေါ်ပေါက်ရန် ဓားပြလူဆိုးတို့၏ လက်ဗွေရာများ၊ သူတို့၏ အဝတ်အစားများ၊ အခင်းဖြစ်စဉ်က အသုံးပြုခဲ့ကြသည့် သူတို့ မော်တော်ယာဉ်တို့ အပေါ်၌ တစ်ပုံတစ်ပင် မထင်ကျန်ရစ်ခဲ့ကြပေ။ ဓားပြဂိုဏ်းကြီးမှာ သူတို့ စခန်းချခဲ့ရာ အခြေစိုက်စခန်းယာတဲ၌ ခြေစလက်စမကျန်အောင် ဖျက်၍ နောက်ချန်တပ်စုတစ်စု ထားရစ်ကာ စေခိုင်းခဲ့သော်လည်း မသေသပ် မပိရိ၍ သဲလွန်စတို့ ကျန်ရစ်ခဲ့ကြသည်။

လန်ဒန် ကမ္ဘာကျော်စကော့တလန်ယာဒ် စုံထောက်တို့အား လှည့်စားနိုင်သည့် ဒုစရိုက်သမားဟူသည် မရှိသလောက်ပေ။ ချက်ဆို နားခွက်က မီးတောက်သည့် စုံထောက်တို့အဖို့ ဆင်ခြေရာတွေ့နေမှ ဆင်ကောင်ကြီး ဖမ်းဖို့ မခဲယဉ်း ဆိုသကဲ့သို့ အခင်းဖြစ် အမှုကျူးလွန်ခဲ့ကြသူ တရားခံ လူဆိုးလက်ဗွေရာ တွေ့နေမှ အနှီလက်ချောင်း၊ လက်ဖဝါးဗွေရာပိုင်ရှင် လူဆိုးကို ဖော်ထုတ်ကြဖို့ မခက်တော့ချေ။ မှုခင်းဆေးဘက်ဆိုင်ရာမှ သိပ္ပံပညာရှင်တို့အဖို့ ထိုရာဇဝတ်သား လူဆိုးဓားပြတို့ကို ဖော်ထုတ်ရန် သူတို့၏ဓာတ်ပုံတို့ကို "အလိုရှိသည်" ဟူသော လူဆိုးဓားပြကြော်ငြာ ပိုစတာများ ဗြိတိန်နိုင်ငံတစ်နိုင်ငံလုံး၌ ကပ်စေခဲ့ကြသည်။

ထိုလူဆိုးကျော်စောသတင်းကြော်ငြာ ကြေညာအပြီး တစ်နှစ်အတွင်း အများအပြား လက်ရဖမ်းဆီးမိခဲ့ကြပြီး ထောင်နန်းစံသွားခဲ့ကြသည်။ လန်ဒန်ရာဘက်တရားရုံးချုပ်ကို ကျူးလွန်ခဲ့ကြသော တရားခံဓားပြတို့အား မှတ်လောက်သားလောက် စံပြပညာပေးအနေဖြင့် ထောင်ဒဏ် နှစ် အတော်များများ ရက်ရက်စက်စက် အပြစ်ပေး စီရင်ခဲ့သည်။

အခင်းဖြစ်အမှုမှ လူဆိုးဂိုဏ်းဓားပြ ဂေါ်ဒွန်ဂွတ်ဒီ၊ ဂျိမ်းစ်၊ ဝှစ်ကီနှင့် ဟတ်စ်ဆီတို့ ထောင်အနှစ်(၃၀) ကျခံရန် အပြီးသတ် စီရင်ချက်ချခဲ့သည်။ သို့ရာတွင် ထောင်ဒဏ် (၁၂)နှစ် ကျခံပြီး သူတို့ (၅)ယောက်မှာ ထောင်မှ လွတ်ခဲ့သည်။ ဝီလ်ဆင်နှင့် ဘစ်တို့မှာလည်း သူတို့နှင့်တန်းတူ ထောင်ဒဏ် အနှစ် (၃၀)စီ ကျခံစေရန် စီရင်ခြင်းခံခဲ့ကြရသည်။ ရော်ဂျား ကော်ထရီမှာ

(၁၄)နှစ် အပြစ်ပေးခဲ့ပြီး လျှော့ရက်ဖြင့် ပြစ်ဒဏ် (၇)နှစ် ကျခံအပြီး လွတ်လာခဲ့သည်။ သို့ပါသော်လည်း အချို့ဓားပြတို့မှာ နှစ် အတော်ကြာကြာကို သက်ဆိုင်ရာ ရဲအဖွဲ့ဝင်တို့အား ဒုက္ခလှလှကြီး ဆက်လက်ပေးခဲ့ကြသည်။

ဂျွင်မီရှိုက်မှာ ရာဇဝတ်ဘေးမှ တိမ်းရှောင်ထွက်ပြေးနေခဲ့ရာ (၃)နှစ်ကြာ လွတ်မြောက်နေခဲ့ပြီး (၁၉၆၅)ခုနှစ်အတွင်းကျမှ လက်ရဖမ်းဆီးရမိခဲ့သည်ဟု ရုံးတော်မှ ထောင်ဒဏ် (၁၈)နှစ် အပြစ်ပေးစီရင်ခဲ့ရာ ထောင် (၉)နှစ်ကျခံပြီး လျှော့ရက်၊ ချုပ်ရက်ဖြင့် ထွက်လာခဲ့သည်။

ရေးနိုးလ်စ်နှင့် အက်ဒ်ဝပ်စ်တို့နှစ်ဦးမှာ လန်ဒန်မြေအောက်လောက၌ပင် တစ်နှစ်ခန့် ပုန်းအောင်းမြေလျှိုးနေခဲ့ပြီး မက္ကဆီကိုမြို့သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ လူဆိုးနှစ်ဦးမှာ လူမိုက်နှင့်ငွေအတူမနေ ဆိုသလို ငွေကို အတိုင်းအဆမဲ့ သုံးဖြုန်းပြီး ဗြိတိန်သို့ ပြန်လာခဲ့ကြသည်။

(၁၉၆၆)ခုနှစ်အတွင်း အားမတန်မာန်လျှော့ကာ အက်ဒ်ဝပ်စ်က သက်ဆိုင်ရာရဲအဖွဲ့၌ အဖမ်းခံခဲ့သည်။ ထောင် (၁၅)နှစ် ကျခဲ့ပြီး (၉)နှစ် အကြာ၌ ထောင်မှ လွတ်မြောက်လာခဲ့သည်။ ရေးနိုးလ်စ်မှာ (၁၉၆၈)ခုနှစ်ကျမှ လက်ရဖမ်းဆီးမိခဲ့ပြီး ထောင်ဒဏ် (၂၅)နှစ် ကျခဲ့သည်။ သို့ရာတွင် ထောင်နန်းစံခဲ့ပြီး (၁၉၇၈)ခုနှစ်၌ လွတ်လာခဲ့သည်။

အခင်းဖြစ်အမှု ကျူးလွန်ခဲ့ကြသော လူဆိုးဂိုဏ်းဝင် ဓားပြတို့မှာ ထောင်ထဲ၌လည်း မချောင်ခဲ့ကြပေ။ သူတို့ထဲမှ ဓားပြနှစ်ဦး ထောင်မှ လွတ်မြောက်ရန် ကြိုးပမ်းခဲ့ကြသဖြင့် သူတို့အားလုံးမှာ အစောင့် အမြဲတစေချပြီး ဒေါက်ထောက် အကြည့်ခံနေခဲ့ကြရသည်။

(၁၉၆၅)ခုနှစ်အတွင်း ဓားပြကြီး ဝီလ်ဆင်မှာ ဘာမင်ဟမ်မြို့ ဝင်စဲဂရင်းအကျဉ်းထောင်ကြီးမှ လွတ်လာခဲ့ပြီး မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့တော်၌ ရေးနိုးလ်စ်အက်ဒ်ဝပ်စ်တို့နှင့် သူတော်ချင်းချင်း သီတင်းလွှေ့လွှေ့ တွေ့ဆုံခဲ့ကြသည်။ သို့ပါသော်လည်း ဝီလ်ဆင်မှာ သူတို့နှင့် ဆက်လက် မနေချင်တော့သဖြင့် ကနေဒါနိုင်ငံ၊ ကွီးဘက်ပြည်နယ်၊ မွန်ထရီးရာယ်လ်ပင်လယ်ဆိပ်ကမ်းမြို့ကလေးသို့ ပြောင်းရွှေ့သွားပြီး စမတ်ကျကျ အိမ်တစ်လုံးငှားရမ်းနေထိုင်ခဲ့သည်။ (၁၉၆၈)ခုနှစ်၌ အဖမ်းခံခဲ့ရပြီး အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့သို့ ပြန်လာခဲ့ပြီး ထောင်ဒဏ် (၁၀)နှစ် ကျခံခဲ့သည်။ ထောင်ထဲ

(၁၀)နှစ်နေခဲ့ပြီး လွတ်မြောက်လာခဲ့၏။

သူတို့ လူဆိုးတစ်စုထဲမှ ထူးထူးခြားခြား ထောင်မှ လွတ်မြောက်လာခဲ့သူမှာ ရိုနယ်ဘစ်စ်ပင် ဖြစ်သည်။ သူလွတ်လာပုံမှာ အများတကာလို ထောင်မှ လွတ်ပေးခဲ့ခြင်း မဟုတ်။ အလွန်ပင် စိတ်ကူးယဉ်ဆန်သည့် လွတ်မြောက်နည်းဖြင့် ထောင်ဖောက် ထွက်ပြေးလွတ်မြောက်လာခဲ့ခြင်း ဖြစ်၍ ပုံပြင်ထဲက လူဆိုးကြီးသဖွယ် ပြောစမှတ်ပြုခြင်း ခံခဲ့ရသည်။

(၁၉၆၅)ခုနှစ်၊ ဇူလိုင်လအတွင်းက ထောင်ကျလူဆိုးမားပြ ရိုနယ်ဘစ်စ်သည် အကြံတူထောင်ပြေးတစ်စုနှင့် စွန့်စွန့်စားစား ဖောက်ပြေးခဲ့ခြင်း ဖြစ်သည်။ လန်ဒန်မြို့ ဝမ်းစ်ဝပ်ထောင်ကြီးမှ ဖောက်ပြေးခဲ့ပြီး ထောင်နံရံပေါ်မှ တစ်ဖက်မြေပြင်၌ ရပ်တန့်ထားသော ပရိဘောဂတင် မော်တော်ကားအမိုးပေါ် ချိန်၍ ခုန်ချခဲ့သည်။ အမိုးပေါ်မှတစ်ဆင့် မြေပေါ် ခုန်ဆင်းထွက်ပြေး လွတ်မြောက်လာခဲ့လေသည်။

ဘစ်လည်း ပြင်သစ်သို့ တစ်ချိုးတည်း လစ်ခဲ့ပြီး သူ၏မျက်နှာ၊ နှာခေါင်း၊ ပါးရိုးပုံစံကို ပလတ်စတစ်ဆာဂျရီဖြင့် ပုံစံပြုပြင်ပြောင်းလဲပစ်ခဲ့သည်။ ထို့နောက် သူ၏ ဝေစုငွေအချို့ကို သယ်ဆောင်ပြီး ဩစတေးလျနိုင်ငံသို့ လေယာဉ်ဖြင့် ပြေးခဲ့ပြန်သည်။ မဲလ်ဘုန်းမြို့ ဆင်ခြေဖုံးအရပ်၌ အိမ်တစ်ဆောင် အကျအနဆောက်ကာ နေထိုင်ခဲ့သည်။ အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် လက်သမားဆရာအဖြစ် အလုပ်လုပ်ကိုင်ကာ သူ၏ဇနီးသည် ချာမီယန်နှင့် သားသုံးယောက်တို့ကိုပါ ခေါ်ယူပေါင်းသင်း နေထိုင်ခဲ့ကြလေသည်။ မဲလ်ဘုန်း၌ နာမည်အမျိုးမျိုးပြောင်းကာ နှစ်ပေါင်းအတန်ကြာနေထိုင်ခဲ့သည်။ သူတို့ချမ်းမြေ့ရိပ်မြုံကမ္ဘာလေးမှာ သားကြီး ကားတိုက်မှုဖြစ်ပွားကာ သေဆုံးခဲ့ခြင်းဖြင့် ပြိုကွဲခဲ့ရသည်။

နောက်ဆုံး၌ ဝရမ်းပြေးကြီးဘစ်သည် လန်ဒန်မြို့စကော့တလန်ယာဒ်စုံထောက်တို့ သူ့နောက် အနံ့ခံကာ လိုက်လံနေကြကြောင်း သတင်းရရှိခဲ့သည်။ သူလည်း အဖမ်းခံရမည့် ရာဇဝတ်ဘေးမှ ရှောင်တိမ်းကာ ဘရာဇီးလ်နိုင်ငံသို့ ထွက်ပြေးခဲ့ပြန်သည်။

ဘစ်မှာ မိသားစုနှင့် ကွေကွင်းနေရသဖြင့် အတော်ကလေး ကသိကအောက်နိုင်လွန်းနေသည်။ ဘရာဇီးလ်နိုင်ငံ၊ ရိုင်ယိုဒီဂျာနေရိုပင်လယ်

ဆိုဂါကမ်းမြို့၌ အခြေချခဲ့ပြီး မူးယစ်ဆေးဝါး၊ အရက်၊ မိန်းမနှင့် ဒုစရိုက်လုပ်ငန်းတို့ဖြင့် ပျော်မွေ့နေခဲ့သည်။

(၁၉၄၇)ခု နှစ်ဦးပိုင်း၌ လန်ဒန်သတင်းစာတစ်စောင်မှ သတင်းထောက်တစ်ဦးက ဘစ်အား ခြေရာကောက်မိသွားခဲ့ပြီး သူ့အကြောင်းသတင်းဆောင်းပါးတို့ ရေးသားခဲ့သည်။ သူ၏ သတင်းစာကြီးမှ အုပ်ချုပ်သူတို့က လန်ဒန်၊ စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကြီးသို့ ဘစ်၏ မြေလျှိုးနေရာအရပ်ကို သတင်းပေးခဲ့ကြသည်။ (၁၉၇၄)ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့၌ စကော့တလန်ယာဒ်စုံထောက်ဌာနမှ ရဲမှူးချုပ်ဂျက်စလစ်ဗားနှင့် အခြားရဲအရာရှိတစ်စု အပါအဝင်တို့ ရိုင်ယိုမြို့သို့ ရောက်လာခဲ့ကြပြီး ဘစ်အား လက်ရဖမ်းဆီးခဲ့ကြသည်။ သို့ရာတွင် စကော့တလန်ယာဒ်ရဲမှူးချုပ်မှာ စိတ်ဓာတ်ကျခဲ့ရသည်။ ဘရာဇီးလ်နိုင်ငံ ရာဇဝတ်ဘက်မှ သူတို့နိုင်ငံ၌ ခိုလှုံနေသော တရားခံဝရမ်းပြေးအား ဗြိတိန်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ရန် သဘောတူညီမှု မရရှိခဲ့ကြချေ။

ထို့နောက် ဘစ်၏ အချစ်တော် ဘရာဇီးလ်လီယန်အမျိုးသမီးကလေး ရေမန်ဒါက မိမိ၌ ဘစ်နှင့်ရသည့်ကိုယ်ဝန် ရှိနေပြီဖြစ်ကြောင်း ကြေညာခဲ့လေသည်။ ဤသတင်းမှာ ကံကောင်းထောက်မ,သည့် ဖခင် လူဆိုးဝရမ်းပြေးကြီး ဘစ်အတွက် ရာဇဝတ်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရခြင်းဖြစ်သည်။ ဘရာဇီးနိုင်ငံ၏ တည်ဆဲဥပဒေအရ နိုင်ငံသားတစ်ဦး၏ဖခင်ဖြစ်သူအား ပြည်နှင်ဒဏ်မပေးရဟူ၍ ဖြစ်ပါသည်။

ဤသို့ဖြင့် ပျံလေသည့်ငှက်ခါးလူဆိုးကြီးမှာ ဆက်လက် ပျံသန်းနိုင်ဆဲပင် ဖြစ်သည်။ ဝရမ်းပြေးကြီးဘစ်အား တရားဝင်ဖမ်းဆီးနိုင်ရန် အမျိုးမျိုးကြိုးပမ်းခဲ့သော်လည်း မအောင်မြင်၍ စုံထောက်ကျော်ကြီး စလစ်ပါမှာ တပ်ခေါက်ကာ လန်ဒန်သို့ ပြန်လစ်ခဲ့သည်။

သို့နှင့် (၁၉၈၁)ခုနှစ် မတိုင်မီပင် မဟာလူစွန့်စား မြေလျှိုးမိုးပျံသူရဲကောင်းကြီး ဝရမ်းပြေးဘစ်မှာ ထောင်ထဲ ပြန်ရောက်ခဲ့သည်။ သို့သော် စကော့တလန်ယာဒ်စုံထောက်ကျော်တို့ ကြိုးပမ်းမှုကြောင့် မဟုတ်ပြန်ပေ။ ဂိုဏ်းတစ်ဂိုဏ်းမှ သူ့အား ပြန်ပေးဆွဲအလာ အဖမ်းခံခဲ့ရခြင်း ဖြစ်သည်။

လူပြန်ပေးဂိုဏ်းကြီး၏ ဝရမ်းပြေးကြီးဘစ်ကို ရွေး၍ ပြန်ပေးဆွဲရန်

ကြံစည်ခဲ့သည့် ဂိုဏ်းခေါင်းဆောင် ဉာဏ်ကြီးရှင်မှာ ဗြိတိသျှကြည်းတပ်မတော်၊ တပ်ကြပ်ကြီးဟောင်း အသက် (၃၆)နှစ်ရှိ ဂျွန်မီးလားဆိုသူ ဖြစ်၏။ (၁၉၈၁)ခုနှစ်၊ ဧပြီလအတွင်း၌ သူနှင့် သူ၏တပည့် လူဆိုး (၄)ယောက်အဖွဲ့ ဘရာဇီးနိုင်ငံ၊ ရိုင်ယိုဒီဂျာနေရိုးမြို့သို့ ရောက်လာခဲ့ကြသည်။ ထိုအချိန်ထိ ဘစ်က ဂျွန်မီးလားအား သက်ာယန့် မဖြစ်ခဲ့။ သူ့မှာ ဇနီးချောကလေး ဘရာဇီးနိုင်ငံသူ ရေမန်ဒါနှင့် ကွဲကွာနေခဲ့ကြသည်မှာ အတန်ကြာခဲ့ပြီး သူမနှင့် ရခဲ့သည့် (၆)နှစ်သားကလေး မိုက်နှင့် သားအဖနှစ်ယောက်တည်း နေခဲ့ကြသည်။

အခွင့်ချောင်းနေသည့် လူပြန်ပေးဆွဲကြမည့် ဂိုဏ်းမှာ တစ်ညသ၌ ကိုပါဘာနာအရက်ဆိုင်ဘားတစ်ခုမှ အပြင်အရောက်တွင် ဘစ်အား လက်ရဖမ်းဆီးကာ ကြိုးဖြင့်တုပ်၊ ပါးစပ်ထဲအဝတ်ဆို့ပြီး ဂုန်နီအိတ်ထဲထည့်ထုပ်ပိုးကာ အသင့်စောင့်နေသည့်ကားထဲထည့် ခေါ်ဆောင်လာခဲ့ကြသည်။

ထို့နောက် ပြန်ပေးလူဆိုးတို့သည် ဘစ်အား ဘရာဇီးလ်နိုင်ငံမှ မှောင်ခိုခိုးထုတ်ခဲ့ကြပြီး ဘရာဇီးလ်နိုင်ငံမြောက်ပိုင်း ဘီလမ်ပင်လယ်ဆိပ်ကမ်းမြို့မှတစ်ဆင့် စက်လှေတစ်စင်းငှားပြီး ဘရာဇီးနိုင်ငံ ရေပိုင်နက်ပြင်ပသို့ ယွန်းခဲ့ကြသည်။

ပြန်ပေးလူဆိုးတစ်သိုက်နှင့် သူတို့၏ ဓားစာခံဘစ်တို့သည် ကရေဘီယန်ကျွန်းဆီသို့ စက်ကုန်ဖွင့်ခဲ့ကြသည်။ ထိုကျွန်း၌ ထူးထူးဆန်းဆန်း ပြန်ပေးဆွဲလာသည့် ဓားစာခံလူသားတို့အား လေလံတင်ရောင်းချပွဲတစ်ရပ် ရှိလေသည်။ ကယ်သူမဲ့ ကံဆိုးမိုးမှောင်ကျခဲ့သည်။ ဝရမ်းပြေးကြီးခမျာ လေလံပွဲ၌ လေလံတင် ရောင်းချခံရလေတော့သည်။

လူပြန်ပေးဂိုဏ်းခေါင်းဆောင် မီလာက သူတို့အဖွဲ့ စတည်းချတည်းခိုရာ ဘာဘာဒိုးစ်ကျွန်းဟိုတယ်တစ်ခု၌ သတင်းစာရှင်းလင်းပွဲတစ်ရပ်ခေါ်ယူကျင်းပခဲ့ပြီး သူတို့၏ ဓားစာခံဘစ်အား ဈေးအမြင့်ဆုံးပေး၍ လေလံဆွဲနိုင်သူအား ရောင်းချမည်ဟု ကြေညာခဲ့သည်။

သို့သော် သူတို့စစ်ဆင်ရေးမှာ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ သဲထဲရေသွန် ဖြစ်ခဲ့ရသည်။ ဘစ်အား တင်ဆောင်ချုပ်နှောင်ထားသည့် စက်လှေမှာကွဲကာ နစ်မြုပ်သွားခဲ့ပြီး လှေကွဲကြီးမှာ ရေစီးအတိုင်း မျောပါ

သွားခဲ့သည်။ ယင်းလှေကွဲကြီး၌ပါ ပါလာသည့် ဓားစာခံကြီး ဘစ်အား ကမ်းရိုးတန်းရေကင်းအဖွဲ့မှ လက်ရဖမ်းဆီးထားလိုက်ကြသည်။ ပြန်ပေးသမား လူဆိုးအဖွဲ့တို့ တိတ်တဆိတ် လူစုခွဲကာ ခြေရာဖျောက်သွားခဲ့ကြသည်။ ဘစ်အား ထောင်ထဲ ချုပ်နှောင်ထားခဲ့ကြပြီး ဗြိတိန်နိုင်ငံသို့ ပြန်ပို့ရန် စောင့်ဆိုင်းနေခဲ့ကြသည်။

ဗြိတိန်နိုင်ငံမှ အလိုရှိနေသော ထောင်ပြေးကြီး ဘစ်ခမျာ ဘာဘာဒိုင်းစ်ကျွန်းဘရစ်ချ်တောင်ရှိ ပိုးဟပ်များ မင်းမူနေသည့် ထောင်အကျဉ်းခန်းကလေးထဲ၌ မျှော်လင့်ချက်မရှိ အကြံကုန်ကာ ဒုက္ခခံနေခဲ့ရသည်။ သို့သော် အကျဉ်းသား လွှဲပြောင်းယူရေးမှာ စည်းကမ်း နည်းလမ်း တရားဥပဒေထုံးတမ်းစဉ်လာတို့ဖြင့်သာ ယူရမည် ဖြစ်ပါသည်။

ဘရာဇီးလ်နိုင်ငံ၊ ရိုင်ယိုမြို့၌ ဘစ်၏ အရင်းအနှီးဆုံးမိတ်ဆွေ ကောနေဂျွန်မစ်စတန်နှင့် သူ၏ဇနီး ဘရာဇီးလ်အမျိုးသမီး လိုင်ယာတို့က သူ့အား ပစ်မထားကြချေ။ ဘာဘာဒိုးစ်ကျွန်းမှ ဘစ်အား ဗြိတိန်နိုင်ငံသို့ တရားခံလွှဲပြောင်းပေးအပ်မည့် အစီအစဉ်ကို ရုံးတော်မှ တရားဥပဒေနှင့်အညီ ကန့်ကွက်ရန် မိတ်ဆွေကြီး ပစ်စတန်နှင့်ဇနီးတို့က အကောင်းဆုံး ရှေ့နေ အီဇရာအော်လေးနီအား ငှားရမ်းခဲ့ကြသည်။

ဘရစ်တောင်းမြို့ ရာဘက်တရားရုံးတော်၌ တရားခံဘစ်အား ဗြိတိန်နိုင်ငံသို့ လွှဲပြောင်းအပ်နှံရေးအမှုကို နှစ်ဖက်တရားလို၊ တရားခံ၊ ရှေ့နေတို့ ရက်သတ္တပတ် (၃)ပတ်ကြာမျှ အချေအတင် လျှောက်လဲခဲ့ကြသည်။ ဘာဘာဒိုးစ်ကျွန်း ရာဘက်တရားသူကြီးချုပ် ဆာဝီလျံဒေါက်ဂလပ်စ်က ဘာဘာဒိုးစ်ကျွန်းနှင့် ဗြိတိန်နိုင်ငံတို့အကြား ထွက်ပြေးတိမ်းရှောင်သွားသော တရားခံရာဇဝတ်သားအား လွှဲပြောင်းပေးရေးစာချုပ် စာတမ်းဟူ၍ တရားဝင် မချုပ်ဆိုထားကြောင်း၊ သို့အတွက် အခင်းဖြစ်အမှုကို တရားစရိတ်နှင့်တကွ ပေးလျော်ရန် အပြီးသတ်စီရင်ချက် ချမှတ်ခဲ့သည်။

စိုင်ကော်၍ ချုပေါ်ရောက်ရသည့် လူဆိုးဓားပြဝရမ်းပြေး လူလိမ်လူကောက်ကြီး ရိုနဲလ်ဘစ်မှ တရားစရိတ် စတာလင်ပေါင် (၃၀,၀၀၀)နှင့် အတူ အမှုမှ ကွင်းလုံးကျွတ် လွတ်မြောက်လာခဲ့သည်။ ရုံးတော်ပြင်ပ၌ သူ့အား စောင့်ကြိုနေကြသော လူအုပ်ကြီးမှာ လမ်းတစ်လျှောက်လုံး

ထရေဘီယံ အကအခုန် အတီးအမှုတ်တို့ဖြင့် ခေါ်ဆောင်သွားခဲ့ကြသည်။ ဝမ်းသာအားရ ဖြစ်နေသော ဘစ်က လူအုပ်ကြီးအား "ခုလို သောင်းသောင်းဖြဖြကြိုဆိုကြတာကို ကျုပ်ဖြင့် ဂုဏ်ယူလို့မဆုံးပါဘူး။ ကျွန်တော့်စိတ်ထဲမှာ အိပ်မက်များ မက်နေသလားလို့တောင် ထင်မိပါတယ်။ ကျုပ်ကလည်း တုံ့ပြန်တဲ့အနေနဲ့ ရှန်ပိန်အရက်ဝိုင်းနဲ့ ပြန်လည် ဂုဏ်ပြုညှော့ခံပါ့မယ်" ဟူ၍ အော်ဟစ်ပြောကြားခဲ့လေသည်။

ပိုပြီး စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ ဘစ်၏ ဘရာဇီးလ်နိုင်ငံ အပြန်ခရီးပင် ဖြစ်သည်။ ရိုင်ယိုလေဆိပ်၌ လာရောက်ကြိုဆိုနေသော ကွဲကွာနေသည့် သားငယ်မိုက်နှင့် ပြန်လည် ဆုံတွေ့ကြရာ မီးရထားဓားပြ လူဆိုးဝရမ်းပြေးလူကြမ်းကြီးခမျာ မျက်ရည်တို့ မစဲနိုင်တော့ပေ။ မှန်ပါသည်။ သူလည်းလေ လောကီသားပေမို့ ခံစားတတ်သည့် အသည်းနှလုံး ရှိပါသေးသည်။

သူတို့သားအဖ တစ်ယောက်ကိုတစ်ယောက် လွှတ်ထွက်မသွားအောင် တအားဖက်ထားကြသည်။ ဘစ်က သူ့သားလေးအား "သားရေ ဖေဖေဖြင့် ဒီတစ်သက် သားတို့နဲ့ ပြန်မတွေ့ကြရတော့ဘူးလို့ ထင်နေမိတာ" ဟူ၍ ဝမ်းနည်းသံကြီးဖြင့် ပြောလိုက်ပါသည်။ သူက သားလေးအတွက် သူ၏ စုဆောင်းထားခဲ့သော ဓားပြတိုက်ရသမျှ ဝေစုငွေ နောက်ဆုံးလက်ကျန်ကလေးဖြင့် စားပွဲတင်တင်းနစ်တစ်စုံဝယ်၍ အမှတ်တရလက်ဆောင် ပေးခဲ့သည်။ သူ့သား မိုက်ကလည်း ဖခင်ဖြစ်သူအား အမွှမ်းအမံတို့ဖြင့် ခြယ်သ,ထားသော အီစတာကြက်ဥ (ယေရှုခရစ်တော်သေရာမှ ပြန်လည်နိုးထလာသောနေ့ အထိမ်းအမှတ် ခရစ်ယာန်ဘာသာရေးပွဲတော်)နှင့် သူကိုယ်တိုင် ရေးခြယ်ထားသော ပန်းချီကားပုံပေါင်း (၂၀)ကို ပြန်လည် လက်ဆောင်ပေးခဲ့သည်။ ပုံတိုင်း၌ "ပြန်လာပါတော့၊ ကြိုဆိုနေပါတယ် ဖေဖေ"ဟူ၍ ရေးသားထားလေသည်။

မီးရထားဓားပြဟောင်းကြီး ဘစ်အား ထာဝရခိုလှုံခွင့်ပြုခဲ့သော ဘရာဇီးလ်နိုင်ငံအစိုးရက နိုင်ငံကူးလက်မှတ် ပတ်စ်ပို့ အသစ်စက်စက်တစ်စောင် ထုတ်ပေးခဲ့သည်။ ဗြိတိန်နိုင်ငံတွင် လူဆိုးဓားပြကြီး ဖြစ်ခဲ့သော ဘစ်မှာ ဘရာဇီးလ်နိုင်ငံ၌ ဘဝတစ်ဖြစ်လဲ ဖြစ်ခဲ့ရတော့သည်။ သူက ပတ်စ်ပို့

လက်မှတ်ကို လက်ထဲဆုပ်ကိုင်ပြီး ဦးခေါင်းပေါ် ဝှေ့ယမ်းပြရင်း သစ္စာအဓိဋ္ဌာန် ပြုလိုက်ပါသည်။ "ခုလို ကျွန်တော့်အား ဘာရာဇီးလ်နိုင်ငံတော်နှင့် ပြည်သူတို့က လှိုက်လှိုက်လှဲလှဲ ကြိုဆိုလက်ခံဂုဏ်ပြုကြတာဟာ ကျွန်တော့် ဘဝရဲ့ ရှာစ်ဆစ်ချိုး ပြောင်းလဲမှုကြီး တစ်ရပ်ပါပဲ။ ဒါကို ကျွန်တော် ဂုဏ်ယူကျေနပ် ကျေးဇူးတင်လို့ မဆုံးပါဘူး။ ကျွန်တော် ဒီနေရာကနေ သစ္စာပြုပါတယ်။ ဒီကနေ့ကစပြီး ကောင်းရောင်းကောင်းဝယ် သမ္မာအာဇီဝ လမ်းကြောင်းဖြင့် အသက်မွေးပါတော့မယ်လို့ ကျွန်တော် ရိုးရိုးသားသား အလုပ်ဆို ဘာပဲ လုပ်ရလုပ်ရ လုပ်ပါတော့မယ်" ဟူ၍ သူက ပြည်သူတို့အား သစ္စာပြုလိုက်ပါသည်။

❁ ❁ ❁

## ဥမင်လိုဏ်ခေါင်းတူးပြီး ဘဏ်ဖောက်ခဲ့ခဲ့သည့် ကမ္ဘာ့အကြီးဆုံး ဓားပြမှုကြီး

(၁၉၇၆)ခုနှစ် ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်း မြေထဲပင်လယ် ဆိပ်ကမ်းမြို့ကလေး နိုက်စ်မြို့၊ ဆိုဇိုက်ရတီးဂျင်နရယ်ဘဏ်ခွဲကို ဝင်ရောက်စီးနင်းဖောက်ထွင်းလုယက်ခဲ့သည့် ဓားပြမှုကြီးမှာ အကြီးအကျယ်ဆုံး ဓားပြမှုကြီးပင် ဖြစ်သည်။ ဓားပြ အတိုက်ခံလိုက်ရသည့် ဘဏ်ပိုင်ရှင် တိုင်တန်းချက်အရ မီးခံသေတ္တာထဲ ထည့်သိုထားသော ငွေပေါင်း စတာလင်ပေါင် (၆)သန်း ဓားပြလက်ထဲ ပါသွားခဲ့သည်ဟု သိရ၏။ အခင်းဖြစ် ဓားပြမှုကို ကိုင်တွယ်ခဲ့ကြသော ရဲအဖွဲ့ဝင်တို့က ဓားပြတိုက်ခံရသော ငွေစုစုပေါင်း စတာလင်ပေါင် သန်း(၅၀)နီးပါးဖြစ်ကြောင်း ယုံကြည်ထားခဲ့ကြသည်။

အဆိုပါ ဘဏ်တိုက်ငွေများ၊ ရတနာများ ထားသိုသိမ်းဆည်းရာ မြေတိုက်ခန်းအတွင်းသို့ မြေအောက် ရေသွန်ပိုက်လိုင်းတစ်ခုမှတစ်ဆင့် ဥမင်လိုဏ်ခေါင်းတူးကာ ဝင်ရောက် ဖောက်ထွင်းခိုးယူသွားခဲ့ကြသော ဓားပြအများအပြားမှာ ဘယ်တော့မျှ ဖမ်းဆီးမမိနိုင်အောင် မြေလျိုးသွားခဲ့ကြလေသည်။ အခင်းဖြစ် ပြစ်မှုဓားပြဂိုဏ်းခေါင်းဆောင် လူဆိုးဉာဏ်ကျယ်အဲလ်ဘတ်စပတ်ဂီရာရီအား ဖမ်းဆီးမိခဲ့ပြီး တရားခွင်၌ စစ်ဆေးနေရင်းထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ ယင်း တရားခံလူဆိုးမှာ တောင်အမေရိကနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားလိမ့်မည်ဟု ရာဇဝတ်ဘက်မှ ယုံကြည်ယူဆထားခဲ့ကြသည်။ စပတ်ဂီရာရီမှာ ပြင်သစ်နိုင်ငံ၌နေစဉ် အခင်း

မဖြစ်မီက လောကီ ဉုံပတ်ဲ ဖွဟဲ့ ဂိုဏ်းဆရာတစ်ယောက် ဖြစ်ခဲ့ဖူးသည်။ ခိုးဆိုးတိုက်ခိုက် လုယက်မှုနှင့်စပ်လျဉ်း၍ စာတစ်အုပ် ရေးသားခဲ့သည်။ သူ့စာအုပ်ကို ရုပ်ရှင်ကားတစ်ကား ရိုက်ကူးပြသခဲ့ကြသည်။

စပတ်ဂီရာရီမှာ ဥမမည်စာမမြောက်မီ ဆယ်ကျော်သက်အရွယ် ကတည်းက ဟိုးလေးတကျော် ရာဇဝတ်မှုခင်းကြီးတစ်ရပ် စွန့်စားဖို့ စိတ် ကူးဖြင့် ရူးနေခဲ့သူ ဖြစ်၏။ အသက် (၁၆)နှစ်အရွယ်၌ ဒုစရိုက်လောကတွင် ကျော်စောသတင်းကြီးလှသည့် အီတလီလူဆိုးဂိုဏ်းကြီး တစ်ဂိုဏ်းသို့ ဝင် ရန် လျှောက်လွှာ ရေးသားတင်ခဲ့ဖူးသည်။ သို့သော် သူ့ လျှောက်ထားချက် ကို ဖြူသည်၊ မည်းသည် လုံးဝ မပြန်ကြားခဲ့ပေ။

သို့နှင့် နှစ်နှစ်အကြာ၌ ပြင်သစ်နိုင်ငံ တပ်မတော်ထဲဝင်ခဲ့ပြီး အင်ဒို ချိုင်းနားစစ်မျက်နှာ၌ လေထီးတပ်သားတစ်ယောက်အဖြစ် စစ်မှုထမ်းခဲ့ သည်။ ထိုစစ်မျက်နှာ၌ ရှုပ်ရှုပ်ချွံချွံ သူရဲကောင်းဆန်စွာ စွန့်စားခဲ့သဖြင့် မှတ်တမ်းတင်ခြင်း ခံခဲ့ရသည်။ သူ့ဘဝ ဖြောင့်တန်းနေရာမှ တစ်ဆစ်ချိုး ပြောင်းလဲကာ ကွေ့ကောက်သွားခဲ့သည်။ မှန်ပါသည်။ ညကလပ်တစ်ခုကို ဝင်ရောက်စီးနင်း ဓားပြတိုက်မှု ကျူးလွန်ခဲ့သဖြင့် သူ့အား စစ်ခုံရုံးတင်ကာ စစ်ဆေးအပြစ်ပေး တပ်မှ ထုတ်ပယ်ခဲ့ပြီး ထောင်ချလိုက်သည်။

ထို့နောက် ထောင်မှထွက်ခဲ့ပြီး အယ်လ်ဂျီးယားနိုင်ငံသို့ ထွက်ခွာ လာခဲ့ကာ အိုအေအက်စ် (OAS) ခေါ် ပြင်သစ်တပ်မတော် လက်အောက်ခံ စစ်ဘက်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ အိုအေ အက်စ်မှာ ပြင်သစ်သမ္မတကြီး ဂျင်နရယ်ဒီဂေါအား ဆန့်ကျင်သည့်အဖွဲ့ ဖြစ်သည်။ မိုက်ကန်းကန်း စပတ်ဂီရာရီလည်း သူဖတ်ဖူးခဲ့သည့် လျှို့ဝှက် သည်းဖိုဝတ္ထုရေးဆရာ ဖရက်ဒရစ်ဖော်ဆိုင်း၏ "လူမိုက်တို့ မိုးကောင်းချိန်" (Day of the Jackal) အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်လမ်းထဲကအတိုင်း သမ္မတကြီးဒီဂေါလ်အား လုပ်ကြံရန် စည်းရုံးခဲ့သည်။ သို့နှင့် သမ္မတကြီး သူတို့မြို့ကလေး နိုက်စ်သို့ အလည်အပတ် ရောက်အလာ၌ မိခင်ကြီးအိမ် အပေါ်ထပ် ပြတင်းပေါက်မှ ရိုင်ဖယ်တစ်လက်ဖြင့် ပစ်ခတ်ရန် ကြံစည်ခဲ့ဖူး လေသည်။ သို့သော် သူ၏ အထက်အရာရှိ အိုအေအက်စ်ဗိုလ်ချုပ်က သူ့အား လုပ်ကြံပစ်ခတ်ရန် အမိန့်မပေးခဲ့သောကြောင့် အကြံပျက်ခဲ့ရလေသည်။

ထိုကိစ္စဖြစ်ပွားပြီး နောက်တစ်နှစ်အကြာ၌ စပတ်ဂီရာရီမှာ ပြင်သစ်သမ္မတဒီဂေါလ်အစိုးရအား ဆန့်ကျင်သည့် မြေအောက်လက်ယာအုပ်စု လက်ကမ်းပိုစတာများအား အပေါင်းပါလေးယောက်နှင့်အတူ ရိုက်နှိပ်ဖြန့်ဝေမှုဖြင့် ဖမ်းဆီးခြင်းခံခဲ့ရ၏။ သက်ဆိုင်ရာအဖွဲ့ဝင်တို့သည် သူတို့ ရိုက်နှိပ် ထုတ်ဝေခဲ့သော ပုံနှိပ်တိုက်နှင့် နေအိမ်တို့ကို ဝင်ရောက်ရှာဖွေခဲ့ကြရာ တရားမဝင် လက်နက်ခဲယမ်းမီးကျောက်တို့ လျှို့ဝှက်သိမ်းဆည်းထားသည်ကို သိမ်းဆည်းရမိခဲ့ကြသည်။ တရားခံစပတ်ဂီရာရီ၏ နောက်ကြောင်းကိုယ်ရေးသမိုင်း အမည်းကွက်ကြောင့် သက်ဆိုင်ရာ ရာဇဝတ်ရုံးတော်မှ ထောင်ဒဏ် (၄)နှစ် ပြစ်မှုထင်ရှား စီရင်ခဲ့သည်။ သူ့ကြံရာပါတို့အား ခြေချုပ်ဖြင့် နေစေရန် စီရင်ခဲ့သည်။

လူဆိုးထောင်ထွက်ကြီး စပတ်ဂီရာရီထောင်မှ လွတ်လာခဲ့ပြီး ဓာတ်ပုံဆိုင်တစ်ဆိုင်ဖွင့်ကာ ဓာတ်ပုံဆရာအလုပ်ဖြင့် အသက်မွေးခဲ့သည်။ ဓာတ်ပုံဆရာကြီး အထူးရိုက်ကူးပေးသည့်အလုပ်မှာ မင်္ဂလာဆောင်ခံပွဲ အခမ်းအနားများ၊ သူဌေးသူကြွယ် လူကုံထံ အသိုင်းအဝိုင်းများနှင့် နိုက်စ်မြို့ကလေးမှ ဖြတ်သန်းသွားလာကြသော နိုင်ငံကျော်ပုဂ္ဂိုလ်ကြီးတို့၏ ပုံတို့ပင် ဖြစ်ပါသည်။

သူ၏ ဓာတ်ပုံလုပ်ငန်းမှာ တဖြည်းဖြည်းနှင့် မြို့မျက်နှာဖုံးအထက်တန်းလွှာ ထိတ်ထိတ်ကျဲတို့နှင့် ဆက်နွယ်မှုရှိလာခဲ့ပြီး သူမှာလည်း ထိုသူတို့နှင့် အပေါင်းအသင်း ဝင်ဆံ့လာခဲ့ကြသည်။ သူလည်း "လသာတုန်းဗိုင်းငင်" ဆိုသကဲ့သို့ အခွင့်သာခိုက် မြို့တော်ဝန် ဂျက်မက်စင်နှင့် အဖွဲ့ကျအောင် ရောခဲ့သည်။ နောက်ပိုင်းကာလ၌ မက်စင်မှာ ပြင်သစ်အစိုးရအဖွဲ့ဝင် ခရီးသွားလာရေးဌာနဝန်ကြီး ဖြစ်လာခဲ့ပြီး သူ၏ အပေါင်းအသင်း ရောင်းရင်းကြီး စပတ်ဂီရာရီအား ဂျပန်နိုင်ငံသို့ ခရီးထွက်ခိုက် သူ၏ တရားဝင်ဓာတ်ပုံဆရာအဖြစ် ခေါ်သွားခဲ့သည်။

အကြံသမား လူလိမ်လူကောက် စပတ်ဂီရာရီမှာ ဓာတ်ပုံလုပ်ငန်းဖြင့် ရသမျှ အမြတ်အစွန်းတို့ဖြင့် တောင်ပေါ်ရွာကလေး၌ ကြက်မွေးမြူရေးခြံတစ်ခြံ တည်ထောင်ကာ ရင်းနှီးမြှုပ်နှံထားလေသည်။ ထိုရွာ နေအိမ်၌ သူ့ဇနီးဘော်ဒီနှင့် ပေါင်းသင်းနေထိုင်ပြီး ဂျာမန်ဘုရင့်ကြည်းတပ်မတော်မှ စစ်သုံးသံခမောက်များ၊ သေနတ်အမျိုးမျိုး၊ လက်နက်ခဲယမ်းမီးကျောက်

များနှင့် ဖောက်ခွဲရေးလက်နက်များပါ စုဆောင်းသိမ်းဆည်းသိုဝှက်ထား ခဲ့သည်။ ယင်းသို့ လက်နက်ခဲယမ်းမီးကျောက်များ၊ ယူနီဖောင်း စသည်များ စုဆောင်းသိုဝှက်ထားခြင်း၏ ရည်ရွယ်ချက်မှာ သူနှင့် အပေါင်းအသင်း လူဆိုးအဖွဲ့တို့ တစ်နေ့ကျ အကြီးအကျယ် ဘဏ်ဓားပြတိုက် အပွကြံရန် ဖြစ်ပါသည်။

လူကသာ ငလိမ်ကောက် လူဆိုးလူမိုက် စပတ်ဂီရာရီမှာ ကိုယ်ခန္ဓာ ပိန်ပိန်ပါးပါးနှင့် ယောကျ်ားပီသ,ချောမောသူဖြစ်ပြီး အမြဲတစေ ဒွန်းမီဇူလ် ဆေးပြင်းလိပ် တုတ်တုတ်ကြီး ခဲနေတတ်သည်။ သူမှာ နိုက်စ် တစ်မြို့လုံး လူချစ်လူခင်ပေါပြီး လူအများ လေးစားကြခြင်း ခံခဲ့ရသည်။

ခက်နေသည်က နိုက်စ်မြို့ကလေးကိုက ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် အချက်အချာ ဒုစရိုက်မြို့တော်အဖြစ် လူအများ ယူဆထားခဲ့ကြသည်။ ယင်းသို့ ဖြစ်နေသည်မှာလည်း ပြင်သစ်နိုင်ငံတောင်ပိုင်း ပင်လယ်ဆိပ် ကမ်းမြို့ မာဆေးလီးဟ်၏ မကောင်းသတင်းကြီးခဲ့သည့် အကျိုးဆက်ပင် ဖြစ်၏။ သတ်ဟယ်ဖြတ်ဟယ် ခိုက်ရန်ဒေါသ ဖြစ်ပွားကြ၊ လူဆိုးဂိုဏ်းများ ထကြွသောင်းကျန်းမှုတို့မှာ စပတ်ဂီရာရီမြို့၏ နိစ္စဓူဝ အနိဋ္ဌာရုံတို့ပင် ဖြစ်သည်။ ထိုမြို့မှာ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ဖောက်ကားမှု၊ ဒုစရိုက်လုပ်ငန်းလောင်းကစား၊ ပြည့်တန်ဆာမှအစ ခိုးဆိုးတိုက်ခိုက် ဓားပြ သူခိုးတို့ လုပ်ငန်းတို့ဖြင့် ချမ်းသာကြွယ်ဝနေကြခြင်း ဖြစ်သည်။

ထိုတရားမဝင်လုပ်ငန်းဖြင့် ရရှိသည့် အမြတ်အခွန် ငွေကြေးတို့ကို မြို့တွင်းရှိ ဘဏ်တိုက်၊ မြေအောက်ငွေတိုက် မီးခံသေတ္တာအတွင်း အပ်နှံ ထားခဲ့ကြသည်။ အခင်းဖြစ်ဘဏ်တိုက် ဖောက်ထွင်းခံရမှု ဖြစ်ပွားခဲ့သည်။ ဆိုဇိုက်တီဂျင်နရယ်ဘဏ်တိုက် အခြားမီးခံသေတ္တာများအတွင်းမှ ငွေကြေး ပမာဏ သူခိုးလက်ပါသွားမှုကို တိုင်ချက်၌ ထည့်သွင်းပြမထားခဲ့ကြပေ။ အဘယ့်ကြောင့်ဆိုသော် ထိုငွေမည်းတို့မှာ အမြတ်တော်ခွန်ပေးဆောင် ရမည်ကြောက်၍ သက်ဆိုင်ရာအစိုးရ အမြတ်တော်ခွန်ဌာနသို့ မတင်ပြဘဲ လျှို့ဝှက်ထားသောကြောင့် ဖြစ်၏။ ယခု သူခိုးမိုးမှောင် စပတ်ဂီရာရီ လက်ပါသွားခဲ့သော ခိုးရာပါငွေတို့ တန်ဖိုးအရေအတွက် ပမာဏကို လျှော့၍ ထိန်ဝှက်တိုင်ကြားအမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။ အမှုဖွင့်စာ (FIR)၌

ဖော်ပြထားသည့် ဆုံးရှုံးငွေကြေးမှာ အမှန်တကယ် ပျောက်ဆုံးသွားသည့် ငွေထက် များစွာလျော့နေသည်။ သူတို့မှာ ကိုယ့်ရှုးကိုယ်ပတ် ဆိုသလို ရဲနှင့် အမြတ်တော်ခွန်ဌာန အင်စပက်တော်တို့ သိသွားမည်ကိုစိုး၍ ငြိမ်ခံလိုက်ကြရခြင်း ဖြစ်သည်။

အခင်းဖြစ် ဘဏ်ဖောက်ထွင်းမှုကို သက်ဆိုင်ရာ ရဲအဖွဲ့ဝင်တို့ သွားရောက် စစ်ဆေးခဲ့ကြရာ သူခိုးများ ဖွင့်ထားပစ်ခဲ့ကြသော ငွေသေတ္တာကြီးများကို တွေ့ရှိရသည်။ ငိုအားထက် ရယ်အားသန် ဆိုသကဲ့သို့ ငွေတို့အစား ကော်ဖီမှုန့်များ၊ သကြားနှင့် ဘီစကစ်မုန့်များထည့်ကာ သိုလှောင်ထားသည်ကို တွေ့ရှိရ၏။ ထိုကဲ့သို့ ကလေးကလား စားစရာ၊ သောက်စရာ ပစ္စည်းတို့ သိုဝှက်ထားခြင်းမှာ တတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာမည့် ဘေးကြောက်၍ ဖြစ်ပေလိမ့်မည်ဟု ယူဆရသည်။ အချို့သေတ္တာတို့ အတွင်းမှ ချောကလက်များ၊ တော်ဖီ၊ စီးကရက်နှင့် အရက်ပုလင်းများပါ တွေ့ရှိရသည်။ ဆေးလိပ်ကြိုက်သူ၊ အရက်ကြိုက်သူ၊ အစားအသောက် စုံမက်သူတို့ အတွေးနှင့် လက်တွေ့ အစိုးရိမ်လွန် စုဆောင်းထားခြင်း ဖြစ်ပါသည်။

အခင်းဖြစ် ဆိုဇိုက်ရတီဂျင်နရယ်ဘဏ်ငွေတိုက် ဖောက်ထွင်းခိုးယူမှု မဖြစ်ပွားမီ စပက်ဂီရာရီ ကြိုတင်အကွက်ချ ကြံစည်ခြင်း ဖြစ်သည်။ နိုက်စ်မြို့ မြေအောက်ရေနုတ်မြောင်းများ၊ ရေနုတ်ပိုက်လိုင်းများ တပ်ဆင်ထားသည့် စနစ်ဇယားပုံ ရမှသာလျှင် ဘဏ်တိုက် မြေအောက်ခန်းအတွင်း ဥမင်လိုဏ်ခေါင်းတူး ဝင်ရောက်နိုင်မည်ကို အတတ်သိထားသည်။ ထို့ကြောင့် ထိုစနစ်ဇယားမြေပုံကို ရရှိဖို့ရန် မြို့တော်ဝန်ရုံး (စည်ပင်သာယာ) ထိပ်တန်း အရာရှိထံက အကူအညီရယူမှ ဖြစ်မည်ဆိုသည်ကို သိရှိထားခဲ့သည်။ ထို့နောက် ထိုဘဏ်တိုက်မှ မီးခံသေတ္တာများ ထားသိုပုံနှင့် အရေးပေါ် အချက်ပေးစနစ်များ တပ်ဆင်ထားပုံတို့ကို အသေးစိတ် မှတ်သားရန် အာမခံသေတ္တာတစ်လုံး ငှားရမ်းခဲ့သည်။

တစ်ဖန် ဘဏ်တိုက်၏ လုံခြုံရေး အချက်ပေး အီလက်ထရွန်းနစ် အချက်ပေးစနစ်ကို စမ်းသပ်ရန် ဘဏ်တို့၏ ငွေတိုက်တွင် ငှားရမ်းအပ်နှံထားသော သူ၏ အာမခံသေတ္တာထဲ၌ စက်သံပတ်ပေးထားသော နာရီ

တစ်လုံးကို ထည့်ထားပစ်ခဲ့သည်။ အကယ်၍ နာရီနှိုးစက်မြည်သံပြုလျှင် ငွေတိုက်တွင်းမှ အချက်ပေးစနစ် မည်သို့မည်ပုံ အရေးပေါ် အချက်ပေး သတိပေးလေမည်နည်း ဆိုသည်ကို စုံစမ်းဖြစ်သည့် အရေးပေါ် သတိပေး ခေါင်းလောင်းကိုမျှ မတပ်ဆင်ထားကြောင်း သိရှိရလေတော့သည်။ ဘဏ် အုပ်ချုပ်သူတို့က ဤမျှ ခိုင်ခံ့ပြီး ထုထည်ကြီးမားသည့် အဆောက်အအုံ ကြီးအတွင်း မည်သည့်သူခိုးမျှ ဖောက်ထွင်းဝင်ရောက်မရနိုင်ဟု စိတ်ချ ယုံကြည်ထားကြသည်။ နံရံထုအထူမှာ (၅)ပေမျှ ရှိလေသည်။

သူခိုးမိုးမှောင် စပတ်ဂီရာရီ ဘဏ်တိုက်မြေအောက်ငွေတိုက်အတွင်း သို့ အနီးဆုံး မြေအောက်ရေနုတ်ပိုက်လိုင်းမှ ဥမင်လိုဏ်ခေါင်းလမ်းတူး၍ ဝင်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့နောက် မြေအောက်ငွေတိုက်နံရံကို လျှပ်စစ် လွှန်ဖြင့် ဖောက်ထွင်းဝင်ရောက်ဖို့ ပြင်ဆင်ခဲ့လေသည်။ သူခိုးငတက်ပြား တို့အဖွဲ့သည် ဥမင်လိုဏ်ခေါင်းလမ်းဖြင့် ဘဏ်တိုက်အတွင်း မြေအောက် ဘဏ္ဍာတိုက်အတွင်းသို့ဝင်ရန် (၁၈)လကြာ ကြိုးပမ်းခဲ့ကြသည်။ သူတို့ လူစု မြေအောက်ရေနုတ်ပိုက်လိုင်းအတိုင်း မြေအောက်ရေစီးချောင်းငယ် ကလေးတစ်ခုကို ဖြတ်ကျော်ကာ ဝင်ရောက်ခဲ့ကြသည်။

စပတ်ဂီရာရီ ခေါင်းဆောင်သော လူဆိုးသူခိုးဖောက်ထွင်းဝိဇ္ဇာဂိုဏ်း သည် နိုက်စ်မြို့သို့ ဇိုက်ရတီဂျင်နရာယ်ဘဏ်တိုက် မြေအောက်ဘဏ္ဍာခန်း အတွင်းသို့ အလျား (၂၄)ပေ၊ အမြင့် (၄)ပေ ဥမင်ပိုက်လမ်းဖောက်၍ တိတ်တဆိတ် ဖောက်ထွင်းဝင်ရောက်ခဲ့ကြသည်။ ထို ဥမင်ပိုက်လမ်းကို ည,ညကျမှ တူးခဲ့ကြသည်။ ညနေတိုင်း လိုအပ်သောပစ္စည်းတို့ကို ဥမင်ထဲ သွင်းယူလာခဲ့ပြီး နံနက်ကျ ပြန်ယူလာခဲ့ကြခြင်းဖြင့် အချိန် (၂)လကြာခန့် စိတ်ရှည်ရှည်ဖြင့် လုပ်ကိုင်ခဲ့ကြသည်။

ဥမင်လိုဏ်အတွင်းမှ မြေစာတို့ကို ပလတ်စတစ်အိတ်ကြီးများဖြင့် ထည့်၍ အပြင်သယ်ယူလာခဲ့ပြီး မြေပေါ်၌ ပုံထားခဲ့ကြသည်။ ဥမင်လိုဏ် ခေါင်း မြေအောက်လမ်းကို ပြိုကျမသွားစေရန် လိုဏ်အတွင်း လိုအပ်သော အခြားနေရာတို့တွင် ဒေါက်များ ထောက်ပေးထားခဲ့ကြသည်။ အခင်းဖြစ် ဘဏ်ဖောက်ထွင်း ခိုးယူမှုကြီး ဖြစ်ပွားပြီးစက သက်ဆိုင်ရာနယ်မြေရဲအဖွဲ့ ဝင်တို့သည် အခင်းဖြစ်နေရာသို့ လာရောက်စစ်ဆေးကြရာ လက်ရာသေ

သပ်လွန်းသည့် ဥမင်မြေအောက်ပိုက်လိုင်းကို တွေ့ရှိသွားခဲ့ကြသည်။ ပထမ သူတို့ မျက်စိလည်သွားခဲ့ကြသည်။ ဤမျှ လက်ရောက်မြောက်အောင် သေသေသပ်သပ် တူးနိုင်ခြင်းမှာ မြေအောက်သတ္တုတူးဖော်ရေး သတ္တုတွင်း အလုပ်သမားဟောင်းတို့သာ တရားခံဖြစ်နိုင်သည်ဟု ခြေရာကောက် လွဲကြမလို ဖြစ်သွားခဲ့ကြသေးသည်။

ဤသို့ဖြင့် ရက်ရှည်လရှည် စီမံကိန်းချ၍ ဆိုဇိုက်ရတီဂျင်နရယ် ဘဏ်တိုက်မြေအောက်ခန်းသို့ ဥမင်ပိုက်လမ်းတူး၍ ဝင်ရောက်ဖောက် ထွင်းခိုးယူရန် ကြံစည်ထားခဲ့ကြတော့သည်။ (၁၉၇၆)ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့ သောကြာနေ့ညနေ မှောင်ရီပျိုးချိန်၌ မြေတိုက်တွင်း ဘဏ္ဍာတိုက် ခန်းသို့ ရောက်ခဲ့ကြသည်။ သူတို့ သူခိုးတစ်စု မြေအောက်၌ အသက်ရှူ မွန်းကျပ်မှုမရှိစေရန် လေပေးစက်ပါ ယူဆောင်သွားခဲ့ကြသည်။ ထို့နောက် ဘဏ္ဍာတိုက်အတွင်းမှ အာမခံသေတ္တာများကို ပါလာသည့် သံတူးရွင်းတို့ ဖြင့် ကလော်ကလပ်၍ ဖွင့်ခဲ့ကြသည်။ သေတ္တာများထဲမှ ငွေစက္ကူများ၊ ရွှေနှင့် ကျောက်မျက်ရတနာတို့ပါ ယူငင်ခဲ့ကြပြီး အထဲမှ စာချုပ်စာတမ်း များ၊ အစုရှယ်ယာ လက်မှတ်များကို မြေအောက်ကြမ်းခင်း သမံတလင်းပေါ် ဖြန့်ကြဲ ထားရစ်ခဲ့ကြသည်။

သူခိုးငတက်ပြားတို့လူစု တနင်္လာနေ့နံနက် လင်းအားကြီးအချိန် ရောက်သည့်တိုင် မည်သည့်အနှောင့်အယှက် တစ်စုံတစ်ရာ တွေ့နိုင်စရာ အကြောင်းမရှိတော့ပေ။ သို့ရာတွင် သူတို့အဖို့ နည်းနည်းအခက်အခဲ တွေ့ကြရသည်မှာ ထိုအချိန်၌ မိုးရွာသွန်းနေခဲ့သည်။ သူတို့ သူခိုးတစ်စု မြေအောက် ဘဏ်တိုက်အတွင်းမှထွက်ရန် ဥမင်လမ်းမှာ မြေအောက်ပင်မ ရေနုတ်မြောင်း ဖြစ်နေသည်။ မိုးမှာ သည်းထန်စွာ ရွာသွန်းနေသဖြင့် ရေနုတ်မြောင်း လျှံသထက် လျှံလာမည်ကို စိုးရိမ်နေကြရသည်။ သို့နှင့် တနင်္ဂနွေနေ့၌ လူဆိုးအဖွဲ့ မြေအောက်ဘဏ္ဍာတိုက်ထဲမှ အာမခံသေတ္တာ ပေါင်း (၄၀၀၀)ရှိသည့်အနက် (၃၁၇)လုံးကို ရာဘာဖောင်တို့ဖြင့် တင်ကာ အမြန်ဆုံး မြေအောက်ချောင်းကလေးထဲမှ ထွက်ပြေးခဲ့ကြသည်။

သူတို့ ဘဏ်တိုက်ထဲမှ မထွက်ခွာကြမီ မြေအောက်ဘဏ္ဍာတိုက် တံခါးတို့ကို သံဂဟေဖြင့် အသေပိတ်ထားခဲ့ကြသည်။ သို့မှသာ သူတို့

ဖောက်ထွင်းခိုးယူမှုကြီး ချက်ချင်း လူမိမသွားသေးဘဲ သူတို့အတွက် ထွက်ပြေးချိန်ရသွားကြမည် ဖြစ်၏။ ဟနလ်ာနေ့နံနက် ဘဏ်ဖွင့်ချိန်၌ ဘဏ်အမှုထမ်းတစ်ဦး မြေတိုက်တံခါးဖွင့်ရာ လုံးဝ ဖွင့်မရသဖြင့် တံခါးတစ်စုံတစ်ရာ ပျက်နေခြင်းဖြစ်မည်ဟု ယူဆကာ သည်အတိုင်းထားခဲ့သည်။ နေ့လယ်စာ စားချိန်၌ တံခါးပြင်သမားတစ်ယောက်အား ခေါ်ယူပြီး မြေအောက်တိုက်ခန်းတံခါးဖျက်၍ ဝင်ခဲ့ကြရသည်။

သူခိုးစပတ်ဂီရာရီတို့လူစု ကမန်းကတန်း မြေအောက်ဥမင်လမ်းမှ လစ်ပြေးခဲ့ကြသဖြင့် သူတို့၏ စတာလင်ပေါင် ငွေထောင်သောင်းမက တန်ကြေးရှိသည့် သူတို့ပိုင် လက်နက်ပစ္စည်းကိရိယာများ ကျန်နေရစ်ခဲ့ကြသည်ကို တွေ့ရှိကြရသည်။ သက်ဆိုင်ရာ ရဲအဖွဲ့ဝင်တို့ ရောက်လာခဲ့ကြပြီး မြေအောက်ခန်းထဲ၌ အားကောင်းသည့် လက်နှိပ်ဓာတ်မီးတို့ဖြင့် ရှာဖွေစစ်ဆေးကြရာ ဂက်စ်ဆလင်ဒါအိုး (၂၇)အိုး၊ သံတူးရွင်း (၁၁)လက်၊ လျှပ်စစ်အင်ဂျင်တေနံရုံ၊ သမံတလင်းတူးဖောက်စက်များ၊ အကြီးစားဖြိုဖျက်ရေး သုံးဧရာမလေးလံသည့် စလိတ်ဟမ်းမားတူကြီးများ၊ ဂျင်မီခေါ် သံနုတ်ကြက်တူရွေးနှုတ်သီးများ၊ တံခါးမင်းတုံးဖြတ်တောက်သည့် ကိရိယာ လက်နက်များ၊ မီးအိမ်များ၊ သံဖြတ်ကိုင်းလွှများ၊ ကြိုးများ၊ ပလာယာများ၊ တူများ၊ ဝက်အူလှည့်များ၊ လွှန်များ၊ ချက်ပြုတ်သည့်လေထိုးမီးဖိုများ၊ စားသောက်စရာ ပန်းကန်ခွက်ယောက်များ၊ ဝိုင်အရက်ပုလင်းခွံများနှင့် စားလက်စ စားကြွင်းစားကျန်များကို တွေ့ရှိကြရသည်။

မြေအောက်ဘဏ္ဍာတိုက်ခန်းနံရံတစ်ခုပေါ်၌ ကြောင်ခြစ်လက်ရေးဖြင့် ဆော့ရေးထားသည့် စာတမ်းတစ်ခု **ဒေါသမထွက်၊ ခိုက်ရန်မပွား၊ အမုန်းမထားကြစတမ်း (Without anger, Without violence, Without hated)** ဟူ၍ ရေးသားထားသည်ကိုလည်း ဖတ်ရှုကြရသည်။ ထိုစာတန်းအပေါ်၌ ငြိမ်းချမ်းရေးအမှတ်အသားတစ်ခုကို ရေးဆွဲထားလေသည်။

အခင်းဖြစ် ဆိုဗိုက်ရတီဂျင်နရယ်ဘဏ် အမှုထမ်းတို့မှာ မြေအောက်ဘဏ္ဍာတိုက်ခန်းဓားပြတို့ သံဂဟေဖြင့် ပိတ်သွားသောတံခါးကို ဖျက်၍ အထဲဝင်ရန် ကြိုးပမ်းနေချိန်၌ ဘဏ်ဖောက်သူခိုးဓားပြတို့သည် ဝေစုငွေများရေတွက်ခြင်း၊ ခွဲဝေခြင်းဖြင့် အလုပ်ရှုပ်နေကြသည်။ သူတို့ ဝေစုခွဲ

သည့်အလုပ်မှာ တနင်္လာနေ့နံနက်မှစခဲ့ရာ ဗုဒ္ဓဟူးနေ့ညနေကျမှ ပြီးစီးသွားခဲ့သည်။

မှုခင်းထောက်လှမ်းရေး နယ်မြေရဲတို့သည် နောက်ဆုံး၌ လူဆိုးဂိုဏ်းခေါင်းဆောင် စပတ်ဂီရာရီအား ဘဏ်ဖောက်လက်နက်ကိရိယာပစ္စည်းများ ဝယ်ခြမ်းခဲ့သည့်ဆိုင်နှင့် မြေတိုက်ထဲမှ သိမ်းဆည်းခဲ့သော ဒွန်မီဂူးရယ်လ်ဆေးပြင်းလိပ်ဝယ်ယူခဲ့ရာ ဆိုင်တို့မှ ခြေရာခံမိခဲ့ကြသည်။

(၁၉၇၇)ခုနှစ် မတ်လ (၁၀)ရက်နေ့၌ စပတ်ဂီရာရီအား လက်ရဖမ်းဆီးမိခဲ့ကြပြီး ရာဘက်တရားသူကြီးတစ်ဦးက သူ့အား စစ်ဆေးမေးမြန်းခဲ့သည်။ အခင်းဖြစ်ဘဏ်မှ ခိုးရာပါငွေများကို မည်သည့်နေရာ၌ ရွှေ့ပြောင်းထားသနည်းဟု မေးခဲ့ရာ တရားခံက ခပ်တည်တည်ဖြင့် အို၊ အေ၊ အက်အဖွဲ့မျိုး မြေအောက်ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းသို့ လက်ပြောင်းပေးလိုက်ပြီဖြစ်ကြောင်း ဖြေခဲ့သည်။ ယင်းသို့ စစ်ဆေးမေးမြန်းနေစဉ် အကျဉ်းသားက အခန်းမှာ ပိတ်လှောင်နေ၍ အသက်ရှူမွန်းကျပ်နေကြောင်း၊ သို့ဖြစ်၍ လေကောင်းလေသန့်ရရာ ပြတင်းပေါက်အနီး ပြောင်းရွှေ့ပေးပါရန် လျှောက်ထားခဲ့သည်။ တရားသူကြီးက သူ၏ တောင်းဆိုချက်ကို လိုက်လျောခွင့်ပြုခဲ့သည်။

အကြံသမား စပတ်ဂီရာရီသည် ပွင့်နေသော ပြတင်းမှ အောက်မြေပြင်သို့ ခုန်ဆင်းသွားခဲ့သည်။ ပြတင်းနှင့် မြေပြင်အမြင့်မှာ ပေ (၂၀)ရှိပြီး အောက်၌ ရပ်နားထားသည့် မော်တော်ယာဉ်တစ်စီးပေါ် တစ်ပတ်ကျွမ်းကျသွားခဲ့သည်။ ဤစွန့်စားမှုမှာ ကျွမ်းကျင်သည့် လေထီးခုန်စစ်သားဟောင်းတစ်ယောက်အဖို့ ထမင်းစားရေသောက်မျှသာ ဖြစ်၏။ ကားခေါင်မိုးပေါ်မှတစ်ဆင့် အသင့်စက်နှိုးရပ်တန့်စောင့်ဆိုင်းနေသည့် မော်တော်ဆိုင်ကယ်သမားအား တရကြမ်း မောင်းခိုင်းခဲ့သည်။ မော်တော်ဆိုင်ကယ်ဖြင့် ပြေးရင်းလွှားရင်း ငိုင်ကြည့်နေကြသည့် ရဲအဖွဲ့ဝင်တို့အား လက်ဟန်ခြေဟန်ဖြင့် မိုက်မိုက်ရိုင်းရိုင်း ဆဲရေးတိုင်းထွာပြသွားခဲ့သေးသည်။ စက်ကုန်ဖွင့်နှင်ခဲ့ရာ လေဆိပ်သို့ (၁၅)မိနစ်အတွင်း ရောက်ရှိသွားခဲ့သည်။ ညနေစောစော ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့သို့ ထွက်ခွာမည့် ခရီးသည်တင်လေယာဉ်ကြီးတစ်စီးဖြင့် ပါသွားခဲ့လေသည်။

စပတ်ဂီရာရီ စွန့်စားထွက်ပြေး လွတ်မြောက်သွားခဲ့ပြီးနောက် စပိန်နိုင်ငံနှင့် တောင်အမေရိကနိုင်ငံတို့၌ သူ့အား တွေ့လိုက်ကြကြောင်း သက်ဆိုင်ရာရဲအဖွဲ့တို့မှ သတင်းပေးပို့ခဲ့ကြသည်။ သို့ရာတွင် အခင်းဖြစ်အမှုကို ကိုင်တွယ်နေခဲ့ကြသည့် ပြင်သစ်ရဲတို့ စိတ်ထဲတွင် အများတကာက လူစွမ်းကောင်းကြီးတစ်ယောက်ဟု သတ်မှတ်ထားကြသော သူခိုးကြီးအား လက်ရဖမ်းဆီးဖို့ သိပ်စိတ်မပါကြတော့ချေ။

❀ ❀ ❀



လန်ဒန်မြို့မှ လူဆိုးတောက်ပြား အယ်လ်ဖီဟင်း

## (၁၉)ရာစု အမေရိကန် မျက်လှည့်ဝိဇ္ဇာကြီး ဟူဒီနီအလား စွမ်းလှသည့် လန်ဒန်လူဆိုးတောက်ပြား

အယ်လ်ဖီဟင်းစ် (Alfie Hinds) မှာ (၁၈၇၄-၁၉၂၆)ခုနှစ်အတွင်းက ကျော်ကြားခဲ့သော အမေရိကန်နိုင်ငံမှ မျက်လှည့်ဝိဇ္ဇာကြီး ဟာရီဟူဒီနီ (Harry Hondini) နှင့်မခြား (၁၉၅၀)ခုနှစ် ဝန်းကျင်က လန်ဒန်ရဲအဖွဲ့တို့အား လှည့်စားကာ ထောင်မှ (၃)ကြိမ်တိုင်တိုင် ထွက်ပြေးလွတ်မြောက်ခဲ့သူ ဖြစ်ပါသည်။

ခိုးဆိုးတိုက်ခိုက်လုယက်မှု ကျူးလွန်ခဲ့တိုင်း သူ့အပြစ်သူ ဘယ်သောအခါမှ ဝန်မခံခဲ့ချေ။ ဤသို့ဖြင့် ရဲတို့အား ပြောင်လိမ်လှည့်ဖြားကာ ပြစ်မှုမှ ရှောင်တိမ်းနေခဲ့ရာ လည်လွန်းသောဘီး ချေးသင့်ဖို့ ကြုံလာခဲ့သည်။ သူမည်သို့မျှ အပြစ်မရှိကြောင်း လိမ်လည်လှည့်ဖြား မျက်လှည့်ပြ၍ မရသည့် ခိုးမှုတစ်ရပ်ကို (၁၉၅၃)ခုနှစ်အတွင်း ကျူးလွန်ခဲ့သည်။ အခင်းဖြစ် ရာဇဝတ်မှုမှာ လန်ဒန်မြို့ အကြီးဆုံးကုန်တိုက်ကြီး မေပယ်လ်စ်မှ ဝန်ထမ်းလစာငွေ ပေါင်း စတာလင်ပေါင် (၃၀,၀၀၀)ကို ဝင်ရောက်စီးနင်း လုယက်ဓားပြတိုက်မှုကြီးတွင် အယ်လ်ဖီဟင်းစစ် ပါဝင်ခဲ့လေသည်။

လူလိမ်လူကောက်လူဆိုးကြီး အယ်လ်ဖီမှာ (၁၉၁၇)ခုနှစ်က အင်္ဂလန်နိုင်ငံ၌ မွေးဖွားခဲ့ပြီးနောက် ရာဇဝတ်မှုခင်းတစ်ရပ် ကျူးလွန်ခဲ့သူ ဖြစ်၏။ သူမှာ အပြစ်ထင်ရှားသဖြင့် အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ကင့်ပြည်နယ် ဘော်စတယ်လ် ကလေးထောင်၌ကျကာ ပညာရေး၊ စိတ်ဓာတ်ရေးရာ

သာမက အသက်မွေးဝမ်းကျောင်းပညာပါ သင်ကြားလေ့ကျင့်ပေးခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာရာ စစ်ထဲပါသွားခဲ့ပြီး စစ်အတွင်းကာလ၌ စစ်ထဲမှ ထွက်ပြေးခဲ့သည်။

(၁၉၄၇)ခုနှစ်၌ သင်္ဘောကျင်း အလုပ်သမားကြီးတစ်ဦး၏သမီးနှင့် အကြောင်းပါခဲ့သည်။ လူလိမ်လူကောက် အယ်လ်ဖီမှာ အိမ်ထောင်ကျစဉ် ဖြောင့်တန်းကာ ကောင်းရောင်းကောင်းဝယ် အပိုးကျိုးနေခဲ့သည်။ စစ်သုံး ရိက္ခာပစ္စည်း၊ အစားအစာ၊ ရာရှင်ပစ္စည်းတို့ ရောင်းဝယ်ခြင်းအလုပ်၊ တစ်ပတ်ရစ်ကားဟောင်းများ အရောင်းအဝယ်လုပ်ငန်းအပြင် အဆောက်အအုံတို့ ဖြိုဖျက်သည့်လုပ်ငန်းကိုပါ လုပ်ကိုင်ခဲ့သည်။ မက်နှင့် အယ်လ်ဖီတို့ အိမ်ထောင်သက် တစ်နှစ် (၁၉၄၈)ခုနှစ်အတွင်း၌ သားယောကျ်ားကလေး တစ်ဦး ဖွားမြင်ခဲ့ကြပြီးနောက် (၃)နှစ်အကြာ (၁၉၅၁)ခုနှစ်၌ သမီးကလေး တစ်ဦး ထွန်းကားခဲ့ကြပြန်သည်။

(၁၉၅၃)ခုနှစ် လန်ဒန်မြို့ မေပယ်လ်စ်ကုန်တိုက်ကြီး ဓားပြတိုက်မှုကြီးတွင် ပူးပေါင်းပါဝင်မှုဖြင့် အယ်လ်ဖီအား ရာဘက်တရားရုံးချုပ် အိုးလ်ဘေလီ၌ တရားစွဲဆိုခဲ့သည်။ တရားခွင်၌ သူ့မှာ အပြစ်မရှိပါဟု ခုခံထုချေလျှောက်ခဲ့သည်။ အခင်းဖြစ်အမှုကို ကိုင်တွယ်ခဲ့သည့် ရဲအဖွဲ့ဝင်တို့က လူဆိုးဂိုဏ်းတစ်ဂိုဏ်းအား ဦးဆောင်ပြီး ကုန်တိုက်ကြီးမှ မီးခံသေတ္တာကို ရိုက်ချိုးဖွင့်ပြီး အတွင်းမှ လစာငွေများ ယူငင်ထွက်ပြေးခဲ့သူ ဖြစ်ကြောင်း စွပ်စွဲခဲ့ကြသည်။ တရားခံအယ်လ်ဖီက အခင်းဖြစ်ပွားစဉ်က မိမိမှာ ဇနီးသည် မက်နှင့်အတူ မိမိနေအိမ်၌ ရှိနေပါသည်ဟု အလီဘိုင်ပြ ထုချေခဲ့သည်။

မည်သို့ပင် ထုချေလျှောက်လဲ ပြစ်မှုဝန်မခံသော်လည်း ရာဘက်တရားရုံးချုပ် တရားသူကြီး လော့ဒ်ဂေါ့ဒတ်က အယ်လ်ဖီအား အခင်းဖြစ်အမှု အပြီးသတ် စီရင်ချက်မချမှတ်နိုင်သေးခင် ကြိုတင်ကာကွယ် ထိန်းသိမ်းရေး ကျင့်ထုံးဥပဒေပုဒ်မအရ ထောင် (၁၂)နှစ် ကျခံစေရန် ချမှတ်ခဲ့သည်။

အယ်လ်ဖီက ရာဘက်ရုံးချုပ်တရားသူကြီး လော့ဒ်ဂေါ့ဒတ်စ်၏ စီရင်ချက်ကို ဟာသပြဇာတ်တိုတစ်ပုဒ်အလား ပြက်ရယ်ပြု ဖော်ပြပြီး ခုခံ

တရားရင်ဆိုင်ရန် သန္နိဋ္ဌာန်ချခဲ့လေသည်။ သို့နှင့် အခင်းဖြစ်ပွားခဲ့သော မေပယ်လ်စ် ကုန်တိုက်လုယက်မှုကြီး (၁၉၅၃)ခုနှစ်ကာလအကြား (၃၁) ကြိမ်တိုင်တိုင် ရုံးခွင်တိုင်း၌ သူ့၌ အပြစ်မရှိကြောင်း ခုခံထုချေခဲ့သည်။

သူက မကျေနပ်၍ အယူခံရုံးတော်၌ အယူခံထက်ခဲ့ပြီး သူ့အပေါ် ချမှတ်သည့် ပြစ်ဒဏ်စီရင်ချက်ကို ပြန်လည် အသစ်ကြားနာ စစ်ဆေးပေးပါရန် လျှောက်ထားခဲ့သည်။ သူ၏ အယူခံကို ရုံးတော်မှ ပယ်ချခဲ့သည်။ ထို့ကြောင့် အယ်လ်ဖီလည်း သူ၏အမှုကို လူအများ အာရုံစိုက်လာအောင် ကြိုးပမ်းဖို့ ဆုံးဖြတ်လိုက်ပါသည်။

(၁၉၅၆)ခုနှစ်အတွင်း သူသည် အင်္ဂလန်နိုင်ငံအလယ်ပိုင်း နော်တင်ဟမ်မြို့ အကျဉ်းထောင်ကြီး၌ ထောင်နန်းစံနေစဉ် သူ၏ လွတ်မြောက်ရေး အတွက် တရားဥပဒေ၊ နည်းဥပဒေ၊ ကျင့်ထုံးတို့ကို အပတ်တကုတ် ဆည်းပူး လေ့လာခဲ့သည်။ သူ၏ သန္နိဋ္ဌာန်မှာ တရားသော နည်းစနစ် တည်ဆဲဥပဒေနှင့်အညီ လှည့်ပတ် ရှောင်တိမ်းလွတ်မြောက်နိုင်မည့် ထွက်ပေါက်ကို ရှာဖွေရန် ဖြစ်သည်။

သူ၏ အကြံအစည်မှာ အိုင်ယာလန်နိုင်ငံသို့ ထွက်ပြေး လွတ်မြောက်ရန် ဖြစ်သည်။ ထိုနိုင်ငံ၌ မေပယ်လ်စ်ကုန်တိုက် ဖောက်ထွင်းခိုးယူမှု ရာဇဝတ်ဘေးဒဏ်မှ အပြစ်ကင်းရှင်းကြောင်း သူ့အတွက် တရားဥပဒေနှင့်အညီ တိုက်ခိုက်ပေးမည့် အိုင်ရစ်အမျိုးသားဥပဒေသမား တစ်စုံတစ်ယောက်၏ အကူအညီရလိမ့်မည်ဟု မျှော်လင့်ယုံကြည်ထားခြင်းကြောင့် ဖြစ်သည်။

သို့နှင့် နော်တင်ဟမ်အကျဉ်းထောင်ကြီးမှ ထွက်ပြေးလွတ်မြောက်ဖို့ လမ်းနှစ်သွယ်ကို အကွက်ချ စီမံကိန်းချမှတ်ခဲ့သည်။ တစ်နည်းမှာ ဘဝတူ အကျဉ်းသားတို့နှင့် ထောင်ဖောက်ပြေးရန်ဖြစ်ပြီး ဒုတိယအကြံမှာ မိမိတစ်ကိုယ်တော် စွန့်စားလွတ်မြောက်ရန် ဖြစ်သည်။ ထိုဒုတိယအကြံမှာ အကျဉ်းထောင်အမှုထမ်း ကားဒရိုင်ဘာအား အလစ်ချောင်းရိုက်ပြီး ကားကို လုပြေးလွတ်မြောက်ရန် ဖြစ်သည်။ အယ်လီဖီက လူပါး၊ အကျဉ်းသား အများစုနှင့် ထောင်ဖောက်ပြေးဖို့ မကြိုးစားခဲ့ပေ။ သူစဉ်းစားမိသည်မှာ အကယ်၍ ထောင်ဖောက်ပြေးပါက သူသည် ရာဇဝတ်ပြစ်မှုတစ်ခု ကျူးလွန်ခြင်းပင်ဖြစ်၍ သူ့ရည်မှန်းချက် အကောင်အထည် ဘယ်သောအခါမှ

မပေါ်နိုင်။ သူ ထောင်နန်းစံနေရစဉ် အမျှော်လင့်ဆုံး ဖောက်ထွင်းခိုးယူခဲ့မှု၌ မပါဝင်၊ မကျူးလွန်ခဲ့ကြောင်း သက်သေပြရန် ဖြစ်သည်။

အဓာယ်၍ တခြားအကျဉ်းသားတစ်ယောက်က ထောင်ပြေးရာ ထိုသူပြေးသည့်လမ်းမှ မိမိလည်း တစ်ချိန်တည်း ထွက်ပြေးလွတ်မြောက်ခဲ့ပါလျှင် မိမိကပင် ကြိုတင်ကြံစည်ခဲ့ခြင်း မဟုတ်၍ ရာဇဝတ်ပြစ်မှု မမည်နိုင်ကြောင်း သူ သိရှိလာခဲ့သည်။ ယင်းသို့ဖြစ်ပါက သူ့အား ရာဇဝတ်မှုကျူးလွန်သူဟု မစွပ်စွဲနိုင် "တရားဥပဒေအရ ထိန်းသိမ်းထားခြင်းမှ ထွက်ပြေးလွတ်မြောက်ခြင်း"ဟူ၍သာ စွပ်စွဲနိုင်ကြောင်း သဘောပေါက်သွားခဲ့သည်။

အယ်လ်ဖီမှာ တစ်ကိုယ်တော် စွန့်စားလွတ်မြောက်ရေး လမ်းစဉ်ကို ကောင်းကောင်း နားလည်သဘောပေါက်ခဲ့သော်လည်း သူက မစွန့်စားခဲ့ချေ။ သူနှင့်တစ်ခန်းတည်း တစ်ဆောင်တည်း အတူနေ ဘဝတူ အကျဉ်းသားတို့ ထောင်ဖောက်ပြေးရာနောက်မှ အသာလေး ရေသာခို လိုက်ခဲ့သည်။

ဇနီးသည် မက်နှင့် ပြန်လည် ဆုံတွေ့ခဲ့ကြပြီး လန်ဒန်မြို့ ကလက်ဟင်အရပ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ထိုနေ့စဉ်ထုတ် သတင်းစာများမှ တစ်ဆင့် သက်ဆိုင်ရာသို့ မိမိထောင်မှ ထွက်ပြေးလွတ်ခဲ့ရခြင်းအကြောင်းကို ရှင်းလင်းရေးသားတင်ပြ တိုက်ခိုက်ခဲ့လေသည်။ သူက သက်ဆိုင်ရာသို့ မိမိကိုယ်တိုင် အခင်းဖြစ် မေပယ်လ်ကုန်တိုက်ဖောက်ထွင်းခိုးယူမှု မည်သူ မည်ဝါ ကျူးလွန်ခဲ့ကြောင်း တရားဥပဒေဘောင်အတွင်းမှ တရားဝင် စုံစမ်းခွင့်ပြုမည်ဆိုလျှင် ကိုယ်တိုင် အဖမ်းခံမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

သို့ရာတွင် သူကတိပြုခဲ့သည့် ကတိစကားနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ တရားဝင်ပြန်ကြားခြင်း မရှိခဲ့ချေ။ ထို့ကြောင့် အယ်လ်ဖီလည်း အိုင်ယာလန်နိုင်ငံသို့ ပြေးဆွဲနေသော ဘတ်စ်ကားတစ်စီး စီးနင်းထွက်ခွာခဲ့လေသည်။ ထို့နောက် ကျန်ရစ်ခဲ့သောဇနီးသည် မက်နှင့် ဆက်သွယ်ကာ အိုင်ယာလန်နိုင်ငံအရှေ့ပိုင်း ဒူဘလင်ပင်လယ်ဆိပ်ကမ်းမြို့ တောင်ဘက် မိုင်အနည်းငယ်အကွာ၌ အိမ်တစ်လုံးဝယ်ယူနေထိုင်ကြရန် ငွေ အလုံအလောက် တင်ပို့ပေးရန် မှာကြားခဲ့လိုက်သည်။

သို့ပါသော်လည်း (၁၉၅၆)ခုနှစ် ဩဂုတ်လအတွင်း၌ ခဲလေသမျှ သဲရေကျ သူ့စိတ်ကူးအကြံအစည်အားလုံး ပျက်ယွင်းခဲ့ရသည်။ တစ်နေ့

အယ်လ်ဖီသည် မိမိ မှာထားသော လုပ်ငန်းခွင်သုံး လက်နက်တန်ဆာပလာ ပစ္စည်းများ ဒူဘလင်မြို့မှ ထွက်ခွာလာသော ခရီးသည်တင်သင်္ဘောနှင့် ပါအလာ သွားအယူ၌ သက်ဆိုင်ရာမှ လက်ရဖမ်းဆီးခြင်း ခံလိုက်ရသည်။

ဤသို့ဖြင့် အယ်လ်ဖီမှာ "ဒုံရင်း ဒုံရင်းပြန်တယ်" ဆိုသလို မင်တန်ပိုင်းလ် အကျဉ်းထောင်နန်း ပြန်စံခဲ့ရသည်။ သူလည်း နှစ်ကြိမ်တိုင်တိုင် တရားဥပဒေဘောင်အတွင်းမှ မိမိအား အိုင်ယာလန်မှ မတရားဖမ်းဆီး ခေါ်ဆောင်လာခဲ့ကြောင်းနှင့် ယခင် အမှုဟောင်း မေပယ်လ်ကုန်တိုက် ဖောက်ထွင်းခိုးယူမှုကို ပြန်လည် အမှုဖွင့်စစ်ဆေးပေးပါရန် အထက်ရုံးတော် အသီးသီးသို့ အယူခံဝင်ခဲ့သည်။ သို့သော် သူကြိုးပမ်းခဲ့သမျှ သဲထဲရေသွန် အကျိုးမဖြစ်ထွန်းခဲ့ပေ။ သူ့အမှု ကြားနာစစ်ဆေးနေစဉ် ရုံးထုတ်လာတိုင်း စိတ်ထဲ၌ အမြဲတစေ ထွက်ပြေးလွတ်မြောက်ဖို့လမ်းကို ဆင်ကြံကြံလျက် နေခဲ့သည်။

အယ်လ်ဖီလည်း လန်ဒန်မြို့ တရားရုံးတော်သို့ ရုံးထုတ်သည့် တစ်ချိန်ချိန်တွင် ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းမည်ဟု ဆုံးဖြတ်ထားခဲ့လေသည်။ ရုံးထုတ်လာတိုင်း သူ့အား လက်ထိတ်ဖြုတ်ပြီး ရဲအစောင့်နှင့် တရားရုံး ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်၌ လက်ဖက်ရည်တိုက်လေ့ ရှိသည်။ ထိုဆိုင်မှာ ရုံးမြေညီထပ်၌ တည်ရှိသည်။ ထို့နောက် တရားစွဲဆိုထားသော ထောင်ဖောက်ပြေးမှု ကြားနာစစ်ဆေးခြင်းမပြုခင် အပေါ့အလေးသွားရန် အပေါ်ထပ်ရှိ အိမ်သာခန်းဆီသို့ ခေါ်ဆောင်လေ့ရှိသည်။

အကြံသမား အယ်လ်ဖီလည်း မင်တန်ပိုင်းလ်အကျဉ်းထောင်မှ လွတ်ရက်စေ့နေပြီဖြစ်သော နှစ်ကြိုးသမား ထောင်ကျအကျဉ်းသားရောင်းရင်း သူငယ်ချင်းအား အိမ်သာခန်းတံခါးသော့ဖွင့်ရန် သော့တူတစ်ချောင်း လုပ်ပြီး ကင်တင်းစားပွဲတစ်လုံးလုံးအောက်၌ ဝှက်ထားပေးပါရန် မှာကြားထားခဲ့သည်။

သူ့အကြံအတိုင်း ထွက်ပြေးတော့မည့် ရုံးထုတ်နေ့၌ အခါတိုင်းကဲ့သို့ပင် ရဲသားအစောင့်နှင့်အတူ သက်ဆိုင်ရာတရားရုံးတော်သို့ ခေါ်ဆောင်လာခဲ့ကြသည်။ လက်ဖက်ရည်သောက်ရန် မြေညီထပ်ကင်တင်းသို့ ဝင်ခဲ့ကြရာ သကောင့်သား လူလိမ်လူကောက် အယ်လ်ဖီမှာ လက်တွေ တုန်တုန်ရီရီဖြင့်

စားပွဲအောက် အသာလက်လျှိုစမ်းသပ်ကာ ထောင်ထွက် သူငယ်ချင်း ထားရစ်ခဲ့သည့် အိမ်သာခန်းသော့တူကို ရှာဖွေတော့သည်။ စားပွဲအောက်မှ ခပ်ဝိုင်းဝိုင်း အထုပ်ကလေးတစ်ထုပ်ကို စမ်းသပ်ရှာဖွေ တွေ့ရှိခဲ့သည်။ သော့မှာ အတန်ငယ်ကြီးနေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ သို့သော် မရှိတာထက်စာလျှင် ကြံဖန်အသုံးဝင်မည်ဖြစ်၍ အသာကလေး ဘောင်းဘီအိတ်ထဲ ဝှက်ထားလိုက်သည်။

လက်ဖက်ရည်သောက်နေရင်း လက်တစ်ဖက်က ဘောင်းဘီအိတ်ကပ်ထဲကို လက်လျှိုပြီး အထုပ်ကလေးကို စမ်းသပ် ဖွင့်ကြည့်လိုက်ပါသည်။ သူစမ်းမိလိုက်သည့်အရာမှာ သော့ချောင်းသော့တံမဟုတ်ဘဲ သော့ခလောက်တစ်လုံးသာ ဖြစ်နေပါသည်။ "အယ် ဒီသော့ခလောက် ဘာလုပ်ဖို့ပါလိမ့်" ဟု သူ မတွေးတတ်တော့။

သို့နှင့် သူတို့ လက်ဖက်ရည်သောက်၍ ပြီးစီးသွားခဲ့ကြပြီး တရားခံအယ်လ်ဖီအား အစောင့်အကြပ်နှင့် အပေါ်ထပ်တရားခွင်နှင့် ရေအိမ်ဆီသို့ ခေါ်ဆောင်လာခဲ့ကြသည်။ အကြံသမားလည်း အိမ်သာခန်းဆီသို့ မျက်လုံးတစ်ချက် ဝင့်အကြည့် မိမိ၏ အကြံအစည် ပြောင်းရတော့မည် ဖြစ်ကြောင်း သဘောပေါက်သွားခဲ့သည်။ "အလို ဒီလိုကိုး" သူ့စိတ်ထဲမှာ ရေရွတ်လိုက်မိသည်။ သူ့တစ်သက်နှင့်တစ်ကိုယ် မမြင်ဘူးသည့် နီကယ်ရောင် တပြောင်ပြောင်နှင့် ဧရာမကွင်းကြီးနှစ်ကွင်းကို တွေ့လိုက်ရသည်။ တစ်ကွင်းမှာ တံခါးပေါင်၌ တပ်ဆင်ထားပြီး ကျန်တစ်ခုက အိမ်သာတံခါး မကြီးနံရံပေါင်၌ ဖြစ်သည်။ သူ့စိတ်ထဲမှလည်း ထောင်ထွက် သူငယ်ချင်း လုပ်ရပ်ကို သဘောပေါက်သွားခဲ့သည်။ သော့တူလုပ်ဖို့ မလွယ်ကူ၍ ယင်းသို့ ပြုလုပ်ထားခြင်းဖြစ်ကြောင်း ကောင်းကောင်း နားလည်သွားခဲ့တော့သည်။

အစောင့်ရဲသားနှစ်ယောက်ရှေ့ ကျော်တက်ကာ ညာလက်ထဲ သော့ခလောက်ကို တင်းတင်းဆုပ်ထားပြီး ဘယ်လက်ဖြင့် ရေအိမ်တံခါးကို ဆွဲဖွင့်လိုက်သည်။ ရဲသားနှစ်ယောက်ဝင်အပြီး ဗုန်းခနဲ တံခါးဆွဲပိတ်ပစ်လိုက်သည်။

စက္ကန့်အနည်းငယ်အတွင်း အိမ်သာခန်းတံခါးအပြင်မှ သော့ခလောက်

ခတ်လိုက်ပါသည်။ ရဲသားနှစ်ယောက် အိမ်သာထဲ ပိတ်မိနေခဲ့ကြသည်။ အယ်လ်ဖီလည်း ရသည့်အခွင့်အရေး လက်မနှေးဘဲ ဒရောသောပါး တရားရုံးအဆောက်ထပ်သို့ ဆင်းလာခဲ့သည်။ ထို့နောက် လမ်းပေါ် ရောက်ပြီး ခြေရာဖျောက်လစ်ပြေးခဲ့သည်။ လမ်းတစ်နေရာမှ သူ့ညီအစ်ကိုတော် ဘတ်နှင့် သူ့သူငယ်ချင်း နီမက်ဖီယားတို့ ကားတစ်စီးဖြင့် အသင့်စောင့်ဆိုင်းနေကြသည်။

လေဆိပ်အရောက်၌ အိုင်ယာလန်နိုင်ငံ၊ ဒူဘလင်မြို့ထွက်မည့် ခရီးသည်တင်လေယာဉ် မမီလိုက်တော့ချေ။ သို့နှင့် အင်္ဂလန်နိုင်ငံ၊ ဂလောက်ဆက်ရှိုင်းယားပြည်နယ်၊ ဘရစ်စတိုလ်ပင်လယ်ဆိပ်ကမ်းမြို့သို့ အပြင်းမောင်းနှင်ခဲ့ကြသည်။ ထိုမြို့သို့ ခရီးရောက်မဆိုက်ပင် သူတို့ညီနောင်အား သက်ဆိုင်ရာ လေဆိပ်ရဲတို့က ကြိုတင်သတင်းပေးပို့ချက်အရ လက်ရဖမ်းဆီးလိုက်ကြသည်။ ဘတ်မှာ လူမှား အဖမ်းခံရခြင်းသာ ဖြစ်၏။ အယ်လ်ဖီမှာ လေဆိပ်အတွင်းရှိ ကုလားထိုင်တစ်လုံးပေါ်၌ ငြိမ်ငြိမ်သက်သက် ထိုင်နေရင်း မိမိမှာ ထောင်ဖောက်ပြေးသူ ကြံရာပါအဖြစ် မသင်္ကာ၍ ဖမ်းဆီးခံရခြင်းဖြစ်သည်ဟု တွေးတောနေခဲ့သည်။ သို့ရာတွင် ရဲခစန်းသို့ ရောက်ရှိခဲ့ကြပြီး သက်ဆိုင်ရာ မင်တန်ပိုင်းလ်ထောင်အကျဉ်းဦးစီးမှ အရာရှိများ ရောက်လာကာ ထောင်ပြေးအစစ်ကိုရွေး၍ လက်ထိတ်ခတ် ဖမ်းဆီးလိုက်ကြသည်။ သို့နှင့် အယ်လ်ဖီးမှာ မင်တန်ပိုင်းလ်ထောင်ကြီးသို့ ပြန်ရောက်လာခဲ့ပြန်သည်။

(၁၉၅၁)ခုနှစ် ဇွန်လအတွင်း၌ ထောင်မှ ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းခဲ့ပြန်သည်။ ဤတစ်ကြိမ် ထွက်ပြေးလွတ်မြောက်ခဲ့သည်မှာ အင်္ဂလန်နိုင်ငံ၊ အရှေ့တောင်ပိုင်း အက်စ္စက်ပြည်နယ်၊ ရှလန်ဖို့ထောင်မှ ဖြစ်သည်။ ဤတစ်ချီ၌ သူ့အဖော် ထောင်ပြေးမှာ လန်ဒန်မြေအောက် လောကသား တေို တစ်ကောင်နှင့် ဖြစ်သည်။ ထောင်ဖောက်ပြီး ရှေ့မှ အပေါ်ထောင်တံတိုင်းကို ကျော်တက်သည်။ နောက် သူပါ ထက်ကြပ်မကွာ လိုက်ခဲ့သည်။

ဤအကြိမ် သေဖော်သေဖက် ထောင်ပြေးသူငယ်ချင်းမှာ လန်ဒန်မြို့သား ဂျော်ဂျီဝေါ့လ်တစ်တန်ဆိုသူ ဖြစ်သည်။ ထောင်ထဲ၌ (၇)နှစ်

နေခဲ့ပြီး ယခုကဲ့သို့ သော့တူဖြင့် ထောင်ဖောက်ပြေးခဲ့ခြင်း ဖြစ်သည်။

ထောင်ကြီးနှင့်ဝေးရာအရပ် ရောက်ခဲ့ကြပြီး ရဲတို့လမ်းပိတ်ဆို့ ရှာဖွေမဖမ်းဆီးခင် ပြေးကြရန် ကားတစ်စီးပေါ် ခုန်ချဖို့ စောင့်နေကြသည်။ ထို့နောက် ကားကြုံပေါ်မှ ခုန်ဆင်းခဲ့ကြပြီး ကင့်မြို့နယ်တွင်းမှ ခရီးဝေးသွား အုမ်စုတစ်စုအတွင်း ရောနှောကိုယ်ယောင်ဖျောက်နေခဲ့ကြပြန်သည်။ ထိုနေရာမှ လူစုခွဲကြပြီး ဂျော်ဂျီမှာ လန်ဒန်ရဲခွေးတို့၏ အနံ့ခံကိုက်ခဲခံရပြီး ပြန်လည် ဖမ်းဆီးခြင်းခံခဲ့ရသည်။ အယ်လ်ဖီမှာ လစ်ဗာပူးမှ လှေဖြင့် အိုင်ယာလန်သို့ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ထိုနိုင်ငံ၌ အမည်ပြောင်းကာ ဒူဘလင်မြို့တွင် ကားအရောင်းအဝယ် ကုန်သည်တစ်ဦးအဖြစ် ရောင်းဝယ် လုပ်ကိုင်စားသောက် နေထိုင်နေလေသည်။

ထောင်ပြေးကြီး အယ်လ်ဖီဘာဝ အေးချမ်းနေရာမှ ကြမ္မာလေရူးတစ်ကျော့ပြန် အမွှေခံလိုက်ရပြန်သည်။ အိုင်ယာလန်ပြည်မြောက်ပိုင်းနှင့် တောင်ပိုင်း အီရီ (အိုင်ယာလန်ပြည်ယခင်အမည်) နယ်စပ်အကြားမော်တော်ကား မှောင်ခိုရောင်းဝယ်နေစဉ် တစ်နေ့ အဖမ်းခံခဲ့ရသည်။ နယ်ခြား အကောက်ခွန်အရာရှိတို့က တရားခံအယ်လ်ဖီ၏ လက်ဗွေရာတို့ကို သက်ဆိုင်ရာ စုံထောက်ဌာနသို့ပို့၍ စစ်ဆေးခဲ့ကြရာ အံ့သြထိတ်လန့်သွားခဲ့ကြသည်။ သူတို့ လက်ရဖမ်းထားသည့် မှောင်ခိုသမားမှာ ပေါ့သေးသေးမဟုတ်။ ထောင်ပြေးရာဇာကြီးဖြစ်နေကြောင်း သိလိုက်ကြရသည်။

သူ့အား တရားမဝင်မော်တော်ယာဉ်များ ရောင်းဝယ်မှောင်ခိုမှုပုဒ်မ,ဖြင့် ဘဲလ်ဖတ်စ်ထောင်၌ ပထမ (၆)လ အကျဉ်းချထားခဲ့သည်။ (၁၉၆၀) ခုနှစ်တွင် သူ၏ လန်ဒန်မေပယ်လ်ကုန်တိုက် ဖောက်ထွင်းခိုးယူမှု အပြစ်ဟောင်းအတွက် ထောင် (၁၂)နှစ် ကျခံရန်နှင့် ကျန်သည့်နှစ်များကို ဗြိတိန်ထောင်နန်း၌ပင် စံရန် ပြန်ပို့ခဲ့ကြသည်။

သို့နှင့် ဗြိတိန်ပြန်ရောက်အပြီး တစ်လအတွင်း တရားဥပဒေနှင့်အညီ သူ့သမိုင်းသူ ရေးခဲ့သည်။ ဗြိတိသျှပါလီမန် အထက်လွှတ်တော်သို့ သူ၏အမှု အယူခံဝင်ခဲ့ရာ လွှတ်တော်မှ နောက်ဆုံးလက်ခံစဉ်းစားရန် ခွင့်ပြုခဲ့သည်။ ဒီဇင်ဘာလအတွင်း အယူခံကော်မတီရုံးတော်သို့ အကြိမ်ကြိမ် သွားရောက်ကြားနာစစ်ဆေးခံခဲ့ရပြီး ထုချေလျှောက်လဲခဲ့သည်။

ရာဇဝတ်မှုခင်းသမိုင်းတွင် သူသည် ပထမဆုံးအယူခံရုံးတော်တရားခွင်၌ ရရှိခဲ့သော ရာဇဝတ်အကျဉ်းသား ဖြစ်ခဲ့ပေသည်။

အယ်လ်ဖီလည်း သူသည် မေပယ်လ်ကုန်တိုက် ဖောက်ထွင်းခိုးယူမှုကြီး၌ ပါဝင်ကျူးလွန်ခဲ့ခြင်းမရှိ၍ သူ့၌ အပြစ်မရှိကြောင်း မျှော်လင့်ချက်အပြည့်အဝဖြင့် ထပ်မံကြိုးစားအယူခံခဲ့သည်။ သူ၏ အယူခံလွှာကို အယူခံရုံးတော်မှ ပယ်ချခဲ့သည်။

ရက်များ မကြာမီအချိန်၌ သူ့အား အင်္ဂလန်နိုင်ငံတောင်ဘက် ကမ်းလွန်ပင်လယ်ဝိုက်ကျွန်း မတ်ဟတ်စ်အကျဉ်းထောင်သို့ ပို့လိုက်ကြသည်။ ယင်းထောင်ကြီးမှာ အစောင့်အရှောက်ထူထပ်စွာ ချထားသော အလုံခြုံဆုံးထောင် ဖြစ်သည်။

ထို့နောက် (၁၉၆၂) ခုနှစ်အတွင်း၌ မျှော်လင့်ရကျိုးနပ်ခဲ့ပြီး ကံကြမ္မာကား သူ့အား မျက်နှာသာပေးခဲ့လေသည်။ အခင်းဖြစ် လန်ဒန် မေပယ်လ် ကုန်တိုက်ဖောက်ထွင်းမှုကို ကိုင်တွယ်စုံစမ်း စစ်ဆေးခဲ့ရသော စုံထောက်ဌာနမှူးချုပ်ဟောင်း ဟားဘတ်စ်ပတ်ခ်စ်၊ တနင်္ဂနွေထုတ် သတင်းစာကြီးတစ်စောင်၌ အမှုဖြစ်ရပ် တစ်ရပ်လုံးကို အခန်းဆက် ဆောင်းပါးရှည်ကြီး ရေးသားတင်ပြခဲ့သည်။

ယင်းဆောင်းပါးတို့အနက် တစ်ပုဒ်၌ ရဲမှူးချုပ် စပတ်ခ်စ်က တရားခံလူဆိုး အယ်လ်ဖီအား မိမိ မည်သို့မည်ပုံ ခြေရာကောက်၍ ဖမ်းဆီးမိခဲ့ကြောင်း ရေးသားဖော်ပြထားသည်။ ထိုဆောင်းပါးကို ဖတ်ရှုလေ့လာရခြင်းဖြင့် တရားခံအယ်လ်ဖီမှာ အခင်းဖြစ်အမှုကို ကျူးလွန်ခဲ့ကြောင်း ထင်ရှားတွေ့ခဲ့ပါသည်။ ကြက်ခေါင်းဆိတ်မခံတတ်သည့် အယ်လ်ဖီလည်း မိမိအား ရဲမှူးကြီးစပတ်ခ်စ်က မဟုတ်မမှန် စွပ်စွဲရေးသားခဲ့သဖြင့် သိက္ခာကျစေခဲ့ပါသည်။ သို့အတွက် သူ့အား အသရေပျက်မှုဖြင့် အရေးယူပေးပါရန် အထက်သို့ စာချွန်တော်တစ်စောင် ရေးသားတင်သွင်းခဲ့သည်။

တစ်နှစ်အကြာ၌ သူ၏ စာချွန်တော်အမှုကို အမှုဖွင့် ကြားနာစစ်ဆေးခဲ့သည်။ အယ်လ်ဖီမှာ သက်သေဝက်ခြံကလေးအတွင်း၌ (၆) ရက်လုံးလုံး အစစ်ခံခဲ့ရသည်။ သူ၏ အမှုဖြစ်စဉ် အကျဉ်းချုံးတင်ပြပြီး နောက် တရားသူကြီး အက်ဒ်မန်ဒေးဗစ်စ်က ဂျူရီလူကြီးတို့အား "အခင်း

ဖြစ်အမှုဟောင်း မေပယ်လ်ကုန်တိုက် ဖောက်ထွင်းမှုနှင့်ပတ်သက်၍ တရားခံ အယ်လ်ဖီ ထွက်ဆိုခဲ့တဲ့စကားတွေဟာ အမှန်အကန်တွေပဲလား၊ သို့တည်း မဟုတ် အများတကာက သူ့အပေါ် သနားကရုဏာ စာနာထောက်ထား အောင် တမင်ဟန်လုပ်ပြီး မမှန်မကန် မုသားသက်သေ ထွက်ဆိုနေပါ သလော၊ ဂျူရီလူကြီးမင်းတို့ စဉ်းစားဝေဖန် အဆုံးအဖြတ်ပေးပါရန် ပန်ကြားအပ်ပါတယ်" ဟူ၍ မေတ္တာရပ်ခံခဲ့လေသည်။

အချိန် (၅)နာရီကြာ ဂျူရီလူကြီးတို့ အပြန်ပြန်အလှန်လှန် စဉ်း စားပြီး အယ်လ်ဖီ၌ အပြစ်မရှိ၊ ပြစ်မှုမထင်ရှား၍ အသရေပျက်ခဲ့ရသဖြင့် နစ်နာကြေး စတာလင်ပေါင် (၁,၃၀၀) အလျော်ပေးသင့်ကြောင်း အကြံ ပေးခဲ့ကြသည်။

နောက်နေ့၌ အင်္ဂလန်ပြည်ထဲရေးအတွင်းဝန် ဟင်နရီဘရုခ်က အကျဉ်းသား အယ်လ်ဖီအား အကျဉ်းမှ ချက်ချင်း လွတ်မိန့်ချမှတ်ခဲ့ကြောင်း ကြားသိခဲ့ရသည်။

ငနဲသား အယ်လ်ဖီမှာ ထိုမျှနှင့် မကျေနပ်နိုင်။ သူ၏ အကျိုးဆောင် ရှေ့နေကြီး အကြံပြုတားမြစ်နေသည့်ကြားက ပျက်ယွင်းခဲ့ရသည့် သူ့ နာမည် ပြန်လည် အဖတ်ဆယ်လိုမှုဖြင့် ဆက်လက်ပြီး တရားတဘောင် ရင်ဆိုင်ခဲ့သေးသည်။

သူကတော့ အင်မတန် ခေါင်းမာလှသည့် အယ်လ်ဖီပါပေ။ ဆက်လက်၍ မလျှော့သောဇွဲဖြင့် တရားရင်ဆိုင်ခဲ့ပြီး အမှုဟောင်းကို ဖွင့် လှစ်ခဲ့သည်။ ယင်းအယူခံမှုကို (၁၉၆၅)ခုနှစ်၊ နိုဝင်ဘာလအတွင်း၌ လန်ဒန်မြို့ ရာဘက်အယူခံရုံးတော်၌ ဖွင့်လှစ်ကြားနာစစ်ဆေးခဲ့သည်။ သို့ရာတွင် ယင်းအမှုမှာ ခတ်ပြားဟောင်းကြီး ထပ်တလဲလဲ ပြန်လည် ဖွင့်နေခြင်းဖြစ်၍ ရုံးတော်အား ဒုက္ခပေးရာ ရောက်နေသဖြင့် သူ့အယူခံမှုကို ရုံးတော်မှ ပယ်ခဲ့သည်။ ထို့နောက် ပါလီမန်အထက်လွှတ် "စုံညီ" မှလည်း အယူခံရုံးတော် မူလစီရင်ချက်အတိုင်း ပယ်ခဲ့လေသည်။


အယ်လ်ဖီမှာ ရဲမှူးချုပ်၏ စွပ်စွဲရေးသားမှု၊ အသရေပျက်စေခဲ့မှု စာချွန်သွင်း ဦးတိုက်လျှောက်ထားခဲ့သော အယူခံမှု၌ ဂျူရီလူကြီးတို့ အဆုံး အဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ သို့သော် မူလ မေပယ်လ်ကုန်တိုက် ဖောက်

ထွင်းခိုးယူမှု၊ ကျူးလွန်ခဲ့မှုနာမည် ပျက်ယွင်းခဲ့ရခြင်းမှာ မည်သို့မျှ ကြိုးပမ်း စေကာမူ နဂိုမူလ လူတစ်လုံးသူတစ်လုံး နာမည်ကောင်း ပြန်မဖြစ်နိုင် တော့ချေ။ သူ့ဘဝတွင် သေရာထိပါသွားမည့် "အမည်းကွက်"ကြီးပင် ဖြစ်ပါတော့သည်။

သူ၏ဇနီးဖြစ်သူ မက်နှင့်အတူ အင်္ဂလိပ်ရေလက်ကြား ဂျာစီကျွန်း၊ စိန်ဟီလိုက်ယားမြို့ကလေး၌ ဘဝတစ်ထောက် အေးအတူပူအမျှ နေထိုင် ခဲ့ကြသည်။ သူသည် အလုပ်ချာန်ရွေးတတ်သူမဟုတ်၊ ဆေးစက်ကျရာ အရုပ်ဖြစ်သူပီပီ ကိုယ့်အားကိုယ်ကိုးပြီး အဟောင်းပစ္စည်းများဝယ်၊ ပြင် ဆင်မွမ်းမံပြီး ပြန်လည် ရောင်းချသောအလုပ်ဖြင့် အသက်မွေးခဲ့သည်။

သူ၏ ထက်မြက်နိုးကြားသည့်ဦးနှောက်နှင့် တရားရုံး အဆင့် ဆင့်သို့ ဇွဲနပဲကြီးစွာ တရားစစ်ထိုးခဲ့သော အရည်အချင်းဉာဏ်ပညာ အမြော်အမြင် လုပ်ရည်ကိုင်ရည်တို့ကြောင့် ရေလက်ကြားကျွန်းစုများ ဘရင်ဂျီသာသနာ့ယစ်ပလ္လင်အသင်းတော်တွင် အရေးပါ အရာရောက် သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာခဲ့သည်။ယင်း သာသနာ့အဖွဲ့အစည်းမှာ မဟာဉာဏ်ကြီးရှင်များအတွက် ဖွဲ့စည်းတည်ထောင်ထားသည့် အစည်း အရုံးတစ်ရပ် ဖြစ်ပါသည်။

✿ ✿ ✿



ဆမ်၏သားဟု ခေါ်ခဲ့ကြသော စိတ္တဇလူသတ်သမား ဘာကိုဝစ်

# ဆန်၏သား ဒေးဗစ်ဘာကိုဝစ်

ဆန်၏သား (Son of Sam) ဒေးဗစ်ဘာကိုဝစ် (David Berkowitz)မှာ (၁၉၇၇)ခုနှစ်က နယူးယောက်မြို့၌ သွေးအေးအေးဖြင့် လူ(၆) ယောက်ကို အသေပစ်သတ်ခဲ့ပြီး လူ(၇)ယောက်တို့အား ဒဏ်ရာရစေသူ ဖြစ်သည်။ သူသည် မိန်းမ (၅)ယောက်နှင့် ယောကျ်ားတစ်ယောက်တို့ကို သေနတ်ဖြင့် အသေပစ်သတ်ကာ လူသတ်မှု ဆက်တိုက် ကျူးလွန်ခဲ့သဖြင့် တစ်မြို့လုံး အထိတ်တလန့် ဖြစ်ခဲ့ကြသည်။

တစ်ည လသာသာ ချစ်သူမောင်မယ်နှစ်ဦးတို့ ကားကလေးထဲ၌ ချစ်ကြည်နူးနေကြစဉ် လူသတ်သမား ဘာကိုဝစ် ပြုန်းခနဲ ရောက်လာပြီး ဘာမဆိုင်ညာမဆိုင် သေနတ်နှင့်အသေပစ်သတ်ခဲ့သည်။ အမျိုးသမီးကြီးတို့အားလည်း အလွတ်မပေးဘဲ အသေပစ်သတ်ခဲ့ပြန်သည်။ ဤမျှဖြင့် လူသွေးဆာမှု ရပ်တန့်မသွားသေးဘဲ ကြားထဲက ခွေးနှစ်ကောင်ပါ အဆစ်ပါသွားခဲ့သေးသည်။

ယင်းသို့ ဆက်တိုက်အကြောင်းမဲ့ လူတွေ လိုက်လျှောက်သတ်ဖြတ်နေခြင်းမှာ ဟစ္စတီးရီးယား (Hysteria) ခေါ် စိတ်ဖောက်ပြန်ရူးသွပ်ခြင်း ရောဂါဖိစီးမှု အရှိန်မြင့်မားလာမှုနှင့် ဆက်နွယ်နေပေသည်။ နယူးယောက်နေလူစုမှာ လူသတ်သမားကြီးရန်ကြောင့် ထိတ်လန့်တုန်လှုပ်ကာ ကျီးလန့်စာစား ဖြစ်နေကြသည်။ နေဝင်လျှင် အိမ်ပြင်မထွက်ရဲကြ၊ မြို့ထဲရှိ ဒစ္စကိုတေးဂီတ ကပွဲခန်းမတို့နှင့် စားတော်ဆက်များ၌လည်း ဖောက်သည်များ

ဆိတ်သုဉ်းပြီး ကျီးတဖုတ်ဖုတ် ဖြစ်နေကြသည်။

ဤကဲ့သို့ မြို့သူမြို့သားတို့ တထိတ်ထိတ်တလန့်လန့် ဖြစ်ခဲ့ကြသည်မှာ လွန်ခဲ့သော တစ်နေ့က လူသတ်ကောင် ဆန်၏သား လွတ်မြောက်နေစဉ် အတောအတွင်းက ဖြစ်ပါသည်။ ထို့နောက် သက်ဆိုင်ရာမှုခင်း ထောက်လှမ်းရေး ရဲအဖွဲ့ဝင်တို့သည် အသတ်ခံခဲ့ကြရသူ ချစ်သူမောင်မယ်နှစ်ဦး၏ အလောင်းနှင့် ကိုက်အနည်းအငယ်အကွာ လမ်းပေါ်မှ စာတစ်စောင် သိမ်းဆည်းရမိခဲ့သည်။ စာထဲ၌ "ရဲအရာရှိကြီး ဂျိုးဇက်ဆိုရီလီး ခင်ဗျား၊ ဗိုလ်ကြီးက ကျုပ်ကို မိန်းမမုန်းတဲ့လူလို့ အမည်ပေးတာ လွန်တာပေါ့ဗျာ၊ ကျုပ် ဘယ်လောက် ခံစားရသလဲဆိုတာ ခင်ဗျား စဉ်းစားကြည့်ပေါ့။ ဘယ်ကလာ မိန်းမမုန်းရမှာလဲဗျ၊ ကျုပ် မိန်းမ မမုန်းတတ်ပါဘူး ဟဲဟဲ ကြောက်စရာသတ္တဝါတစ်ကောင်ပါဗျ၊ ကျုပ်ဟာ ဆန်ရဲ့ သားလေဗျာ" ဟူ၍ ရေးသားထားသည်။

ထိုရေးခဲ့သည့်အချိန်က ဘာကိုဝစ်မှာ လူ (၃)ယောက် သတ်ခဲ့ပြီး (၄)ယောက် ဒဏ်ရာရစေခဲ့ပြီး ဖြစ်၏။ သူ၏စာကို သတင်းစာ၌ တရားဝင် ဖော်ပြလိုက်ပြီးနောက် နယူးယောက်မြို့တော်ဝန် ဘာအီက ရာဇဝတ်ကောင်အား အပူတပြင်း လိုက်လံရှာဖွေဖမ်းဆီးရန် ရဲအဖွဲ့ဝင်တို့အား အမိန့်ထုတ်ပြန်ခဲ့သည်။

သို့နှင့် လူသတ်သမား ဘာကိုဝစ်အား ဖမ်းဆီးရန် ရဲအဖွဲ့ဝင် (၂၀၀)ပါဝင်သော မှုခင်းတပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။ လူသတ်သမား ပုန်းအောင်းနေရာ သို့တည်းမဟုတ် နောက်ထပ် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်မည်ဟု သတင်းအနံ့ရသည့် ကောလာဟလသတင်းတွေ ထွက်ပေါ်ရာသို့ ချက်ချင်း လိုက်လံရှာဖွေခဲ့ကြသည်။ ရဲအဖွဲ့ဝင် (၁၀၀)ကျော်ကိုလည်း နောက်ထပ် ပြစ်မှုကျူးလွန်ဦးမည်ဟု ထင်ရသည့် နယူးယောက် တိုင်ဘရွန်ဇစ်မြို့နယ်နှင့် ကွင်စ်မြို့နယ်တစ်ဝိုက်၌ ညကင်းချထားခဲ့သည်။

မှုခင်းထောက်လှမ်းရေးရဲဘက်မှ လူသတ်သမားနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာထားချက်၌ ဘာကိုဝစ်မှာ နူရိုးတစ်၊ စကီဇိုဖရီးနီးယား (စိတ်ကစဉ့်ကလျားရောဂါ)နှင့် ပါရာနွိုက်ခေါ် ယုံမှားလွန် စိတ်ဝေဒနာရှင်သူရူးတစ်ယောက် ဖြစ်သည်ဟု ဆိုပါသည်။ ထို့အပြင် လူသတ်ကောင်အား

မည်သို့မျှ ခြေရာကောက်၍ မရသည့်ကိုစ္စနှင့်ပတ်သက်၍ သူတို့ ယူဆထားကြသည့် သီဝရီတစ်ရပ်မှာ ဘာကိုဝစ်အား နတ်မိစ္ဆာ မကောင်းဆိုးဝါးတို့ စောင့်ရှောက်ထား၍ဟု ဆိုခဲ့ကြသည်။ တချို့ကလည်း ဤသို့ ထင်မြင်ယူဆခဲ့ကြပြန်သည်။ သူသည် ရဲအဖွဲ့ဝင်တစ်ယောက် ဖြစ်နေ၍သာ ဌာနတွင်းမှ သတင်းကြိုတင် ရရှိထားသဖြင့် စုံစမ်းထောက်လှမ်း မရအောင် ‌ရှောင်တိမ်းနေနိုင်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုကြသည်။ ထိုအတောအတွင်း လူသတ်မှုတို့ကို ဆက်လက် ကျူးလွန်ခဲ့ပြန်သည်။

တစ်ညသ္ဌ အထက်တန်းကျောင်းသူကလေးတစ်ယောက်နှင့် သူမ၏ ယောကျ်ားကလေးသူငယ်ချင်းနှင့်အတူ သူတို့ ကိုယ်ပိုင်ကားထဲ အရောက်၌ပင် လူသတ်သမား၏ သေနတ်ဖြင့် ပစ်သတ်ခံခဲ့ကြရရှာသည်။ ဘာကိုဝစ်သည် ကားရှေ့တည့်တည့် လေကာမှန်ကို ဖောက်သွင်းပစ်ခတ်ခဲ့ရာ လူရွယ်မှာ လက်၌ ကျည်ဆန်ထိမှန်ခဲ့ပြီး မိန်းကလေးမှာ ဦးခေါင်း၊ လည်မျိုနှင့် ပခုံးတို့၌ ထိမှန်ခဲ့သည်။

ထိုပြစ်မှုဖြစ်ပွားပြီး တစ်လအကြာ၌ လူသတ်သမားသည် လူသတ်မှုတစ်မှု ထပ်မံ ကျူးလွန်ခဲ့ပြန်သည်။ အသက် (၂၀)အရွယ် သမီးရည်းစားနှစ်ယောက် ပထမဆုံးချိန်းတွေ့ကြပြီး ရပ်ထားသော ကားထဲ၌ အချစ်ကြည်နူးနေကြစဉ် နှစ်ဦးစလုံး သေနတ်စာမိခဲ့ကြခြင်း ဖြစ်သည်။

ဘော်ဘီပိုင်အိုလန်တီက ချစ်နှမ စတေစီမော်စကိုဝစ်အား ကမ္ဘာကုန်ကျယ်သရွေ့ ချစ်တာတွေ ရင်ဖွင့်နေဆဲ၌ လူသတ်သမား၏ ကျည်ဖူးမှာ သူမျက်နှာတည့်တည့်သို့ ထိုးဖောက်ဝင်ရောက်သွားကာ သေပွဲဝင်ခဲ့ရခြင်း ဖြစ်သည်။ ဘော်ဘီ၏ ချစ်ရလွန်းသူ စတေစီကလေး ခမျာမှာလည်း ဦးခေါင်းမှ သေနတ်ဒဏ်ရာဖြင့် အခင်းဖြစ်ပွားပြီး (၃၈)နာရီအကြာ ဆေးရုံခွဲစိတ်ခုံပေါ်၌ပင် သူမ ချစ်သူနောက် ကောက်ကောက်ပါ လိုက်သွားခဲ့လေသည်။

ပျံလေသည့်ငှက်ခါး နားချိန်တန်ခဲ့ပြီဖြစ်၍ နောက်ဆုံး၌ မော်တော်ကားရပ်နားခွင့် လက်မှတ်တစ်စောင်ကြောင့် လက်ရ ဖမ်းဆီးမိခဲ့သည်။ သူ၏ကားပေါ်သို့ ကားရပ်နားခွင့်လက်မှတ်တစ်စောင် ရဲအဖွဲ့ဝင်တစ်စုလာရောက်ကပ်သည်ကို မှောင်ရိပ်မှ ဘာကိုဝစ် စောင့်ကြည့်နေခဲ့သည်။

ရဲများ ပြန်သွားကြသောအခါ မှောင်ရိပ်မှ ထွက်လာပြီး လက်မှတ်ကို ဆွဲဖြဲဆုတ်ပစ်လိုက်သည်။ သူ့အပြုအမူကို ခွေးကလေးနှင့် လမ်းလျှောက်ထွက်လာခဲ့သည့် မိန်းမတစ်ယောက်က မြင်သွားခဲ့သည်။

အမျိုးသမီးကြီးစိတ်ထဲ ဒီလူပြုံးပုံက တစ်မျိုးဖြစ်နေသည်ဟု ထင်ခဲ့မိသည်။ ထို့နောက် သူမ အနီးရောက်သောအခါ သူ့လက်ထဲ၌ သေနတ်တစ်လက်ပါလာခဲ့ကြောင်း မြင်လိုက်ရသည်။ နောက်တစ်နေ့၌ နီးရာရဲစခန်းသို့ သွားရောက်ပြီး ကားရပ်နားခွင့်လက်မှတ် ဆုတ်ဖြဲပစ်ခဲ့သည့်လူသတ်သမားအကြောင်း ပြောပြခဲ့သည်။ သို့နှင့် လူဆိုးကားနံပါတ်ကို ယာဉ်ထိန်းရဲမှတ်တမ်း၌ ပိုင်ရှင်အမည် ရှာဖွေကြည့်ခဲ့ကြသည်။ ထိုကားမှ ခြေရာခံမိခဲ့ကြပြီး နောက်နေ့၌ လူသတ်သမား ဘာကိုဝစ်အလာကို စောင့်နေခဲ့ကြသည်။

လူသတ်ကောင်မှာ လုံးဝမရိပ်မိဘဲ ခပ်တည်တည်ဖြင့် သူ၏ လက်စွဲတော် ဒသမ (. ၄၄)ကာလီဘာမောင်းပြန်သေနတ်ကို စက္ကူအိတ်ထဲထည့်၍ ခပ်တည်တည် လက်မှကိုင်ကာ သူ့ကားရပ်နားထားရာဆီသို့ ရောက်လာခဲ့သည်။ ရဲတို့အားကြို၍ "ဒီမှာဗျ ခင်ဗျားတို့ အလိုရှိနေတဲ့ ဆန် ဆိုတာ ကျုပ်ပဲ" ဟူ၍ စိန်ခေါ်ခဲ့သေးသည်။ ရဲအရာရှိတို့လည်း ချက်ချင်း သူ့အသံကို ကျက်မိလိုက်ကြသည်။ သူ့အသံမှာ ထူးဆန်းပြီး သူ့မျက်နှာပေါ်မှ အပြုံးမှာ ကလေးတစ်ဦး၏ အပြုံးနှင့် မခြားချေ။

သူ့အား လက်ရဖမ်းဆီးရခဲ့ပြီး တရားစွဲဆို ရုံးတင်စစ်ဆေးခဲ့သည်။ သူက မိမိအား ဒီမွန်ခေါ် မကောင်းဆိုးဝါး နတ်မိစ္ဆာများစီးကာ ယင်းကဲ့သို့ သရဲမရဲ လူတွေ လိုက်လျှောက်သတ်အောင် ပြုလုပ်ခံခဲ့ရကြောင်း ထွက်ဆိုခဲ့သည်။ သူက ဆက်လက်၍ မိမိ သတ်ဖြတ်ခဲ့သည့် ခွေးများအနက်မှ တစ်ကောင်မှာ အသက် (၆၀၀၀) သက်တမ်းရှည်ကြာခဲ့ပြီဖြစ်သော အဘိုးအိုတစ်ယောက်၏ ဝိညာဉ်ဖြစ်ပြီး ထိုဝိညာဉ်ကပင် မိမိအား သတ်ဖြတ်ရန် စေခိုင်းခဲ့ခြင်းဖြစ်ကြောင်းကိုလည်း ထွက်ဆိုသွားခဲ့သည်။

ဘာကိုဝစ်က မိမိ ဆက်တိုက်ကျူးလွန်ခဲ့သော ပြစ်မှုများနှင့် သတ်ဖြတ်ခဲ့မှုတို့ကို ဝန်ခံဖြောင့်ချက်ပေးပြီးနောက် ရုံးတော်မှ ထောင်ဒဏ်အနှစ် (၃၀) ကျခံစေရန် ချမှတ်စီရင်ခဲ့သည်။ သူ၏အသက်မှာ (၂၈)နှစ်သာ

ရှိသေးသည်။ တရားခွင်၌ သူက ဤသို့ ဖွင့်ဟပြောဆိုခဲ့သည်။ သူသည် နယူးယောက် စေတန်မိစ္ဆာအောက်လမ်းဂိုဏ်းတစ်ဂိုဏ်းမှ အဖွဲ့ဝင် ဂိုဏ်းသားတစ်ဦးဖြစ်ပြီး အခြားအဖွဲ့ဝင်တို့လည်း လူသတ်မှုတို့ကို ကျူးလွန်ခဲ့ကြကြောင်း၊ ယခု ထောင်ထဲ၌နေ၍ သူ၏ မိန်းကလေးသူငယ်ချင်းများ၊ သတင်းစာတိုက်များ၊ ကွန်ဂရက်လွှတ်တော်အမတ်မင်းများနှင့် သတင်းစာဆရာများထံပေးစာများ ရေးသားကာ ထောင်ကျရက်တို့ကို ကုန်လွန်စေမည်ဖြစ်ကြောင်းကိုလည်း ပြောကြားသွားခဲ့သည်။

သက်ဆိုင်ရာရဲဘက်မှ ဘာကိုဝစ်တစ်ဦးတည်းသာ အခင်းဖြစ် လူသတ်မှုတို့ကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ယူဆထားခဲ့ကြသည်။ သို့သော်လည်း တရားခံရုံးတော်၌ ထွက်ဆိုသွားခဲ့သည့်စကားအတိုင်း လူသတ်မှုတို့၌ ကြံရာပါများ ပါရှိကြောင်းကို အချို့က ယုံကြည်လက်ခံခဲ့ကြသည်။ အခင်းဖြစ် လူသတ်မှုမှ မျက်မြင်သက်သေ ထွက်ဆိုချက်မှာ လူသတ်သမား၏ပုံပန်းနှင့် အရပ်အမောင်းမှာ မမှတ်မိနိုင်စရာ အကြောင်းမရှိဟု ဆိုပါသည်။ ရဲအဖွဲ့ဝင်တို့ တစ်ယောက်တစ်မျိုး ရေးဆွဲတင်ပြခဲ့ကြသည့် လူသတ်ကောင်၏ ခဲပန်းချီတို့မှာ တရားခံဘာကိုဝစ်နှင့် လုံးဝ မတူကြပေ။

ထို့ပြင် ရာဇဝတ်ဘက်နှင့် သတင်းစာတိုက် အသီးသီးသို့ အရပ်ရပ်မှ ပေးပို့ခဲ့ကြသည့် လူသတ်သမားကြီး ဆန်၏သား လက်ရေးပါဟူသော လက်ရေးမူတို့မှာလည်း ဘာကိုဝစ်လက်ရေးနှင့် လုံးဝ မတူခဲ့ကြပေ။ တရားခွင်၌ တရားခံဘာကိုဝစ် ထွက်ဆိုသည့် အသက် (၆၀၀၀)နှစ် သက်တမ်းရှည်အဘိုးအို၏ ဝိညာဉ်ပူးကပ်နေပြီး သူ့အား ပြုစားသည်ဆိုသော ခွေးပိုင်ရှင်မှာ ဆမ်ကား ဖြစ်၏။ အခင်းဖြစ်အမှုတို့၌ ဆမ်ကား ခြေပုန်းခုတ် ပါဝင်နေသည်။ ပဟေဠိမှာ အင်မတန် ဖြေရှင်းရခက်သော ပြဿနာပင် ဖြစ်၏။

ကား၌ သားနှစ်ယောက် ရှိလေသည်။ ဂျွန်နှင့် မိုက်ကယ်တို့ ဖြစ်ကြသည်။ ဘာကိုဝစ် အဖမ်းခံခဲ့ရပြီးနောက် နှစ်ယောက်စလုံး မသင်္ကာစရာ အခြေအနေတို့ဖြင့် သေဆုံးခဲ့ကြသည်။ ဂျွန်မှာ သူ၏ ရည်းစားအိမ်ခန်း၌ သေနတ်ပစ်အသတ်ခံခဲ့ရခြင်း ဖြစ်သည်။ မိုက်ကယ်မှာ အပြစ်ရှာမတွေ့ဘဲ ကားမှောက်သေဆုံးခဲ့ခြင်း ဖြစ်သည်။ ဤဖြစ်ရပ်ဖြစ်စဉ် အချက်အလက်တို့အပေါ် အခြေပြု၍ အချို့ရှေ့နေတို့က အခင်းဖြစ် လူသတ်မှုတို့တွင်

တရားခံဘာကိုဝစ် တစ်ယောက်တည်း ကျူးလွန်ခဲ့ခြင်း မဟုတ်နိုင်။ ကြံရာပါလူတစ်စုလည်း ရှိရဦးမည်ဟု စောဒကတက်ခဲ့ကြသည်။

ဘာကိုဝစ် အဖမ်းမခံရခင်က သိကျွမ်းဖူးသူတို့ အဆိုအရ အပေါင်းအသင်းထားလေ့မရှိ တစ်ပွေတည်း လှုပ်ရှားတတ်သူ ဖြစ်ကြောင်း သိရ၏။ ထို့ပြင် အစားအသောက်နှင့် ပတ်သက်၍ ဇီဇာမကြောင်၊ မြန်မြန်ဆန်ဆန် စားလို့ သောက်လို့ရသည့် အစားအစာကို အငမ်းမရ စားသောက်တတ်သည်။ သူအနှစ်သက်ဆုံး အစားအစာမှာ ဟမ်ဘာဂါခေါ် အသားညှပ်ပေါင်မုန့်ဖြစ်ပြီး ချောကလက်အိုက်စကရင်ရေခဲမုန့်ဖြင့် အချိုတည်းရမှ ကျေနပ်လေ့ရှိသည်။

သူတို့ လက်ရ ဖမ်းဆီးစဉ်က စခန်းသို့ မနည်းခေါ်ခဲ့ကြရသည်။ ပထမ ရဲအရာရှိတို့အမိန့်ကို ပမာမခန့် ပေကပ်ကပ် ဂျစ်ကန်ကန် လုပ်နေသေးသည်။ သူ့နားထင်နှစ်ဖက်ကို သေနတ်နှစ်လက်ဖြင့် ညှပ်ပူးညှပ်ပိတ်ထောက်၍ ရဲအရာရှိလုပ်သူက အေးအေးဆေးဆေး အဖမ်းခံဖို့ အမိန့်ပေးခဲ့ရသည်။ သူကတော့ မသိကျိုးကျွံပြုကာ ပြုံးစေ့စေ့ လုပ်နေခဲ့သည်။ သူ့အား ဖမ်းဆီးခဲ့သည့် ရဲအရာရှိ ဂျွန်ဖာကိုတီကိုက ပြန်ပြောင်းပြောပြခဲ့သည်မှာ "ဒီငနဲရဲ့ အပြုံးကတော့ စံပါပဲ၊ သူ့ကို သူခိုးပုလိပ်တမ်း ကစားနေတယ်များ မှတ်နေသလား မသိဘူး။ တကယ့်ကို မျက်နှာပိုးမသတ်ဘဲ ရယ်ကျဲကျဲ လုပ်နေတယ်ဗျာ။ သိပ် အသည်းယားဖို့ ကောင်းတဲ့ကောင်ပဲ" ဟူ၍ ဖြစ်ပါသည်။

ဘာကိုဝစ် ယခုကဲ့သို့ လူသတ်မှု စတင်ကျူးလွန်ခဲ့ရသည့်အကြောင်းကို မည်သူမျှ မသိခဲ့ကြချေ။ ပထမဗွေဆော်ဦး ဒွန်နာလောရီယားအား သတ်ခဲ့ပြီးနောက် လူသတ်ရသည့်အရသာကို စွဲလမ်းသွားခဲ့ပြီး ဆက်တိုက် လူသတ်မှုများ ကျူးလွန်ခဲ့ခြင်း ဖြစ်၏။ သူသည် ညဉ့်လွှာရုံအောက်မှ နောက်ထပ်သတ်ဖြတ်ဖို့ သားကောင်ကို ချောင်းနေခဲ့လေတော့သည်။ သူ့အကျင့်ဝသီတစ်ခုမှာ လူသတ်မှုတစ်ခု ကျူးလွန်ပြီးတိုင်း အခင်းဖြစ်နေရာသို့ တစ်ခေါက်ပြန်ကြည့်လိုသည့် အာသာဆန္ဒပင် ဖြစ်သည်။

အ,ကာလညတစ်ည အချစ်နာလန်ထနေကြသည့် စုံတွဲနှစ်ယောက်အား သေနတ်စာကျွေးခဲ့ပြီးနောက် အခင်းဖြစ်နေရာမှ ထွက်မပြေးခဲ့သေး။

တို့ဂ်တန်း(ဘလောက်စ်)အနည်းငယ် ကွာဝေးသည့်နေရာ၌ သူ ပထမဆုံး သတ်ခဲ့သည့် သားကောင် ဒွန်နာ နေထိုင်ရာတိုက်ခန်း ဖြစ်သည်။ ထို အခန်းသို့ တစေ့တစောင်း ပြန်ကြည့်ရန် လျှောက်လာခဲ့သည်။ သူက အဖမ်းခံရပြီးနောက် သက်ဆိုင်ရာရဲအရာရှိတို့အား "လူသတ်မှုတစ်ခု ကျူးလွန်ပြီးတိုင်း ကိုယ့်လက်စလက်နကို ပြန်ကြည့်ရမှ ပီတိသောမနသစ် တွေ တဖွားဖွား ခံစားရတယ်ဗျ" ဟု ပြောပြခဲ့သည်။ ယင်းသို့ လူသတ်မှု ကျူးလွန်အပြီး၌ အ,ကာလ ညဥ့်နက်သန်းခေါင်၌ အမြည်းနှင့် အရက် ရောင်းသည့် ဆိုင်သို့သွားပြီး အောင်သေအောင်သားစားသောက်အပြီး သူ့စိတ်ကြိုက် ချောကလက်ရေခဲမုန့်ကိုစားရင်း ဇိမ်ခံခဲ့လေသည်။

အဆိုပါ အကျင့်စရိုက်မှာ ဘာကိုဝစ်၏ နဂိုဗီဇသမရိုးကျ အကျင့် ဖြစ်ပါသည်။ ယင်းသမရိုးကျ နေထိုင်သွားလာမှုကြောင့်လည်း သူ့မှာ တော်တော်နှင့် အဖမ်းမခံခဲ့ရခြင်း ဖြစ်သည်။ သူ အခန်းငှားနေထိုင်ခဲ့သည့် နေရာတစ်နေရာမှ အိမ်ရှင်မိသားစုတို့ဆိုလျှင် သူ့အကြောင်း ကောင်းကောင်း သိထားကြသည်။ ညဥ့်နက်သန်းခေါင် အချိန်မတော်ကျမှ ကားဂိုထောင် ထဲမှ ကားထုတ်ပြီး လျှောက်ပွေ့နေတတ်သည့် "ညမင်းသား" ဟူ၍ အသိ အမှတ် ပြုထားခဲ့ကြလေသည်။

လူသတ်သမား ဘာကိုဝစ်မှာ ထင်ပေါ်ကျော်ကြားလိုသူ တစ်ယောက် ဖြစ်၏။ ထောင်နန်းစံနေသည့်ကာလ၌ပင် "တစ်နေ့ကျော်ကြားသည့် လူ တစ်ယောက် ဖြစ်ရမည်"ဟူသော သူ့ရည်မှန်းချက်ကို အကောင်အထည် ဖော်ခဲ့သည်။ တစ်နေ့တစ်နေ့ သူ့ထံသို့ မိတ်ဆက်ကြသည့် လူကုံထံ အမျိုး သမီးကြီးတို့၏ စာများ ဝင်လာမစဲ တသဲသဲ ဖြစ်နေခဲ့သည်။ ဘာကိုဝစ်မှာ စာရေးဝါသနာပါသည့်အလျောက် ထောင်ထဲမှနေရင်း ဆောင်းပါး၊ ဝတ္ထု များ ရေးသားပေးပို့ခဲ့သည်။ ဆောင်းပါး၊ ဝတ္ထုတစ်အုပ်နှင့် ရုပ်ရှင်ကား အတွက် ညဏ်ပူဇော်ခ စုစုပေါင်း ဒေါ်လာနှစ်သိန်း စုဆောင်းမိခဲ့သည်။ သူသတ်ခဲ့သည့် သားကောင်ဓားစာခံတို့၏ ဆွေမျိုးသားချင်းတို့က အဆိုပါ စာမူခငွေကြေးတို့နှင့် ပတ်သက်၍ သူ့အား ခံစားခွင့်မပေးရန် ကန့်ကွက် တားမြစ်ခဲ့ကြသည်။ သို့ရာတွင် သူတို့၏ လျှောက်လဲချက်ကို ရုံးတော်မှ ပလပ်ခဲ့လေသည်။

❁ ❁ ❁



အတွဲညီတဲ့ လူမိုက်မောင်နှံ ဘော်နီနှင့် ကလိုင်ဒီပါကား

## သေပန်းပွင့်ခဲ့ကြသည့် ဒုစရိုက်မောင်နှံ

ဘွန်နီနှင့် ကလိုက်ဒီတို့မှာ "ရှင်တစ်ကံ သေတစ်ကံ" ဆိုသည့် လူစားမျိုး ဖြစ်၏။ သူတို့ မည်မျှဆိုးသွမ်းခဲ့ကြစေကာမူ သေကံကောင်းခဲ့ ကြသည်။ လူတိုင်း အသည်းကျော် ချစ်မောင်နှံစုံတွဲ ဖြစ်ခဲ့ကြသော်လည်း သင်းတို့လုပ်ရပ် အပြုအမူ စရိုက်အဖြစ်မှန်နှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေပါသည်။ သူတို့နှစ်ဦးမှာ စင်စစ် အင်မတန် ဆိုးသွမ်းယုတ်မာလှ သည့် သူခိုးကြမ်းပိုးလူဆိုးများ၊ လူသတ်သမားများ ဖြစ်ကြပါသည်။

ယောကျ်ားပီပီသသ ရုပ်ရည်ချောမောသူ ကလိုက်ဒီဘာရို (Clyde Barrow) အား အမေရိကန်နိုင်ငံ၊ တက္ကဆပ်ပြည်နယ်၊ ဆင်းရဲသား လယ် သမားဇနီးမောင်နှံတို့မှ (၁၉၀၉)ခုနှစ်၊ မတ်လ (၂၄)ရက်နေ့က ဖွားမြင်ခဲ့ ကြလေသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝအရွယ်ကစပြီး ရက်စက် ကြမ်းကြုတ်မှုကိုမှ ရွေး၍ စုံမက်ပြုကျင့်ခဲ့သည်။ လယ်တောထဲမှ တိရစ္ဆာန် ကလေးများကို ဖမ်းဆီးညှဉ်းပန်း နှိပ်စက်ကလူ ပြုကျင့်ခဲ့သည်။ ယင်း အကုသိုလ်မှုတို့ကိုမှ သည်းခြေကြိုက်ခဲ့သည်။

ဘွန်နီပတ်ကား (Bonnic Parker) မှာ (၁၉၁၁)ခုနှစ်အတွင်းက မွေးဖွားခဲ့ပြီး ဘုရားတရား ကြည်ညိုကိုင်းရှိုင်းသည့် ခရစ်ယာန်နှစ်ခြင်း ဘာသာဝင် မိသားစုမှ ပေါက်ဖွားလာခဲ့ခြင်း ဖြစ်သည်။ သူမ အသက် (၄)နှစ်အရွယ် ဥမမည်စာမမြောက်သေးခင်ကပင် ဖခင်ကြီး မျက်ကွယ် ပြုသွားခဲ့ပြီး မိသားစုတစ်ပြုံလုံး တက္ကဆပ်ပြည်နယ်၊ စီးမင့်စီးတီးမြို့တော်

ကြီးသို့ ပြောင်းရွှေ့ အခြေချခဲ့ကြသည်။ ဘွန်နီကလေးမှာ ရုပ်ရည်ချော မောပြေပြစ်ပြီး ပါးပါးလျှားလျှား၊ မျက်လုံးပြာ၊ ရွှေရောင်ဆံကေသာ ပိုင်ရှင်ကလေး ဖြစ်၏။

ဘွန်နီ အသက် (၁၆)နှစ်အရွယ်၌ တက္ကဆပ်ပြည်နယ်၊ ဒါလားစ်မြို့သား ရှိုင်းသွန်တန်ဆိုသူ တစ်ယောက်နှင့် အိမ်ထောင်ကျခဲ့သည်။ သို့ရာတွင် ဘွန်နီမှာ လင်ကံမကောင်း စလယ်ဝင်ဖင်မမည်းခင်က ကွဲခဲ့ကြသည်။ ခင်ပွန်းဖြစ်သူ ရှိုင်းမှာ လူသတ်မှုဖြင့် ထောင်ဒဏ် (၉၉)နှစ် ကျခံသွားခဲ့သည်။ သူမ မိခင်ကြီးမှာ သမီးလေး ဘွန်နီအတွက် လင်ဆိုးမယားတဖားဖား ဖြစ်မည့်အရေးမှ ဝေးသွားခဲ့သဖြင့် အပူလုံး ကျသွားခဲ့ရာသည်။ ထိုစဉ်က ဘွန်နီအသက် (၁၉)နှစ်သာ ရှိသေး၍ နုတုန်းပျိုတုန်းပင်။ ကလိုက်ဒီမှာ (၂၁)နှစ် ဖြစ်၏။

ဘွန်နီနှင့် ကလိုက်ဒီတို့၏ နှစ်ကိုယ်တူ ချစ်ရည်မျှခဲ့ကြသည့် ဆက်ဆံရေးမှာ အစမကောင်းခဲ့ကြချေ။ ဖြစ်ပုံကတော့ ဝင်လျှင်ဝင်ချင်း ဆောက်နှင့်ထွင်း ဇာတ်လမ်းပင် ဖြစ်သည်။ ကလိုက်ဒီ ပထမဦးဆုံး ချစ်ရလွန်းသည့် ဘွန်နီလေးအိမ်သို့ အလည်အပတ် ရွှေပြမျိုးပြ အလာ၌ပင် ဖောက်ထွင်းခိုးယူမှု (၇)မှုနှင့် ကားခိုးမှု (၁)မှု ပေါင်း ရာဇဝတ်ပြစ်မှု (၈)မှုဖြင့် ဖမ်းဆီးခံခဲ့ရလေသည်။ ပြစ်မှုထင်ရှားသဖြင့် ကလိုက်ဒီမှာ ပေးသမျှ ပြစ်ဒဏ်ခါးစည်းခံရုံသာ ရှိတော့သည်။ သို့နှင့် ထောင်(၂)နှစ် ကျခံခဲ့ရသည်။ သို့သော် မဏိမေခလာကယ်တင်ရှင်မလေး ဘွန်နီ၏ သေနတ်တစ်လက် ထောင်ထဲသို့ မှောင်ခိုသွင်းပေးခဲ့မှုကြောင့် ထောင်မှ ထွက်ပြေး လွတ်မြောက်သွားခဲ့သည်။

သို့သော် ကလိုက်ဒီ ဆိုသည့် လူလိမ်လူကောက် လူဆိုးမှာ ခွေးမြီးကောက် ကျည်တောက်စွပ် သူကတော့ မဖြောင့်။ ထောင်မှ လွတ်မြောက်ထွက်ပြေးလာခဲ့ပြီး သိပ်မကြာ မီးရထားဘူတာရုံ ရုံးခန်းတစ်ခု အနိုကြမ်းစီးမှုဖြင့် အဖမ်းခံခဲ့ရပြီး ထောင် (၁၄)နှစ် ကျခဲ့ပြန်သည်။

တက္ကဆပ်ပြည်နယ် အကျဉ်းထောင်တို့မှာ ရက်စက်ကြမ်းတမ်း ညှဉ်းပန်းမှု၌ ကမ်းကုန် ဖြစ်သည်။ ဤမျှ လှုပ်မရသည့်ထောင်မှ စွန့်စားလွတ်မြောက်ဖို့ရာ သူ့ဦးနှောက်ကို အနားမပေး ကြံစည်ခဲ့သည်။ အိပ်ဆောင်တစ်ခုတည်း အတူနေ ထောင်ကျအကျဉ်းသားတစ်ဦးအား သူ့ခြေချောင်း

ကလေးနှစ်ချောင်းကို ပုဆိန်ဖြင့် ခုတ်ဖြတ်ရန် သွေးဆောင်ဖြားယောင်းခဲ့ရာ အောင်မြင်ခဲ့သည်။ သို့နှင့် ထောင်မှ လွတ်မြောက်ခဲ့ပြီး ချိုင်းထောက်အားကိုးကာ ဘွန်နီရှိရာသို့ တန်းတန်းမတ်မတ် ပြန်လာခဲ့သည်။

ဘွန်နီ၏မိခင် ယောက္ခမကြီး မျက်နှာရရန် မက်ဆက်ချူးဆက်ပြည်နယ်အတွင်း ရရာအလုပ်တစ်ခု ရှာဖွေကာ ကျောင်းရှောင်းကောင်းဝယ်ဖြင့် နေထိုင်ခဲ့သည်။ သို့ရာတွင် အိမ်နှင့်အဝေးကြီး ကြာကြာမနေနိုင်၍ ဒါးလားစ်မြို့ အနောက်ပိုင်းသို့ ပြန်လာခဲ့သည်။ ဘွန်နီမှာ (၃)ရက်အကြာ၌ အိမ်မှ ထွက်ခွာခဲ့ပြီး လုယက်မှု၊ လူသတ်မှုတို့၌ ပါဝင်ခဲ့သည်။ သူတို့မောင်နှံနှစ်ဦးအား ကလိုက်ဒီ၏ သူငယ်ချင်း ရေးဟာမီလ်တန်က ဆုံတွေ့ပေးခဲ့သည်။ ထို့ပြင် အခြားလူဆိုးနှစ်ဦးနှင့်လည်း သူတို့အား မိတ်ဆက်ပေးခဲ့လေသည်။

ပထမဆုံး ကလိုက်ဒီဘာရိုး ကျူးလွန်ခဲ့သည့် လူသတ်မှုမှာ (၁၉၃၂) ခုနှစ်၊ ဧပြီလအတွင်းက ဖြစ်သည်။ မဖြစ်စလောက်နှင့် ငွေကြေး ဒေါ်လာ (၄၀)ဖြင့် တက္ကဆပ်ပြည်နယ်၊ ဟီးလ်စ်ဘိုရိုမြို့မှ ဂျွန်၊ ဒဗလျူ ဘူးချားဆိုသူ ရတနာကုန်သည်တစ်ဦးအား အသေသတ်ပစ်ခဲ့သည်။ ထိုအမှုအခင်း ဖြစ်ပွားနေစဉ် ဘွန်နီမှာ ကားတစ်စီး ခိုးယူမှုဖြင့် မသက်မာ၍ ထောင်ထဲ ရောက်နေခဲ့သည်။ သို့သော် (၃)လ အချုပ်ခံခဲ့ရပြီး နောက်ထပ် စစ်ဆေးမေးမြန်းခြင်း မပြုတော့ဘဲ သူမအား ထောင်မှ လွှတ်ပေးလိုက်သည်။ ထိုအချိန်၌ ကလိုက်ဒီနှင့် အပေါင်းပါတို့သည် ရှရစ်ခေါ် ရပ်ရွာအုပ်ချုပ်ရေးအရာရှိတစ်ဦးနှင့် ဒုတိယအုပ်ချုပ်ရေးအရာရှိတစ်ဦးတို့အား ကပွဲခန်းမအပြင်၌ ရက်ရက်စက်စက် အသေပစ်သတ်ခဲ့ကြသည်။

သူတို့ လူဆိုးဂိုဏ်းမှာ တက္ကဆပ်ပြည်နယ်၊ ဂရင်းပရယ်ရီမြို့ ခါတ်ဆီဆိုင်ကြီးတစ်ဆိုင်ကို ဖောက်ထွင်းယူခဲ့ကြရာ ဒေါ်လာငွေ (၃,၅၀၀)အချိုကြီး ပွခဲ့ကြသည်။ ဘွန်နီနှင့်ကလိုက်ဒီတို့မောင်နှံသည် ကန်ဆပ်စ်နှင့် မစ်ချီဂန်ပြည်နယ်တစ်ဝိုက်သို့ ကားတစ်စီးဖြင့် အပျော်ခရီးထွက်ခဲ့ကြပြီး အကောင်းဆုံးစားသောက်ဆိုင်တို့၌ သုံးကြဖြုန်းကြ အပျော်ကြီး ပျော်ခဲ့ကြသည်။

လူမိုက်နှင့်ငွေ အတူမနေ ဆိုသကဲ့သို့ လွယ်လွယ် ခိုးဝှက်တိုက်ခိုက်ရခဲ့သမျှ ငွေကြေးတို့ အသုံးအဖြုန်းကြီးမှုကြောင့် တက်တက်ပြောင်သွား

ခဲ့ကြသည်။ ကလိုက်ဒီနှင့်ဘွန်နီတို့ ဒိုရင်းဘူတာ ပြန်ဆိုက်ခဲ့ကြကာ ရာဇဝတ်ပြစ်မှု အသေးအမွှားကအစ လူသတ်မှုအထိ ကျူးလွန်ခဲ့ကြပြန်သည်။ ငွေကလေး မဖြစ်စလောက်နှင့် လူသတ်ခဲ့ကြသည်။ ဘွန်နီမှာ မိန်းမတန်မယ့် သွေးအေးအေးဖြင့် ရက်စက်သည်။ တက္ကဆပ်ပြည်နယ်မှ နွားသတ်သမားတစ်ယောက်အား မလုယက်ခင် ဝမ်းဗိုက်သို့ သုံးချက်တိတိ ဆင့်ပစ်ခဲ့သည်။ သူတို့ ဘာရိုးလူဆိုးဂိုဏ်းဝင်တို့သည် ဇက်ရဲလက်ရဲတွေချည်း ဖြစ်သည်။ သူတို့ဂိုဏ်းသား (၁၆)နှစ်သား ဝီလျံဂျိုး ဆိုသူကလည်း ခိုးယူခဲ့ကြသည့် ကားတစ်စီးပိုင်ရှင်၏ သားအား ပွဲချင်းပြီး ပစ်သတ်ခဲ့သည်။ သတ်ဖြတ်ရာ၌ ခေတ်မီလက်နက် မောင်းပြန်သေနတ်ကိုပင် အသုံးပြုခဲ့ကြသည်။

(၁၉၃၃)ခုနှစ် မတ်လအတွင်း၌ မစ်ဇိုရီပြည်နယ်တွင် သူတို့ဂိုဏ်းနှင့် ကလိုက်ဒီ၏ ညီအစ်ကိုတော် ဘတ်ခ်၊ ဘလန်ချီနှင့် ဘတ်၏ဇနီးတို့ လာရောက် ပူးပေါင်းခဲ့ကြသည်။

တစ်နေ့ သူတို့ ခိုအောင်းနေကြရာ တိုက်ခန်းသို့ သက်ဆိုင်ရာ မှုခင်းရဲတပ်ဖွဲ့ဝင်တို့ ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ကြသည်။ ကလိုက်ဒီတို့ လူဆိုးဂိုဏ်းဝင်တို့ကလည်း ပြန်လှန်ခုခံကြရင်း ရဲသားနှစ်ဦးအား ပစ်သတ်ပြီး ကိုယ်လွတ်ရုန်းခဲ့ကြသည်။ သူတို့မှာ သီသီကလေး လွတ်ခဲ့ကြသည်။

"ဘုရင်တို့ဘုန်း မိုးသို့ချွန်း၊ သူပုန်တောမှာ မနေသာ" ဆိုစကားအတိုင်း တရားဥပဒေစိုးမိုးရာ အရပ်၌ ဝရမ်းပြေး၊ လူဆိုးလူမိုက် ဒုစရိုက်သမားတို့အတွက် ခိုအောင်းစရာနေရာ မရှိချေ။ သို့နှင့် ဘာရိုးဂိုဏ်းဝင်လူဆိုးတို့ တစ်မြို့ဝင်တစ်မြို့ထွက်နှင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ သူတို့ ပြေးလေရာ၌လည်း ခိုးဆိုးတိုက်ခိုက် လုယက်သတ်ဖြတ်ခဲ့ကြသည်။ ကလိုက်ဒီနှင့် ဘွန်နီတို့ ပြေးစရာမြေ မရှိတော့သည့်အဖြစ်ကို အမှန်စင်စစ် သိနေခဲ့ကြသည်။ ဘွန်နီက သူတို့၏ နောက်ဆုံးနေ့များကို ကြိုတင်၍ သူမ၏ ဘွန်နီနှင့်ကလိုက်ဒီတို့ပုံပြင် အမည်ရှိ ကဗျာထဲ၌ ကြိုတင်ဟောကိန်း ထုတ်ထားခဲ့သည်။ သူတို့မောင်နှံ အကြောက်ဆုံးမှာ သူတို့မိဘတွေနှင့် ပြန်လည် မဆုံတွေ့ကြရမည့်အဖြစ်သာ ဖြစ်ဟန်တူပေသည်။ သူတို့ ဘယ်လိုပင် ခိုးဆိုးမိုက်တွင်းနက်နေခဲ့ကြစေကာမူ မိဘနှစ်ပါးတို့အား ချစ်သည့် သံယောဇဉ်မှာ မပြတ်နိုင်ချေ။

တစ်နေ့ ပြေးရင်းလွှားရင်း တက္ကဆပ်ပြည်နယ်၊ ဝဲလင်တန်မြို့အနီး သူတို့ မောင်းနှင်လာခဲ့သည့် ကားကလေးမှာ မမျှော်လင့်ဘဲ ကမ်းပါးယံ တစ်ခုမှ အောက်သို့ ထိုးကျသွားခဲ့သည်။ ကလိုက်ဒီနှင့် ဂျုံးစ်တို့မှာ လွတ် လွတ်ကျွတ်ကျွတ် ကျခဲ့ကြသော်လည်း ဘွန်နီမှာ ကားထဲ ပိတ်မိနေပြီး ကားမီးထလောင်ရာ တစ်ကိုယ်လုံး ပြင်းထန်စွာ မီးအလောင်ခံခဲ့ရသည်။ သူမအား ဒေသခံလယ်သမားတစ်ယောက်၏ အကူအညီဖြင့် ကားထဲမှ ကယ်ထုတ်နိုင်ခဲ့ကြသည်။ သူတို့ လူဆိုးဂိုဏ်းကြီးမှာ ရက်များမကြာမီတွင် ပြိုကွဲသွားခဲ့ရလေတော့သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့လူစုအား ကယ်ထားခဲ့ကြသော လယ်သမားမိသားစုတို့မှာ သံသယဖြစ်လာခဲ့ကြပြီး ရဲသို့ သတင်းပေးခဲ့သောကြောင့် ဖြစ်၏။

ဝရမ်းပြေးတို့လည်း သေနတ်စာ မမိခင် သီသီကလေး ထွက်ပြေး လွတ်မြောက်ခဲ့ကြပြန်သည်။ သေကံမရောက် သက်မပျောက်ခဲ့ကြသူ လူစု ဘတ်ခ်နှင့် ဘလန်ချီတို့နှင့် ပြန်လည် ပေါင်းစည်းမိခဲ့ကြသည်။ ဘွန်နီမှာ မီးလောင်ခံထားရသည့် ဒဏ်ရာ ပြင်းထန်စွာ ခံစားနေရဆဲ ဖြစ်၏။

ဇူလိုင်လထဲ၌ သူတို့ လူဆိုးဂိုဏ်းမှာ မစ်ဇိုရီပြည်နယ်အတွင်းရှိ ကမ္ဘာ လှည့်ခရီးသည်များ စခန်းချရာ တဲတစ်လုံး၌ ခေတ္တခိုအောင်းနေကြရန် ဆုံးဖြတ်လိုက်ကြသည်။ ရာဇဝတ်ဘေးဟူသည် ပြေး၍ မလွတ်နိုင်။ သူတို့ တဲပတ်လည်၌ နယ်မြေဒေသခံ မှူခင်းရဲအဖွဲ့ဝင်တို့ ဝိုင်းရံထားခြင်း ခံလိုက် ရသည်။ ထိုးဖောက်ထွက်ပြေး လွတ်မြောက်ရန် ထိုးစစ်ဆင်ခဲ့ကြပါသော် လည်း ဘတ်ခ်မှာ ရဲအဖွဲ့ဝင်တို့၏ ကျည်ဖူးနားထင်သို့ ဖောက်ထွင်းသွား ကာ လဲကျသွားတော့သည်။ ဘလန်ချီမှာ ပြတင်းမှန်သို့ ကျည်သင့်ကာ မှန်စကွဲစများ မျက်လုံးထဲဝင်ကာ စုံလုံးကန်းခဲ့သည်။

လူဆိုးဂိုဏ်းဝင် အမျိုးသမီးနှစ်ယောက်မှာ ဆိုးဆိုးဝါးဝါး မကျန်းမာ ဖြစ်နေကြရာ ဆာလောင်မွတ်သိပ်မှုဒဏ်ကို မခံမရပ်နိုင် ဖြစ်နေခဲ့ကြသည်။ နားထင်သေနတ်မှန်ခဲ့သူ ဘတ်ခ်မှာ အသက်ငင်နေသည်။ စားစရာ ရိက္ခာလည်း ပြတ်သွားခဲ့၏။ ဘယ်လိုမှ ထွက်ဝယ်ခြမ်း၍ မဖြစ်နိုင်။ မိနစ် အနည်းငယ်အတွင်း ရဲအဖွဲ့ဝင်တို့ သူတို့တဲကို စီးနင်းမိသွားခဲ့ကြပြီး အသက်ငင်နေသည့် ဘတ်ခ်၏တင်ပါး၊ ပခုံးနှင့် ကျောတို့၌ ကျည်ဆန်များ

ဆန်ခါကျဲသွားခဲ့သည်။ တိုက်ပွဲကား ပြီးသွားခဲ့သည်။ သေနတ်မှန်ပြီး သေငယ်ဇောမြောနေသည့် ဘတ်ခ်အား ပွေ့ဖက်ကာ တရှုတ်ရှုတ် ငိုကြွေးနေသည့် သူ့ဇနီး ဝရမ်းပြေးမအား ရဲတို့ တွေ့လိုက်ကြရသည်။ ဘတ်ခ်မှာ ဆေးရုံ၌ (၆)ရက်အကြာတွင် ကွယ်လွန်သွားခဲ့သည်။ ဝရမ်းပြေးလူဆိုးအဖွဲ့ဝင် ဘလန်ချီမှာ ပြစ်မှုထင်ရှား စီရင်ခဲ့ရာ ထောင်ဒဏ် (၁၀)နှစ် ကျခံသွားခဲ့သည်။

ဘွန်နီနှင့် ကလိုက်ဒီတို့မှာ (၃)လတိုင်တိုင် ရာဇဝတ်ဘေးမှ အသက်လုပြေးလွှားရှောင်တိမ်းနေခဲ့ကြသည်။ သို့သော် ကံကြမ္မာက သူတို့အတွက် မျက်နှာသာ မပေးခဲ့တော့ပေ။ (၁၉၃၄)ခုနှစ် မေလ (၂၃)ရက်နေ့၌ သူတို့ မောင်နှံ မောင်းနှင်လာခဲ့ကြသည့် ဖို့ဒ်ဗွီ (၈)ဆီဒင်ကားကလေးအား ရဲအရာရှိ(၆)ဦး ပါဝင်သည့် ရဲတပ်ဖွဲ့၏ စီးနင်းတိုက်ခိုက်ခြင်း ခံလိုက်ရသည်။ သူတို့ ကားတစ်စီးလုံး ကျည်ဖူး (၈၇)တောင့်တို့ ထိုးဖောက်သွားခဲ့ကြသည်။ သူတို့ဇနီးမောင်နှံ ပွဲချင်းပြီး သေဆုံးသွားခဲ့ကြပြီး သူတို့ ခန္ဓာကိုယ်များမှာ သွေးသံရဲရဲနှင့် ကျိုးပဲ့စုတ်ပြတ်ကာ မြင်မကောင်းတော့ချေ။ သေသည့်တိုင် မိုက်တွင်းနက်သွားခဲ့ကြသည်။ ကလိုက်ဒီမှာ အသက် (၂၅) နှစ်၊ ဘွန်နီက (၂၃)နှစ်သာ ရှိသေးသည်။

ဤမျှ မိုက်တွင်းနက်ခဲ့ကြသည့် ဒုစရိုက်ရာဇာ ချစ်မောင်နှံနှစ်ဦး၏ ဇာတ်လမ်းမှာ ပြောမယုံနိုင်အောင် အများတကာ၏ စိတ်ထဲဝယ် လွမ်းတသသ စွဲလမ်းရစ်လောက်အောင် သေပန်းပွင့်ခဲ့ကြသည်။ သူတို့နှစ်ဦး၏ ဈာပနသို့ ဒါးလက်စ်တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် လိုက်ပါပို့ဆောင်ခဲ့သည်။ သူတို့နှစ်ဦး၏ ခေါင်းနှစ်လုံးပေါ်၌ လွမ်းသူ့ပန်းခွေများ လျှံနေသည်။ နှစ်တွေ၊ လတွေ မည်မျှပင် ပြောင်းခဲ့စေကာမူ မြို့သူမြို့သားတို့ နှုတ်ဖျားမှ သူတို့အမည်၊ သူတို့အကြောင်း ပျောက်ပျက်မသွားခဲ့ကြသေးချေ။ ကလိုက်ဒီနှင့် ဘွန်နီဒုစရိုက်မောင်နှံတို့ အကြင်နာတရား ခေါင်းပါးလွန်းလှစွာ ရက်စက်ကြမ်းကြုတ် ဆိုးသွမ်းခဲ့ကြစေကာမူ မြို့သူမြို့သားတို့ စိတ်နှလုံးထဲ၌ ဒဏ္ဍာရီပုံပြင်ထဲက ချစ်မောင်နှံတို့ပမာ လွမ်းတသသ သတိရမဆုံး ဖြစ်နေခဲ့ကြပါတော့သည်။

❁ ❁ ❁



ရဲတင်းတစ်လက်နှင့် ဇီဝိန်များစွာ ခြွေခဲ့သော လစ်ဇီဘော်ဒန်

## ရဲတင်းတစ်လက်နှင့် လူသတ်သမား

လစ်ဇီဘိုဒင် (Lizzie Borden) အမည်ရှိ အမျိုးသမီးတစ်ဦးသည် ရဲတင်းဖြင့် သူမဖခင်အား လည်းကောင်း၊ မိထွေးအား လည်းကောင်း (၄၁)ချက်စီ ခုတ်၍ သတ်ခဲ့သည်။ သို့ရာတွင် ထိုစဉ်က အမေရိကန်နိုင်ငံ တည်ဆဲဥပဒေအရ အသက် (၃၂)နှစ်အရွယ် အပျိုကြီး ဘိုဒင်အပေါ် အင်ဒရူးဂျေးဆိုဒ်နှင့် သူ၏ဇနီး အက်ဘီတို့အား ရက်ရက်စက်စက် ရဲတင်းဖြင့် ခုတ်သတ်ခဲ့မှု၌ အပြစ်မရှိဟု စီရင်ချက်ချမှတ်ခဲ့ကြသည်။

အခင်းဖြစ် လူသတ်မှုကို ရုံးတော်၌ (၁၀)ရက်ကြာ ကြားနာစစ်ဆေးပြီး တရားခံ လစ်ဇီဘိုဒင်အား တရားသေလွှတ်ခဲ့သည်။ ရုံးတော်၌ လာရောက် နားထောင်နေကြသော ပရိသတ်ကြီးက ရုံးတော်၏ အဆုံးအဖြတ် စီရင်ချက်ကို ဩဘာပေးခဲ့ကြသည်။ ထိုမှုခင်းမှာ ဖြစ်ရပ်မှန်မှုခင်း ဖြစ်ပါသည်။ ဘာကြောင့် ထိုကဲ့သို့ ဆုံးဖြတ်စီရင်ခဲ့ရပါသနည်းဟု ကမ္ဘာက အံ့ဩနေခဲ့လေသည်။ သိလည်း သိလို့နေခဲ့ကြသည်။

ဘိုဘင်တို့ မိသားစုမှာ အမေရိကန်နိုင်ငံ၊ မက်ဆက်ချူးဆက်ပြည်နယ်၊ ချည်ထည်ရက်လုပ်သည့် မြို့ကလေး ဖေားလ်ရေးဗား၌ အမှတ်(၉၂)၊ ဒုတိယထပ်(ဝါ) (၂)လမ်း၌ နေထိုင်ခဲ့ကြသည်။ သူတို့မိသားစုမှာ ဘယ်သောအခါမှ စိတ်ချမ်းသာကြသည်ဟူ၍ မရှိခဲ့ကြပေ။ ပြုရစ်တန်ဂိုဏ်းဝင်ပီပီ သူ့ဘဝ၏ ရည်မှန်းချက်မှာ ငွေရဖို့သာဖြစ်ပြီး ငွေကိုရဖို့ ဘယ်လိုနည်းဖြင့်ဖြစ်စေ လုပ်မည်ဟု ခံယူထားသူ ဖြစ်၏။

အင်ဒရူးမှာ အလုပ်အကိုင်နှင့် ပတ်သက်လျှင် ဇီဇာမကြောင်တတ်၊ တွေ့ရာအလုပ် လုပ်ကိုင်အသက်မွေးခဲ့သည်။ ပထမအစ၌ သူသည် ကြမ်းကြမ်းတမ်းတမ်း အလုပ်ဖြစ်သော သုဘရာဇာအလုပ်ကို လုပ်ခဲ့သည်။ ထို့နောက် လောင်းကစားဝိုင်း စီမံအုပ်ချုပ်ရသည့် မန်နေဂျာအလုပ်ဖြင့် လည်းကောင်း၊ နောက်ဆုံး ကစားဝိုင်းဒိုင်အလုပ်ဖြင့် ငွေကြေးဒေါ်လာ သန်းဝက် (ဒေါ်လာ ၅သိန်း) စုဆောင်းမိခဲ့လေသည်။

သူ၏ ပထမသမီးမှာ ဆာရာမော့စ်ဘိုဒင်ဖြစ်ပြီး ဒုတိယသမီးလေး ခရစ္စယာန်လစ်ဇီအင်ဒရူး ဖွားမြင်ခဲ့သည်။ ထို့နောက် (၂)နှစ်အကြာ (၁၈၆၂)ခုနှစ်အတွင်း၌ ဆာရာ ကွယ်လွန်ခဲ့သည်။ အမှန်စင်စစ် မစ္စစ်ဘို ဒင်မှာ သားယောက်ျားကလေးသာ လိုချင်ခဲ့သူ ဖြစ်သည်။ ဇနီးဆုံးပြီး (၂)နှစ်အကြာ၌ အက်ဘီဒါဖီဂရေးအမည်ရှိ အသက် (၃၅)နှစ်အရွယ်ရှိ ပုပုဝဝ ရိုးရိုးသားသား အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြုခဲ့သည်။ သူ၏ အိမ်ထောင်ရေးမှာ အချစ်မပါသည့် အိမ်ထောင်ရေးဖြစ်ပြီး သူ့ဇနီးသည်မှာ ဇနီးမယားအဖြစ်ထက် အိမ်ထောင်ထိန်း (အိမ်စိုး)သာ လုပ်ဖို့ကောင်းသည့် မိန်းမမျိုး ဖြစ်၏။

အင်ဒရူး၏ လင်ပါသမီးနှစ်ယောက် ဘိုဒင်ညီအစ်မနှင့် မိထွေး ဆာရာတို့အကြား၌ ချစ်ခင်ရင်းနှီးမှု ဆိုသည်မှာ မရှိခဲ့ချေ။ လင်ပါသမီး အကြီးမ အမ်မာက သူမအား အက်ဘီဟု ခေါ်ပြီး သမီးငယ် လစ်ဇီက မစ္စစ် ဘိုဒင်ဟူ၍သာ ခေါ်ခဲ့သည်။ သူတို့ညီအစ်မ မိထွေးဖြစ်သူနှင့် ထမင်းတစ် ဝိုင်းထဲ မစား။ စကားလည်း လိုသည်ထက် ခေါ်ခေါ်ပြောပြော မလုပ်ကြချေ။

အင်ဒရူးဘိုဒင် မည်မျှပင် ချမ်းသာစေကာမူ သူတို့မိသားစု အိမ် တွင်းရေးမှာ အလွန်နုံချာလှသည့် စက်ရုံအလုပ်သမားထက်ပင် မကောင်း။ အခြေအနေ ဆိုးဝါးလှသည်။ အိမ်တွင်းရေးမသာယာသော အိမ်ဖြူတော် ကြီး၌ အပေါ်ထပ်တက်ရန် လှေကားနှစ်စင်း ရှိသည်။ အိမ်ရှေ့လှေကား နှင့် နောက်ဖေးလှေကားတို့ ဖြစ်သည်။ မိသားစု အခဲမကျေမှုတို့ ဖော်ပြ နေခြင်း ဖြစ်သည်။ သူတို့မိသားစု အိပ်ခန်းများမှာ အပေါ်ထပ်၌ရှိပြီး တစ်တိုက်လုံး တံခါးများပိတ်ထားကြသည်။ မိဘနှစ်ပါး အိပ်ခန်းသို့ ဝင်ကြ ရာ၌ နောက်ဖေးလှေကားမှ ကူးသန်းသွားကြရပြီး သမီးနှစ်ယောက်က

အိမ်ရှေ့လှေကားကို အသုံးပြုကြသည်။

အင်ဒရူးဘိုဒင်၏ သမီးငယ် လစ်ဇာဘိုဒင်နှင့် မိထွေးဖြစ်သူ မစ္စစ်ဘိုဒင် (အက်ဘီ)အပေါ် မပြေနိုင်သည့် အငြိုးမှာ ဤသို့ ဖြစ်၏။ တစ်နေ့ သူမ အချစ်ပိုရှာလွန်းသည့် ဖခင်ကြီးက နောက်မယား မစ္စစ်ဘိုဒင်၏ အစ်မ ဖြစ်သူ မစ္စစ်ဝိုက်ဟက်အား အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် နေထိုင်ရန် ငွေထုတ်ပေးခဲ့သည်။ ဤတွင် ဘာမဆိုင်ညာမဆိုင် လက်ပံသားခေါ်နှင့် ချိုင်ရကောင်းလားဟု ဖခင်ကြီးနှင့် အကြီးအကျယ် စကားများခဲ့ကြတော့သည်။ ဤငွေရေးကြေးရေးကိစ္စမှ အစပြုကာ မယားစကား အောင်ရကောင်းလားဟု ဂျိုလ်မမိထွေးအပေါ် နာကျည်းမုန်းတီးစိတ် ပြင်းထန်ခဲ့ခြင်း ဖြစ်ပါသည်။

မစ္စတာဘိုဒင်က သူ၏ ပိုင်ဆိုင်မှု လွှဲပြောင်းပေးသည့် သဘောတူစာချုပ်၌ လက်ရှိဇနီး အက်ဘီဒါဖီဂရေးအား ဖော်ပြထားသည်။ ထိုစာချုပ်ကို သမီးဖြစ်သူ လစ်ဇီ တွေ့သွားခဲ့ပြီး သူမဖခင်ကြီး ကွယ်လွန်သော် သူ၏ စည်းစိမ်ချမ်းသာတို့မှာ မိထွေးသာ ရရှိတော့မည်ဖြစ်ကြောင်း သဘောပေါက်သွားခဲ့၏။ သူမလည်း မိထွေး အိပ်ခန်း ဖျက်ဝင်ရောက်ပြီး စာချုပ်ခိုး ဖတ်သည့်ကိစ္စ မပေါ်ရန် ဖခင်ကြီးအလုပ်မှ အိမ်ပြန်လာသောအခါ၌ မိထွေးဖြစ်သူ၏အိပ်ခန်း သူခိုးတစ်ယောက် ဖောက်ထွင်းမွှေနှောက်ခဲ့ကြောင်း ဆီး၍ တိုင်တန်းခဲ့သည်။

အင်ဒရူးဘိုဒင်လည်း အိမ်သူခိုးဖောက်သည့်အမှုကို သက်ဆိုင်ရာ ရဲစခန်းသို့ တိုင်တန်းအမှုဖွင့်ခဲ့သည်။ မကြာမီ သက်ဆိုင်ရာ မှုခင်းထောက်လှမ်းရေးရဲတို့ ရောက်လာခဲ့ကြပြီး စစ်ဆေးကြလေတော့သည်။ သူခိုးအဖောက်ခံရခြင်း မဟုတ်ဘဲ လစ်ဇီလက်ချက်မှန်း ပေါ်သွားခဲ့လေသည်။

လစ်ဇီမှာ ရိုးရိုးအေးအေး စိတ်ထဲမှ ဆင်ကြံကြံနေသည့်အချက်ကို အပြင်မထွက်ရန် ပိပိရိရိ ဟန်ဆောင်နေတတ်သူ ဖြစ်၏။ သူမ၏ ဆံပင်မှာ ပင်ကိုနီ၊ ပင်ကိုကောက် ဖြစ်သည်။ လစ်ဇီမှာ အပေါင်းအသင်းများများ မထားတတ်။ နည်းနည်းကျဉ်းကျဉ်းသာထား၍ ပေါင်းသင်းဆက်ဆံလေ့ ရှိသူ ဖြစ်၏။ သူမသည် ခရစ်ယာန်အမျိုးသမီးများ အရက်သေစာ ရှောင်ကြဉ်ရေး (ခရစ်ယာန် သူရာမေရာယ ဝေရာမဏီ ကလျာဏယုဝသမဂ္ဂ)

သမဂ္ဂ၌ ငွေထိန်းဖြစ်ပြီး မြို့နယ်ခရစ်ယာန်သာသနာ ပြန့်ပွားရေး ကြီးပမ်းမှု အသင်း၌ အတွင်းရေးမှူး ဖြစ်သည်။ ထို့ပြင် မြို့နယ်တွင်းရှိ ခရစ်ယာန် ဂိုဏ်းပေါင်းစုံအသင်းချုပ်၌ ဖွင့်လှစ်ထားသော တရုတ်အမျိုးသား တနင်္ဂနွေ ကျောင်းတွင်လည်း ဆရာမတစ်ဦးအဖြစ် စာပေပို့ချနေခဲ့သူ ဖြစ်သည်။ ကျန်အချိန်တို့၌ တစ်ကိုယ်တည်း ငါးမျှားလျှင်မျှား သို့မဟုတ် အိပ်ခန်း ပြတင်းမှ အပြင်ငေးချင်ရာငေး၊ တွေးချင်ရာတွေးနေတတ်သည်။ သူမအဖို့ တွေးစရာ တောစရာတွေ တစ်ပုံတစ်ပင် ခေါင်းထဲ ရှိနေပါသည်။

(၁၈၉၂)ခုနှစ် နွေလရက်များဝယ် ဖောလ်ရေးဗားမြို့ကလေးမှာ အနွေးဓာတ် ပိုကဲလာပြီဖြစ်၍ ချွေးတစ်လုံးလုံး ဖြစ်နေကြသည်။ မေလ အတွင်း၌ ဘိုဒင်မိသားစု၏ ပျင်းရိငြီးငွေ့ဖွယ်ရာ ဘဝပုံစံကလေးမှာ မုန် တိုင်းထန်ခဲ့သည်။ သူတို့ ပန်းခြံအစပ်က လှံချင်းတိုက်ကလေးကို သူခိုး နှစ်ခါဖောက်ထွင်း ခိုးယူခြင်း ခံခဲ့ရသည်။ မစ္စတာဘိုဒင်မှာ ထိုကိစ္စနှင့် ပတ်သက်၍ မည်သို့မျှ မတုန်လှုပ် အေးတိအေးစက် နိုင်လွန်းနေသည်။ မှန်ပါသည်။ ဖောက်ထွင်းသူခိုးမှာ အိမ်ထဲမှ ပစ္စည်းယူချင်၍ မဟုတ်ဘဲ လစ်ဇီ မွေးထားသည့် အချစ်တော် အလှမွေးထားသည့် ခိုကလေးများ အတွက် ဖြစ်သည်။ ပုဆိန်ရဲတင်းတစ်လက်ဖြင့် သူ့ခိုကလေးများကို အကုန်ခုတ်သွားခဲ့သည်ကို တွေ့ရှိရ၏။

သို့နှင့် အင်မတန် ပူပြင်းလှသည့် ဩဂုတ်လထဲ ရောက်လာခဲ့သည်။ အမ်မာမှာ သူတို့နေထိုင်ရာမြို့နှင့် မိုင် (၂၀)ဝေးကွာသော ဖဲယားဟဲဗင်း ခေါ် တောဘက် သူငယ်ချင်းများ နေထိုင်ရာသို့ အလည်အပတ် ရောက် ရှိနေခဲ့သည်။ သူမ၏ ညီမလေးလစ်ဇီမှာ မြို့နယ်ခရစ်ယာန်သာသနာ ပြန့်ပွားရေး ကြိုးပမ်းမှုအသင်း အထူးအစည်းအဝေးတစ်ရပ် ရှိနေ၍ မြို့၌ ရှိနေခဲ့သည်။ အခြေအနေမှာ သူတို့မိသားစု စားဝတ်နေရေးအတွက် မည်သို့မျှ ပြောင်းလဲမှု မရှိခဲ့ချေ။

ထမင်းဝိုင်း၌ သိုးသားဟင်းဖြင့် မြိန်မြိန်ရှက်ရှက် စားသောက်နေကြသည်။ ထမင်းချက်မှာ အိုင်းရစ်မိန်းကလေးဖြစ်ပြီး သူမအမည်မှာ ဘရစ်ဂတ် ဖြစ်ပါသည်။ နေ့စဉ် ဟင်းအမျိုးမျိုး မထပ်ရအောင် ချက်ပြုတ်ပေးသည်။ မိသားစုထမင်းဝိုင်း၌ သမီးကြီးအမ်မာ ခရီးသွားနေ၍ မပါဝင်ခဲ့ပေ။ လစ်ဇီ

မှာလည်း အတော်ကလေး နေထိုင်မကောင်း၍ အိပ်ရာထဲ လဲလျောင်း အနားယူနေခဲ့သည်။

ဩဂုတ်လ (၄)ရက်နေ့မှ နံနက်အရုဏ်တက်ကတည်းက မခံမရပ်နိုင်အောင် ပူပြင်းနေသည်။ အိမ်တွင်းရေး အခြေအနေမှာ ထူးခြားမှုမရှိ ပုံမှန် ခါတိုင်းအတိုင်းပင်။ နံနက်စာစားသောက်ပြီး မစ္စတာဘိုဒင်မှာ အလုပ်သို့ ထွက်သွားခဲ့သည်။ သူ့ပထမဇနီး လစ်ဇီတို့မိခင်၏ မောင်ဖြစ်သူ ဂျွန်မော့စ်မှာ ဆွေမျိုးများထံ လေးငါးရက်နေရန် အလည်ထွက်သွားခဲ့၍ အိမ်၌ မရှိချေ။ မစ္စစ်ဘိုဒင်မှာ အခန်းထဲ တံမြက်စည်းလှဲကျင်းနေသည်။ အိမ်စေထမင်းချက် ဘရစ်ဂတ်မှာ အစာအဆိပ်အတောက်ဖြစ်၍ အော့အန်ကာ မအီမသာဖြစ်နေရင်း ပြတင်းတံခါးတို့ကို သန့်ရှင်းရေးလုပ်နေသည်။ လစ်ဇီမှာ အတော်နေမြင့်မှပင် အပေါ်ထပ်အိပ်ခန်းမှ ဆင်းလာခဲ့ပြီး မီးဖိုခန်းထဲ၌ အကျီမီးပူတိုက်နေလေသည်။

နံနက်ကိုးနာရီခွဲပြီး မကြာမီတွင် မစ္စစ်ဘိုဒင်မှာ နေအိမ်အပေါ်ထပ် အရှေ့ဘက်ရှိ အခန်းပို အလွတ်အတွင်း ဒူးထောက်၍ ကြက်မွေးလှည်းနေခိုက် နောက်မှ ရဲတင်းဖြင့် အခုတ်ခံလိုက်ရသည်။ ဦးခေါင်း ဟက်တက်ကွဲကာ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ သူမ သွေးအိုင်ထဲ လဲကျမသွားခင် နောက်ထပ် (၁၈)ချက်တိတိ အခုတ်ခံလိုက်ရသေးသည်။

နံနက် (၁၁)နာရီမထိုးခင်ကလေးအချိန်၌ မစ္စတာဘိုဒင် အိမ်ပြန်ရောက်လာခဲ့ပြီး အိမ်ရှေ့တံခါးကြီး သော့ခတ်ထားသည်ကို တွေ့လိုက်ရသည်။ အိမ်ဖော်မလေး ဘရစ်ဂက်မှာ အိမ်ထဲပြတင်းမှန်များ ဆေးကြောသုတ်သင်နေဆဲ ဖြစ်သည်။ မစ္စတာဘိုဒင်အား တံခါးဖွင့်ပေးရန် အိမ်ရှေ့ခန်းသို့ ရောက်အလာ တံခါးမှာ သော့နှစ်ဆင့်ခတ်ထားသည်ကို အံ့ဩစွာ တွေ့လိုက်ရသည်။ ထိုစဉ် သူ့နောက်မှ ရယ်သံကြား၍ လှည့်အကြည့်တွင် လစ်ဇီလှေကားပေါ်မှ ခပ်ပြုံးပြုံးနှင့် ဆင်းလာသည်ကို တွေ့ရသည်။

မစ္စတာဘိုဒင်မှာ အသက် (၇၀)နီးပါး ရှိနေပြီ ဖြစ်၏။ နံနက်ခင်း ပူပြင်းလှသည့် ရာသီဥတုကြောင့် ပင်ပန်းနွမ်းနယ်နေဟန်တူသည်။ လစ်ဇီက သူမဖခင်နားကပ်လာပြီး အစ်မသည် သူမမိတ်ဆွေတစ်ဦး နေထိုင်မကောင်းကြောင်း သတင်းရတာနှင့် အိမ်မှ ထွက်သွားကြောင်း မကျေမနပ်

ဒေါနှင့်မောနှင့် တိုင်တန်းလေသည်။ ထို့နောက် ဖခင်ကြီးမှာ ဧည့်ခန်း ဆက်တီဆိုဖာကူရှင်ပေါ် ခေါင်းမှီရင်း ငိုက်မျဉ်းကာ အိပ်ပျော်သွားခဲ့သည်။ လစ်ဇာလည်း မီးဖိုခန်းထဲ ပြန်လာခဲ့ပြီး အိမ်ဖော်မလေး ဘရစ်ဂတ်အား တိုးတိုးတိတ်တိတ်ဖြင့် မြို့ထဲသွား၍ ဈေးပေါပေါ အဝတ်အစားအချို့ သွား အရောင်းခိုင်းခဲ့သည်။ အိမ်ဖော်မလေးမှာ သိပ်နေထိုင်မကောင်း၍ အခန်း အထပ်ခိုးပေါ် အနားယူရန် တက်ခဲ့သည်။ နောက်တက်လှေကားမှ အခန်းသို့တက်အလာ (၁၁)နာရီထိုးသံ ကြားလိုက်ရသည်။

(၁၀)မိနစ်အကြာ၌ အိမ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။ "မြန်မြန် ပြန်လာခဲ့စမ်း၊ ဖေဖေ သေပြီ၊ တစ်ယောက်ယောက် သတ်သွားတာ ဖြစ် ရမယ်"ဟူ၍ မိမိအား လစ်ဇီ အော်ဟစ်ပြောသံကြားလိုက်ရသည်။ သူမအား အခင်းဖြစ်ဧည့်ခန်းထဲသို့ အဝင်မခံဘဲ အရပ်ထဲမှ ဆရာဝန်ဘိုဝင်အား သွားခေါ်ရန် ခိုင်းခဲ့သည်။ ဆရာဝန်မှာ အပြင်သွားနေသဖြင့် မတွေ့ခဲ့၍ ဘရစ်ဂတ် ပြန်လာခဲ့သည်။ ထို့နောက် လစ်ဇီက သူမ၏ ရင်းနှီးသည့် မိတ်ဆွေ အဲလစ်ရပ်ဆဲလ်အား အခေါ်လွှတ်ခဲ့ပြန်သည်။ အိမ်စေမလေးလည်း တအား ဒုန်းစိုင်း၍ပြေးရာ အိမ်နီးပါးချင်းတို့ မသက်သာ ဖြစ်လာခဲ့ကြသည်။

သူတို့အိမ်နီးချင်းဖြစ်သူ မစ္စစ်အက်ဒီလိတ်ချာချီမှာ မျက်စိမျက်နှာ ပျက်နေသော လစ်ဇီအား ရိပ်မိပြီး ဘာတွေဖြစ်နေသနည်းဟု မေးမြန်းလေ သည်။ သူ့အဖေအား တစ်ယောက်ယောက် အိမ်ထဲဝင် သတ်သွားခဲ့ ကြောင်း ပြန်ဖြေခဲ့သည်။

မစ္စတာဘိုဒင်မှာ သူ့ဇနီးအက်ဘီနှင့် တထေရာတည်း ရဲတင်းဖြင့် ခုတ်အသတ်ခံခဲ့ရခြင်း ဖြစ်သည်။ သို့သော် မစ္စတာဘိုဒင်၏ ဦးခေါင်း၌ ခုတ်ရာ (၁၀)ချက် တွေ့ရသည်။ အဘိုးကြီး ဆက်တီဆိုဖာကျောမှီပေါ် ဦးခေါင်းမှေးတင်လျက် အိပ်မောကျနေတုန်း နောက်မှဝင်၍ ရဲတင်းဖြင့် ဦးခေါင်းကို ခုတ်သတ်ခဲ့ခြင်း ဖြစ်သည်။ ဆိုဖာထိုင်ခုံမှာ နံရံကို မှီထား သဖြင့် သွေးများမှာ နံရံ၊ ဆိုဖာနှင့် ကြမ်းခင်းကော်ဇောပေါ်၌ အိုင်ထွန်းနေ လေသည်။ ဆရာဝန် ဒေါက်တာဘိုဝင် ရောက်လာပြီး မစ္စတာဘိုဒင်၏ အလောင်းကို စစ်ဆေးခဲ့သည်။

လူသတ်ကောင် ခုတ်သတ်ခဲ့သည့် ရဲတင်းလက်ချက်တို့ကို သေသူ၏

မျက်လုံးများ၊ နားနှင့်နှာခေါင်းပေါ်၌ တွေ့ရှိရ၏။ ထိုအချက်တို့မှာ တမင်ရည်ရွယ် ခုတ်ခဲ့ဟန်တူသည်။ လူသတ်သမား၏ ချက်ကောင်း ရွေးခုတ်ခဲ့သော ပထမဆုံးခုတ်ချက်ဖြင့် ပွဲချင်းပြီး သေဆုံးခဲ့ပြီဖြစ်ကြောင်း ဆရာဝန်ဘိုဝင် သိရှိခဲ့ရသည်။ စစ်ဆေးပြီးပြီဖြစ်၍ အဝတ်တစ်ခုဖြင့် အလောင်းအား အုပ်ထားခဲ့သည်။

အိမ်နီးပါးချင်းများ ဖြစ်ကြသော မစ္စရပ်ဆဲလ်နှင့် မစ္စစ်ချာချီက မစ္စတာဘိုဒင်၏ သမီး လစ်ဇီအား ဘရန်ဒီတိုက်၊ ယပ်ခတ်ပေးကြ၊ သူမမျက်နှာကို အဝတ်ရေစိုဖြင့် သုတ်ပေးကြ၊ လက်တွေကိုလည်း ရေပတ်ဖြင့် သုတ်ပေးကာ နှစ်သိမ့်ပေးခဲ့ကြသည်။ သို့ရာတွင် သူတို့နှစ်ဦးစလုံး စိတ်ထဲ၌ ယင်းသို့ ပြုစုနှစ်သိမ့်ပေးစရာ မလိုကြောင်း သိနေခဲ့ကြသည်။ မကောင်းတတ်၍ လူ့ဝတ္တရားအရ လုပ်ပေးနေကြခြင်း ဖြစ်သည်။ ဖအေတစ်ယောက်လုံး အသတ်ခံရသည်တောင် သူမှာ ငိုကြွေးခြင်း၊ တက်သွားမတတ် ပူဆွေးခြင်းမရှိ၊ အပူရှပ်လည်း တစ်စက်ကလေးမျှ မပေါ်ခဲ့ချေ။ ရဲတို့ ရောက်လာသည့်တိုင် လစ်ဇီက ခပ်အေးအေး ဣန္ဒြေတစ်ချက်ကလေးမျှ မပျက်ခဲ့။ သက်ဆိုင်ရာ မှုခင်းရဲအရာရှိတို့လည်း အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး လိုအပ်သည့် စစ်ဆေးမေးမြန်းစရာတို့ကို နောက်မှပြုလုပ်မည် ဆိုသဖြင့် လစ်ဇီမှာ သက်သာရာရရှိသွားခဲ့သည်။

အခင်းဖြစ်အမှု၌ ပထမဆုံး သံသယမကင်း အဖြစ်ခံခဲ့ရသူမှာ သေသူမစ္စတာဘိုဒင်၏ယောက်ဖ (ပထမဇနီး လစ်ဇီမိခင်၏မောင်) မစ္စတာဂျွန်မော့စ်ပင် ဖြစ်သည်။ သူလည်း ဘုမသိဘမသိနှင့် အိမ်ပြန် ရောက်လာခဲ့ပြီး သူ၏ အမှုအရာမှာ ထူးဆန်းနေသဖြင့် ရဲတို့၏ သံသယမကင်း ဖြစ်ခဲ့ရခြင်း ဖြစ်သည်။ အခင်းဖြစ်သော မစ္စတာဘိုဒင်၏အိမ်ရှေ့၌ အရပ်ထဲမှ လူအုပ်ကြီး ဝိုင်းအုံကြည့်နေရင်း တစ်ယောက်တစ်ပေါက် ထင်ကြေးပေးနေကြသည်။ ထိုစဉ် မော့စ်မှာ အိမ်ဆီသို့ မလှုပ်တစ်ချက် လှုပ်တစ်ချက်ဖြင့် တစ်လှမ်းချင်း ချဉ်းကပ်လာခဲ့သည်။ အမှန်စင်စစ် ဘာတွေများ ဖြစ်နေကြပါသနည်းဟု ပြူးပြူးပျာပျာ သွက်သွက်လက်လက်သာ လာရမည် ဖြစ်၏။ ထို့နောက် အိမ်နောက်ဖေးဘက် ပတ်လျှောက်သွားပြီး ခြံထဲရှိ သီးပင်တစ်ပင်မှ သစ်သီးတစ်လုံးခူးကာ စိမ်ပြေနပြေ တကျွမ်းကျွမ်း ကိုက်စားနေ

သေးသည်။ အိမ်ထဲဝင်ခဲ့ပြီး ရဲအရာတို့ စစ်ဆေးမေးမြန်းချက်တို့ကို အာသွက်လျှာသွက်နှင့် ဖြေနိုင်ခဲ့သည်။ အခင်းဖြစ်ချိန်က သူ မည်သည့်နေရာ၌ ရှိနေကြောင်း အလီဘိုင်ကိုလည်း ပြနိုင်ခဲ့သည်။ မှုခင်းရဲတို့လည်း သူပြသည့် အလီဘိုင်သက်သေကို သွားရောက်စုံစမ်းကြည့်ရာ မှန်ကန်နေသဖြင့် အခင်းဖြစ်အမှု၏ သံသယစက်ကွင်းမှ လွတ်သွားခဲ့သည်။

သံသယစက်ကွင်းမှာ လစ်ဇီဘက်ကို မြားဦးလှည့်သွားခဲ့သည်။ သူမအပြုအမူမှာ ဦးလေးဖြစ်သူ ဂျွန်မော့စ်နှင့်မခြား ထူးဆန်းနေကြောင်း သိရှိပြီး ဖြစ်သည်။ သူမ၏ ထွက်ဆိုချက်မှာ ထူးဆန်းနေရုံမျှမက ဝိရောဓိလည်း ဖြစ်နေသည်။ အစေခံမလေး ဘရစ်ဂတ်က လစ်ဇီအား ရဲတို့မရောက်လာခင် သူမဖခင်ကြီး အသတ်ခံရစဉ်က သူမ မည်သည့်နေရာ၌ ရှိနေကြောင်း မေးမြန်းခဲ့သည်ဟု သိရ၏။ သူမအဖြေမှာ အိမ်ပြင်ခြံစည်းထဲ၌ ရှိနေပြီး ဖခင်ဖြစ်သူ၏ ညည်းသံကြီး ကြားလိုက်ရသည်ဟု ဆိုပါသည်။

ယင်းမေးခွန်းကိုပင် အိမ်နီးချင်း မစ္စစ်ချာချီက မေးခဲ့သေးရာ သူမက အခင်းဖြစ် လူသတ်မှုဖြစ်ပွားနေချိန်က မိမိမှာ သံတိုသံစတစ်ခု ရှာဖွေရန် နေအိမ်နောက်ဖေးစပါးကျီထဲ၌ ရှိနေခဲ့ကြောင်း ပြန်ဖြေခဲ့သည်ဟု သိရှိရသည်။ ရဲတို့က စစ်ဆေးမေးမြန်းသောအခါ၌လည်း မစ္စစ်ချာချီအား အဖြေပေးခဲ့သည့်အတိုင်း ဖြေကြားခဲ့လေသည်။ ထို့ပြင် သူမက ဖြည့်စွက်၍ စပါးကျီထဲ၌ သစ်သော်သီးသုံးလုံးတောင် စားခဲ့သေးကြောင်း ဖြေကြားခဲ့သည်။ သူမ ထွက်ချက်မှန်မမှန် မှုခင်းရဲတို့က ကျီအထပ်ခိုးပေါ်၌ သွားရောက်ရှာဖွေစစ်ဆေးခဲ့ကြရာ သူမ စားခဲ့သည်ဆိုသော သစ်သော်သီးအခွံတစ်ရွဲ့တစ်ဖဲ့မျှ မတွေ့ခဲ့ချေ။ ခြေရာလက်ရာမပျက် ကျီထဲ၌ ဖုန်အလိမ်းလိမ်း ရှိနေသည်ကို တွေ့ရှိခဲ့ကြသည်။

အခင်းဖြစ်လူသတ်မှုတွင် ပါဝင်သော သက်သေဖြစ်သူ မစ္စစ်ချာချီအား ရဲတို့ စစ်ဆေးမေးမြန်းခဲ့ရာ ဤသို့ ထွက်ဆိုခဲ့သည်။ "ကျွန်မ အိမ်ဖော်မလေး ဘရစ်ဂတ်ထံက သတင်းကြားကြားချင်း ဒီကို ရောက်လာခဲ့တယ်။ ရောက်ရောက်ချင်းပဲ လစ်ဇီကို သူ့မမိထွေး ဘယ်မှာလဲလို့ မေးခဲ့ပါတယ်။ သူမ မသိပါဘူး။ မိတ်ဆွေတစ်ဦး နေမကောင်းလို့ သတင်းလာပို့လို့ လိုက်သွားတယ်ပဲလို့ ဖြေခဲ့တယ်ရှင့်။ အဲဒီအချိန်က မစ္စဘိုဒင်

အသတ်ခံရသလား၊ မခံရဘူးလား ဆိုတာ မသိဘူး။ ပြီးတော့ ကျွန်မ စိတ်ထဲလည်း အင်္ကျီ အခန်းထဲဝင်လာတဲ့ခြေသံ ကြားမိသလိုလိုနဲ့မို့ စိတ်ထဲ ဇဝေဇဝါ ဖြစ်နေခဲ့ပါတယ်" ယင်းသို့ ဖြေကြားသည်မှာ မစ္စစ်ချာချီ နှင့် ဘရစ်ဂတ်တို့ မစ္စစ်ဘိုဒင်အား အိမ်ထဲလိုက်လံ မရှာဖွေကြသေးခင် အချိန်က အဖြစ်အပျက်တို့ ဖြစ်ပါသည်။

သူတို့နှစ်ဦးစလုံး စိတ်ထဲ၌ မစ္စစ်ဘိုဒင် သူမ အိမ်ခန်းထဲ၌ မရှိကြောင်း အတတ်သိနေခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် မစ္စတာဘိုဒင်၏ အလောင်းပေါ် အုပ်ဖုံးထားသည့် အိပ်ရာခင်းမှာ သူမ အိပ်ခန်းထဲမှ ယူလာခဲ့ခြင်း ဖြစ်ပါသည်။ သို့နှင့် အိမ်ရှေ့လှေကားမှပင် နှစ်ဦးသား အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ လမ်းခုလတ်၌ မစ္စစ်ချာချီက အိပ်ခန်း တံခါးမကြီး ဟင်းလင်းပွင့်နေသည်ကို သတိပြုလိုက်မိ၏။ ထို့နောက် အခန်းထဲ လှမ်းအကဲခတ်လိုက်ရာ အိပ်ရာခုတင် တစ်ဖက်ကြမ်းပြင်ပေါ်၌ တုံးလုံးလဲကျနေသည့် အလောင်းတစ်လောင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေတော့သည်။

ဘာကြောင့်များ လစ်ဇီ သူမဖခင် ပြန်အလာ အောက်ထပ်ဆင်းပြီး တံခါးဖွင့်မပေးခင် ထိုအလောင်းကို မတွေ့ခဲ့ရပါလိမ့်၊ ယမန်နေ့က မြို့ထဲ ဓာတုဗေဒပစ္စည်းအရောင်းဆိုင်မှ ဟိုက်ဒရိုဆိုင်ယာနိုက်ငရဲမီးခေါ် သေစေနိုင်သည့်အဆိပ်ကို ဝယ်ဖို့ လစ်ဇီ ဘာကြောင့် ကြိုးပမ်းခဲ့ပါလိမ့်။ ထို့ပြင် လွန်ခဲ့သည့်ရက်များမကြာမီ ညနေခင်း၌ လစ်ဇီ သူမသူငယ်ချင်း မစ္စစ်ရပ်ဆဲလ်ထံ အလည်ပတ်သွားခဲ့သေးသည်ဟု သိရသည်။ သူမအား အစာအဆိပ်သင့်တတ်သည့် အကြောင်းတွေ လျှောက်ပြောပြခဲ့သည်။ ထို့နောက် လစ်ဇီက သူမဖခင်ကြီး မစ္စတာဘိုဒင်မှာ လူအများနှင့် ဆက်ဆံရာ၌ နှုတ်ကြမ်း၊ အာကြမ်းဖြင့် မောက်မောက်မာမာ ပြောတတ်သဖြင့် မိမိမှာ အမြဲတစေ သူတစ်ပါးနှင့် ခိုက်ရန်ဖြစ်ပွားမှာ၊ သူတစ်ပါးလက်ချက်ဖြင့် အသတ်ခံရမည်ကို တွေးပူနေမိကြောင်းကိုလည်း ပြောပြခဲ့သည်ဟု ဆိုပါသည်။ ယင်းသို့ မစ္စစ်ရပ်ဆဲလ်အား စီကာပတ်ကုံး မိမိအတွင်းရေးတွေ သွားရောက်၍ ဘာကြောင့် ပြောခဲ့ရပါသနည်း။

ဤစဉ်းစားချက်တို့မှာ အခင်းဖြစ်အမှုကို ကိုင်တွယ်နေကြသည့် ရဲ

အရာရှိတို့ သိရှိရသမျှအမှုနှင့် ကွင်းဆက်အတွေးများ ဖြစ်ပါသည်။ ထိုကွင်းဆက်ပဟေဠိတို့နှင့် လစ်ဇီ၏ထွက်ချက်တို့ တိုက်ဆိုင်စစ်ဆေးကြည့်ရှုရန် တည်ဆောက်နေခြင်း ဖြစ်သည်။ သူတို့ တစ်ညီတည်း ကောက်ချက်ချခဲ့သည်မှာ အခင်းဖြစ် လူသတ်မှုကို ကျူးလွန်သော တရားခံမှာ ဤအိမ်အတွင်းမှ တစ်ယောက်ယောက်သာလျှင် ဖြစ်ရမည်ဟူ၍ ဖြစ်သည်။ အိမ်နီးချင်းတို့ ထွက်ဆိုချက်၌ အခင်းမဖြစ်ခင် နံနက် (၉း၃၀) နာရီက မစ္စတာဘိုဒင်၏ အိမ်ရှေ့၌ ထိတ်ထိတ်လန့်လန့် အမူအရာနှင့် လူရွယ်တစ်ဦးအား တွေ့လိုက်မိကြောင်း၊ သို့သော် ထိုသူငယ် အထဲထိဝင်သည်ကို မတွေ့ခဲ့ကြဟု ဆိုပါသည်။ ရဲတို့က ထိုအချက်ကို ထည့်သွင်း မစဉ်းစားကြပေ။ ရဲတို့အတွေး၌ မစ္စလီဖာနှင့်အိမ်ဖော်မလေး ဘရစ်ဂတ်တို့ နီစ္စဗူဝ အိမ်မှုကိစ္စဟာဟီရတို့ကို လုပ်ကိုင်နေကြစဉ် အိမ်ကြီးအတွင်း၌ လူသတ်သမားသည် မိနစ်(၉၀)ကြာမျှ ပုန်းအောင်း၍ သတ်ဖို့ အခွင့်ချောင်းနေခဲ့ဟန်တူသည်ဟု တစ်ညီတည်း ဆုံးဖြတ်ခဲ့ကြသည်။

အသတ်ခံရသူ မစ္စတာဘိုဒင်အိမ်မှ အိမ်စေထမင်းချက်မလေး ဘရစ်ဂတ်အား သံသယမကင်း၍ အလုပ်မှရပ်စဲကာ အိမ်မှ မောင်းထုတ်ခဲ့သည်။ အခင်းဖြစ်ချိန်က အိမ်ဖော်မလေးမှာ ပြတင်းတံခါးမှန်တွေ တိုက်ချွတ်ဆေးနေခဲ့ပြီး အစာအဆိပ်သင့်၍ တဝေါဝေါ ပျို့အန်နေသည်ကို အိမ်နီးပါးချင်းတို့ တွေ့ခဲ့ကြသည်။ သို့သော် အခင်းဖြစ်အမှု၌ အကယ်၍ အိမ်ဖော်မလေး တရားခံသာဖြစ်သည်ဟု ယူဆပါအံ့။ သူမ ဘာအကြောင်းကြောင့် အိမ်ရှင်၊ သူမ ထမင်းရှင်ကို သတ်ရပါသနည်း၊ သတ်ရသည့်အကြောင်း ရှာမတွေ့ချေ။ သို့သော် အသတ်ခံရသည့် မစ္စတာဘိုဒင်၏ သမီးအရင်း ခေါက်ခေါက် လစ်ဇီ၌သာ လူသတ်မှုကျူးလွန်ရသည့် မိုးတစ်ခေါ် ရည်ရွယ်ချက်တွေ ပြည့်နှက်နေသည်ကို တွေ့ရှိရ၏။

သူတို့ အိမ်တွင်းရေး တကျက်ကျက်နှင့် တင်းမာမှု၊ ငွေရေးကြေးရေးနှင့်ပတ်သက်၍ ဖခင်ကြီးနှင့် ကတောက်ကဆ ရန်မီးပွားခဲ့မှုအပြင်၊ မိထွေးဖြစ်သူ အသတ်ခံရသည်။ မစ္စစ်ဘိုဒင်အပေါ် လစ်ဇီ၏ အမုန်းဒေါသမုန်တိုင်း။ ဤအိမ်တွင်းရေး အဆင်မပြေမှု၊ ပေါက်ကွဲမှုတို့ကို တစ်ရပ်တစ်ရွာလုံး သိနေခဲ့ကြသည်။ ထို့ကြောင့် သက်ဆိုင်ရာရဲတို့က လစ်ဇီအား အခင်းဖြစ်

အမှု၌ သံသယအဖြစ်ဆုံးဟု သတိပေးခဲ့ပြီး အိမ်မှာ ဘယ်မှ မသွားရန် တားမြစ်ခဲ့ကြသည်။ သူမကလည်း ရဲတို့စစ်ဆေးစဉ်က ရဲရဲတင်းတင်း ဖြေခဲ့သည့်အတိုင်း ခပ်တင်းတင်းပင် သူတို့ သတိပေးတားမြစ်ချက်ကို လိုက်နာရန် လက်ခံလိုက်လေသည်။

သက်ဆိုင်ရာမှုခင်းရဲအဖွဲ့ဝင်တို့ သူမအား ဖမ်းဆီးရန် ဝရမ်းရထားကြသော်လည်း သေချာသထက်သေချာအောင် စုံစမ်းစစ်ဆေးပြီးသည်အထိ စောင့်ဆိုင်းနေခဲ့ကြသေးသည်။ ဘိုဒင် အိမ်မြေတိုက်ခန်းထဲမှ အရိုးလက်ကိုင် မရှိတော့သည့် ရဲတင်းပုဆိန်တစ်လက်ကို ရဲတို့ ရှာဖွေတွေ့ရှိခဲ့ကြသည်။ ရဲတင်းမှာ ရေဆေးကြောထားသဖြင့် သွေးစသွေးန သဲလွန်စဟူ၍ ရှာမတွေ့တော့ချေ။ ထိုလက်နက်သည် အခင်းဖြစ်လူသတ်မှု ကျူးလွန်ခဲ့သည့် လက်နက်ဖြစ်ကြောင်းကို လည်းကောင်း၊ လစ်ဇီသည် လူသတ်တရားခံပါဟု လက်စွဲပြစရာလည်း မျက်မြင်သက်သေ၊ အထောက်အထား ခိုင်ခိုင်လုံလုံ မပြနိုင်ကြချေ။ သူမ အခင်းဖြစ်လူသတ်မှုကို ကျူးလွန်ကြောင်း လက်ဆုပ်လက်ကိုင် သက်သေအထောက်အထား ပြနိုင်ဖို့သာ အရေးကြီးပါသည်။ သူမကို ဖမ်းဆီးဖို့မှာ ပဓာနမကျသေးပေ။

မစ္စတာနှင့် မစ္စစ်ဘိုဒင်တို့ အသုဘစျာပနကို မြို့သူမြို့သားပေါင်း (၄၀၀၀)မက လိုက်လံပို့ဆောင်ခဲ့ကြသည်။ နှစ်လောင်းစလုံး မသင်္ဂြိုလ်ခင် ကတည်းက ဦးခေါင်းတို့ကို ဖြတ်ယူထားပြီး ကွဲကြေနေသည့် ခေါင်းခွံတို့အား မှုခင်းဆိုင်ရာဆေးစစ်ဆေးရန်အတွက် ပေးပို့ခဲ့ကြသည်။ ရက်များ မကြာမီ၌ အခင်းဖြစ်အမှုကို ဖွင့်လှစ်ကာ အမှုနှင့်ပတ်သက်သူတို့အား လျှို့ဝှက်စစ်ဆေးခဲ့ကြသည်။ ဤအကြိမ်၌လည်း လစ်ဇီမှာ ရှေ့နောက်မညီသည့်ထွက်ချက်တို့ကို ထွက်ခဲ့ပြန်သည်။

ယခု ထွက်ဆိုရာ၌ လစ်ဇီက သူမဖခင်ကြီး (အသတ်ခံရသူ မစ္စတာဘိုဒင်) နံနက် (၁၁)နာရီ မထိုးခင်ကလေး အိမ်ပြန်ရောက်လာချိန်တွင် သူမမှ အိမ်အပေါ်ထပ်၌ ရှိမနေတော့ပါ၊ မီးဖိုခန်းထဲတွင် ရှိနေကြောင်း အမြီးအမောက်မတည့် ရှေ့စကားနောက်စကားမညီ ထွက်ဆိုခဲ့သည်။ အမှုစစ်ရဲအရာရှိတို့က သူမအား ယခင်ထွက်ဆိုချက်နှင့် ဘာကြောင့် မကိုက်ညီရပါသနည်းဟု အမေးကို သူမက "ပထမတုန်းက ကျွန်မအထင်က

အပေါ်ထပ်မှာလိုပဲ၊ ခုမှ သေချာပြန်တွေးကြည့်တော့ အဲဒီအချိန်က မီးဖို ထဲရောက်နေမှန်း သိရလို့ပါပဲ” ဟူ၍ ရှင်းပြခဲ့ပါသည်။ သူမက မိထွေးဖြစ်သူ မစ္စစ်ဘိုဒင် အိမ်ပြန်လာသံ ကြားခဲ့ရပါသည်ဟူသော မူလထွက်ချက်ကို သူမ မပြောခဲ့ကြောင်း၊ မကြားခဲ့ကြောင်း ငြင်းဆိုခဲ့သည်။ ရုံးတင်တရားစွဲဆိုနေသည့် အခင်းဖြစ်လူသတ်မှုတွင် လစ်ဇီမှာ ပြစ်မှုထင်ရှားနေကြောင်း အစိုးရရှေ့နေကြီးက အတတ်သိနေခဲ့သည်။

နေ့စဉ်ထုတ် သတင်းစာတို့၌လည်း လစ်ဇီအား စောင်းချိတ်ရေးသားကြ၊ အပုပ်ချခဲ့ကြသည်။ အဖြစ်မှန်ထက် ပိုမို ချဲ့ထွင်လုပ်ကြံကာ ပုံကြီးချဲ့ရေးသားခဲ့ကြသည်။ ဤသည်မှာ လစ်ဇီအပေါ် အပြစ်မကျကျအောင် ရေးသားကြသည့် သတင်းစာအဆိုပင် ဖြစ်သည်။ သို့သော် တရားဥပဒေ တရားရုံးတော်၏ အဆုံးအဖြတ်သာ အဓိက၊ ပဓာန ဖြစ်သည်။ တရားလို အစိုးရရှေ့နေကြီးမှာ စုပ်စုစားရူး အကျပ်ရိုက်နေတော့သည်။ လစ်ဇီအား အခင်းဖြစ်လူသတ်မှုတို့ကို ကျူးလွန်ခဲ့သော တရားခံပါဟု စွဲချက်တင်ပါက ပြည်သူ၏ချဉ်ပတ် ဖြစ်သွားတော့မည်မှာ မုချဧကန်ပင် ဖြစ်သည်။ ထိုအမှုကို မည်သို့လျှောက်လဲရမည်ကို မသိတော့ပေ။ သို့နှင့် မိမိ အခက်အခဲကို ရှေ့နေချုပ်ထံ လျှို့ဝှက်အတွင်းစကားရေးကာ စာတစ်စောင် ပေးပို့ခဲ့သည်။ စာထဲ၌ မိမိ၏အကျပ်အတည်းကို ဖော်ပြပြီး၊ မိမိအနေဖြင့် ပြည်သူ၏ အယုံအကြည်ကင်းမဲ့သည့်ဘဝ အရောက်မခံနိုင်ကြောင်း ဘွင်းဘွင်း ဖော်ပြခဲ့သည်။

သူသိနေသည့် အခင်းဖြစ်အမှုနှင့် ပတ်သက်သည့် တရားခံ အစစ်အမှန်ကို သူ့အနေဖြင့် မည်သို့မျှ မထုတ်ဖော်ရဲ။ အမှန်ကို အမှန်အတိုင်း ဖော်ထုတ်ခဲ့ပါက သူ့အပေါ် ပြည်သူတို့ အကြည်ညိုပျက်ကြမည်။ ယင်းအဖြစ်ကို သူ ရင်မဆိုင်ရဲ။ အကြောက်ဆုံး ဖြစ်သည်။ သို့သော် သူ့အကြောက်တရားမှာ ပြေပျောက်သွားရန် ကံကြမ္မာအလှည့်အပြောင်းက ဖန်လာခဲ့သည်။ လစ်ဇီအပေါ် အပနာပသိက္ခာကျအောင် တိုက်ခိုက်ရေးသားကြ၊ အပုပ်ချနေခဲ့ကြရာ ပြည်သူတို့ စိတ်နှလုံးထဲ သူမအပေါ် ဖြစ်ရလေခြင်း၊ အသရေပျက်အောင် မိုချိုးမျှစ်ချိုးပြောကြခြင်း ဟူ၍ ရင်ထုမနာဖြစ်လာကြပြီး သနားကြင်နာပိုလာခဲ့ကြသည်။

ပြည်သူတို့က တရားခံအဖြစ် စွပ်စွဲခံနေရသူ လစ်ဇီအပေါ် ဤသို့ မြင်လာခဲ့ကြသည်။ ဤမျှ ဘုရား၊ တရား၊ ဘာသာတရား ကြည်ညိုကိုင်းရှိုင်းသည့် သူငယ်မလေး၊ လူအေးလူကောင်း၊ လေးစားထိုက်သည့် မိန်းကလေးမှာ အင်မတန် ကြောက်စရာကောင်းလောက်အောင် ရက်စက်လွန်း၊ လူမဆန်လွန်းသည့် လူသတ်မှုကြီးကို ဘယ်လို ကျူးလွန်ပါမည်နည်း။ တစ်နယ်လုံးမှ ဖောလ်ရေးဗားမြို့မှ သူမထံသို့ လက်ဆောင်ပန်းစည်းများ၊ မေးကြမြန်းကြ၊ နှစ်သိမ့်အားပေးသည့်စာများ ဝင်လာမစဲ တသဲသဲ ရောက်လာခဲ့လေသည်။ သို့သော် အခြေအနေက တစ်မျိုးတစ်ဖုံပြောင်းကာ ကံကြမ္မာအလှည့်အပြောင်းက လစ်ဇီအပေါ် မျက်နှာမပေးတော့ချေ။ ရုံးတော်မှ မစ္စတာနှင့် မစ္စဘိုဒင်တို့အား ရဲတင်းဖြင့် မသေသေအောင် ခုတ်သတ်မှုဖြင့် တရားစွဲချက်တင်ခဲ့လေသည်။

လစ်ဇီကလည်း ခေါင်းငုံ့မခံ။ မက်ဆက်ချူးပြည်နယ်၌ အကောင်းဆုံး အကျိုးတော်ဆောင် ဝတ်လုံဖြစ်သူ ဂျော့ရော်ဘင်ဆင်အား ငှားရမ်းခုခံ ချေပလော်လဲစေခဲ့သည်။ ရော်ဘင်ဆင်မှာ ယခင်က ပြည်နယ်ဘုရင်ခံ ဖြစ်ခဲ့ဖူးသည်။ သူ ပြည်နယ်ဘုရင်ခံဘဝ အယူခံရုံးတော် စုံညီတရားသူကြီး သုံးဦးအနက် တစ်ဦးအဖြစ် တင်မြှောက်ခံခဲ့ရဖူးသူ ဥပဒေဘက်တော်သားဖြစ်ခဲ့သည်။ သူ့ကျေးဇူးကို ရုံးတော်က မလွန်ဆန်နိုင်၊ တရားခံရှေ့နေဖြစ်နေသော်လည်း ဦးစားပေးခြင်းခံရပြီး တရားခံလစ်ဇီအား ပြစ်မှုမှ ကယ်တင်နိုင်ခဲ့သည်။ ရုံးတော်စက်ရှင်တရားသူကြီးတို့က တရားခံလစ်ဇီ အခင်းမဖြစ်ခင်နေ့က ပရပ်ရှားငရဲမီးအဆိပ်ဝယ်၍ အခင်းဖြစ်လူသတ်မှုကို ကြိုတင် ကြံစည်ခဲ့သေးကြောင်း တင်ပြသည်။ထိုတင်ပြသည့် သက်သေကို ရုံးတော်မှ ပယ်ချခဲ့သည်။ အကြောင်းမှာ ယင်းတင်ပြချက်သည် ဤအခင်းဖြစ်လူသတ်မှုနှင့် မသက်ဆိုင်၍ ထိုပြသက်သေခံ အချက်အလက်အဖြစ် ရုံးတော်မှ ခွင့်မပြုနိုင်၊ အခင်းဖြစ်အမှုကို သက်ဆိုင်ရာမှုခင်းရဲတို့ စုံစမ်းစစ်ဆေးမေးမြန်းချက်၊ ထောက်လှမ်းတွေ့ရှိရချက် အပေါ်မှသာ မူတည်၍ ရုံးတော်မှ ထည့်သွင်းစဉ်းစားဆုံးဖြတ်သွားမည် ဖြစ်ကြောင်း တရားသူကြီးမင်းက အမိန့်စာ ထုတ်ပြန်ကြေညာခဲ့သည်။

ရုံးတော်၌ တရားခံလစ်ဇီ၏ သူငယ်ချင်းအပေါင်းအသင်းတို့ ဝိုင်း

ဝိုင်းလည် ရောက်ရှိနေကြပြီး အားမငယ်ရန် စိတ်ဓာတ်မကျရန် အားပေးနေခဲ့ကြသည်။ သူမ၏အစ်မ အစ်မာနှင့် အိမ်ဖော်မလေး ဘရစ်ဂျတ်တို့ကလည်း လစ်ဇီ မိထွေးဖြစ်သူ မစ္စစ်ဘိုဒင်(အက်ဘီ)အပေါ် ရန်ငြိုးဖွဲ့ခဲ့သည်ဆိုသော စွပ်စွဲချက်ကို ချေပ,ထွက်ဆိုခဲ့ကြသည်။ ရန်ငြိုးဖွဲ့ခြင်း မဟုတ်၊ သူမတို့ အိမ်တွင်းရေးမှာ အမြဲတစေ ခွန်းကြီးခွန်းငယ် ကတောက်ကဆ များခဲ့ကြခြင်းသာ ဖြစ်ပြီး ပွဲပြီးမီးသေ ဆိုသလို၊ ပြီးတော့လည်း ပြီးသွားခဲ့ကြခြင်းသာ ဖြစ်ကြောင်း ထွက်ဆိုသွားခဲ့ကြသည်။

ထို့နောက် တရားခံလစ်ဇီအပေါ် တရားလိုရှေ့နေ (အစိုးရရှေ့နေကြီး)၏ အခင်းဖြစ် လူသတ်မှုကျူးလွန်ခဲ့ရာ၌ သွေးများ စွန်းထင်းပေကျံနေသော အဝတ်အစားတို့ကို တရားခံဖြစ်သူက မီးရှို့ဖျက်ဆီးခဲ့ပါသည် ဟူသော သက်သေခံပစ္စည်းဖျောက်ဖျက်မှု စွဲချက်ကို လိုပြသက်သေ အိမ်နီးချင်း မစ္စစ်ရပ်ဆဲလ်က ဤသို့ ဝန်ခံထွက်ဆိုသွားခဲ့သည်။ **တရားလို အကျိုးတော်ဆောင်ကြီး တင်ပြခဲ့သလို တရားခံလစ်ဇီသည် သူမဖခင်နှင့် ဇနီးတို့ ဈာပနချအပြီး နောက်နေ့၌ သူမ အဝတ်အစား တစ်စုံတစ်ခုကို မီးရှို့ခဲ့ကြောင်း၊ သို့ရာတွင် ယင်းအဝတ်အစား၌ သွေးစသွေးနဟူ၍ လုံးဝ မမြင်ခဲ့မိပါကြောင်း** ဝန်ခံထွက်ဆိုသွားခဲ့လေသည်။

တရားခံလစ်ဇီကလည်း ရုံးတော်၌ ဖြောင့်ဖြောင့်တန်းတန်း ပြေပြေပြစ်ပြစ် ထွက်ဆိုသွားခဲ့သည်။ သူမအမှု ကြားနာစစ်ဆေးနေစဉ် တစ်ဝက်တစ်ပျက်၌ လစ်ဇီမှာ မူးမေ့လဲကျသွားခဲ့ရာ လာရောက်နားထောင်နေကြသော ပရိသတ်ထဲမှ ရုံးတော်မှ မတရားဘူး၊ သူမအား မတရားစွပ်စွဲနှိပ်စက်ညှဉ်းပန်းနေသည်ဟူ၍ အော်ကြဟစ်ကြနှင့် ပွတ်လောရိုက်သွားခဲ့သည်။ ထို့နောက် ပြန်လည် သတိရလာခဲ့ပြီး လစ်ဇီမှာ တရားခံဝက်ခြံကလေးအတွင်း၌ မတ်တတ်ရပ်၍ တရားသူကြီး၏ ကြားနာစစ်ဆေးနေသည်ကို နာခံလျက် ရှိနေသည်။

သူမအမှုအရာ ကာယိကန္ဒြေရော၊ မနိက္ကန္ဒြေပါ အလွန် သိမ်မွေ့နူးညံ့လှသည်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာမှာလည်း ယဉ်ကျေးသိမ်မွေ့လှသည်။ ဝတ်စားဆင်ယင်ထားပုံမှာလည်း ဟီရိဩတ္တပ္ပတရားနှင့် အညီ သေသပ်လှသည်။ တရားခံအကျိုးတော်ဆောင် ဝတ်လုံတော်ရမင်း

ဂျော့ရော်ဘင်ဆင်က တရားခွင်မှ ဂျူရီလူကြီးတို့အား ဤသို့ မေးခွန်းထုတ်လိုက်ပါသည်။ "ဂျူရီလူကြီးမင်းတို့ခင်ဗျား၊ ယခု အခင်းဖြစ်လူသတ်မှုကြီးမှာ ဖခင် အရင်းခေါက်ခေါက်နှင့် မိထွေးဖြစ်သူ မစ္စတာနဲ့ မစ္စစ်ဘိုဒင်တို့အား ရဲတင်းနဲ့ ရှက်ရက်စက်စက် လူမဆန်လွန်းစွာ ခုတ်သတ်ခဲ့ပါတယ်လို့ လူသတ်တရားခံအဖြစ် စွပ်စွဲခံနေရတဲ့ လစ်ဇီကို ကြည့်ကြပါခင်ဗျား၊ ဒီရုပ်ရည်ဟာ လူသတ်တရားခံဆိုရင် အဲ ဘီလူးသဘာက်မကောင်းဆိုးဝါးသာ ဖြစ်ဖို့များတယ်။ လူကြီးမင်းတို့ပဲ ဆုံးဖြတ်ကြပါ မစ္စလစ်ဇီဟာ တစ်ဖက်က အကျိုးတော်ဆောင်ကြီး စွဲချက်တင်သလို တရားခံရုပ် ပေါက်မပေါက်" ဟူ၍ ထောက်ပြချေပ လျှောက်လဲသွားခဲ့လေသည်။

ရုံးတော်၌ ကြားနာနေကြသူ ဂျူရီလူကြီးမင်းတို့ တရားခံရှေ့နေကြီး မစ္စတာရော်ဘင်ဆင်၏ ထောက်ကွက်ကို တစ်ညီတစ်ညွတ်တည်း သဘောတူ ခေါင်းညိတ်ခဲ့ကြပြီး တရားခံအပေါ် အပြစ်မရှိနိုင်ဟု ဆုံးဖြတ်ချက်ပေးခဲ့ကြသည်။ အခင်းဖြစ်လူသတ်မှုကို ဆယ်လကြာ ကြားနာစစ်ဆေးခဲ့ပြီး သူ၏ တရားစစ်ထိုးမှုမှာ ပြီးဆုံးသွားခဲ့သည်။ ရုံးတော်မှ ပြစ်မှု မထင်ရှားသဖြင့် တရားသေအပြီးသတ် အမိန့်ချမှတ်ခဲ့လေသည်။

ဆိုးဝါးလှသည့် ဂုဏ်သိက္ခာ ညှိုးနွမ်းထိခိုက်ကာ သူတစ်ပါးတံတွေးခွက်ထဲ ပက်လက်မျောမည့်ဘေးမှဝေးကာ အမှုမှ ကွင်းလုံးကျွတ် လွတ်မြောက်ခဲ့သည့် အထိမ်းအမှတ်အဖြစ် မက်ဆက်ချူးဆက်ပြည်နယ်၊ ဖောလ်ရေးဗားမြို့ ကွယ်လွန်သူ သူဌေးကြီး အင်ဒရူးဂျေ၊ ဘိုဒင်၏အိမ်တော်၌ ပျော်ပွဲ၊ ပါတီပွဲတစ်ရပ် ကျင်းပခဲ့သည်။ ငွေကို ရေလိုသုံးကာ ဧည့်ခံခဲ့သည်။ ရွှေပွဲလာဧည့်ပရိသတ်တို့က တရားခွင်ကြားနာစစ်ဆေး စီရင်ခဲ့သည့် သတင်းအပြည့်အစုံပါသော နေ့စဉ်သတင်းစာဖြတ်စတို့ကို လက်ဆောင်အဖြစ် သူမအား ပေးကြရင်း ရယ်ကြမောကြ တသောသော ဖြစ်နေကြသည်။

လစ်ဇီမှာ ကွယ်လွန်သူ ဖခင်ကြီး ဘိုဒင်၏ အမွေဆက်ခံခဲ့ရသဖြင့် သူဌေးမလေးတစ်ယောက် ဖြစ်လာခဲ့သည်။ တခြားသူသာဆိုလျှင် အရှက်တကွဲအကျိုးနည်း ဖြစ်ခဲ့သည့်မြို့၌ မနေလို၊ တစ်မြို့တစ်ရွာသို့ အပြီးအပိုင် ပြောင်းရွှေ့သွားမည်သာ ဖြစ်၏။ သူမကတော့ သူမ ချက်မြှုပ် ဖောလ်ရေးဗားက တစ်ဖဝါးမျှမခွာ။ မြို့ပေါ် အကောင်းဆုံးနေရာ၌ သည့်ထက် ကြီး

မားသည့် အိမ်ကြီးရခိုင်တစ်လုံး ထပ်ဝယ်ခဲ့သေးသည်။ အိမ်ဖော်မလေး လက်စွဲတော် ဘရစ်ဂတ်မှာ မပြေးသော်ကာရာရှိ သူမသခင်မ လစ်ဇီအား လူသတ်မှုကျူးလွန်ခဲ့သည့် သဲလွန်စတို့ကို ကူညီဖျောက်ဖျက်ပေးသူ ကြံရာပါအဖြစ် စွပ်စွဲခံရသူ ဖြစ်၏။ သူမမှာ ဘိုဒင် ဘဏ်ငွေစာရင်းထဲမှ သူမအတွက် ဝေစုငွေထုပ်ကိုပိုက်ကာ မိမိ နေရပ်နိုင်ငံ အိုင်ယာလန်နိုင်ငံသို့ ပြန်ခဲ့သည်။ နောက်ပိုင်းကာလ၌ ဘရစ်ဂတ်သည် အမေရိကန်နိုင်ငံသို့ ပြန်လာခဲ့ပြီး မွန်တာနာပြည်နယ်၌ (၁၉၄၇)ခုနှစ် အသက် (၈၂) နှစ်အရွယ်တွင် ခေါင်းချသွားခဲ့လေသည်။

အမ်မာမှာ လစ်ဇီနှင့်အတူ အိမ်သစ်ကြီး၌ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သူတို့ညီအစ်မမှာ တကျက်ကျက်နှင့် မတည့်ကြ။ နောက်ဆုံး အမ်မာကပင် လမ်းခွဲကာ တခြားသို့ ပြောင်းရွှေ့သွားခဲ့သည်။ လစ်ဇီအကြောင်း တီးတိုးပြောသံကြားရသည်မှာ သူတော်စင်လို တစ်ယောက်တည်း အဖော်မရှာဘဲ တစ်ကိုယ်တည်း အပျိုကြီးဘဝဖြင့် နေသွားသည်ဟု သိရ၏။ အချစ်ကို မရှာ၊ အပူမရှာချင်သည့် လစ်ဇီမှ အသက် (၆၇)နှစ်အရွယ် (၁၉၂၇)ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည်။ သူမအစ်မ အမ်မာမှာ သူမထက် အသက် (၉)နှစ် ကြီးသည်။ သူမလည်း ရက်များမကြာမီ ညီမ လစ်ဇီနောက် ကောက်ကောက်ပါ လိုက်သွားခဲ့ပေသည်။

သူတို့ညီအစ်မမှာ မိသားစုသင်္ချိုင်း၌ အစဉ်အတိုင်း မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်။ သူတို့ညီအစ်မ၏ မိခင်ရင်း ဆာရာမော့စ်ဘိုဒင်၊ မိထွေးဖြစ်သူ အင်ဒရူးဂျေဘိုဒင်၊ ကလေးဘဝကပင် ကွယ်လွန်သွားခဲ့သော ညီမလေး အဲလစ်သင်္ချိုင်းတို့နောက် အစဉ်အတိုင်း ကပ်လျက် မြှုပ်နှံခဲ့သည်။

(၁၈၉၂)ခုနှစ် ဩဂုတ်လ နွေလရက်အတွင်း ရက်ရက်စက်စက် အသတ်ခံခဲ့ရသည်။ ဖခင်ကြီးနှင့် မိထွေးသင်္ချိုင်းနံဘေး၌ ကပ်လျက် မြေမြှုပ်သင်္ဂြိုဟ်ထားရာ၌ သုသာန်မြေ၌ ငြိမ်းချမ်းစွာ ထာဝရ လဲလျောင်းနေနိုင်ပါမည်လော၊ အခင်းဖြစ် လူသတ်မှုနှင့်ပတ်သက်၍ နောက်ထပ် တစ်စုံတစ်ယောက်မျှ တရားစွဲဆိုဖမ်းဆီးခြင်း မခံခဲ့ရပေ။ မည်သူမျှလည်း အခင်းဖြစ်အမှုနှင့် စပ်လျဉ်း၍ သံသယဒွိဟ အထင်မခံခဲ့ကြရ။ ဘိုဒင် ဇနီးမောင်နှံ အသတ်ခံရမှုမှာ အမေရိကန်နိုင်ငံ အဆိုးဝါးဆုံး အကွက်ချ

ကြံစည်သတ်ဖြတ်သည့် လူသတ်မှုကြီးတို့တွင် တစ်မှု အပါအဝင်ဖြစ်ပြီး ရာဇဝတ်မှုခင်းမှတ်တမ်း၌ အဖြေညှိမရခဲ့သော ပဟေဋ္ဌိမှုခင်းတစ်ရပ် ဖြစ်ခဲ့လေတော့သည်။

အခင်းဖြစ်အမှုနှင့် ပတ်သက်၍ စင်တင်ပြဇာတ် (၅)ပုဒ်၊ ဘဲလက်ကဇာတ်တစ်ပုဒ်နှင့် မရေမတွက်နိုင်သော မှုခင်းဝတ္ထုတို့ ရေးသားခဲ့ကြသည်။ ယင်းပြဇာတ်၊ ဝတ္ထုတိုအဆိုအရ လစ်ဇီမှာ အလွန် ကောက်ကျစ်စဉ်းလဲစွာ အကွက်ချ ကြိုတင်ကြံစည်သည့် လူသတ်မှုကြီးကို ကျူးလွန်ခဲ့သူဖြစ်ကြောင်း၊ သဲလွန်စမကျန်အောင် ပိပိရိရိ ဖျောက်ဖျက်ခဲ့သူ ဖြစ်ကြောင်း၊ သူမ၏ ဆွေမျိုးမိတ်သင်္ဂဟအလယ်၌ မခုတ်တတ်သည့်ကြောင်အဖြစ် ဟန်ဆောင်ကောင်းခဲ့သူ ဖြစ်ကြောင်း စသည်ဖြင့် ထည့်သွင်းရေးသားထားကြလေသည်။

ထိုသို့ ရေးသားခဲ့ကြသည့် စာရေးဆရာတို့ အယူအဆ မှန်ကောင်းမှန်ပေလိမ့်မည်။ လစ်ဇီ၏ "အရှက်တကွဲ အကျိုးနည်း အသေရေပျက်ရမှု" အမည်ရှိ စာအုပ်၌ အမေရိကန်အမျိုးသမီး စာရေးဆရာမကြီး ဗစ်တိုးရီးယားလင်ကွန်းက သူမအပေါ် နားလည်သဘောပေါက်စွာ ရှေ့နေလိုက်ဆင်ခြေပေးထားသည်ကို ဖတ်ရှုရသည်။ ဆရာမကြီးက "လစ်ဇီသည် အခင်းဖြစ် နှစ်လောင်းပြိုင် လူသတ်မှုကြီးကို ကျူးလွန်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် သူမ၏ ပကတိစိတ် (ဝါ) နဂိုပုံမှန်စိတ်ဖြင့် ကျူးလွန်ခဲ့ခြင်းမဟုတ်၊ လူသိမခံဝံ့သည့် မျိုးရိုးစဉ်ဆက်အား အာဂန္တုဝက်ရူးပြန်ရောဂါ (စိတ်ရောဂါ)ဖိစီးလာစဉ် ကျူးလွန်ခဲ့ခြင်း ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ ထိုရောဂါဖိစီးပြီဆိုလျှင် သူ့စိတ်နှင့်သူ့ကိုယ် မဟုတ်တော့ဘဲ စိတ္တဇလူသတ်သမားဘဝ ရောက်ခဲ့ရခြင်းသာ ဖြစ်သည်။ လစ်ဇီမှာ တစ်နှစ်လျှင် လေးကြိမ်ကျ ဝက်ရူးပြန်ရောဂါဖိစီးသည်ဟု ဆိုပါသည်။

စာရေးဆရာမကြီး မစ္စစ်လင်ကွန်းက ယင်းကဲ့သို့ ရောဂါဖိစီးပြီ ဆိုပါက အချို့စိတ္တဇလူသတ်မှု၊ ရာဇဝတ်ပြစ်မှု မှုခင်းတို့၌ ရောဂါဟာ မိမိကိုယ်ကိုလည်း မသိ၊ မိမိဝန်းကျင် အကြောင်းအရာတို့ကိုလည်း လုံးဝ မမှတ်မိတော့ပါ၊ အလိုအလျောက် လုပ်မိလုပ်ရာ လုပ်မိကြသည်ကို တွေ့ရပါတယ်။ သူ့ခေါင်းထဲ ရီဝေမူန်ဝါးပြီး ဘာကိုမှ အသိတရားမရှိတော့တာ တွေ့ရပါတယ်"

ဟူ၍ ရှင်းလင်းတင်ပြခဲ့လေသည်။ ဤရှင်းလင်းချက်ကို ကြည့်ရခြင်းဖြင့် အခင်းဖြစ်အမှု စစ်ဆေးစဉ်အချိန်က ကာယကံရှင်မိန်းကလေး လစ်ဇီ ထွက်ချက်များ ရှေ့စကားနောက်စကားမညီ ရှုပ်ရှုပ်ထွေးထွေးနိုင်မှုနှင့် သူမ အပေါ် လူသတ်မှု စွဲချက်တင်နေသည်ကိုပင် မတုန်မလှုပ် အေးတိအေးစက် ဖြစ်နေခဲ့သော သူမ၏ အမူအရာတို့ကို သဘောပေါက် နားလည်လောက် ပေပြီ။

မစ္စစ်လင်ကွန်းက လစ်ဇီ၏ တိုက်ခိုက်မှု စိတ်ရှုးပေါက်သွားရမှု အထွတ်အထိပ်ကို အကြံပြုတင်ပြ ရေးသားဖော်ပြခဲ့သည်။ အမှုစစ်ဆေးစဉ် ရဲတို့အမေး၌ လစ်ဇီက သူမ၏ မိထွေးမစ္စစ်ဘိုဒင်မှာ အိမ်၌ မရှိကြောင်း၊ သူမ၏ နာမကျန်းဖြစ်သည့် မိတ်ဆွေတစ်ဦးထံမှ အကြောင်းကြားစာရ၍ လိုက်သွားခဲ့ကြောင်း ထွက်ဆို ဖြေကြားသွားခဲ့သည်။ ယင်းပဟေဠိ ဖြစ်နေခဲ့သည် အကြောင်းကြားစာကိုလည်း ပုဇ္ဇာ၏အဖြေမှာ အခြားမဟုတ်။ (၁၈၉၂)ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့ နံနက်က ဖောလ်ရေးဗားမြို့ အမှတ် (၉၂)၊ (၂)လမ်းသို့ ရောက်ရှိလာခဲ့သည်။ မစ္စတာဘိုဒင် ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာတိုက်တာတို့ကို ဇနီးဖြစ်သူ မစ္စစ်ဘိုဒင်အား အမည်လွှဲပြောင်းပေးသည့် စာချုပ်ဖြစ်ကြောင်းပါ ဖော်ကောင်လုပ်ထားလေသည်။ ဤ အခင်းဖြစ် နှစ်လောင်းပြိုင်လူသတ်မှု၌ ကျူးလွန်ရသည့် ကိုယ်တွင်းစေ့ ဆော်မှုကို ကြည့်ကြပါစို့။ ပထမစိတ္တဇလူသတ်သမား၊ မစ္စစ်လစ်ဇီအား တွန်းအားပေးခဲ့သည့် ကိုယ်တွင်းစေ့ဆော်မှု (ဟာစ်နည်း အဝိဇ္ဇာစေတသိက်) မှာ မိမိ ရသင့်ရထိုက်သည့် ဥစ္စာစည်းစိမ်ပစ္စည်းတို့အား ဘာမဆိုင်ညာ မဆိုင် နောက်မိန်းမ မိထွေးလုပ်သူက ဆန်ကောလောက်မှ စောက်မနက် သည့်ဉာဏ်ဖြင့် အပိုင်စီးလေခြင်းဟု အသိဉာဏ်ကွယ်ပျောက်ပြီး ဆင်ကန်း တောတိုး၊ နွားရူးစူးထိုး စိတ်ရိုင်းဝင်လာခဲ့ခြင်း ဖြစ်၏။ ဒုတိယကိုယ်တွင်း စေ့ဆော်မှုက ကာယကံမြောက် အမှားအမှန် မဝေခွဲနိုင်တော့ဘဲ လူစိတ် ပျောက်ကာ နှစ်လောင်းပြိုင် လူသတ်မှုကြီးကို ကျူးလွန်မိခဲ့ခြင်း ဖြစ်ပေ သတည်း။

❁ ❁ ❁



ရေအောက်ငုပ်လျှိုးပြီး အစဖျောက်ခဲ့သော
အမတ်မင်း ဂျွန်စတုံးဟောက်စ်

## သေရွာသွားဟန်ပြ၍ မြေလျှိုးခြေရာပျောက်သွားသော အမတ်မင်း

အချိန်မှာ (၁၉၇၃)ခုနှစ်၊ နိုဝင်ဘာလ လေထန်သော နေ့တစ်နေ့ ဖြစ်ပါသည်။ အသက်အားဖြင့် (၆၅)နှစ် ရှိပြီဖြစ်သော ပြင်သစ်နိုင်ငံသူ အမျိုးသမီးကြီး မစ္စစ်ဟယ်လင်ဖလီမင်း (Mrs. Helen Fleming)မှာ အမေရိကန်နိုင်ငံ၊ ဖလော်ရီဒါပြည်နယ်၊ မီယာမီဘိချ် (Miami Beach) ဆိပ်ကမ်းသာ ကျွန်းမြို့ကလေးသို့ အပန်းဖြေအနားယူ ခရီးထွက်လာခဲ့သည်။ တစ်နေ့တွင် သူမထံသို့ ဖြူဖပ်ဖြူရော် အင်္ဂလိပ်အမျိုးသားတစ်ဦး ရောက်ရှိလာခဲ့ပြီး အကူအညီတောင်းခဲ့သည်။

လွန်ခဲ့သည့် (၁၀)ရက်ခန့်က ထိုအမျိုးသားအား စကားစပ်မိကြ၍ မစ္စစ်ဖလီမင်းက မိမိမှာ ဖွန်တိန်ဘလူးဟိုတယ် (The Fontaineblue Hotel) ရုံးအဖွဲ့ကို အုပ်ချုပ်သူဖြစ်ကြောင်း ပြောခဲ့ပါသည်။ ထိုအင်္ဂလိပ်အမျိုးသားက သူမအား မိမိသည် ယခင်အခေါက် ဖလော်ရီဒါသို့ စီးပွားရေးကိစ္စဖြင့် အလာ ပါလာခဲ့သမျှ ကိုယ်ပိုင်ပစ္စည်းများကို ဆိပ်ကမ်းသာ၌ပင် လူခိုးခံခဲ့ရကြောင်း သတိပေးပြောပြခဲ့ပေသည်။ ယင်း ပြောခဲ့ဖူးသော စကားနှင့် ဆက်စပ်လျက် ယခု ဆိပ်ကမ်းသာ၌ အပန်းဖြေနေသော မစ္စစ်ဖလီးမင်းထံ ချဉ်းကပ်ခဲ့ပြီး မိမိ ရေကူးနေစဉ် ကမ်းပေါ် ချွတ်ထားခဲ့သော အဝတ်အစား တို့ကို တစ်ဆိတ် ကြည့်ရှုစောင့်ရှောက်ပေးပါရန် အကူအညီ တောင်းခံခဲ့၏။ သူမလည်း အပန်းမကြီးလှသည့်ကိစ္စဖြစ်၍ ကျေကျေနပ်နပ် လိုက်လျော ခဲ့သည်။

အင်္ဂလိပ်အမျိုးသားမှာ စကားပြော အင်မတန်မှ ရည်မွန်ပြီး သူ့နာမည်ကိုတောင် နှုတ်မှ ဖွင့်မပြောရုံတမည် သူ့စကားထဲ၌ ခဏခဏ ရည်ညွှန်းပြောဆိုခဲ့သဖြင့် သူမ ကျက်မိနေခဲ့သည်။ သူ့အမည်က ဂွန်စတုံး ဟောက်စ်ဟူ၍ ဖြစ်သည်။

စတုံးဟောက်စ်မှာ အသက် (၄၈)နှစ်ရှိ ဗြိတိသျှပါလီမန်လွှတ်တော် အမတ်တစ်ဦး ဖြစ်၏။ ယင်း ဂွန်စတုံးဟောက်စ်ဆိုသော အမျိုးသားကြီးမှာ တဟဲဟဲ လှိုင်းသံမိုးထန်နေသည့် ပင်လယ်ရေတိမ်ထဲသို့ ဆင်းသွားခဲ့လေသည်။ သူ ရေထဲဆင်းသွားကတည်းက ပြန်ပေါ်မလာခဲ့တော့။ စုပ်စမြုပ်စ ပေါ်မလာဘဲ ပျောက်ခြင်းမလှ ပျောက်သွားခဲ့၏။ အမတ်မင်း ဂွန်စတုံးဟောက်စ်မှာ ဇနီးသည်နှင့် ရင်သွေးနှစ်ယောက်အပြင် တိတ်တိတ်ပုန်းမယားငယ်ကလေး တစ်ယောက်လည်း ရှိခဲ့သည်။ သူ၏ မဲဆန္ဒရှင်ပြည်သူတစ်ရပ်လုံး အပါအဝင် စီးပွားရေးကုမ္ပဏီများနှင့် တင်ရှိနေသော ကြွေးငွေစတာလင်ပေါင် (၈၀၀,၀၀၀)ကို ထားရစ်ခဲ့ပြီး သေရွာမြန်းခဲ့ရှာလေပြီ။

အခင်းဖြစ်ပွားခဲ့ပြီးနောက် နောက်နေ့နံနက်၌ ရေနစ်သေဆုံးသွားခဲ့သော ဂွန်စတုံးဟောက်စ်၏ ကုမ္ပဏီတစ်ခုမှ ဒါရိုက်တာတစ်ယောက်ဖြစ်သူ ဂျိမ်းစ်ရှာလ်တန်ဆိုသူ ဆိပ်ကမ်းသာသို့ ရောက်လာခဲ့သည်။ သူသည် စတုံးဟောက်စ်နှင့်အတူ မီယာမီသို့ ခရီးအတူ ထွက်လာခဲ့သူ ဖြစ်၏။ သူက သက်ဆိုင်ရာရဲစခန်းသို့ မိမိပါတနာ ဂွန်စတုံးဟောက်စ်မှာ တစ်ညလုံးရှာမတွေ့ခဲ့ကြောင်းဖြင့် လူပျောက်တိုင်ချက်ဖွင့်ခဲ့သည်။ သို့နှင့် ရှာဖွေရေးအဖွဲ့ဖွဲ့ကာ စတုံးဟောက်စ်တစ်ယောက် ရေနစ်သေဆုံးသွားခဲ့ပြီဟု ယူဆဖွယ်သာ ရှိပေတော့သည်။

သို့ရာတွင် အများယူဆထားကြသလို စတုံးဟောက်စ်မှာ ရေနစ်သေဆုံးသွားခဲ့ခြင်း မဟုတ်ပေ။ ၎င်းသားမှာ ရေထဲမှ ခြေရာဖျောက်ကာ မီယာမီကမ်းခြေမှ ပျောက်သွားခဲ့ပြီး ဖွန်တိန်ဘလူးဟိုတယ်အနီးသို့ ရောက်လာခဲ့သည်။ ထိုတိုက်ပျက်ကြီးထဲမှ ဝှက်ထားခဲ့သော လက်ဆွဲအိတ်ထဲမှ အဝတ်စုံတို့ကို ထုတ်၍ လဲလှယ်လိုက်သည်။ အိတ်ထဲ၌ ဝတ်စုံတို့အပြင် ငွေစက္ကူများ၊ ခရီးသွားချက်လက်မှတ်များ၊ ခရက်ဒစ်ကတ်စ်၊ ငွေစုငွေချေး

စာအုပ်များနှင့် ဂျိုးဇက်မတ်ခ်ဟာမ်အမည်ဖြင့် နိုင်ငံကူးလက်မှတ်တို့ ပါဝင်လေသည်။ အကြံသမား သေရွာပြန် စတုံးဟောက်စ်မှာ ထိုနေရာမှ တက္ကစီအငှားကားတစ်စီးဖြင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လစ်ခဲ့ပြီး လေယာဉ်တစ်စင်းဖြင့် ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့သို့ ယွန်းခဲ့သည်။ ထို့နောက် ဟိုတယ်တစ်ခု၌ ဂျိုးဇက်မတ်ခ်ဟာမ်အမည်ဖြင့် အခန်းတစ်ခန်း ငှားရန်းတည်းခိုခဲ့သည်။

နောက်ရက်သတ္တပတ်၌ ဩစတေးလျနိုင်ငံသို့ လေကြောင်းခရီးဖြင့် ခပ်တည်တည်ဖြင့် ခရီးဆက်ခဲ့သည်။ ထိုမှတစ်ဖန် ဟာဝေယန်ကျွန်း ဟိုနိုလူလူမြို့ရှိ ရာတန်ဟိုတယ် အခန်းနံပါတ် (၁၇၀၆)မှနေ၍ လန်ဒန်မြို့ဟိုတယ်တစ်ခု၌ နေထိုင်သော သူ၏အချစ်တော် အငယ်အနှောင်းကလေးရီလာဘတ်ကလေထံသို့ ဖုန်းဖြင့် နှစ်ခါတိတိ ဆက်သွယ် စကားပြောခဲ့သည်။ သူသည် ညဥ့်အခါ ဟိုနိုလူလူဟိုတယ် ညကလပ်များ၌ ယစ်မူးနေပြီး နေ့ဘက်၌ စင်ကာပူနိုင်ငံ ရှုမျှော်ခင်းကို မျက်စိပသာဒခံရင်း ဇိမ်ကျနေခဲ့သည်။ နိုဝင်ဘာလ (၂၇)ရက်နေ့၌ ဩစတေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့သို့ လေယာဉ်ဖြင့် ခရီးဆန့်ခဲ့ပြန်သည်။

ဩစတေးလျနိုင်ငံ၌ သူရောက်ရှိလာသောအချိန်မှာ ကမ္ဘာ့တောင်ဘက်ခြမ်း နွေရာသီကာလဖြစ်၍ ရာသီဥတုမှာ ပူပြင်းခြောက်သွေ့လှသည်။ ပျင်းပျင်းရှိတိုင်း နေပူစပ်ခါးသွားကာ လည်ပတ်နေ၍ သူ၏ အသားအရေတို့မှာ ညိုမောင်းစပြုနေသည်။ သူ့အချစ်တော် အငယ်အနှောင်းကလေးအား ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာ လိုက်ပါစမြဲကို သွားခေါ်ရလျှင် ကောင်းမည်။ မိမိ အများတကာကို လိမ်ညာစားပါ။ လှည့်စားပြီးခြေရာဖျောက်မြေလျှိုးခဲ့နိုင်မှု အောင်မြင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုသည့်အနေဖြင့် လန်ဒန်ဟိုတယ်မှ ရှီလာကို ဖုန်းဆက်ခေါ်ခဲ့လေသည်။

ဂျွန်သော်မဆင်စတုံးဟောက်စ်မှာ မိမိကို ဇမ္ဗူတလူ အထင်ရောက်နေခဲ့သူ ဖြစ်၏။ သူကျင်လည်ခဲ့သော နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်မှ သူ့မိတ်ဆွေအချို့ သူ၏ လိုမ့်လုံးဖြိုးလုံးတို့တွင် အငိုက်မိခဲ့ကြသည်။ လူနေချုံကြား၊ စိတ်နေဘုံဖျား ဆိုသည့် လူစားမျိုး ဖြစ်သည်။ သူ့စိတ်ကူး ဆန္ဒချင်ခြင်း၌ သန်းကြွယ်သူဌေးကြီး ဖြစ်ချင်သည်မှာ တစ်ပိုင်းသေနေသော်လည်း

ကြွေးပတ်လည်ဝိုင်းကာ ပြာပုံတိုးခဲ့သည်။ ရာရာစစ အင်္ဂလန်နန်းရင်းဝန်ကြီး (ဝန်ကြီးချုပ်) ဖြစ်လိုသည့် စိတ်ကူးဖြင့် ရူးနေခဲ့သူ စတုံးဟောက်စ်မှာ အဆုံး၌ လူလိမ်လူကောက်ဘဝဖြင့် ထောင်နန်းစံခဲ့ရသည်။

စတုံးဟောက်စ်သည် (၁၉၅၇)ခုနှစ်အတွင်းက သူ့ဘဝနိုင်ငံရေးသက်တမ်းကာလ၏ ပွဲဦးထွက် ဗြိတိသျှပါလီမန်အတွင်း လေဘာပါတီအောက်လွှတ်တော်အမတ် တစ်ယောက် ဖြစ်လာခဲ့သည်။ ထို့ပြင် ကက်ဘိနက် ဝန်ကြီးအဖွဲ့တွင် ရာထူးအဆင့်ဆင့် ရရှိခဲ့သည်။ ထိုအထဲတွင် စာတိုက်မင်းကြီးလည်း ဖြစ်ခဲ့ဖူးသည်။ သို့ရာတွင် ကံဇာတာညှိုးချိန်ရောက်ခဲ့ပြီမို့ (၁၉၇၀)ခုနှစ်အတွင်း၌ သူကိုယ်စားပြုသော လေဘာပါတီမှာ တန်ခိုးသြဇာ ကျဆင်းခဲ့သည်။ သူလည်း ရေမမြင့်၍ ကြာမတင့်နိုင်တော့ဘဲ ဗြိတိသျှပါလီမန် ကက်ဘိနက်အဖွဲ့တွင် အရေးမပါသည့်နေရာ၌သာ ရပ်တည်ခဲ့ရတော့သည်။ သူလည်း နိုင်ငံရေးလောက၌ မစားသာတော့ စီးပွားရေးလောကသို့ သန်းကြွယ်သူဌေးကြီး ဖြစ်ရမည် ဟူသော မျှော်လင့်ချက်ကို ရင်မှာပိုက်ကာ ခြေစုံပစ်ဝင်ခဲ့သည်။

စတုံးဟောက်စ်ဆိုသည့်လူမှာ လူကသာ ကလိန်ကကျစ် လေလုံးကတော့ ထွားသလားမပြောနှင့်။ တစ်နေ့ သူက သူ့ဇနီးသည် ဘာဘာရာအား စီးပွားရေး၊ ငွေရေးကြေးရေးသာ ဖူလုံလျှင် ပါတီနိုင်ငံရေးကို အချိန်ပြည့်ကြိုးပမ်းကာ လေဘာပါတီခေါင်းဆောင်ဖြစ်အောင် လုပ်ပြမည်ဟု လေလုံးမိုးလုံးထွားပြခဲ့သည်။ စတုံးဟောက်စ်မှာ သူ့ပင်ကို အစွမ်းအစထက် မတန်မရာတက်၍ မှန်းခဲ့ပြန်သည်။

စတုံးဟောက်စ်မှာ ငါးနှစ် သက်တမ်းကာလအတွင်း စီးပွားရေးကုမ္ပဏီပေါင်း (၂၀) တည်ထောင်ခဲ့ပြီး ပုဂ္ဂလိက ရောင်းဝယ်ရေးဘဏ်တစ်ခုလည်း ပါဝင်ခဲ့သည်။ ဖင်မနိုင်ဘဲ ပဲကြီးဟင်းစားမိလေပြီ။ သူဖွင့်လှစ်ခဲ့သမျှ ကုမ္ပဏီတစ်ခုပြီးတစ်ခု စီးပွားပျက်ခဲ့တော့သည်။ သူ၏လောက၊ သူ၏ကမ္ဘာ၊ သူ၏ အင်ပါယာလေးမှာ သက်ဆိုးရှည်နိုင်သမျှ တည်တံ့နေခဲ့သေးသည်။ သူကလည်း ယင်းသို့ တည်တံ့နိုင်သမျှ တည်တံ့အောင် ပါးနပ်လိမ္မာစွာဖြင့် ကုမ္ပဏီတစ်ခုနှင့်တစ်ခုအကြား ရန်ပုံငွေများ ထားရှိသောကြောင့် ဖြစ်၏။ အချိန်အခါမရွေး သူ၏ ကုမ္ပဏီတစ်ခုကို စာရင်းဝင်

စစ်ခဲ့သော် ငွေကွာဟမှု ရုတ်တရက် ရှာမတွေ့နိုင်။ အခြားကုမ္ပဏီမှ ငွေကြေးများ ချက်ချင်း ဖြည့်လိုက်နိုင်သောကြောင့် ဖြစ်ပါသည်။

ယင်းကုမ္ပဏီစာရင်းစစ်ဘေးမှ တိမ်းရှောင်သည့်စနစ်ကို "သက်ရှင်တည်တံ့ရေးစနစ်" ဟူ၍ ခေါ်ပါသည်။ ထိုစနစ်ဖြင့် သူ၏ ကုမ္ပဏီလုပ်ငန်းမှာ ဆုံးခန်းတိုင် ရပ်ဆိုင်းမသွားခဲ့သေးချေ။ နောက်ဆုံး၌ စတုံးဟောက်စ်မှာ ပေးဆပ်ရန် အကြွေးငွေ ပေါင်တစ်သန်းတိတိတွင် ရှိနေခဲ့သည်။ ဘဏ်နှင့် ငွေစုငွေကြေးကုမ္ပဏီများက ရရှိရန် ကြွေးငွေစုစုပေါင်း စတာလင်ပေါင် (၃၇၅,၀၀၀)ပေးဆပ်ရန် တောင်းဆိုခဲ့ကြသည်။ စတုံးဟောက်စ်လည်း ကြွေးငွေများကို အပြေအလည် ပြန်လည်ဆပ်ပါမည်ဟု ကတိခံဝန်စာချုပ် လက်မှတ်ရေးထိုးလိုက်ရတော့သည်။ သူလူလည်ကျခဲ့သမျှ မူလအစီအစဉ် ကုမ္ပဏီလက်ကျန်ငွေကို ငွေပေါင် (၇၂၉,၀၀၀)ရှိနေသေးကြောင်း စာရင်း လိမ်ပြရန် မတတ်နိုင်တော့ချေ။

(၁၉၇၄)ခုနှစ် ရောက်လာသဖြင့် စတုံးဟောက်စ် သိနေခဲ့သည်မှာ မကြာမီ ကုန်သွယ်ရေးဌာနဆိုင်ရာ စာရင်းစစ်အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း မိမိ လိမ်လည်လှည့်ဖြားခဲ့သမျှ ဘူးပေါ်သလို ပေါ်သွားကာ လူပုံအလယ်၌ လူလိမ်လူကောက်တစ်ယောက်အဖြစ် တံတွေးခွက် ပက်လက်မျောရတော့မည့်ကိန်း ဆိုက်တော့မည် ဖြစ်၏။ သူ တည်ထောင်ခဲ့သောကုမ္ပဏီများ ပြိုလဲတော့မည့် အခြေဆိုက်နေကြောင်း သိရသည်။ သူ၏ ဂုဏ်သိက္ခာတို့လည်း ပျက်စီးခြင်းငါးပါးမှောက်ကာ နာမည်ပျက်ရပေတော့မည်။ ထို့ထက် အဆိုးဝါးဆုံးမှာ လိမ်လည်မှုဖြင့် တရားစွဲဆို အပြစ်ပေး အစီရင်ခံရတော့မည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်၏။ ယခုလို အချိန်မျိုး၌ သူ အားအကိုးဆုံး၊ အယုံကြည်ဆုံးမိတ်ဆွေရင်းချာ ဆို၍ သူ၏ဇနီး မယားငယ်လေးသာ ဖြစ်ကြောင်း သူသည် စဉ်းစားမိခဲ့သည်။

စတုံးဟောက်စ်၏ဇနီး မစ္စစ်ဘာကလေမှာ ခင်ပွန်းသည်ထက် အသက် (၂၀)ခန့်ငယ်သည်။ သူမခင်ပွန်း စတုံးဟောက်စ် ဗြိတိသျှနိုင်ငံ နည်းပညာဆိုင်ရာ ပြည်နယ်ဝန်ကြီး ဖြစ်ခဲ့စဉ်က သူမမှာ သူ၏ ကိုယ်ရေးအတွင်းဝန် အဖြစ် လုပ်ကိုင်ပေးခဲ့သည်။ ရှီလာခေါ် မစ္စစ်ဘာကလေမှာ နက်မှောင် ရှည်လျားသည့် ပိတုန်းရောင်ကေသာ၏ ကောင်းခြင်း၊ ရာမလေးကိုင်း

သဖွယ် လှပသောနှုတ်ခမ်း၊ သောက်ရှူးကြယ်ညီနောင်ပမာ တဖျပ်ဖျပ် တောက်ပတက်ကြွနေသည့် မျက်လုံးပိုင်ရှင်၊ လှယမင်းလေး ဖြစ်၍လည်း ဗြိတိသျှလွှတ်တော်၌ အခြေသတင်းကြီးရွှေမင်းသမီးလေး ဖြစ်နေခဲ့သည်။ မည်သူတို့က မည်သို့ပင် အလှဦးယစ်မူးနေကြစေကာမူ အချစ်လင်မောင် တော် စတုံးဟောက်စ်ကလွဲလျှင် ဖွဲဆန်ကွဲသာ မှတ်ယူထားသည်။

ရှီလာဘာကလေမှာ ခင်ပွန်းဖြစ်သူနှင့် (၁၉၇၃)ခုနှစ် လင်ခန်း၊ မယားခန်း ပြတ်စဲခဲ့ကြပြီး မနီးမဝေးတိုက်ခန်းတစ်ခန်းသို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ထို့နောက် မြာပွေသူ အမတ်မင်း စတုံးဟောက်စ်နှင့် မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိ ခဲ့ကြလေတော့သည်။ ဤသို့ ဖြင့် အမတ်မင်း၏ အိမ်တစ်ဆောင်မီးတစ်ပြောင်နှင့် အငယ်အနှောင်း အချစ်ဘူးကလေး ဖြစ်လာခဲ့သည်။ သူမ လင်တော်မောင် စတုံးဟောက်စ် အား ချစ်စနိုးဖြင့် "ဒမ်ဒမ်" ဟူ၍ ခေါ်ဝေါ်ခဲ့သည်။

ရှီလာဘာကလေမှာ ပထမအိမ်ထောင်နှင့် အငယ်အနှောင်းထားမှု ဖြင့် (၁၉၇၃)ခုနှစ်တွင် တရားဝင်ရုံးတက် ပြတ်စဲခဲ့ကြသည်။ ထို့နောက် သူ့ချစ်သူ ဒမ်ဒမ်နှင့် တိတ်တခိုးလေး ပေါင်းစည်းနေထိုင်ကြပြီး စတုံး ဟောက်စ် အကြွင်းအကျန် ကုမ္ပဏီကို တတ်နိုင်သမျှ ဆက်လက် လုပ်ရှား လုပ်ကိုင်သွားကြရန် ကြံစည်ခဲ့ကြသည်။ သူ၏ အဆုံးစွန် အကြံအစည်မှာ ဆွမ်ဇာလန်နိုင်ငံနှင့် ဩစတေးလျနိုင်ငံဘဏ်တို့မှ ငွေတို့ကို ကဲ့ထုတ်သွားပြီး နယူးဇီလန်နိုင်ငံ၌ သူနှင့် တိတ်တခိုးချစ်သူသက်ထား ရှီလာတို့ လူသစ် စိတ်သစ် နာမည်သစ်နှင့် တူနှစ်ကိုယ် တဲအိုပျက်မှာနေရ ရွှေဘုံပေါ်မှာ စံရ ချစ်တာချစ်တာ ပဓာန အေးအတူ ပူအမျှ နေထိုင်သွားကြရန်ပင် ဖြစ်ပါသည်။

ပထမခြေလှမ်းအနေဖြင့် သူကျင်လည်ရာ အင်္ဂလန်နိုင်ငံရေး၊ စီးပွား ရေးနယ်ပယ်မှ စတုံးဟောက်စ်ဘဝကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်။

ဒုတိယအနေဖြင့် လက်ရှိလောကမှ တကယ် ကွယ်လွန်သွားခဲ့သော သူတစ်ယောက်၏အမည်ကို ခံယူရန် ရှာဖွေနေမည် ဖြစ်၏။ အင်္ဂလန်၊ စတက်ဖို့ရှိုင်းယားပြည်နယ်၊ ဝေါလ်ဆောက်စ်မြို့နယ်အတွင်းရှိ ဆေးရုံ တစ်ရုံမှ မိမိနှင့် သက်တူရွယ်တူတို့၏ အမည်နာမ၊ ရောဂါ၊ အလုပ်အကိုင်

အကျဉ်းကိုယ်ရေးသမိုင်းကို လှည့်ပတ်တောင်းခဲ့သည်။ သူက ဆေးရုံအုပ်ချုပ်ရေးပိုင်းသို့ မိမိ ဤသို့ တောင်းဆိုခြင်းမှာ ထိုကွယ်လွန်ခဲ့ကြသူတို့၏ကျန်ရစ်သူ ဇနီးမုဆိုးမတို့အား ငွေကြေးလှူဒါန်းသဂြိုဟ်ထောက်ပံ့ရန် ကွင်းဆင်းလေ့လာ ပြုစုရန်ဖြစ်ကြောင်း အတည်ပေါက်ဖြင့် လိမ့်ခဲ့သည်။ ဆေးရုံအုပ်ချုပ်သူတို့ထံမှ ဆေးရုံတက်လူနာထဲမှ ကွယ်လွန်သွားခဲ့ကြသူ နှစ်ဦး၏ အမည်နှင့် ရောဂါ၊ အိမ်ထောင်ရေးသမိုင်းတို့ကို ရရှိခဲ့ပေသည်။

သို့နှင့် အကြံသမား စတုံးဟောက်စ်လည်း ဆေးရုံတွင် ကွယ်လွန်သွားသော မစ္စတာဂျိုးဇတ်မတ်ခ်ဟမ်၏ ဇနီးမုဆိုးမ မစ္စစ်ဂျင်းမတ်ခ်ဟမ်ထံသွားရောက် လည်ပတ်ခဲ့သည်။ အတည်ပေါက်ဖြင့် ဆေးရုံတွင် လိမ့်ခဲ့သော ကလိမ်စေ့ငြမ်းဆင် လန်ကျူတ်ဇာတ်လမ်းခင်းကာ မိမိမှာ သူမ၏ ရက်သတ္တပတ်မကြာမီက နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့သော အသက် (၄၁)နှစ် မစ္စတာဂျိုးဇတ်အတွက် ဝမ်းနည်းကြေကွဲရပါကြောင်း စသဖြင့် ပြောကြားပြီး ငွေကြေးအသင့်အတင့် ထောက်ပံ့ခဲ့သည်။ ထို့နောက် ကွယ်လွန်သူ မစ္စတာဂျိုးဇတ်နှင့် ပတ်သက်သည့် ကိုယ်ရေးသမိုင်းတို့ကို မုဆိုးမ မစ္စစ်မတ်ခ်ဟမ်ထံမှ အစ်အောက်လှည့်ပတ်မေးကာ မှတ်သားခဲ့သည်။ သူအထူးသိချင်နေသည့်ကိစ္စမှာ မစ္စတာဂျိုးဇတ်မတ်ခ်မှာ နိုင်ငံခြားပြည်ပသွားစရာကိစ္စ တစ်စုံတစ်ရာ မရှိခဲ့သူဖြစ်၍ နိုင်ငံကူးလက်မှတ် ပတ်စ်ပို့ မရှိခဲ့ကြောင်းပင် ဖြစ်သည်။ သူလည်း ရို့ရို့ကလေး ပြန်လာခဲ့သည်။

ထို့နောက် မုဆိုးမ မစ္စစ်အယ်လ်ဆီမီလ်ဒွန်းထံသွားကာ ထိုနည်းတူများမကြာမီက ကွယ်လွန်သွားခဲ့သော ခင်ပွန်းဖြစ်သူ မစ္စတာဒေါ်နဲလ်မိလ်ဒွန်းအကြောင်း စုံစမ်းခဲ့ပြန်သည်။

စတုံးဟောက်စ်မှာ အစစအရာရာ အဆင်ပြေနေခဲ့သည်။ ဆေးရုံ၌ကွယ်လွန်သွားခဲ့ကြသူ အမျိုးသားနှစ်ဦး၏ သေစာရင်းလက်မှတ် နှစ်စောင်ကိုလည်း ရရှိခဲ့သည်။ အားလုံး ပြီးစီးသွားပြီဖြစ်၍ သူလည်း မစ္စတာမတ်ခ်ဟမ်အမည်ဖြင့် နိုင်ငံကူးလက်မှတ်တစ်စောင် သက်ဆိုင်ရာ လူမှုကြီးကြပ်ရေးဌာနသို့ လျှောက်ထားခဲ့သည်။ ပတ်စ်ပို့ဓာတ်ပုံကို ဆံပင် နောက်လှန်ဖြီးကာ လည်ကတုံးရှပ်အင်္ကျီဖြင့် ရိုက်ကူးပေးခဲ့သည်။ ဓာတ်ပုံထဲ၌ ကိုင်း ဆက်ကြီးကြီး အဝေးကြည့်မျက်မှန်ကြီးတစ်လက် တပ်ဆင်ပြီး သူ၏ရုပ်ကို

ဖျက်ထားခဲ့ခြင်း ဖြစ်သည်။ ထို့နောက် နိုင်ငံကူးလက်မှတ် လျှောက်ထားသူ မစ္စတာဂျိုးဇတ်မတ်ခ်ဟမ်မှာ ဓာတ်ပုံရှင်ဖြစ်ကြောင်း မှန်ကန်ပါသည်ဟု ပြည်သူ့လွှတ်တော်အမတ် နေးလ်အက္ကာဘရိုက်အနေဖြင့် လက်မှတ်ရေးထိုးခဲ့သည်။ စတုံးဟောက်စ်မှာ ဂျင်ပေါ် ကထုံး ဖြစ်၍ အစစအရာရာ မလစ်ဟင်းရအောင် ကြိုတင်စုံစမ်းထားပြီး ဖြစ်၏။ တကယ့် ပြည်သူ့လွှတ်တော် ပါလီမန်အမတ် အက္ကာဘရိုက်မှာ ကင်ဆာရောဂါဝေဒနာဖြင့် သေငယ်ဇော မြောနေကြောင်း သိရှိထားခဲ့သည်။ မှန်ပါသည်။ နောက် (၂)လအကြာ၌ ကွယ်လွန်သွားခဲ့သည်။

(၁၉၇၄)ခုနှစ် ဩဂုတ်လ (၂)ရက်နေ့၌ နိုင်ငံကူးလက်မှတ်ဌာနမှ မှတ်ပုံတင်နံပါတ် ဂျိုးဇက်အာဆာမတ်ခ်ဟမ်အမည်ဖြင့် ပတ်စ်ပို့နိုင်ငံကူးလက်မှတ်တစ်စောင် ထုတ်ပေးခဲ့လေသည်။ ဤသို့ဖြင့် စတုံးဟောက်စ်မှာ မှတ်ပုံတင်အသစ်၊ ဘဝသစ်ဖြင့် ရပ်တည်နေနိုင်ခဲ့သည်။

သူဖန်တီးတည်ဆောက်ခဲ့သော ဂျိုးဇက်အာဆာမတ်ခ်ဟမ် သက်ရှိထင်ရှားရှိကြောင်း ပြသရန် လန်ဒန်မြို့ အပေါစားဟိုတယ်တစ်ခု၌ ကိုယ်ပိုင်အခန်းတစ်ခု ငှားရမ်းပြီး ဂျေ၊ အေမတ်ခ်ဟမ် ထုတ်ကုန်သွင်းကုန် အတိုင်ပင်ခံအရာရှိ စီးပွားရေးကိစ္စ ဆက်သွယ်ရန် လိပ်စာဟူ၍ အမည်တပ်ထားလေသည်။ ထို့ပြင် မတ်ခ်ဟမ်အမည်ဖြင့် ဘဏ်စာရင်းတစ်ခုဖွင့်ကာ ငွေအချို့ သွင်းထားခဲ့ပြီး လန်ဒန်မြို့ နယူးဆောက်ဝေးဘဏ် အခြား မတ်ခ်ဟမ်ဘတ်သို့ ငွေများ လွှဲပြောင်းခဲ့ပြန်သည်။ ယင်းသို့ ပိပိရိရိ ယုတ္တိယုတ္တာရှိအောင်လုပ်ခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံသို့ လေယာဉ်ဖြင့် ခရီးနှင်ခဲ့သည်။ သူ၏ ဆွမ်ဇာလန်အထူးဘဏ်၌ ငွေလုံးကြေး အမြောက်အမြား အပ်နှံခဲ့ပြန်သည်။ ကွယ်လွန်သူ မစ္စတာဂျိုးဇက်အာဆာမတ်ခ်ဟမ် အမည်အငှားဖြင့် အမေရိကန်အိတ်စ်ပရက်စ်ငွေစုငွေချေး ကုမ္ပဏီအသင်းဝင်ကတ်တစ်စောင် လုပ်ထားခဲ့သည်။

(၁၉၇၃)ခုနှစ် နိုဝင်ဘာလ၌ စတုံးဟောက်စ်သည် မိမိ နဂိုကိုယ်ပိုင်နာမည်ဖြင့် ဘဏ် (၁၇)ခု၌ ငွေစာရင်း (၂၇)မျိုး ဖွင့်ထားခဲ့သည်။ ထိုနည်းတူစွာ သူခံယူထားသော လူသစ် ကွယ်လွန်သူနှစ်ဦး ဖြစ်ကြသော မတ်ခ်ဟမ်ဖြင့် လည်းကောင်း၊ မီးလ်ဒွန်အမည်ဖြင့် လည်းကောင်း ဘဏ်စာရင်း

(၉)ခုဖြင့် ဖွင့်လှစ် အပ်နှံထားခဲ့လေသည်။ သူပျောက်ဆုံးကွယ်လွန်ခဲ့ပြီ ဖြစ်ကြောင်း ပိပိရိရိ ယုတ္တိဆင်ခဲ့ပြီးလေပြီ။ သို့သော် အဓိကရ စမ်းသပ်မှု တစ်ခု ဆောင်ရွက်စရာ ကျန်နေပါသေးသည်။

နိုဝင်ဘာလ (၆)ရက်နေ့၌ လေယာဉ်ခရီးဖြင့် မီယာမီသို့ လာခဲ့သည်။ ခရီးထွက်ခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ ကုန်သည်ဘဏ်မှ ငွေ အခက်အခဲ ဖြစ်နေသော အကြီးအကျယ် ရင်းနှီးမြှုပ်နှံထားသော ငွေတို့ကို ထုတ်ယူရန် ကြိုးပမ်းကြည့်ရန် ဖြစ်သည်။ မီယာမီဆိပ်ကမ်းသာ၌ မစ္စစ်ဖလီးမင်းနှင့် စကားစမြည် ပြောကြည့်ခဲ့သေးသည်။ သူ့နာမည်ကို မတ်ခ်ဟမ် အနေဖြင့်သာ ဆက်သွယ်ခဲ့သည်။ လေယာဉ်လက်မှတ်ကိုလည်း မတ်ခ်ဟမ် ငွေစုလက်မှတ်ဖြင့်သာ ဝယ်ယူခဲ့သည်။ မည်သူမျှ သူ့အား သင်္ကာမကင်း မဖြစ်ခဲ့ကြပေ။ မိမိ နာမည်လိမ်ဖြင့် သေရွာပြန်လာခဲ့ခြင်းမှာ အောင်မြင်ခဲ့ကြောင်း သိလိုက်ရသည်။

နောက် (၁၀)ရက်ကြာပြီးနောက် မီယာမီသို့ သူ၏ စီးပွားရေးလုပ်ငန်း လက်စသတ်ရန် လာခဲ့ပြန်သည်။ ဤအခေါက်၌ သူ၏ မူလကိုယ်ပိုင် စတုံးဟောက်စ်ပတ်စ်ပို့ဖြင့် လာခဲ့ကာ သူ ရုတ်တရက် ပျောက်သွားခြင်းကို ဆင်သေကို ဆိတ်သားရေဖြင့် လှည့်စားရန် ဖြစ်သည်။ တစ်ရက်အကြာ၌ မီယာမီဆိပ်ကမ်းသာရဲစခန်းမှ ရဲအဖွဲ့ဝင်တို့က လန်ဒန် ရဲအဖွဲ့ကြီးသို့ ဆက်သွယ်ကာ "အမတ်မင်း ဂျွန်စတုံးဟောက်စ်မှာ ကွယ်လွန်ခဲ့ပြီ"ဟု သတင်းပို့ခဲ့ကြသည်။

လူလိမ်သေရွာပြန် ဂျွန်စတုံးဟောက်စ်ကတော့ ခပ်တည်တည်ဖြင့် မတ်နေတုန်းပင် စင်စစ် သူ့အဖို့ အတိတ်နိမိတ်မကောင်းသည်ကို သူ မရိပ်မိခဲ့ပေ။

သို့နှင့် ဩစတေးလျသို့ ပြန်ရောက်ခဲ့ပြီး နောက်နေ့၌ မဲလ်ဘုန်းမြို့ ကောလင်းလမ်းရှိ နယူးဆောက်ဝေးလ်စ်ဘဏ်သို့ ထွက်ခဲ့သည်။ လန်ဒန် ဘဏ်မှ လွှဲပြောင်းပေးပို့မည့် မတ်ခ်ဟမ်နာမည်ဖြင့် ဩစတေးလျနိုင်ငံသုံး ဒေါ်လာ (၂၁,၅၀၀)ကို ထုတ်ယူခဲ့ပြီး နယူးဇီလန်ဘဏ်သို့ မီးလ်ဒွန်းအမည် ဖြင့် မိတ်ဆက်ခဲ့သည်။ သူ့လာရင်းကိစ္စဖြစ်သော အခြားဘဏ်မှ ငွေများ ကို နယူးဇီလန်ဘဏ်၌ လွှဲပြောင်းအပ်နှံလိုကြောင်း ဖွင့်ဟတိုင်ပင်ခဲ့သည်။

ထို့နောက် ငွေသား‌ဒေါ်လာ (၂၁,၅၀၀)ကိုလည်း ဘဏ်စာရင်းဖွင့်လို ကြောင်း ပြောကြားခဲ့၏။

နယူးဇီလန်ဘဏ်မှ သူစာရင်းဖွင့်အပ်နှံသည့်ငွေများကို ရေတွက်ခဲ့၏။ ဘဏ်အမှုထမ်းမှာ အသက် (၂၂)နှစ်အရွယ် ဘရန်ရန်ကင်း ဆိုသူ ဖြစ်သည်။ ထို့နောက် မစ္စတာကင်းလည်း နေ့လယ်စာ စားသောက်အပြီး ဘဏ်သို့ ပြန်အလာ စောစောက မစ္စတာမီးလ်ဒွန်းဆိုသူအား နယူးဆောက် ဝေးလ်ဘဏ်မှ ထွက်လာပြီး မိမိတို့ နယူးဇီလန်ဘဏ်သို့ ခပ်သုတ်သုတ် လျှောက်သွားနေသည်ကို တွေ့လိုက်ရသည်။ ဘဏ်ရောက်သောအခါ မစ္စတာမီးလ်ဒွန်း ငွေသားဒေါ်လာ (၂,၀၀၀)အပ်နှံနေသည်ကို တွေ့လိုက် ရသည်။

လူရွယ်ကင်းစိတ်ထဲ ထိုသူအား မသင်္ကာ ဖြစ်လာခဲ့သည်။ သူ့ဘဏ် အထက်အရာရှိအား အကျိုးအကြောင်း ပြောပြခဲ့သည်။ ဘဏ်အရာရှိ လည်း ချက်ချင်း နယူးဆောက်ဝေးလ်ဘဏ်သို့ ဖုန်းကောက်ဆက် မေးမြန်း ခဲ့သည်။ ဘဏ်မှ "ဟင့်အင်း ကျွန်တော်တို့ဘဏ်မှာ ခင်ဗျား ပြောနေတဲ့ မီးလ်ဒွန်း ဆိုတာ ငွေတစ်ခါဖူးမှ မအပ်ခဲ့ပါဘူး၊ အဲ. . . နို့ပေမယ့် မကြာ သေးမီကမှ ရောက်လာတဲ့ လူသစ်မျက်နှာစိမ်း ဗြိတိသျှအမျိုးသား သူ့နာ မည်က မတ်ခ်ဟမ်တဲ့၊ သူကတော့ ငွေသား အတော်များများ ကျုပ်တို့ ဘဏ်က ထုတ်ယူသွားလေရဲ့" ဟူ၍ ပြန်ကြားခဲ့သည်။

ထို့နောက် နယူးဇီလန်ဘဏ်အရာရှိလည်း ဩစတေးလျနိုင်ငံ၊ ဇစ် တိုးရီးယားပြည်နယ် ရဲအဖွဲ့သို့ သတင်းပို့ခဲ့သည်။ ထိုအချိန်မှစ၍ စတုံး ဟောက်စ်ခေါ် မတ်ခ်ဟမ်ခေါ် မီးလ်ဒွန်းအား ရဲတို့ မျက်လုံးဒေါက်ထောက် ကြည့်နေခဲ့ကြသည်။ ရဲတို့ ကြာကြာမစောင့်ဆိုင်းလိုက်ရပါ လူလိမ် မတ်ခ် ဟမ် သို့မဟုတ် မီးလ်ဒွန်းတစ်ဖြစ်လဲ စတုံးဟောက်စ် နောက်ထပ် ခြေတစ် လှမ်း, လှမ်းခဲ့သည်။ ထိုနေ့၌ပင် စတုံးဟောက်စ်သည် မဲလ်ဘုန်း လေဆိပ်၌ လေယာဉ်ဖြင့်ပင် မောဂင်မြို့သို့ ရှီလာဘတ်ကလေနှင့် တိတ်တဆိတ် တွေ့ဆုံရန် ထွက်ခွာခဲ့လေသည်။

ဒီဇင်ဘာလ (၁၀)ရက်နေ့၌ မဲလ်ဘုံးမြို့သို့ ပြန်ခဲ့သည်။ စတုံး ဟောက်စ် သူ ငွေအပ်နှံထားရာသို့ ထွက်သွားခိုက် သူ့အခန်းသို့ စုံထောက်

ဆာဂျင်ဂျွန်ကော့ဖ်ဖေး ဦးဆောင်သည့် မဲလ်ဘုန်း လူလိမ်လူကောက် ထောက်လှမ်းရှာဖွေရေး မှုခင်းတပ်ဖွဲ့မှ ဝင်ရောက်ရှာဖွေခဲ့ကြသည်။ သို့ရာတွင် မတ်ခ်ဟမ် ဆိုသူနှင့် ပတ်သက်၍ မှုခင်းဆိုင်ရာ စွပ်စွဲစရာ ဘာတစ်ခုမှ ရှာမတွေ့ခဲ့ချေ။ ဓာတ်ပုံအယ်လဘမ်အုပ် တစ်အုပ်မှာမူ သူ့အား စွဲဆောင်မှု အပေးဆုံး ဖြစ်ခဲ့သည်။ ဓာတ်ပုံထဲ၌ စုံတွဲများ ဟိုတယ်ကြီးတစ်ခုထဲမှ ထွက်လာပုံ ရိုက်ကူးထားခြင်း ဖြစ်သည်။ ယင်း ဟိုတယ်ကြီးကို မိမိကိုယ်တိုင် ကိုယ်ပိုင်ကင်မရာဖြင့် ဓာတ်ပုံရိုက်ကူးခဲ့ဖူးသည်။ လွန်ခဲ့သည့် အနှစ် (၂၀)က ကော့ဖေးမှာ ပင်လယ်ကူး လူစီး အမြန်သင်္ဘောတစ်စီး၌ ဘဏ္ဍာစိုးအဖြစ် အမှုထမ်းခဲ့ဖူးသည်။ သူ ရောက်ရှိဓာတ်ပုံရိုက်ခဲ့ဖူးသည့် ဟိုတယ်ကြီးမှာ မီယာမီဆိပ်ကမ်းသာမှ ဖွန်တိန်ဘလူးပင် ဖြစ်သည်။

သို့နှင့် စုံထောက်ရဲကြပ်ကြီး ကော့ဖ်ဖေးလည်း စတုံးဟောက်စ် နောက် အရိပ်ပမာ တစ်နေ့ (၂၄)နာရီမပြတ် နောက်ယောင်ခံခဲ့သည်။ သူ့လှုပ်ရှားသွားလာမှုနှင့် ပတ်သက်၍ သင်္ကာရန့်မကင်းစရာ ဘာတစ်ခုမှ မတွေ့ရ။ သူ၏ နိစ္စဓူဝ ပုံမှန်လုပ်ရပ်တစ်ခုမှာ လမ်းလျှောက်ထွက်ပြီး နေ့စဉ်ထုတ် တိုင်းသတင်းစာဝယ်ခြင်း ဖြစ်သည်။ သူတည်းခိုရာအခန်းသို့ ပြန်ရောက်သည့်အထိ မအောင့်မအည်းနိုင်ဘဲ လမ်းထောင့်၌ မိုးတိုးမတ်တတ်နှင့်ပင် သတင်းစာကို ဖတ်ရှုခြင်းပင် ဖြစ်သည်။

စုံထောက်ကြီး ကော့ဖ်ဖေးလည်း နေ့စဉ်ထုတ်သတင်းစာများ ဝယ်ယူပြီး အင်္ဂလိပ်ငနဲ သဲကြီးမဲကြီး ရှာဖွေနေသည့်သတင်းကို စူးစမ်းဖတ်ရှုတော့သည်။ သူ ရှာဖွေတွေ့ရှိခဲ့သည့် သတင်းစာထဲမှ ထူးထူးခြားခြား သတင်းဆိုလျှင် လော့ဒ်ကူကင် ဆိုသူ အခြား ဗြိတိသျှအမျိုးသား ပျောက်ဆုံးနေသည့် သတင်းပင် ဖြစ်သည်။ ထိုအမျိုးသားမှာ သူ၏ မိသားစုများကို သတ်မှုဖြင့် ရဲအဖွဲ့မှ အလိုရှိသော တရားခံ လူသတ်သမားအကြောင်း သတင်းပင် ဖြစ်သည်။

ရဲကြပ်ကြီး ကော့ဖ်ဖေး သဘာဝအတိုင်း ယခု သူ့အရိပ်ပမာခြေရာခံနေသည့် မစ္စတာမတ်ခ်ဟမ်နှင့် သတင်းစာပါ ထွက်ပြေးတိမ်းရှောင်နေသော လူသတ်သမား လော့ဒ်ကူကင် ဆိုသူတို့မှာ တစ်ဦးတည်းတစ်ယောက်တည်းပင် ဖြစ်ရမည်ဟု ယူဆခဲ့သည်။ သို့သော် နောက် (၃)ရက်ကြာပြီး

မီယာမီကမ်းခြေဆိပ်ကမ်း ဖွန်တိန်ဘလူးဟိုတယ်မှ ရုတ်တရက် ပျောက်ခြင်းမလှ ပျောက်သွားခဲ့သော အင်္ဂလိပ်လူမျိုး ပါလီမန်အမတ် ဂျွန်စတုံးဟောက်စ်၏ သတင်းကို စုံစမ်းထောက်လှမ်းဆဲသတင်းကို ဖတ်ရှုလိုက်ရပြန်သည်။ ချက်ချင်း ကော့ဖ် ထိုသူ့အခန်း ဝင်ရှာဖွေခဲ့စဉ်က အမှတ်မထင်တွေ့ခဲ့သော ဓာတ်ပုံအယ်လ်ဘမ်ကို ပြေးအမှတ်ရမိလိုက်သည်။

သို့နှင့် ဩစတေးလျနိုင်ငံ၊ ဗစ်တိုးရီးယားပြည်နယ် ရဲအဖွဲ့သည် လန်ဒန်မြို့၊ စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကြီးသို့ ဆက်သွယ်၍ လူပျောက်နှင့် လူသတ်တရားခံ ဝရမ်းပြေးကူတင်နှင့် စတုံးဟောက်စ်တို့၏ ဓာတ်ပုံနှစ်ပုံကို လေကြောင်းစာပို့ဖြင့် အလျင်အမြန် ပို့ပေးရန် အကြောင်းကြားကြသည်။ စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ စတုံးဟောက်စ်၏ ညာခြေသလုံးပေါ်၌ ရှည်လျားသည့် အမာရွတ်ကြီးတစ်ခုရှိကြောင်း သတင်းပေးခဲ့သည်။

(၁၉၇၃)ခုနှစ် ဒီဇင်ဘာလ (၂၄)ရက် ခရစ္စမတ်အကြိုနေ့ နံနက်၌ စုံထောက်ကြီး ကော့ဖ်ဖေးနှင့် စုံထောက်အဖွဲ့ဝင်တို့ ခြောက်လုံးပြူးကိုယ်စီခါး၌ဆင်ပြီး မစ္စတာမတ်ခ်ဟမ် ဆိုသူအား သူတည်းခိုရာအခန်းမှ သွားရောက် လက်ရဖမ်းဆီးခဲ့ကြသည်။ ပထမ၌ စတုံးဟောက်စ်မှာ စုံထောက်အရာရှိတို့ မေးမြန်းသည့်မေးခွန်းတို့ကို မဖြေဘဲ ဘူးခံနေခဲ့သေးသည်။ စကော့တလန်ယာဒ်မှ သတင်းပေးပို့ချက်အရ သူ၏ ညာခြေသလုံးပေါ်မှ အမာရွတ်ကို လှန်လှောကြည့်၍ အခြေခိုင်တော့မှ မိမိမှာ စတုံးဟောက်စ်ပင်ဖြစ်ကြောင်း ဝန်ခံခဲ့လေသည်။

တရားခံပြေး စတုံးဟောက်စ်ခေါ် မတ်ခ်ဟမ်ခေါ် မီးလ်ဒွန်း၏ အိတ်ကပ်ထဲမှ မီးလ်ဒွန်းသို့ဟူ၍ လိပ်စာတပ်ထားသော စာတစ်စောင် ရှာဖွေတွေ့ရှိခဲ့သည်။ စာထဲ၌ "ချစ်ရလွန်းတဲ့ ဒမ်စ်. . . မောင်နဲ့ ဝေးနေရတာ တစ်ရက်ကို တစ်ကမ္ဘာတောင် ထင်မိပါတယ်၊ တို့နှစ်ယောက်ဘဝဟာ အထီးကျန် ဆန်လွန်းလှပါတယ်။ ဒီလိုပဲ တစ်သက်လုံး နေသွားရမှာလားရှင်ရယ်"ဟူ၍ ရှီလာဘာကလေထံမှ လွမ်းစာခွေ ဖြစ်ပါသည်။ ထိုစာမှာ စတုံးဟောက်စ် ကြွေးမြီပြဿနာမှ ခြေရာဖျောက် တိမ်းရှောင်ထွက်ပြေးနေစဉ် သူမထံမှ ပေးစာများအနက် တစ်စောင် ဖြစ်သည်။

မဲလ်ဘုန်းမြို့၌ စတုံးဟောက်စ်အား ဖမ်းမည့်နေ့က သူလန်ဒန်မြို့ရှိ သူ့ဇနီး ဘာဘာရာထံသို့ တယ်လီဖုန်းဆက်ခဲ့သေးသည်။ ယင်းဖုန်းထဲမှ ဆက်သွယ်စကားပြောခဲ့ကြသည့်အသံကို သက်ဆိုင်ရာစုံထောက်အဖွဲ့ဝင်တို့ တိတ်တဆိတ် အသံသွင်းယူထားခဲ့ကြသည်။ သူတို့ လင်မယားနှစ်ယောက်စလုံး အလျှင်း မသိကြပေ။ ဖုန်းထဲ၌ စတုံးဟောက်စ်က သူ့ဇနီးအား သူစိတ်ရှုပ်ပေါက်ပြီး ဘာတွေ လုပ်ခဲ့မိလို့ လုပ်ခဲ့မိမှန်း မသိ။ ယင်းသို့ လုပ်မိကိုင်မိသည့်အတွက် အနူးအညွတ် တောင်းပန်ကြောင်း၊ ယခုအခါ လူသစ်စိတ်သစ် ဘဝသစ်ထူထောင်ကြရန် ဘဝဟောင်းနဲ့ နာမည်ဟောင်းကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပြီး အမည်သစ် လူသစ် တရားဝင်မှတ်ပုံတင်လည်း ဖန်တီးပြီးပြီဖြစ်ကြောင်း ပြောကြားခဲ့လေသည်။

စတုံးဟောက်စ်က ဘာဘာရာအား ဖုန်းထဲမှ နောက်ဆုံး တောင်းပန်တိုးလျှိုး မှာကြားခဲ့သည့်စကားမှာ အံ့သြစရာ ကောင်းလွန်းနေသည်။ သူစွန့်ပစ်ထားသည့် ဇနီးသည် ဘာဘာရာအား သူ၏ မယားငယ်လေး ရှီလာကိုပါ တစ်ပါတည်းခေါ်ခဲ့ရန် မဲလ်ဘုန်းသို့ လေယာဉ်စီးလာရန် ဖြစ်သည်။ ဖုန်းထဲ၌ သူက "ဒီမှာ ဘာဘာရာ၊ ရှီလာလေးပါ ခေါ်လာခဲ့ပါကွာ၊ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသလို တို့တစ်တွေ သင့်သင့်မြတ်မြတ် အတူပေါင်းသင်းနေကြတာပေါ့နော် ဟုတ်လား။ တကယ်လို့များ နိုင်ငံသားအဖြစ် လျှောက်ထားတဲ့ကိစ္စကို ဩစတေးလျအစိုးရအာဏာပိုင်တို့ ခွင့်ပြုမယ်ဆိုရင်တော့ အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကား ဆိုသလိုပေါ့။ ဒီမှာပဲ ဘဝသစ် စကြတာပေါ့။ ဟုတ်ဖူးလား ဘာဘာရာ"ဟူ၍ ဇနီးသည်အား ပျားရည်ဖြင့် ဝမ်းချခဲ့သည်ကို ကြားသိခဲ့ကြရသည်။

ထို့ပြင် စတုံးဟောက်စ်က ဇနီးသည်အား အသက် (၁၄)နှစ်သားသားငယ် မက်သရူးအား သူ့ဖခင်၏ဘဝကို တစ်နေ့ ကြီးပြင်းလာသည့်အခါ နားလည်သဘောပေါက်မည့်အကြောင်းနှင့် ဖြစ်သမျှအကြောင်း အကောင်းချည်းမှတ်ကာ ရဲရဲရင်ဆိုင်တတ်ဖို့ အားပေးစကား ပြောကြားပေးရန်လည်း မှာကြားခဲ့သည်။

သူက ဖုန်းထဲမှ နောက်ဆုံး တောင်းပန်ရင်း မှာကြားခဲ့သည်မှာ သူ့မယားငယ်လေးရှီလာနှင့် တစ်ပါတည်း သူ့ဆီ လေယာဉ်စီးလာခဲ့ပါမည့်

အကြောင်းနှင့် "ဒီမှာ ဘာဘာရာ ချစ်ချစ် မင်းကိုယ့်ကို ခွင့်လွှတ်ပါ။ သဘောထားကြီးစမ်းပါကွာ၊ အရေးကြီး သွေးနီးရဆိုမို့လား၊ ကောင်မလေးကို လိုက်လာဖို့ နားချပေးပါနော်. . . နော်။ သူ့ခမျာ သိပ်ကို စိတ်အားငယ်နေရှာမှာပဲ၊ အင်းလေ. . . မင်းတို့နှစ်ယောက်စလုံး ကံတူအကျိုးပေး ဆိုသလို ကိုယ့်အတွက်နဲ့ ဒုက္ခရောက်ကြရတာပဲ ကိုယ်စိတ်မကောင်းပါဘူး"ဟူ၍ ဖြစ်ပါသည်။

ဇနီးသည် ဘာဘာရာနှင့် မယားငယ်လေးရှီလာတို့ ခက်ခဲပင်ပန်းစွာ လန်ဒန်မှ တစ်ယောက်တစ်ကွဲစီ ထွက်လာခဲ့ကြပြီး လင်တော်မောင် စတုံးဟောက်စ်နှင့် လာတွေ့ခဲ့ကြသည်။ ငနဲသားမှာ အမှုအတွင်း အာမခံနှင့်နေထိုင်ခွင့်ရ၍ အပြင်၌ လွတ်လွတ်လပ်လပ် ရှိနေသည်။ အကြင်တို့ လင်မယားဇနီးမောင်နှံတစ်တွေ မျက်နှာစုံညီ ရှေ့ရေးဆိုင်ရာ အတူပေါင်းသင်းရေး ညှိနှိုင်းဆွေးနွေးခဲ့ကြပါသော်လည်း မည်သို့မျှမရ၊ နောက်ဆုံး လူလိမ်လူရှုပ် ကိုမြာပွေစတုံးဟောက်စ် ကြံရာမရဘဲ သူကိုယ်သူ သတ်သေမည်ဘာမည်ဟု ခြိမ်းခြောက် အကျပ်ကိုင်လေတော့သည်။ မယားကြီး ဘာဘာရာကလည်း နည်းနည်းမှ မလျော့။ မုန့်သာဝေစားမယ်၊ အချစ်တော့ ခွဲဝေမပေးနိုင်၊ မိန်းမသားမို့ အူတိုသည်ပဲပြောပြော မပေါင်းရေးချမပေါင်းနိုင်။ သို့နှင့် မချစ်မနှစ်သက်သော သူနှင့် အတူနေရခြင်းသည် ဆင်းရဲလှသဖြင့် သူတို့နှစ်ဦးအား ကျောခိုင်းကာ လန်ဒန်သို့ ပြန်ခဲ့သည်။

ချစ်သက်ထား ရှီလာကတော့ သျှောင်နောက်ဆံထုံးပါ လင်တော်မောင်စတုံးဟောက်စ်နှင့် တစ်ဖဝါးမျှမခွာ၊ ဩစတေးလျ၌ပင် နေခဲ့သည်။ သူတို့မောင်နှံနှစ်ယောက် ဒုက္ခသောကတွေကို မေ့ထားပြီး ဟန်းနီးမွန်းပျားရည်ဆမ်းခရီး ထွက်လာခဲ့ကြသည့်အမှတ်ဖြင့် ကျရာဘဝမှာ ပျော်ပျော်နေခဲ့ကြသည်။ (၁၉၇၅)ခုနှစ် ဧပြီလအတွင်း၌ အိတ်စထရာဒစ်ရှင်းခေါ် မိခင်နိုင်ငံမှ တိုင်းတစ်ပါးသို့ ထွက်ပြေးတိမ်းရှောင်လာသူအား အိမ်ရှင်နိုင်ငံမှ နေရင်းနိုင်ငံသို့ ပြန်ပို့ပေးရသည့် ဥပဒေစည်းမျဉ်း ခံဝန်ချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ (၃)လအကြာ၌ စတုံးဟောက်စ်တို့ ဇနီးမောင်နှံအား ဗြိတိန်နိုင်ငံသုံး လေကြောင်းခရီးဖြင့် ပြန်ပို့ပေးခဲ့ကြသည်။ နောက်ဆုံး (၁၉၇၆)ခုနှစ် ဧပြီလအတွင်း၌ လန်ဒန်မြို့၌ ရာဇဝတ်ပြစ်မှု

ဆိုင်ရာ တရားရုံးချုပ်အိုးလ်ဘေလီ၌ တရားရင်ဆိုင်ခဲ့ကြရသည်။

ဗြိတိန်တရားခွင်အရောက် တရားခံစတုံးဟောက်စ်အား ရှာဖွေဖမ်းဆီးခေါ်ဆောင်လာခဲ့ရသည်။ နိုင်ငံတော်က အခွန်ထမ်းဆောင်ခဲ့ရသည့် ငွေကြေးကုန်ကျစရိတ်မှာ ခန့်မှန်းခြေ စတာလင်ပေါင် (၇၅၀,၀၀၀)ကုန်ကျခဲ့လေသည်။ ရာဘက်ရုံးချုပ်တွင် ပဏာမ ကြားနာစစ်ဆေးခဲ့သည့် အကြိမ်ပေါင်း (၆)ပတ်ရှိခဲ့ပြီး အစိုးရရှေ့နေဝတ်လုံတော်ရပေါင်း (၆) ယောက်ပါဝင်ခဲ့သည်။ စစ်ဆေးမေးမြန်းခဲ့သည့် နေ့ပေါင်းမှာ (၆၈)ရက် တိတိကြာခဲ့သည်။ အခင်းဖြစ်အမှုဖြစ်စဉ်တစ်ရပ်လုံး ပြည်တွင်းစုံစမ်းထောက်လှမ်းစရိတ် ကုန်ကျငွေ စတာလင်ပေါင် (၁၀၀,၀၀၀)ရှိခဲ့သည်။

နှစ်နှစ်နီးပါး လန်ဒန်မြို့က ရာဇဝတ်မှုခင်းထောက်လှမ်းရေး စကော့တလန်ယာဒ်စုံထောက် အဖွဲ့ဝင် (၈)ယောက်တို့ စုံစမ်းစစ်ဆေးထောက်လှမ်းစုဆောင်းခဲ့သည့် အမှုသွားအမှုလာ သက်သေခံစာရွက်စာတမ်းအထောက်အထားပေါင်း တောင်လိုပုံခဲ့သည်။ သူတို့အဖွဲ့ အမေရိက၊ ဩစတေးလျ၊ ဆွစ်ဇာလန်၊ ဟော်လန်၊ ဟာဝိုင်ယီနှင့် ဥရောပအလယ်ပိုင်း ဩစတေးလျနှင့် ဆွစ်ဇာလန်အကြား လိုက်ချိတင်စတိန်စည်းမျဉ်းခံ နယ်ပယ်သို့ ခြေဆန့်၍ သေရွာပြန်ဘဝတစ်ဖြစ်လဲ တရားခံ စတုံးဟောက်စ်ရှာပုံတော်ဖွင့်ခဲ့ကြရသည်။ အခင်းဖြစ်အမှု အရှုပ်တော်ပုံကို ဆက်ဆောင်ရွက်ရန် သက်သေများကို ဩစတေးလျနှင့် ဟောင်ကောင်နိုင်ငံတို့မှ ဗြိတိန်ရာဘက်တရားရုံးချုပ်သို့ ခေါ်ဆောင်လာခဲ့ကြရသည်။ တရားခွင်၌ သက်သေခံစစ်ဆေး ထွက်ဆိုခဲ့ကြသည်။ သက်သေခံပေါင်း (၁၀၀)ထက်မက ရှိခဲ့သည်။

(၁၉၇၆)ခုနှစ် ဩဂုတ်လ (၆)ရက်နေ့၌ အမတ်ဟောင်း စတုံးဟောက်စ်အပေါ် ခိုးမှု၊ စာရွက်စာတမ်း လက်မှတ်အတုအပ လုပ်မှုနှင့် လိမ်လည်ကျူးလွန်ခဲ့ကြောင်း ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး စွဲချက်ပေါင်း (၁၄)ချက်ဖြင့်စွဲချက်တင်ခဲ့သည်။ ထိုအမှုကို ဗြိတိန်နိုင်ငံ ရာဘက်တရားရုံးချုပ်နံပါတ် (၁) တရားရုံးတော်၌ အခင်းဖြစ်အမှုကို ကြားနာစစ်ဆေးခဲ့ခြင်း ဖြစ်သည်။

တရားရုံးချုပ်တရားသူကြီး မစ္စတာစတစ်အိဗ်လိဗ်က တရားခံ စတုံးဟောက်စ်အား ထောင်ဒဏ် (၇)နှစ် ကျခံစေရန် အပြီးသတ် စီရင်ချက်

ချမှတ်ခဲ့သည်။ တရားသူကြီးက "မောင်မင်းက ကံမကောင်း အကြောင်းမလှလို့ ပြစ်ဒဏ်ခံတဲ့ နိုင်ငံရေးသမား မဟုတ်ဘူး၊ မောင်မင်းကပဲ ပြည်သူတွေကို မုသားဝါဒီတွေ၊ မဟုတ်မတရား ထွက်ဆိုသူတွေ၊ လူလိမ်လူညာ သီလကြောင်တွေ၊ ကြောင်သူတော်ကြက်သူခိုးတွေလို မှားယွင်းစွာ စွပ်စွဲတာ တော်ရော့လား ဗလာကိုယ်လုံးတီးနဲ့လူက· သူများကို လုံအောင်ဖုံးဖို့ ပြောနေသလို ဖြစ်နေပြီ။ အဲဒီ ဆင်ခြေဆင်လက်တွေနဲ့ တရားခွင်တစ် လျှောက်မင်း ခုခံကာကွယ် လျှောက်လဲထွက်ဆိုခဲ့တာ မင်း ပြန်စဉ်းစားကြည့်ပေါ့" ဟူ၍ ပြစ်တင်စကား ဆိုခဲ့သည်။

ရှီလာဘတ်ကလေအား သူမအချစ် လူလိမ်စတုံးဟောက်စ်အား ကူညီအားပေးအားမြှောက် ကြံရာအဖြစ် နောင်ကြဉ်စေရန် ထောင်ဒဏ် (၁)နှစ် ကျခံစေရန် ထင်ရှားစီရင်ခဲ့သည်။ ယင်းသို့ စီရင်ချက် ချခံရသည့် ရှီလာဘတ်မှာ ကျူကျူပါအောင် ငိုကြွေးရင်း သတိလစ်မေ့မြော ကျသွားခဲ့သည်။ သူသည် နှလုံးရောဂါ အပြင်းအထန် နှစ်ကြိမ်တိုင် ထောင်ဆေးရုံ၌ တက်ရောက်ကုသနေရင်း ခံစားခဲ့ရသည်။ သေတော့မည်ကဲ့သို့ ရက်ပေါင်းအတန်ကြာ ရောဂါဖိစီးခဲ့သည်။ ရှီလာမှာ ရက်မပျက်မကွက် ထောင်ဝင်စာမှန်မှန်လာတွေ့ခဲ့သည်။

စတုံးဟောက်စ်မှာ ထောင်ထဲ၌ ထောင်ဒဏ် (၇)နှစ်အနက် (၃)နှစ် ကျခံပြီး သူ၏ ကျန်းမာရေးချို့တဲ့မှုကို ငဲ့ကွက်ပြီး သက်ဆိုင်ရာမှ လွှတ်ပေးခဲ့သည်။ ထောင်မှထွက်ခဲ့ပြီး လူကလည်းမကျန်းမာ၊ စီးပွားပျက် ချွတ်ခြုံကျ ဘဝပျက်ကာ ရှီလာနှင့်အတူ လန်ဒန်ဆင်ခြေဖုံး၌ ရက်သတ္တပတ် တစ်ပတ်လျှင် (၁၃)ပေါင် ပေးရသည့် အခန်းကျဉ်းကလေး၌ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

(၁၉၈၁)ခုနှစ် ဖေဖော်ဝါရီလအတွင်း၌ သူတို့စုံတွဲ မာခ်ရှိုင်းယားခရိုင်အတွင်းရှိ မြို့ငယ်ကလေးတွင် ခရစ်ယာန်ဂိုဏ်းအုပ် ဆရာတော်ကြီး ဝေါလ်ဆမ်၏ ဘုရားကျောင်း၌ တိတ်တဆိတ် လက်ထပ်ခဲ့ကြသည်။

ကြင်စဦးမောင်နှံ မစ္စတာနှင့် မစ္စစ်စတုံးဟောက်စ်တို့နှစ်ဦးမှာ အေးအတူပူအမျှ ပျော်ရာမှာ မနေရသော်လည်း တော်ရာမှာ ကျေနပ်ရောင့်ရဲစွာ နေခဲ့ကြသည်။ မစ္စစ်စတုံးဟောက်စ်ဘဝတစ်ဖြစ်လဲ ရှီလာ စိတ်ထဲ

(၁၉၇၄)ခုနှစ်အတွင်း ဩစတေးလျနိုင်ငံ၌ အဖမ်းခံခဲ့ရစဉ် သတင်းထောက်တို့အား သူမပြောခဲ့ဖူးသည့် စကားလေးကို ပြန်လည် အမှတ်ရနေကောင်းနေပေလိမ့်မည်။ ထိုစဉ်က သူမက "ကျွန်မ ချစ်သူနဲ့ ပတ်သက်လို့ ခုလို ပြစ်ဒဏ်စီရင်ချက်မျိုး နောင်တစ်နေ့ ကြုံခဲ့ရင်လည်း ဒီကနေ့လိုပဲ ရင်ကော့ပြီး ပြုံးပြုံးလေးနဲ့ ခံသွားမှာပါပဲရှင်"ဟူ၍ ပြောကြားခဲ့ဖူးပါသည်။

*တစ်ကိုယ်တော် ကျူးလွန်တတ်ကြသည့် အောင်မြင်သော ဒုစရိုက်သမားတို့မည်သည် သူတို့ကိုယ်သူတို့ အပြစ်မရှိပါဟု လျှာအရိုးမရှိတိုင်း ပြောတတ်ကြလေသည်။ (ဂျွန်ဒဂွိုင်းဒင်)*

❁ ❁ ❁



မျက်လှည့်ဆရာ လူလိမ် တေလာအနန်

## ကြွမ်းပိုးလိပ်ဖြစ်အောင် ပြတတ်သည့် ဆပ်ကပ်ဆရာ

သူ့နာမည်က ဖီးနီးစ်တေလာဘာနမ် (Phineas Taylor Barnum) ဖြစ်ပြီး ထူးထူးဆန်းဆန်း သတ္တဝါအကောင်ဗလောင်တို့ကို ပြသသည့် ဆပ်ကပ်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုသော ဆပ်ကပ်ဆရာတစ်ယောက်ဖြစ်သည်။ သူ့နာမည်မှာ ရှာရှာဖွေဖွေ ဖီးနီးစ်ဟူ၍ တပ်မထားတတ်ပေ။ ယင်းအမည်မှာ ထူးထူးဆန်းဆန်း အမည်ဆန်းတစ်ခုဖြစ်ပြီး ခရစ်ယာန်သမ္မာကျမ်းဂန်လာ ဝေါဟာရတစ်ခု ဖြစ်သည်။ အဓိပ္ပာယ်မှာ အရှက်တရားကင်းမဲ့သော မုသားဝါဒီပါးစပ်ပိုင်ရှင် ဟူ၍ ဖြစ်ပါသည်။ အရပ်စကားဖြင့် ပြောရလျှင် တစ်ကိုယ်လုံး မုသားခြုံနေသည့် "ပလီစိချောက်ချက် ကလိန်ကကျစ်"ဟု ခေါ်ဝေါ်ခြင်းပင် ဖြစ်၏။ မှန်ပါသည်။ ဖီးနီးစ်မှာ ပွဲကြည့်ပရိသတ် အားကျလောက်အောင် ကြွမ်းပိုးလိပ်လုပ်သည့်နေရာမှာ ဆရာတင်ရသည့် ပါရဂူမြောက်သူ ဖြစ်သည်။

ဖီးနီးစ်ဘာနမ်မှာ အာပြသလောက် လေလုံးမိုးလုံးကလည်း ထွားလှသည်။ လိမ့်လုံး၊ လှန့်လုံး၊ ဖြီးလုံးညာလုံးတို့ဖြင့် အာပေါင်အာရင်းသန်သန်ဟောပြောပြီး ပရိသတ်အား အငိုက်မိအောင် ဖမ်းစားနိုင်သူလည်း ဖြစ်သည်။ သူ၏ ပြကွက်တစ်ခုဖြစ်သော ရှားရှားပါးပါး ချယ်ရီပန်းအနီရောင်ကြောင်အကြောင်းကို အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ကြော်ငြာမောင်းခတ်တတ်သည်။ ရုံထဲရောက်လာတော့မှ ကြောင်နီကြီး မဟုတ်တော့ဘဲ ကြောင်နက်ရိုးရိုးတစ်ကောင်သာ တွေ့ကြရတော့သည်။ "မြင်းထူး၊ မြင်းဆန်းခင်ဗျား

ရပ်ကြည့်လို့ အမြတ်မရှိဘူး၊ ရုံထဲဝင်ကြည့်မှ သိရမှာနော်၊ ကဲ ကဲ မကြည့်လိုက်ရမရှိကြစေနဲ့ ရုံဝင်ခပေးပြီး ဝင်ကြည့်ကြ၊ ဟဲဟဲ အဲလိုမျိုး မတိုးတွေ့ကြနဲ့လေ။ တစ်ယောက်ချင်း တန်းစီဝင်ကြပါ" ရုတ်ရုတ်ရုတ်ရုတ်ဆို ခွေးချင်းကိုက်သည်ကအစ ကြည့်လိုကြသည့် ပရိသတ်မှာ ရုံထဲရောက်တော့မှ အပတ်ခံလိုက်ရမှန်း သိကြရသည်။ သူတို့ တွေ့ကြရသည့် ဦးခေါင်းမဲ့မြင်းကြီး ဆိုသည်မှာ ပရိသတ်ဘက် ဖင်ပေးရပ်နေပြီး မြင်းစာခွက်ထဲ ဦးခေါင်းစိုက်နေသည့် မြင်းတစ်ကောင် ကြိုးချည်ထားသည်ကို တွေ့ကြရသည်။ ဦးခေါင်းနေရာတွင် ဦးခေါင်းအစား တလှုပ်လှုပ် တရှုရှု ဖြစ်နေသည့် အမြီးကြီးသာ တွေ့ကြရသည်။

ဖီးနီးစ်တေလာဘာနမ်အား (၁၈၁၀)ခုနှစ် ဇူလိုင်လ (၅)ရက်နေ့တွင် မွေးဖွားခဲ့သည်။ အထူးအဆန်းကိုမှ ရှာကြံကြည့်လိုကြသည့် သန်းနှင့်ချီသည့် လူထုပရိသတ်ကြီးအား သူ၏ အထူးအဆန်း မြူဇီယန်ပြတိုက်နှင့် ဆပ်ကပ်ပြပွဲသို့ လန်ကျူတ်ဒဏ္ဍာရီဇာတ်လမ်းများဆင်ကာ အရောက်ဖြားယောင်းခေါ်ခဲ့သည်။ သူ၏ ယုံအောင် ယုန်ရုပ်ရေးဇာတ်လမ်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

တစ်နေ့ သူ၏ ရှားမှရှား အံ့မခန်းထူးဆန်းလွန်းသော ဖီဂျီရေသူမကို ကြည့်ရှုလိုကြသည့် ထောင်နှင့်ချီသည့် ရွှေပွဲလာပရိသတ်ကြီးမှာ ရုံဝင်ခ တစ်ဦးလျှင် (၁၀)ဆင့် ပေးဝယ်ယူပြီး ရုံထဲဝင်ခဲ့ကြသည်။ အဆိုပါ ရေသူမမှာ (၁၈၁၇)ခုနှစ်က ပစိဖိတ်သမုဒ္ဒရာထဲမှ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။ တကယ် အမှန်စင်စစ်မှာ ရေသူမ အသေတစ်ကောင် အလောင်းခြောက်အရေခွံထဲ အစာသွတ်၍ ဘာနမ်၏ စိတ်ကူးစိတ်ဆန်း ကလိမ်စွေ့ငြမ်းဆင်မှုအတတ်ဖြင့် ပေါင်းစပ်ဖန်တီးထားသော ဖက်စပ်အလောင်းခြောက်တစ်ကောင်သာ ဖြစ်၏။ ရေသူမ၏ ကိုယ်ခန္ဓာအပေါ်ပိုင်းမှာ မျောက်သတ္တဝါတစ်ကောင်ဖြစ်ပြီး အောက်ပိုင်းမှာ ငါးတစ်ကောင် အပိုင်းဖြစ်ပါသည်။

(၁၈၄၁)ခုနှစ်တွင် ဘာနမ်သည် နယူးယောက်မြို့၌ အမေရိကန်ပြတိုက်ကို ဖွင့်လှစ်ခဲ့သည်။ ယင်းပြတိုက်မှာ အကျအန ထာဝရနေရာတကျ တည်ဆောက်ထားပြီး အနုပညာဆိုင်ရာပစ္စည်းများ ထူးဆန်းထွေ

လာများနှင့် သဘာဝသမိုင်းဝင်ပစ္စည်းများ ပြသထားခြင်း ဖြစ်သည်။ ဘာနမ်က သူ့ပြတိုက်ကို ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်ပါသေးသည်။

"ဒီပြတိုက်ကြီး ငွေကုန်ကြေးကျ အကုန်ခံပြသထားတာ လာရောက် လေ့လာသူတွေ ပါးစပ်ဖျားမှာ ဟယ်ခနဲ ဟာခနဲ အံ့ဩမဆုံး ဖြစ်သွားရ အောင်ပေါ့ဗျာ၊ အဲ ပြီးတော့ ကျွန်တော့် ပြတိုက်ကြီးအကြောင်း ပြောစ မှတ်တွင်သွားစေချင်လို့ပါပဲ။ ဟဲ ဟဲ. . . ကျွန်တော့်ပြတိုက် တစ်ခါကြည့်ဖူး လေ့လာဖူးတဲ့ ကျား၊ မ, မဟူ အားပါးပါး ကြည့်ရှုလေ့လာခ ဆိုလည်း ပေါပေါလောလော (၂၅)ဆင့်တည်းနဲ့ အံ့မခန်းထူးဆန်းထွေလာတွေ တစ်ဝကြီးကြည့်ရတာ တန်မှတန်၊ ဒီလို ဘာနမ်ရဲ့ အမေရိကန်ပြတိုက်မျိုး အမေရိကန်ပြည်ထောင်စုမှာ လိုက်ရှာရင် ထမင်းထုပ်သာသိုး. . သိုး၊ ဘယ်မှာမှ ရှာတွေ့မှာ မဟုတ်ဘူးလို့ ပြောသွားတယ် ခင်ဗျ"

မှန်ပါသည်။ ဘာနမ်ဆိုသည် ကိုလေအိုးပြောလည်း ပြောစရာ သူ့ပြ တိုက်ကြီးထဲ ပြထားသည့်ပစ္စည်းများမှာ မှတ်လည်းမှတ်သားစရာ ကောင်း သည်က များပါသည်။ အမှန်တကယ်လည်း အမှန်အကန်တွေ ဖြစ်ကြပါ သည်။ သည်လူမှာ ကြွားဝါတတ်သလို စိတ်ကူးကလည်းယဉ်ယဉ်၊ ကမ္ဘာ ကျော် နိုက်ရာဂရာရေတံခွန်နှင့် အခြား စံပြပုံစံကလေး တည်ဆောက်ပြ ထားသည်ကိုလည်း တွေ့ရှိရ၏။

သူ၏ ပြတိုက်ထဲ၌ ထူးထူးခြားခြား မှတ်သားဖွယ်ရာ ပြသထားသည့် ပြကွက်ဆန်းတစ်ခုမှာ အနောက်တိုင်းဟုခေါ်သော အမေရိကန်နိုင်ငံ၌ ယနေ့ခေတ်မကုန်နိုင်သော ဂန္ထဝင်ရုပ်သေး စင်တင်ပြဇာတ်တစ်ပုဒ်ဖြစ် သော ပန့်ချ်နှင့် ဇနီးသည်ဂျူဒီ ပြဇာတ်ကိုလည်း ပြသထားသည်ကို တွေ့ရ သည်။ ယင်းပြဇာတ်ထဲမှာ ပွဲကြည့်ပရိသတ် လက်ခုပ်ဩဘာ အပေးခံရဆုံး ဇာတ်လမ်းဇာတ်ကွက်တစ်ပုဒ် ဖြစ်ပြီး အဓိကအခန်းမှာ နှာခေါင်းကောက် ကောက်၊ ခါးကုန်းကော့လင်မယားမှာ မြင်ရသူတို့ အူတက်မတတ် ရယ်ကြ ရပါသည်။ ကိုးရိုးကားရား သွင်ပြင်မျက်နှာထားနှင့် လူရွှင်တော် လူပြက် ဇနီးမောင်နှံ ပန့်ချ်နှင့် ဂျူဒီတို့ အရိုက်ခံကြသည့်အခန်းပင် ဖြစ်သည်။ သူတို့အား ရိုက်နှက်သည့်တုတ်ကြီးမှာလည်း ကြည့်လိုက်လျှင် ကြောက် လန့်ခမန်း။ သို့သော် သကြိန်အမြောက်ပမာ ရိုက်လိုက်လျှင် တဗုန်းဗုန်း

မြည်သော်လည်း လုံးဝ မနာအောင် တင်မင်ကတ်ပြားတို့ဖြင့် ဖန်တီးထားသော တုတ်တုသာ ဖြစ်၏။ ထိုအခန်းမှာ ပရိသတ် တသောသော ရယ်ရသောအခန်း ဖြစ်သည်။ ပြဇာတ်မှာ ကံဆိုးမ,သွားလေရာ မိုးလိုက်လို့ရွာ ဆိုသလို ဟာသနှင့် အလွမ်းဂန္ထဝင်မြောက်အောင် ဖွဲ့နွဲ့ခြယ်မှုန်းထားသော ဇာတ်လမ်းတစ်ပုဒ်ပင် ဖြစ်ပါသည်။

သူ၏ ပြတိုက်ထဲ၌ ကြံကြံဖန်ဖန် စိတ်ကူးဖြင့် ပြသထားသည့် ပြကွက်နှစ်ကွက် ရှိပါသေးသည်။ တစ်ခန်းမှာ ဟစ်ပိုပိုတေးမတ်ခ်ခေါ် ရေမြင်းအရှင်တစ်ကောင်ဖြစ်ပြီး တစ်ခန်းမှာ တိရစ္ဆာန်ကိုယ်ခန္ဓာပေါ် မှီတင်တွယ်ကပ်နေထိုင်သော သန်းပိုးမွှားဆပ်ကပ်ပင် ဖြစ်သည်။ ရေမြင်းပြခန်း၌ စာတန်းတစ်စောင် ရေးသားချိတ်ဆွဲထားသည်။ "ယခု ပြသထားသော သတ္တဝါမှာ သမ္မာကျမ်းစာ (၄၀း၁၅-၂၄)လာ ရေမြင်းဟု ယူဆရသော မဟာဘီဟီမုတ် ဖြစ်ပါသည် " သန်းပိုးမွှားကောင်နှင့် ပတ်သက်၍ ကြော်ငြာဆိုင်းဘုတ်စာတန်းမှာ ဤသို့ ဖြစ်သည်။ "ရထားနှင့် လှည်းများ ဆွဲနိုင်သည့် ပိုးမွှားသတ္တဝါများ"ဟူ၍ ဖြစ်သည်။ မှန်လည်း မှန်ပါသည်။ သူပြသထားသည့် ရထားတွဲများနှင့် လှည်းများကို ပိုးမွှားသတ္တဝါနှင့် လိုက်ဖက်ညီသည့် ပီပီသေးသေးကလေးများ ဖြစ်ကြသည်။

ဘာနမ်၏ စိတ်ဝင်စားစရာ ပြခန်းတစ်ခုမှာ လန်ဒန်နှင့် ပဲရစ် တိရစ္ဆာန်ဥယျာဉ်တို့တွင် လှည်းဆွဲသည့် အာဖရိကဆင်တစ်ကောင် ဖြစ်သည်။ ဆင်ကြီးအမည်ကို ဂျမ်ဘိုဟု အမည်ပေးထားပြီး ဂျမ်ဘိုဘာဂါခေါ် အသား ထည့်သွင်းဖုတ်ထားသော မုန့်မှအစ ဂျမ်ဘိုဂျက် အလွန် ကြီးမားသော ဂျက်လေယာဉ်ကြီးများ အမည်ကို တပ်ဆင်သုံးစွဲခဲ့ကြခြင်း ဖြစ်သည်။ ထိုဆင်ကြီးမှာ (၁၈၈၅)ခုနှစ် ကနေဒါနိုင်ငံသို့ ခရီးအထွက် လမ်းခရီး၌ ရထားတစ်စီးနှင့်တိုက်မိကာ သေဆုံးသွားခဲ့သည်။

ဘာနမ်၏ အမေရိကန်ပြတိုက်အတွင်း တစ်နေရာ၌ စကေးပေတံဖြင့် တိုင်းထွာလျှင် အင်မတန် ကြီးမားသည်ဟု ဆိုရမည့် အရွယ်အစားအရပ်အမောင်းရှိသည့် လူပုလေးတစ်ယောက်ကို ပြသထားပါသည်။ သူ့အမည်ကိုတော့ ဗိုလ်လက်မ ဟူ၍ ပေးထားသည်။ ပြတိုက်မှူးဘာနမ်၏ ညီအစ်ကိုတော်ဝမ်းကွဲ ဖီကို ပြောစကားအရ သိရသည်မှာ ထိုလက်မ

လူပုကလေး၏အသက်မှာ (၅)နှစ်သာသာ ရှိသေးပြီး အမေရိကန်ပြည်ထောင်စု ကွန်နက်တစ်ကပ်ပြည်နယ် ဘရစ်ချ်ပို့ ဆိပ်ကမ်းမြို့၌ လူထူးလူဆန်းအဖြစ် ပြသထားရာ ဘာနမ်က မရမက ငှားရမ်းခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်ဟု သိရ၏။ လူပုကလေးအား သူ့ပြတိုက်တွင် ရက်သတ္တတစ်ပတ်လျှင် အမေရိကန် (၃)ဒေါ်လာကျဖြင့် အလုပ်လုပ်ရန် စာချုပ်စာတမ်းဖြင့် ငှားရမ်းခဲ့ခြင်း ဖြစ်သည်။

တွမ်သမ်ခေါ် လူပုကလေး ငလက်မမှာ (၁၈၃၈)ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့၌ မွေးဖွားခဲ့ပြီး မွေးစက ကိုယ်အလေးချိန် (၉)အောင်စသာသာ ရှိခဲ့လေသည်။ သူ့အသက် (၆)လသားကျမှ ကိုယ်အလေးချိန် ပုံမှန် အခြေအနေအထားသို့ ရောက်ရှိဖွံ့ဖြိုးခဲ့သည်။ အသက် (၅)နှစ်သားအရွယ်တိုင် လူပုကလေးမှာ အရပ်(၂)ပေ (၁)လက်မသာ ရှိခဲ့သည်။

ပြတိုက်သို့ လာရောက်လေ့လာသူတို့အဖို့ ကြည့်ရကျိုးနပ်သည်။ ထူးလည်းထူးဆန်းလှပေသည်ဟု ချီးကျူးထောပနာပြုခဲ့ကြသည်။ သို့သော် ဘာနမ်က ဤမျှနှင့် မရောင့်ရဲနိုင်သေး။ သူ၏ လူပုကလေး ငလက်မအား သိက္ခာတင်ပုံကြီးချဲ့ ရှိုးခဲ့သည်။ အသက် (၁၁)နှစ်ရှိပြီဖြစ်သော အင်္ဂလန်နိုင်ငံမှ ရောက်လာသည့် ငလက်မ ဟု အမွှမ်းတင်ထားသည်။

ဤမျှတွင် မကသေး။ သူတပည့်ကျော် လူပုကလေးအား အင်္ဂလန်နန်းတွင်းမှုးမျိုးမတ်နွယ်တို့မှ ဟန်ပန်လေသံ၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ ထီမထင်သည့် ဝင့်ကြွားကြွားပုံပန်းနှင့် ရာဇမာန်အပြည့် လေ့ကျင့်သင်ကြားပေးထားသည်။ ထို့ပြင် ဘာနမ်က မိမိ ကျက်မှတ်အာဂုံဆောင်ထားသော ရှေးခေတ် ဆုံးမစကား လိမ်စကားကိုလည်း လူပုကလေးအား နှုတ်တိုက်ချပေးထားခဲ့သည်။ သူတို့ချင်းသော် လည်းကောင်း၊ ပရိသတ်အား လည်းကောင်း ပြောဆိုသည့်အခါ သဏ္ဌာန်လုပ်သရုပ်တူအောင် ရှေးခေတ်အင်္ဂလန်မှ စစ်သူကြီးအဖြစ် အံ့သြသွားစေရန် စကားလိမ်ဖြင့်သာ ဟန်ပါပါမာန်ပါပါ ဝင့်ဝင့်ကြွား အပြောခိုင်းထားခဲ့သည်။

ဘာနမ် ဆိုသည့် လူထူးလူဆန်း လူလိမ်ကြီးမှာ သူများထက်ထူးမှ အိပ်ပျော်စားဝင်တတ်သူ ဖြစ်၏။ သူ ဖန်တီးထားသော ဗိုလ်ငလက်မအား ယနေ့ မျက်မှောက်ခေတ်နှင့် မတူသည့် ရှေးခေတ် ပြင်သစ်ဗိုလ်ချုပ်

စစ်ဘုရင် နပိုလီယံ၊ ရောမသူရဲကောင်း ဂလက်ဒီယေးတားခေါ် သိုင်းသမားတို့လိုမျိုး အဝတ်အစားတို့ဖြင့် တန်ဆာဆင် ဝတ်ဆင်ပေးထားသည်။ တစ်ခါတစ်ရံ ကျပြန်တော့ ကျူးပစ်ခေါ် ရောမဖူးစာရေး နတ်ကလေးပုံသဏ္ဍာန် ကိုယ်လုံးတီးဖြင့် အတောင်တပ်ကာ လက်ထဲ၌ လေးနှင့်မြားကိုင်စွဲထားစေခဲ့သည်။ ဤသို့ဖြင့် လေက်မကလေးခမျာ ဘာနမ်၏ ခရီးသွားသံတမန်ဖြစ်လိုက်၊ သူ့အတွက် လူအထင်ကြီးအောင် ကပြရသည့် အခိုင်းခံ ဖြစ်လိုက်နှင့် ထူးဆန်းစွာ နေခဲ့ရလေသည်။ ဘာနမ်မှာ နှယ်နှယ်ရရမဟုတ် မိုးဒူးနှင့်တိုက်ချင်သူ ဖြစ်၏။ ဗြိတိသျှဘုရင်မကြီး ဝိတိုရိယထံ သွားရောက် မိတ်ဆက်ခဲ့သေးသည်။

ဖိနီးစ်တီးဘာနမ်မှာ သူအာဂုံဆောင်ခဲ့သော ပညာရှိစကား တစ်ရပ်ကို အရိုးစွဲမှတ်မိနေခဲ့သည်။ ထိုစကားမှ **အချိန်မလပ် လူလိမ် ဆိုသည်မှာ ပေါ်လာတတ်စမြဲပင်၊ အရေးကြီးသည်က ထိုလူလိမ်၏ အလိမ်မခံကြရဖို့သာ ဖြစ်၏** ဟူ၍ ဖြစ်ပါသည်။ ယင်းစကားမှာ အမေရိကန်သမ္မတကြီး လင်ကွန်း၏ ကမ္ဘာကျော် အဆိုအမိန့် ဖြစ်သည်။ သူက ထိုအဆိုအမိန့်ကို အတုယူကာ စကားတစ်ရပ် ထွင်ခဲ့သည်။ **တစ်ချိန်တစ်ခါ၊ တစ်ကြိမ်တစ်ခါသာ လူတိုင်းအား လိမ်၍ရပြီး လူအချို့ကိုသာ အချိန်တိုင်း လိမ်လည်လှည့်ဖြား၍ ရနိုင်မည် ဖြစ်၏။ သို့သော် လူတိုင်းကို အချိန်မရွေး လိမ်၍ မရစကောင်း** ဟူ၍ ဖြစ်ပါသည်။

ဘာနမ်မှာ ငယ်စဉ်ကပင် ထူးဆန်းထွေလာ ပြခင်းပြကွက်တို့နှင့် ပတ်သက်၍ ပရိသတ်အား အာရုံကျလာအောင်၊ စိတ်ဝင်စားလာအောင်၊ ယုံကြည်လာအောင် မည်သို့မည်ပုံ ပြောရဟောရမည်ဆိုသော အခြေခံစည်းမျဉ်းတို့ကို လေ့လာဆည်းပူးခဲ့သည်။ ကွန်နက်တစ်ကပ်ပြည်နယ်သူ၏ ဇာတိမြို့ကလေး ဘီတယ်လ်၌ နေထိုင်စဉ်က ဘာတာစတိုးခေါ် ကုန်မျိုးစုံအရောင်းဆိုင်တစ်ဆိုင်၌ အရောင်းစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ရာ ဆိုင်ရှင်၊ ဆိုင်အမှုထမ်းတို့အဖို့ ငွေရဖို့မကြည့်ရ ရောင်းသူ ဝယ်သူ နှစ်ဦးနှစ်ဖက် ပြေပြေလည်လည် ဆက်ဆံတတ်ဖို့လည်း အရေးကြီးကြောင်း နားလည်သဘောပေါက်ခဲ့သည်။

သူတို့အရောင်းဆိုင်၌ စည်းကမ်းတစ်ခု ချမှတ်ထားသည်။ ရောင်းသူ

ဝယ်သူ နှစ်ဦးနှစ်ဖက် ပြေလည်ရေးအတွက် ရောင်းချလိုက်သည့် ကုန်ပစ္စည်း မကောင်းခဲ့သော် ဆိုင်သို့ ပြန်လည် ပေးနိုင်သည်။ သို့သော် ရောင်းဝယ်စဉ်က ဝယ်သူသည် စိတ်ကြိုက်ကြည့်ရှုစစ်ဆေး ဈေးဆစ်ပြီးမှ ပြန်ပေးလျှင် လက်မခံ၊ ငွေပြန်အမ်းမည် မဟုတ်ချေ။ အရောင်းစာရေး ဘာနမ်က "ကျွန်တော်တို့ဆိုင်ဟာ နဂိုကတည်းက ဒီယုန်မြင်လို့ ဒီချုံထွင်ပြီး နှစ်ပေါက်တစ်ပေါက် ရိုက်ထားတာဗျ။ နဂို ရောင်းလိုက်တုန်းက ကော်ဖီစေ့တွေအစား ခပ်ကျွမ်းကျွမ်း လှော်ထားတဲ့ ပဲကြီးစေ့တွေဗျ၊ ပြီးတော့ သိုးမွေးထည်တွေလို့ လိမ်ရောင်းလာတာကလည်း ချည်ထည်တွေကိုး၊ နို့ပေမယ့် ဝယ်သူက အိမ်ပြန်ရောက်မှ ပစ္စည်းအစစ် မဟုတ်မှန်း သိလို့ ဆိုင်ပြန်လာတော့ ကျွန်တော်တို့က ကလိန်ကကျစ်ပစ္စည်းတွေ နေရာမှာ တကယ့် အမှန်အကန်ပစ္စည်းအစစ်တွေ ခပ်တည်တည် ပြသထားပြီးဖြစ်လို့ သူတို့ ဘယ်လိုလုပ် ငြင်းချက်ထုတ်လို့ရတော့မလဲ ဟဲ. . . ဟဲ"ဟူ၍ သူတို့ဆိုင်၏ ကလိန်ကျပုံကို ရင်ဖွင့်ပြခဲ့သည်။

ဘီတယ်လ်မြို့ကလေး၌ ကျင်လည်နေခဲ့စဉ်က သူ့အဖို့ ဝမ်းလောက်အောင် လခငွေကြေး မရခဲ့သော်လည်း ဘဝတွင် အသုံးကျမည့် သင်ခန်းစာ အနည်းအကျဉ်း ရရှိခဲ့၏။ သို့နှင့် တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသလို သူ့သားမယား၊ မိသားစုကိုခေါ်၍ (၁၈၃၄)ခုနှစ်၌ နယူးယောက်မြို့တော်ကြီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့လေသည်။ ဘာနမ်လည်း ကျပန်းအလုပ်တစ်ခုလုပ်ရန် စိတ်ကူးရရှိခဲ့ပြီး သူ့အာသွက်လျှာသွက်မှုကို အရင်းပြုပြီး လမ်းဘေး ထွေတစ်လာ ဆပ်ကပ်ပြပွဲ ခင်းကျင်းပြသကာ အသက်မွေးခဲ့သည်။ သူ၏ ပထမပွဲဦးထွက် ဆပ်ကပ်ပွဲ၌ အားရကျေနပ်လောက်အောင် အောင်မြင်မှု ရရှိခဲ့သည်။ သို့နှင့် နယူးယောက်မြို့တော် မန်ဟတ်တန်မြို့သစ် တစ်မြို့လုံး နေရာအနှံ့ သူ၏ ထူးဆန်းထွေလာ ဆွေတစ်ကာ ဆပ်ကပ်ပွဲ ကြော်ငြာပိုစတာများ ကပ်ခဲ့သည်။

သူ၏ ထွေတစ်လာပြပွဲ၌ ပြသမည့် အစီအစဉ်တစ်ခုကို ဤသို့ ကြော်ငြာထားလေသည်။ "တစ်သက်နဲ့တစ်ကိုယ် ကြုံခဲ့တွေ့ရခဲ့တဲ့ စိတ်ဝင်စားစရာ အကောင်းဆုံး၊ အဲ အထူးသဖြင့် အမေရိကန်တွေအဖို့ ထိုအရာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ ထူးမှဆန်းမှ ကြည့်ချင်ပါတယ်ဆိုတဲ့

ရွှေပွဲလာတို့ ဘရော့ဝေးလမ်းမကြီးအနီးမှာ ပြသနေတဲ့ ထွေတစ်လာ ပြပွဲရုံသို့ လက်မှတ်အမြန်ဝယ်ပြီး စောစောသာ ကြွခဲ့ပါခင်ဗျ။ အဲ . . . ကျွန်တော်တို့ နိုင်ငံရဲ့ဖခင်ကြီးဖြစ်တဲ့ ကွယ်လွန်သူ သမ္မတကြီး ဂျင်နရယ် ဂျော့ဝါရှင်တန်ရဲ့ ဝေယျာဝစ္စ အိမ်ဆောင်ထိန်းခဲ့ရတဲ့ ဂျိုက်ဟက် ဆိုတဲ့ အမျိုးသမီးကြီးပါပဲ။ အဘွား ဂျိုက်ဟာ ခုဆို အသက် (၁၆၁)နှစ် ရှိနေပြီ ခင်ဗျ။ အဲ ကျန်းကျန်းမာမာနဲ့ သူငယ်လည်း မပြန်သေးဘူး။ သတိတွေ မှတ်ဉာဏ်တွေလည်း နဂိုအတိုင်းပဲ၊ ဘာတစ်လုံးမှ မမေ့တာ တွေ့ကြရပါ လိမ့်မယ်။ နို့ပေမယ့် အဘွားက ခပ်ပိန်ပိန်ရယ် ခန္ဓာကိုယ်အလေးချိန် (၄၄)ပေါင်ပဲ ရှိတယ်။ အဘွားနဲ့ ကိုယ်တိုင်ကိုယ်ကျ လာရောက်တွေ့ဆုံပြီး စကားစမြည် ပြောကြည့်ကြရင် သူမဖခင်ကြီး ဝါရှင်တန်ရဲ့အကြောင်း အူမချေးခါး ပြောပြပါလိမ့်မယ်”ဟူ၍ ကြော်ငြာပိုစတာထဲ သူ့ပြခန်း သတင်း ကြေညာမောင်းခတ်ထားခဲ့သည်။

ဘာနမ်မှာ လိမ်သည့်နေရာတွင် လိမ်တတ်သော်လည်း ယခု သူ ကြော်ငြာသည့် သမ္မတကြီး၏အိမ်ဖော် အမျိုးသမီးကြီး ဂျိုက်ဟက်မှာ အမှန်အကန် သက်ရှိထင်ရှားပင် ဖြစ်ပါသည်။ ဘာနမ်မှာ အကြံအဖန် သမားပီပီ တစ်နေ့ ဗင်ဆီလ်ဗေးနီးယားပြည်နယ် ဖီးလ်ဒဲလ်ဖီးယားမြို့လမ်းလေး ထွေတစ်လာဆပ်ကပ်ပြပွဲ ပြသနေစဉ် ပုန်းလျှိုးကွယ်လျှိုး လာရောက်ကြည့် နေသော အရုပ်ဆိုးအကျည်းတန် နီဂရိုးမကြီးတစ်ဦးကို အမှတ်မထင် တွေ့ရှိခဲ့၏။ လူကလည်း ခပ်စုစုစပ်စပ်ပီပီ နီဂရိုးမကြီးနှင့် အဖွဲ့ကျပြီး တောင်မေးမြောက်မေးဖြင့် သမ္မတကြီး၏ အိမ်ဖော်အမျိုးသမီးကြီး အဘွား ဂျိုက်ဟက် ဖြစ်နေမှန်း သိခဲ့ရပြီး အပါခေါ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

အဘွားကြီးမှာ အသက်ကလည်းကြီး မျက်စိကလည်း စုံလုံးကွယ်နေ ပြီး လေဖြတ်ထားသဖြင့် ကိုယ်တစ်ခြမ်းသေနေသည်။ အကြံတူသကဲ့သို့ လမ်းဘေးပြပွဲသမားထံမှ ငွေကြေးပေး ငှားရမ်းခဲ့ပြီး နယူးယောက်မြို့ပြပွဲ၌ ဘာနမ် အပွကြံပွဲထုတ်ခဲ့ခြင်း ဖြစ်သည်။ ရွှေပွဲလာပရိသတ်တို့ မေးသမျှကို ဂျိုက်ခ်က ပြန်ဖြေခဲ့သည်။ သူမ ပြောပြခဲ့သည့် ကွယ်လွန်သူ သမ္မတကြီး ဂျော့ဝါရှင်တန် အကြောင်းတွေထဲ၌ တချို့လည်း မှားယွင်းသော အချက် အလက်တို့ကို တွေ့ရ၏။ ယင်းသို့ ဖြစ်ရသည်မှာ အဘွားကြီး အိုမင်းမစွမ်း

ဖြစ်သည့်ပြင် လူကလည်း နာတာရှည်ရောဂါသည် ဖြစ်နေ၍ မှတ်ဉာဏ် တိမ်မြုပ်ခြင်း၊ မေးမိုန်ပျောက်ကွယ်ခြင်းဖြစ်၍ ခွင့်လွှတ်နိုင်သော အမှား အယွင်းတို့သာ ဖြစ်ပါသည်။

မစ္စစ်ဂျိုက်ခ်ဟက်၏ ပိုင်ရှင်သစ်ဖြစ်သော လူလည်ပတ်ကား ဘာနမ် လည်း သတင်းစာတိုက်အသီးသီးမှ နေ့စဉ် သူပြောစကားများနှင့် ပတ် သက်၍ မမှန်ကန်ပါဟု ထောက်ပြနိုင်မည့်သူရှိလျှင် ထောက်ပြစိန်ခေါ် ခဲ့လေသည်။ သူ၏ ဆင်ခြေဆင်လက်တို့ကို လူတိုင်းသိနေကြပြီး ဖြစ်၏။ လူတိုင်းကလည်း ဘာနမ် မည်သို့သော လူစားဖြစ်ကြောင်း အစဉ်းသိနေ ခဲ့ကြသည်။ ဟုတ်လျှင်ကျော်၍ ပုပ်လျှင် ပေါ်ကြမည်သာ ဖြစ်၏။

(၁၈၃၆)ခုနှစ်တွင် အဘွားကြီး ဂျိုက်ခ်ဟက် ကွယ်လွန်ခဲ့သည်။ အကြံအဖန်သမား ဘာနမ်လည်း အဘွားကြီး အလောင်းအကြောင်းပြု၍ မျောက်ပြဆန်တောင်း အမြတ်ထုတ်ရန် ကြံစည်ခဲ့သည်။ နာမည်ကြီး ခွဲစိတ်ကုဆရာဝန်ကြီးတစ်ဦးအားပင့်၍ အဘွားကြီး၏အလောင်းကို ပို့စ် မော်တင်ခေါ် အလောင်းကို လိုအပ်သလို ခွဲစိတ်စစ်ဆေးခဲ့သည်။ ထိုပို့စ် မော်တင်အခမ်းအနားသို့ လာရောက်ကြည့်ရှုပါရန် ပရိသတ်အားလည်း ဖိတ်ကြားထားခဲ့သည်။

ကံမကောင်းအကြောင်းမလှဘဲ အကြံသမားဘာနမ်မှာ အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့သည်။ ဆရာဝန်၏ စစ်ဆေးတွေ့ရှိချက်မှာ ကွယ်လွန် သူ နီဂရိုးမကြီးဂျိုက်ခ်မှာ အသက် (၈၀)ထက် မကြီးကြောင်းပင် ဖြစ်သည်။ ဘာနမ်မှာ လူပုံအလယ်၌ ရှာလတန်ခေါ် တတ်ယောင်ကားတစ်ယောက် အဖြစ် ပေါ်လွင်သွားခဲ့လေသည်။ သူက အပြောကလေး တစ်ပြားသားမှ မလျော့။ မိမိမှာ နှိပ်ပစ်ခံရခြင်းဖြစ်ကြောင်း ယင်းသို့ ကြုံရသည်မှာ ဘာမှ မဆန်း၊ လူတိုင်း အလိမ်ခံရသည့်အခါ အလိမ်ခံကြရကြောင်း လေပြေ ထိုးခဲ့သည်။ သို့သော် သူ့သတင်းမှာ သတင်းစာထဲ ဟိုးလေးတကျော်ကျော် ဖြစ်သွားခဲ့ပါသည်။

ဘာနမ်၏ ကိုယ့်အားကိုယ်ကိုးဘဝဖြင့် ရှေ့နှစ် (၅၀)တိုင် ဆက်လက် ခရီးဆက်ခဲ့သည်။ ဘဝခရီးတစ်လျှောက် လုပ်သမျှ အောင်မြင်ခဲ့သမျှ သည်တစ်ချီ အလဲထိုးခဲ့လိုက်ရလေပြီ။ မှန်ပါသည်။ ကံကြမ္မာက သူ့ဘက်မှ

မရပ်တည်တော့။ (၁၈၆၅)ခုနှစ်တွင် သူ၏ အံ့မခန်း အမေရိကန်ပြတိုက်ကြီးမှာ မီးလောင်ရာ မီးသတ်သမားတစ်ဦးသည် တိုက်ပေါ်မှ ကိုယ်အလေးချိန်ပေါင် (၄၀၀)ရှိ မိန်းမကြီးတစ်ယောက်ကို မီးထဲမှ ကယ်ထုတ်ခဲ့ရသည်။ အရပ် (၇)ပေ (၁၁)လက်မရှိ ကမ္ဘာ့အရပ်အရှည်ဆုံး အမျိုးသမီးကြီးမှာ အပေါ်ထပ်မှ ကရိန်းဖြင့် ချီမ၍ ကယ်ခဲ့ရသည်။ သူမနှင့် တစ်ပါတည်း သူမအဖော် လူအရိုးစုတစ်ခုလည်း ပါလာခဲ့သည်။ ပြတိုက်ထဲမှ တောရိုင်းတိရစ္ဆာန်များ နယူးယောက်လမ်းတွင် ဗရမ်းဗတာ လွတ်မြောက်ထွက်ပြေးခဲ့ကြသည်။ အိုရင်ယူတန်ခေါ် စုမတြာ၊ ဘိုနီယိုကျွန်းဒေသခံ လူဝံကြီးတစ်ကောင်မှာ မီးလောင်နေသော ပြတိုက်ကြီးထဲမှ လွတ်ထွက်လာကာ အနီးအနားတိုက်တန်းမှ ရုံးခန်းများကို ဖျက်ဆီးပစ်သဖြင့် နစ်နာဆုံးရှုံးပျက်စီးခဲ့ကြရသည်။ ဘာနမ်အဖို့ မုတ်ဆိတ်ပျားစွဲ ရတနာဘုံဆိုက်သည့် သတင်းကောင်း၊ သတင်းကြီး ဖြစ်ခဲ့ရပေသည်။

ဘာနမ်က မိမိ၏ အမေရိကန်ပြတိုက်ကြီးနှင့် ပတ်သက်၍ စုစုပေါင်း အမေရိကန်ဒေါ်လာငွေ (၅၀၀,၀၀၀)တန်ဖိုး နစ်နာဆုံးရှုံး ပျက်စီးခဲ့ရကြောင်း သက်ဆိုင်ရာ မီးအာမခံဌာနသို့ တင်ပြတောင်းခံခဲ့သည်။ သူ့အာမခံတင်ခဲ့သည့် ငွေကြေးမှာ လျော်ကြေးနှင့်စာလျှင် မပြောပလောက်သည့် အသေးအမွှား ပမာဏမျှသာ ဖြစ်ပါသည်။ ဤသို့ဖြင့် ဂျင်ပေါ်ကထုံး ဘာနမ်မှာ သူချမ်းသာသမျှ စည်းစိမ်ဥစ္စာတို့ထပ်၍ပင် တိုးပွားလာခဲ့သည်။ (၁၈၉၀)ခုနှစ် သူကွယ်လွန်သောအခါ ငွေသားဒေါ်လာ (၅)သန်း ကျန်ရစ်ခဲ့သေးသည်။ ယင်းသို့ ကျန်ခဲ့စုဆောင်းနိုင်ခဲ့ခြင်းမှာ တစ်နည်းအားဖြင့် လောက၌ လူလိမ်မခံရဘူးသည့်သူ မရှိကြောင်း သက်သေထူလိုက်ခြင်းပင် ဖြစ်ပါသည်။

❀ ❀ ❀



လူလည်ပတ်ကား ဟိုရေးရှီးဘောတွမ်ဗလီ

## အံ့မခန်း အပြောကောင်းလှသည့် လူလည်ပတ်ကား

ဟိုရေးရှိုးဘော့တွမ်လေး (Horatio Bottomley) မှာ ပါရမီဓာတ်ခံကိုက သူတစ်ဖက်သား ကျလောက်အောင် အပြောကောင်းသူ ဖြစ်၏။ လူတစ်ဖက်သားအား သူပြောပြသည့် ရပေါက်ရလမ်းအလုပ်၌ ငွေထည့်ဝင် လုပ်ကိုင်ချင်လာအောင် ဆွဲဆောင်နိုင်သူလည်း ဖြစ်သည်။ သူပြောပြသည့် ဒုက္ခမရောက်နိုင်သည့် နည်းလမ်းတို့မှာ တစ်ခါတစ်ရံ မှန်တတ်သည်လည်း ရှိသည်။

ဘော့တွမ်လေးအား (၁၈၆၀)ခုနှစ်အတွင်းက လန်ဒန်မြို့ အရှေ့ဖျားအရပ်၌ မွေးဖွားခဲ့သည်။ သူလည်း ခေသူမဟုတ်။ အင်္ဂလန်နိုင်ငံ ပါလီမန်အမတ်တောင် တက်ဖြစ်ခဲ့သေးသည်။ သူတစ်ပါးထံမှ ငွေရအောင် လှည့်ပတ်ရမည်ဆိုလျှင် နှစ်ယောက်မရှိ လူတော်တစ်ယောက် ဖြစ်၏။

အသက်ငယ်ရွယ်နုပျိုစဉ်က သူသိခဲ့သည်မှာ လောကတွင် သူဖြစ်ချင်သည့် ငွေချမ်းသာဖို့ ဂုဏ်သတင်းကြီးဖို့ မိန်းမပွေဖို့နှင့် အောင်မြင်သောနိုင်ငံရေးသမားဘဝပင် ဖြစ်သည်။ သူ ပထမဆုံး တရားရုံး၌ ရှေ့ဖတ်စာရေး ဝင်လုပ်ခဲ့ပြန်သည်။ ထို့နောက် လန်ဒန်ဥပဒေရုံးတော်၌ လက်ရေးတိုစာရေး လုပ်ခဲ့ပြန်သည်။ ယင်းသို့ သမ္မာဇီဝလမ်းကြောင်းဖြင့် အသက်မွေးနေရာမှ မျောက်စိတ်ကဲ့သို့ ကွေ့ကောက်သွားခဲ့သည်။ လိမ်လည်လှည့်ဖြား မသမာသောနည်းဖြင့် ငွေများများ ရပေါက်ရလမ်းကို ကြံစည်စိတ်ကူးခဲ့လေတော့သည်။

အပေါင်းအသင်း တစ်စုနှင့်အတူ စာပေထုတ်ဝေရေးကုမ္ပဏီတစ်ခု တည်ထောင်ခဲ့သည်။ အခြား သူငယ်ချင်းတစ်ဦးမှတစ်ဆင့် ဒေဗွန်ရှိုင်းယားခရိုင်မှ ပုံနှိပ်လုပ်ငန်းဆိုင်ရာ ပစ္စည်းများအပါအဝင် ပစ္စည်းအချို့ ဝယ်ယူခဲ့သည်။ ကာလတန်ဖိုး စတာလင်ပေါင် (၂၀၀,၀၀၀)ထက် မနည်း တန်လေသည်။ ထို့နောက် ထိုပစ္စည်းများကို ပုံနှိပ်ထုတ်ဝေရေးကုမ္ပဏီ တစ်ခုသို့ ငွေစတာလင်ပေါင် (၃၂၅,၀၀၀)ဖြင့် လက်လွှဲပြန်ရောင်းခဲ့ပြန်သည်။

ပြဿနာမှာ ဘော့တွမ်လေး ရောင်းချလိုက်သော ပစ္စည်းတို့အနက် တန်ဖိုးမရှိသော ပစ္စည်းများ (ဝါ) အဖိုးမတန်သောပစ္စည်းများ ပါဝင်နေသည်။ သို့ရာတွင် စာပေပုံနှိပ်ထုတ်ဝေရေး ကုမ္ပဏီဒါရိုက်တာက သူရောင်းလိုက်သောပစ္စည်းတို့ကို ဘာမှမပြောဘဲ လက်ခံယူသွားခဲ့သည်။

ထို့နောက်မှ ဘော့တွမ်လေးအား လိမ်လည်မှုဖြင့် တရားစွဲဆိုခဲ့သည်။ ဘော့တွမ်လေးမှာ သူကိုယ်တိုင် လျှောက်လဲခဲ့သည်။ တရားဥပဒေရေးရာနှင့်ပတ်သက်၍ ရှေ့ဘက်စာရေးလုပ်ခဲ့ဖူး၍ နောကျေနေခဲ့သည်။ တရားသူကြီး အထင်ကြီးသွားလောက်အောင်လည်း ဥပဒေအကိုးအကားနှင့် ထုချေလျှောက်လဲခဲ့ရာ အနိုင်ရရှိခဲ့သည်။

ဘော့တွမ်လေးမှာ ဒုတိယခြေလှမ်းအနေဖြင့် ဩစတေးလျနိုင်ငံသို့ စွန့်စားသွားရောက်ပြီး ရွှေတွင်းတူးကာ သူဌေးဖြစ်ကြံခဲ့ပြန်သည်။ (၁၈၉၇) ခုနှစ်တွင် ရွှေသတ္တုပိုင် ဩစတေးလျနိုင်ငံအစိုးရထံ မေတ္တာခံ၍ ကံစမ်းခဲ့သည်။ သူ့ကြိုးပမ်းမှု အောင်မြင်ခဲ့သော်လည်း သူ့ရွှေတွင်းလုပ်ငန်းမှာ အရေးနိမ့် အရှုံးပေါ်ခဲ့သည်။ ဒေဝါလီခံရဖို့နီးနီး ဖြစ်လာခဲ့သည်။

သို့သော်လည်း ပြည်သူတို့မှာ သူ၏ စွန့်စားလုပ်ကိုင်သည့် ရွှေတွင်းလုပ်ငန်း၌ ရှယ်ယာထည့်ဝင်မစဲ ဖြစ်နေသည်။

ဘော့တွမ်လေး၏ နည်းလမ်းမှာ လွယ်လွယ်ကလေး ဖြစ်၏။ ကုမ္ပဏီတစ်ခု စတင်တည်ထောင်လိုက်သည်နှင့် အမြတ်ဝေစု အမြင့်ဆုံးရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ သူ့ထက်ငါ သူ့ကုမ္ပဏီရှယ်ယာများ ဝယ်ကြသဖြင့် ရှယ်ယာဈေး ထိုးတက်သွားခဲ့သည်။ ထို့နောက် သူနှင့် ကြံဖော်ကြံဖက် အကြံသမားဉာဏ်သမား ဝိသမလောဘသားတို့ မတန်တဆဈေးဖြင့် ကုမ္ပဏီအစုစပ်ရှယ်ယာတို့ကို ရောင်းချလိုက်ကြသည်။

ထိုကုမ္ပဏီစီးပွားပျက်သည်နှင့် တစ်ပြိုင်နက် ကျိန်းသေပေါက် လုပ်နေကျအတိုင်း ထိုကုမ္ပဏီကို လက်လွှဲရောင်းချလိုက်ပြီး နောက်ထပ်ကုမ္ပဏီအသစ်တစ်ခု တည်ထောင်ခဲ့ပြန်သည်။ သူကတော့ အစုစပ်ရှယ်ယာဝင်များထံမှ ငွေတွေ အငြိမ့်သား ရလိုက်သည်။

ဘော့တွမ်လေးသည် သူ့ဘဝတွင် အထောက်အကူရပြီး အသုံးကျလှသည့် စီးပွားရေးသတင်းစာကြီးတစ်စောင်နှင့် ဟယ်ခနဲ ဟာခနဲ ရင်သိမ့်တုန်မဂ္ဂဇင်းတစ်စောင်တို့ကို တည်ထောင်ရာ၌ ပါဝင်ခဲ့သည်။ ဘော့တွမ်လေးမှာ လန်ဒန် မဲဆန္ဒနယ်မြေတစ်ခုမှ ပါလီမန်အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရလေသည်။

နဂိုကမှ မြာပွေပွေ အမတ်ဖြစ်လာတော့ မြင်းချိုတပ်ပေးသလို ဖြစ်ခဲ့သည်။ အိမ်ထောင်သည် လူအိုဖြစ်သော်လည်း တိုင်းတစ်ဝန်း မယားငယ်တွေမှိုလိုပေါက် ထားခဲ့ ပွေခဲ့သည်။

သူ၏အိမ်မှာ ဆမ်ဆက်ခရိုင်၊ အိစ်ဘုန်းမြို့အနီး အဆက်ဒစ်တိုင်းအရပ်၌ ရှိလေသည်။ သူသည် မြို့မျက်နှာဖုံး လူကုံထံတစ်ယောက် အနေဖြင့် အထက်တန်းကျကျ နေထိုင်ခဲ့သည်။ (၁၉၁၂)ခုနှစ်၌ ကံဆိုးမိုးမှောင်ကျခဲ့သည်။ စီးပွားငဲလျှောကာ ဆင်းရဲမွဲတေပြီး ဒေဝါလီခံခဲ့ရသောကြောင့် ပါလီမန်အမတ်အဖြစ်မှ နုတ်ထွက်ပေးခဲ့ရသည်။

နည်းနည်းကလေးမှ စိတ်ဓာတ်မကျ။ ဘော့တွမ်လေးသည် သူ၏ရောင်းဝယ်ဖောက်ကား စီးပွားရေးလုပ်ငန်းတို့ကို လုပ်မြဲဆက်လုပ်နေခဲ့သည်။ ပထမကမ္ဘာစစ်မီးကြီး (၁၉၁၄)ခုနှစ်တွင် တောက်လောင်ခဲ့၏။ အခွင့်အရေးသမား ဘော့တွမ်လေးမှာ သူ၏ ဂျွန်ဘူးမဂ္ဂဇင်းထဲမှနေ၍ ရဲသွေးရဲမာန် ဇာတိမာန်တက်ကြွစေဖို့ ဗြိတိသျှမဟာမိတ်တပ်သားတို့အား လှုံ့ဆော်ရေးသား အားပေးခဲ့သည်။ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်တရားဟောကာ စစ်ထဲဝင်ပြီး အမိနိုင်ငံတော်အတွက် အသက်ပေးကြဖို့ စစ်သားစုဆောင်းရေးလုပ်ငန်းကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည်။ သူ့လုပ်ရပ်မှာ စေတနာမမှန် ရောင်တော်ပျံနှင့် ရောလွှတ်ခြင်းပင် ဖြစ်သည်။ စစ်ထဲဝင်ဖို့ သူတို့ထံ အခကြေးငွေ တောင်းခံလေသည်။

(၁၉၈၈)ခုနှစ်၌ ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသွားခဲ့သည်။ ဘော့တွမ်

လေးမှာ အမြဲတစေ ကံကောင်းနေဆဲပင်။ သူ့မဲဆန္ဒနယ်ဟောင်း ဟက်နေတောင် မဲဆန္ဒနယ်မှ သူ့အား အင်္ဂလန်ပါလီမန်လွှတ်တော်အမတ် အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြပြန်သည်။ ပြည်သူ့လွှတ်တော်အမတ်ဖြစ်ပြီး တစ်နှစ်အကြာ၌ သူဌေးဖြစ်ခွေးဖြစ်ကြံကာ အကြီးဆုံးငွေလိမ်မှုကြီး တစ်ရပ်ကို ကျူးလွန်လိုက်လေသည်။

ဗြိတိသျှအစိုးရက ဗစ်ထရီဘွန်းခေါ် အာမခံငွေစုလက်မှတ်များ မည်သူမဆို ငွေရင်းမြှုပ်နှံနိုင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ငွေစုလက်မှတ် စုဆောင်းလိုသူတို့အား လက်မှတ်တစ်စောင်လျှင် (၅)ပေါင်နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အစိုးရက ဝယ်မြှုပ်နှံသူတိုင်းကို (၄ပေါင် ၁၅ သျှီလင်) (Discount)ဖြင့် လျှော့ရောင်းမည် ဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာထားခဲ့လေသည်။ အစိုးရ၏ ရှယ်ယာငွေစုလက်မှတ်မှာ သာမန် လက်လုပ်လက်စား၊ စာရေးစာချီ လူတန်းစားတို့အဖို့ မက်လောက်စရာ ငွေရပေါက်ရလမ်းပင် ဖြစ်သည်။ ဘော့တွမ်လေးမှာ အခွင့်အရေး ချောင်းနေသူပီပီ အခွင့်သာခိုက် အပွကြံတော့သည်။ ချက်ချင်း ဗစ်ထရီကလပ် အသင်းတစ်ခုကို တည်ထောင်ခဲ့သည်။ ပြည်သူတို့အနေဖြင့် အစိုးရ၏ ဗစ်ထရီဘွန်း ရှယ်ယာငွေစုလက်မှတ် အနည်းအကျဉ်း ဖြစ်စေ၊ အမြောက်အမြား ဖြစ်စေ ဝယ်စုဆောင်းရင်းနှီးမြှုပ်နှံလိုပါက ငွေကြေးအတွက် ဘာမှ ပူစရာမလို၊ ဝယ်ယူသူတို့အတွက် ဘော့တွမ်လေး ဗစ်ထရီကလပ်က ငွေ စိုက်ဝယ်ယူပေးသောကြောင့် ဖြစ်၏။

ပြည်သူတို့စိတ်ထဲ ဘော့တွမ်လေးမှာ တကယ့် ကယ်တင်ရှင်ကြီး ဖြစ်သွားခဲ့ကြသည်။ အမှန်မှာ ကြွက်ဖမ်းစားဖို့ ကြောင်သူတော်ကြီး သူတော်ကောင်းဟန်ဆောင်လိုက်ခြင်းပင် ဖြစ်သည်။ ငွေအစုရှယ်ယာရှင်တို့ နကန်းတစ်လုံးမျှ မရိပ်မိလိုက်ကြဘဲ ပေါင် (၁၅၀,၀၀၀၀)ခန့်မှန်းခြေ ပေါင်သန်းဝက်ခန့် ကုပ်သွေးအစုပ်ခံလိုက်ရခြင်းပင် ဖြစ်ပါသည်။

ဘော့တွမ်လေး၏ နေဝင်ချိန် ဆည်းဆာချိန် ရောက်ခဲ့လေပြီ။ ယခင်သူနှင့် စီးပွားဖက်ဖြစ်ခဲ့သူ ရှုဆင်ဘစ်လန်ဆိုသူ လူလိမ်က ဘော့တွမ်လေး ရှုပ်ခဲ့သမျှ မိမိပါရော၍ သိက္ခာကျ နာမည်ပျက်ခဲ့ရသဖြင့် အင်မတန် နစ်နာသောကြောင့် အသရေပျက်စေမှုပုဒ်မဖြင့် သက်ဆိုင်ရာ ရာဘက်

တရားရုံးတော်သို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့လေသည်။
သို့ဖြင့် ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့ ရာဇဝတ်ပြစ်မှုဆိုင်ရာ တရားရုံးချုပ်မှ အမှုကိုလက်ခံပြီး ဘော့တွမ်လေးနှင့် ပတ်သက်၍ မီးခိုးကြွက်လျှောက် လိုက်လံ စုံစမ်းစစ်ဆေးခဲ့သည်။ (၁၉၂၂)ခုနှစ်တွင် လူလိမ်ဘော့တွမ်လေး အား လန်ဒန်မြို့ ရာဘက်တရားရုံးချုပ် အိုးလ်ဘေလီ၌ ဗစ်ထရီဘွန်း ကလပ် အစုငွေများလည်း လိမ်လည်လှည့်ဖြား အလွဲသုံးစားပြုလုပ်မှု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မဖြင့် တရားစွဲဆို ကြားနာစစ်ဆေးခဲ့သည်။
တရားခံ ဘော့တွမ်လေးမှာ ဆင်ခြေဆင်လက် အာသွက်လျှာသွက် ဖြင့် ဘဝတစ်လျှောက်လုံး လိမ်လည်လှည့်ဖြား ခေါင်းတုံးပေါ် ထိပ်ကွက်ခဲ့ သမျှ ဤအချိန်တွင် ဂျူရီလူကြီးတို့ရှေ့မှောက်၌ အာစေးထည့်ထားသလို တစ်လုံးတစ်ပါဒမျှ မချေပနိုင်တော့ပေ။ ယင်းရာဇဝတ်ပြစ်မှုနှင့် ပတ်သက်၍ လူသက်သေတို့အား ကြားနာစစ်ဆေးခဲ့သည်။ ကလပ်မှ အကြွေးဆပ်ရန် ထားရှိသည့် ငွေသားပေါင် (၁၀,၀၀၀)ကို ထုတ်ယူသုံးစွဲခဲ့သည်။ ထို့ပြင် အသင်းပိုင်ငွေပေါင် (၁၅,၀၀၀)ကိုလည်း မြင်းပွဲလောင်းပစ်ခဲ့ခြင်းနှင့် ဂျာမန်လုပ် ရေငုပ်သင်္ဘောတစ်စီး (ရုံးတော်၌ သက်သေခံပစ္စည်းအဖြစ် တင်သွင်းထားသည်)ကိုလည်း စတာလင်ပေါင် (၁၅,၀၀၀)ဖြင့် ဝယ်ယူခဲ့ ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ မိနစ် (၃၀)အတွင်း၌ပင် အခင်းဖြစ် အမှုကို ကြားနာစစ်ဆေးခဲ့ပြီး တရားခံ ဘော့တွမ်လေးအပေါ် လိမ်လည် အလွဲသုံးစားပြုလုပ်မှု ပြစ်မှုဆိုင်ရာ ရာဇဝတ်ဥပဒေပုဒ်မဖြင့် ပြစ်မှု ထင် ရှားစီရင်ခဲ့သည်။ ရုံးတော်မှ သူ့အား အလုပ်ကြမ်းဖြင့် ထောင်ဒဏ် (၇)နှစ် ကျခံစေရန် အပြီးသတ် အမိန့်ချမှတ်ခဲ့သည်။ သို့ရာတွင် (၁၉၂၆)ခုနှစ် အတွင်း ဘော့တွမ်လေးမှာ လွတ်မိန့်ဖြင့် ထောင်မှ လွတ်ခဲ့သည်။ ယခင် ကလို ထည်ထည်ဝါဝါနေနိုင်ဖို့ ကြိုးစားခဲ့သော်လည်း အချည်းနှီးသာ ဖြစ် ခဲ့သည်။
သိန်းကြွယ်သူဌေးတစ်ဖြစ်လဲ ဟိုရေးရှိုးဘော့တွမ်လေးမှာ ဖွတ်ကျော ပြာစု၊ ခရုဆံကျွတ် ဆင်းဆင်းရဲရဲဘဝဖြင့် (၁၉၃၃)ခုနှစ်တွင် ဇာတ်သိမ်း ခဲ့ရရှာလေသည်။

❀ ❀ ❀



လန်ဒန်မှ လူကုံထံလူလိမ် ဂျာဘက်စပင်ဆာဘယ်လ်ဖိုး

## မစားရဝခမန်း ဇာတ်လမ်းဆင်ရှာ လျှောက်လိမ်ခဲ့သည့် လန်ဒန်လူကုံထံ တစ်ယောက်အကြောင်း

လန်ဒန်မြို့သား ဂျာဘက်စ်ဘောလ်ဖောလ် (Jabez Balfous) မှာ သူညဘဝဖြင့်စခဲ့ပြီး သူညဘဝဖြင့်ပင် နိဂုံးချုပ်ခဲ့လေသည်။ သို့သော် ဘဝနိဒါန်းသုညနှင့် ဘဝနိဂုံးသုည နှစ်ဘဝတာကာလအကြား၌ ပြည်သူတို့အား မစားရဝခမန်း လေထဲတိုက်အိမ်ဆောက်သည်။ ကုမ္ပဏီများ တည်ထောင်ကာ ရင်းနှီးမြှုပ်နှံကြရန် ဖြားယောင်းကာ သန်းပေါင်းများစွာ အပွကြံခဲ့သည်။

ဘောလ်ဖောလ်မှာ ဗြိတိန်ဘုရင်မကြီး ဝိတိုရိယနှောင်းခေတ်ကာလတွင် လူအကြည်ညိုအခံရဆုံး သူတစ်ယောက် ဖြစ်ခဲ့သည်။ သူသည် လန်ဒန်မြို့ ဆင်ခြေဖုံး ကရွိုင်ဒန်မြို့နယ် ရာဇဝတ်မှု၊ တရားမမှု အသေးအဖွဲ့တို့ကို စစ်ဆေးတရားစီရင် အပြစ်ပေးပိုင်ခွင့်ရှိသည့် မြို့နယ်အုပ်ချုပ်ရေး အရာရှိတစ်ဦးနှင့် ထိုမြို့နယ်၏ မြို့တော်ဝန်လည်း ဖြစ်ခဲ့ဖူးသည်။ လန်တက်ရှိုင်းယားခရိုင် ဘမ်လေမြို့နယ် မဲဆန္ဒနယ်ပါလီမန်လွှတ်တော် အမတ်လည်း ဖြစ်ခဲ့ဖူးလေသည်။ သို့သော် သူ့ဘဝတွင် ဖြစ်လိုရာတွေ ဖြစ်နေသဖြင့် မဆင်မခြင် မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်ကာ အစိုးရထိပ်တန်း ကိစ္စအားပြစ်မှားမိသဖြင့် ဘဝပျက်ကာ တိုင်းပြည်မှ ခွေးပြေးဝက်ပြေး ပြေးခဲ့ရသည်။

ဘောလ်ဖောလ်မှာ နဂိုဗီဇကတည်းက ကလိမ်ကလည်နည်း သုံးတတ်သူဟု လူပြောများခဲ့သူ ဖြစ်၏။ (၁၈၆၈)ခုနှစ်တွင် ထွက်ရပ်လမ်းတည်ဆောက်ရေးအသင်း တည်ထောင်ခဲ့သည်။ နှစ်အနည်းငယ် ကုန်လွန်

ပြီးနောက် ကုမ္ပဏီတွေ တစ်ခုပြီးတစ်ခု ဆက်တိုက် တည်ထောင်ခဲ့ပြန်သည်။ မြေယာဝေခြမ်းရေးကုမ္ပဏီ၊ ကျော့နယူးမင်းကုမ္ပဏီနှင့် သည်ရီးရယ်အီစတိတ်စ်ကုမ္ပဏီ စသည်တို့ကို တည်ထောင်ခဲ့သည်။ (၁၈၈၂)ခုနှစ်၌ လန်ဒန်နှင့် အထွေထွေဘဏ်ကြီးကို တည်ထောင်ခဲ့ပြန်သည်။ သူ၏ အဓိက ရည်ရွယ်ချက်မှာ မရှင်းမရှင်း ချက်လက်မှတ်များ အလုံးအရင်းနှင့် သူ့ကုမ္ပဏီတစ်ခုမှ တစ်ခုသို့ ပြောင်းလဲ စီးဆင်းသွားရန် ဖြစ်သည်။

ဘောလ်ဖောလ်မြေများ၊ တိုက်တာအဆောက်အအုံပစ္စည်းများ ဝယ်လိုက် ပြန်လည် ရောင်းချလိုက်နှင့် လက်ပြောင်းလက်လွှဲ ငွေကစားနေစဉ် အတောအတွင်း သူ့အပေါင်းအသင်းရောင်းရင်း လူလိမ်လူကောက်တို့အဖို့ အမြတ်အခွန်များ တောင်ပုံရာပုံ ရနေကြသည်။ ယင်းငွေပင်ငွေရင်းတို့ကို ရက်ရက်ရောရော ပေးလိုက်ကမ်းလိုက်ကြရသည်။ အလှူရှင်ပြည်သူတို့မှာ လူလည်ပတ်ကားတို့ နှပ်နေသမျှ လုံးဝကို မရိပ်မိခဲ့ကြပေ။

သူ့ကုမ္ပဏီများ၌ ရင်းနှီးမြှုပ်နှံကြသူ ငွေလုံးငွေကြေးပေးသူတို့အဖို့ ဘောလ်ဖောလ်အား ယုံကြည်ကိုးစားခဲ့ကြသည်။ တကယ့် ရိုးသားတည်ကြည်သည့် သမ္မာအာဇီဝကုန်သည်ကြီးဟု အထင်ကြီးခဲ့ကြသည်။ နှစ်စဉ် ဘောလ်ဖောလ်နှင့် သူ့ ကြောင်သူတော်ရောင်းရင်းတို့ အိတ်ထောင်များထဲသို့ ပုံမှန်အမြတ်ငွေ (၈)ရာနှုန်းကျ ဝင်နေခဲ့သည်။ ဤသို့ဖြင့် စီးပွားလမ်းဖြောင့် လက်ညှိုးညွှန်ရာ ရေဖြစ်ကာ ကုမ္ပဏီတစ်ခုပြီးတစ်ခု ထပ်ကာ ထပ်ကာ တည်ထောင်ခဲ့သည်။ ဘောလ်ဖောလ်၏ ကုမ္ပဏီတို့မှာ ရင်းနှီးမြှုပ်နှံမည့်သူများ အလုအယက် တိုးနေကြသဖြင့် ငွေရင်း ထည့်ဝင်ပါဝင်ကြသူများ လိုသည်ထက်ပို၍ မောင်းထုတ်ရမတတ် ဖြစ်ခဲ့တော့သည်။

ဘောလ်ဖောလ်ဆိုသည့် လူလိမ်လူကောက်၏ အကျိုးပေးကလည်း ထူးထွေသည့် အံ့ရာသော် ဆိုသလို လုပ်သမျှ အောင်မြင်ဖြစ်ထွန်းနေသဖြင့် လူတိုင်းနီးပါး သူ့လုပ်ငန်းများ၌ အစုစပ် ပါဝင်လုပ်ကိုင်လိုကြသည်မှာ မဆန်းလှပါ။ အလိမ်အနှပ်ခံ ပြည်သူတို့မှာမူ မိမိတို့၌ရှိသည့် အမြတ်ဝေစုများ မည်သည့်ကုမ္ပဏီမှ ရရှိမှန်းတောင် မသိရှိခဲ့ကြ။ အမှန်စင်စစ် ယင်းအမြတ်ဝေစုတို့မှာ မည်သည့်ကုမ္ပဏီ အမြတ်အစွန်းမှ မဟုတ်။ နောက်ထပ် ဝင်လာမစဲ ရင်းနှီးမြှုပ်နှံသူတို့၏ ငွေပင်ငွေရင်းတို့ပင်ဖြစ်ပြီး

သူ့အရိုးနှင့် သူ့ပြန်ထိုးလိုက်ခြင်းသာ ဖြစ်လေသည်။

နှစ်အတန်ကြာလာသည်နှင့် ဘောလ်ဖောလ် စီးပွားရေးလုပ်ငန်းများမှာ အမယ်ဘုတ်ကယ်သူချည်ငင် ဆိုသလို ရှုပ်သထက် ရှုပ်လာခဲ့သည်။ လည်လွန်းသောဘီး ချေးသင့်တော့မည်ကို မသိ၊ ငွေအချောင် ရပေါက်ရလမ်းကိုသာ ရှေ့ရှုပြီး ဇတ်ရဲလက်ရဲ မိုက်တွင်းနက်တော့သည်။ သူ၏ အတ္တကြီးမှုသည် သူ့အပေါ် ယုံကြည်ကိုးစားနေကြသူ ရင်းနှီးမြှုပ်နှံသူတို့သာမက သူနှင့်အတူ တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြသော လူဘူးတောင်းအချင်းချင်းနှင့် စီးပွားရေးလုပ်ငန်းတို့မှ ဝန်ထမ်းတို့အပေါ် ဖျံ့ကျလာခဲ့တော့သည်။ သူ၏ အပေါင်းအသင်း ရောင်းရင်းလုပ်ဖော်ကိုင်ဖက်တို့နှင့် ဝန်ထမ်းတို့မှာ အချို့ အလွန် ရိုးသားသူများဖြစ်ပြီး ကျန်သူတို့မှာ သူနှင့်ပိန်မသာ လိမ်မသာ လူဘူးတောင်း၊ သပွတ်အူလူရှုပ်လူလိမ်တွေသာ ဖြစ်ကြလေသည်။

ဘောလ်ဖောလ်၏ တေဖော်တေဖက် လူပွေလူတေများမှာ အများနှင့်မတူ သူ့အပေါ် ကောင်းကြသည်။ သူ့အကြောင်း အတင်းအဖျင်း သားပုပ်လေလွင့် ဘယ်တော့မှ ပြောကြသူများ မဟုတ်ကြချေ။ သူကလည်း သူနှင့် စိတ်တူကိုယ်တူ ဆိုးတူကောင်းဖက်ချည်း ရွေးပေါင်းသင်းလုပ်ကိုင်ခဲ့ပြီး သူ၏ စီးပွားရေးလုပ်ငန်းနှင့် နိုင်ငံရေးလမ်းကြောင်း၌ ယုံကြည်မှု၊ သစ္စာရှိမှုကို ရယူရန် ကောင်းတူဆိုးဖက်၊ သေဖော်သေဖက် မူဝါဒကို ခံယူချမှတ်ကျင့်သုံးခဲ့ခြင်း ဖြစ်၏။

"ခွေးရူးကောင်းစား တစ်မွန်းတည့်" ဆိုသကဲ့သို့ လူလိမ်လူကောက် လူဆိုးတို့သည် မည်မျှပင် မိုးကောင်းနေစေကာမူ သေတစ်ပန် သက်တစ်ဆုံး တည်မြဲမည်မဟုတ်၊ အချိန်တန်တော့ ချုပ်ပျောက်ကြရမည်သာ ဖြစ်၏။ သို့သော် လူမိုက်ဟူသည် နောက်မှလည်း နောင်တမရ မိုက်မြဲဆက်မိုက်တွင်းနက်ကြမည်သာ ဖြစ်ပါသည်။

(၁၈၉၂)ခုနှစ်တွင် ရုတ်တရက် ဘောလ်ဖောလ်၏ ကုမ္ပဏီများထဲမှ ကုမ္ပဏီတစ်ခုမှာ ပိတ်လိုက်ရတော့သည်။ ကုမ္ပဏီမှာ ကြွေးငွေပေါင် (၈) သန်းတင်ခဲ့သည်။ ယင်းအဖြစ်မှာ စီးပွားရေးလောကကြီးတစ်ခုလုံး ပျာသွားခဲ့ကြသည်။ ငေးငိုင်သွားခဲ့ရသည်။ သို့သော် ဘောလ်ဖောလ်အဖို့

ဤကိစ္စမျိုးမှာ အရေထူနေပြီဖြစ်၍ အသေးအဖွဲ့ အဓိကသာ ဖြစ်နေပေတော့သည်။

သူ၏ အောင်မြင်မှု၌ ဤကိစ္စမျိုးမှာ တုန်လှုပ်စရာ မဟုတ်၍လည်း သူက အစစ အဆင်သင့်ပြင်ဆင်ပြီး ဖြစ်နေခဲ့သည်။ ဘောလ်ဖောလ်မှာ နှစ်ပေါင်း (၂၀)တိုင် အကွက်ချလိမ်ခဲ့၊ ခိုးခဲ့၊ ဝိသမလောဘဖြင့် စီးပွားရှာခဲ့သူဖြစ်၍ ပေါက်သည့်နဖူး မထူးဇာတ်ခင်းရပေတော့သည်။ သို့နှင့် တောင်အမေရိကသို့ လက်လွတ်ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး (၃)နှစ်တိုင် ဇာတ်မြုပ်နေထိုင်ခဲ့သည်။

ဝရမ်းပြေး ဘောလ်ဖောလ်အဖို့ ကံဆိုးမိုးမှောင်ကျခဲ့သည်။ တစ်နေ့ ချီလီနိုင်ငံ တောမြို့ကလေးဆော်လတာ၌ မထင်မရှား နေထိုင်ပုန်းအောင်းနေသည့် အသိတစ်ယောက်နှင့် ပက်ပင်းတိုးခဲ့ကြသည်။ ထိုသူကပင် ချီလီနိုင်ငံ၊ ဗြိတိသျှကောင်စစ်ဝန်ထံသို့ သတင်းပေးခဲ့သည်။ ကောင်စစ်ဝန်က ဘောလ်ဖောလ်အား သက်ဆိုင်ရာ နိုင်ငံအုပ်ချုပ်ရေးဆိုင်ရာ အကူအညီဖြင့် ဖမ်းဆီးကာ ဗြိတိန်နိုင်ငံ ရာဇဝတ်ရုံးချုပ် အိုးလ်ဘေလီသို့ ရုံးတင်စစ်ဆေးနိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့လေသည်။

ထိုခေတ် ထိုကာလက ထိပ်တန်းဥပဒေပညာရှင်တို့မှာ လူလိမ်သမား ဘောလ်ဖောလ်အား တရားစွဲဆို ရုံးတင်စစ်ဆေးရန် တန်းစီနေခဲ့ကြသည်။ သူ လိမ်ခဲ့ရှုပ်ခဲ့သမျှ အရှုပ်တော်ပုံ ကုမ္ပဏီဇာတ်လမ်းများ၊ ဘော်ချက်ပုံချက်နည်း သက်သေခံအထောက်အထား ခိုင်လုံသည့် စာရွက်စာတမ်းများ တောင်လိုပုံနေခဲ့သည်။

သူ့ဘဝသက်တမ်းတစ်လျှောက် သန်းကြွယ်သူဌေးဖြစ်လို၍ မကြံကောင်းမစည်ရာ လိမ်ခဲ့ဝှက်ခဲ့ ဘော်ချက်ခဲ့သည့်အမှုမှာ ကြာကြာ ကြားနာမစစ်ဆေးလိုက်ရဘဲ ဆုံးခန်းတိုင် ရောက်ရှိခဲ့သည်။ သူ့၌ အပြစ်ရှိကြောင်း ထင်ရှားကြားနာ စစ်ဆေးခဲ့ပြီးလေပြီ။ ရာဘက်တရားရုံးချုပ် တရားသူကြီး မစ္စတာဘရစ်က သူ့အား ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် (၁၄)နှစ် ကျခံစေရန် အပြီး အမိန့်ချမှတ်စီရင်ခဲ့သည်။ ထို့ပြင် သူ့အား နောက်ဆုံးစကားတစ်ခွန်း မှာကြားခဲ့သေးသည်။ "ဒီမှာ ဘောလ်ဖောလ် မင်း မြဲမြဲမှတ်ထား၊ မင်း စီးပွားရေး ကလိမ်ကျမှုကြောင့် ဘဝပျက်ခဲ့ကြရတဲ့ မုဆိုးမ

တွေ၊ မိဘမဲ့ကလေးတွေရဲ့ ငိုယိုသံတွေကို မကြားရအောင် ဥပေက္ခာပြု၊ ဘယ်လောက်ပဲ နားပိတ်ထားထား မရဘူး၊ မင်းနားထဲ အမြဲကြားနေရမှာ မလွဲဘူး”ဟူ၍ ဆုံးမစကားပြောခဲ့သည်။

သူ့နာမည် ဘောလ်ဖောလ် နောက်ကပ်လျက် လူအများက အနွတ္တ အမည်တစ်ခု တပ်ခဲ့ကြသည်။ ဘောလ်ဖောလ်စနိုးဘောလ် ဟူ၍ ဖြစ်သည်။ စနိုးဘောလ်ဆိုသည့် အဓိပ္ပာယ်မှာ နှင်းပွင့်နှင်းခဲမည်သည် ခေတ္တ ခဏသာ တည်မြဲတတ်ပြီး အချိန်တန်ကျ ပျော်ပျက်သွားတတ်စမြဲ ဖြစ်၏။ ထို့အတူ လူလိမ်လူကောက် ဆိုသည်မှာ အလိမ်မပေါ်မီသာ ကောင်းစားပြီး အလိမ်ပေါ်သည့်အခါ ခွေးကျ ကျတတ်သည်ဟု ဆိုလိုရင်း ဖြစ်သည်။

ဘောလ်ဖောလ်မှာ မာန်မလျှော့သေး။ ထောင်ကလွတ်လျှင် ဆက်၍ မသမာသည့်နည်းဖြင့်ပင် စီးပွားရှာဦးမည်ဟု အားခဲထားခဲ့သည်။ သို့သော် ရုတ်တရက် နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့လေသည်။

❁ ❁ ❁



ပြင်သစ်မျှော်စင်ကြီးကို လက်ညှိုးထိုးရောင်းစားခဲ့သူ
ဗစ်တာလူစတစ်

## ပြင်သစ်နိုင်ငံ ကမ္ဘာကျော် အီဖယ်လ်တာဝါမျှော်စင်ကြီးကိုမှ လက်ညှိုးထိုးရောင်းစားခဲ့သူ

ဗစ်တာလူးစတစ် (Victor Lustig) ၏ ခေါင်းထဲသို့ ဖျတ်ခနဲ စိတ်ကူးတစ်ခု ရရှိလာခဲ့သည်။ အချိန်မှာ (၁၉၂၅)ခုနှစ် မတ်လအတွင်းက ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၊ ဟိုတယ်အခန်းတစ်ခန်း၌ တည်းခိုနေစဉ် တစ်နေ့ နေ့စဉ်သတင်းစာတစ်စောင် ဖတ်ရှုနေခဲ့ရင်း ထိုအကြံပေါ်လာခဲ့ခြင်း ဖြစ်သည်။ သတင်းစာပါ အကြောင်းအရာ သတင်းတစ်ပုဒ် ဖတ်မိရာ သူ့မျက်လုံးများ ဇီးကွက်လို ပြူးသွားခဲ့ရသည်။ သတင်းမှာ အီဖယ်လ်တာဝါ မျှော်စင်ကြီး သက်တမ်းနှစ်လွန် ပျက်စီးယိုယွင်းပြီဖြစ်၍ အကြီးအကျယ် ပြန်လည်ပြုပြင်မွမ်းမံဖို့ လိုအပ်နေပြီ ဖြစ်ကြောင်းပင် ဖြစ်သည်။ ဆောင်းပါးရှင်က အီဖယ်လ်မျှော်စင်ကြီးမှာ ပဲရစ်မြို့တော်၏ အကျော်ဒေးယျ ကျက်သရေဆောင်ဖြစ်၍လည်း ဖြိုဖျက်ပြီး အသစ်ပြန်လည် တည်ဆောက်သင့်ကြောင်း အကြံပြုထားလေသည်။

ထိုသတင်းမှာ အခြားသူတို့အဖို့ ဘာမှ ထူးထူးထွေထွေ မခံစားကြရသော်လည်း အလိမ်ဝိဇ္ဇာတစ်ယောက်အဖို့ စိတ်ကူးယဉ်စရာ ဖြစ်လာခဲ့ရသည်။ ဗစ်တာလူးစတစ်မှာ သာမန် သူလိုငါလို လူဆိုလျှင် မထောင်းတာသော်လည်း ပန်းချီဆရာတစ်ယောက် ဖြစ်နေ၍ သူများနှင့်မတူ စိတ်ကူးပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် သမရိုးကျအနုပညာရှင်တို့၏ စိတ်ကူးနှင့်တော့မတူ။ သူ၏ ဆန်းပြားသော စိတ်ကူးက ဥပဒေပြင်ပ

ဝိသမလောဘစိတ်ကူးပင် ဖြစ်သည်။ သူတစ်ဖက်သား ကျလောက်အောင် လှည့်သည့် ဖတ်သည့်နေရာ၌ လူးစတတ်က သရဖူဆောင်းသူ ဖြစ်၏။

သူဖတ်ရှုလိုက်ရသည့် သတင်းစာထဲမှ သတင်းမှာ မျက်မှောက် နှစ်ဆယ်ရာစုနှစ်ခေတ် လိမ်နည်းပတ်နည်းတို့ကို နောကျေနေသည့် လူလိမ်အဖွဲ့ အခွင့်အရေး ရွှေတံခါးကို ဟင်းလင်းပွင့် ဖိတ်ခေါ်နေသည်နှင့် တူနေပေတော့သည်။

ပထမအနေဖြင့် လူးစတတ် (သူ့ကိုယ်သူတော့ မြို့စားမင်း လူးစတတ်ဟူ၍ ခေါ်ဝေါ်သုံးစွဲသည်ကို သဘောကျနေသူ ဖြစ်၏)အဖွဲ့ လိုအပ်သည့် ပြင်သစ်စာတိုက်ဝန်ကြီးဌာနမှ မှတ်တမ်းမှတ်ရာပုံနှိပ်ပြီးသား စာရွက်စာတမ်းတို့ ရနိုင်ဖို့ပင် ဖြစ်သည်။ ၎င်းမှတ်တမ်း စာရွက်စာတမ်းတို့မှာ အထိမ်းအမှတ် မျှော်စင်ကြီး၏ ပြုပြင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ ဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြင်သစ်စီးပွားရေးသမားကြီး ငါးယောက်တို့ကို ဖိတ်ကြားပြီး ပဲရစ်မြို့ ကရီလ်လွန်ဟိုတယ်၌ လျှို့ဝှက်စည်းဝေးတိုင်ပင်ခဲ့ကြသည်။

ဖိတ်ကြားထားသော ဝန်ကြီး၏ဧည့်သည်တော် ပြင်သစ်စီးပွားရေးသမားကြီး ငါးဦးတို့ ဟိုတယ်သို့ ရောက်လာကြသောအခါ သီးသန့်ခန်းတစ်ခန်းသို့ ဦးဆောင်လမ်းပြ ခေါ်ဆောင်လာခဲ့သည်။ ဟိုတယ်ဧည့်ကြိုအမှုထမ်းမှာ အကြံသမားလူးစတတ်၏ ဆိုးတိုင်ပင်ကောင်းတိုင်ပင် ကိုယ်ရေးအရာရှိ (အတွင်းရေးမှူး)ရောဘတ်တိုးဘီကွန်ဆိုသူ ငွေလိမ်သမားဖြစ်သည်။ လျှို့ဝှက်စည်းဝေးတိုင်ပင်ကြသည့် ဝန်ကြီး၏ အထူးဧည့်သည်ငါးဦးတို့မှာ ဤကိစ္စကို မည်သူမျှ မပေါက်ကြားစေရဟု သစ္စာကတိပြုထားကြရသည်။ ယင်း ကြောက်စရာလန့်စရာ လျှို့ဝှက်သတင်းမှာ အီဖယ်လ်တာဝါမျှော်စင်ကြီး၏ လက်ရှိ ပကတိအခြေအနေမှာ အင်မတန် အန္တရာယ်ကြီးနေကြောင်း သို့အတွက် မျှော်စင်ကြီးကို ဖြိုချကြရမည်ဖြစ်ပြီး အသစ်တစ်ဖန် ပြန်လည် တည်ဆောက်ကြရမည် ဖြစ်ကြောင်းတို့ပင် ဖြစ်သည်။

ယင်းကဲ့သို့ မျှော်စင်အိုကြီးအား ဖြိုဖျက်ချခဲ့ပါလျှင် နိုင်ငံအတွက် အထွတ်အမြတ် အထိမ်းအမှတ် သမိုင်းဝင် အဆောက်အအုံကြီး ဖြစ်သဖြင့် ပြည်သူတွေ မကျေမနပ် ပွတ်လောရိုက်ကြမည့် အန္တရာယ်အခက်အခဲနှင့်

မလွဲမသွေ ရင်ဆိုင်ကြရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ ပြင်သစ်အစိုးရ အနေဖြင့် အစစအရာရာ အလုံးစုံ လုံခြုံရေးကို စိတ်ချရအောင် ကြိုတင် ပြင်ဆင်ထားကြမည် ဖြစ်၏။ သို့အတွက် စီးပွားရေးနယ်ပယ်မှ စိတ်ချယုံကြည်ရဆုံး ဂုဏ်သရေရှိအဖွဲ့ဝင် ပုဂ္ဂိုလ်ကြီးငါးဦး အထူးရွေးချယ်ပြီး တိုင်တိုင်ပင်ပင် သစ္စာရှိရှိ အစစ သတိရှိကြရန် မှာကြားခဲ့ရခြင်းဖြစ်ကြောင်း ပြောလေသည်။

လူလိမ်အကြံသမား လူးစတစ်သည် သူတပည့်ကျော် ညာလက်ရုံး ဒုစရိုက်သမား ကရီးလ်လွှန်ဟိုတယ် အမှုထမ်းရောဘတ်တိုးလ်ဘီကွန် ထံမှတစ်ဆင့် ကြားခဲ့ရသည့် အီဖယ်လ်တာဝါ လျှို့ဝှက်သတင်းကို ခုတုံးလုပ် အသုံးချရန် အကွက်ချ လှုပ်ရှားလေတော့သည်။ ပဲရစ်မြို့တော် စီးပွားရေး လောကမှ အဆောက်အအုံပျက် စွန့်ပစ်ပစ္စည်း သံထည်၊ သတ္တုထည်၊ ပစ္စည်းဟောင်းများ ဝယ်ယူ ပြန်လည်ရောင်းချသော ကုန်သည်ကြီး ငါးယောက်ကိုရှာ၍ အကွက်ရိုက်ခဲ့သည်။ ထိုစွန့်ပစ်ပစ္စည်းတို့မှာ စုစုပေါင်း တန်ချိန် (၇၀၀၀)ရှိမည်ဖြစ်ပြီး ထိုပစ္စည်းတို့ကို အများဆုံး ဈေးပေးဝယ်၍ တင်ဒါ တင်သွင်းကြရန် လူးစတစ်က ယုတ္တိယုတ္တာရှိရှိနှင့် ဖိန့်လေရာ သူ၏ လိမ့်လုံး ပတ်လုံးတို့ကို ငထူငအ ထိုကုန်သည်တို့ ယုံကြည်သွားခဲ့ကြသည်။ လောဘ ရမ္မက်လည်း တက်ခဲ့ကြသဖြင့် အမှားအမှန် အလိမ်အတုမှန်း မဝေခွဲ တတ်ကြတော့ပေ။ သူတို့ တစ်ဦးချင်းစီအား လူလည်လူလိမ် လူးစတစ် လှည့်စားခဲ့ရာ ဝယ်ယူမည်ဖြစ်ကြောင်း ကတိပေးခဲ့ကြသည်။ သူတို့လည်း တန်ဖိုးငွေ မည်မျှပေး၍ ဝယ်ယူရမည်ကို တစ်ဦးချင်းတစ်ဦး တစ်ခါမျှလည်း မဆုံဘူး၊ မသိဘူးကြပေ။ တစ်ဦးချင်းစီ တွက်ချက်ခဲ့ကြသည်။

ဤသို့ဖြင့် အီဖယ်လ်တာဝါ အပျက်အစီးစွန့်ပစ် ပစ္စည်းဟောင်းတို့ ဝယ်ယူရန် တင်ဒါရှင် (သံထည်၊ သတ္တုထည်)တစ်ဦး၏ လျှောက်လွှာကို ရွေးချယ် လက်ခံခဲ့သည်။ထို ကုန်သည်ကြီး၏အမည်မှာ အန္ဒြာဆင်ပွိုင်စင် ဟူ၍ ဖြစ်ပြီး ထိုသူမှာတော့ နယ်ဘက်မှ ချမ်းသာသူ ဖြစ်သည်။ ပဲရစ်မြို့ တော်ကြီးထိ တက်လာခဲ့ပြီး ပဲရစ်စီးပွားရေးလောက၌ ခြေချဖို့ မဝံ့မရဲ ဖြစ်နေသည်။ လူရည်မလည်သေးသော မနူးမနပ် အချဉ်တစ်ယောက် ဖြစ်၏။ ရက်သတ္တပတ် တစ်ပတ်အတွင်း လူလည်ကလိမ်ခြံ လူးစတစ်သည် တင်ဒါဝယ်ယူကြမည့် လျှောက်လွှာရှင် ကုန်သည်ငါးယောက်အနက်

အန္တဆင်ပွိုင်စင် တစ်ဦးတည်းကိုသာ လက်ခံခဲ့ပြီး သူတည်းခိုနေထိုင်ရာ ဟိုတယ်သို့ ဖိတ်ကြားခဲ့ပြီး သတင်းကောင်းကို ဖွင့်ဟပြောပြခဲ့သည်။

ထို့နောက် ကလိမ်ကကျစ် လူးစတတ်မှာ သူ၏ လိမ်နည်းညာနည်း ပရိယာယ်ဝေ့ဝစ်အစွမ်းတို့ကို ထုတ်၍ သုံးလေတော့သည်။ သူ၏ အမဲကောင် ပွိုင်စင်အား ပဲရစ်အစိုးရအရာရှိပိုင်းသို့ ချောချောမွေ့မွေ့ ထိုးဖောက်ဝင် ရောက်နိုင်ရန် သက်ဆိုင်ရာအရာရှိတို့အား လာဘ်လာဘ ပေးရမည် ဖြစ်၍ ကျသင့်ငွေကို အကူအညီ တောင်းခဲ့သည်။ လူနုံလူအ ကုန်သည် ပွိုင်စင်လည်း ရှောရှောရှူရှူ သဘောတူခဲ့သည်။ သို့နှင့် သက်ဆိုင်ရာ ပဲရစ် အုပ်ချုပ်ရေး ပုဂ္ဂိုလ်အကြီးအကဲအား လာဘ်ပေးရန် ငွေသားကို သူ့အား လာဘ်ပေးလိုက်လေသည်။ ယင်းသို့ ဆောင်ရွက်လိုက်ခြင်းဖြင့် သူ့အပေါ် သံသယဒွိဟကင်းသွားမည်ဖြစ်၍ စိတ်လေးစရာ မလိုတော့ချေ။ ထို့ပြင် သူ့ အပေါ် ပွိုင်စင်က ကောင့်ဗစ်တာလူးစတတ်မှာ ဝန်ကြီးဌာနမှလူဖြစ်ကြောင်း ငနုံအ ပွိုင်စင် ယုံကြည်သွားမည် ဖြစ်၏။

ပွိုင်စင်လည်း မအူမလည်နှင့် လူလိမ်လိမ့်သမျှ အဟုတ်ထင်ပြီး သူ့အားပေးလိုက်သော အီဖယ်လ်တာဝါဖြိုဖျက်ရာမှ ရောင်းချမည့် သံတို သံစ အဟောင်းပစ္စည်း ဝယ်ယူခွင့်တင်ဒါ ဘဏ်လွှဲပြောင်းစာချုပ်တစ်စောင် ကို သက်ဆိုင်ရာသို့ သွားရောက် ပေးအပ်လိုက်လေသည်။

အီဖယ်လ်မျှော်စင်ကြီးအား လက်ညှိုးထိုးရောင်းစားခဲ့သူ မြို့စား အယောင်ဆောင် ဗစ်တာလူးစတတ်နှင့် ပုလင်းတူဘူးဆို့ သူညာလက်ရုံး တိုးလ်ဘီကွန်တို့နှစ်ယောက် (၂၄)နာရီအတွင်း ပြင်သစ်နိုင်ငံမှ လစ်ပြေးခဲ့ ကြသည်။ နိုင်ငံခြား၌ ခိုအောင်းနေစဉ် သူတို့ လိမ်လည်ခဲ့မှုနှင့် ပတ်သက် သည့် နောက်ကြောင်း ရန်သတင်းကို နားစွင့်နေခဲ့ကြသည်။ သူတို့ ထင် ထားခဲ့ကြသလို အလိမ်ခံရသူ အဆောက်အအုံပျက် စွန့်ပစ်ပစ္စည်းရောင်း ဝယ်သူ ကုန်သည်ငတုံး အန္တဆင်ပွိုင်စင်၏ သက်ဆိုင်ရာသို့ တိုင်တန်းသော သတင်း ထွက်ပေါ်မလာခဲ့ချေ။ အမှန်စင်စစ် ကျော်ချမှ ဓားပြမှန်း သိခဲ့ သည့် ပွိုင်စင်မှာ မိမိအဖြစ်နှင့် မိမိရှက်ပြီး မိမိ အလိမ်ခံရသည်ကို မည်သူမျှ လည်း မပြော၊ ရဲသို့လည်း မတိုင်ဘဲ ကြိတ်မှိတ်ငြိမ်ခံနေခဲ့ခြင်း ဖြစ်သည်။

အေးဆေးသွားပြီဖြစ်၍ မြို့စားနှင့်သူ၏ ရောင်းရင်းတို့ ပဲရစ်မြို့သို့

ပြန်လာခဲ့ကြပြီး ခွေးမြီးကောက်ကျည်တောက်စွပ် ထပ်လိမ်မြဲ လိမ်ခဲ့ကြပြန်သည်။ ငါးစာသာမြင်၍ ငါးမျှားချိတ်မမြင်သော လူလိမ်လောဘသား လူးစတတ်တို့သည် လွယ်လွယ်နှင့် ယုံလွယ်တတ်သည့် အဟောင်းအမြင်းရောင်းဝယ်သူ ကုန်သည် နောက်ထပ်တစ်ယောက်အား အီဖယ်လ်တာဝါအား လက်ညှိုးထိုး ရောင်းစားခဲ့ပြန်သည်။ ဤတစ်ချီတော့ ထိုကုန်သည်က ငြိမ်မခံ သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်း သွားရောက် တိုင်ကြားခဲ့သည်။ လူလိမ်နှစ်ယောက်တို့ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးခဲ့ပြန်သည်။ သူတို့ လူလိမ်နှစ်ယောက်မှာ ဘယ်တော့မှ ဖမ်းဆီးတရားစွဲဆိုခြင်း မခံကြရသကဲ့သို့ သူတို့ လိမ်လည်သွားခဲ့သောငွေသား မည်၍မည်မျှ ပါသွားခဲ့သည်ကိုလည်း မသိကြရပေ။

လူးစတတ်ကဲ့သို့ လူစားမှာ သူ့အလိမ်ပညာကို ယုံကြည်ကိုးစားပြီး မာန်တက်နေသူ ဖြစ်၏။ ပဲရစ်မြို့နိုင်ငံကျော် အီဖယ်လ်တာဝါမျှော်စင်ကြီးကို နှစ်ကြိမ်တိုင်တိုင် လက်ညှိုးထိုး ရောင်းစားခဲ့သည်။ နှစ်ကြိမ်စလုံး အဖမ်းအဆီး မခံရသဖြင့် သူ့ကိုယ်သူ ငါလိုသူ ဇမ္ဗူတွင် မရှိဟု သွေးနားထင်ရောက်နေခဲ့သည်။ ဗစ်တာလူးစတတ်မှာ (၁၈၉၀)ခုနှစ်က ချက်ကိုစလိုဗစ်ကီးယားနိုင်ငံ၌ မွေးဖွားခဲ့သူ ဖြစ်၏။ ဥရောပတစ်ခွင် လေလွင့်ကာ နာမည်အမျိုးမျိုးဖြင့် လှောက်လိမ်လည်ကာ အသက်မွေးဝမ်းကျောင်းခဲ့ရာ (၄၅) ကြိမ်တိတိ ဖမ်းဆီးခြင်းခံခဲ့ရသည်။

အမေရိကသို့ ထွက်ခွာခဲ့ရာ အတ္တလန်တိတ်သမုဒ္ဒရာ ကူးသန်းသွားလာနေသော လူစီးသင်္ဘောပေါ်၌ လူချမ်းသာခရီးသည်တို့အား တွေ့ခဲ့ရသည်။ ထိုခရီးသည်တို့မှာ အများအားဖြင့် ယုံလွယ် လိမ်လည်၍ရလွယ်သော လူနုံလူအများ ဖြစ်သဖြင့် လူးစတတ်၏ သားကောင်များ ဖြစ်ခဲ့လေတော့သည်။ သူလည်း လွယ်လွယ်ချောင်ချောင် ငွေရပေါက်ရလမ်း တွေ့နေသဖြင့် အတ္တလန်တိတ်ပင်လယ်ကူးသင်္ဘောကြီးများဖြင့် ကူးချည်သန်းချည်စုန်ဆန်ခရီးထွက်ရင်း စားသာနေလေသည်။

အသက် (၂၀)ဝန်းကျင်၌ လူးစတတ်သည် လွယ်လွယ်လိမ်လိုက်ပတ်လိုက်နှင့် မသမာသောနည်းဖြင့် အသက်မွေးဝမ်းကျောင်းနေခဲ့ရာ လက်ဖျားငွေသီးနေခဲ့သည်။ လောဘကြီးပြီး လွယ်လွယ်ယုံကြည်တတ်သူ

တို့မှာ သူ၏သားကောင် ဖြစ်ခဲ့ကြရသည်။

လူလိမ်လူညာ လူးစတတ် အကြီးအကျယ် အပွကြံတော့မည် ဆိုလျှင် သူလိမ်မည့်သူထံမှ ပြောစကားတို့ကို စိတ်ရှည်ရှည်ဖြင့် နားထောင်လေ့ရှိသည်မှာ သူ၏ ပဓာနစည်းမျဉ်းပင် ဖြစ်သည်။ သူ့ဘဝတွင် မည်သည့်အခါမျှ လိမ်ရပတ်ရ ခက်ခဲသည်ဟူ၍ မရှိဖူးဘူးချေ။ သူ၏ သားကောင်အား စကားများများ ပြောစေခဲ့သည်။ လူလိမ်က ထိုသူ့စကားကို အင်မတန်စိတ်ဝင်စားသည့်ဟန်ပန်ဖြင့် အာရုံစိုက် နားထောင်လေ့ရှိလေသည်။ သူ့စကားထဲမှနေ၍ ထိုသူ၏ နိုင်ငံရေးအမြင်၊ ဘာသာတရားကိုင်းရှိုင်းမှု ရှိမရှိကိုလေ့လာပြီး သူ့အကြိုက်လိုက်၍ 'အင်း'လိုက်ကာ ထိုသူ ဘဝင်မြင့်လေပင့်မြောက်သွားအောင် ပင့်ပေးမြှောက်ပေးခဲ့သည်။ ဇာတ်လမ်းအဆုံး၌ သူ့အဖို့ သူ၏သားကောင် အိတ်ထောင်ထဲမှ ငွေများ သူ့အိတ်ကပ်ထဲသို့ ခုန်ရောက်လာခဲ့တော့သည်။

တစ်နေ့ လူးစတတ်သည် အပွကြီးပွပေါက်တိုးမည့်သားကောင် တစ်ကောင်နှင့် တိုးခဲ့သည်။ အောက်ခြေမှ နည်းမျိုးစုံဖြင့် ချမ်းသာလာပြီး ကျိုကျိုတက် သန်းကြွယ်သူဌေးကြီး ဖြစ်လာခဲ့သော ရောဘတ်လိုလာ ဆိုသူနှင့် တွေ့ဆုံသိကျွမ်းခဲ့ကြသည်။ သူဌေးကြီးမှာ လိုလေသေးမရှိ ချမ်းသာကြွယ်ဝနေသူဖြစ်၍ ငွေ ဆိုသည်မှာ သူ့အဖို့ လိုတောင် မလိုအပ်တော့ပေ။

သို့သော် သူလည်း လောကီသားပေမို့ လောဘတော့ မသတ်နိုင်ရှာပေ။ ငွေရမည်ဆိုလျှင် မသမာသည့်နည်းနှင့် ဖြစ်စေ သူကတော့ ရယူဖို့ ဝန်မလေးချေ။ ဤသို့ဖြင့် သူ့ထက် ပန်ကာကျသော လူလည်လူလိမ် လူးစတတ်က သူဌေးကြီးအား ငွေစက္ကူအတုလုပ်သည့် စက်တစ်လုံးနှင့် ငွေစက္ကူအချို့ပြပြီး တန်ဖိုးငွေဒေါ်လာ (၂၅,၀၀၀)ဖြင့် ရောင်းချခဲ့၏။ အမှန်စင်စစ်ထိုစက်မှာ သုံးမရသောစက်တစ်လုံးသာ ဖြစ်ပါသည်။ ရလေလိုလေ အိုတဏှာမတော်လောဘကြီးသည့် သူဌေးကြီးရောဘတ်လိုလာမှာ စက်အစုတ်ကြီးညာရောင်းသွားသည့်အဖြစ်ကို နောက်မှ သိလိုက်ပါသည်။ အဖြစ်မှန်သိသည့်အချိန်၌ ငလိမ်သည် နောက်တစ်မြို့သို့ လစ်ပြေးပြီး နာမည်သစ်၊ မှတ်ပုံတင်အသစ်ဖြင့် ဘဝသစ်တစ်ခု စနေလေပြီ။

ထိုစဉ်က အမေရိကန်နိုင်ငံတွင် တရားမဝင်အရက်ပုန်းများ ခိုးချက်

ခိုးရောင်းနေကြသည့် ခေတ်ကာလ ဖြစ်သည်။ အလွန်ပင် အန္တရာယ်များသည်။ ဒုစရိုက်ကြိုးတန်းပေါ် လျှောက် ခေါင်းတုံးပေါ် ထိပ်ကွက်နေသည်။ လူလိမ်လူကောက် လူးစတတ်သည် အရက်ပုန်းထုတ်လုပ်ရောင်းချသည့် အယ်လ်ကပုန်းကုမ္ပဏီသို့ မရရအောင် လှည့်ပတ်ပြောဆို၍ ဝင်ရောက်ခဲ့သည်။ နောက်ပိုင်း ကမ္ဘာကျော်ချီကာဂိုလူဆိုး၊ ပြစ်မလွဲသေနတ်သမားကြီး အယ်လ်ကပုန်းနှင့် အဖွဲ့ကျအောင်ပေါင်း၍ ကလိမ်ကကျစ်ကျဖို့၊ ဖျံကျဖို့ ကြံစည်ခဲ့သည်။ မကြောက်မလန့် မြွေပွေးကိုမှ ထိပ်သွားပုတ်သည့် လူးစတတ်ပါပေ။ မှန်သည်။ အမေရိကန် လူမိုက်လူဆိုးထိပ်သီး ချီကာဂို လက်မရွံ့ သေနတ်သမားကြီးကိုမှ သွားစမ်းရဲသည်မှာ သူကပဲ သတ္တိရှိလွန်းလို့လား၊ ရူးသွတ်သွားလို့လား မပြောတတ်။ သူက လူမိုက်ကြီးအား ချီကာဂိုမြို့ ဝေါလ်လမ်းမှာ နှစ်လအတွင်း ငွေတစ်ဆက နှစ်ဆဖြစ်အောင် လုပ်ပေးနိုင်သည်ဟု လှည့်ပတ်လေတော့သည်။

လူဆိုးကြီး ကပုန်းက သူ့လက်ကို ငွေဒေါ်လာ (၁၂၀,၀၀၀)ပေးအပ်လိုက်သည်။ လူးစတတ်လည်း ငွေယူသွားပြီး များမကြာမီ ကြောက်ဒူးတုန်လာသဖြင့် သူ့ဆီပြန်သွားကာ အထုပ်အတိုင်း တစ်ပြားတစ်ချပ်မျှ မလျော့ဘဲ ပြန်ပေးခဲ့သည်။ သေနတ်သမားကြီး အယ်လ်ကပုန်းလည်း လူလိမ် အပြောကောင်း လူးစတတ်ကို သဘောကျပြီး မည်သို့မျှ ရန်မပြုဘဲ ခွင့်လွှတ်ခဲ့သည်။ ခွင့်လွှတ်ရုံမျှမက သူ့အား ဘောက်ဆူးအဖြစ် ဒေါ်လာ (၅,၀၀၀)တောင် သနားသဖြင့် ပေးကမ်းလိုက်သေးသည်။

လူးစတတ်လည်း ကပုန်းလူဆိုးဂိုဏ်းနှင့် နှစ်ပေါင်းများစွာ ဆက်လက်ပေါင်းသင်းနေထိုင်ခဲ့သည်။ ဒုစရိုက်နယ်ပယ်၌ သူ၏ လိမ်နည်းကောက်နည်းတို့ဖြင့် ကျင်လည်ခဲ့သော်လည်း သူနှင့် အယ်လ်ကပုန်းတို့ လမ်းစဉ် အခြေခံချင်း မတူညီ၍ အံဝင်ခွင်ကျမဖြစ်ကြောင်း သဘောပေါက်ခဲ့သည်။ သူကျင်လည် အသက်မွေးခဲ့သည့်လမ်းမှာ လိမ်လည်လှည့်ဖြားခြင်း၊ ငွေစက္ကူမှအစ စာရွက်မကျန် အတုအပလုပ် လိမ်လည်သည့် ဒုစရိုက်လုပ်ငန်းသာ ဖြစ်၏။ ကပုန်းတို့လမ်းမှာ သတ်ဟယ်၊ ဖြတ်ဟယ် ခိုးဆိုးတိုက်ခိုက်သည့် သေမင်းလက်တစ်ကမ်း သေနတ်လမ်းဖြစ်ရာ ညောင်ညိုပင်စခန်းမှ လမ်းခွဲခဲ့ကြသည်။

(၁၉၃၄)ခုနှစ်၌ အမေရိကန်နိုင်ငံ ပြည်နယ်မှုခင်းထောက်လှမ်းရေး အထူးတပ်ဖွဲ့တစ်ဖွဲ့မှ တာဝန်ယူ၍ လူလိမ်လူးစတတ်နှင့် သူ၏ အပေါင်းအသင်းဟောင်း ကပုန်းဂိုဏ်းသား ဝီလျံဝပ်စ်တို့အား လက်ရ ဖမ်းဆီးခဲ့ကြသည်။ သူတို့နှစ်ဦး အဖမ်းခံခဲ့ကြရသည့် ပြစ်မှုမှာ ဒေါ်လာ (၁၀၀)တန် ငွေစက္ကူအတုများ ခိုးသွင်းလာမှုပင် ဖြစ်သည်။ တရားခံ ဒုစရိုက်သမားနှစ်ဦးသည် တစ်လ ဒေါ်လာ (၁၀၀,၀၀၀)နှုန်းဖြင့် ထုတ်လုပ်ခဲ့ကြခြင်း ဖြစ်သည်။

သူတို့ သုံးစွဲခဲ့ကြသည့် စကားပြောတယ်လီဖုန်းများကို စုံထောက်အဖွဲ့မှ ကြားဖြတ်ဖမ်းယူထားခဲ့သည်မှာ လပေါင်းများစွာ ကြာခဲ့ပြီး ရုံးတင်ပြရန် သက်သေအထောက်အထား ခိုင်လုံနေပြီ ဖြစ်၏။ လက်ပူးလက်ကြပ်မိနေသည့်တောင် လူလိမ်လူးစတတ်က ရုံးတော်သို့ ဈေးဆစ်နေခဲ့သေးသည်။ သူ့အား အပြစ်မှ ချမ်းသာပေးလျှင် ငွေစက္ကူအတု ရိုက်နှိပ်ထုတ်ဝေဖြန့်ဖြူးနေသည့်အားလုံးကို အတိအကျ ထုတ်ဖော်ပြောမည်ဟု အာချောင်ခဲ့သေးသည်။ သို့သော် ရုံးတော်မှ သူ့စကား အယုံအကြည် မရှိ။ သူတို့နှစ်ဦးအား ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး နယူးယောက်မြို့ တွမ်စ်ပရင်စန် အကျဉ်းထောင်ကြီးသို့ ပို့လိုက်လေသည်။

ထောင်ထဲ၌ ကြာကြာမနေလိုက်ရပေ။ တစ်နံနက်ခင်း၌ သူ၏ အခန်းထဲ၌ လူးစတတ် မရှိတော့ကြောင်း ထောင်ဝန်ထမ်းများ သိလိုက်ကြရသည်။ ထောင်အဆုံးမှ သွပ်ပြားတစ်ချပ် ဟင်းလင်းပွင့်နေသည်ကို တွေ့ကြရသည်။ ပြတင်းပေါက်မှတစ်ဆင့် ခုန်ချထွက်ပြေးလွတ်မြောက်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ကြသည်။ လူးစတတ်မှာ မြေပေါ်သို့ တစ်ဖန် ပြန်ရောက်လာခဲ့သည်။

အလိမ်ဝိဇ္ဇာကြီးမှာ ထောင်မှ ထွက်ပြေးခဲ့ပြီး သူ့မိုက်ပြစ်ကို သင်ခန်းစာရခဲ့သည်။ ထောင်နှင့်ဝေးရာ ကာလီဖိုးနီးယားပြည်နယ် အနောက်ပိုင်း ပစ်စဘတ်ချ်မြို့သို့ တိမ်းရှောင်ခဲ့သည်။ ယင်းမြို့၌ အမျိုးသားမှတ်ပုံတင် အမှတ် အသစ် (နံပါတ်-၂၃)၊ လူရိုးလူအေးအငြိမ်းစား ရောဘတ်မီးလ်လား၏ မှတ်ပုံတင်ဖြင့် နေထိုင်ခဲ့သည်။ လူးစတတ် အသွင်အပြင် မှုမမှန်သဖြင့် တာဝန်သိပြည်သူတစ်ယောက်၏ သတင်းပေးမှုကြောင့် အမျိုးသား

မှတ်ပုံတင် (၄၇)ကိုင်ဆောင်သူအား ဖမ်းဆီးအပြီး သူ့ပါ တစ်ဆက်တည်း မသကာမှုဖြင့် ဖမ်းဆီးခဲ့သည်။ ထို့နောက် တရားဆိုင်ရန် ထောင်ထဲ၌ ချုပ်ထားခဲ့သည်။

ကံကြွမ္မာမှာ သူ့အတွက် အဆိုးဆုံးသာဖြစ်မှန်း သူ သိနေခဲ့သည်။ (၁၉၄၅) ခုနှစ် ဒီဇင်ဘာလအတွင်း သက်ဆိုင်ရာ ရာဘက်တရားရုံးတော်သို့ တရားစွဲဆိုတင်ပို့ပြီး ကြားနာစစ်ဆေးခဲ့ရာ မူမမှန် ရာဇဝတ်မှုမကင်းသည့် ဒေါ်လာငွေစက္ကူအတုများ တန်ဖိုးငွေဒေါ်လာ (၁၃၄,၀၀၀,၀၃၀)ကို ဖြန့်ဖြူးသုံးစွဲမှု ပြစ်မှုထင်ရှားခဲ့သဖြင့် ထောင်ဒဏ် အနှစ် (၂၀)ကျခံစေရန် အပြီးသတ် အမိန့်ချစီရင်ခဲ့သည်။ ထောင်ဒဏ်အနှစ် (၂၀)အနက် ပထမ (၁၀)နှစ်ကို ကာလီဖိုးနီးယားပြည်နယ်အနောက်ပိုင်း ဆန်ဖရန်စစ္စကို ပင်လယ်အော်အတွင်းရှိ ထွက်ပြေးလွတ်မြောက်မှုအတွက် စိတ်ချသော အယ်လ်ကာထရက်စကျွန်း၌ ကျခံစေရန် ပို့လိုက်လေသည်။

မြို့စားတုဗစ်တာစတစ်ခေါ် ကလိမ်ကကျစ်ဘုရင်မှာ ထောင်ဒဏ် စုစုပေါင်း (၁၁)နှစ် ကျခံခဲ့ပြီး (၁၉၄၇)ခုနှစ်၊ မတ်လအတွင်း၌ အမေရိကန် ပြည်ထောင်စု၊ မစ်ဇိုရီပြည်နယ်၊ စပရင်းဖီး၏ အကျဉ်းထောင်ကြီးအတွင်း ကွယ်လွန်ခဲ့သည်။

အလိမ်ဝိဇ္ဇာကြီး လူးစတစ်၏ ညာလက်ရုံးကြီးလည်းဖြစ် ပဲရစ် အီဖယ်လ်တာဝါမျှော်စင်ကြီးကို လက်ညှိုးထိုးရောင်းစားခဲ့သည့် ကလိမ် ကကျစ်မှု၌ သူ၏ အတွင်းရေးမှူးအဖြစ် ပါဝင်ကပြခဲ့သည့် ရောဘတ် တိုးဘီကွန်အကြောင်း တင်ပြဖို့ လိုပေသည်။ ထိုသူမှာ (၂၀)ရာစုနှစ် မဟာ လူလိမ်လူကောက် ဒုစရိုက်သမားတစ်ယောက်ပင် ဖြစ်ပါသည်။ တိုးဘီ ကွန် သို့မဟုတ် ဒက်ပါဒန်ကောလင်းစ်ဟု ရဲတို့ သိထားခဲ့ကြသည့် လူဆိုးမှာ လူးစတစ်ကဲ့သို့ပင် အံ့မခန်း ကလိမ်ကကျစ် ဇာတ်လမ်းများ ဆင်ကာ လိမ်လည်အသက်မွေးခဲ့သူ ဖြစ်၏။

(၁၈၈၅)ခုနှစ်အတွင်း မွေးဖွားခဲ့ပြီး သူ၏ ပထမဆုံးအသက်မွေးမှု အလုပ်မှာ ပြင်သစ်ဆပ်ကပ်တစ်ဖွဲ့မှ ခြင်္သေ့နှင့်ကစားပြရသည့် ဆပ်ကပ် သမားအဖြစ် ကပြအသုံးတော်ခံခဲ့ရသည်။ ထိုအလုပ်မှာ သက်စွန့်ဆံဖျား အလုပ်ဖြစ်ပြီး တစ်ချက်ကလေးမျှ အမှားအယွင်း၊ အတိမ်းအစောင်းမခံချေ။

ထို့ကြောင့်လည်း ဆပ်ကပ်လောက၌ "သေမင်းစက်ဝိုင်း" ဟူ၍ အမည် ပေးထားခဲ့လေသည်။ သူကပြခဲ့သည့် ဆပ်ကပ်သည်းထိတ်ရင်ဖိုပြကွက်တို့ တွင် သားရဲတိရစ္ဆာန်တို့ဘုရင် ခြင်္သေ့တို့ကို ပတ်ချာလှည့်၍ စက်ဘီးစီး ပြရသည့် ပြကွက်လည်း ပါဝင်ခဲ့သည်။ ဆပ်ကပ်အလုပ်မှာ သူနှင့် အံကိုက် ဖြစ်သော်လည်း အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဒုစရိုက်လောကသို့ ခြေစုံ ပစ်ဝင်ရောက်ခဲ့သည်။

အမေရိကသို့ အသက် (၂၃)နှစ်အရွယ်၌ ထွက်လာခဲ့ပြီး သူ့အသက် (၃၁)နှစ်တွင် လိမ်လည်မှုတို့အပြင် ဝိုက်ဆလေဗာရီခေါ် မိန်းမများကို အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် ရောင်းစားမှု၊ တစ်ပြည်နယ်မှ တစ် ပြည်နယ်သို့ တင်ပို့မှု၊ ယင်းဥပဒေပုဒ်မကို (၁၉၁၀)ခုနှစ်က အမေရိကန် ကွန်ဂရက်လွှတ်တော်၌ ပြဋ္ဌာန်းအတည်ပြုခဲ့ခြင်း ဖြစ်သည်။ ထိုဥပဒေအရ ပြည့်တန်ဆာဒုစရိုက်လုပ်ငန်းကို အားပေးအားမြှောက်လုပ်သူ၊ ကိုယ်တိုင် ကျူးလွန်သူတို့ အကျုံးဝင်စေရမည် ဖြစ်ပါသဖြင့် ရုံးတင်တရားစွဲဆို ထောင် ဒဏ်အပြစ်ပေးခံခဲ့ရသည်။

ထောင်မှ ထွက်လာပြီး လေးနှစ်အကြာ၌ တိုးလ်ဘီကွန်သည် သူ၏ မူလ ဒုစရိုက်မှုလမ်းကြောင်းဖြစ်သော သူတစ်ဖက်သားအား လိမ်လည် လှည့်ဖြားခြင်းဖြင့် လည်းကောင်း၊ ငွေစက္ကူစသည့် အတုအပလုပ် လိမ် လည်ခြင်း အတတ်ပညာဖြင့် လည်းကောင်း၊ အသက်မွေးရန် ဆုံးဖြတ် ချက် ချခဲ့သည်။ သူ့အမည်ကို သူ့ဒုစရိုက်အသိုင်းအဝိုင်းက "ကြွက်"ဟူ၍ သိထားခဲ့ကြသည်။ ထိုအဇ္ဈတ္တအမည်မှာ သူ့ဘဝအစပိုင်းကဖြစ်ပြီး ယခု အခါ၌ ယင်းအမည်အစား သူ့ဘာသာသူ ပေးထားသောအမည် ဒက်ပါး ဒန်ကောလင်းစ်ကို သုံးစွဲခဲ့လေသည်။ နယူးယောက်မြို့ကြီးမှ ကောင်းပေ့ ဆိုသည့် အဖိုးတန်ဝတ်ကောင်းစားလှတို့ကို ဝယ်ယူဆင်မြန်းပြီး သူ့နေရင်း ဇာတိ ပြင်သစ်နိုင်ငံသို့ သင်္ဘောခရီးနှင်ခဲ့လေသည်။

ပဲရစ်မြို့၌ နှစ်ပေါင်းအတန်ကြာ နေထိုင်ခဲ့ပြီး သူ့ခေတ်သူ့အခါက သူ့ကို "ရုပ်ချော အပြောကောင်း ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် အမေရိ ကန်"ကို (သူတို့က သူ့အား အမေရိကန်လူမျိုးဟု ထင်ထားခြင်း)ပြင်သစ် အပျိုကြီး၊ အပျိုဟိုင်း၊ သူဌေး၊ သူကြွယ်၊ လူကုံထံတို့ မဆွတ်ခင်က ညွတ်

ချင်နေခဲ့ကြသည်။ သူက အထာပေါက်ပြီးသားဖြစ်သော်လည်း ထိုကြွတ္တိယ ကြာကူလီနည်းဖြင့် သူဌေးမဖြစ်လို၍ ခပ်ကင်းကင်းနေခဲ့သည်။သူ ဝါသနာပါသည့် အလုပ်မှာ လိမ်လည်လှည့်ဖြား စီးပွားရှာသည့် အလုပ်သာ ဖြစ်သည်။ ထို့ကြောင့် ဘဝတူစိတ်တူကိုယ်တူ လူလည်ပတ်ကား အလိမ် ဝိဇ္ဇာကြီးက လူးစတာစ်နှင့် တွေ့ခဲ့ကြရာ သူတော်ချင်းချင်း သတင်းလွေ့လွေ့ အဖွဲ့ကျခဲ့ခြင်းဖြစ်သည်။ သို့နှင့် လူးစတာစ်နှင့်သူ နှစ်ယောက်ပေါင်း လောင်းကျော်ကာ ပဲရစ်မြို့သမိုင်းဝင် အီဖယ်လ်တာဝါမျှော်စင်ကြီး လက်ညှိုးထိုးရောင်းစားခဲ့ကြသည့် စီမံကိန်းကြီး ကျူးလွန်ခဲ့ကြလေတော့သည်။ ထိုပြစ်မှုအလိမ်ပေါ်သွားခဲ့ပြီး နှစ်ယောက်စလုံး ပြင်သစ်နိုင်ငံမှ မြေလျှိုးသွားခဲ့ကြလေသည်။

နေထွက်ချိန်ရှိသကဲ့သို့ နေဝင်ချိန်လည်း ရှိတတ်စမြဲပင်။ မှန်ပါသည်။ လူလိမ်လူကောက် တိုးဘီကွန်တစ်ယောက် မိုးကောင်းခဲ့သမျှ ချုပ်ငြိမ်းချိန်၊ မိုးစဲချိန် ရောက်ခဲ့လေပြီ။ မှန်ပါသည်။ အမေရိကန်ထောက်လှမ်းရေးဌာနမှ စုံထောက်အရာရှိနှစ်ဦး ပဲရစ်မြို့၌ ရောက်ရှိနေခဲ့ကြသည်။ သူတို့လာရင်းကိစ္စမှာ အမေရိကမှ လိမ်လည်ပြစ်မှုကျူးလွန်ကာ ထွက်ပြေးတိမ်းရှောင်လာသူအား ရှာဖွေဖမ်းဆီးပြီး အခင်းဖြစ်အမှုကျူးလွန်ရာ တိုင်းပြည်သို့ ခေါ်ဆောင်ရန် ဖမ်းဝရမ်းပါ ပါလာခဲ့ကြသည်။ ထိုသူမှာ သူတို့ ကြားသိသလောက်ဆိုလျှင် ခေါင်းတုံးပေါ်ထိပ်ကွက် "ဒက်ပါးဒင်း"ဟု သံသယဖြစ်နေခဲ့ကြလေသည်။ သို့နှင့် ပဲရစ်မြို့၌ ဒက်ပါးဒင်းအား ခြေရာကောက်ခဲ့ကြရာ လူလိမ်ဒုစရိုက်သမား ဒက်ပါးဒင်းအား ရှာဖွေ တွေ့ရှိခဲ့ကြသည်။ မည်သို့ပင် ရုပ်ပြောင်းကာ နာမည်ပြောင်းထားကြစေကာမူ အမေရိကန်စုံထောက်တို့ မျက်စိကို လှည့်စား၍ မရ။ သူတို့က သူ့အား သူတို့ရှာနေသည့် ကြွက်မှန်း သိလိုက်ကြသည်။

သူ့အား အရေးယူဖမ်းဆီးခဲ့ပြီး အမေရိကန်နိုင်ငံသို့ ပြင်သစ်ပင်လယ်ကူးသင်္ဘောကြီးဖြင့် တင်ဆောင်ခဲ့ကြသည်။ ဤခရီးမှာ အံ့မခန်း ရေကြောင်းခရီး ဖြစ်ပါသည်။ တရားခံလူဆိုး တိုးဘီလ်အား သင်္ဘောပေါ်တွင် ထွက်မပြေးနိုင်မှန်းသိ၍ လွတ်လွတ်လပ်လပ်ပင် နေခွင့်ပြုထားခဲ့ကြသည်။သူပိုင်ငွေကြေးတို့ကိုလည်း သင်္ဘောပေါ်၌ သုံးစွဲရန် ပေးထားခဲ့သည်။ အမေရိကန် ပင်လယ်ကူးခရီးမှာ ခရီးသည်များ၊ သင်္ဘောသားများ၊ ရာဇဝတ်သား

များနှင့် စုံထောက်များ ပါဝင်သည့်အဖွဲ့ကြီးတစ်ဖွဲ့ အပျော်ခရီး ထွက်ကြသည်နှင့် တူနေပေတော့သည်။

သူတို့ ပင်လယ်ကူးသင်္ဘောကြီးခရီးဆုံး နယူးယောက်ဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့သည်။ တရားခံ ဝရမ်းပြေးဘီကွန်အား ခိုးမှုဖြင့် အမှုဖွင့်ကာ ရုံးတင် တရားစွဲဆိုခဲ့ကြသည်။ သို့သော် ပြစ်မှုမထင်ရှားသဖြင့် အမှုမှ ကွင်းလုံးကျွတ်လွတ်ခဲ့သည်။ သို့သော် ခေတ္တမျှသာ ပြင်ပလောက၌ နေလိုက်ရသည်။

(၁၉၂၉)ခုနှစ်အတွင်း တိုးဘီကွန်မှာ နယူးဂျာစီပြည်နယ်မှ လယ်သမားတစ်ဦး၏ စုဆောင်းထားသော ငွေဒေါ်လာ (၃၀,၀၀၀)ကို မသမာသောနည်းဖြင့် လိမ်လည်လှည့်ဖြားယူမှုဖြင့် ရုံးတော်တရားစွဲဆိုကြားနာစစ်ဆေးခဲ့ရာ ပြစ်မှုထင်ရှားသဖြင့် ထောင်နှစ်နှစ် ကျခဲ့သည်။ ထောင်ထဲ၌ တစ်နှစ်နှင့်လေးလ (၁၆)လ ကျခံခဲ့ပြီး ထောင်မှ လွတ်ခဲ့သည်။တိုးဘီကွန်လည်း ပြင်သစ်နိုင်ငံသို့ ပြန်ခဲ့သည်။ ထောင်ပြင်အရောက် သတင်းထောက်တို့အား အမေးကို ဖြေကြားပြီးကတည်းက ပြင်သစ်နိုင်ငံမှာ ဆက်လက် မိုက်လုံးကြီးနေသေးလား။ လူကောင်းသူကောင်းဖြစ်နေပြီလား ဆိုသည်ကို မသိရတော့။သူ့သတင်း နောက်ထပ် ဘာမှ မကြားကြရတော့ပေ။

❀ ❀ ❀

## ပညာသားပါလွန်းသည့် လူလိမ်ကြီးများ

ရာဇဝတ်ကောင်ကို ရှောင်ကြဉ်ခြင်းသည် တစ်ဖက်ကမ်းခပ် ဆရာတစ်ဆူ ပါရဂူမြောက်သည့် အနုပညာရှင်အား ရှောင်ကြဉ်ခြင်းနှင့် အတူတူပင် ဖြစ်သည်။

နှစ်မျိုးစလုံး ကြောက်စရာကောင်းသည့်သဘောကို ဆောင်နေကြသည်။

ဤသည်မှာ သူတို့နှစ်ဦးစလုံး၏ သဘာဝအပေါ် အခြေခံနေသည့် အကြောင်းတရားပင် ဖြစ်ပေသည်။

ရီချက်လင်ဒါ

❁ ❁ ❁



ကမ္ဘာကျော်စာရေးဆရာကြီး ဟောင်းဝဲဟု(ချ်) အမည်ကို
အလွဲသုံးစား လိမ်လည်ခဲ့သူ စာရေးဆရာ ကလစ်ဖို့အိုင်ဗင်မိသားစု

## နေလိုလလိုထင်ရှားသည့် စာရေးဆရာကြီးအမည်ကိုမှ အလွဲသုံးစားလုပ်ဝံ့သည့် လူလိမ်စာရေးဆရာ

အမေရိကန်နိုင်ငံတွင် နေလိုလနှယ် ထင်ရှားသည့် နိုင်ငံကျော် စာရေးဆရာသန်းကြွယ်သူဌေးကြီး ဟောင်ဝပ်ဒ်ဟုချ် (Howard Hughes) စာပေများဆက်လက် ရေးသားနေဟန်ဖြင့် အယောင်ဆောင်ကာ ဆက်လက်၍ထူးဆန်းသည့် ဘဝအတွေ့အကြုံများ ပါဝင်သော ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ကို ရေးသား ထုတ်ဝေခဲ့လေသည်။

ဤကလိမ်ကကျစ် စီမံကိန်းကြီး နောက်ကွယ်မှ စွန့်စားလှုပ်ရှားနေသူမှာ ကလစ်ဖို့အိုင်ဗင် (Clifford Iving) ဆိုသူ စာရေးဆရာတစ်ဦး ဖြစ်၏။

အမှန်စင်စစ် ကလစ်ဖို့မှာ နိုင်ငံကျော် စာရေးဆရာကြီးနှင့် တစ်ခါဖူးမျှ မတွေ့ဆုံခဲ့ဘူးချေ။ သို့သော် သူက စာရေးဆရာကြီး၏ ရေးဟန်ဖြင့်လျှို့ဝှက်ဆန်းကြယ်သော သူ၏ ဘဝဖြစ်စဉ် အကြောင်းအရာစာအုပ်ကိုကိုယ်တိုင်ရေးလေဟန် ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ် ရေးသားပြီး ထုတ်ဝေသူအား ရောင်းချခဲ့သည်။

နိုင်ငံကျော် စာရေးဆရာကြီး ဟုချ်စ်မှာ နာတာရှည်လူမမာ၊ သူငယ်ကလည်း ပြန်စပြုနေပြီး ဆေးကလည်း စွဲဟန်ရှိသည်။ ဒဏ္ဍာရီဆန်ဆန်သန်းပေါင်းများစွာ ချမ်းသာသော သန်းကြွယ်စာရေးဆရာကြီးမှာ စာပေလောကမှ ထာဝရ အနားယူသွားခဲ့ပြီး ဖြစ်ပါသည်။ ဆရာကြီးမှာ သူငယ်လည်းပြန်၊ လူကလည်း မမာဖြစ်နေ၍ မည်သူ့ကိုမျှ အတွေ့မခံ၊ မိသားစု

အိမ်ဖော်များပါ နေနိုင်သော အခန်းခန်း အဆောင်ဆောင်များပါသည့် ဟိုတယ် အထူးခန်းကြီးတစ်ခုတွင် မော်မန်ခရစ်ယာန်ဂိုဏ်းဝင် အမျိုးသား သူနာပြု အစောင့်အရှောက်တို့ဖြင့် နေထိုင်လျက် ရှိသည်။ မော်မန်ခရစ်ယာန်ဂိုဏ်းခွဲမှာ အမေရိကန် ဘာသာရေးဂိုဏ်းတစ်ခုဖြစ်ပြီး (၁၈၃၀)ခုနှစ်အတွင်းက ဂျိုးဇက်စမစ်ဆိုသူ တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ထိုခရစ်ယာန် အသင်းတော်ဝင်တို့က သူတို့ကိုယ်သူတို့ "နှောင်းခေတ်သူတော်စင်များ"ဟူ၍ တင်စားခေါ်ဝေါ် သုံးစွဲခဲ့ကြသည်။

ကလစ်ရှိအိုင်ဗင်သည် နိုင်ငံကျော်စာရေးဆရာကြီး ဟုချီးနှင့် ဘာမှမဆိုင်သည့် အကျင့်စာရိတ္တပိုင်ရှင် ဖြစ်၏။ (၁၉၃၀)ခုနှစ်အတွင်းက နယူးယောက်မြို့၌ မွေးဖွားခဲ့ပြီး ပြုပြင်သွန်သင်မရသည့် ကိုယ်ကျိုးရှာ လူစွန့်စားဖြစ်၏။ ဝိဇ္ဇာကောလိပ်နှင့် ကွန်းနဲလ်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သူ ဖြစ်၏။ သူသည် အတ္တလန်တိတ် ပင်လယ်ကူးသင်္ဘောကြီးကိုစီးကာ အသိုင်းအဝိုင်းပြင်ပမှ ကာလီဖိုးနီးယားဟစ်ပီများနှင့် အိန္ဒိယကက်ရှ်မီးယား ကျောင်းပြေးလူပေလူလေလူလွင့်ကလေးများနှင့် ပေါင်းသင်းနေထိုင်ခဲ့သည်။ ယင်းသို့ ပေတေလေလွင့်နေရာမှ ငယ်ရွယ်လှပသော အက်ဒ်စ် လှပျိုဖြူကလေးနှင့်တွေ့ကာ ချစ်ဇာတ်လမ်းဖွင့်ခဲ့ပြီး မြေထဲပင်လယ် အိုင်ဘီဇာကျွန်း၌ အခြေချကာ စာရေးဆရာဘဝဖြင့် အသက်မွေးခဲ့သည်။

သူ၏ နယူးယောက်မြို့မှ စာပေထုတ်ဝေသူ မက်ဂရောဟီးလ်ကလည်း သူ့ကို အားပေးအားမြှောက် ပြုပေးခဲ့သည်။ အိုင်ဗင်မှာ အဆင့်ဆင့်အောင်မြင်မှု ရရှိလာခဲ့သည်။ အိုင်ဗင်သည် ဖြောင့်နေသော သမ္မာအာဇီဝလမ်းကြောင်းမှ ကွေ့ကောက်ကာ နေ့ချင်းသူဌေးဖြစ် ဖြတ်လမ်းမှ လုပ်ကိုင်ဖို့ စိတ်ကူးကြံစည်လာခဲ့သည်။ ရိုးရိုးသားသား ကိုယ့်နာမည်ဖြင့် စာပေရေးသားနေရာမှ နာမည်ကြီး စာရေးဆရာကြီးတို့၏ အမည်ကို အလွဲသုံးစားလုပ်ကာ လိမ်လည်လှည့်ဖြားသော နည်းဟန်များဖြင့် စာပေရေးသားထုတ်ဝေရန် ကြံစည် ကြိုးပမ်းခဲ့လေသည်။

အိုင်ဗင်၏ အံ့မခန်း လိမ်လည်မှုကြီးမှာ ဤသို့ ဖြစ်သည်။ ပုံနှိပ်ထုတ်ဝေပြီး သူ၏ ကိုယ်ပိုင်စာအုပ်တစ်အုပ်ကို စာရေးဆရာကြီး ဟောင်းဝပ်ဒ်ဟုချ်စ် နာမည်ခံပြီး ရှဲဒိုး ကိုယ်ရေးအတ္ထုပ္ပတ္တိရေးသားရန် ခွင့်ပြုပါ

မည့်အကြောင်း အတင့်ရဲစွာ တင်ပြတောင်းခံခဲ့ကြသည်။

ထုတ်ဝေသူ မက်ဂရောဟီးလ်ကလည်း ဆင်ဖြူတော်မှီ အပွဲကြဲရန် ကြံစည်ခဲ့လေသည်။ သူတို့အကြံက သူငယ်ပြန် စာရေးဆရာအိုကြီး ဟုချ်စ်အား ငါးစာပြ၍ ဘော်ချက်ရန် ဖြစ်သည်။ ကလိမ်ကကျစ်စာရေး ဆရာအိုင်ဗင်နှင့် ဆရာကြီး အင်တာဗျူးအမေးအဖြေ တိတ်ခွေစီးရီး (ထို ခေတ်က ကက်ဆက်မပေါ်သေး၊ တိတ်ရီကော်ဒါသာ ပေါ်သေးသည်) သွင်းပြီး ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလိုက်ရလျှင် ဈေးကွက်မှာ အရောင်း သွက်မည်။ ဆရာကြီးလည်း နေရင်းထိုင်ရင်း ငွေချောင်ချောင်ရမည်ဟု ဆရာကြီးအား လှည့်ပတ်ဖြားယောင်း သိမ်းသွင်းခဲ့သည်။ ဤသို့ဖြင့် ဆရာ ကြီးဟုချ်စ်အား သိမ်းသွင်းခဲ့ရာ သဘောတူခဲ့ပြီး သူတို့၏ မဟာစီမံကိန်း ကြီးကို အကောင်အထည် ဖော်ခဲ့သည်။ စာရေးဆရာလိမ်မှာ ဆင်ဖြူ တော်မှီ ကြံစုပ်လိုက်ရသည်မှာ အကြီးအကျယ် စီးပွားလမ်းဖြောင့်သွားခဲ့ သည်။ သူတို့ စီမံကိန်းအောင်မြင်မှုရလဒ်မှာ စုစုပေါင်း ဒေါ်လာတစ် သန်းခွဲပင် ဖြစ်သည်။

ထိုငွေတွေမှာ တစ်ပြားတစ်ချပ်မှ ဆရာကြီးဆီ မရောက်ခဲ့ချေ။ကုန်ကျ စရိတ် အကြမ်းဖျင်းရငွေ ထက်ဝက်သုံးစွဲခဲ့ပြီး ကျန်ငွေ အသားတင်မှာ ကလိမ်ခြုံစာရေးဆရာ အိုင်ဗင်ဇ်၏ အိတ်ထောင်ထဲ ဝင်ရောက်သွား ကြသည်။ လွယ်လွယ် လိမ်လည်လှည့်ဖြားရရှိခဲ့သည့်ငွေတွေမှာ သူ့အိတ် ထောင်ထဲ၌ ကြာကြာမနေပေ။ လူမိုက်နှင့်ငွေ အတူမနေ ဆိုသလို ငစဉ်းလဲ စာရေးဆရာသည် ကမ္ဘာလှည့်အပျော်ခရီးထွက်ခဲ့ပြီး ငွေကို ရေလို သုံးခဲ့ လေသည်။ သွားလေရာ၌ သူ့ကိုယ်သူ စာရေးဆရာကြီး ဟုချ်စ်၏ အထူး ကိုယ်စားလှယ်လွှဲအပ်ထားသူ၊ စာပေလုပ်ပိုင်ခွင့်ရှိသူ အနေဖြင့် ကြွားဝါ လေ့ရှိခဲ့သည်။

အိုင်ဗင်သည် မည်သည့်နေရာရောက်ရောက် ထုတ်ဝေသူ မက်ဂ ရောအီးလ်က ဖုန်းဖြင့် ဆက်သွယ်ပြီး မေးနေသည်။ ဟုချ်အမည်ခံ ရှဲဒိုး စာအုပ် တိုးတက်မှုအခြေအနေကို စုံစမ်းလျက် ရှိနေခဲ့သည်။ အိုင်ဗင် ကလည်း ဂရင်းစတင်းဟိုတယ်ကြီး ကြယ်ငါးပွင့်မှသော် လည်းကောင်း၊ အခြားအလားတူ ဟိုတယ်ကြီးတစ်ခုခုမှ လည်းကောင်း ပြန်လည်၍ သူနှင့်

ဖုန်းဖြင့် ဆက်သွယ်လေ့ ရှိနေခဲ့ကြသည်။ သူက စာရေးဆရာကြီးဟုချ်စ်နှင့် တယ်လီဖုန်းဆက်သွယ်၍ သူ့ကိုယ်ရေးကိုယ်တာ အကြောင်းကိစ္စတို့ကို မေးရမြန်းရသည့်အလုပ်မှာ အလွန်ပင် မလွယ်ကူ လက်ဝင်လှကြောင်း၊ အဘိုးကြီးမှာ ယုံမှားလွန်စိတ္တဇဝေဒနာရှင်ဖြစ်၍ မည်သူ့ကိုမျှ အယုံအကြည် မရှိ။ သူ့အကြောင်းပြောဖို့ ဝန်လေးနေသဖြင့် မနည်းကို ကြိုးစားခဲ့ရကြောင်း စသည်ဖြင့် သူ၏ မဟာစွန့်စား ကြိုးပမ်းအားထုတ်ခဲ့ရမှုကို ဖုန်းထဲမှ မက်ဂရောဟီးလ်အား ပြောပြခဲ့သည်။ ကျားစေဦးလဲလည်း ထုတ်ဝေသူ စိတ်ဝင်စားအောင် စာရေးဆရာကြီး ဟုချ်စ်ထံမှ သူ့ဆီသို့ စာတိုက်မှ ပြန်ကြားခဲ့သည့် လက်ရေးမူ နမူနာကော်ပီအချို့နှင့် ပေးစာများကို မက်ဂရောဟီးလ်ထံ စာတိုက်မှ ပေးပို့ခဲ့သည်။

ထုတ်ဝေသူ မက်ဂရောဟီးလ်လည်း စာတိုက်မှနေ၍ အိုင်ဗင် ပေးပို့ခဲ့သည့် စာရေးဆရာကြီးဟိုက်စ်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် ပါဝင်သည့် အခန်း(၁)၌ စာဖတ်ပရိသတ် စိတ်ဝင်စားမှု၊ မျှော်လင့်ချက်နှင့် လိုလားသည့်ဆန္ဒတို့ကို နှိုးဆွပေးသည့်စာများ ပါဝင်ခဲ့သည်။ ယင်း ကိုးကားချက်တို့မှာ အိုင်ဗင်နှင့်ဟုချ်တို့ တွေ့ဆုံခန်းမှ ဆရာကြီး ဖြေကြားခဲ့သော တိပ်ခွေမှ ကူးယူထားသော စာသားများ ဖြစ်၏။ အချို့ ဆရာကြီးနှင့် အချီအချအပြန်အလှန် ပြောကြသည့်စကားရပ်တို့မှာ တယ်လီဖုန်းဖြင့် လည်းကောင်း၊ လူကိုယ်တိုင် တွေ့ဆုံ၍ လည်းကောင်း၊ တိပ်ခွေသွင်းယူခဲ့သော စကားပိုဒ်တို့ ဖြစ်ပါသည်။ ထိုစာအုပ်ပါ အကြောင်းအရာအားလုံးမှာ အဓိကအားဖြင့် စိတ်ကူးတည်ဆောက်ထားသည်က များသည်။ သို့သော် အိုင်ဗင်က စားနေကျကြောင်ဖားပီပီ ပါးနပ်လိမ္မာ ကျွမ်းကျင်သည်။ လိမ်သည့်နေရာ၌စံတင်ရလောက်အောင် ပိရိသည်။ အရပ်ထဲ ပြောဆိုနေခဲ့ကြသည့် ဆရာကြီးဟုချ်၏ ကောလာဟလသတင်းများ တစ်ဝက်တစ်ပျက် မှန်သည့် အကြောင်းအရာများနှင့် သက်ဆိုင်ရာ စာကြည့်တိုက်များမှ စုဆောင်းသိမ်းဆည်းထားသော သတင်းစာဟောင်းတို့ထဲပါရှိခဲ့သည့် ဆရာကြီး အကြောင်းအရာ အတိုအထွာများ ဤသည့် အချက်အလက်တို့ကို စုပေါင်းပြီး ပညာသားပါပါ ခြယ်မှုန်းတည်ဆောက် ရေးသားထားခြင်း ဖြစ်လေသည်။

အိုင်ဗင်အဖို့ ဝိဇ္ဇာကောလိပ်၌ တက်ရောက် ပညာသင်ကြားခဲ့စဉ်က

စာပေအတွေ့အကြုံ လေ့လာမှတ်သားခဲ့ရသော ပညာဗဟုသုတတို့သည် ပစ္စက္ခ သူ့လုပ်ငန်း၌ အသုံးဝင်လာပေသည်။ စာရေးဆရာကြီး ဟုချ်က သူ့ထံသို့ သူကိုယ်တိုင် အောက်၌ လက်မှတ်ရေးထိုးပေးပို့ခဲ့သော ပေးစာများမှာ အိုင်ဗင်ကိုယ်တိုင် စာရေးဆရာကြီးဟန်ဖြင့် ရေးသားဖန်တီးထားသော စာများသာ ဖြစ်၏။ လက်ရေးတုပသည့်နေရာ၌ အိုင်ဗင်မှာ ပါရဂူမြောက်လှသဖြင့် အင်မတန် သံသယရှိတတ်သူ မက်ဂရောဟီးလ်ပင် ယုံကြည်သွားခဲ့သည်။

အိုင်ဗင်ထံမှ ဆရာကြီးဟိုက်စ်၏ လက်ရေးမူအစစ် ကျန်ရှိနေသေးသည့်အခန်းများ သူအချိန်မီ ရောက်မလာသဖြင့် စိုးရိမ်မကင်း ဖြစ်လာခဲ့သည်။ သို့နှင့် သူ့ထံ စာတိုက်မှ အိုင်ဗင် ပေးပို့ခဲ့သော ဟိုက်စ်၏ ပေးစာတို့ကို တိတ်တဆိတ် နယူးယောက်မြို့ ထိပ်တန်းလက်ရေးပါရဂူထံ သွားရောက်ပြသ စစ်ဆေးကြည့်ခဲ့သည်။ လက်ရေးပါရဂူက ယင်း ပေးစာလက်ရေးတို့မှာ စာရေးဆရာကြီးဟုချ်၏ လက်ရေးမူ အစစ်အမှန်ဖြစ်ကြောင်း သံသယ ရှိစရာမလိုဟု အတည်ပြုခဲ့သည်။

စာရေးဆရာအိုင်ဗင် ဖန်တီးရေးသားခဲ့သော ဆရာကြီး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ပါ အကြောင်းအရာတို့မှာ အားလုံး စိတ်ကူးဖြင့် ဖန်တီးရေးသားထားခြင်း မဟုတ်ပေ။ သူ့ထံ၌ စာရေးဆရာကြီးဟုချ် စာပေလောကမှ မည်သည့်အတွက်ကြောင့် အနားယူသွားရကြောင်း တစ်ခါမျှ ထုတ်ဖော်မရေးသားခဲ့ကြသေးသည့် လျှို့ဝှက်အချက်အလက်များ အပိုင် ရှိနေခဲ့သေးသည်။ ထိုလျှို့ဝှက်ချက်များကို ဆရာကြီး၏ အပါးတော်မြဲ ကိုယ်ရေးအတွင်းရေးမှူးဟောင်း နာတ်ချ်ဒိုက်ထရိုက်ထံမှ ရရှိခဲ့ခြင်း ဖြစ်သည်။ အပါးတော်မြဲကြီးမှာ နှစ်ရှည်လများ ဆရာကြီးနှင့် တစ်ပူးတွဲတွဲ နေစဉ်က ဆရာကြီးထံမှ မိတ္တူကူးယူထားခဲ့ခြင်း ဖြစ်သည်။ ကိုယ်ရေး အရာရှိဟောင်း ဒိုက်ထရိုက်ထံမှ တိတ်တဆိတ် ငှားရမ်းပြီး ကော်ပီကူးယူထားခဲ့ခြင်း ဖြစ်သည်။ ဒိုက်ထရိုက်ကိုယ်တိုင် ယင်းမိတ္တူမှတ်စုတို့ကို သူကိုယ်တိုင် စာတစ်စောင်ပေတစ်ဖွဲ့ ရေးသားထုတ်ဝေရန် ကြံစည်စုဆောင်းထားခဲ့ခြင်း ဖြစ်သည်။ သို့သော် အိုင်ဗင်ဆိုသည့် ကျားစေဉ်းလဲမှာ ဆရာကြီး၏ ကိုယ်ရေးအရာရှိဟောင်းထက် ခြေလှမ်းသွက်ကာ ခေါင်းတုံးပေါ် ထိပ်ကွက်ခဲ့

လေသည်။ ထိုမှတ်စုတွေထဲမှ ကောင်းနိုးရာရာ အချက်အလက်တွေ ရွေးချယ်ပြီး သူ၏စာအုပ်၌ စီကာပတ်ကုံး အလျဉ်းသင့်သလို ခြယ်လှယ် သုံးစွဲထားခဲ့ခြင်း ဖြစ်သည်။

ထုတ်ဝေသူ မက်ဂရောဟီးလ်မှာ လူပါးတစ်ဦးပင် သံသယဝါဒီကြီး ဤအချိန်၌ နှပ်ပစ်ခံလိုက်ရသည်။ သူ၏စိတ်ကို ဒုတိယကမ္ဘာစစ်ကြီး အတွင်းက ဆရာကြီးဟုချ်၏ လျှို့ဝှက်မစ်ရှင်း၌ ထူးထူးဆန်းဆန်း စွန့်စား ခန်း အတွေ့အကြုံဇာတ်လမ်းကို ဆွဲဆောင်လှုပ်ကိုင်ခဲ့သည်။ ဆရာကြီးနှင့် ကမ္ဘာကျော် ဗြိတိသျှစာရေးဆရာကြီး အားနက်စ်ဟမ်းမင်းဝေးနှင့် တွေ့ဆုံ မိတ်ဆွေ ဖြစ်ခဲ့သည့်အကြောင်းများ၊ ဟမ်းမင်းဝေး၏ စိတ်ဝင်စားစရာ ကမ္ဘာအနှံ့ ခရီးသွားလာခဲ့သည့် အတွေ့အကြုံများ ပါဝင်လေသည်။ အိုင်ဗင် ရေးသားထုတ်ဝေခဲ့သည့် ဟိုက်စ်နှင့်ပတ်သက်သည့် စာအုပ်စာတမ်းများ အတွက် ဆရာကြီးဟုချ်အား ပေးစရာ ငွေချက်လက်မှတ်တို့ စာတိုက်မှာ ရောက်လာခဲ့သည်။ ယင်းချက်လက်မှတ်တို့ကို ဆရာကြီးနာမည် ဘဏ် စာရင်းဖြင့် ဆွစ်ဇာလန်ဘဏ်၌ သွင်းလိုက်သည်။ သို့သော် ထိုငွေများ ယင်းဘဏ်၌ ကြာကြာမမြဲ။ အိုင်ဗင်၏ ပညာဖြင့် ဖန်တီးထားသော နိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူ ဇနီးအက်ဒစ်အိုင်ဗင်က ထုတ်ယူသွားခဲ့သည်။

အိုင်ဗင်မှာ သူ၏ အံ့မခန်းလိမ်နည်းပတ်နည်းတို့ တစ်နေ့ကျ မုချ ဘူးပေါ်သလို ပေါ်သွားမည်ကို အတတ်သိနေသည်။ သို့သော် သူမျှော်လင့် ထားသလို အလိမ်ပေါ်ခြင်းမဟုတ်။ အကြံတူရန်သူ စာရေးဆရာတစ်ဦး ပေါ်လာခဲ့ခြင်းသာ ဖြစ်၏။ အကြံချင်းမှာ တိုက်ပဲတိုက်ဆိုင်လွန်းနေသည်။ ပြိုင်ဘက်ထုတ်ဝေသူ စာပေတိုက်၏ ဝင့်ဝင့်ကြွားကြွား ကြေညာသတင်း တစ်ခု သတင်းစာ၌ ပါလာခဲ့သည်။ စာရေးဆရာကြီး ဟောင်းဝပ်ဟုချ်၏ ခွင့်ပြုချက်ဖြင့် ရေးသားထုတ်ဝေလိုက်သော အတ္ထုပ္ပတ္တိစာအုပ်မှာ မကြာမီ ထွက်လာတော့မည်ဖြစ်ကြောင်း ကြေညာခဲ့လေသည်။

မက်ဂရောဟီးလ်စာပေတိုက်မှာ တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။ ထို့ထက် စာအုပ်ကိုယ်စားလှယ် တိုင်းလိုက်ဖ်အောဂနိုက်ဇေးရှင်းအဖို့ ဘယ်လို လုပ်ရမှန်းမသိအောင် ဦးနှောက်ချာချာလည်သွားခဲ့သည်။ ယင်း စာအုပ်ကိုယ်စားလှယ်မှာ အိုင်ဗင် ရေးသားသမျှ စာအုပ်များကို မိမိတို့

တစ်ဦးတည်းသည် ဝယ်ယူဖြန့်ဖြူးပါမည်ဟု ကတိဝန်ခံစာချုပ် ပြုလုပ်ထားခဲ့သော တစ်ဦးတည်းကိုယ်စားလှယ် ဖြစ်သည်။ စာအုပ်ထုတ်ဝေသူ မက်ဂရောဟီးလ်နှင့် စာအုပ်ကိုယ်စားလှယ် တိုင်းလိုက်ဖ်အောဂနိုင်ဇေးရှင်းတို့နှစ်ဦး ချာများနေကြသည့် စပ်ကြားထဲမှ သကောင့်သား အိုင်ဗင်မှာ ရေခဲဖင်ခုထိုင်နေခဲ့သည်။ သူ့ကိစ္စ သူ့အမှုမဟုတ်သလို အေးနေသည်။ အကြံသမားအိုင်ဗင်က ဆရာကြီးဟိုက်စ်ထံမှ ယခု ကြော်ငြာသည့် သူ့အကြောင်း အတ္ထုပ္ပတ္တိစာအုပ်မှာ ကလိမ်ကကျစ် လုပ်ကြံထားသည့် စာအုပ်သာ ဖြစ်ကြောင်း ဖြေရှင်းပေးစာတစ်စောင်ကို ဆရာကြီးကိုယ်တိုင် ရေးသားပေးပို့လေဟုနဲ့ဖြင့် ပိပိရိရိ လက်ရေးတုဖြင့် ရေးသားခဲ့သည်။ ထိုစာထဲ၌ ဆရာကြီးက သူရရှိစရာရှိငွေများ ပို့၍ တောင်းထားခဲ့သည်။

စာအုပ်ဈေးနှုန်းမြင့်သထက်မြင့်အောင် ဖန်တတ်သည့်အကြံပိုင်သော စာရေးဆရာ လူလိမ်ပါပေ။ အိုင်ဗင်၏ လုပ်ဇာတ်ကို ထုတ်ဝေသူ မက်ဂရေးဟီးလ် ပစ်ယုံသွားခဲ့ပြန်သည်။ ပထမအကြိမ် သူတို့ ကိုယ်ကျိုးအတွက် လှုပ်ရှားကြရတော့မည်ဖြစ်ပြီး အိုင်ဗင် စာအုပ်စစ်မှန်ကြောင်း ကြော်ငြာမောင်းခတ်ကြရမည့်အချိန် ဖြစ်၏။

စာရေးဆရာလိမ်၏ ကံကောင်းခဲ့သမျှ ရပ်ဆိုင်းချိန် ရောက်လာခဲ့တော့သည်။ စာရေးဆရာကြီးဟုချ်က သူ၏ ဝတ်လုံတော်ရ ရှေ့နေတို့အား သတင်းစာ ကွန်ဖရင့်တစ်ရပ် ခေါ်ခိုင်းခဲ့သည်။ ယင်းသတင်းစာ ရှင်းလင်းပွဲ၌ အနားယူသွားသော စာရေးဆရာအို ဘီလျံနာ သူဌေးကြီးက တယ်လီဖုန်းဖြင့် သူ့ထံသို့ သတင်းထောက်တို့အား မေးချင်သည့် မေးခွန်းတို့ကို မေးခွင့်ပြုခဲ့သည်။ ဤတွင် လူလိမ်အိုင်ဗင်၏ လုပ်ကြံမှုကြီး ဘွင်းဘွင်းပေါ် သွားခဲ့ပြီး သူ၏ လက်ကျွတ်ဆရာကြီးကိုယ်တိုင် ရေးသားပါသည်ဆိုသော ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်မှာ ရှုတ်ချခံရလေတော့သည်။ ဤသို့ တံတွေးခွက် ပက်လက်မျောနေသည့်တိုင် အိုင်ဗင်က မလျှော့သေး။ မိမိစာအုပ် ဟုတ်မှန်ကြောင်း၊ မိမိ၌ အပြစ်မရှိကြောင်း ခုခံထုချေနေသေးသည်။

အိုင်ဗင်၏ ဟုချ်ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ် လုပ်ကြံမှုကြီးကို ဖော်ထုတ်ခဲ့သူမှာ အနံ့ခံကောင်းသည့် စုံထောက်ကျော်ကြီး ရောဘတ်ဒိုလန်မီလိုကွင်းပင် ဖြစ်သည်။ သူသည် ဂျက်လေယာဉ်ခေတ်စုံထောက်ကြီး

ရှားလော့ဟုမ်းလ် စုံထောက်ဂုဏ်ထူးဘွဲ့ချီးမြှင့်ခံထားရသူ လူတော်တစ်ယောက် ဖြစ်၏။ ရုပ်ရည်ခန့်ညားပြီး အရပ်(၆)ပေမြင့်သည့် အမေရိကန်ရှေ့နေ မီလိုကွင်းမှာ မာဖီးယားဂိုဏ်းသား လူလိမ်လူကောက် ကိုယ်ကျိုးစီးပွား ရှာသူများနှင့် ကွန်ပျူတာခေတ် အင်မတန် ဉာဏ်နီဉာဏ်နက်များလွန်း သည့် ဒုစရိုက်ကောင်များအား ဖော်ထုတ်ခဲ့သူ အမေရိကန် အစိုးရအရာရှိ တစ်ဦးအဖြစ် လုပ်သက် (၁၆)နှစ်တိုင် ထမ်းဆောင်ခဲ့သူ ဖြစ်၏။ လုပ်ကြံ ခံရပြီး ကွယ်လွန်ခဲ့သူ အမေရိကန်သမ္မတကြီး ဘော်ဘီကနေဒီ၏ အမေရိကန် နိုင်ငံ ရှေ့နေချုပ်ဖြစ်စဉ်က သူ၏ အရင်းအနှီးဆုံး ကိုယ်ရေးအရာရှိ တစ်ဦး ဖြစ်ခဲ့ဖူးသည်။

နောက်ပိုင်း မီလိုကွင်းမှာ အစိုးရအလုပ်မှ ထွက်ခဲ့ပြီး အင်တာတဲလ် ခေါ် ဝါရှင်တန်ဒီစီ၌ အခြေစိုက်သော အပြည်ပြည်ဆိုင်ရာ အလွတ် စုံထောက်အေဂျင်စီတစ်ခုတွင် ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ ထိုထောက်လှမ်း ရေး အေဂျင်စီဌာနခွဲများ ကမ္ဘာတစ်ဝန်း၌ ရှိနေကြသည်။ အဆိုပါ အေဂျင်စီ ကြောက်စရာအကောင်းဆုံး ရာဇဝတ်မှုခင်း ပုဂ္ဂလိကထောက်လှမ်းရေး လုပ်ငန်းခေါ်သော ဌာန၌ သူနှင့်အတူ တွဲဖက်လျက် လန်ဒန်မြို့ ကမ္ဘာကျော် စကော့တလန်ယာဒ်၌ မှုခင်းထောက်လှမ်းရေးအကြီးအကဲ (ဦးစီးမှူး) ဟောင်းဖြစ်သူ ဆာရာနပ်လ်ဘေတင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

အမေရိကန်နိုင်ငံတွင် ဒဏ္ဍာရီဆန်ဆန် ကျော်ကြားလှသော စာရေး ဆရာဟောင်း ဘီလျံနာသူဌေးကြီးဟုချ်၏ ဝတ်လုံတော်ရ ချက်စတာဒေး ဗစ်က အမှုတစ်ခု သူ့အား စုံစမ်းပါရန် အပ်ခဲ့သည်။ ယင်းအခင်းဖြစ်အမှု မှာ ရိုက်နှိပ်ထုတ်ဝေတော့မည်ဖြစ်သော ဆရာကြီး ဟိုက်စ်ကိုယ်တိုင် ရေး သားပါသည်ဆိုသည့် "ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်အတွက် ရင်လေးနေမိ သည်"ဟု ဆိုပါသည်။ ယင်းစာအုပ်မထွက်မီ ဆရာကြီး ကိုယ်ရေးစာအုပ် မဟုတ်ဘဲ အတုအလိမ် ကလိမ်စေ့ငြမ်းဆင်ထားခြင်း ဖြစ်ကြောင်း စုံစမ်း စစ်ဆေးဖော်ထုတ်ပေးရန် ဖြစ်ပေသည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ပေးရေးကိစ္စမှာ ထိုဈေးကွက်တင်တော့ မည့် စာအုပ်ရိုက်နှိပ်ထုတ်ဝေသူ ပက်ဘလစ်ရှာမက်ဂရောဟီးလ်က ယင်း စာအုပ်ကို ဆရာကြီးဟုချ်နှင့် စာရေးဆရာ အိုင်ဗင်တို့ အတူတကွ ညှိနှိုင်း

တိုင်ပင်ပြီးမှ ပြုစုခြင်း ဖြစ်ပါသည်ဟု အတိအလင်း ပြောခဲ့သည်။ သူ့စကား မှန်မမှန် စာအုပ်ကို သေချာစစ်ဆေးပြီး ကြီးမားသော လုပ်ကြံမှုကြီးကို ဖော်ထုတ်ပေးဖို့ ဆိုလိုရင်း ဖြစ်သည်။ ထုတ်ဝေသူတို့ အခိုင်အမာ စစ်မှန်ပါသည်ဟု ပြောစကားမှာ စာရေးဆရာကြီး အိမ်ချ်အာရ်ဟုချ်၏ ရေးပေးခဲ့သော ချက်လက်မှတ်နှင့် နောင်၌ သူကိုယ်တိုင် လက်မှတ်ရေးထိုးထားသော လက်ရေးပေါ် အခြေတည်၍ ပြောဆိုနေကြခြင်း ဖြစ်သည်။ ထိုချက်မှာ ဆွစ်ဇာလန်ဘဏ်၌ ဘဏ်စာရင်းအကောက် နံပါတ်တစ်ခု ဖွင့်၍သွင်းခဲ့သည်။ မက်ဂရောဟီးလ်က ထိုချက်လက်မှတ်ပေါ်မှ ဆရာကြီး လက်ရေးလက်မှတ် ဟုတ်မဟုတ်ကို နယူးယောက်လက်ရေးပါရဂူတို့ ပြသ တိုက်ဆိုင်စစ်ဆေးပြီး ဖြစ်ကြောင်း တင်ပြခဲ့သည်။ သို့သော် ဝါရှင်တန်ဒီစီမှ အင်ဘာတက်စုံထောက်အဖွဲ့ ပြန်လည် စစ်ဆေးကြည့်မည်။

ဆရာကြီးဟိုက်စ်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ် အရှင်းတော်ပုံအငြင်းအခုံမှာ နယူးယောက်မြို့ဝန် သတင်းစာခေါင်းကြီးပိုင်း၌ ပါလာခဲ့သည်။ ထိုသတင်းတို့မှာ စုံထောက်ကျော်ကြီး မီလိုကွင်းကို ခိုင်လုံသော အထောက်အထားတို့အတွက် အထောက်အကူ ရခဲ့သည်။ မက်ဂရောဟီးလ်စာပေတိုက်နှင့် အုပ်ချုပ်ရေးမှူးတစ်ဦး ယနေ့နံနက်ခင်း ရုပ်မြင်သံကြား တီဗွီအစီအစဉ်မှနေ၍ သူတို့တိုက်ထုတ် ဆရာကြီးဟုချ်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ် စစ်မစစ် သက်သေအထောက်အထားနှင့်တကွ ရှင်းလင်းချက်မှနေ၍ ပြည်သူအား ဆရာကြီးအိမ်ချ်၊ အာရ်ဟုချ် လက်မှတ်ထိုးရေးပေးခဲ့သော စုစုပေါင်း တန်ဖိုးငွေ အမေရိကန်ဒေါ်လာ (၆၅၀,၀၀၀) တန် ချက်လက်မှတ် (၃)စောင် တင်ပြခဲ့သည်။ မီလိုကွင်းလည်း ထိုရုပ်သံအစီအစဉ် ပြကွက်ကိုကြည့်ပြီး ဗွီဒီယိုခွေ သွင်းယူခဲ့သည်။ ထို့နောက် ယင်းဗွီဒီယိုခွေတိပ်ပြားကို ရုပ်အလိုက် ထိုးကြည့်လိုက်ရာ ချက်လက်မှတ် (၃)စောင်ပေါ်ပြီး ချက်လက်မှတ်ပေါ် ရေးသားထားသော လက်ရေးမူကို အကြီးချဲ့၍ ထင်ထင်ရှားရှား တွေ့ရသည်။

ယင်းဗွီဒီယိုကော်ပြား အကြီးချဲ့ဖလင်ဆလိုက်မှ ဆရာကြီးကိုယ်တိုင် ရေးပေးခဲ့ပါသော ချက်လက်မှတ်ပေါ်မှ ဆွစ်ဇာလန်ဘဏ်တစ်ခု၏ အမည်ကို အဆင်အသင့် တွေ့ရှိရသည်။ ထိုဘဏ်မှ ဆွစ်ဇာလန်နိုင်ငံမြောက်ပိုင်း

ဗူးရစ်ဒေသ စိတ်မြို့နယ်အတွင်းရှိ ဘဏ်ဖြစ်ကြောင်း သိရှိရလေသည်။ မီလိုကွင်းသည် ထိုနေ့ ဗူးရစ်သို့ ပထမဆုံးထွက်သည့် လူစီးလေယာဉ်ဖြင့် ထွက်ခွာလာခဲ့သည်။

ဗူးရစ်မြို့သို့ရောက်ရှိပြီး ချက်လက်မှတ်ထဲမှဘဏ်သို့ သွားရောက်ပြီး ငွေစာရင်းဖွင့်ထားခဲ့သူ အိမ်ချ်၊ အာရ်ဟုချ်နှင့် ပတ်သက်၍ စုံစမ်းခဲ့ရာ ငွေစာရင်းရှင်မှာ အမျိုးသမီးတစ်ဦးဖြစ်ကြောင်း သိရှိခဲ့ရသည်။ သက်ဆိုင်ရာဘဏ်ဝန်ထမ်းတို့ ပြောပြသည့် အမျိုးသမီး၏ပုံပန်းမှာ သူ့အဖို့ သံသယများစွာ ဖြစ်ခဲ့ရသည်။ သို့နှင့် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီ သူ့အင်တာနက်စုံထောက်ဌာနချုပ်သို့ ဖုန်းဆက်ပြီး စာရေးဆရာအိုင်ဗင်၏ဇနီး ဓာတ်ပုံတစ်ပုံကို အလျင်အမြန် ဝါယာဖြင့်ပို့ပေးရန် အကြောင်းကြားခဲ့သည်။ ထို့နောက် (၄)နာရီအကြာ၌ လိုအပ်သော ဓာတ်ပုံ အထောက်အထား ရရှိခဲ့ပြီး ထိုဘဏ်သို့ ပြန်လာခဲ့သည်။ ဓာတ်ပုံကို ရရှိခဲ့ပြီး ဘဏ်အရာရှိတို့အား မေးမြန်းစုံစမ်းခဲ့ရာ ဆံပင်ပုံစံကွဲပြားသည်မှအပ သူတို့ဘဏ်၌ ငွေလာရောက်အပ်နှံသူ အိမ်ရ်၊ အာရ်၊ ဟုချ်အမည်ခံ အမျိုးသမီး ဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံခဲ့ကြသည်။ ယင်းပုံမှာ စာရေးဆရာ ကလိမ်ခြိုအိုင်ဗင်၏ဇနီး ဖြစ်ပါသည်။

မိနစ်အနည်းငယ်အတွင်း စုံထောက်ကျော်မီလိုကွင်း ပေးပို့ခဲ့သော ကြေးနန်းသတင်းမှာ စာရေးဆရာ ဘီလျံနာသူဌေးကြီး၏ ဝတ်လုံတော်ရ ဂျက်စတာဒေးဗစ်ထံသို့ ရောက်ရှိသွားခဲ့သည်။ ဒေးဗစ်လည်း နယူးယောက်မြို့၊ မန်ဟက်တန်မြို့နယ် ယူအက်စ်ရှေ့နေချုပ်ထံ တိုင်ကြားပြီး အမှုဖွင့်ကာ အိုင်ဗင်နှင့် ဇနီးဖြစ်သူတို့အား လက်ရဖမ်းဆီးခဲ့ကြသည်။

လူလိမ်စာရေးဆရာမှာ အမှုအစမှ ဆုံးခန်းရောက်သည့်တိုင် ဇွတ်ကန်၍ ဘူးခံ ငြင်းကွယ်နေသော်လည်း တောက်လျှောက် မဟုတ်ပါ မမှန်ပါဟု တရစပ် ငြင်းချက်ထုတ်နေသော အိုင်ဗင်ခမျာ နောက်ဆုံး ရဲတော်ရှေ့တရားလိုပြသက်သေ ကမ္ဘာကျော်အဆိုတော် နီနာကို မြင်လိုက်ရမှ ကြက်သေသေကာ ကြက်ကြီးလည်လိမ်ခံရသလို အသံမထွက်နိုင်တော့ချေ။ လှပျိုဖြူအဆိုတော် နီနာနှင့် ယူနိုက်တက်စတိတ်အရှေ့ပိုင်း မေရီလန်ပြည်နယ် ဖရက်ဒရစ်မြို့ခံတရားလိုပြသက်သေတို့ကို စစ်ဆေးခဲ့ရာမှ

အဖြစ်မှန် ရုပ်လုံးပေါ်ခဲ့သည်။ သူတို့ထွက်ဆိုချက်အရ အိုင်ဗင်မှာ စာရေး ဆရာကြီးဟောင်းဝပ်ဟာဟုချ်နှင့် နီးနီးကပ်ကပ် တစ်ခါမျှသာ နေခဲ့ဖူး ကြောင်း၊ ထိုစဉ်က သူနှင့်အတူ အဆိုတော်နီနာ ရှိနေခဲ့ကြောင်း ထွက်ဆို သွားခဲ့ကြသည်။

(၁၉၇၂)ခုနှစ်အတွင်း အက်ဒစ်အိုင်ဗင်မှာ ကြံရာပါအဖြစ် ရုံးတော်မှ ဆွစ်ဇာလန်နိုင်ငံ အကျဉ်းထောင်၌ ထောင်နှစ်နှစ်ကျခံစေရန် ပြစ်မှု ထင်ရှားစီရင်ခဲ့သည်။ တရားခွင်၌ သူမခင်ပွန်းဖြစ်သူ လူလိမ်အိုင်ဗင် မိန်းမရှုပ်ခဲ့ပွေခဲ့သမျှ အဖြစ်အနစ်တို့ကို နားမဆံ့အောင် ကြားသိခဲ့ရသဖြင့် သူ့အပေါ် နာကြည်းစိတ်ကုန်သွားခဲ့သည်။ အက်ဒစ်အား ထောင်ဒဏ် အပြစ်ပေးခံရသည့် သတင်းကြားသောအခါ အိုင်ဗင်မှာ တရှိုက်ရှိုက် ငို ကြွေးခဲ့ပြီး “ကျုပ်မကောင်းလို့ ကျုပ်မိန်းမ အခုလို ဒုက္ခရောက်ရတာ သူမ ဘယ်လောက် ခါးသီးအောင် ခံစားရမလဲဗျ၊ ကျုပ်မိုက်ပြစ်ပါ၊ ညည ထောင်ထဲမှာ အိပ်ရာဝင်တိုင်း ဒီအဖြစ်အတွက် ယူကျုံးမရ ငိုရပါတယ်” ဟူ၍ ပြောပြခဲ့သည်။

သူအမှုကြားနာစစ်ဆေးပြီး အပြစ်ရှိကြောင်း ဖြောင့်ချက်ပေးခဲ့သည်။ ရုံးတော်မှ သူ့အား ဒဏ်ငွေ ဒေါ်လာ (၁၀,၀၀၀)ပေးဆောင်စေရန်နှင့် အမေရိကန်နိုင်ငံ အကျဉ်းထောင်၌ ထောင်ဒဏ် လပေါင်း(၃၀) သို့မဟုတ် (၂နှစ်နှင့်၆လ)ကျခံစေရန် ပြစ်မှုထင်ရှား အပြီးသတ်အမိန့် ချမှတ်ခဲ့သည်။ ထို့ပြင် မက်ဂရောဟီးလ်စာပေတိုက်အပေါ် ပေးရန်တင်ရှိခဲ့သောငွေ ဒေါ်လာ (၅၀၀,၀၀၀)ကိုလည်း လက်ရောက် ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။

ဇနီးဖြစ်သူ အက်ဒစ်အိုင်ဗင်မှာ ထောင်ဒဏ် (၁၄)လ ကျခံခဲ့ပြီး ထောင်မှလွတ်ခဲ့သည်။ ခင်ပွန်းဖြစ်သူ စာရေးဆရာလူလိမ်အိုင်ဗင်မှာ ထောင်ဒဏ် (၁၆)လသာ ကျခံခဲ့ရပြီး လွတ်လာခဲ့သည်။ သို့သော် အကြင် တို့လင်မယား ပြန်မပေါင်းကြတော့ချေ။ အက်ဒစ်မှာ အိုင်ဗင်ထံမှ တရား ဝင်ကွာရှင်းနိုင်ခဲ့ပြီး နောက်အိမ်ထောင်ထူခဲ့သည်။ သူမ၏ နောက်အိမ် ထောင်ရှင်မှာ ခင်ပွန်းဟောင်း၏ တင်းနစ်ရိုက်ဖက် ဖြစ်၏။ ကလစ်ဖို့ အိုင်ဗင်မှာ ငယ်ရွယ်သူ လုံးကြီးပေါက်လှတစ်ဦးနှင့်အတူ မက္ကဆီကိုနိုင်ငံသို့ ပြောင်းရွှေ့သွားခဲ့သည်။

ထိုနိုင်ငံ၌ စာအုပ်တစ်အုပ် ထပ်မံရေးသားခဲ့သည်။ သို့သော် ယခုတစ်ခါရေးသားသည့်စာအုပ်မှာ တရားဝင်ရေးသားခြင်း ဖြစ်၏။ ထိုစာအုပ်မှာ ဒေါ်လာ (၁. ၅)သန်း ရရှိအောင် မည်သို့မည်ပုံ ပညာသားပါပါ ပိပိရိရိ လိမ်ခဲ့၊ ပွတ်တီးချခဲ့၊ ဖျံကျခဲ့ပုံ ဖြစ်ကြောင်းရယ်မှ ကုန်စင် အိတ်သွန်ဖာမှောက် တင်ပြထားခြင်း ဖြစ်သည်။ ထိုစာကို ရေးသားတင်ပြရခြင်းမှာ အကြွေးငွေများကို ပြေပြေလည်လည် ပြန်ဆပ်ရန် ဖြစ်သည်။ သူ၏ ရင်ဖွင့်စာအုပ်မှာ အရောင်းရအသွက်ဆုံး (ဘက်ဆဲလား)စာရင်းဝင်ခဲ့သည်။ သူ့ကြိုးပမ်းမှုကို သူ မတွေ့လိုက်ရ ထိုစာအုပ်မှာ အနောက်နိုင်ငံဈေးကွက်တွင် သူသေပြီးမှ ထိပ်တန်းအရောင်းသွက်သည့်စာအုပ် ဖြစ်လာခဲ့သည်။ ကလစ်ဖို့အိုင်ဗင်မှာ (၁၉၅၅)ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ နေလိုလလို ထင်ရှားသော စာရေးဆရာကြီးဟောင်းဝပ်ဒ်ဟုချ်ကို အမှီပြု၍ လိမ်လည်လှည့်ဖြားကာ ပြောမယုံနိုင်လောက်အောင် ကြွယ်ဝသွားသူ စာရေးဆရာတစ်ယောက် ဖြစ်ပါသတည်း။

❁ ❁ ❁



## ကျားမြီးကိုမှ သွားဆွဲသည့် အတုအပဝိဇ္ဇာ

ကမ္ဘာ့အနုပညာပြတိုက်ကြီးများနှင့် ပန်းချီပြခန်းများတွင် ပြသထားသော သမိုင်းဝင် အနုပညာပစ္စည်းရတနာတို့သည် အစစ်အမှန် ရှိနေကြသလို အတုအယောင် ပစ္စည်းများလည်း မည်ရွေ့မည်မျှ ရှိနေမည်မှန်း မည်သူမျှ သိနိုင်မစွမ်းချေ။ အနုပညာပစ္စည်းအတုအပ ဖန်တီးသည့်သူများ (The Art Forgers) တို့ကလည်း အလွန်ပင် လက်ရာမြောက်အောင် ကျွမ်းကျင်ကြပေသည်။

အတုအပ အလိမ်ဝိဇ္ဇာဟောင်း ဒေဗစ်စတိန်း (ex-forger David Sgtein) က "ကမ္ဘာအရပ်ရပ်မှာ ရှိနေကြတဲ့ အနုပညာပြတိုက် ပန်းချီခန်းမတို့က အနုပညာလက်ရာပစ္စည်း ကတ်တလောက်မဆို ကြည့်ရုံနဲ့ ကျုပ် လက်ရာ ပစ္စည်းတုဖြစ်ကြောင်း ကျုပ် တန်းခနဲ ထောက်ပြနိုင်ပါတယ်"ဟူ၍ ပြောပြခဲ့ဖူးသည်။ အတုအပ လက်ရာဖန်တီးသည့်နေရာ၌ ဆရာတစ်ဆူ ပါရဂူ မြောက်သူ အယ်လ်မိုက်ဒီဟိုရီ (Master Faker Elmys Dehory) က အနုပညာ ကျွမ်းကျင်သူပညာရှင်တို့နှင့် ပတ်သက်၍ "သူတို့တစ်တွေဟာ တကယ်တော့ အနုပညာ လက်ရာမြောက်အောင် ဖန်တီးဖို့ထက် အနုပညာအကြောင်း အပြောကောင်းဖို့ သိနားလည်ထားကြသူများ ဖြစ်ပါတယ်"ဟူ၍ ပြောခဲ့သည်။ ဂျာမန်အတုအပဝိဇ္ဇာ ဟန်းစ်ဗင်မီဂီရင် (Hans Van Meegerem) ကမူ "အနုပညာရှင်ဆိုတဲ့ သူတွေဟာ အချောက်တိုက် ကိုယ့်ကိုယ်ကိုယ် ဘဝင် မြင့်နေကြတဲ့ လူ့ပေါက်ပန်းတွေသာ ဖြစ်တယ်" ဟု မှတ်ချက်ချခဲ့သည်။

ဗင်မီဂီရင်အား အချိန်ကာလမရွေး အတုအပ ဖန်းတီးရှင်ဟု ကမ္ဘာက အသိအမှတ် ပြုထားခဲ့ကြသည်။ သို့သော် သူ၏ ရာဇဝတ်မှုမကင်းသည့် ဒုစရိုက်ဘဝသရုပ်မှန်မှာ ကမ္ဘာ့အရေးတကြီး ဖြစ်ရပ်ကြီးတို့နှင့် ဆက်စပ် ဖြတ်သန်းခဲ့ရင်း ဘွင်းဘွင်းပေါ်ခဲ့လေသည်။

(၁၉၄၅)ခုနှစ်တွင် နာဇီဂျာမန်တို့ စစ်ရှုံးခဲ့ကြသည်။ နာဇီဟစ်တလာ၏ တပ်မတော်ရှေ့တန်းစစ်မျက်နှာမှ ဖီးလ်မာရှယ်ဗိုလ်ချုပ်ကြီးဟာ ဂန်ဂေါ် ရင်၏ အဖိုးအနဂ္ဃထိုက်တန်သည့် ခေတ်အဆက်ဆက် ဂျာမန်နန်းတွင်း အနုပညာလက်ရာပစ္စည်း ရတနာသိုက်ကြီးကို ထုတ်ဖော် တွေ့ရှိခဲ့ကြသည်။ ယင်းပစ္စည်းတို့မှာ ဗိုလ်ချုပ်ကြီး၏နေအိမ် အနောက် ဂျာမနီနိုင်ငံ၊ ဘာဗေး ရီးယားပြည်နယ်၊ အဲလ်ပစ်တောင်စခန်းမြို့၊ ဘတ်ခ်တားစ်ဂါဒန်မြို့ ခမ်းနား ထည်ဝါသော တိုက်အိမ်ကြီး၌ စုဆောင်း သိမ်းဆည်းထားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အနုပညာလက်ရာပန်းချီကားချပ် အများအပြားမှာ ဂျာမန် နာဇီတို့ ဘုန်းမီးနေလထွန်းတောက်နေစဉ် ဂျာမန်တပ်မတော်ကြီး ဥရောပ တစ်ခွင်ပြုပြုစင် စစ်ချီခဲ့ရာ၌ ခရစ်ယာန်ဘုရားကျောင်းများ၊ အနုပညာ ပြခန်းများနှင့် ကိုယ်ပိုင် စုဆောင်းသိမ်းဆည်းထားသော ပစ္စည်းများ ဖြစ် ကြသည်။ ယင်းပစ္စည်းတို့အား အဓမ္မလုယက် သိမ်းလာခဲ့ခြင်း ဖြစ်သည်။ ဗိုလ်ချုပ်ကြီး ဂေါ်ရင်အိမ်မှ သိမ်းဆည်းခဲ့သော အနုပညာပန်းချီကားချပ်တို့ အနက် အနည်းအကျဉ်းမှာ တန်ရာတန်ကြေးပေး၍ ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ ထိုပန်းချီကားချပ်ထဲတွင် **တစ်နပ်စားအပျော်အကြံခံရသည့် အမျိုးသမီး** အမည်ပေးထားသည့် ပန်းချီကားမှာ (၁၇)ရာစုနှစ်က ပေါ်ထွန်းခဲ့သော ဒတ်ချ်ပန်းချီကျော် ယန်ဗာမား၏ လက်ရာ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးစအချိန်ကာလက နာဇီဟစ်တလာအလို တော်ရိတို့ကို ဥရောပလွတ်လပ်သော နိုင်ငံအသီးသီးတစ်ခွင် ပြုပြုစင်အောင် သက်ဆိုင်ရာအစိုးရက မြေလှန်၍ ရှာခဲ့ကြသည်။ ဤတွင် ဒတ်ချ် ရဲအဖွဲ့ ဝင်တို့သည် နာဇီစစ်ဗိုလ်ချုပ်ကြီး ဖီးလ်မာရှယ်ဂေါ်ရင်၏ အေးဂျင့်တို့ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့သား ကုန်သည်တစ်ဦးထံမှ ဂန္ထဝင် ပန်းချီကားတစ်ချပ်ကို စတာလင်ပေါင် (၁၆၀,၀၀၀)ပေး၍ ဝယ်ယူခဲ့ကြောင်း စုံစမ်းသိရှိခဲ့ကြသည်။ ရဲအဖွဲ့ဝင်တို့က ထိုပန်းချီကားစုဆောင်း သိမ်းဆည်း

ထားသူမှာ နာဇီတို့အပေါ် အင်မတန် ရက်ရောသည့် အလိုတော်ရိပင် ဖြစ်ရမည်ဟု ယူဆခဲ့ကြသည်။ သူတို့ တွေ့ရှိရသည့်သူမှာ အခြားမဟုတ် ဗင်မီဂီရင်ပင် ဖြစ်နေသည်။

ဒတ်ချ်ရဲတို့ သူ့အား ရှာဖွေတွေ့ရှိစဉ်က သူသည် ချမ်းသာကြွယ်ဝသည့် နိုက်ကလပ်ပိုင်ရှင်တစ်ဦး ဖြစ်နေသည်။ တစ်ဖက်တစ်လမ်းမှလည်း မည်သူမျှ မသိရှိကြသည့် ဂျာမန်နာဇီဗိုလ်မှူး ဗိုလ်ချုပ်အကြီးအကဲတို့ စုဆောင်းထားကြသော ထိတ်ထိတ်ကျဲ ဂန္ထဝင်ပန်းချီ အနုပညာလက်ရာတို့ကို ဈေးကောင်းဖြင့် ရောင်းချခဲ့သော နာဇီဗိုလ်ချုပ်တို့ပိုင် ပန်းချီကားလက်ရာတို့အနက် နာဇီခေါင်းဆောင် ဖီးလ်မာရှယ်ဂေါ ရင် ဝယ်ယူစုဆောင်းသိမ်းဆည်းခဲ့သော ပန်းချီကားချပ် အပါအဝင် ပန်းချီပြခန်းများသို့ လိပ်တပ်၍ သူ့လက်မှတ်ရေးထိုးထားသည့် အခြား ပန်းချီလက်ရာ (၆)ကားလည်း ပါဝင်ခဲ့သည်။

ဗင်မီဂီရီအား သက်ဆိုင်ရာ ဒတ်ချ်ရဲအဖွဲ့ဝင်တို့ လက်ရဖမ်းဆီးပြီး ရုံးတင် တရားစွဲဆိုရန် ထောင်ထဲ၌ ချုပ်ထားခဲ့ကြသည်။ သူ့အား ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီတို့အား အားပေးအားမြှောက် ပံ့ပိုးကူညီခဲ့သူ အလိုတော်ရိများဖြစ်၍ ကမ္ဘာ့စစ်တရားခံ ကြံ့ရာပါအဖြစ် စွဲချက်တင်ကာ သေဒဏ်ပေးနိုင်လေသည်။ သက်ဆိုင်ရာရဲအဖွဲ့မှ သူ့အား နေ့စဉ် ရက်သတ္တပတ် (၆)ပတ်တိတိ အမျိုးမျိုး စစ်ဆေးမေးမြန်းခဲ့ပါသော်လည်း သူ့အဖြေကလုံးဝ မပြောင်းလဲဘဲ တစ်ခုတည်းသော အဖြေကို ထားပေးခဲ့သည်။ ထို့နောက် သူ့အား နောက်ဆုံး သက်ဆိုင်ရာရုံးတော်သို့ တရားစွဲဆိုတင်ပို့ခဲ့ကြသည်။ ရုံးတော်၌ ကြားနာစစ်ဆေးစဉ် အင်မတန် အံ့ဖွယ်သူရဲရှိလှသော အကိုးအကားတို့ဖြင့် ခုခံလျှောက်လဲသွားခဲ့သည်။

ရုံးတော်၌ ဗင်မီဂီရင်က မိမိမှာ ယခု စွပ်စွဲသကဲ့သို့ နာဇီတို့အား ပူးပေါင်းအားပေးအားမြှောက် လုပ်ခဲ့ခြင်း မဟုတ်ရုံမျှမက သူတို့အား အရှူးလုပ်ခဲ့ခြင်းသာ ဖြစ်ပါကြောင်း ခုခံထွက်ဆိုခဲ့သည်။ နာဇီဗိုလ်ချုပ်ကြီးဂေါ ရင်အား မိမိရောင်းချခဲ့သော ပန်းချီကားချပ်မှာ ဂန္ထဝင်ပန်းချီဆရာကြီး ဗာမား၏ လက်ရာမဟုတ်ဘဲ မိမိဗင်မီဂီရင်၏ ပန်းချီလက်ရာတစ်ခုသာဖြစ်သည်ဟု ဆိုပါသည်။ နာဇီခေါင်းဆောင်ဟောင်းကြီး နွားမရွှံ့ပိတ် ပန်းချီ

လက်ရာတို့ကို ဖန်တီးခဲ့သူမှာ မိမိဗင်မီဂီရင်သာ ဖြစ်ကြောင်း ထို့ထက်မက ကမ္ဘာအရပ်ရပ်သို့ အဆမတန်ဈေးဖြင့် လိမ်လည်ရောင်းချခဲ့သော ပန်းချီလက်ရာတို့မှာ ဒါဇင်ပေါင်းများစွာရှိပြီး အားလုံး မိမိ လက်ရာအတုများသာ ဖြစ်ကြောင်း ဝန်ခံဖြောင့်ချက်ပေးခဲ့သည်။

ပထမ ရုံးမင်းတရားသူကြီးက သူပြောစကားကိုမယုံ အတည်မပြုခဲ့ပေ။ သို့သော် သူ့အား အခွင့်အရေး တစ်ခုပေးခဲ့သည်။ အမ်စတာဒမ်မြို့သူ၏ ပန်းချီအလုပ်ခန်း စတူဒီယို၌ ရဲအစောင့်အရှောက်တို့ဖြင့် ဂန္ထဝင်ပန်းချီကျော်ကြီး ဗာမားလက်ရာနှင့် တထေရာတည်း ချွတ်စွပ်တူအောင် ပန်းချီလက်ရာတစ်ခုကို ရေးဆွဲခိုင်းခဲ့သည်။ တရားသူကြီး မိန့်ကြားသည့်အတိုင်း ဂန္ထဝင်လက်ရာမြောက် ပန်းချီကားချပ်ကို ရေးဆွဲပြသနိုင်ခဲ့သည်။ သူ၏ ဗာမားလက်ရာတု ပန်းချီကားချပ်ကို **သမားများ ခြံရံနေသော ယေရှု** ဟူ၍ အမည်တပ်ပေးလေသည်။ တရားရုံးတော်မှ သူ၏ သက်သေပြချက်ကို ယုံကြည်သွားခဲ့ပြီး ဂျာမန်နာဇီအလိုတော်ရိ အားပေးအားမြှောက် ပြုလုပ်ခဲ့ခြင်း ပြစ်ဒဏ်ကို ပယ်ဖျက်လွှတ်ပေးခဲ့သည်။

အတုအပဝိဇ္ဇာကြီး၏ လွတ်လပ်ခြင်းမှာ ကာလမရှည်ကြာခဲ့ပေ။ အကြောင်းမှာ ဂန္ထဝင်ပန်းချီကျော်ကြီး ဒတ်ချ်ပန်းချီဆရာ ဗာမား၏ ပန်းချီကားများ အနှံ့အပြား ပေါ်ပေါက်နေ၍ သူ့အား လိမ်လည်လှည့်ဖြားရောင်းချမှုပုဒ်မဖြင့် ရုံးတင်စွဲချက်တင်ကာ ကြားနာစစ်ဆေးခဲ့သည်။ ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် (၁)နှစ် အပြစ်ပေးစီရင်ခဲ့သည်။ သို့ရာတွင် ထောင်ထဲ၌ ရက်သတ္တ(၆)ပတ်အကြာ အသက် (၅၇)နှစ်အရွယ်၌ နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့လေသည်။

ဤမျှ ပန်းချီအနုပညာအရာ၌ ဂန္ထဝင်မြောက်အောင် လက်ရာပြောင်ပါလျက် ပန်းချီဆရာဗင်မီဂီရင်သည် သူ့ဘဝရေစုန်မျှောပြီး အတုအပလိုက်၍ဆွဲသည့် ပန်းချီဆရာဘဝ (ပုံတူခိုးချသည့် ပန်းချီဆရာဘဝ)သို့ ရောက်ခဲ့ရပါသနည်း။ အံ့မခန်းလောက်အောင် သူ၏ပုံတူခိုးချသည့် ပန်းချီလက်ရာများ မြောက်မြားစွာ နေရာတကာ၌ တွေ့နေရသည်မှာ ငွေကြေးရဖို့ ရည်ရွယ်ချက်ကြောင့် မဟုတ်နိုင်ချေ။ စင်စစ် ဗင်မီဂီရင်မှာ မည်သူနှင့်မဆို ယှဉ်ပြိုင်နိုင်သည့် အောင်မြင်သောပန်းချီကျော် တစ်ယောက် ဖြစ်၏။

သူ့အသက် (၃၃)နှစ်အရွယ်က သူ၏ ပွဲဦးထွက် ပထမဆုံး အဓိကရုပန်းချီလက်ရာကို နယ်သာလန်နိုင်ငံ၊ ဟိတ်မြို့၌ ပြပွဲသွင်းခဲ့သည်။ ထိုစဉ်က နယ်သာလန်နိုင်ငံတက္ကသိုလ်မှ အလွန် အာဏာပါဝါပြလိုသည့် ပါမောက္ခကြီးတစ်ဦးဖြစ်သူ ဒေါက်တာ အေဘာရာဟင်ဘရီဒိုင်ယပ်စ်က မီဂီရင်အား အထင်သေးစွာဖြင့် သူ၏ ပန်းချီလက်ရာကို ပယ်ချခဲ့လေသည်။ ထိုပန်းချီကားမှာ မည်မျှပင် အပနာပ ဝေဖန်ခဲ့ကြစေကာမူ ကြိုက်သူက ဝယ်ယူသွားခဲ့သည်။

နှစ်ပေါင်းများစွာ မိမိဒေါသကို ချုပ်တည်းပြီး ဒေါက်တာဘရီဒိုင်းယပ်စ်၏ အဝေဖန်ကဲ့ရဲ့ရှုတ်ချလွတ်အောင် ကြိုးစား ရုန်းကန်ခဲ့ပါသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့သည်။ ဗင်မီဂီရင်သည် နောက်ဆုံး၌ ထွက်ပေါက်တစ်ခု တွေ့ခဲ့လေတော့သည်။ သို့နှင့် အမင်မန်အာဏာပါဝါပြလိုသည့် ဒေါက်တာဘရီဒိုင်ယပ်စ် အထင်ကြီး ချီးမွမ်းလွန်းသည့် (၁၇)ရာစုနှစ် ပန်းချီကျော်ကြီး ဗာမာ၏လက်ရာကို တစ်သဝေမတိမ်း တစ်ထပ်တည်းကျအောင် ခိုးချရေးဆွဲခဲ့သည်။

(၁၉၃၆)ခုနှစ် တစ်နှစ်တာကာလပတ်လုံး မိမိကိုယ်ကို ဒဏ်ခတ်ပြီး တိုင်းပြည်မှ ထွက်ခဲ့ပြီး ပြင်သစ်နိုင်ငံ၌ အိမ်တစ်လုံး ငှားရမ်းနေထိုင်ခဲ့သည်။ သူလည်း လုံးဝဥဿုံ ဂန္ထဝင်ပန်းချီကျော်ကြီး ဗာမားလက်ရာနှင့် ရွေးမရအောင်တူသည့် ဂန္ထဝင်မြောက် ပန်းချီကားချပ်တစ်ချပ်ကို ရေးဆွဲခဲ့သည်။ ယင်းပန်းချီကား၌ **ခရစ်တော်နှင့် တပည့်သာဝကတို့ အမ်မတ်စ်မြို့၌ ရှိခဲ့ကြစဉ်** ဟူ၍ အမည်တပ်ထားခဲ့သည်။ သူ၏ အစဉ်မပြတ် လုံ့လဥဿာဟ ကြိုးပမ်းအားထုတ်မှုဖြင့် နှစ်ပေါင်း (၃၀၀)ရှည်ကြာသည့် ပန်းချီခေတ်တစ်ခေတ်ကို ထူထောင်ခဲ့လေသည်။

(၁၉၃၇)ခုနှစ်အတွင်း သူ၏ ပန်းချီကားတို့ကို ပဲရစ်ရှေ့နေတစ်ယောက် ငှားရမ်းပြီး ပြင်သစ်၌ နေထိုင်ကြသော ဒတ်ချ်မိသားစုပိုင် ပန်းချီကားများ ဖြစ်ကြောင်း မူပိုင်လျှောက်ထား မှတ်ပုံတင်လုပ်ကာ ဈေးကွက်တင် ရောင်းချခဲ့သည်။ ယခုအခါ ပုံတူကူးကော်ပီပန်းချီဆရာကြီး ဗင်မီဂီရင် ကွယ်လွန်ခဲ့ပြီဖြစ်၍ ကျန်ရစ်သူမိသားစုတို့မှာ အကျပ်အတည်းနှင့် ရင်ဆိုင်နေကြရသဖြင့် မိဘဘိုးဘွားပိုင် အမွေပစ္စည်းတို့ကို ရောင်းချလိုခဲ့ကြသည်။

ကွယ်လွန်သူ ပန်းချီဆရာဗင်မီးဂီရင်၏ ကျန်ရစ်သူမိသားစု၏ အကျိုးဆောင်ရှေ့နေကြီးလည်း ဂန္ထဝင်ပန်းချီကျော် ဗာမား၏ အနုပညာလက်ရာတို့နှင့် ပတ်သက်လာလျှင် ကမ္ဘာ့ရှေ့တန်းတာဝန်ရှိ ပုဂ္ဂိုလ်ကြီးဖြစ်သော ဒေါက်တာဘရီဒိုင်းစ်ထံ ချဉ်းကပ်ခဲ့သည်။ ယခု ရောင်းချမည့် ဗင်မီဂီရင်မိသားစုအမွေပိုင်ပစ္စည်း ပန်းချီလက်ရာများဖြစ်ကြောင်း ထောက်ခံပေးပါရန် တောင်းဆိုခဲ့သည်။ ပါမောက္ခကြီးလည်း မဆိုင်းမတွ အကျိုးတော်ဆောင်ကြီး၏ အကူအညီတောင်းခံမှုကို လိုက်လျောခဲ့သည်။

ဒေါက်တာဘရီဒိုင်းယပ်စ်က ပန်းချီကားတို့ စစ်မှန်ကြောင်း ဆီးနှိပ်ပြီး ထောက်ခံချက်ပေးလိုက်ရုံမျှမက လူတော်ပန်းချီဆရာကြီး ဗင်မီဂီရင်အားလည်း နှစ်ထောင်းအားရ စကားပြောကြားခဲ့သည်။ သူက ယင်း ဂန္ထဝင်ဒတ်ချ် ပန်းချီကျော်ကြီးဗာမား၏ လက်ရာမွန်တို့ကို ဗင်မီဂီရင်ကိုယ်တိုင်ရှာဖွေတွေ့ရှိ စုဆောင်းထားခြင်း ဖြစ်ကြောင်းကိုပါ အတိအလင်း မှာကြားလိုက်သေးသည်။ ထို့နောက် ပါမောက္ခကြီးက နယ်သာလန်နိုင်ငံ အနောက်တောင်ပိုင်း ရော့တာဒမ်မြို့မှ ဘွိုင်မင်အနုပညာတိုက်ကြီးသို့ တန်ဖိုးငွေ စတာလင်ပေါင် (၅၀,၀၀၀)ဖြင့် ဝယ်ယူရန် တိုက်တွန်းခဲ့လေသည်။ ဘရီဒိုင်းယပ်စ်ကိုယ်တိုင်လည်း ထိုပြတိုက်သို့ မကြာမကြာ သွားရောက်ပြီး ယင်းပန်းချီလက်ရာတို့ကို လေ့လာပြီး ဖန်တီးခွင့်ပုံတူ ပန်းချီဆရာကြီး ဗင်မီဂီရင် သူ့လက်ရာတို့အပေါ် ဈာန်ဝင်စား အားထုတ်ခဲ့ရပုံကိုလည်း မြင်ယောင်နေမိလေသည်။

နယ်သာလန် (ဟော်လန်)နိုင်ငံသား ဒတ်ချ်ပန်းချီဆရာ ဗင်မီဂီရင်မှာ သူ့အပေါ် ပြစ်ပြစ်ခါခါ ဝေဖန်ရှုတ်ချခဲ့သည့် ပါမောက္ခ ဒေါက်တာဘရီဒိုင်းယပ်စ်အပေါ် မကျေမနပ် မခံချင်စိတ်ဖြင့် ဂန္ထဝင်ပန်းချီကျော် ဗာမားလက်ရာနှင့် ခွဲမရအောင် တုပရေးဆွဲရင်း အတုအပ အနုပညာ စီးပွားရေးဈေးကွက်ထဲ ရောက်လာခဲ့ခြင်း ဖြစ်၏။ သူနှင့်မတူ ခံယူချက်ချင်းမတူသည့် ပန်းချီပညာရှင်တစ်ဦးမှာ အသိပညာ ခေါင်းပါးလွန်းသော ပန်းချီပါရဂူ ဆိုသူတို့အား မုန်းတီးရွံ့ရှာစက်ဆုပ်စိတ်နှင့် မရိုးသားသော ပန်းချီအနုပညာကုန်သည်တို့အပေါ် ဒေါသစိတ်ကြောင့် အတုအပ ကလိမ်ကကျစ် စီးပွားရေးလောကထဲ ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။

ယင်းပန်းချီဆရာမှာ အမျိုးသားစိတ်ဓာတ် ကင်းကွာပြီး နိုင်ငံမဲ့ ဟန်ဂေရီလူမျိုး ဒီဟိုရီပင် ဖြစ်သည်။ သူသည် ပန်းချီဆရာအကြောင်းနှင့် ပတ်သက်သည့် စာအုပ်တစ်အုပ်ကို ပြုစုခဲ့သည်။ စာအုပ်အမည်ကို ရိုးရိုးစင်းစင်း "အတုအလိမ် ရွှေရည်စိမ်"ဟူ၍ တပ်ထားလေသည်။ ထိုစာအုပ်ရင်ဖွင့်ရေးသားဖြစ်ခြင်းမှာ သူ့လို အလိမ်ဝိဇ္ဇာစာပေလောကသား နာမည်ကျော် အမေရိကန်စာရေးဆရာ ကလစ်ဖို့အိုင်ဗင် (နေလိုလနှယ် ထင်ရှားသော ကမ္ဘာကျော် အမေရိကန်စာရေးဆရာဟောင်းကြီး ဟောင်းဝပ်ဟုချ်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ လိမ်လည်ရေးသားမှုဖြင့် ထောင်ကျသွားခဲ့သူ) ထောင်မှ ထွက်လာပြီး သူမည်သို့မည်ပုံ လိမ်လည်ခဲ့ကြောင်း ရင်ဖွင့်ခဲ့သည့် စာအုပ်ထွက်ပေါ်လာသည်ကို အားကျမိသောကြောင့် ဖြစ်သည်။

နိုင်ငံမဲ့ ဟန်ဂေရီပန်းချီဆရာ၏ ပန်းချီလက်ရာများ အမေရိကန်နိုင်ငံ၊ တက္ကဆပ်ပြည်နယ် သန်းကြွယ်သူဌေးတစ်ဦးအား ရောင်းချလိုက်သော ဒေါ်လာသန်းပေါင်းများစွာ တန်ကြေးရှိသည့် အတုအလိမ်ပန်းချီ အနုပညာလက်ရာတို့အထဲ၌ ပါရှိသွားရာ သက်ဆိုင်ရာအမေရိကန် ထောက်လှမ်းရေးဌာနသို့ သတင်းပို့ခဲ့သည်။ ယင်းသို့ ဒီဟိုရီအပေါ် အပနာပသားပုပ်လေလွင့် ပြောကြဆိုကြခြင်းကြောင့်ပင် ပို၍ ကျော်ကြားလာခဲ့တော့သည်။ သူ့အဖြေက ရှင်းပါသည်။ သူတကာပုံတူ ကူးချကြသည့် ပန်းချီလက်ရာတုသမားတွေလို မူရင်းပန်းချီဆရာလက်မှတ်ကို ဘယ်သောအခါမှ လိမ်မထိုးခဲ့။ မိမိလက်ရာများအား လက်မှတ်မထိုးဘဲ ဈေးကွက်သို့ ပို့ခဲ့သည်ချည်းဖြစ်ကြောင်း အတိအလင်း ပြောခဲ့သည်။

(၁၉၇၄)ခုနှစ် အသက် (၆၀)၌ ဒီဟိုရီအား သက်ဆိုင်ရာ ရာဇဝတ်ဘက်မှ နေထိုင်ရာစပိန်ကျွန်းကလေး အိုင်ဘီဇာနေအိမ်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး မြေထဲပင်လယ် အနောက်ပိုင်းရှိ စပိန်ပိုင်ကျွန်းထောင်၌ အကျဉ်းချထားခဲ့လေသည်။ သူ့အား တရားရုံးဥပဒေနှင့်အညီ ရုံးတင်စစ်ဆေးမစီရင်ဘဲ (၄)လအကြာ၌ ထောင်မှ လွှတ်ပေးခဲ့ကြသည်။ သူသည် ပန်းချီအနုပညာ အရည်အချင်းများရှိကြသော အခြားပန်းချီပညာရှင်တို့နှင့်မတူ တစ်မူထူးခြားသူ ဖြစ်၏။ ပန်းချီအနုပညာထက် စကားလုံးလှလှကလေးများ ပြောတတ်ကြသည့် ကမ္ဘာ့ပန်းချီအနုပညာရှင်ကြီးများအပေါ်

မည့်သည့်အခါမျှ မလိုမုန်းထား မရှိခဲ့ချေ။ ပုံတူရုပ်ပုံလွှာတစ်ခုကို (၄၅) မိနစ်အတွင်း ပြင်သစ်နိုင်ငံသား အီတလီပန်းချီကျော်ကြီး မိုဒစ်လီယာနီ (၁၈၈၄-၁၉၂၀)ခုနှစ်အတွင်း ပေါ်ထွန်းခဲ့သော ပြင်သစ်နိုင်ငံသား အီတလီ ပန်းချီနှင့် ကျောက်ခေတ်ပန်းပုအနုပညာရှင်ကြီး အေဒီယိုမိုဒစ်လီယာနီ ဖြစ်ပါသည်။) လက်ရာကူး ပန်းချီကားတစ်ချပ်ပို့ တစ်ခဏချင်း ဆွဲနိုင်ကြောင်း အတိအလင်း ထုတ်ဖော်ခဲ့သည်။

"ပန်းချီအနုပညာလက်ရာပစ္စည်း ရောင်းဝယ်ဖောက်ကားကြတဲ့ ကုန်သည်တွေ၊ ပန်းချီပညာပါရဂူတွေနဲ့ ပန်းချီဝေဖန်ရေးဆရာတို့ ကျွန်တော့်ကို မနာလိုဝန်တိုမိကြမှာ မလွဲပါဘူး" ဒီဟိုရီက ခပ်ကြွားကြွား ဝင့်ကြွား ဖော်ဆိုခဲ့သည်။ "ဘာကြောင့်လဲဆိုတော့ လွယ်လွယ်ကလေးနဲ့ သူတို့ အရှုံးလုပ်ခံရတာ သိမှာစိုးလို့ပေါ့ဗျာ၊ အင်း. . . ဆိုပါတော့၊ သူတို့ အပွကြဲဖို့ အားကိုးထားကြတဲ့ ဂန္ထဝင်ပန်းချီဆရာကြီးတွေရဲ့ မူရင်းလက်ရာတွေပါ ဆိုတဲ့ ပန်းချီကားတွေကို ကျုပ်ပညာနဲ့ ဖျက်ဆီးပစ်ခဲ့လို့ပါပဲ"ဟူ၍ ဆက်လက် ပြောကြားခဲ့၏။

ဒီဟိုရီကဲ့သို့ လက်ရာတူ ကူးချရေးဆွဲသည့်နေရာ၌ လျစ်လျစ်မြည် နေသည့် လွန်စွာ ဉာဏ်ကောင်းသည့် ပြိုင်ဘက်ပန်းချီဆရာတစ်ယောက် ပေါ်ပေါက်ခဲ့သည်။ ထိုသူမှာ ဒေးဗစ်စတိန်းဆိုသူ ဖြစ်၏။ သူ၏ သက်တမ်းမှာ တိုတောင်းလှသော်လည်း လေးနှစ်တာမျှ ထိတ်ထိတ်ကျဲ အံ့မခန်း ကျော် ကြားခဲ့သည်။ သူ၏ပါးနပ်လွန်း၊ ပညာသားပါလွန်းသော လက်ရာပုံတူ ကူးချသည့်နေရာ၌ အငြင်းမပွားနိုင်သော တုပပုံတူလက်ရာရှင် အတုအလိမ် ပန်းချီဆရာတို့တွင် ဘုရင်တစ်ဆူ ဖြစ်ခဲ့သည်။

စတိန်းမှာ သူ့ပင်ကို အရည်အချင်းပြည့်ဝသူ ဖြစ်၏။ သူ့ကိုယ်ဟန်၊ ကိုယ်ပိုင်မူနှင့် ပန်းချီရေးဆွဲလျှင်လည်း ဂန္ထဝင်ပန်းချီကျော်တို့ လက်ရာနှင့် ယှဉ်ပြိုင်လောက်သည့် အရည်အသွေး ပါရမီ ရှိပါသည်။ သို့သော် ပန်းချီ အနုပညာလောက၌ ဂန္ထဝင်ပန်းချီကျော်တို့၏ လက်ရာမှသာ ဈေးကောင်း ထိုက်ထိုက်တန်တန် ပေးဝယ်ကြသည်။ ယင်းလက်ရာဆိုလျှင် ဈေးမကြောက် ကြ။ ဤမက်လုံးကို မည်သည့်ခေတ်ပေါ် ပန်းချီဆရာမျှ မတော်လှန်နိုင်။ သူလည်းလေ လောကီသားပေမို့ အများမိုးခါး ရေသောက်သကဲ့သို့ ခေတ်ရေ

စီးကြောင်းနှင့်အတူ မျောပါသည်မှာ အပြစ်ဟု ထင်မြင်ယူဆစရာ မရှိချေ။ သို့နှင့် ဒေးဗစ်စတိန်းလည်း လှေကြီးဆို ရိုးရိုးလမ်းကြောင်းမှ လက်ရာတူ ခိုးချသည့်လမ်းကြောင်းသို့ စတင်ပြောင်းခဲ့လေတော့သည်။ သက်ရှိထင်ရှား ဖြစ်၊ လွန်လေပြီးသော ခေတ်ကာလက ဖြစ်စေ၊ ကမ္ဘာ့အကျော်ကြားဆုံး ပန်းချီဆရာကြီးတို့၏ ဂန္ထဝင်မြောက် ရေဆေးဆီဆေးလက်ရာတို့ကို ပြန်လည် ဆန်းသစ်ခြင်း အတတ်ပညာဖြင့် ဖန်တီးတည်ဆောက်ရေးဆွဲကာ စီးပွားရှာခဲ့လေသည်။

လွန်လေပြီးသော ခေတ်ကာလက ကွယ်လွန်သူ ဂန္ထဝင်ပန်းချီကျော် ကြီးတို့၏လက်ရာကို တုပရေးဆွဲခြင်းသည့် သူ့ဉာဏ်သော်လည်း သက်ရှိ ထင်ရှားပုဂ္ဂိုလ်တို့ လက်ရာတို့မှာ သူ၏ ဘဝကျဆုံးစေသော အကြောင်းရင်း ဖြစ်လာခဲ့တော့သည်။

သူတစ်ပါး နှာခေါင်းဖြင့် အသက်ရှူသည့် မသမာသောနည်းဖြင့် လိမ်လည်တုပကာ ပန်းချီဆွဲခြင်း အတတ်ပညာဖြင့် အသက်မွေးနေခဲ့ရာမှ တစ်နေ့ ကြမ္မာလေရူးမွှေခဲ့လေတော့သည်။ ပန်းချီအရောင်းအဝယ် ကုန်သည်တစ်ဦး အော်ဒါမှာထားသော ရေဆေးပန်းချီကား သုံးကားကို ကမန်းကတန်း ရေးဆွဲနေခဲ့သည်။ စတိန်းသည် နယူးယောက်မြို့ သူ၏ ပန်းချီအလုပ်တိုက်ခန်း၌ ကြိုးစားပမ်းစား ရေးဆွဲခဲ့ရာ အချိန် (၇)နာရီ အကြာ၌ အားလုံး လက်စသတ်ခဲ့သည်။ နံနက် (၆)နာရီအချိန်တွင် အိပ်ရာထဲ ပက်လက်လန်နေရင်း ပန်းချီဈာန်ဝင်စားနေခဲ့သည်။ ထိုနေ့ နေ့လယ် (၁) နာရီ၌ မှာထားသော ပန်းချီကုန်သည် လက်ထဲသို့ ရေဆေးကား (၃)ချပ်ကို အပ်လိုက်သည်။ သူအပ်လိုက်သော ရေဆေးပန်းချီကားတို့မှာ ပြင်သစ် ပန်းချီဆရာကြီး မတ်ခ်ရှာဂဲလ်၏ လက်ရာအစစ်များနှင့်မခြား ဖြစ်ပြီး ပန်းချီကားတစ်ခုစီ၌လည်း စစ်မှန်ကြောင်း ဆရာကြီး၏ လက်မှတ် အထင် အရှား သက်သေခံနေသဖြင့် ကုန်သည်လည်း ကျေနပ်သွားခဲ့သည်။

ဒေးဗစ်စတိန်းသည် ထိုရေဆေးပန်းချီကားသုံးကားကို (၇)နာရီ အတွင်း အပြီးဖန်တီးခဲ့ရာ၌ လောလောလတ်လတ် ရေးဆွဲထားခြင်းဟု မထင်အောင် ဉာဏ်ကူပြီး ပန်းချီစက္ကူကို လက်ဖက်ခြောက်အရည် အေးအေး ဖြင့် စိမ်ပြီးမှ ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ရေဆေးပန်းချီ ရေးဆွဲပြီး

စစ်မှန်ကြောင်း ထောက်ခံချက်ရေးသားပြီး ဆရာကြီး၏ လက်မှတ်ကို တုပ၍ ထိုးခဲ့ခြင်း ဖြစ်သည်။ ပန်းချီကားချပ်တို့ကို ထုံးစံအတိုင်း ပေါင်သွင်းပြီး ကုန်သည်လက် အပ်လိုက်သည်။ ကုန်သည်နှင့် ဈေးပြောဆိုခဲ့ပြီး သူ့ထံမှ ဒေါ်လာ (၁၀,၀၀၀)တန် ငွေလွှဲချက်လက်မှတ်တစ်စောင် လက်ခံရရှိခဲ့သည်။

ပန်းချီအရောင်းအဝယ်ကုန်သည်လည်း စတိန်းထံမှ ဝယ်ယူခဲ့သော ရေဆေးပန်းချီကား (၃)ခုကို သဘောအကျကြီးကျပြီး မကြာမီကမှ နယူးယောက်မြို့သို့ ရောက်ရှိလာသော နိုင်ငံခြားသား ပန်းချီကျော်ကြီးတစ်ဦးအား ပြကြည့်ရလျှင် အဆင်ပြေ ကောင်းမွန်မည်ဟု ဆုံးဖြတ်ခဲ့သည်။ သူသိသည့် ပန်းချီဆရာကြီးမှာ အခြားသူမဟုတ်၊ ပြင်သစ်နိုင်ငံသား ရှုရှား ပန်းချီကျော်ကြီး မတ်ခ်ရှာဂဲလ်ကိုယ်တိုင် ဖြစ်နေသည်မှာ တိုက်ဆိုင်မှုပင် ဆိုပေမည်။ ထိုအတောအတွင်း၌ ပန်းချီလိမ်စတိန်းမှာ နောက်ထပ် ပန်းချီကားတုများ ဖန်တီးသည့်အလုပ်ဖြင့် အလုပ်ရှုပ်နေသည်။ ပန်းချီကျော်ကြီး ရှာဂဲလ်မှာ နယူးယောက်မြို့သို့ လေယာဉ်ခရီးဖြင့် ဆိုက်ရောက်လာခဲ့ရသည့်ကိစ္စမှာ နယူးယောက်မြို့တော် ဇာတ်ရုံနံရံကပ် ပိုစတာပန်းချီ ရောမ ကားကြီးနှစ်ချပ် တပ်ဆင်နေသည်ကို ကြည့်ရှုစစ်ဆေးရန် ဖြစ်သည်။

ပန်းချီဆရာကြီး လောလောဆယ် မအားလပ်သေး၍ သူနှင့် တွေ့ဆုံကြရန် ရက်ချိန်းတောင်းခဲ့သည်။ ကုန်သည်ကြီး စိတ်ထဲ၌ သူ၏ လက်ရာဟောင်းတွေ ပြန်မြင်လိုက်ရလျှင် ဆရာကြီးရှာဂဲလ် မည်မျှဝမ်းသာသွားမလဲဟု မျှော်လင့်ထားခဲ့သည်။ သို့နှင့် သူတို့နှစ်ဦး ချိန်းသည့်နေ့၌ တွေ့ဆုံကြပြီး ဆရာကြီးအား သူ့လက်ရာဟောင်း ရေဆေးပန်းချီကား (၃)ချပ်ကို မျက်နှာလိုအားရ ပြသလေသည်။ ပထမတော့ ပန်းချီကျော်ကြီး ရှာဂဲလ်ကိုယ်တိုင် ဇဝေဇဝါ ဖြစ်သွားခဲ့သေးသည်။ ထို့နောက် ဆရာကြီး ဒေါသအိုးပေါက်ကွဲလေတော့သည်။ ကုန်သည်ကြီးမှာ လန့်ဖျပ်သွားခဲ့သည်။ "သူခိုးကျင့်သူခိုးကြံလုပ်တာ" ဆရာကြီးအသံ ဟိန်းထွက်လာတော့သည်။ "ဒါ ကျုပ်လက်ရာ မဟုတ်ဘူးဗျ"

အသက် (၃၁)နှစ်ရှိ စတိန်းမှာ (၁၈၃၉-၁၉၆၀)ခုနှစ် ပြင်သစ် ပန်းချီဆရာကြီး ပေါက်သာဇန်၊ (၁၈၄၁-၁၉၁၉) ပြင်သစ်ပန်းချီကျော်

ပိုင်ရီသြဂတ်စ်ရင်နွာနှင့် (၁၈၃၂-၈၃) ပြင်သစ်ပန်းချီကျော် အဒွါးမာနီတို့၏ လက်ရာတုပန်းချီကားတို့နှင့်အတူ ရာဇဝတ်ဘေးမှ ဝေးရာသို့ ပြေးခဲ့သည်။ ထိုညနေ၌ပင် သူနေထိုင်ရာအိမ်သို့ လက်ရဖမ်းဆီးကြရန် သက်ဆိုင်ရာရဲအဖွဲ့ဝင်တို့ ရောက်လာခဲ့ကြသည်။ နောက်ပိုင်း၌ စတိန်း ပြောပြချက်အရ **ရဲအဖွဲ့ဝင်တို့ အိမ်ရှေ့တံခါးပေါက်အရောက်၌ သူက နောက်ဖေးတံခါးမှ ဝီစကီသောက်ရင်း လစ်ပြေးခဲ့ကြောင်း** သိရှိရပါသည်။

သူလည်း သွေးရှူးသွေးတန်းဖြင့် ကာလီဖိုးနီးယားပြည်နယ်သို့ ခြေရာဖျောက်တိမ်းရှောင်ခဲ့သည်။ ရာဇဝတ်ဘေး ပြေးမလွတ်ပေ။ သက်ဆိုင်ရာရဲအဖွဲ့ဝင်တို့ သူ့သတင်းအနံ့ခံ၍ လိုက်လံ ဖမ်းဆီးခဲ့ကြသည်။ နောက်ဆုံးအဖမ်းခံရပြီး သူက ဟုတ်တိုင်းမှန်ရာ ဖြောင့်ချက်ပေးခဲ့သည်။ ရုံးတော်မှသူ့အား သူတစ်ပါးပိုင်ပစ္စည်း ခိုးယူသုံးစွဲမှုပုဒ်မ (၉၇)နှင့် အတုအလိမ်ပြုလုပ်မှုပုဒ်မတို့ဖြင့် စွဲချက်တင်ခဲ့သည်။ စတိန်းက "ကျုပ်သာ သက်ရှိထင်ရှားမရှိတော့တဲ့ ပန်းချီကျော်တွေရဲ့ လက်ရာကားတွေ ဖန်တီးရေးဆွဲခဲ့မယ်ဆိုရင် ခုလို တရားအစွဲခံရမှာ မဟုတ်ဘူး၊ ဒါ ကျုပ် အမှားပေါ့ဗျာ"ဟူ၍ ညည်းတွားခဲ့လေသည်။

ယင်းပြစ်မှုပုဒ်မစွဲချက်ဖြင့် ထောင်ဒဏ် နှစ်နှစ် ကျခံစေခဲ့သည်။ ထောင်ထဲ၌နေစဉ် နယူးယောက်ရဲဌာနအဖွဲ့ဝင်တို့အား သူ၏ ပန်းချီလက်ရာအတုအပလုပ် လိမ်လည်နည်းဗဟုသုတကို ပေးခဲ့သည်။ ရဲအဖွဲ့ဝင်တို့အားပန်းချီအနုပညာလက်ရာ အတုခိုး လိမ်လည်မှုထောက်လှမ်းရေး အထူးစုံထောက်အဖွဲ့တစ်ရပ် တည်ထောင်ဖွဲ့စည်းရန် စတိန်းက အကူအညီပေးခဲ့သည်။ ပြစ်ဒဏ်လျှော့ရက်များဖြင့် (၁)နှစ် (၄)လအကြာ၌ ထောင်မှလွတ်ခဲ့သည်။ သူသည် တစ်နှစ်လျှင် ဝင်ငွေ အမေရိကန် ဒေါ်လာ(၅၀၀,၀၀၀) ရှိသောလုပ်ငန်းနှင့် အမေရိကန်ပန်းချီ အရောင်းဆိုင်ကြီး သုံးဆိုင်ကို စွန့်လွှတ်ခဲ့ပြီး သူ့နေရင်းတိုင်းပြည် ဥရောပသို့ အပြီးအပိုင် ပြန်ခဲ့လေသည်။

ပြင်သစ်သွေးတစ်ဝက် ဗြိတိသျှသွေးတစ်ဝက် နှောသည့် ပြင်သစ်အင်္ဂလိပ်ကပြား ဒေးဗစ်စတိန်း၏ ဒုတိယအမှားမှာ ပြင်သစ်နိုင်ငံသို့ပြန်လာခဲ့ခြင်းပင် ဖြစ်၏။ အမေရိကန်၊ နယူးယောက်၌ စွဲချက်အတင်ခံခဲ့ရသည့် ပြစ်မှုပုဒ်မ ဥပဒေဖြင့် သူ့အား ပြင်သစ်ရာဇဝတ်ဘက်မှ ဖမ်းဆီး

အရေးယူကာ ရုံးတင်စွဲချက်တင်ခဲ့ကြသည်။ ရုံးတော်မှ ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် (၂)နှစ် နှင့် (၆)လ ကျခံစေရန် အပြစ်ပေးခဲ့သည်။

(၁၉၇၀)ခုနှစ် ဝန်းကျင်၌ ထောင်မှလွတ်ခဲ့ပြီး သူတစ်ပါးလက်ရာ တုပလိမ်လည်ရေးဆွဲသည့် အလုပ်ကို စွန့်လွှတ်လိုက်ပြီး သူ့ကိုယ်ပိုင်မူ လက်ရာဖြင့် ရိုးရိုးသားသား ပန်းချီရေးဆွဲ အသက်မွေးခဲ့သည်။ ဒေးဗစ် စတိန်းမှာ နဂိုကတည်းက အတုမြင် အတတ်သင်လွယ်သည့် ထက်မြက် သည့် ဉာဏ်ပညာစွမ်းဖြင့် သူ့လက်ရာ ပန်းချီကားတို့မှာ အောင်မြင်မှု ရရှိလာခဲ့ပြီး သူ့အမည်မှာလည်း တစ်ဟုန်ထိုး စင်တော်ကောက် ကျော်ကြား လာခဲ့သည်။ သူ့စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာသည့်အတွက် သူ၏ အနုပညာ စီးပွားရေးဈေးကွက်နှင့် အိမ်ကိုပါ လန်ဒန်နှင့် ပဲရစ်၌ ဖွင့်လှစ်ခဲ့သည်။

အယိမ်ဝိဇ္ဇာတစ်ဖြစ်လဲ ပန်းချီဆရာစတိန်းက ပန်းချီအနုပညာလောကမှ တကယ့် လူလိမ်ကြီးဟု မိမိအား ယူဆထားကြသူများအပေါ် ယနေ့တိုင် အခဲမကျေ ဖြစ်နေခဲ့သည်။ ထိုသူတို့မှာ သူတို့ကိုယ်သူတို့ လူတတ်ကြီးတွေ၊ ပန်းချီပညာရင့်ကျက်သူ ပါရဂူကြီးတွေဟု အထင်ရောက်နေကြသူ၊ နကန်း တစ်လုံးမျှ မသိကြသူ လူတစ်စုပင် ဖြစ်သည်။

"ပန်းချီအနုပညာလောကမှာ အတုအလိမ်တွေ ဒုနဲ့ဒေး ရှိနေပါတယ်" သူက ဤသို့ ပြောခဲ့သည်။ "ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် ရှေးခေတ် ဂန္ထဝင်ပန်းချီကျော်ကြီးတွေ ယနေ့ သက်ရှိထင်ရှား ပန်းချီအကျော်အမော် တွေရဲ့ လက်ရာတွေကို အတုအပလုပ် ခိုးချရေးဆွဲခဲ့ပြီး သူတို့ လက်ရာ ပန်းချီကားတွေပါလို့ လိမ်ရောင်းချထားခဲ့တဲ့ ပန်းချီကားတွေဆိုရင် ကမ္ဘာ့ ဈေးကွက်မှာ (၂၀၀)၊ (၃၀၀)လောက် ရှိနေဆဲ ဖြစ်ပါတယ်"ဟူ၍ ဝန်ခံ ပြောကြားခဲ့လေသည်။

❀ ❀ ❀



အတုအပ ပန်းချီပါရဂူဘွဲ့ရ တွမ်ကစ်တင်း

## လိမ်ဆင်ပန်းချီလက်ရာတို့ဖြင့် ကျော်ကြားခဲ့သည့် အတုဝိဇ္ဇာပန်းချီဆရာ

လွန်လေပြီးသော ခေတ်ကာလက ပေါ်ထွန်းခဲ့ကြသည့် ဂန္ထဝင်ပန်းချီ ကျော်ကြီးတို့၏ လက်ရာကို တုပပုံတူခိုးချခဲ့ပြီး တစ်ထပ်တည်း တစ်သားတည်းတူအောင် အံ့မခန်းရေးဆွဲနိုင်သည့် ပန်းချီပညာထူးချွန်သူ တစ်ယောက်မှာ တွမ်ကစ်တင် (Tom Keating) ဖြစ်ပါသည်။ သူ၏ အံ့မခန်း အတုအယောင်ပညာစွမ်းဖြင့် အနုပညာလောကတစ်ရပ်လုံးကို ကိုင်လှုပ်ခဲ့သူ ဖြစ်၏။

(၁၉၇၉)ခုနှစ်အတွင်း အသက် (၆၂)နှစ်အရွယ်တွင် လိမ်လည်အတုအပ ပန်းချီရေးဆွဲရောင်းချမှုဖြင့် လန်ဒန်မြို့ ရာဘက်တရားရုံးချုပ်၌ တရားစွဲဆိုတင်ပို့ခဲ့သည်။ သို့သော် သူ၏ ကျန်းမာရေးအခြေအနေမှာ ယိမ်းယိုင်ယိုယွင်းနေသဖြင့် လူမှုရေးအရ ညှာတာစာနာထောက်ထားကာ သူ့အပေါ် စွဲဆိုထားသော စွဲချက်တို့ကို ပယ်ဖျက်ပြီး ရုံးတော်မှ တရားရှင် လွှတ်ပေးခဲ့သည်။

ကစ်တင်းမှာ မုတ်ဆိတ်ပါးသိုင်းမွေးထူထူနှင့် ရေတပ်မတော် သင်္ဘောမီးထိုးအလုပ်သမားဟောင်း တစ်ယောက် ဖြစ်၏။ သူက သူဖန်တီး ရေးဆွဲခဲ့သော အတုအယောင် ပန်းချီကားများကို "ဆက်တန်ဘလိတ်စ်" ဟူ၍ နာမည်ပေးထားခဲ့သည်။ ဆက်တန်ဘလိတ်စ်ဆိုသည့် စကားမှာ လန်ဒန်မြို့ဌာနေတို့၏ နဘေထပ်ဘန်းစကားဖြစ်ပြီး အဓိပ္ပာယ်မှာ "သုသာန်စောင့် အသုဘကျင်းတူးသမား သုဘရာဇာဘလိတ်စ်" ဖြစ်ပါသည်။ ပထမတော့ သူ့အတုအလိမ် ပန်းချီလက်ရာတို့ကို သူ့အပေါ် ခေါင်းပုံဖြတ်နေသည်ဟု

ယူဆထားသည့် ကုန်သည်ပါမကျန် ဝယ်ယူသူ ကုန်သည်မှန်သရွေ့ကို ရောင်းချခဲ့သည်။

သူ့ဘဝမှာ ငယ်ရွယ်သန်မြန်ဖျတ်လတ်တုန်းဖြစ်၍ သူ့ဇနီးနှင့် သားသမီးနှစ်ယောက်တို့ လန်ဒန်မြို့ ဆင်းရဲသားရပ်ကွက် စိုစွတ်ထိုင်းမှိုင်းသော အိမ်ကလေးတစ်လုံး၌ နေထိုင်ခဲ့ကြသည်။ သူ၏ ပထမအလုပ်မှာ တစ်ပါးသူ ပန်းချီဆရာအတွက် တစ်ပုံလျှင် စတာလင်ပေါင် (၅)ပေါင်နှုန်း လက်ခစားဖြင့် ကော်ပီပုံတူ ကူးဆွဲပေးခဲ့သည့်အလုပ်ပင် ဖြစ်၏။ တစ်နေ့ သူကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ တွေ့ခဲ့ရသည်မှာ သူပုံတူကူးရေးဆွဲပေးခဲ့သော ပန်းချီလက်ရာတို့ကို အရောင်းဆိုင်၌ တစ်ကားလျှင် ငွေပေါင် (၅၀၀)ဖြင့် ရောင်းချနေခြင်းပင် ဖြစ်သည်။ သူ၏ ခွကျလှသော အလုပ်ကို စိတ်အနာကြီးနာသွားခဲ့ပြီး ထိုအလုပ်ကို စွန့်ခဲ့လေသည်။

ကစ်တင်းက "အဲဒီ ပန်းချီကား ရောင်းဝယ်စီးပွားရှာနေကြတဲ့ ကုန်သည်တွေဟာ လန်ဒန်အနောက်ဖျား အိမ်တန်းလျားတွေမှာ နေကြတဲ့ လန်ဒန်အရှေ့ဖျားသားတွေပေါ့"ဟူ၍ ပြောပြခဲ့သည်။ "အဲ အဲဒီလူတွေနဲ့သွားပြီး မဆက်ဆံလေနဲ့ ပါးပါးလှီးမည့်ကောင်တွေချည်းပဲမှတ်"ဟူ၍လည်း သတိပေးခဲ့သည်။

(၁၉၅၀)ခုနှစ် ဝန်းကျင်၌ သူတို့လင်မယား ကွဲခဲ့ကြသည်။ စကော့တလန်နိုင်ငံသို့ နံရံဆေးရေးပန်းချီကားချပ်တို့ကို နေရာတကျ တပ်ဆင်အလှဆင်ရန် ထွက်ခွာခဲ့သည်။ ထိုနိုင်ငံတွင် နေထိုင်စဉ်အတောအတွင်း အခြားပန်းချီဆရာတို့၏ လက်ရာကို တုပရေးဆွဲပြီး ထိုပန်းချီကားတို့ကို လေလံတင် ရောင်းချခဲ့သည်။

(၁၉၆၀)ခုနှစ်၌ လန်ဒန်မြို့သို့ အရေးတကြီး ကိုယ်စားလှယ် ကော်မရှင်ကိစ္စဖြင့် ပြန်လာခဲ့သည်။ ယင်းကော်မရှင်ကိစ္စမှာ မာလ်ဘာကိုး အိမ်တော်တွင် ပန်းချီကားများ ပြန်လည် နေရာတကျ တပ်ဆင်ချိတ်ဆွဲပေးရန် ကိစ္စပင် ဖြစ်သည်။ အမှန်စင်စစ် ယင်းပန်းချီကားများမှာ (၁၉၅၃) ခုနှစ် အင်္ဂလန်ပြည်ရှင် ဘုရင်မကြီး မေရီ (Queen Mary) နတ်ရွာစံပြီးကတည်းက မရှိတော့ဘဲ ဟောင်းလောင်းဖြစ်နေခဲ့၏။

တစ်နေ့ ပန်းချီကျော်ကြီး လာဂါရား ရေးဆွဲထားသည့် မြို့စားကြီး

မာလ်တာဂိုး၏ ဧရာမပုံတူပန်းချီကားချပ်ကြီးကို သွားရောက် နေရာတကျ တပ်ဆင်အလှဆင်ရန်အသွား အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီး အဲလီဇဘက် (Queen Elizabeth) နှင့် တွေ့ဆုံခဲ့လေသည်။

ကစ်တင်းက သူ၏ အတုအလိမ်ပန်းလုပ်ငန်း အကျိုးဖြစ်ထွန်းမှု စာအုပ်၌ "ဘုရင်မကြီး အဲလစ်ဇဘက်ဟာ အိမ်တော်လှေကားပေါ်မှ ဆင်း အလာ ကျွန်တော် တပ်ဆင်နေသည့် မြို့စားကြီး မာလ်တာဂိုးပုံတူပန်းချီ ကားကြီးကို တအံ့တသြနဲ့ ငေးကြည့်နေတာ တွေ့ရတယ်။ ပြီးတော့ ပန်းချီ ကားကြီးကိုတစ်လှည့် ကျွန်တော့်ကိုတစ်လှည့်နဲ့ အပျိုဖြန်းလေးလို လှေ ကားပေါ် ပြေးတက်ပြေးဆင်းနဲ့ခင်ဗျ။ သူမ တွေ့ရတဲ့ ပန်းချီကားကြီးကို သက်ရှိထင်ရှား မြို့စားကြီး မှတ်နေပုံရတယ်။ နံရံပေါ် က ဆေးရေးပန်းချီ လို့ မထင်မိဘူးနဲ့ တူပါရဲ့ဗျာ" "ဟုတ် အရှင်ဘုရင်မကြီးခင်ဗျား" ကျွန်တော် က နှုတ်ဆက်အသံပြုလိုက်ပါတယ်။ "တခြား နံရံတွေမှာလည်း အောက်ခံ အနက်ရောင်နဲ့ ဆေးရေးပန်းချီကားကြီးတွေ တပ်ဆင်ထားပါသေးတယ်" ဟူ၍ အမှတ်တရ ပြန်ပြောင်း ထုတ်ဖော်ရေးသားထားလေသည်။

ကွယ်လွန်သူ မြို့စားကြီး မာလ်ဘာဂိုး၏ စံအိမ်တော်ကြီး (၎င်းမှာ ပထမမာလ်ဂိုးမြို့စားကြီး (၁၆၅၅-၁၇၂၂)ဖြစ်ပြီး ဗြိတိသျှစစ်သေနာပတိ ဖြစ်သည်။)၌ နံရံကပ်ဆေးရေးပန်းချီကားများ ရေးဆွဲတပ်ဆင်အလှဆင် ပေးရသည့်အလုပ်မှာ ငွေအခက်အခဲ တွေ့နေသည့် ကစ်တင်အဖို့ သီးသန့် ငွေရပေါက်လမ်း ကြားပေါက် အလုပ်တစ်ခု ဖြစ်သည်။

ပန်းချီဆရာ တွမ်ကစ်တင်းက သူ့ပန်းချီလုပ်ငန်းကို သုဘရာဇာကြီး ဘလိတ်စ်ဟူ၍ ကင်ပွန်းတပ်ထားသည်မှာ သုဘရာဇာသည် လူသေ အလောင်းကို အမှီပြု လုပ်ကိုင်စားသောက်ရသကဲ့သို့ သူ့အလုပ်မှာလည်း ကွယ်လွန်ပြီးသော ဂန္ထဝင်ပန်းချီကျော်တို့အား အမှီသဟဲ ပြုထားခြင်း ဖြစ်သည်။ သူ့လက်ရာတို့ကို ဆရာကြီးတို့၏လက်ရာကို ခိုးချပြီး သူတို့၏ လက်ရာအစစ်ပါဟု လိမ်လည်ရောင်းချ စီးပွားရှာနေခြင်း ဖြစ်ပါသည်။

ကစ်တင်းသည် သူ၏ အချိန်အများဆုံးကို လက်ရာအတုအလိမ် ပန်းချီကားများ ရေးဆွဲဖန်တီးပြီး ဖောက်သည်ကုန်သည်တို့ထံ ရောင်းချ၍ လည်းကောင်း၊ တချို့ကို လေလံအရောင်းခန်းများမှတဆင့် လည်းကောင်း

ရောင်းချကာ အချိန်ကုန်လွန်စေခဲ့သည်။

(၁၉၆၃)ခုနှစ်၌ (၁၉)ရာစုနှစ် ပန်းချီဆရာကြီး ဆမ်မြူရယ်လ်ပေါလ်မားအကြောင်း ရေးသားထားသော စာအုပ်တစ်အုပ်ကို ဖတ်ရှုလေ့လာခဲ့သည်။ သူ့စိတ်ကူးထဲ ဆရာကြီးပေါလ်မား၏လက်ရာ ပုံမှားရိုက်ရလျှင် မည်မျှဟန်ကျမည်နည်းဟု အတွေးပေါက်ခဲ့သည်။ သို့နှင့် ဆရာကြီး လက်ရာအတုခိုးရန် နမူနာပန်းချီကားတို့ကို လန်ဒန်မြို့ အနုပညာပြတိုက် အနှံ့ ခြေဆန့်ရှာဖွေခဲ့သည်။ သူရှာဖွေနေသောပုံတို့ကို လန်ဒန်မြို့ အင်္ဂလိပ် အမျိုးသား အနုပညာပြတိုက် "တက်" ပန်းချီပြခန်း၌ သွားတွေ့လိုက်ရသည်။ သူလည်း မဆိုင်းမတွ ဆရာကြီး၏ လက်ရာကားတစ်ချပ်ကို ယူကြည့်မိလိုက်ရာ "အင်မတန်ကို ထူးခြားတဲ့ခံစားမှုတစ်ရပ် လျှပ်စစ်ဓာတ်လိုက်သလို ခံစားလိုက်ရတယ်ခင်ဗျ"ဟု သူက ဝန်ခံပြောကြားခဲ့သည်။

ကစ်တင်းမှာ အလုပ်လုပ်သည့်နေရာ၌ အင်မတန် စေ့စပ်သေချာသူ ဖြစ်၏။ အမြဲတစေ ပန်းချီရေးဆွဲဖို့ စာရွက် သို့မဟုတ် ကင်းပတ် ပတ္တူစ တို့ကို မှန်ကန်အောင် ဂရုစိုက်၍ ရွေးလေ့ရှိသည်။ ပန်းချီဆရာကြီး ပေါလ်မား၏လက်ရာနှင့် တစ်သဝေမတိမ်း ပုံတူကူးချရေးဆွဲသည့်အခါ၌ သူ၏ လက်ပေါ်သို့ ဆရာကြီး၏ ဝိညာဉ်စီးနေသည်ဟုပင် ကစ်တင်းက အတတ် ပြောခဲ့ပါသည်။

"အဲ. . . အဲသလို ဆရာကြီးဝိညာဉ်လက်ပေါ် စီးလာအောင် ကျွန်တော်ရဲ့ ပန်းချီအလုပ်ခန်းကျဉ်းကလေးထဲမှ အတန်ကြာ စောင့်ဆိုင်းနေရသေးတယ်ဗျ"ဟု ဝန်ခံခဲ့သည်။

ရှိုးဟမ်ဘုရားကျောင်းရိပ်မှ သိုးထိန်းကြီး ယေရှုခရစ်တော် တောင်ကြားမြင်ကွင်းကို အပေါ်စီးမှ ကြည့်ရှုနေပုံ ဂန္ထဝင်ပန်းချီကားကြီးကို ရွေးမရအောင် ပုံတူကူးရေးဆွဲခဲ့သည်။ ထိုပန်းချီကားကို ဖန်တီးတည်ဆောက်ခဲ့စဉ်က သူ့စိတ်အစား ပေါလ်မား၏ကိုယ်ပိုင်စိတ် အာရုံခံစားချက်ဖြင့် ရေးဆွဲခဲ့ခြင်း ဖြစ်သည်ဟု ကစ်တင်းက ဆိုပါသည်။ ထို့ပြင် ပန်းချီကား အောက်ခြေ၌ လက်မှတ်ရေးထိုးခဲ့သည်မှာလည်း ဆရာကြီး၏ ခွင့်ပြုချက် သူ့လက်မှတ်အတိုင်း တထေရာတည်း ထိုးခဲ့ခြင်းဖြစ်၍ ထိုလက်မှတ်မှာ မိမိရေးထိုးခဲ့ခြင်း မဟုတ်၊ ဆရာကြီးကိုယ်တိုင် ထိုးခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က

သူ့လက်ကို ဆရာကြီးဝိညာဉ် စီးနေခဲ့သည်ဟုလည်း သူက ပြောခဲ့သည်။

(၁၉၆၃)ခုနှစ်တွင် ကစ်တင်းသည် စာမေးပွဲအတွက် ယောက်ယက်ခတ်နေသည်။ ကွန်ဗင့်ကျောင်းသူ လှပျိုဖြူဆယ်ကျော်သက်ကလေး ဂျိမ်းကယ်လီနှင့် တွေ့ဆုံခဲ့ကြသည်။ သူတို့နှစ်ဦး တွေ့ဆုံခဲ့ကြသည်မှာ ချက်ကိုဇလိုဗက်နိုင်ငံ၊ ဘိုဟီးမီးယားဒေသ ကော်ဖီဆိုင်တစ်ဆိုင်အတွင်းမှာ ဖြစ်သည်။ ကယ်လီနှင့် သူမ သူငယ်ချင်းမလေးတစ်စု ပန်းချီဆရာအား ဝိုင်းဝိုင်းလည်ပြီး သူ့အား ပညာရှင်ကြီးတစ်ဆူအလား ကြည်ညိုအရေးပေးခဲ့ကြသည်။

ထိုစဉ်က ကယ်လီ၏ အသက်မှာ (၁၇)နှစ် ဆယ်ကျော်သက်ရွယ်ဖြစ်ပြီး ကစ်တင်းမှာ (၄၆)နှစ် ဖြစ်သည်။ သူမချစ်သူ ကားမှောက်သေဆုံးသွားခဲ့ပြီးနောက် သူမနှင့် ပန်းချီဆရာကစ်တင်းတို့ ချစ်ကြိုက်သွားခဲ့ကြသည်။ အညှာလွယ်သော ဆယ်ကျော်သက်မလေး ပန်းချီဆရာ၏လက်တွဲဖော် တိတ်တခိုးချစ်သူဘဝဖြင့် ပေါင်းသင်းနေထိုင်ခဲ့ကြသည်။

သူတို့ချစ်သူနှစ်ဦး ဥရောပဓလေ့အတိုင်း တရားဝင်လက်မထပ်ဘဲ အတူတကွ ပေါင်းသင်းနေထိုင်နေခဲ့ကြသည်။ ဂျိမ်းနှင့် ကစ်တင်းတို့ အင်္ဂလန်အရှေ့ပိုင်း ဆပ်ဖော့ခ်ခရိုင် သမိုင်းဝင်မြို့ ဝပ်တစ်စ်ဖီးလ်ဟောလ်သို့ ပြောင်းရွှေ့ခဲ့ကြပြီး ဆက်တန်ဘာလိတ်ကြီးက ဂန္ထဝင်ပန်းချီလက်ရာတုများ အကြီးအကျယ် ရေးဆွဲထုတ်လုပ်ပြီး ကြွင်ရာသက်ထားက သိမ်းသည်။ အိမ်ထောင်ထိန်းကာ နေထိုင်ခဲ့ကြသည်။

(၁၉၇၉)ခုနှစ် သူ့အား လိမ်လည်တုပမှု ပြစ်မှုဆိုင်ရာ အက်ဥပဒေပုဒ်မဖြင့် သက်ဆိုင်ရာမှ ဖမ်းဆီးရာ အရေးယူပြီး ရုံးတင်တရားစွဲဆိုခဲ့ကြသည်။ ရာဘက်တရားရုံးချုပ် အိုးလ်ဘယ်လီတရားခွင်၌ သူ၏နာမည်ကျော် ဂန္ထဝင်ပန်းချီ အတုအလိမ်ကားကို တင်ပြစေခဲ့သည်။ ထိုဂန္ထဝင်ပန်းချီကားမှာ စီမီယာ (အညိုရောင်) အင့်ဝပ်ရှ်ခေါ် စုတ်ချက်ပါးပါးကလေးဖြင့် ခြယ်မှုန်းရေးဆွဲထားသည့် မင်ရေးပန်းချီကားတစ်ချပ်ဖြစ်ပြီး အမည်မှာ ဆီဖန်စပါးကျီဟူ၍ ဖြစ်သည်။ ထိုကားမှာ ဂန္ထဝင်ပန်းချီကျော်ပေါလ်မား၏ မူရင်းလက်ရာနှင့် ခွဲမရအောင် တထေရာတည်း ချွတ်စွပ်တူလေသည်။ ထိုကားမှာ စတာလင်ပေါင် (၉,၄၀၀)ဖြင့် ရောင်းချခဲ့သော ပန်းချီကား ဖြစ်သည်။ ကစ်တင်းက တရားခွင်၌ ဂျူရီလူကြီးတို့အား "ကျွန်တော်

ခုလို မရိုးမသား သူတစ်ပါး နှာခေါင်းပေါက်နဲ့ အသက်ရှုတဲ့ ပုံတူလက်ရာ တူခိုးချ တုပလိမ်လည် ပန်းချီရေးဆွဲခဲ့မိတဲ့ အပြစ်တွေကို ရှက်မိပါတယ်”ဟူ၍ ရင်ဖွင့် ဝန်ခံခဲ့လေသည်။

သူက ဆက်လက်ပြီး သူရေးဆွဲခဲ့သော ဆရာကြီးပေါလ်မား၏ ဂန္ထဝင် ပန်းချီကားလက်ရာပုံတူအကြောင်းကို မမှတ်မိတော့ဟု ထွက်ဆိုခဲ့သည်။ ထိုပန်းချီကားမှ နာမည်ကျော်ကားဖြစ်ပြီး အမည်မှာ “ရှိုးဟမ့်ဘုရား ကျောင်းရိပ်မှ သိုးထိန်းကြီး ယေရှုခရစ်တော် တောင်ကြားမြင်ကွင်းကို အပေါ်စီးမှ ကြည့်ရှုနေပုံ”ဟူ၍ ဖြစ်ပါသည်။ သူက ပြောပြခဲ့သည်မှာ ယင်းပန်းချီကားကြီးကို ခေတ်သစ်ပန်းချီပစ္စည်းတို့ဖြင့် ဖန်တီးရေးဆွဲခဲ့ခြင်း ဖြစ်ပြီး ပန်းချီကားကြီး၏ အဓိကသော့ချက်ဖြစ်သော သိုးထိန်းကြီး သခင် ယေရှုမှာ ဆရာကြီးပေါလ်မား၏ ကားအစစ်ထဲမှ သိုးထိန်းကြီး မဟုတ် သကဲ့သို့ သူထိန်းကျောင်းနေခဲ့သော သိုးတို့မှာလည်း ဆရာကြီး၏ သိုးအုပ် မဟုတ်ကြောင်း ဝန်ခံ ထွက်ဆိုခဲ့သည်။ သူ့ကားထဲမှ သိုးထိန်းနှင့် သိုးအုပ်မှာ ပန်းချီသဘောဖြင့် ဖန်တီးခြယ်မှုန်းထားခြင်းသာ ဖြစ်ကြောင်း၊ ယင်း ပန်းချီ ကားကြီးကို သာမန်အားဖြင့်ဆိုလျှင် မီးရှို့ပစ်လျှင်ပစ် သို့မဟုတ် လွှင့်ပစ်မိ လိမ့်မည်ဟု ထွက်ဆိုသွားခဲ့လေသည်။

ထို့နောက် စတာလင်ပေါင် (၂,၅၅၀)ဖြင့် ရောင်းချခဲ့သော ပန်းချီ လက်ရာတုကားနှင့် ပတ်သက်၍ ရုံးတော်၌ ကစ်တင်းက မိုက်မဲစွာ ထွက် ဆိုခဲ့သည်။ သူက အဲဒီပန်းချီကား ရေးရတာ လွယ်မှလွယ်၊ အချိန်နာရီ ဝက်ပဲ ကြာခဲ့တယ်။ အမှန်တော့ စိတ်မှတ်မဲ့ တောင်ခြစ်မြောက်ခြစ်ကလေး ရေးလိုက်ရတာပါပဲ။ အဲဒီကားဟာ ပေါလ်မားရဲ့လက်ရာ ဖြစ်ပါတယ်။ နို့ပေမယ့် သူရဲ့ အလှအပတရားဆိုင်ရာ အနုပညာဆိုင်ရာ နည်းပညာ စွမ်းပကားတော့ မပါဘူး”ဟု သူက တင်ပြခဲ့သည်။

သူပြောခဲ့သည့် တောင်ခြစ်မြောက်ခြစ်ဆိုသည့် ဆရာကြီးပေါလ်မား လက်ရာတု ပန်းချီကားမှာ ရှိုးဟမ့်ဘုရားကျောင်းမှ စပါးကျီတစ်လုံးပင် ဖြစ်သည်။ ထိုကားကို နယ်တစ်နယ် လေလံပွဲ၌ (၃၅)ပေါင်ဖြင့် ရောင်း ချခဲ့ခြင်း ဖြစ်သည်။ ယင်းပန်းချီကားကို လန်ဒန်ပန်းချီအရောင်းဆိုင် တစ်ဆိုင်မှ ဘက်ဖို့အနုပညာပြတိုက်သို့ စတာလင်ပေါင် (၂,၅၅၀)ဖြင့်

ရောင်းချခဲ့သည်။ ထိုသို့ မရောင်းချမီ လန်ဒန်မြို့ အမျိုးသားပန်းချီပြခန်း၌ ထိန်းသိမ်းထားခဲ့သေးသည်။

ဆီဖန်စပါးကျီ ပန်းချီကားကို ရောင်းချအပြီး ကစ်တင်းနှင့် ဂျိမ်းစ်တို့ မောင်နှံတို့ အာဖရိကအနောက်မြောက် ကမ်းလွန်ပင်လယ်တွင်းရှိ ကနေရီကျွန်းစုများအနက် အကြီးဆုံးကျွန်းကြီး တင်နေရစ်ဖ်ကျွန်းသို့ သွားရောက်နေထိုင်ခဲ့ကြသည်။ ထိုကျွန်း၌ ဂျိမ်းသည် ကနေဒါနိုင်ငံသားတစ်ယောက်နှင့် တွေ့ဆုံရင်းနှီး ချစ်ကြိုက်ခဲ့ကြသည်။ နောက်ပိုင်း ထိုလူနှင့်ပင် လက်ထပ်ခဲ့ကြသည်။ ဤသို့ဖြင့် ဂျိမ်းနှင့် ကစ်တင်းတို့ (၉)နှစ်ကြာမျှ အတူနေထိုင်လာခဲ့ကြရာမှ ဘဝတစ်ခန်းရပ်ခဲ့ကြသည်။ ထို့နောက် (၇)နှစ်ကြာပြီးနောက် ဂျိမ်းနှင့်ကစ်တင်းကို့နှစ်ဦးသည် ထပ်မံ ဆုံဖြစ်ခဲ့ကြသည်။ သူတို့ဆုံဖြစ်ခဲ့ကြရသည်မှာလည်း လန်ဒန်မြို့ ရာဇဝတ်တရားရုံးချုပ် အိုးလ်ဘေဘီတရားခွင်၌ ကစ်တင်း၏ နာမည်သတင်းကြီးလှသည့် လက်ရာ အတုအပ ပန်းချီကားချပ်တို့နှင့် ပတ်သက်၍ သက်သေအဖြစ် အစစ်ဆေးခံရန်ဖြစ်ပါသည်။ ကစ်တင်းရေးဆွဲပြီး လိမ်လည်ရောင်းချခဲ့သော ပေါလ်မားလက်ရာပန်းချီကားနှင့် ပတ်သက်၍ ပန်းချီအနုပညာ ပါရဂူတစ်ယောက်က တိုင်းမဂ္ဂဇင်း၌ အတိအလင်း ရေးသားခဲ့သည်။ သူက ထိုပန်းချီကားမှာ ဆီဖန်စပါးကျီ အမည်ရှိ ကားပင်ဖြစ်ပြီး ထိုလက်ရာမှ ဆရာကြီးပေါလ်မား၏ လက်ရာအစစ် မဟုတ်ကြောင်း၊ ယင်းကဲ့သို့ အတုအလိမ် ရေးဆွဲရောင်းချ စီးပွားရှာနေသဖြင့် ပန်းချီအနုပညာလောက တစ်ရပ်လုံး “ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်” ဆိုသလို ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းခဲ့ရကြောင်း ဝေဖန်ဆန်းစစ် တင်ပြထားသည်။

သူဖန်ဆင်းခဲ့သည့် ထိုထို အတုအလိမ်ပန်းချီကားပေါင်း (၂,၅၀၀) ထက်မနည်းမှာ ပန်းချီပြခန်းများ၌ လည်းကောင်း၊ စုဆောင်းကြသူ ဝါသနာရှင်တို့ နေအိမ်တိုက်တာ အခန်းနံရံပေါ် တို့၌ လည်းကောင်း ရှိနေကြဆဲဟု ကစ်တင်းက ဆိုပါသည်။ ယင်းပန်းချီကားတို့ မည်သည်ကအစစ် မည်သည်မှာ အတုဟု မည်သူမျှ မခွဲခြားနိုင်ကြပေ။ ထိုပန်းချီကားတွေ ဖန်တီးခဲ့သည့် တွမ်ကစ်တင်းကိုယ်တိုင် အမှုပိတ်လိုက်ပြီးနောက် ဈေးပေးပြီး ပြန်လည်ဝယ်ယူရန် လိုက်လံရှာဖွေရာ အတုနှင့်အစစ် ခွဲမရခဲ့ပေ။

သူ၏ ဟိုးလေးတကျော် ဖြစ်သွားခဲ့ရသည့် မကောင်းသတင်းကြီးမှု ကြောင့် သူ့လက်ရာပန်းချီကားဈေးမှာ တစ်ဟုန်ထိုး မြင့်တက်သွားခဲ့သည်။ ပန်းချီအရောင်းဆိုင်ပိုင်ရှင် တစ်ယောက်အဆိုအရ ကစ်တင်း ရေးဆွဲသည့် ပန်းချီကားကို လူတိုင်း ဝယ်ချင်နေကြကြောင်း သိရှိရ၏။ သို့နှင့် သူ့ထက်ငါ အဝယ်လိုက်နေသဖြင့် သူ့ပန်းချီတို့မှာ တစ်လအတွင်း ဈေးကွက်နှစ်ဆ တက်ခဲ့သည်။ သူ့ပန်းချီကားများမှာ ကမ္ဘာအရပ်ရပ်၌ ရှိနေပါတော့သည်။ လန်ဒန်ပန်းချီအရောင်းဆိုင်ကြီးတစ်ဆိုင်မှ ကစ်တင်းအား စတာလင်ပေါင် (၂၅၀,၀၀၀)ဖြင့် ကန်ထရိုက်စာချုပ် ဝယ်ခဲ့သည်။ ရုပ်ပုံလွှာတစ်ပုံလျှင် ကော်မရှင် ပေါင် (၃၀,၀၀၀)ပေးခဲ့သည်။ ယင်း ကမ်းလှမ်းချက်နှစ်ရပ်စလုံး ကို သူက လက်မခံ ငြင်းပယ်ခဲ့သည်။

"ကျုပ်ရဲ့ ကြိုးပမ်းအားထုတ်မှုဟာ အိပ်မက်စိတ်ကူးခဲ့တာထက်တောင် ကျော်လွန်အောင်မြင်လို့ သူဌေးဖြစ်ခဲ့ပြီ အမြဲတစေ ထာဝရဖြစ်ချင်တဲ့ဆန္ဒ ဟာ ပန်းချီဆွဲနေဖို့ပဲ ဖြစ်ပါတယ်။ တတ်နိုင်လျှင် ပန်းချီဆွဲတာကလွဲလို့ ဘာဆိုဘာမှမလိုချင်တော့ဘူး။ အားလုံးကို စွန့်ပစ်ရ စွန့်ပစ်ရဗျာ။ ပန်းချီ အနုပညာအတတ်ဟာ ဘုရားပေးတဲ့ ပါရမီပါ။ ကျုပ်ကိုယ်ပိုင် အစွမ်းအစ မဟုတ်ဘူး။ အဲဒီ အနုပညာဟာ ချမ်းသာဆုကို ဆောင်ယူဖို့ ဖြစ်ပါတယ်"ဟူ၍ ကစ်တင်းက ပြောကြားခဲ့လေသည်။

သူ၏ ဂုဏ်သတင်း အထွတ်အထိပ် ရောက်ခဲ့ပြီး တီဗွီ၊ ရုပ်မြင်သံကြား အစီအစဉ် ရုပ်ရှင်တစ်ခုမှ ကစ်တင်း၏ဘဝနှင့် ပန်းချီလုပ်ငန်းအကြောင်း တီဗွီဇာတ်လမ်းတစ်ပုဒ်ကို ရိုက်ကူးခဲ့သည်။ တီဗွီ၊ ရုပ်ရှင်ဒါရိုက်တာ ရက်စ်ဘလွန်းစတိန်းမှာ ကစ်တင်းနှင့် သိကျွမ်းရင်းနှီးသူဖြစ်၏။ သူက ကစ်တင်းအကြောင်း ဤသို့ ပြောကြားခဲ့ပါသည်။

"ဒီလူဟာ အင်မတန်ကို စိတ်လှုပ်ရှားတတ်သူခင်ဗျ၊ သူပန်းချီဆွဲနေ ပြီဆိုရင် တစ်ကိုယ်လုံး တသိမ့်သိမ့်တုန်နေပြီး တရှုံက်မက်မက် ငိုတတ်တယ်၊ သူကတော့ ပြောတာပဲ သူရေးဆွဲမယ့် ကွယ်လွန်သူပန်းချီ ဆရာကြီးရဲ့ ဝိညာဉ်သူ့ထံ ကြွလာပြီး သူ့လက်ပေါ် စီးသလို ခံစားရတယ်တဲ့ဗျ၊ ဒီလူဟာ ကျွန်တော်တွေ့ဖူးသမျှဆိုရင် လူတစ်ဖက်သားကို သိပ်ဆွဲဆောင်မှုရှိပြီး နားလည်ရခက်တဲ့လူလို့ ဆိုချင်ပါတယ်"

❀ ❀ ❀



သောနတ္တရလိုယောက်ျား နီမိုင်လီဟိ(သ်)နှင့် မိန်းမလုဂါဒနာ

## သောနတ္တိုရ်လို ယောကျ်ား

နီဗိုင်လီဂျော့ကလီဗါလီဟိတ်(Neville George clevely Heath) ရုပ သွင်ပြင်မှာ ကလေးသူငယ်တို့၏ ရုပ်ပြဇာတ်လမ်းထဲမှ သူရဲကောင်းဟီးရိုး ဖြစ်လာခဲ့ပေတော့သည်။ သူ၏ ပြူးကျယ်သည့် မျက်လုံးပြာကြီးများ၊ ရွှေရောင်လှိုင်းတွန့်ဆံပင်နှင့် စိုပြည်သော အသားအရေတို့မှာ မြင်ရသူ ပျိုပျိုအိုအို မိန်းမသားတို့ "ခိုက်" သွားကြရသည်။ ဟိတ်၏ သိမ်မွေ့သော ပြောဆိုဆက်ဆံမှုသည်လည်း လန်ဒန်ကလပ်များ၊ ပျော်ပွဲစားရုံများ တစ် ဝိုက်၌ ညနေမှ အချိန်ကုန်မိုးချုပ်သွားသည့်တိုင် အပေါင်းအသင်းရှား သည်ဟူ၍ မရှိခဲ့ချေ။ သူ၏ အပြစ်ကင်းစင်သော ကိုယ်အမူအရာ နှုတ် အမူအရာနှင့် သူပြောပြသည့် စစ်အတွင်း မိုက်ရူးရဲဆန်ဆန် သူ၏ စွန့်စား ခန်းပုံပြင်များကြောင့်လည်း မိန်းကလေးများ သူ့အပေါ် အကျကြီး ကျခဲ့ကြ ခြင်း ဖြစ်၏။

သို့သော် ဟိတ်၏ ယောကျ်ားပီသစွာ ချောမောပြေပြစ်မှုနောက် ကွယ်၌ ကြောက်စရာ လျှို့ဝှက်ချက် ဖုံးကွယ်နေပေသည်။ ယင်းဖုံးကွယ် နေသော လျှို့ဝှက်ချက်များကား ရာဂပြင်းပြသည့် အာသာရမ္မက်ဖြစ် ကောင်းဖြစ်နိုင်ပြီး၊ သူ့အဖို့ အလွယ်တကူ ဖြေဖျောက်နိုင်စရာ၊ အာသာဖြေ စရာများ ရှိနေသည်။ သူ၏ ညှဉ်းဆဲကာမသွေဖည်စိတ်(a sadistic streak) တစ်ရပ်အတွက် မြူဆွယ်ဖြားယောင်းလေတော့သည်။ သို့နှင့် (၁၉၄၆)ခုနှစ် နွေလရက်များအတွင်း သူ၏ ကာမရာဂ ဖောက်ပြန်သောစိတ်က သူ့အား

အမျိုးသမီးတို့အား မြူဆွယ်ဖြားယောင်းကာ ကာမရာဂဆန္ဒရယူပြီး သတ်ဖြတ်ပစ်တတ်သော လူသတ်သမားဘဝ ပြောင်းလဲစေခဲ့ပါတော့သည်။

ထိုစဉ်က ဟိတ်၏ အသက်မှာ (၂၉)နှစ်သာ ရှိသေးပြီး ရဲအဖွဲ့နှင့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တရင်းတနှီး သိကျွမ်းနေခဲ့ကြသည်။ သူသည် ခိုးမှု၊ လိမ်လည်မှုနှင့် ဟန်ဆောင်လိမ်လည် လှည့်ဖြားမှုတို့ဖြင့် အရပ်သားထောင်တွင် ကျင်လည်ခဲ့သည်။ (၁၉၃၇)ခုနှစ်၌ သူ့အား ဗြိတိသျှဘုရင့်လေတပ်မတော်(အာရ်၊ အေ အက်ဖ် RAF )စစ်ခုံရုံးမှ ဖမ်းဆီးအရေးယူထားစဉ် အခွင့်မရဘဲ ထွက်ပြေးတိမ်းရှောင်မှုနှင့် မော်တော်ယာဉ်တစ်စီးခိုးမှုဖြင့် အပြစ်ပေးခဲ့သည်။ တစ်ဖန် (၁၉၄၁)ခုနှစ်အတွင်းကလည်း ချက်လက်မှတ်အလိမ်သုံးစွဲမှုနှင့် ခွင့်ရက်များ ပျက်ကွက်မှုဖြင့် ဗြိတိသျှကြည်းတပ်မတော် စစ်ခုံရုံးမှ အပြစ်ပေးစီရင်ခဲ့ခြင်း ခံခဲ့ရသည်။ ထို့နောက် တောင်အာဖရိက လေတပ်မတော်၌ စစ်မှုထမ်းဆောင်နေစဉ် (၁၉၄၅) ခုနှစ်တွင် စစ်ကျင့်ဝတ်မလိုက်နာမှုနှင့် အခွင့်အမိန့်မရဘဲ အရာရှိ အဝတ်အစားအဆောင်အယောင် ဝတ်ဆင်မှုဖြင့် စစ်ခုံရုံးတင် စစ်ဆေးအပြစ်ပေးခံခဲ့ရပြန်သည်။ (၁၉၄၆)ခုနှစ်၊ ဧပြီလအတွင်း လန်ဒန်၊ ဝဲလ်ဆင်ဒန်ရာဇဝတ်ရုံးတော်မှ နိုင်ငံတော်က ပေးအပ်ခြင်း မခံရသော ဆုတံဆိပ်များ၊ ဝတ်စုံယူနီဖောင်းများဖြင့် ဝတ်ဆင်ဟိတ်ဟန်ထုတ်မှုဖြင့် တရားစွဲဆိုစစ်ဆေးပြီး ဒဏ်ငွေ စတာလင်ပေါင်(၁၀)ပေးဆောင်စေရန် အပြစ်ပေးစီရင်ခံခဲ့ရသည်။ ထို့နောက်ပိုင်းကာလ၌ ဟိတ်တစ်ယောက် မည်သည့်ကြောက်ခမန်း၊ လန့်ခမန်း၊ ရာဇဝတ်မှုတို့ကို စိတ်ကူးယဉ်ယဉ်ဖြင့် စိတ်ထင်ရာလျှောက်လုပ် နေမှန်းသက်ဆိုင်ရာ အာဏာပိုင်တို့ ခြေရာမကောက်မိခဲ့ကြတော့ချေ။

မကြာမီ လန်ဒန်ကမ်းနားလမ်း ဟိုတယ်တစ်ခုမှ အမှုထမ်းစုံထောက်အား ဧည့်သည်အချို့က သော့ခတ်ထားသော အခန်းတစ်ခန်းထဲ၌ အော်ဟစ်သံများကြားရကြောင်း တိုင်တန်းခဲ့ကြသည်။ သို့နှင့် အခင်းဖြစ်အခန်းသို့ သွားရောက်စစ်ဆေးခဲ့ရာ အဝတ်ဗလာကျင်းထားပြီး ခြေတွေလက်တွေကြိုးတုပ်ရိုက်နှက်ထားသော မိန်းကလေးတစ်ဦးအပေါ် မှိုး၍ ရပ်နေသူဟိတ်အား တွေ့ရှိလေသည်။ ယင်းကိစ္စကို ကာယကံရှင် မိန်းကလေးရော

ဟိုတယ်ပိုင်ရှင်ပါ လူသိမခံကြ၍ ယင်းအမှုကို ကျေအေးလိုက်သဖြင့် ဟိတ်မှာ ရာဇဝတ်ဘေးမှ လွတ်ထွက်သွားခဲ့ပြန်သည်။

သို့သော် ရာဇဝတ်ကောင်ဟိတ်မှာ နောင်တမရ၊ မေလအတွင်း၌ ယင်းအခင်းဖြစ်အမှုမျိုး ထပ်မံကျူးလွန်ခဲ့ပြန်သည်။ ဤအကြိမ်၌ သူ၏ သားကောင်မိန်းကလေးမှာ သူနှိပ်စက်သမျှ လိုလိုချင်ချင်ခံယူခဲ့သော နာကျင်ကာမခံစားသူ စိတ်ဝေဒနာရှင် (Masochist) အသက်(၃၂)နှစ် အရွယ် မာဂျရီဂတ်ဒနာ ဖြစ်၏။ ယင်း နာကျင်ကာမခံစား စိတ်ရောဂါမှာ ခန္ဓာကိုယ်အား နာကျင်အောင်ရိုက်နှက်နှိပ်စက်မှ ကာမရာဂစိတ်နိုးကြားသော ရောဂါဖြစ်ပါသည်။ ဂတ်ဒနာမှာ ရုပ်ရှင်ဇာတ်ရန်တစ်ဦးဖြစ်ပြီး ခင်ပွန်းနှင့် ကွဲနေသူဖြစ်၏။

သူမအား ကလပ်တံခါးစောင့်များက မျက်မှန်းတန်းမိနေခဲ့ကြသည်။ သူမသည် ဟိုတယ်များ၊ ကလပ်များသို့ သူမ၏ ကာမဆန္ဒအာသာရမ္မက် ပြင်းပြမှုကို ဖြေဖျောက်ရန် နာကျင်အောင် နှိပ်စက်ပြီးမှ ကာမဂုဏ်ပျော်ပါးမည့် ဖိုသတ္တဝါကို လာလာရှာတိုင်း အမေရိကန် ကျားသစ်သားမွေးကုတ်အကျီကြီး ဝတ်ဆင်လာလေ့ရှိသည်။ ထို့ကြောင့် ဟိုတယ်တံခါးစောင့်တို့က သူမအား "ကျားသစ်မ မာဂီ" ဟူ၍ အဓွတ္တအမည်ပေးထားခဲ့ကြသည်။ ဟိတ်မှာ အလွန်ရက်စက်သူ ဒုစရိုက်သမားဖြစ်၍ ကျားသစ်မကို အကြိုက်တွေ့သွားတော့သည်။ သို့နှင့် သူမအား နော့တင်မီးလ်ဂိတ်၊ ပင်ဘရစ်ချ်ကုတ်ဟိုတယ်သို့ ခေါ်သွားခဲ့သည်။ ကျားသစ်မမှာ နာကျင်ခံစား စိတ်ဝေဒနာသည်ဖြစ်၍ သူမကိုယ်ခန္ဓာအား နာကျင်အောင် ရိုက်နှက်မှ ကာမရာဂစိတ် တက်ကြွလာတတ်သောကြောင့် ဟိတ်လည်း ကြာပွတ်နှင့် ရိုက်နှက်လေတော့သည်။ ယင်းရိုက်သံနှက်သံတို့ကို ကြားရသဖြင့် ဟိုတယ်အလွတ်စုံထောက် ရောက်ရှိလာခဲ့ပြီး မေးမြန်းစစ်ဆေးခံရသဖြင့် သူတို့၏ ချစ်ဗိမာန်လည်း ပြိုကျသွားခဲ့သည်။

မာဂီမှာ ဟိတ်၏ တဏှာကွန်ရက်မှ ရုန်းမထွက်နိုင်ခဲ့ချေ။ ရက်သတ္တပတ်အနည်းငယ်အကြာ ဟိတ်ထံမှ ဖုန်းဖြင့် "အချိန်းအချက်" လုပ်ခဲ့ရာ သူမက အလွယ်တကူပင် သဘောတူလိုက်သည်။ သူတို့ချိန်းဆိုကြသည့်ရက်မှာ (၁၉၄၆)ခုနှစ်၊ ဇွန်လ(၂၀)ရက် အင်္ဂါနေ့ဖြစ်သည်။

သူတို့နှစ်ဦး လန်ဒန်မြို့နယ်အနောက်ပိုင်း ကင်ဆင်တန်မြို့တောင်ပိုင်း ပါးနားမားကလပ်၌ သူ၏ အကြိုက်အရက်တစ်ဝသောက်ခဲ့ကြပြီး တက္ကစီကားတစ်စီးဖြင့်ပင် ဘရစ်ချ်ကုတ်ဟိုတယ်သို့ ပြန်ခဲ့ကြသည်။ ဟိုတယ်အခန်းနံ့ပါတ်(၄)မှာ စောစောပိုင်း လေးရက်လောက်ကတည်းက အခြားမိန်းကလေးတစ်ဦးနှင့် ဟိတ်တို့ ပျော်ပါးခဲ့စဉ် ကြိုတင်ငှားရမ်းထားခြင်းဖြစ်သည်။ သူတို့ ဟိုတယ်သို့ ရောက်ရှိခဲ့သည့်အချိန်မှာ ညဉ့်သန်းခေါင်(၁၂)နာရီဖြစ်သည်။ သူတို့အခန်းနှင့် အနီးဆုံးအခန်းတို့မှ ဧည့်သည်များ ဟိတ်တို့လာရောက် အိပ်ကြခြင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အနှောင့်အယှက် ဆူဆူညံညံ အသံများ မကြားရဘဲ ထိုည လွန်မြောက်ခဲ့ကြသည်။

နောက်တစ်နေ့ နေ့လယ်(၂)နာရီ၌ အခန်းသန့်ရှင်းရေးမကလေးတစ်ဦးက အဆိုပါအခန်းနံပါတ်(၄)သို့ ဝင်ရောက်ခဲ့ရာ ထိတ်လန့်စရာမြင်ကွင်းကို တွေ့လိုက်ရသဖြင့် နောက်ပြန်ဆုတ်ခဲ့သည်။ ထိုအခန်းနံပါတ်(၄)မှာ ဟိုတယ်ပထမထပ်၌ တည်ရှိလေသည်။ သို့နှင့် ဟိုတယ်အလွတ်စုံထောက်လည်း အခန်းတွင်းသို့ ဝင်ရောက်စစ်ဆေးခဲ့ရာ တစ်ယောက်အိပ်ခုတင်နှစ်လုံးစလုံးမှာ သွေးသံရဲရဲနှင့် အခြေအနေ ပျက်နေသည်ကို တွေ့လိုက်ရသည်။ ခုတင်တစ်လုံးပေါ်တွင် မာဂရီ၏အလောင်းကို တွေ့ရသည်။ တစ်ကိုယ်လုံး ဝတ်လစ်စလစ်နှင့် ခြေကျင်းဝတ်နှစ်ခုကို လက်ကိုင်ပဝါတစ်ထည်ဖြင့် ပူးတွဲချည်နှောင်ထားသည်။ သူမ မျက်နှာနှင့် မေးစေ့မှာ စုတ်ပြတ်ကွဲပြဲနေသည်။ တစ်စုံတစ်ယောက်က သူမပါးစပ်ကို အတင်းဆွဲလှဲပိတ်ရာမှ ပြဲရဲကွဲပြဲကုန်ခဲ့ခြင်းဖြစ်ဟန် တူသည်။ မျက်နှာတစ်ပြင်လုံးနှင့် နောက်စေ့ပိုင်းတွင် ရိုက်နှက်ထားသော ဒဏ်ရာဒဏ်ချက်ပေါင်း (၁၇)ချက်တိတိရှိသည်။ သူမရင်သားမှာ မိုက်မိုက်ရိုင်းရိုင်း ကိုက်ခဲထားသည့် ဒဏ်ရာများ တွေ့ရှိရသည်။ ကိုယ်မှ သွေးများ ထွက်ခဲ့သည်ကိုလည်း တွေ့ရှိရ၏။

ရဲအဖွဲ့ဝင် သေမှုသေခင်း ဆေးဘက်ဆိုင်ရာ ပါရဂူသည် အသတ်ခံရသူ မာဂရီအား အသက်ရှုကျပ်အောင် ဖိအသတ်မခံရခင် ခန္ဓာကိုယ်ပေါ်မှ ရုပ်ပျက်ဆင်းပျက် လူမဆန်စွာ နှိပ်စက်ထားသော ဒဏ်ရာ၊ ဒဏ်ချက်တို့ကို ဓာတ်ပုံရိုက်ကူးယူလိုက်ပါသည်။ သူမလက်ကောက်ဝတ်၌ အသတ်မခံရမီက ချည်နှောင်ခဲ့သော ကြိုး သို့မဟုတ် အခြားပစ္စည်းတစ်ခုခုမှာ

ပျောက်ဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။ လူသတ်သမားသည် အသတ်ခံရသူ မာဂီ၏ မျက်နှာကို သွေးစသွေးနမကျန်ရစ်အောင် ရေပတ်ဖြင့် သုတ်သင်ထားခဲ့သော်လည်း သူမနှာခေါင်းထဲနှင့် မျက်တောင်မွေးတို့တွင် စွန်းထင်းနေသော သွေးစအခြောက်တို့ ကျန်ရှိနေသည်ကိုလည်း ရှာဖွေစစ်ဆေးတွေ့ရှိခဲ့သည်။

ထို့နောက် စနေနေ့၌ ဆူးဆက်ခရိုင်ဝမ်သစ်မြို့၌ ဟိတ်သည် သူ့အချစ်တော် မိန်းကလေးနှင့် အကြည်ဆိုက်ကာ ညစာအတူတူ စားခဲ့ကြသည်။ မိန်းကလေးမှာ မာဂီအသတ်မခံရမီ အခင်းဖြစ်ညမတိုင်မီ စောစောပိုင်းရက်က ထိုပင်ဘစ်ချ်ကုတ်ဟိုတယ် အခန်းနံပါတ်(၄)၌ အတူတည်းခိုခဲ့သော ကလေးမပင် ဖြစ်သည်။ သူမ အမည်မှာ ယွန်နီဆိုင်မွန်ဖြစ်ပြီး အသက် (၁၉)နှစ်အရွယ်ရှိပြီး ပျိုတိုင်းကြိုက်သည့် ဟိတ်နှင့်လန်မြို့နယ် အနောက်တောင်ပိုင်း ချဲဂင်ဆီးမြို့ ကပွဲတစ်ခု၌ လွန်ခဲ့သော (၇)ရက်က စတင်တွေ့ဆုံ ချစ်ကြိုက်ခဲ့ကြခြင်း ဖြစ်သည်။ ဟိတ်၏ လက်ထပ်ခွင့်တောင်းခဲ့သည့် စကားကို ယုံစားပြီး ထိုညက အချစ်ကို ကြည်ကြည်ဖြူဖြူ လက်ခံခဲ့ခြင်း ဖြစ်သည်။ ယခုအခါ သူမမှာ မိဘများထံသို့ ပြန်လည် ရောက်ရှိနေခဲ့ပြီ ဖြစ်၏။ ဟိတ်လည်း သူမနေထိုင်ရာနှင့် အနီးဆုံးဖြစ်သည့် အိုရှင်းမ်ဟိုတယ်အခန်းကြိုတင်ငှားရမ်းထားခဲ့ပြီး ယွန်နီနှင့် အင်မာရင်မြို့ကလပ်တစ်ခုတွင် ညစာအတူစားခဲ့ကြသည်။

ညစာ စားသောက်ကြရင်း သူက သူတို့နှစ်ဦးအတူ တည်းခိုခဲ့ဖူးကြသော ဘရစ်ချ်ကုတ်ဟိုတယ်အခင်းဖြစ် အခန်းနံပါတ်(၄)ထဲမှ လူသတ်မှုအကြောင်းနှင့် ပတ်သက်၍ သူ၏ ထင်မြင်ချက်ကို ပြောပြခဲ့သည်။ ဇွန်လ(၂၀)ရက်နေ့ ညနေက အသတ်ခံခဲ့ရသော မာဂီအား တွေ့ခဲ့ပြီး အမျိုးသား တစ်ဦးအား ဧည့်ခံရန် တခြား နေရာမရှိ၍ သူမကို အခန်းခေတ္တငှားရမ်းပါဟု ပြောသဖြင့် ငှားလိုက်ရကြောင်း ပြောပြသည်။ သူက ဆက်လက်၍ လိုမ့်ခဲ့သည်မှာ မိမိသည် အခြားနေရာ၌ သွားအိပ်ခဲ့ပြီး နောက်နေ့မနက်၌ ဘားရက်ဆိုသူ ရဲအင်စပက်တော် တစ်ဦးက မိမိအား ခေါ်သွားပြီး မာဂီ၏ အလောင်းကို ပြသခဲ့သည်ဟု ဆိုပါသည်။ ထို့နောက် သူကပင် "အင်မတန်ကို ကြောက်စရာလန့်စရာ မြင်ကွင်းပဲ ယွန်နီ၊ ဒီလူသတ်

သမားကတော့ မဟုတ်မှလွဲရော တဏှာရူး၊ မိတ္တဇ လူသတ်သမားပဲ ဖြစ်မှာပဲ” ဟူ၍ သူ့ထင်မြင်ချက်ကို ပေးခဲ့သည်ဟု သိရ၏။

ယွန်နီရော သူမမိဘများပါ နောက်နေ့နံနက် တနင်္ဂနွေနေ့ထုတ် သတင်းစာကြီး၌ အခင်းဖြစ်အမှု၏ တရားခံလူသတ်သမား နီဗိုင်လီဂျော့ကလီဗီလီဟတ်အား သက်ဆိုင်ရာ ရဲတို့က အပူတပြင်း လိုက်လံရှာဖွေနေကြကြောင်း ဦးနှောက်ခြောက်ဖွယ် ဖတ်ရှုခဲ့ကြရသည်။ သူတို့တစ်တွေကို တွေ့ခဲ့သည်မှာ အမှန်ပင်လော။ ယွန်နီက အိုရှင်းဟိုတယ်ရှိ ဟိတ်ထံ ဖုန်းဆက် မေးမြန်းကြည့်ခဲ့ရာ သူ လန်ဒန်ပြန်ပြီး ရဲတို့နှင့်တွေ့ဆုံ၍ ရှင်းလင်းမည်ဖြစ်ကြောင်း၊ ယခု ဤကိစ္စမှာ ဆက်လက် အထင်အမြင် မှားနေသည်သာဖြစ်ကြောင်း သူမအား ပြန်ကြား ပြောဆိုခဲ့သည်။ ဟိတ်လည်း ချက်ချင်းပင် ဝမ်သင်မြို့မှ လစ်သွားခဲ့သည်။ သို့သော် ယွန်နီအား ဖုန်းထဲမှာ ပြောခဲ့သလို လန်ဒန်သို့ မသွားခဲ့ဘဲ တောင်ဘက်ကမ်းရိုးတန်း ဘိုနီမောက် သို့ ခြေရာဖျောက်လစ်ပြေးခဲ့ခြင်း ဖြစ်သည်။ တိုးလက်ရှိုင်ရာယ်လ် ဟိုတယ်၌ သူ့ကိုယ်သူ အင်္ဂလန်နိုင်ငံ၊ ဘုရင့်လေတပ်မတော်မှ တိုက်လေယာဉ်အုပ် ကပ္ပတိန်ရူးပတ်ဘရုခ်အမည်ဖြင့် အခန်းငှားရမ်း တည်းခိုနေပေသည်။

ဝမ်ဆင်မြို့မှ မထွက်ခွာခင် လန်ဒန်စကော့တလန်ယာဒ် စုံထောက်ဌာနကြီးမှ အင်စပက်တော် ဘားရက်ထံသို့ စာတစ်စောင် ပေးပို့ခဲ့သည်။ သူတို့နှစ်ဦး တစ်ခါဖူးမျှ မတွေ့ဆုံခဲ့သော်လည်း ဟိတ်က သူ၏နာမည်ရင်းကို အမှန်အတိုင်း ဖော်ပြပြီး ရေးသားခဲ့သည်။ သူ၏ တည်းခိုခန်းအတွင်း အခင်းဖြစ် လူသတ်မှု ဖြစ်ပွားခဲ့ရသဖြင့် မိမိမှာ တာဝန်ရှိသည့်အလျောက် သိသမျှသတင်း ပို့ရခြင်းဖြစ်ကြောင်း၊ ထိုနေ့ညက အသတ်ခံရသူ မာဂရီက မိမိထံမှ အခန်းသော့ကို တောင်းခဲ့ပြီး အမျိုးသား ဧည့်သည်တစ်ဦးအား ငွေရေးကြေးရေးကိစ္စကြောင့် အတူတစ်ညအိပ်ရမည်ဖြစ်ကြောင်းကိုလည်း ပြောပြခဲ့သည်ဟု ဆိုပါသည်။ သူမက အကယ်၍ ဟိတ် ညဥ့်နာရီပြန် (၂)နာရီ အခန်းပြန်ရောက်ခဲ့လျှင်လည်း သူမနှင့်အတူ အိပ်ရမည်ဖြစ်ကြောင်းကိုပါ မက်လုံးပေးသွားခဲ့သေးကြောင်း၊ သို့သော် သူမချိန်းသည့် အချိန်အတွင်း အခန်းပြန်ရောက်ခဲ့ရာ အင်စပက်တော်မင်း တွေ့မြင်ခဲ့ပြီး

သည့်အတိုင်း အနိဠ္ဌာရုံမြင်ကွင်းကို တွေ့ရှိခဲ့ရသဖြင့် ကြောက်လန့်တကြား ထွက်ပြေးခဲ့မိကြောင်း ရေးသားတင်ပြ သတင်းပို့ခဲ့လေသည်။

ဟိတ်က သူ့စိတ်ကူးဖြင့် ဖန်တီးထားသော တရားခံ၏ ပုံပန်းကို လည်း သူ့စာထဲ၌ ထည့်သွင်းဖော်ပြထားပါသည်။ ထိုသူမှာ ပိန်ပိန်ပါးပါး နက်မှောင်သော ဆံပင်ရှိသူဖြစ်ပြီး နာမည်မှာ ဂျက်ဖြစ်ကြောင်း သူ့စာကို ထပ်လောင်း၍ ဤသို့ ဖြည့်စွက်ထားသည်မှာ "ကျုပ်ဆီမှာ အသတ်ခံရသူ မာဂီအား ရိုက်နှက်ခဲ့သော လက်နက်ရှိနေကြောင်း ထိုလက်နက်ကို ယနေ့ အင်စပက်တော်မင်းအား ပြသဖို့ အစီအစဉ်ရှိပြီး ယင်း လူသတ်လက်နက် ပေါ်၌ မိမိဟိတ်၏ လက်ဗွေရာနှင့် တရားခံ၏ လက်ဗွေရာတို့ကိုပါ တွေ့ ရှိရမည်ဖြစ်ကြောင်း ထူးထူးဆန်းဆန်း သတင်းပေးပို့ခဲ့၏။

သူသတင်းပေးခဲ့သည့် အခင်းဖြစ်လူသတ်မှု၏ လူသတ်လက်နက် မှာ စကော့တလန်ယာဒ်စုံထောက်ကျော်ကြီး ဘားရတ်ထံသို့ မည်သည့် အခါမျှ ရောက်မလာခဲ့တော့ချေ။ သူ့အဖို့ ဒုစရိုက်သမားတို့ လမ်းလွဲတတ် သော ဖြီးလုံးလှိမ့်လုံးကို မအံ့ကြတော့ပေ။ ဟိတ်၏ ပေးစာအပေါ် သံသယ ဒွိဟတစ်ပုံတစ်မ ဖြစ်ခဲ့မိသော်လည်း လန်ဒန်ကမ္ဘာကျော် စကော့တလန် ယာဒ်စုံထောက်အဖွဲ့ကြီးအနေဖြင့် အလိုရှိနေသော တရားခံ၏ခတ်ပုံကို ထုတ်ပြန်ကြေညာခြင်း မရှိခဲ့ချေ။

သို့အတွက်ကြောင့် ဟိတ်မှာ မိမိဖြီးလုံးကို အင်စပက်တော်ဘားရတ် ယုံကြည်သွားပြီဟု အထင်ရောက်ကာ အင်္ဂလန်နိုင်ငံ ဟမ်ရှိုင်းယားပြည် နယ်၊ ဘွန်းဟောက်မြို့၌ အရက်သောက်လိုက်၊ စားလိုက်၊ ရုပ်ရှင်ကြည့် လိုက်၊ ဟောလီးဒေးထွက်လာခဲ့ကြသော မိန်းကလေးတွေနှင့် ထည်လဲတွဲ ကလိုက်ဖြင့် (၁၃)ရက်လုံးလုံး အပျော်ကြူးနေခဲ့သည်။ (၁၉၄၆)ခုနှစ် ဇူလိုင်လ (၃)ရက်နေ့တွင် သူနှင့်တွဲဖော် မိန်းကလေးများထဲမှ တစ်ဦးအား လက်ဖက်ရည်သောက် ဖိတ်ကြားခဲ့သည်။ ထို့နောက် သူတို့နှစ်ဦး သူ တည်းခိုရာ ဟိုတယ်၌ အတူညစာစားသောက်ကြရန် သဘောတူခဲ့ကြ သည်။ ညဥ့်သန်းခေါင်ယံ ရောက်သောအခါ ဟိုတယ်မှ ထွက်ခဲ့ကြပြီး သူ့အဖော် မိန်းကလေးအိမ်သို့ လမ်းပြန်လျှောက်ခဲ့ကြသည်။ ဟိတ်မှာ တည်းခိုရာဟိုတယ်အခန်းသို့ လင်းအားကြီး (၄း၃၀)နာရီကျမှ ပြန်လာခဲ့

သည်။ ညဉ့်စောင့်လုံခြုံရေးသမား သူ့အခန်းသို့ လာရောက်စစ်ဆေးခဲ့ရာ ပြန်လည် မရောက်ရှိခဲ့သေးကြောင်း သိရှိရ၏။

နောက်နှစ်ရက်အကြာ အခင်းဖြစ်ဟိုတယ် မနီးမဝေး နေ့ဒ့သ်ဖော့ ဟိုတယ်မှ မန်နေဂျာက သူ့ဟိုတယ်တွင် တည်းခိုနေသော ဧည့်သည်တို့အနက်မှ တစ်ဦးတစ်ယောက် ပျောက်ဆုံးနေကြောင်း သက်ဆိုင်ရာ ဟိုတယ်အုပ်ချုပ်ရေးရုံးသို့ သတင်းပို့ခဲ့သည်။ ယင်းပျောက်ဆုံးနေသူမှာ အသက် (၂၁)နှစ်အရွယ် မစ်ဒဲလ်ကတ်ခရိုင်၊ မင်းနားမြို့မှ မစ္စဒိုရင်း မာရှယ် ဖြစ်ကြောင်း သိရှိရ၏။ မစ္စဒိုရင်းသည် တိုလတ်ရိုင်ရယ်ဟိုတယ် ညစာစား အပြီး ထွက်ခွာသွားသည်ကို နောက်ဆုံး တွေ့မြင်လိုက်ရသည်ဟု လည်း သိရသည်။ ဟိုတယ်မန်နေဂျာက ဂရု(ပ်) ကပ္ပတိန်(အုပ်စုခေါင်း ဆောင်) ဘရုအား သူ၏ ဧည့်သည်နှင့်ပတ်သက်၍ မေးမြန်းစုံစမ်းခဲ့ပြီး သက်ဆိုင်ရာ ရဲစခန်းသို့ လူပျောက်တိုင်တန်းရန်ကိုလည်း အကြံပြုခဲ့သည်။ ဟိတ်လည်း ရဲစခန်းသို့သွားရောက်ပြီး ဓာတ်ပုံများထဲမှ ပျောက်ဆုံးနေသူ မိန်းကလေး မစ္စစ်ဒိုရင်း၏ဓာတ်ပုံကို ရွေးထုတ်ပြခဲ့ပြီး ပရိဒေဝတောက် လောင်နေရှာသူ သူမ ဖခင်ကြီးနှင့်အစ်မတို့အားလည်း နှစ်သိမ့်ပေးခဲ့သည်။

သို့ရာတွင် ချက်ဆိုနားခွက်က မီးတောက်သည့် စုံထောက်ရဲသားမှာ ရုပ်ရည်ဖြောင့် အရပ်အမောင်း (၆)ပေ၊ ဒေါင်ကောင်းကောင်းရှိ ဟိတ်အား လန်ဒန်စကော့တလန်ယာဒ်မှ အလိုရှိနေသော တရားခံ၏ ပုံပန်းနှင့် တစ်ထပ်တည်း တူညီနေကြောင်း သိလိုက်မိသည်။ စုံထောက်အဖွဲ့ဝင် ရဲသားလည်း သူ့အား လန်ဒန်၌ ဖြစ်ပွားခဲ့သော လူသတ်မှုနှင့် ပတ်သက်၍ မေးမြန်းစစ်ဆေးခဲ့ရန် အလိုရှိနေသူ ဟုတ်မဟုတ် မေးမြန်းခဲ့သည်။ သူက ဇွတ်ငြင်းခဲ့သည်။ အခြား စုံထောက်အရာရှိက သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်ရှုပြီး မည်သည့်အတွက်ကြောင့် မိမိတို့အမေးကို မဖြေသနည်းဟု မေးခွန်းထုတ်ခဲ့သည်။ ဟိတ်က မိမိမှာ ညနေရောက်တိုင်း အအေးမိ ကာ ဖျားချင်နေသဖြင့် ရုတ်တရက် မဖြေကြားခြင်းဖြစ်ကြောင်း ဆင်ခြေပေးခဲ့သည်။ သို့နှင့် ရဲအင်စပတ်တော်တစ်ယောက်က ချက်ချင်း သူတည်းခိုရာ ဟိုတယ်အခန်းမှ သူ၏ ဂျာကင်အင်္ကျီကို သွားရောက်ယူခဲ့လေသည်။

ထိုဂျာကင်အင်္ကျီအိတ်တွင်းမှ ရဲအဖွဲ့ဝင်တို့ အလိုရှိနေသော အခင်း

ဖြစ်အမှုနှင့် ပတ်သက်သည့် အထောက်အထားအားလုံးကို တွေ့ရှိကြရသည်။

ထိုအင်္ကျီအိတ်ထဲမှ ပုလဲတစ်လုံးကို လည်းကောင်း၊ လန်ဒန်မှ ဘွန်းမောက်အပြန် စီးရထားလက်မှတ်တစ်စောင်နှင့် ဘွန်းမောက်အနောက်ပိုင်းဘူတာရုံမှ ထုတ်ပေးသော ဇွန်လ (၂၃)ရက်နေ့ နေ့စွဲဖြင့် လက်ဆွဲတန်ဆာခရီးဆောင် အိတ်တစ်လုံးအပ်နှံထားသည့် လက်မှတ်တစ်စောင်ပါ တွေ့ရှိခဲ့ရသည်။ ယင်းလက်ဆွဲတန်ဆာပစ္စည်းမှာ အဝတ်အစား လက်ဆွဲအိတ်တစ်လုံးဖြစ်ပြီး ဟိတ်အမည် တပ်ထားသော အဝတ်အစားတို့နှင့် သွေးစွန်းနေသည့် လည်စည်းပဝါ တစ်ထည်ကိုလည်း တွေ့ရှိရပါသည်။ လည်ပတ်စကတ်တစ်ခုတွင် လူသား အမျိုးသမီးဆံပင်များ ကပ်ညိနေသည်ကိုလည်း တွေ့ရပြီး ရက်စက်ယုတ်မာသည့် အသွင်ရှိသော သားရေအုပ် မြင်းရိုက်နှင်တံကြာပွတ်တစ်ချောင်းလည်း တွေ့ရသည်။ ကြာပွတ်ထိပ်ဖျား၌ သွေးစသွေးနထင်းနေသည်ကို တွေ့ရှိရလေသည်။

သက်ဆိုင်ရာ မှုခင်းဌာနမှ ဟိတ်အား လန်ဒန်သို့ ခေါ်သွားခဲ့ကြပြီး မာဂီအား သတ်မှုဖြစ်ရာ ရာဘက်တရားသူကြီးရုံးတော်၌ တရားစွဲဆိုတင်ပို့ခဲ့ကြသည်။

ထိုနေ့ ဇူလိုင်လ (၈)ရက်နေ့ ညနေပိုင်း၌ မိတ်ဆက်ခဲ့သော ဒုတိယသားကောင်၏အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ အမျိုးသမီးတစ်ယောက် ခွေးတစ်ကောင်နှင့်အတူ လက်ရှိုင်ရယ်လ် အနောက်စူးစူး တစ်မိုင်ကွာ ဘရင့်လမ်းချိုင်းခေါ် သစ်တောများ ဝန်းရံနေသည့် တောကြီးမျက်မည်းအတွင်းမှ တောင်ကြားတစ်ခုသို့ ရောက်အသွားဝယ် စိမ်းလန်းသော ချုံပုတ်တစ်ခု ပတ်လည်တွင် ယင်တလောင်းလောင်း ဝိုင်းအုံပျံဝဲနေသည်ကို သတိပြုလိုက်မိလေသည်။ သို့နှင့် သက်ဆိုင်ရာရဲသို့ ပျောက်ဆုံးနေသော မိန်းကလေးအလောင်းကို တွေ့ရှိခဲ့ကြောင်း အကြောင်းကြားတိုင်ချက်ဖွင့်ခဲ့သည်။ မှုခင်းရဲအရာရှိတို့လည်း အခင်းဖြစ်နေရာသို့ ချက်ချင်း လိုက်လံကြည့်ရှုခဲ့ကြရာ မြင်မကောင်းသည့် အနိဋ္ဌာရုံမြင်ကွင်းကို တွေ့ရှိခဲ့ကြသည်။

ပျောက်ဆုံးနေသော မိန်းကလေး ဒိုရင်းမာရှယ်လ်၏ အလောင်းမှာ

ဖိနပ်တစ်ဖက်မှထစ်ပါး ဝတ်လစ်စလစ် တွေ့ရသည်။ ထုထောင်းခံထားရသော သူမ ခန္ဓာကိုယ်မှာ သူမ၏ အောက်ခံစကတ်၊ အနက်ရောင် ဘလောက်အင်္ကျီနှင့် အဝါရောင်ကိုယ်ကျပ်ဂျာကင်တို့ဖြင့် ဖုံးအုပ်ထားသည်ကို တွေ့ရှိရ၏။ စုတ်ပြဲနေသည့် သူမခြေအိတ်နှစ်ဖက်၊ ပုလဲပုတီးအပြတ်နှင့် ကရင်ပတ်ဖ်ဘူးကလေးတို့မှာ အနီး၌ ပစ်ထားသည်ကိုလည်း တွေ့ရသည်။ မာရှယ်လ်၏ လက်ကောက်ဝတ်တို့မှာ ကြိုးချည်ထားပြီး လက်နှစ်ဖက်၌ ဓားဒဏ်ရာများဖြင့် စုတ်ပြဲနေသည့်ပုံပန်းမှာ မောင်းချဓားဖြင့် သူမလက်မှ ကြိုးတို့ဖြတ်တောက်ပစ်ရန် ကြိုးစားခဲ့ထားဟန်တူသည်။

သူမနံရိုးတစ်ချောင်းမှာ ကျိုးနေပြီး အဆုတ်ထဲ စိုက်ဝင်နေသည်၊ လူသတ်သမားက သူမရင်ဘတ်ကို ဒူးဖြင့်တိုက် နှိပ်စက်ခဲ့ဟန် တူသည်။ သူမ အသားစိုင်တို့မှာ ဓားဖြင့် မွန်းထားသည်ကိုလည်း တွေ့ရ၏။ သေမှုသေခင်း ဆေးဘက်ဆိုင်ရာ ပါရဂူ၏ အလောင်းစစ်ဆေးချက် ဆေးစာအရ မာရှယ်လ်မှာ လည်ချောင်းကို ဓားဖြင့် နှစ်ချက်တိတိ ပြတ်လုခမန်းလှီးဖြတ်အသတ်ခံရကြောင်း သိရှိရလေသည်။

တရားခံဟိတ်၏ ရဲရှေ့ထွက်ဆိုချက်မှာ ဒိုရင်းမာရှယ်လ်ဘွန်းမောက်ဆိပ်ခံဘောတံတား၌ သူနှင့် လူချင်းခွဲခဲ့ကြပြီး ပြည်သူ့ပန်းခြံတို့ကို ဖြတ်သန်းကာ သူမတည်းခိုရာ ဟိုတယ်သို့ လျှောက်သွားသည်အထိ မျက်စိတစ်ဆုံး စောင့်ကြည့်ခဲ့သည်ဟု ဆိုပါသည်။ ထို့နောက် မိမိလည်း တည်းခိုရာဟိုတယ်သို့ ညနေ (၃)နာရီဝန်းကျင်လောက်၌ ပြန်ရောက်ခဲ့ပြီး ညစောင့်ကို တွေ့ရသည်။ သူ့အခန်းပြင်ပမှ လှေကားထောင်တက်ခဲ့ပြီး သူ့အား ဆက်လက် နောက်ပြောင်ရန် စောင့်နေခြင်းဖြစ်ကြောင်း၊ ယင်းကိစ္စမှာ သက်သက် သူ့အပေါ် ချောက်ချခြင်းသာ ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ ရဲဌာနမှ သူ၏ အက်ဖ်အိုင်အာရ် (F.I.R) ထွက်ချက်ကို လိမ်လည်ထွက်ဆိုခြင်းဖြစ်သည်ဟု ဆုံးဖြတ်ကာ ပယ်ချခဲ့သည်။ စက်တင်ဘာလ (၂၄)ရက်နေ့ ကြာသပတေးနေ့၌ ဟိတ်အား လန်ဒန်မြို့ ရာဘက်တရားရုံးချုပ် အိုးလ်ဘေလီ၌ မာဂီအား သတ်မှုဖြင့် တရားစွဲဆိုခဲ့သည်။

သူ၏ ပြစ်မှုမှာ အလွယ်တကူဖြင့် ထင်ရှားနေသည်။ ထို့ပြင်

သူသည် လူသတ်မှုကို ဆက်တိုက် ကျူးလွန်ခဲ့ပြန်သည်။ ဟိတ်အဖို့ သူ့အပေါ် စွဲချက်တင်သမျှ ပြစ်မှုတို့ကို မည်သို့ ပြန်လည် ခုခံကာကွယ်ထွက်ဆိုရမှန်းကို မသိနိုင်တော့ပေ။ သူ့အပေါ် လူသတ်မှုပုဒ်မဖြင့် စွဲဆိုခြင်းခံရသော အခင်းဖြစ်အမှုမှ အသတ်ခံရသူ အိုစီလော့မာဂီမှာ စင်စစ်နာကျင်ကာမခံစားသူ စိတ်ဝေဒနာရှင် ဖြစ်၏။ ယင်းနာကျင်ကာမ စိတ်ဝေဒနာ (Masochism) ဆိုသည်မှာ ကာမဂုဏ်ခံစားမည့် အမျိုးသမီး၏ ခန္ဓာကိုယ်ကို သွေးထွက်သံယိုနာကျင်အောင် နှိပ်စက်ပေးမှ ကာမရာဂနိုးကြွလာခြင်း ဖြစ်သည်။ အကယ်၍ ဟိတ်က ဆင်ခြေဆင်လက်တက်လျှင် သေသူအိုစီလော့မာဂီ၏ ဆန္ဒအတိုင်း ကာမရာဂနိုးထလာအောင်ကြာပွတ်နှင့်ရိုက်၊ ထုရိုက်ရင်း မတော်တဆ လက်လွန်သေဆုံးသွားကြောင်းထုချေတင်လျှင် အခင်းဖြစ်အမှုမှ ကွင်းလုံးကျွတ်လွတ်နိုင်ပေသည်။

သို့သော် ယင်းအခွင့်အရေးမှာ လွန်သွားပြီ။ မရနိုင်တော့မှန်း ဟိတ်သိလိုက်ပါသည်။ သူ့ဆန္ဒအရ အပြစ်ရှိကြောင်း ဝန်ခံပြီး တရားဥပဒေမှပေးသည့်ပြစ်ဒဏ်ကို အေးအေးဆေးဆေး ခံယူရန်သာ ဖြစ်၏။ သို့သော်သူ၏အကျိုးတော်ဆောင် တရားခံရှေ့နေက သူ့ဆန္ဒနှင့် ဆန့်ကျင်ပြီးတရားခံတွင် စိတ်ဝေဒနာရှိကြောင်း လျှောက်လဲခဲ့သည်။ သို့နှင့် ရုံးတော်မှစိတ်ရောဂါကု ဆရာဝန်တစ်ဦးအား ခေါ်ယူ၍ နှစ်ရက်အချိန်ပေး၍စစ်ဆေးစေခဲ့သည်။

ဒေါက်တာဝီလျံဟင်နရီ၏ ဘာဂူးဟူးဘတ်မှာ ဝမ်ဝုဒ်စကရဖ်အကျဉ်းထောင်ကြီးတွင် စိတ်ကုထုံးပညာရှင် ဆရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ (ယင်း ဆိုက်ကိုသာရာဖီ စိတ်ကုထုံး ဆိုသည်မှာစိတ်ကြောင်းရင်းခံ စိတ်ရောဂါဝေဒနာတို့ကို စိတ္တဗေဒ (ဝါ) စိတ်ပညာနည်းဖြင့် ကုသသည့် ပညာရပ် သို့မဟုတ် စနစ် ဖြစ်သည်။ အထူးသဖြင့်ခွဲခြမ်းစိတ်ဖြာ စိတ်ပညာနည်းဖြင့် ကုသခြင်း ဖြစ်သည်။) ထိုခေတ်ထိုအခါက ဒေါက်တာဟူးဘတ်မှာ တိုင်းသိပြည်သိ ကျော်ကြားခဲ့သော ထိပ်တန်းစိတ်ကုဆရာဝန်ကြီးတစ်ဦး ဖြစ်၏။ ဟိတ် အမှုတွင် တရားလိုရှေ့နေကြီး၏ ပြန်လှန်မေးခွန်းကြောင့် အရှက်ရကာ ဂုဏ်သိက္ခာကျဆင်းခဲ့ရသည်။ အခင်းဖြစ် အမှုဖြစ်ပွားပြီး တစ်နှစ်အကြာ၌ ဆရာဝန်ကြီး ဟူးဘတ်မှာ

သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့သည်။

တရားခွင်၌ တရားလိုရှေ့နေ (အစိုးရရှေ့နေကြီး) မစ္စတာအန်သိုနီ ဟော့တီက စိတ်ကုဆရာဝန်ကြီး ဒေါက်တာဟူးဘတ်အား တရားခံဟိတ်၌ စိတ်ရောဂါရှိကြောင်း ထောက်ခံခြင်းနှင့် ပတ်သက်၍ အသေးစိတ် ပြန်လှန် မေးခွန်းထုတ်၍ ကြာပွတ်နှင့် အဆက်မပြတ် ရိုက်နှက်နေစဉ် မိမိ ဘာလုပ်နေကြောင်း သိရှိခဲ့သော်လည်း မိမိလုပ်ရပ်မှာ မှားယွင်းကြောင်း မသိခဲ့ပါ။ သို့မဟုတ် မစဉ်းစားမိခဲ့ဟု အခိုင်အမာ ထွက်ဆိုခဲ့ပါသည်။ လိုပြရှေ့နေကြီးက ဒေါက်တာ ဟူးဘတ်အား ထိုစဉ်က တရားခံမှာ ယင်းသို့ စဉ်းစားခဲ့သည်မှာ အမှန်ပင် ဖြစ်ပါသလောဟု မေးမြန်းခဲ့သည်။

ဒေါက်တာဟူးဘတ်က မှန်ကန်ကြောင်း ပြန်ဖြေခဲ့သည်။ တစ်ဖန် ရှေ့နေကြီးက မေးပြန်သည်။ "သင်၏ တာဝန်ဝတ္တရားအရ ယင်းကဲ့သို့ စိတ်အခြေအနေရှိနေသည့် သူတစ်ယောက်သည် မိမိလုပ်ရပ်ကြောင့် တစ်ဖက်သားမှာ ခန္ဓာကိုယ်ထိခိုက်သွားမည် သို့မဟုတ် သေဆုံးသွားမည် ဆိုပါက ရာဇဝတ်ဘေးမှ လွတ်နိုင်ပါမည်နည်းဟု မှန်မှန်ကန်ကန် ဖြေပါ" ဟု မစ္စတာဟော့ကီက မေးခဲ့သည်။ ဒေါက်တာဟူးဘတ်က ထိုသူတရားခံမှာ ရာဇဝတ်ဘေးပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရှိကြောင်း၊ အဘယ့်ကြောင့်ဆိုလျှင် လိင်စိတ်ခံနေသူ စိတ်ဝေဒနာရှင်များသည် မကြာမကြာ ဆိုသကဲ့သို့ မိမိတို့ ကျူးလွန်ခဲ့မိသော ရာဇဝတ်မှုအတွက် နောင်တ ကြီးစွာရခြင်း၊ သတိသံဝေဂရခြင်း မရှိကြောင်း တွေ့ရှိရသောကြောင့် ဖြစ်ကြောင်းဖြင့် ပြန်လည် ချေပခဲ့သည်။

ထို့နောက် မစ္စတာဟောကီက ဤသို့ "လူဟစ်ယောက်ဟာ လောလောဆယ် သူ သက်သာရာ ရရှိစေဖို့ ငွေကြေးအကျပ်အတည်း ပြဿနာကို ဖြေရှင်းရန် ချက်လက်မှတ်အတုလုပ်ခဲ့တယ် ဆိုပါစို့။ ထိုသူက သူ့လုပ်ရပ် မှန်တယ်လို့ ပြောရာမှာ အဲသလို ပြောရုံနဲ့ပဲ သူ ကျူးလွန်ခဲ့သည့် ပြစ်မှုမှ လွတ်ရောလား။ ဒေါက်တာ အယူအဆ အမြင်က ဤသို့ မြင်ပါသလော"ဟု မေးမြန်းခဲ့သည်။ ဒေါက်တာဟူးဘတ်က "ဒါကတော့ အဲဒီလူဟာ ဒီလိုတွေးမှာ အမှန်ပါပဲ"

ဟောကီက “အလွန့်အလွန် လေးစားပါတယ် ဒေါက်တာ၊ ကျုပ် မေးခဲ့တာ သူဘာကို စဉ်းစားမလဲ၊ အဲ ဘာကို တွေးမလဲလို့ မေးတာ မဟုတ်ဘူး။ ထိုသူဟာ စိတ်မနှံ့၍ဆိုတဲ့ အကြောင်းပြချက်နဲ့ သူကျူးလွန်ခဲ့တဲ့ ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် တောင်းဆိုဖို့ ကြံစည်နေတယ်လို့ ခင်ဗျား မထင်မိဘူးလားလို့ မေးခဲ့တာပါ”

ဒေါက်တာဟူးဘတ် “ဟုတ်ကဲ့၊ အဲသလို ထင်မိပါတယ်” ပြန်ဖြေသည်။

ဟောကီ “ဒေါက်တာ ပြောနေတာ လူတစ်ယောက်ဟာ သူလုပ်ချင်တဲ့ကိစ္စတစ်ခုကို လုပ်တယ်၊ ဘာပြုလို့လဲဆိုတော့ လောလောဆယ် အဲသလိုပဲ လုပ်ဖို့ သင့်နေလို့ပဲ၊ ဒီလိုပဲ ထုတ်ဖော်ပြောခဲ့တယ်မို့လား။ ဒါဆို အကယ်၍ ထိုသူ လုပ်လိုက်တဲ့ကိစ္စဟာ ရာဇဝတ်ပြစ်မှုတစ်ခု ဖြစ်နေရင် သူစိတ်မမှန်လို့၊ စိတ်နောက်နေလို့ပါလို့ ထုချေထွက်ဆိုမယ်။ ဒါနဲ့ပဲ သူကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှု၊ လူသတ်မှု ပြစ်ဒဏ်စီရင်ခြင်းမှ လွတ်ရောလား”

ဒေါက်တာဟူးဘတ်၊ “တကယ်လို့များ သူ ကျူးလွန်ခဲ့မိတဲ့ ရာဇဝတ်ပြစ်မှုနဲ့ အခြေအနေတွေက သာမန်ရိုးရိုးလူအဖို့ သိပ်ကို စံလွဲနေမယ်ဆိုရင် ဒီအတိုင်းပဲ ပြောရမယ်၊ ထွက်ဆိုရမှာ ဖြစ်ပါတယ်”

ဤအခင်းဖြစ်အမှုမှာ လူသတ်မှုဆိုင်ရာ တရားဥပဒေမှ စီရင်မည့် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် တောင်းဆိုပိုင်ခွင့်ရနိုင်စရာ အကြောင်း မရှိသော ထူးခြားသောပြစ်မှု တစ်ရပ် ဖြစ်နေသည်။ ဤကိစ္စကို ဟိတ် သိနေသည်။ သူ့အတွက်နှင့် သူ့အား ကယ်ရာမရောက်ဘဲ ဒေါက်တာ ဟူးဘတ်ပါ အန္တရာယ်စက်ကွင်းမိတော့မည်ဖြစ်ကြောင်း နားလည် သဘောပေါက်နေသည်။ ဟိတ်လည်း သူ၏ အကျိုးတော်ဆောင် တရားခံ ရှေ့နေကြီးထံ သူ့အတွက် လူသတ်မှုပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရန် စိတ်မမှန်၍ ရူးသွပ်နေကြောင်း အကြောင်းပြ လျှောက်လဲနေခြင်းကိစ္စကို စွန့်လွှတ်လိုက်ရန် တိုက်တွန်းသည့် စာရေး၍ အကြောင်းကြားခဲ့သည်။

(၁၉၄၆)ခုနှစ်အတွင်း ဟိတ်၏ အခင်းဖြစ်လူသတ်မှုကို အဆုံး အဖြတ်ပေးဖို့ လိုင်းနှစ်လိုင်း စဉ်းစားစရာ ဖြစ်လာခဲ့သည်။ တစ်လိုင်းမှာ သေဒဏ်ကျခံစေရန်နှင့် ကျန်ပြစ်ဒဏ်မှာ စိတ်ရောဂါကုဆေးရုံကြီးတွင် သေတစ်ပန်သက်တစ်ဆုံး ဆေးရုံအုပ်ချုပ်မှုအောက်တွင် နေထိုင်သွားရန်

(စိတ်ရောဂါကုဆေးရုံတွင် ထောင်ကျခံစေရန်)ဖြစ်သည်။

သို့သော် တရားခံသည် ယင်းသို့ စိတ်ရောဂါကုအရှူးထောင်တွင် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကျခံစေရာ၌ စဉ်းစားစရာအကြောင်းနှစ်ရပ် ရှိနေသည်။ ပြစ်မှုကျူးလွန်ခဲ့သူ တရားခံဟိတ်သည် စိတ်ရောဂါဝေဒနာ ရှင်ဆန်သူ (စိတ္တဇဆန်သူ)ဆိုက်ကိုပက် (Psychopath) လော၊ သို့မဟုတ် တကယ့် အကောင်းအဆိုး၊ အကြောင်းအကျိုးမသိသည့် သူရူး (ဆိုက်ကိုး တစ် (သို့) ဆိုက်ကိုးစစ် (Psychotic or Psychosis) လော ဆိုသည်ကို သေချာဝေဖန်သုံးသပ်စိစစ်ရန် လိုအပ်လာပါသည်။ ဆိုက်ကိုပတ်စ်ခေါ် စိတ္တဇဆန်သူ ဝေဒနာရှင်တို့မှာ မိမိတို့၏ သောင်းကျန်းထကြွနေသော မကောင်းမှုဒုစရိုက်စိတ်ဆန္ဒတို့ကို ကောင်းစွာ ထိန်းသိမ်းနိုင်သောသဘော စဉ်းစားဉာဏ် ရှိကြသည်။ ဟိတ်၏ အခင်းဖြစ်အမှုတွင် ဗြိတိန်နိုင်ငံ၊ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးထောင်ဆရာဝန်ကြီးနှစ်ဦး ထွက်ဆိုချက်အရ တရားခံ ဟိတ်မှာ စံလွဲနေသူ (Abnormal) အမှန်ပင်ဖြစ်ပြီး ညှဉ်းဆဲကာ မသွေဖည်သူ (a sadistic sex pervent) တစ်ယောက်သာ ဖြစ်သဖြင့် ဆိုက်ကိုပတ် (a psychopath) ခေါ် စိတ္တဇဆန်သူတစ်ဦးသာဖြစ်ပြီး စိတ်ရောဂါဝေဒနာရှင် စိတ်ဖောက်ပြန်နေသူ သူရူး (not insane) မဟုတ်ချေ။


သို့နှင့် ရုံးတော်မှ အခင်းဖြစ် ရာဇဝတ်မှုခင်းတွင် တရားခံဟိတ် အပေါ် မည်သို့ ဆုံးဖြတ်စီရင်ရမည်ကို ဂျူရီလူကြီးတို့၏ အဆုံးအဖြတ်ကို တောင်းခံခဲ့သည်။ ဂျူရီလူကြီး (၁၁)ယောက်နှင့် ဂျူရီအမျိုးကောင်းသမီး (၁)ဦးတို့ တိုင်ပင်ဆွေးနွေးခဲ့ကြပြီး တရားခံဟိတ်၌ အပြစ်ရှိကြောင်း၊ သေဒဏ်အပြစ်စီရင်ရမည်ဖြစ်ကြောင်း အဆုံးအဖြတ် ပေးခဲ့ကြသည်။ ဟိတ်သည် သေသူ အိုစီလော့မာဂီ၏ မိသားစုထံ နောင်တရမိကြောင်း၊ ဝမ်းနည်းကြေကွဲစာနာမိကြောင်း ဖော်ပြအသနားလည်းမခံလို မည်သည့် ဆေးပညာရှင် စိတ်ရောဂါကုဆရာဝန် ပါရဂူတို့ထံ စစ်ဆေးပေးရန် လွှတ်ပေးပါမည့်အကြောင်းကိုလည်း အသနားခံစာ မတင်သွင်းလိုတော့ပေ။

ဟိတ်လည်း သူ၏ နောက်ဆုံးနေ့များကို ပေးစာများရေးရင်း အချိန်ကုန်စေခဲ့သည်။ ယင်းပေးစာတို့အနက် တစ်စောင်မှာ သူ့မိဘနှစ်ပါးထံ ရေးသားခဲ့သောစာ ဖြစ်သည်။ စာထဲတွင် "ကျွန်တော် နောင်တတစ်ဖန်

ရရှိခဲ့သည့် သတိသံဝေဂကို ကမ္ဘာလောကကြီးတွင် ပြောစမှတ်ဖြစ်အောင် ထားရစ်ခဲ့ချင်တယ်။ အဲဒါကတော့ ကျွန်တော်ဟာ ဖေဖေမေမေတို့အတွက် တန်ဖိုးမဲ့အောင်၊ ဂုဏ်သိက္ခာကျဆင်းအောင် မိုက်ပြစ်တွေကို မိုက်မိုက်မဲမဲကြီး ကျူးလွန်ခဲ့ပါတယ်ဆိုတဲ့ အကြောင်းပါပဲ”

ဟိတ်မှာ လန်ဒန်မြို့ ပင်တွန်ဗိုင်းလ် အကျဉ်းထောင်ကြီး၌ (၁၉၄၆) ခုနှစ် အောင်တိုဘာလ (၂၆)ရက်နေ့တွင် ကြိုးဒဏ်ကျခံသွားခဲ့လေသည်။

❁ ❁ ❁



မကောင်းမှု၌ မွေ့လျော်သော ဂီတသမား ချားလ်ဗိစ်



တရားခံ ချားလ်ပိစ် ရထားပေါ်မှ ခုန်ချထွက်ပြေးစဉ်

## မကောင်းမှုကိုမှ မွေ့လျော်တဲ့ ဂီတသမား

သူ့အမည်မှာ ချားလ်စ်ပိစ် (Charles Peace) ဖြစ်သည်။ မွေးဗီဇဉာဉ်ကိုက ဤအရာကို ရမှဆိုလျှင် မရမနေအောင် လုပ်တတ်သည်။ သူ့ကိုယ်သူ အင်္ဂလန်၏ လူဆိုးလူမိုက်တွေအနက်မှ တစ်ယောက်ဖြစ်အောင် လုပ်မည်ဟု မိုက်မိုက်ကန်းကန်း စိတ်ကူးထားခဲ့သည်။

ပိစ်မှာ လူကောင်သေးသေးနှင့် လူလိမ်လူကောက် ဖြစ်သည်။ လမ်းလျှောက်သည့်အခါ ခြေတစ်ဖက်ဆာနေသည်။ ငယ်စဉ်ကလေးဘဝက မတော်တဆ ထိခိုက်မိရင်း လက်ချောင်းကလေးနှစ်ချောင်း ပြတ်သွားခဲ့ရာ အမြဲတစေ လက်ပြတ်နေရာကို ဝှက်ထားလေ့ရှိသည်။ ပိစ်မှာ တယောထိုးကောင်းသူ ဖြစ်၏။ သူတို့မြို့၏ ကပွဲတွင် တယောလက်သံဖြင့် ဖျော်ဖြေခဲ့ရသည်။ သူ့အား (၁၇၈၄-၁၈၄၀)ခုနှစ်အတွင်းက ပေါ်ထွန်းခဲ့သော အီတာလျံ စာဆိုဂီတပညာရှင်နှင့် တယောဆရာကြီး နိကလပ်စ်ပါဂါနီနီနှင့်တင်စား၍ "ခေတ်သစ် ပါဂါနီနီ"ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။

သို့ရာတွင် သူသည် လူရှေ့သူရှေ့တွင် ဂီတသမား လူရိုးလူကောင်းဖြစ်ခဲ့သမျှ ညအမှောင်၌ရှိ ကြောင်သူတော် ကြက်သူခိုး၊ အိမ်ထဲခိုးဝင်ပြီး ခိုးတတ်သည့် ငတို တစ်ယောက် ဖြစ်သည်။ ညညအိမ်ထဲခိုးဝင် ခိုးလေရာ၌ အသုံးပြုသည့် ဖောက်ထွင်းလက်နက်ကိရိယာတို့ကို သူ၏ တယောအိတ်ထဲထည့်၍ ယူသွားလေ့ရှိသည်။ မျောက်တစ်ကောင်ကဲ့သို့ သူ၏လှုပ်ရှားမှုမှာ မြန်ဆန်သွက်လက်လွန်းပြီး အံ့မခန်းလောက်အောင် အိမ်

ခေါင်မိုးပေါ်မှ မြေပြင်သို့ ခုန်ဆင်းနိုင်သော စွမ်းပကားရှိသူ ဖြစ်၏။ နှစ်ပေါင်းများစွာ တစ်မြို့မှတစ်မြို့ ပြောင်းကာ ခိုးဆိုးလုယက်ခြင်း ဒုစရိုက်အလုပ်ဖြင့် အသက်မွေးခဲ့သည်။

ဤသို့ဖြင့် (၁၈၇၂)ခုနှစ်၌ သူ၏ ချက်မြှုပ်ရာ ရှဖီးလ်မြို့သို့ ဇနီးဖြစ်သူ ဟန်နာက်နှင့် သားဝီလီတို့နှင့်အတူ ပြန်ခဲ့ကြပြီး ပန်းချီကားမှန်ပေါင်သွင်းနှင့် အလှကုန်ပစ္စည်းဆိုင်ကလေးတစ်ဆိုင် တည်ထောင်ကာ ရောင်းချသောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းခဲ့လေသည်။

ထိုအချိန်က ပိစ်၏ အသက်မှာ (၄၀)ရှိပြီး ကိုရုပ်ဆိုးတစ်ယောက်ဖြစ်၏။ ပါးစပ်ကြီးကလည်း ပုံပန်းမလာရသည့်အထဲ သွေးလျှာကြီးက လူတကာထက် ပို၍ ကြီးနေသည်။ လူကသာ ပုံမလာ မြာစွံသည့်နေရာမှာ အံ့မခန်းစွမ်းသူ ဖြစ်၏။ သူသည် လင်ရှိ အမျိုးသမီး မစ္စစ်ကက်သရင်းဒိုင်ဆန်နှင့် တိတ်တိတ်ပုန်း နောက်မီးလင်းနေခဲ့သည်။ ကက်သရင်းမှာ လုံးကြီးပေါက်လှဖြစ်ပြီး ဘရစ်တန်နီးယားလမ်းတွင် တစ်လမ်းတည်းအတူနေ အိမ်နီးနားချင်း ဖြစ်သည်။ ကက်သရင်းဒိုင်ဆန်မှာ ခပ်ကဲကဲ အမျိုးသမီးဖြစ်သည်။ အားလျှင် ဘီယာဆိုင်ကို ရုပ်ဆိုးပိစ်နှင့်အတူသွား ဘီယာကလေးတစ်ခွက် တစ်ဖလား သောက်ပြီး သူမ အာသာရမ္မက်ကို အနီးအနားရှိ လူမနေသည့် အိမ်ကြီးအထပ်ပေါ်တက်ကာ ခိုးကြောင်ခိုးဝှက်ချစ်ခန်းဖွင့်ခဲ့ကြသည်။ အနေကြာလာတော့ သူများမယား ကြာခိုနေသည်ကိုပင် သိပ်သတိမထားချင်တော့။ ခပ်ပေါ့ပေါ့ ဖြစ်လာခဲ့သည်။ အလှကုန် ပစ္စည်းကလေးများ အသစ်ရောက်လေတိုင်း ဒိုင်ဆန်းအားခေါ်ပြသလေ့ ရှိသည်။ နောက်ဆုံး မစ္စစ်ဒိုင်ဆန်း၏ခင်ပွန်း အာသာသည်မခံနိုင်တော့။ ဤလူကြီးမှာ လူ့ဘီလူးကြီး၊ အရပ်ကြီးကလည်း (၂)မီတာမျှမြင့်ပြီး ကြောက်စရာကောင်းလောက်အောင် မျက်နှာကြောတင်းသူဖြစ်၏။ "အူနုကျွဲခတ် ဆံတစ်ပင်တင်း၊ ချစ်ခြင်းမယား" ဆိုသကဲ့သို့မယားထိ မားကြည့်၍ ကြာကူလီ ပိစ်အား အိမ်ထဲမှ မောင်းထုတ်တော့သည်။

သူ့အား ဒိုင်ဆန်းတို့လင်မယားက လက်မခံကြတော့။ ကြာတော့လည်း ပိစ်မှာ သည်းမခံနိုင်တော့ဘဲ "ပိုးဖလံမျိုး မီးကို ဇွတ်တိုး" လေသည်။ နောက်ပိုင်းကျမှ မစ္စစ်ဒိုင်ဆန်းက ဟိုစဉ်က ပိစ်အကြောင်းကို

ပြန်ပြောင်းပြောပြခဲ့သည်။ "ဒီလူကြီး ကျွန်မတို့ လင်မယားကို စိတ်အနှောင့်အယှက် ပေးခဲ့ပုံတွေကိုတော့ ခရေစေ့တွင်းကျ ပြောမပြတတ်တော့ပါဘူးရှင်၊ မှတ်မိသလောက်ပြောပြရရင် ညညကျ ပိစ်ဟာ ကျွန်မတို့အိမ်ပြတင်းပေါက်အောက်ကနေ ရပ်ပြီး အိမ်ထဲ ချောင်းမြောင်းကြည့်လား ကြည့်ရဲ့၊ အင်း. . . သူကလည်း အိမ်ထဲ ခိုကြောင်ခိုးဝှက် အသံမကြားအောင် ခိုးဝင်တဲ့နေရာမှာ ဝိဇ္ဇာပဲ၊ ဘယ်လိုကနေ ဘယ်လို ဝင်ဝင်လာတယ်ကို မသိပါဘူး၊ ရုတ်တရက် သတိမထားမိဘဲ ဘယ်အချိန်ကရောက်လာမှန်း မသိဘူး" သို့နှင့် (၁၈၇၆)ခုနှစ်၊ ဇူလိုင်အတွင်း ကြာကူလီပိစ်က သေနတ်ဖြင့် ဒိုင်ဆန်းတို့ လင်မယားအား သူ့အလိုလိုက်ရန် ခြိမ်းခြောက်ရာ သက်ဆိုင်ရာရဲစခန်းသို့ သွားရောက်ပြီး တိုင်ကြားအမှုဖွင့်ခဲ့ကြသည်။ သို့သော် သူခိုးကြာကူလီပိစ်မှာ လျင်မှလျင်၊ ဖမ်းဝရမ်းထွက်လာသည်နှင့် အရိပ်တောင်ရှာမတွေ့အောင် ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ဒိုင်ဆန်တို့လင်မယားလည်း လူလိမ်လူကောက် ပိစ်၏ ရန်သူကြောက်၍ အစဲလ်ဆယ်လ်လမ်း၊ ဘန်နားခရော့စ်တဲရေ့စ်အိမ်ကြီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ "ခုမှပဲ စိတ်အေးရပြီ" ဟု စိတ်နှလုံး တုံးတုံးချခဲ့ကြသော ဒိုင်ဆန်တို့ဇနီးမောင်နှံ နေ့ခင်းကြောင်တောင် တစ္ဆေခြောက်ခံလိုက်ရသလို လူဆိုးသူခိုးကြီး ပိစ်၏အမင်္ဂလာ အသံကြီး ကြားလိုက်ကြရသည်။ ခပ်တည်တည် အေးဆေးတည်ငြိမ်စွာ အိမ်ရှေ့တံခါးမှ လျှောက်လာနေသော ပိစ်ကို တအံ့တဩ တွေ့လိုက်ကြရသည်။ သူက ခပ်တင်းတင်းကြေညာလိုက်ပြန်သည်။ "မင်းတို့ရဲ့ နိဗ္ဗာန်ဘုံကလေးကို နှောင့်ယှက်ရအောင် လာပြီလေကွာ၊ ဘာတတ်နိုင်လဲ ဟေ. . . ဟော့ မိုးမြေဆုံးအောင်သွား ငါကတော့ ထက်ကြပ်မကွာ လိုက်လာမှာပဲဆိုတာ မှတ်ထား"

(၁၈၇၂)ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက် ညနေခင်း၌ မစ္စစ်ဒိုင်ဆန်အိမ်လည်သွားရန် အိမ်မှ ထွက်လာခဲ့သည်။ အကြံသမား ပိစ်မှာ လက်ထဲခြောက်လုံးပြူးသေနတ်တစ်လက်ကိုင်လျက် မှောင်ရိပ်ခိုစောင့်နေသည်။ သူမက ဓားပြပိစ်ကို မြင်လျှင်မြင်ချင်း သူမလည်း ကြောက်အားလန့်အားဖြင့် အသံကုန်ဟစ်လေသည်။ သူမ အသံကြားလိုက်ရသဖြင့် လင်တော်မောင် မစ္စတာဒိုင်ဆန်မှာ ထိပ်မြွေပေါက်ကာ ဧည့်ခန်းထဲ အပြေးလာ

ခဲ့ပြီး သူခိုးလူးဆိုးပိစ်၏ လုပ်ရှားမှုကို တွေ့လိုက်ရသဖြင့် သူတို့ အိမ်နောက်ဘက် လမ်းကြိုလမ်းမှ ဒရောသောပါး သူ့နောက်ခြေကုန်သုတ်၍ လိုက်ခဲ့သည်။ သူတို့နှစ်ဦး လမ်းပေါ်အရောက်၌ သွေးရူးသွေးတန်း ပစ်ခတ်လိုက်သော သေနတ်သံ နှစ်ချက် ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာခဲ့သည်။ ကျည်တစ်တောင့်မှာ ဒိုင်ဆန်ဦးခေါင်းကို တိုက်ရိုက်ထိမှန်ပြီး သွေးအိုင်ထဲလဲကျသွားသည်။

လူရမ်းကား ပိစ်လည်း မစ္စစ်ဒိုင်ဆန် သူ့ထံရေးခဲ့သော ပေးစာထုပ်ကို လွှတ်ချခဲ့ပြီး ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ သက်ဆိုင်ရာ ရာဇဝတ်မှုခင်း ထောက်လှမ်းရေး ရဲအဖွဲ့ကြီးမှ အသေဖမ်းမိလျှင် ဆုတော်ငွေ စတာလင်ပေါင် (၁၀၀) ချီးမြှင့်ရန် ဆုငွေထုတ်ခဲ့သည်။ ရာဇဝတ်ကောင် လူသတ်သမားလည်း တစ်မြို့ဝင်တစ်မြို့ထွက် ဝရမ်းပြေး တိမ်းရှောင်ရင်း လန်ဒန်မြို့ကြီးသို့ ရောက်လာခဲ့၏။ သို့နှင့် ပက်ဟမ်ရပ်ကွက်၊ အိဗ်လင်နာ လမ်းကျယ်ကြီး၌ ပုန်းအောင်း နေထိုင်ခဲ့သည်။

လူလိမ်လူကောက် ဒုစရိုက်သမားကြီးပိစ်တို့ အိမ်ထောင်စုမှာ ထူးထွေသည့် အံ့ရာသော်ဖြစ်နေပါတော့သည်။ သူ့ဇနီး ဟန်နက်နှင့် သားဖြစ်သူတို့မှာ အောက်ထပ် (မြေညီထပ်)တွင် နေထိုင်ကြပြီး သူနှင့် သူ့မယားငယ်တို့မှာ နာမည်သစ် မစ္စတာနှင့် မစ္စစ်ဆွန်ဆန်အဖြစ်နှင့် ထိုအိမ်အပေါ်ထပ်ခန်းတွင် နေထိုင်ကြလေသည်။ ပိစ်တစ်ဖြစ်လဲ မစ္စတာဆွန်ဆန်လည်း အိမ်နီးပါးချင်းတို့အား ဂီတပဒေသာတီးဝိုင်းဖြင့် ဧည့်ခံဖျော်ဖြေကာ အိမ်တက်ပွဲ ကျင်းပခဲ့သည်။ တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်း မပျက် မှန်မှန်တက်ခဲ့ကြသည်။ ဤသို့ဖြင့် မယားငယ် မစ္စစ်ဆွန်ဆန်မှာ သားယောကျာ်းကလေးတစ်ယောက် မွေးဖွားခဲ့သည်။

ပိစ်မှာ နေ့စဉ်သေချာစွာ အစစအရာရာ လူကြီးလူကောင်းဂိုက်ဖမ်းကာ အနေအထိုင် ပိရိစွာဖြင့် နေခဲ့သည်။ "ရဲဆိုတာ စုတ်စုတ်ပြတ်ပြတ် နွမ်းနွမ်းဖတ်ဖတ် ဝယ်ထားရင် မရှိခိုးနိုး မလှစုန်းယိုး သူခိုးကြမ်းပိုးထင်တတ် ကြတာကလား။ အဲ. . . လူမှာ အဝတ်၊ တောင်းမှာအကွပ်ဆို မဟုတ်လား" ဟူ၍ ပြောခဲ့သည်။ သူ့စကားနှင့်အညီ ဆံပင်ဖြူများကို

အနက်ဆေးဆိုး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ကိုလည်း ပြောင်တလင်းခါ အောင် ရိတ်ပစ် လိုက်သည်။ တစ်နေ့တစ်နေ့ ကိုယ်ပိုင်ဒေါက်ကတ်ကား ကြီး မောင်းနှင်ကာ လန်ဒန်မြို့တောင်ပိုင်း၌ လမ်းသလားကာ သူတကာ မလိုချင်၍ ပြန်ရောင်းချသော ပစ္စည်းဟောင်းတို့ကို ဝယ်ကာ အဟောင်း ပစ္စည်း ရောင်းသူအဖြစ် ဟန်ဆောင်လုပ်ငန်း ပြထားလေသည်။

ညဘက်ကျ သူခိုးကျင့်မပျောက်သေးသော ပိစ်မှာ သူတကာအိမ် တိတ်တဆိတ် ဝင်ရောက်ခိုးငင်ကာ အသက်မွေးဝမ်းကျောင်း ဖြောင့်နေခဲ့ သည်။ "သူခိုးငတက်ပြားကြီး ပိစ်"၏ လက်စခြေစမှာ အနံ့ထွက်ကာ သတင်းများက ရေးကြသားကြသော်လည်း သက်ဆိုင်ရာရဲတို့ သူ၏ခြေရာ ကို မကောက်မိခဲ့ကြပေ။ ပိစ်ကလည်း "ဂျင်ပေါ်ကထုံး"ရဲတို့ မျက်ခုံးပေါ် စကြိုးလျှောက်ကာ လက်ရာခြေရာမကျန်အောင် သတိထားလုပ်ကိုင် ဆောင်ရွက်နေခဲ့သည်။ ဝရမ်းပြေး လူလိမ်လူကောက် ပိစ်လည်း လိုကယ် မီးရထားပေါ် ခရီးသွားရင်းလာရင်း တွေ့လေရာ ရဲတို့နှင့် အဖွဲ့ကျအောင် ရောက်တတ်ရာရာ အဆင်ပြေအောင် ဝင်ရောက်စကားစမြည် ပြောခဲ့ သည်။ အတင့်ရဲကာ ဂလောက်စကောင်းမြို့နယ်၊ ဘရစ်စတိုမြို့တွင် ခေတ္တခဏအလုပ်ကိစ္စနှင့် နေထိုင်စဉ် ရဲအရာရှိတစ်ဦးနှင့် တစ်ခန်းထဲ အတူ ငှားရမ်းတည်းခိုခဲ့သည်။

(၁၈၇၈)ခုနှစ်၊ အောက်တိုဘာလ၌ ပိစ်အဖို့ ကံကြမ္မာ ဂြိုဟ်ဆိုးဝင် လာခဲ့လေသည်။ သတင်းအရ မှုခင်းထောက်လှမ်းရေးအဖွဲ့ဝင် ရဲတို့မှာ ဘလက်ဟက်မြို့ အိမ်တစ်လုံးပြင်ပ၌ တိုက်ကင်းချောင့်နေခဲ့ကြသည်။ ညနှစ်နာရီတွင် ဝရမ်းပြေးဖောက်ထွင်းဝိဇ္ဇာ ငတက်ပြား ပိစ်မှာ လက်ထဲ၌ ခိုးရာပါပစ္စည်း ခတ်ဘူးတစ်လုံး၊ စာရွက်စာတမ်း ပေးစာများထည့်ထား သည့် လက်ဆွဲသေတ္တာတစ်လုံးနှင့် ဘဏ်ချက်စာအုပ်တစ်အုပ်ကို ကိုင်လျက် အိမ်ထဲမှ ထွက်လာခဲ့သည်။ အိမ်ထောင့်တွင် ရပ်နေ၍အခြေအနေကို ရိပ်စားမိသော လူဆိုးကြီးက ရဲတို့အား ခြိမ်းခြောက်ကာ လက်ထဲရှိ သေနတ်ဖြင့် လေးချက်ဆင့် ပစ်ခတ်ခုခံခဲ့သည်။ သို့သော် ရဲအရာရှိက သူ့အား ဖုတ်လေသည့်ငါးပိ ရှိလေသည် မထင်ခဲ့။ ပိစ်၏ (၅)တောင့် မြောက်ကျည်မှာ ရဲသား၏ လက်မောင်းကို ထိမှန်သွားခဲ့သည်။ သို့သော်

သူကမမှု၊ ရဲဘော်တို့နှင့် လူဆိုးကို နိုင်အောင် ခုခံတိုက်ခဲ့သည်။

ဝရမ်းပြေးလူသတ်သမား သူခိုးကြီးပိစ်မှာ အားမတန်မာန်လျှော့ကာ လက်ရအဖမ်းခံခဲ့သည်။ လန်ဒန်မြို့ ရာဇဝတ်တရားသူကြီးရုံးချုပ် အိုးလ်ဘေလီတွင် သူ၏ အမှုကို ကြားနာစစ်ဆေးခဲ့ရာ သူက အမည်တု ဂွန်ဝပ် အမည်ဖြင့် လူသတ်မှု ကျူးလွန်ရန် အားထုတ်ခဲ့ကြောင်း ဖြောင့်ချက်ပေးခဲ့သည်။ ဂျူရီလူကြီးများလည်း အပြီးသတ် စီရင်ချက်မချမှတ်မီ(၄) မိနစ်ကျမှ ပိစ်ခေါ် ဂွန်ဝပ်၌ပြစ်မှုထင်ရှားကြောင်း တညီတည်း ထွက်ဆိုခဲ့ကြသည်။ မည်သို့ပင် တစာစာဖြင့် အပြစ်မှ ချမ်းသာပေးဖို့ အယူခံ၊ အသနားခံဝင်ခဲ့သော်လည်း သူ့အား စက်ရှင်တရားသူကြီးက ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံစေရန် အပြီးသတ် စီရင်ချက်ချခဲ့သည်။

သူ၏ အမှုမှာ ဤမျှနှင့် အဆုံးမသတ်သေး။ ပိစ်မှာ မယားငယ်ဖြစ်သူက တရားခံ ဂွန်ဝပ်ဆိုသူမှာ ဝရမ်းပြေးကြီး ဆုငွေထုတ်ထားသည့် ပိစ်ဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။ သက်ဆိုင်ရာရဲတို့လည်း မစ္စတာဒိုင်ဆန် ကွယ်လွန်ပြီးနောက် သူမဇာတိ အမေရိကသို့ ပြန်သွားခဲ့သော မစ္စစ်ဒိုင်ဆန်အား ပိစ်၏အမှုတွင် အဓိကသက်သေအဖြစ် အစစ်ခံထွက်ဆိုရန် သူမဇာတိမှ ပြန်ခေါ်ခဲ့ကြသည်။

(၁၈၇၀)ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်နေ့တွင် လက်ထိတ်ခတ်ထားသော အကျဉ်းသားပိစ်အား ထောင်ဝါဒါနှစ်ယောက်ခြံရံလိုက်ပါပြီး နံနက်လင်းအားကြီး (၅)နာရီအမြန်ရထားဖြင့် လန်ဒန်မှ ရှဖီးသို့ ခေါ်ဆောင်လာခဲ့ကြသည်။ လမ်းတစ်လျှောက်လုံး ဝါဒါများ အေးအေးဆေးဆေး မနေရ။ ဒုက္ခပေးခဲ့သည်။ ယော့ရှိုင်းယားဘူတာသို့အရောက်၌ မီးရထားပြတင်းပေါက်မှ တရားခံပိစ် ခုန်ချထွက်ပြေးခဲ့သည်။ ဝါဒါများလည်း ကမန်းကတန်း အရေးပေါ်အချက်ပေးခလုတ်ကို ဆွဲ၍ မီးရထားအား ရပ်စေပြီး နောက်ကြောင်း(၁)မိုင်ခန့် အပြေးအလွှားပြေးခဲ့ပြီး တရားခံပိစ်အား ရှာဖွေခဲ့ကြသည်။ ပိစ်မှာ မီးရထားပေါ်မှ ခုန်အချ၊ မြေပြင်နှင့် ဦးခေါင်းဖူးစာဆုံကာ နှင်းတောထဲ၌ သတိလစ်နေသည်ကို တွေ့ရှိကြလေသည်။ ရှဖီးလ်ခရိုင်၊ လိစ်မြို့ထောင်ကြီးချုပ်၊ သူ့အခန်းပြင်၌ပင် အရေးပေါ် ခုံရုံးဖွင့်၍ ပိစ်၏အမှုကို ကြားနာစစ်ဆေးခဲ့သည်။

ဂျူရီလူကြီးတို့(၁၂)မိနစ်ကြာ ဆွေးနွေးတိုင်ပင်စဉ်းစားခဲ့ကြပြီး ပိစ်မှာ ပြစ်မှုထင်ရှားကြောင်း အဆုံးအဖြတ်ပေးခဲ့ကြသည်။ ထို့ကြောင့် သက်ဆိုင်ရာ ရာဘက်တရားသူကြီးက သေဒဏ်ကျခံစေရန် အပြီးသတ်အမိန့် ချမှတ်ခဲ့သည်။ ပိစ်လည်း သေဒဏ်မကျခံရမီနေ့များအတွင်း ကိုယ်ကျင့်တရားနှင့် ဆိုင်သော ပေးစာများရေးသားခြင်း၊ ဘုရားဝတ်ပြုဆုတောင်းခြင်းဖြင့် အချိန်ကုန်စေခဲ့သည်။ သူသည် ဘုန်းတော်ကြီးချက်ပလိန် သိက္ခာတော်ရ ဂျေ၊ အိပ်ချ်၊ လစ်တဲတ်ဝုဒ်ထံ၌ အာပတ်ဖြေခဲ့သည်။ ဒိုင်ဆန်မသေခင်(၄)လခန့်က မန်ချက်စတာမြို့ ဝေါလ်လိရိန့်ချ်လမ်း၌ အိမ်တစ်အိမ်ဖောက်ထွင်းလုယက်စဉ် ရဲသားတစ်ယောက်က သူ့အား ဖမ်းဆီးရန်ကြိုးစားခဲ့သဖြင့် သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း ထုတ်ဖော်ဝန်ခံခဲ့၏။

ပိစ်ဆိုသော လူသတ်သမားလူလိမ်လူကောက်ကြီးမှာ နောက်ဆုံးနေဝင်ခါနီးအချိန်ထိ နောင်တမရသေး။ ဂျက်ပလိန်ထံ မုသားဝန်ခံခဲ့သေးသည်။ မန်ချက်စတာအစစ်ခေါ် စက်ရှင်တရားသူကြီးရုံးတော်၌ တရားခံအိုင်းရစ်ညီနောင်အား သေဒဏ်ချမှတ်နေစဉ် ရုံးတော်စင်္ကြံတွင် သူရှိနေခဲ့ကြောင်း၊ ထို့ပြင် အသက်(၁၈)သား ဝီဂျဟာ ဘရွန်အား (နိုဝင်ဘာလ(၂၈)နေ့ သူ ဒိုင်ဆန်အား သေနတ်ဖြင့် မပစ်ခတ်ခင်(၁)ရက်အလို) သေဒဏ်ချမှတ်စဉ် သွေးအေးအေးဖြင့် စောင့်ကြည့်နေခဲ့သည်ဟု ဆိုပါသည်။ "ကျုပ်လို ဝရမ်းပြေးနေတဲ့ကောင်ကို ဘယ်သူများ ဒီလို တရားခွင်မှာ ပြောင်ပြောင်တင်းတင်း ကြည့်ရဲကြပါမလားဗျာ"ဟူ၍ပင် ပိစ်က အသားယူကြွားလုံးထုတ်ခဲ့သည်။

သက်ဆိုင်ရာ ရာဘက်တရားသူကြီးရုံးတော်မှ ဟာဘရွတ်အား သေဒဏ်အမိန့်ပယ်ဖျက်ပြီး မှားယွင်းစီရင်မှုဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးကာ နစ်နာသည့် အတွက် လျော်ကြေးငွေ စတာလင်ပေါင်(၈၀၀)ပေးခဲ့သည်။ (၁၈၇၉)ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်နေ့ နံနက်(၈)နာရီတွင် အသက်(၄၆)နှစ်ရှိ ချားလ်ပိစ်အား လိစ်မြို့ အမ်လေးထောင်ကြီး၌ ကြိုးပေးသတ်ခဲ့သည်။ ဂီတသမားလူဆိုးကြီး ပိစ်က သူနောက်ဆုံးနေထိုင်ခဲ့ရာ ကြိုးတိုက်နံရံ၌ "သင်္ချိုင်းကဗျည်းစာ" ရေးသွားခဲ့သည်။ "ကျုပ် လူသတ်မှုတွေ ကျူးလွန်သမျှ သေမှုသေဆိုတဲ့သဘောနဲ့ သတ်ခဲ့တာ မဟုတ်ပါဘူး"ဟူ၍ ဖြစ်သည်။

❀ ❀ ❀

## ကိုယ်ပွားစိတ်ခွာ စိတ္တဇလူသတ်သမား

ဥပဒေကျောင်းသား သီအိုဒိုဘန်ဒီ(Theodore Bundy)မှာ အရပ်မြင့်မြင့်၊ ရုပ်ရည်ရူပကာ ချောမောပြေပြစ်ပြီး အမျိုးသမီးများ ခိုက်လောက်သည့် ပညာတတ် လူရွယ်တစ်ယောက်ဖြစ်သည်။ သူ၏ သိမ်မွေ့သည့်အပြုအမူ အပြောအဆို အခွဲအပြစ်တို့မှာ မိန်းကလေးတို့ ကျလောက်စရာ ဖြစ်ရုံမက သမီးရှင် မိဘတို့ကလည်း စိတ်ချယုံကြည်စရာ ဖြစ်ခဲ့သည်။ ဤမျှ ချောမောပြီး သိမ်မွေ့လှသော ဘန်ဒီအား ကြိုးစင်ပို့ရန် အများတကာက သဘောတူခဲ့ကြသည်မှာ ဆန်းတော့လည်း ဆန်းသကဲ့သို့ ဖြစ်နေပေသည်။

အမေရိကန် လူငယ်လူရွယ်လောကတွင် ဘန်ဒီမှာ ရာဇဝတ်မှု သမိုင်းဝင် အဆိုးဝါးဆုံး လူသတ်မှုပေါင်းများစွာ ကျူးလွန်ခဲ့သူတို့အနက် တစ်ဦးအပါအဝင် ဖြစ်ခဲ့လေသည်။ အပြစ်မဲ့သူ အမျိုးသမီးငယ်(၃၆)ယောက် တို့အား မတော်မတရားလုပ်ပြီး သတ်ဖြတ်ခဲ့သူဖြစ်သည်။ ဘန်ဒီမှာ ဂျက် ကီလ်နှင့် ဟိုက်ခေါ် လူတစ်ကိုယ်စိတ်နှစ်မျိုး(ဝါ)ကိုယ်ပွားစိတ်ခွာ သို့မဟုတ် ဒွန်တွဲကိုယ်ရည်ကိုယ်သွေး (Daul Personality)စိတ္တဇလူသတ်သမား တစ်ယောက်ဖြစ်ကြောင်း ယူဆခဲ့ကြသည်။ ဂျက်ကီလ်နှင့် ဟိုက်ဆိုသည် မှာ လူတစ်ယောက်တည်း တစ်ဘဝတွင် လူကောင်းနှင့် လူဆိုး နှစ်ဘဝ ပြောင်း ဒွန်တွဲကိုယ်ရည်ကိုယ်သွေး(Dual Personality)ရှိသူဖြစ်သည်။ ထိုဝေါဟာရ ဖြစ်ပေါ်လာခဲ့သည်မှာ စာရေးဆရာကြီး ရောဘတ်လူးဝစ္စတီ ဗင်ဆင်၏ ဒေါက်တာဂျက်ကီလ်နှင့် မစ္စတာဟိုက်၏ထူးဆန်းသော

ဖြစ်ရပ်ဝတ္ထုမှ အဓိကဇာတ်လိုက်ကို အစပြု၍ ခေါ်ဝေါ်ခြင်း ဖြစ်သည်။

စိတ်ရောဂါကု သမိုင်းအရဆိုလျှင် ထိုရောဂါဝေဒနာမျိုးမှာ (၁၈၇၅-၁၉၆၁)ခုနှစ်ပေါ်ထွန်းခဲ့သော ဆွစ်ဇာလန်စိတ်ရောဂါကု ပညာရှင်နှင့် စိတ်ပညာရှင်ကြီး ကားလ်ဂတ်စတော့ဗ်ယွန်း၏ ဒွန်တွဲကိုယ်ရည်ကိုယ်သွေးပင် ဖြစ်သည်။ ယင်းကို ပြိုကွဲကိုယ်ရည်ကိုယ်သွေးဟူ၍လည်း ခေါ်သည်။ တစ်နည်းဆိုရသော် ဟစ္စတီရီယားခေါ် စိတ်ဝေဒနာတစ်မျိုးပင် ဖြစ်သည်။ ယင်းစိတ္တဇကို အခြေခံ၍ နိုင်ငံခြားရုပ်ရှင် ဆိုက်ကို (Psycho) ကားမျိုး၊ တက္ကသိုလ်ဘုန်းနိုင်၏ မိုးညအိပ်မက်မြူ ဝတ္ထု၊ ရုပ်ရှင်တို့ကဲ့သို့ ဇာတ်လမ်းများ ရေးသားရိုက်ကူးခဲ့ကြသည်။

ဘန်ဒီ၏ သားကောင် မိန်းကလေးတို့မှာ ဗလက္ကာရပြုကျင့်ခံရပြီး တင်းပုတ်ဖြင့်ထု၊ လည်လိမ်ချိုး၊ ရိုက်နှက်အသတ်ခံခဲ့ကြရသည်ချည်း ဖြစ်၏။ ယင်းသို့ လူမဆန်စွာ သတ်ဖြတ်မှုရာဇဝတ်မှုခင်းများ ဖြစ်ပွားခဲ့တိုင်း အခင်းဖြစ်နေရာနှင့် မလှမ်းမကမ်း၌ ဘန်ဒီအား တွေ့ရတတ်သည်။ အမေရိကန်နိုင်ငံ ရာဘက်တရားသူကြီးရုံးတော်သုံးခုမှ သူ့အား သီးခြားအမှု အသီးသီးဖြင့် သေဒဏ်သုံးကြိမ်တိုင် အပြစ်ပေးခဲ့ကြသည်။

သူကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုမှာ အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်၊ တာလာဟတ်စ်မြို့တော် တက္ကသိုလ်အမျိုးသမီးသဟာယအသင်းတစ်သင်းမှ ကျောင်းသူနှစ်ဦးအား (၁၉၇၈)ခုနှစ်အတွင်း သတ်ဖြတ်ခဲ့မှုအတွက် အပြစ်ပေးခံရခြင်း ဖြစ်သည်။နောက်ပြစ်မှုတစ်ခုမှာ အမေရိကန်ပြည်ထောင်စု၊ ဉတားပြည်နယ်၊ ဆော့လိလ်စီးတီးမြို့မှ ရဲအကြီးအကဲတစ်ဦး၏ အသက်(၁၂)နှစ်အရွယ် လူမမည်သမီးကလေးအား သတ်ဖြတ်မှုနှင့် ယင်းမြို့တွင် ဈေးဝယ်ထွက်လာသော အသက်(၁၈)နှစ်အရွယ် မိန်းမပျိုကလေးတစ်ဦးကို ပြန်ပေးဆွဲခဲ့ပြီး ရိုက်နှက်သတ်ဖြတ်ခဲ့မှုတို့ပင် ဖြစ်သည်။

တက္ကသိုလ်ဘွဲ့ရပညာတတ်ဖြစ်ပြီး ဥပဒေအကျိုးတော်ဆောင်ရှေ့နေ တစ်ဦးဖြစ်ရန် ရည်ရွယ်ချက်ကြီးခဲ့သူ ဘန်ဒီက မည်သို့ပင် သူ့အား ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း သူ့၌ အပြစ်မရှိကြောင်း ငြင်းဆိုခဲ့သည်။ "ကျွန်တော်ဘယ်တုန်းကမှ လူမသတ်ခဲ့ဖူးဘူး၊ ဘယ်တုန်းကမှ ပြန်ပေးမဆွဲ

ခဲ့ဘူးပါ၊ သူတစ်ပါးကိုလည်း စိတ်ထိခိုက်နာကျင်အောင် လုပ်ဖို့ ဆန္ဒဆိုတာ မရှိခဲ့ပါ”ဟု ဘန်ဒီက ရုံးတော်၌ အကြောက်အကန် ထွက်ဆိုလျှောက်လဲခဲ့သည်။

(၁၉၇၄)ခုနှစ်အတွင်း ရက်စက်စွာ သတ်ဖြတ်မှုအတွက် ရုံးတင်တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ အခင်းဖြစ်အမှု၌ ဘန်ဒီ၏ခြေရာလက်ရာကို မတွေ့ခဲ့ကြရ။ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစတြိတ်မြို့နယ်၊ ဆီးတဲလ်မြို့မှ ရုပ်ရည်သနားကမား မိန်းမပျိုကလေး(၆)ယောက် ပျောက်ခြင်းမလှပျောက်သွားခဲ့ခြင်း ဖြစ်သည်။ ထိုနှစ် ဇန်နဝါရီလအတွင်း ဗွေဆော်ဦးမိန်းကလေးမှာ အိပ်ရာမှ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားခဲ့သည်။ ခြေရာလက်ရာ သဲလွန်စဆို၍ မိန်းကလေးခေါင်းအုံးပေါ်မှ သွေးကွက်တစ်ကွက်သာ တွေ့ခဲ့ရသည်။ ထို့နောက် မတ်လတွင် အဲဗားဂရင်းစတိတ်ခေါ် ဝါရှင်တန်ပြည်နယ် ကောလိပ်ကျောင်းမှ အဆောင်နေ အသက်(၁၉)နှစ်အရွယ် ဓာတုဗေဒတန်းကျောင်းသူကလေးမှာ တစ်ည ကွန်ဆပ်ခေါ်ကပွဲသွားကြည့်ရာမှ အဆောင်သို့ ပြန်ရောက်မလာတော့ချေ။ ထိုနေ့မှစ၍ သူမအား မတွေ့ရတော့ပေ။

အခင်းဖြစ်ပွားခဲ့ပြီး တစ်လအကြာ၌ တတိယသားကောင် ကောလိပ်ကျောင်းသူကလေးတစ်ဦးမှာ ကျောင်းမှ ရုပ်ရှင်ကြည့်အသွား ပေါ်မလာတော့ခြင်း ဖြစ်သည်။ အဲဗါဂရင်းကောလိပ် ကျောင်းသူကလေးနည်းတူ မပြန်လမ်းမြန်းခဲ့သူဖြစ်၏။ မေလနှင့် ဇွန်လအတွင်း၌ နောက်ထပ်မိန်းကလေးသုံးယောက် ခြေရာပျောက်ခဲ့ပြန်သည်။ ထိုထိုပျောက်ခြင်းမလှပျောက်ကွယ်ခဲ့ကြသည့် ကလေးမလေးတို့အား ခြေရာကောက်ခဲ့ကြပါသော်လည်း တစ်စွန်းတစ်စကလေးမျှ မတွေ့ခဲ့ကြရတော့ချေ။

အထက်ဖော်ပြပါ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားခဲ့ကြသည့်မိန်းကလေး(၆)ယောက်စလုံး အသားအရေ ခပ်ညိုညိုများ ဖြစ်ကြသည်။ အခြားတူညီသည့် အချက်အလက်တစ်ခုမှာ ထိုမိန်းမရွယ်ကလေးတို့ နွေရာသီအတွင်းက အသီးသီး တစ်ဦးချင်း ဆိပ်ကမ်းသာသို့ ရေကူးထွက်ခဲ့ကြသည်။ ထိုစဉ် ငယ်ရွယ်လှပသည့် လုလင်ပျိုတစ်ယောက် သူတို့တစ်ယောက်ချင်းထံ လူပျိုလှည့်ခဲ့သည်ကို ကြုံတွေ့ခဲ့ကြသည်ဟု မျက်မြင်

သက်သေတို့က ထွက်ဆိုခဲ့ကြသည်။ အဆိုပါ မထွေးလိုလို့ ဝဲခဲ့သည့် ရွှေစွန်ညို လုလင်၏ အမည်မှာ "တက်"ဟု သိရှိရ၏။ သည့်ပြင် ဘာသဲလွန်စမှ မရခဲ့ကြချေ။ တစ်နေ့ သစ်တောတက္ကသိုလ် ကျောင်းသားတစ်စုတော လမ်းတစ်လျှောက် လမ်းလျှောက်ထွက်ရင်း မြေပုံခပ်တိမ်တိမ်တစ်ခုထဲမှ လူမေးရိုးတစ်ခုနှင့် အခြားအရိုးစုတို့ကို တွေ့ရှိခဲ့ကြသည်။

ယင်းသို့ လူအရိုးစုများ တွေ့ရှိခဲ့ကြသည့် သတင်းမှာ တောမီးလောင်သကဲ့သို့ တစ်မုဟုတ်ချင်း ရွာနီးချုပ်စပ် တစ်လျှောက်လုံး ပျံ့နှံ့သွားခဲ့ကြသည်။ သက်ဆိုင်ရာ မှုခင်းရဲတပ်ဖွဲ့၊ စုံထောက်များ ယောက်ယက်ခတ်ကြိုးပမ်းစုံစမ်း စစ်ဆေးခဲ့ကြပါသော်လည်း ကျေနပ်လောက်စရာ အောင်မြင်မှုမရခဲ့ကြချေ။ သို့ရာတွင် လူသေအရိုးစုနှင့် နောက်ထပ်ပျောက်ဆုံးသွားခဲ့သော မိန်းကလေးနှစ်ဦး၏ ပျောက်ခြင်းမလှ ပျောက်နေမှုတို့ကို ဆက်စပ်ကာ လူသတ်မှု ဖော်ထုတ်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ နောက်ထပ် ပျောက်ဆုံးသွားခဲ့သော မိန်းကလေးတို့မှာ ပျော်ပွဲစားထွက်ရာမှ ပြန်ပေါ်မလာတော့ခြင်း ဖြစ်သည်။

သုံးလအကြာ၌ အလောင်းများကို ရပ်ရွာသင်္ချိုင်းနှင့် (၁၀)မိုင်အကွာတွင် တွေ့ရှိခဲ့ရသည်။ မျက်မြင်သက်သေတို့ ထွက်ချက်အရ မိန်းကလေးများ ပျောက်ခြင်းမလှ ပျောက်မသွားခင် သူ့ကိုယ်သူ တက်ဟု အမည်ပေးထားသော လူျို့ဝှက်ပြီး ခင်မင်စရာ လူရွယ်တစ်ယောက်ကို မိန်းကလေးများနှင့် အရောတဝင်နေထိုင်သွားလာနေသည်ကို တွေ့ခဲ့ရသည်ဟု သိခဲ့ရ၏။ သီအိုဒိုးဘန်ဒီမှာ ဤပျော်ပွဲစားထွက်ရင်း ပျောက်ဆုံးသွားခဲ့ကြသော မိန်းကလေးတို့နှင့် ပတ်သက်၍ အစွပ်အစွဲမခံရ။ တရားစွဲဆိုခြင်း မခံရခဲ့ဘူးပေ။ သို့ရာတွင် အသက်(၁၇)နှစ်ရွယ် မိန်းမပျိုကလေးတစ်ဦးအား အဓမ္မခေါ်ဆောင်ရန် အားထုတ်မှုဖြင့် ဖမ်းဆီးခြင်းခံခဲ့ရလေသည်။ သူ့အား သက်ဆိုင်ရာ ရာဇဝတ်တရားသူကြီးရုံးတော်၌ စွဲချက်တင်ကြားနာစစ်ဆေးခဲ့သည်။ တရားခွင် ခေတ္တအနားပေးချိန်၌ သူတစ်ယောက်တည်း ကျန်ရစ်စဉ် ထွက်ပြေးလွတ်မြောက် သွားခဲ့သည်။ တစ်ခါ ပြန်၍ ဖမ်းမိသွားခဲ့ပြီး နောက်တစ်ကြိမ် ပြန်၍ လွတ်မြောက်သွားခဲ့၏။

ဤအကြိမ်မှာ အမေရိကန်ပြည်ထောင်စု အလယ်ပိုင်း မစ်ချီဂန်ပြည်နယ်မှ ဆေးရုံသူနာပြုဆရာမလေးတစ်ဦးနှင့် ရဲသားတစ်ယောက်၏ အသက်(၁၄)နှစ်အရွယ် သမီးပျိုကလေးအား သတ်မှုဖြင့် သက်ဆိုင်ရာရဲအဖွဲ့မှ ရုံးတင်စွဲချက်တင်ရန် စောင့်ဆိုင်းနေခဲ့ကြသည်။ ဝရမ်းပြေးလူသတ်ကောင် ဘန်ဒီ လွတ်မြောက်သွားသဖြင့် နိုင်ငံတော် ရဲအဖွဲ့ချုပ်မှ တစ်ပြည်လုံး တပ်လှန့်ထားခဲ့သည်။ သူ့အားလည်း လူပေါင်းများစွာ သတ်ဖြတ်ခဲ့သည့် မတ်စ်မာဒါးရား ရာဇဝင်လူသတ်သမားအဖြစ် သံသယရှိနေခဲ့လေသည်။ သက်ဆိုင်ရာမှုခင်းရဲအဖွဲ့ဝင်များ၊ စုံထောက်များသည် သူ့အား ခြေရာမကောက်နိုင်ခဲ့ကြ။ သို့သော် အခင်းဖြစ်ပွားပြီး (၇)လအကြာ၌ ဖလော်ရီဒါပြည်နယ် တက္ကသိုလ်ပရဝဏ်အတွင်းရှိ အမျိုးသမီးသဟာယ ကလပ်အသင်းတစ်သင်းမှ ကျောင်းသူကလေး(၄)ယောက်အား သစ်ကိုင်းကျိုးတစ်ချောင်းဖြင့် အသေရိုက်နှက်သတ်ခဲ့၏။ ထိုလေးယောက်အနက် ကျောင်းသူနှစ်ယောက်မှာ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ ဝရမ်းပြေးလူသတ်သမား ဘန်ဒီနောက်သို့ လိုက်လံဖမ်းဆီးခဲ့ရာ နောက်ဆုံး၌ ပြေးစရာ မြေမရှိတော့ဘဲ အဖမ်းခံခဲ့ရသည်။

လူသတ်သမားဒုစရိုက်ကောင် ဘန်ဒီအား အထူးရာဇဝတ်ရုံးတော်၌ ကြားနာစစ်ဆေးခဲ့ရာ အမေရိကန် ရာဇဝတ်မှုခင်းသမိုင်းတွင် မကြုံဘူးလောက်အောင် စိတ်ဝင်စားစရာ အကောင်းဆုံး မှုခင်းတို့အနက် တစ်မှုဖြစ်လာခဲ့သည်။ သူ့အမှုအား ကြားနာစစ်ဆေးနေသည်ကို အမေရိကန်တစ်ပြည်လုံး ရုပ်မြင်သံကြား အစီအစဉ်မှ စိတ်ဝင်တစား ကြည့်ရှုနေခဲ့ကြသည်။ ဖလော်ရီဒါပြည်နယ်အစိုးရက တရားခွင်မှ တိုက်ရိုက် ရုပ်/သံ ထုတ်လွှင့်ခြင်းကို တရားဝင် ခွင့်ပြုခဲ့သည်။ ကျော်စောသတင်းကြီးလှသည့် ဘန်ဒီ၏ ထူးဆန်းလွန်းသည့် အကွေ့အကောက် အလှည့်အပတ်တို့ကို ကမ္ဘာ့သတင်းထောက်များ တရားခွင်၌ လာရောက် သတင်းယူခဲ့ကြသည်။

ဘန်ဒီကျူးလွန်ခဲ့သမျှ လူသတ်မှုတို့တွင် ထင်ရှားသည့် သဲလွန်စအထောက်အထားတစ်ခုကျန်နေခဲ့ခြင်းဖြင့် ရာဇဝတ်ဘေးပြေးမလွတ်ခဲ့တော့ပေ။ သူ့တွင် ထင်ထင်ရှားရှားကောက်ကွေ့နေသည့် သွားများရှိနေခဲ့သည်။ ဤကောက်ကောက်ကွေ့ကွေ့ သူများနှင့်မတူ တစ်မူထူးခြားသည့်

သွားရာတို့ကပင် သူ့အား ကြိုးစင်တင်ပို့ခဲ့ခြင်း ဖြစ်သည်။

ရုံးရှေ့ သက်သေခံအထောက်အထားမှာ သွားဘက်ဆိုင်ရာပါရဂူ တစ်ဦး၏ ထွက်ဆိုချက်ပင် ဖြစ်သည်။ ယင်းထွက်ဆိုချက်အရ ဘန်ဒီသတ်ဖြတ်ခဲ့သည့် မိန်းကလေးတစ်ဦး၏ ခန္ဓာကိုယ်ပေါ်မှ တွေ့ရှိရသော သွားဖြင့် ကိုက်ထားသည့် သွားရာနှင့် ဘန်ဒီခံတွင်းထဲရှိ သွားမှ သွားရာတို့မှာ တစ်ထပ်တည်း တူညီနေခြင်းပင် ဖြစ်သည်။ ယင်းသွားရာမှာ ဘန်ဒီသတ်ဖြတ်ခဲ့သည့် မိန်းကလေးတို့အနက် တစ်ဦးအား သေငယ်ဇောနှင့်မြော နေစဉ် မိုက်မိုက်ရိုင်းရိုင်း ပေါက်ပြမတတ် တအားဖိကိုက်ခဲ့ရာမှထင်ကျန်ခဲ့သော အကွင်းလိုက်သွားရာများ ဖြစ်သည်။ လူစိတ်အလျှင်းမရှိသည့် လူသတ်ကောင် ဘန်ဒီလက်ချက်ဖြင့် ပိုးစိုးပက်စက် သေဆုံးနေခဲ့သော မိန်းကလေးအလောင်းကို စတင်တွေ့ရှိခဲ့သူ မျက်မြင်သက်သေရဲသား၏ ထွက်ဆိုချက်အရ သိရသည်မှာ သူ့စိတ်ထဲ မိန်းကလေးအလောင်း၌ ဦးခေါင်း မပါ၊ ပျောက်ဆုံးနေသည်ဟုပင် ထင်လိုက်မိသည်ဟု ဆိုပါသည်။ မည်မျှ ကြေမွနေအောင် ထုနှက်ထားသည်ဆိုသည်မှာ သဘောပေါက်လောက်ပြီ။ (ကမ္ဘာ့ရာဇဝတ်မှုခင်းထောက်လှမ်းရေး စုံထောက်ဌာနတို့ အသုံးပြုသည့် နည်းစနစ်အရ တရားခံလက်သည်၏ လက်ဗွေရာသည် ပြေးမလွတ်နိုင်သည့် သဲလွန်စအထောက်အထားပင် ဖြစ်သည်။ လူ့လက်ဗွေရာသည် အမြဲညီအစ်ကိုပင် ဖြစ်လင့်ကစား တစ်ဦးနှင့် တစ်ဦးမတူနိုင်ချေ။ လူတစ်သိန်းတွင် တစ်ဦးတူခဲလှသည်။ ထို့အတူ ခံတွင်းထဲမှ မွေးရာပါ သွားတို့မှ ထင်ကျန်ရစ်သော သွားရာသည်လည်း တစ်ဦးနှင့်တစ်ဦး မတူနိုင်ကြချေ။ လက်ဗွေရာဖြင့် တရားခံဖမ်းနိုင်သကဲ့သို့ သွားရာဖြင့်လည်း တရားခံအား ဖော်ထုတ်နိုင်လေသည်။)

ဘန်ဒီအမှုကို ကြားနာစစ်ဆေးပြီး အပြီးသတ် စီရင်ချက်ချမှတ်လိုက်သောအခါ တရားခံ ဘန်ဒီ၏ မိခင်သည် သံကုန်ဟစ်၍ ဒေါသဖြင့် သူမ၏ သားမှာ အပြစ်မရှိကြောင်း ငြင်းဆိုခဲ့သည်။ ဘန်ဒီမှာ မော်မန်ခေါ် ဇနီးများစွာ ယူနိုင်သည့် ဘာရီယာသာ ဘာသာဝင်တစ်ဦးဖြစ်၏။ သူ၏ လူသတ်မှုအချို့ကို စုံစမ်းစစ်ဆေးခဲ့သူ ဥတာ့ပြည်နယ်ရဲအရာရှိ ကပ္ပတိန် တစ်ဦးက ဘန်ဒီအား ရာဇဝတ်မှုခင်းသမိုင်းတွင် အဆိုးဝါး အရက်စက်ဆုံး

ရာဇဝတ်ကောင်အဖြစ် ဖော်ပြခဲ့လေသည်။

ဘန်ဒီ၏ ကိုယ်ရည်ကိုယ်သွေးမှာ လျှို့ဝှက်ဆန်းကြယ်စွာ ကျန်ရှိနေခဲ့သည်။ သေဒဏ်အမိန့်ချမှတ်တော့မည့် တရားခွင်၌ သူ့အား စောင့်ကြည့်ရှုနေကြသူတို့အဖို့ စိတ်ထဲ ဇဝေဇဝါ သံသယဒွိဟ ပွားစရာလူဖြစ်ခဲ့ကြသည်။ မိန်းကလေးများအား ဘီလူးသဘက်စီးကာ မသေမချင်း ရိုက်နှက်သတ်ဖြတ်ခဲ့သည့် လူသတ်သမားကြီးဘန်ဒီနှင့် တရားခွင် ဝက်ခြံထဲမှ တရားခံဘန်ဒီ တခြားစီလော၊ တစ်ဦးတည်းပင်လော သို့လော သို့လော အတွေးချာချာလည်ခဲ့ကြရသည်။

သီအိုဒိုဘန်ဒီမှာ ဖအေမဖော်နိုင်သော မိခင်မှ မွေးဖွားလာခဲ့သည့် ကလေးဖြစ်၍ ဂေဟာ၌ မွေးဖွားကြီးပြင်းခဲ့ရသည်။ ယင်းကိစ္စမှလွဲ၍ ငယ်စဉ်က ဘွိုင်းစကောက်တစ်ယောက် ဖြစ်ခဲ့ဖူးသည်။ ဆီတဲလ်ရာဇဝတ်မှုကော်မရှင်၌ လက်ထောက်အစီအစဉ် ပရိုဂရမ် ဒါရိုက်တာတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့သည်။ ထိုတာဝန်ဖြင့် ဉာဏလုပ်သားရာဇဝတ်မှုခင်းတို့ကို နှိမ်နင်းခဲ့သည်။ အမျိုးသမီးများ ဗလက္ကာရ လုပ်ခံရခြင်းဘေးမှ ခုခံကာကွယ်ရန် စာစောင်ငယ်တစ်စောင်ကိုလည်း ကူညီပံ့ပိုး ထုတ်ဝေခဲ့သည်။

သူ့အား အပြစ်မရှိကြောင်း ယုံကြည်ထားသူတစ်ဦးမှာ ဇနီးဖြစ်သူ ကာရိုးလ်ဘွန်းပင် ဖြစ်သည်။ ဘန်ဒီနှင့် ဘွန်းတို့သည် တတိယအကြိမ်မြောက် သေဒဏ်စီရင်ချက် အမိန့်မရခင်ကလေး အချိန်တွင် ဖလော်ရီဒါ တရားရုံးတစ်ခု၌ အကျဉ်းရုံး၍ လက်ထပ်ခဲ့ကြရခြင်း ဖြစ်သည်။ ကြိုးတိုက်အတွင်း၌ သေမည့်ရက်ကို စောင့်ဆိုင်းနေစဉ် ဘန်ဒီအား အိမ်မှ တာလာဟက်စ်မြို့သို့ မိုင် (၁၅၀)ခရီးကို တစ်ဦးတည်း ကားမောင်းနှင်ကာ ဇနီးဖြစ်သူ ကာရိုးလ် အချိန်မှန်လာရောက် တွေ့ဆုံခဲ့သည်။

ဘန်ဒီအား သူမသိခဲ့သည်မှာ အဖမ်းမခံရခင်က ဖြစ်၏။ သူမက "တက်ဟာ ဆိုးသွမ်းယုတ်မာတဲ့သူ၊ အင်မတန်မှ ရိုင်းစိုင်းလွန်းတဲ့ လူပေါင်းများစွာ သတ်တဲ့လက်မရှိ မဟုတ်ပါဘူး။ စွဲချက်ဆိုတာလည်း ယုံရခက်သားကလား။ ဥပဒေဘက်တော်သားတို့ဟာ သူတို့ ဖြေရှင်းမရတဲ့ ရာဇဝတ်မှုတွေကို သွေးရူးသွေးတန်းနဲ့ လမ်းမှာရောက်နေတဲ့ လူငယ်တစ်ယောက်ယောက်အပေါ် ပုံချလိုက်ကြတာများပါတယ်။ အစပထမက တက်ဟာ

အပြစ်မရှိဘူး၊ အပြစ်မဲ့တဲ့ သူလို့ပဲ ကျွန်မစိတ်ထင် ယုံကြည်နေမိတယ်။ ခုတော့ သူကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေဟာ အထောက်အထားခိုင်ခိုင်လုံလုံနဲ့ တွေ့နေရတော့လည်း သူ့အပေါ် တင်တဲ့ စွဲချက်တွေကို ယုံကြည်သွားခဲ့ပါပြီရှင်"ဟူ၍ ပြောပြခဲ့ရှာသည်။ ဂျူရီလူကြီးတို့အနေဖြင့် ဘန်ဒီအား သူကျူးလွန်ခဲ့သည့် ပြစ်မှုတွေအတွက် သေဒဏ်ကျထိုက်သည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ သူတို့ စိုးရိမ်မကင်းဖြစ်နေကြသည်မှာ အကယ်၍များ သူ့အား သေဒဏ်မှ ပြစ်ဒဏ်လျှော့ပေါ့ပြီး အသက်ချမ်းသာခွင့် ပေးထားခဲ့ပါလျှင် "ခွေးမြီးကောက် ကျည်တောက်စွပ်" ဆိုသကဲ့သို့ ထောင်ဖောက်ပြီး ဒုတိယမ္ပိ ဒုစရိုက်သံသရာ လည်ဦးမည်ဟု ယုံကြည်ခဲ့ကြသောကြောင့် ဖြစ်ပါသည်။

❁ ❁ ❁

## ဘီလူးအသည်းနှင့် မိန်းမရိုင်းကြီး (သို့မဟုတ်) မေရီအန်းကော့တွန်

အလုပ်သမားကြီး သောမတ်ရီလေးမှာ နံနက်စောစော နေရောင်ခြည်အောက်၌ တက်သုတ်ရိုက်၍ ခြေကျင်လျှောက်လာခဲ့သည်။ နယူးဇီလန်နိုင်ငံ၊ အတ်လန်မြို့အနောက်ပိုင်း ကျေးရွာ လူမှုဝန်ထမ်းဌာနသို့ တာဝန်ထမ်းဆောင်ရန် လာခဲ့ခြင်း ဖြစ်သည်။ ဒါယမ်မြို့နယ်သူမြို့နယ်သားတို့မှာ နိစ္စဓူဝ အလုပ်နှင့်လက်ပြတ်သည်ဟူ၍ မရှိခဲ့ကြပေ။ ရီလေးမှာ သူတစ်ပါးမလုပ်နိုင်သည့်အလုပ် လူမှုဝန်ထမ်းအလုပ်တို့ကို ဆောင်ရွက်ကာ အလုပ်ရှုပ်နေလေ့ရှိသည်။ သူလျှောက်လာရင်း ရွာမျက်နှာစာလမ်းသို့ ချိုးကွေ့လျှောက်လာရင်း အိမ်နံပါတ်(၁၃)မှ မုဆိုးမကြီးအား ပြေးသတိရလိုက်သည်။ စောစောပိုင်း(၆)ရက်က သူ့ဌာန၌ အသက်(၇)နှစ်အရွယ် သူမ လင်ပါသားကလေးချားစ်အက်ဒဝပ်အား အပ်ချင်၍ လက်ခံ၊ လက်မခံ မေးမြန်းစုံစမ်းသည်ကို အမှတ်ရလိုက်ခြင်း ဖြစ်သည်။ ထိုနေ့က မုဆိုးမကြီးက “ဒီကလေးကြောင့် ကျွန်မမှာလည်း ဒုက္ခပါပဲရှင်၊ သူဟာ ကျွန်မသားအရင်း မဟုတ်ဘူး၊ ဒီကလေးဟာ အတော့်ကို ဂြိုဟ်မွှေတဲ့ကလေး၊ သူ့ကြောင့် ခေါင်းမဝင် ကိုယ်မဆံ့ဖြစ်နေရတာ၊ ဘယ်အိမ်ကမှ အိမ်ငှားဖို့ လက်မခံကြဘူးလေ” ဟူ၍ ပြောပြခဲ့သည်။ ရီလေးက သူမအား စသလိုနောက်သလိုဖြင့် သူမ လင်ပါကလေးအက်ဒဝပ်အား လက်မခံချင်သည့် အိမ်ရှင် မည်သူမည်ဝါဖြစ်ကြောင်း မေးမြန်းခဲ့သေးသည်။ သူမပြောသည့် အိမ်ရှင်မှာ အရပ်ထဲ အတင်းအဖျင်း ပြောနေကြသည့်

သူမအမိဖမ်းနေသည့် ယဲစ်မျိုးအရာရှိများ ဖြစ်နေမလားဟု မေးခဲ့ရာ သူမက "ထင်တဲ့ အတိုင်းပေါ့ရှင်" ဟု ပြန်ဖြေခဲ့လေသည်။

တွေးတောရင်း ရီလေးလူမှုဝန်ထမ်းဌာနသို့ ဆက်လက် လျှောက်လာခဲ့ရင်း မုဆိုးမကြီး၏ လေးပင်သုံးခန်းကျောက်တုံးဖြင့် ဆောက်လုပ်ထားသော တဲကလေးအပေါက်ဝ၌ သူမအား လှမ်းတွေ့လိုက်ရသည်။ မိန်းမကြီးမှာ စိတ်သောက အကြီးအကျယ်ရောက်နေပုံရသည်။ သူက လမ်းဖြတ်ကူးပြီး သူမထံလျှောက်လာခဲ့သည်။ ထို့နောက် ဘာဖြစ်နေသနည်းဟု စုံစမ်းမေးမြန်းလိုက်ပါသည်။ စကားကို နားရှုပ်၍သာ ယုံလိုက်ရသည်။ သူ့အနေဖြင့် ယုံတောင်မယုံချင်ခဲ့ပေ။ "ကလေးသေသွားပြီ"ဟူ၍ ဖြစ်ပါသည်။

လူမှုဝန်ထမ်းအလုပ်သမားကြီး ရီလေးသည် သက်ဆိုင်ရာ ရဲစခန်းနှင့် ဒေသဆိုင်ရာဆရာဝန်ထံ သွားရောက် သတင်းပို့ခဲ့သည်။ ရီလေး၏ ပြောပြချက်အရ ရဲအဖွဲ့ဝင်တို့ ပထမဦးစွာ မုဆိုးမကြီး ဖုံးကွယ်ထားသမျှ သူမကျူးလွန်ခဲ့သည့် လူသတ်မှုပေါင်းများစွာ ဘူးပေါ်သလို ပေါ်ခဲ့သည်။ စင်စစ်မေရီကော့တွန်မှာ ဗြိတိန်နိုင်ငံတွင် အဆိုးဝါးအရက်စက်ဆုံး လူသတ်မှုပေါင်းများစွာ ကျူးလွန်ခဲ့သူ ဖြစ်ပါသည်။

မုဆိုးမ မေရီအန်းကော့တွန်၏ လင်ပါသား ချားလ်စ်အက်ဒ်ဝပ်မှာ ရုတ်တရက် သေဆုံးသွားခြင်းနှင့် ပတ်သက်၍ လူမှုဝန်ထမ်းလုပ်သားကြီး ရီလေး သံသယဖြစ်ခဲ့သည်မှာ လွန်ခဲ့သော (၆)ရက်အတွင်းက ကျန်းကျန်းမာမာ အကောင်းပကတိတွေ့ခဲ့ပါလျက် ချက်ချင်း လောလောလတ်လတ် သေဆုံးရသနည်းဟု သူ့အတွေး ဝင်ရောက်လာခဲ့သည်။ ရွာခံ ဆရာဝန် ဒေါက်တာ ကီလ်ဘန်တလည်း ဤကလေး မမျှော်လင့်ဘဲ ဖိတ်စဉ်သွားခဲ့ရသည့် အဖြစ်ဆိုးကို ကြားလိုက်ရသဖြင့် အံ့ဩသွားခဲ့သည်။ သူနှင့် သူ့လက်ထောက်ဆရာဝန် ဒေါက်တာချမ်သားစ်တို့ ထိုရက်သတ္တပတ်အတွင်း ယင်းကလေးအား ငါးကြိမ်ထက်မနည်း တွေ့ခဲ့ကြသည်။ သူတို့ စိတ်ထဲ လတ်တလော ကလေးငယ် ပျက်စီးသွားရခြင်းမှာ ဂတ်စထရိုအင်တာရစ် တစ် ခေါ် အစာအိမ်နှင့် အူအချဉ်ပေါက်သည့် လေရောဂါကြောင့် ဖြစ်ပုံရသည်ဟု တွေးတောယူဆခဲ့ကြသည်။ သို့သော် သူတို့စိတ်ထဲ ထိုရောဂါဝေဒနာမျိုးမှာ အသက်အန္တရာယ်ပေးလောက်သည့်ရောဂါ မဟုတ်ကြောင်း

သိထားခဲ့ကြသည်။

ဒေါက်တာကီးလ်ဘန်က သေစာရင်းလက်မှတ်ကို ပြန်လည်၍ ရုပ်သိမ်းလိုက်ပြီး ကလေးအလောင်းအား ခွဲစိတ်စစ်ဆေးကြည့်ရန် အထက်သို့ ခွင့်ပြုမိန့် တောင်းခံခဲ့လေသည်။ သေမှုသေခင်း စစ်ဆေးရေးအရာရှိက ဆရာဝန်၏ တောင်းခံမိန့်ကို ခွင့်ပြုခဲ့ပြီး ကလေးအလောင်းအား (၁၈၈၂) ခုနှစ် ဇူလိုင်လ (၁၃)ရက်၊ စနေနေ့ နေ့လယ်၌ ပို့စ်မော်တင်အလောင်း ခွဲစိတ်စစ်ဆေးရန် စီစဉ်ခဲ့လေသည်။

ဆရာဝန်နှစ်ဦးမှာ မေရီအန်ကော့တွန်၏ အမှုကြားနာစစ်ဆေးမှု မပြုခင် တစ်နာရီအလိုတိုင်အောင် သူတို့၏ ပို့စ်မော်တင်စစ်ဆေးခြင်း အမှု အလုပ်မစနိုင်ခဲ့သေးချေ။ ပေါ့တီးပေါ့ဆ သာမန်ကာလျှံကာ စစ်ဆေးပြီး တရားခံမေရီတွင် အိမ်တစ်ဖက်ရှိ ရှိုစ်အင်တရောင်းအင်း၌ ဂျူရီလူကြီးနှင့် တွေ့ဆုံစဉ် ဒေါက်တာကီလ်ဘန်က ဤသို့ ပြောကြားခဲ့သည်။ "ကျုပ် ဒီကလေးအလောင်းကို ပို့စ်မော်တင်လုပ်ကြည့်ပြီး သိရသလောက် ပြောရရင်တော့ ဘာအဆိပ်မှ မတွေ့ရဘူးလို့ဘဲ ပြောချင်ပါတယ်။ ကလေး သေရတာ ဖြစ်ရိုးဖြစ်စဉ် သဘာဝအတိုင်း နေ့စွဲကံကုန်လို့ သေရတာပါ။ အင်း. . . ဂတ်စထရိုအင်တာရစ်တစ်လို့ခေါ်တဲ့ လေရောဂါကြောင့် ဖြစ်ကောင်းဖြစ်နိုင်စရာ ရှိပါတယ်"

သို့နှင့် ဂျူရီလူကြီးက စီရင်ချက်ကို ပြန်၍ သဘာဝအလျောက် သေရိုးသေစဉ်ဖြစ်ကြောင်း ပြင်ဆင်ခဲ့ပြီး ချားလ်စ်အက်ဒ်ဝပ် အလောင်းအား သူဆင်းရဲတို့ မြှုပ်နှံသည့် သင်္ချိုင်း၌ မြေမြှုပ်စေခဲ့သည်။

သို့ရာတွင် ပို့စ်မော်တင်ဆေးဘက်ဆိုင်ရာ ဆရာဝန်ကြီးဒေါက်တာကီးလ်ဘန်သည် သေသူကလေးငယ် အစာအိမ်ထဲမှ တွေ့ရှိခဲ့သောအစာများကို ပုလင်းတစ်လုံးဖြင့် ထည့်ဆို့ထားခဲ့သည်။ ချားလ်စ်အက်ဒ်ဝပ်၏ အလောင်း သင်္ဂြိုဟ်ပြီးနောက် ဗုဒ္ဓဟူးနေ့၌ ဆရာဝန်ကြီးသည် သိမ်းဆည်းထားသော ကလေးအလောင်း အစာအိမ်ထဲမှ ပစ္စည်းတို့ကို နောက်ဆုံးအပြီးသတ်အနေဖြင့် ဓာတုဗေဒစမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။ သူတွေ့ရှိရသော အဖြေကို ယူ၍ သက်ဆိုင်ရာ အမှုကိုင်ရဲအရာရှိထံ သွားပြသခဲ့သည်။ ဓာတုဗေဒစမ်းသပ်စစ်ဆေးချက်အရ အာဆင်နစ်ခေါ် စိန်အဆိပ်

များသင့်သည့် လက္ခဏာ အထင်အရှားတွေ့ခဲ့ရသည်။ နောက်နေ့နံနက် လင်းသည်နှင့် တရားခံ မုဆိုးမ ကော့တွန်အား ဖမ်းဆီးကာ လူသတ်မှုဖြင့် ရုံးတင်တရားစွဲဆိုခဲ့ကြသည်။ စိန်အဆိပ်ကျွေး အသတ်ခံခဲ့ရသူ ကလေးငယ် အက်ဒ်ဝပ်၏ အလောင်းကို ပြန်ဖော်ခဲ့ပြီး အင်္ဂလန်နိုင်ငံ၊ ယော့ခ်ရှိုင်းယား ပြည်နယ် အထက်ပိုင်း လိစ်မြို့ ဆေးကျောင်းသို့ ပို့လိုက်၏။ ထိုဆေးကျောင်း၌ ဒေါက်တာ သောမတ်စ်စကတ်တားဂွဒ်မှာ ရာဇဝတ်မှုခင်း သေမှုသေခင်း ဆေးပညာနှင့် အဆိပ်သင့်ရောဂါဝေဒနာတို့ကို ကုသမှုနှင့် ပင်္ဂိဇိဝအသက် ကယ်ဆေးဝါးဌာနတွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်၏။ ဒေါက်တာသောမတ်စ်သည် ကလေးငယ်အလောင်း၏ အူသိမ်အူမနှင့် အစာအိမ်၊ အသည်း၊ အဆုတ်၊ နှလုံးအိမ်နှင့် ကျောက်ကပ်တို့၌ စိန်အဆိပ် များသင့်နေသည်ကို ရှာဖွေတွေ့ရှိခဲ့သည်။

ထိုအတောအတွင်းတွင် လူမှုဝန်ထမ်းဌာနမှ သောမတ်စ်ရိလေးက သက်ဆိုင်ရာ အာဏာပိုင်တို့အား ယခုကဲ့သို့ ချားလ်စ်အက်ဒ်ဝပ် လူမမည် ကလေးလေး အသေဆိုးသေဆုံးရခြင်းမှာ သူတို့မိသားစု၌ ပထမဦးဆုံး အကြိမ် မဟုတ်ကြောင်း တင်ပြခဲ့သည်။ အမှန်စင်စစ် သူနာပြုဆရာမဟောင်း မေရီအန်ကော့တွန် အတ်လန်သို့ ရောက်လာကတည်းက နှစ်နှစ်အတွင်း မိသားစုဝင်လေးဦး ကောက်ကာငင်ကာ သေဆုံးခဲ့ကြသည်။ ကော့တွန်၏ စတုတ္ထလင်ယောကျ်ားဖြစ်သူမှာ ကျောက်မီးသွေးတွင်း အလုပ်သမားကြီး ဖရက်ဒရစ်ကော့တွန် ဖြစ်၏။ (၁၈၇၁)ခု စက်တင်ဘာလ (၁၉)ရက်နေ့က အစာအိမ်ရောဂါဖြင့် အပြင်းဖျားကာ ကွယ်လွန်ခဲ့သည်။ ဖရက်ဒရစ် ကွယ်လွန်ချိန်၌ သူတို့လင်မယား အိမ်ထောင်သက် တစ်နှစ်တင်းတင်း ပြည့်ပြီး နှစ်ရက်အကြာ ဖြစ်သည်။

ကျောက်မီးသွေးတွင်း အလုပ်သမားကြီး ဖရက်ဒရစ် ကွယ်လွန်ချိန် က သူ့အသက်မှာ (၃၉)နှစ်သာ ရှိသေးပြီး (၁၉၇၂)ခုနှစ် မတ်လ(၁၀)ရက် နေ့မှ ဧပြီလ(၁)ရက်နေ့အတွင်း သူ၏ ပထမအိမ်ထောင်နှင့် ရခဲ့သော အသက်(၁၀)နှစ်အရွယ် သားကလေး ဖရက်ဒရစ်၊ မေရီအန်း၏ သား ကလေး အသက်(၁၄)လအရွယ် ရောဘတ်နှင့် သူမ၏ ချစ်သူဟောင်းဂျူး ဇတ်နိုတ်ထရပ်စ်တို့ (သူတို့နှစ်ယောက် ပြန်ဆက်သွယ်နေကြစဉ်) အားလုံး

ရှေ့ဆင့်နောက်ဆင့် သေဆုံးခဲ့ကြသည်။ မေရီအန်း၏ နို့စို့ကလေးငယ်မှတစ်ပါး ကျန်သူအားလုံး အစာအိမ်အပြင်းဖျားရောဂါဖြင့် ကွယ်လွန်ကြောင်း သေစာရင်း၌ ဖော်ပြထားလေသည်။ ယင်း နို့စို့ကလေးငယ်မှာ သူငယ်နာအတွင်းတက်ရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။

သူမ၏အမှုကို ကြားနာစစ်ဆေးရန် ဒါလတ်မြို့ ထောင်ကြီးချုပ်၌ မေရီအန်းကော့တွန် စောင့်ဆိုင်းနေစဉ်အတောအတွင်း ပထမသေဆုံးခဲ့သူ အလောင်းသုံးလောင်းတို့ကို သင်္ချိုင်းမှ ပြန်၍ တူးဖော်စစ်ဆေးခဲ့သည်။ ဒေါက်တာစက်တာဂွဒ်အလောင်းတို့ကို စစ်ဆေးခဲ့ရာ စိန်အဆိပ်သင့်သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း အထင်အရှားတွေ့ခဲ့သည်။ သတင်းစာဆရာ၊ သတင်းထောက်တို့သည် သတ္တုတွင်းအလုပ်သမားကြီး၏ သမီးဖြစ်သူ မေရီအန်းနှင့်ပတ်သက်သည့် ဘဝဖြစ်စဉ်ကို အနံ့ခံကာ မီးခိုးကြွက်လျှောက် စုံစမ်းခဲ့ကြသည်။ သူတို့မိသားစုဇာတိမှာ ဒီစတြိတ် ကို့မိုစလေမြို့နယ်တွင်း ရွာကျေးလက်မှ ဖြစ်၏။ သတင်းအနံ့ခံခဲ့ကြသည့် သတင်းစာဆရာတို့ မေရီအန်းသွားလေရာ၊ ရောက်လေရာ၌ တစ်ရက်ဆင့်ကဲဆင့်ကဲ ထူးဆန်းစွာ သေဆုံးခဲ့ကြရသူတို့အကြောင်းကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ သူမမှာ စိတ်ရင်းကောင်းပြီး ဘုရားတရားကိုင်းရှိုင်းသော မက်သဒစ်ခရစ်ယာန်ဂိုဏ်းဝင် အမိအဖတို့မှ ဆင်းသက်လာခဲ့သူ ဖြစ်၏။

(၁၈၅၂)ခုနှစ် သူမအသက်(၂၀)အရွယ်၌ ဝီလျံမိုးဘရေးဆိုသူနှင့် အိမ်ထောင်ကျခဲ့ပြီး ဒေဗွန်ပြည်နယ်သို့ ပြောင်းရွှေ့ခဲ့ကြသည်။ ထိုအရပ်၌ သူမမှာ သားသမီး ခုနစ်ယောက် ထွန်းကားခဲ့သည်။ သို့ရာတွင် လေးယောက်မှာ အရွယ်မတိုင်မီ ဖိတ်စဉ်ခဲ့ကြသည်။ မိုးဘရေးနှင့် ဇနီးသည် မေရီတို့ အရှေ့မြောက်ဒေသသို့ ပြန်ခဲ့ကြပြီး ဆန်ဒါလန်းမြို့၌ တစ်အိမ်ပြီး တစ်အိမ် ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ မေရီအန်းမှာ မြို့နယ်ဒေသန္တရဆေးရုံ၌ သူနာပြုဆရာမအဖြစ် ဝင်ရောက် အမှုထမ်းခဲ့သည်။ ယင်းသို့နေထိုင်ကြစဉ် နောက်ထပ် ကလေးသုံးယောက် ထွန်းကားခဲ့ပြန်သည်။ ကလေးအားလုံး သေဆုံးခဲ့ကြပြီး၊ နောက်ဆုံး လင်ဖြစ်သူ မိုးဘရေးပါ သေခဲ့သည်။ မေရီအန်းမှာ နောက်ထပ် အိုးအိမ်အသစ်ထူခဲ့ပြန်သည်။ သူမ အိမ်ထောင်သစ်မှာ အင်ဂျင်နီယာတစ်ယောက် ဖြစ်ပြီး ဂျော့ဝုဒ်ဟု

ခေါ်သည်။ (၁၈၆၆)ခုနှစ် အောက်တိုဘာလအတွင်း အိမ်ထောင်သက် (၁၄)လအကြာ၌ လင်ယောကျ်ား သေဆုံးခဲ့ပြန်သည်။

လင်တော်မောင် ဂျော့ဝုဒ် အနိစ္စရောက်ခဲ့ပြီး တစ်လအကြာ၌ မေရီအန်းမှာ မုဆိုးဖို ဂျိမ်းစ်ဂိုဘင်ဆန်နှင့် ကလေးသုံးယောက်တို့ အိမ်တွင် သွားရောက်၍ အိမ်စိုးမအဖြစ် အလုပ်လုပ်ကိုင်ခဲ့သည်။ မကြာမီ သူမမှာ ကိုယ်ဝန်ရှိခဲ့ပြီး ဂိုဘင်ဆန်နှင့် တရားဝင် လက်ထပ်ခဲ့လေသည်။ ယင်း အိမ်ထောင်စုသို့ သူမ ရောက်ခဲ့ပြီး ရက်သတ္တပတ်အတန်ကြာ၌ ဘင်ဆန်၏ နှစ်လသားအရွယ် သားငယ်ကလေးဂျွန်မှာ သေဆုံးခဲ့သည်။ (၁၈၆၇)ခုနှစ် ဧပြီလ(၂၁)ရက်နေ့တွင် သူ၏ ခြောက်နှစ်သားကလေး ဂျိမ်းစ်မှာလည်း ကွယ်လွန်ခဲ့ပြန်သည်။ ထို့နောက် ငါးရက်အကြာ၌ သူ့အစ်မ၏ ရှစ်နှစ် သမီး အဲလီဇဘတ်ပါ သေရွာမြန်းခဲ့လေသည်။ မေလနှစ်ရက်နေ့တွင် မိုးဘရေးနှင့် ရခဲ့သည့် တစ်ယောက်တည်း အသက်ရှင်ကျန်ရစ်ခဲ့သော အသက်ကိုးနှစ်အရွယ် သမီးကလေး အစ္စဘဲလာ သေဆုံးခဲ့ပြန်၏။

လက်ရှိအိမ်ထောင်ရှင် ဂိုဘင်ဆန်နှင့် သမီးကလေးနှစ်ယောက် မွေးဖွားခဲ့သည်။ ပထမကလေးမှာ မီးတွင်းထဲ၌ပင် သေဆုံးခဲ့သည်။ သူတို့ လင်မယား ကွဲခဲ့ကြရာ ဒုတိယသမီးကလေးအား သူမ သူငယ်ချင်းအား အပြီးအပိုင် ပေးပစ်လိုက်သည်။ ဂိုဘင်ဆန်မှာ ကံကြီးပေ၍ သူမ လက်ချက်ဖြင့် မသေခဲ့ချေ။ ယင်းသို့ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီး မေရီအန်း၏ ပစ်ကွင်း သေတွင်းမှ လွတ်မြောက်ခဲ့သည်မှာ အသက်အာမခံငွေကို သူမ တောင်းဆိုသကဲ့သို့ ထုတ်မပေးဘဲ ငြင်းဆန်ခဲ့သောကြောင့် ဖြစ်၏။ သို့သော် မေရီအား သူမ အကြောင်းသိသူတို့မှာ ကံဆိုးမိုးမှောင်ကျခဲ့ကြသည်။

သူမသည် သူမ၏ မကောင်းမှုတို့ကို ပေါ်သွားမည်ကို အကြောက်ဆုံး ဖြစ်၏။ သူတစ်ပါးသာ သတ်ဖို့ ဝန်မလေး၊ မိမိအလှည့်ကျ သေရမည်ကို အင်မတန်ကြောက်၏။ ထို့ကြောင့် မိခင်ဖြစ်သူ အလည်လာခဲ့သည်။ မည်သူတစ်စုံတစ်ယောက်မျှ ပြုံးပြုံးရွှင်ရွှင် ကျန်းကျန်းမာမာနှင့် သူမမိခင် ကြီးအတွက် စိုးရိမ်မကင်းဖြစ်မိရှာကြမည် မဟုတ်ပေ။ သို့ရာတွင် သမီး ဖြစ်သူ မေရီအန်းအိမ်သို့ အလည်ရောက်လာခဲ့ပြီး(၉)ရက်အတွင်း အသက် (၅၄)နှစ်ရှိ မိခင်ကြီးမှာ ကောက်ကာငင်ကာ သေဆုံးသွားခဲ့သည်။ ယူစရာ

ရှိသည်တို့ကို ယူ၍ ထိုနေရာမှ မေရီအန်း ခြေရာဖျောက်ခဲ့ပြန်သည်။
မေရီအန်းမှာ မာဂရက်ကော့တွန်နှင့် တွေ့ခဲ့ပြီး မိတ်ဆွေဖြစ်သွားခဲ့ကြသည်။ သူမအား မာဂရက်က မောင်ဖြစ်သူ ဖရက်ဒရစ်နှင့် မိတ်ဆက်ပေးခဲ့သည်။ မကြာမီ မေရီအန်းမှာ ကိုယ်လေးလက်ဝန်ရှိလာခဲ့ပြီး သူမ၏ တတိယမြောက်လင်ဖြစ်သူ ဂိုဘင်ဆန် ၎င်တ်တုတ်ရှိလျက်နှင့် ဖရက်ဒရစ်ကို မျက်နှာပြောင်တိုက်၍ ယူခဲ့ပြန်သည်။ သူတို့ မင်္ဂလာပွဲမှာ အနည်းငယ်ဆိုးလိုးခုလု ဖြစ်ခဲ့ရသည်။ အကြောင်းမှာ ခင်ပွန်းလောင်းဖြစ်သူ ဖရက်ဒရစ်၏ နှမ မာဂရက် မမျှော်လင့်ဘဲ ရုတ်တရက် သေဆုံးသွားခဲ့သည်။ ဘဏ်တွင် စာရင်းဖွင့်ထားသော သူမပိုင်ငွေ စတာလင်ပေါင်(၆၀)မှာ သူတို့ ကြင်စဦးမောင်နှံအတွက် လက်ဖွဲ့ကြေး ဖြစ်သွားခဲ့လေတော့သည်။
အထက်ပါအတိုင်း မေရီအန်းနှင့် တရင်းတနှီးရှိခဲ့ကြသူ လူပေါင်း (၂၁)ယောက်တို့မှာ နှစ်ပေါင်း(၂၀)ထက်မနည်း ကာလအတောအတွင်း အသက်စွန့်လွှတ်ခဲ့ကြရလေသည်။ သူမသည် ကလေး(၁၂)ယောက်မွေးဖွားခဲ့ရာ သူတစ်ပါးလက် ပေးပစ်ခဲ့သည်။ ကလေးမလေးကလွဲလျှင် အားလုံးသေကျေပျက်စီးခဲ့ကြရသည်။
မေရီအန်း၏အမှု ကြားနာစစ်ဆေးသည့်နေ့ နံနက်ပိုင်းက မြို့နယ်သတင်းစာတစ်စောင်ခေါင်းကြီးပိုင်း၌ နယူးဇီလန်မြောက်ကျွန်း အက်တလန်မြို့အနောက်ပိုင်းမှ အကြီးအကျယ် အဆိပ်ခတ်သတ်မှုကြီး ကြောက်ဖွယ်လန့်ဖွယ် ဖော်ထုတ်ချက်များဟူ၍ ပါရှိလာခဲ့သည်။ ယင်းမှုခင်းသတင်းမှာ နည်းနည်းတော့ ထူးဆန်းနေသည်။ အဘယ်ကြောင့်ဆိုသော် ထိုနိုင်ငံ၏ တည်ဆဲဥပဒေအရ ပုဂ္ဂိုလ်ရေး ထိခိုက်စရာ၊ အသရေပျက်စရာ၊ ဂုဏ်သိက္ခာ ညှိုးနွမ်းစရာတို့ကို လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်မပြု တားမြစ်ထားသောကြောင့် ဖြစ်၏။ သို့ရာတွင် (၁၈၇၃)ခုနှစ်၊ မတ်လ(၅)ရက်၊ နံနက်(၁၀)နာရီမထိုးခင် ဒါဟမ်မြို့နယ် ရာဘက်တရားရုံးတရားခွင်သို့ စွဲချက်တင်ကြားနာစစ်ဆေးခံရန် မေရီအန်း အချုပ်ဖြင့် ရောက်ရှိလာခဲ့သည်။ သူမအား လင်ပါသား ချားလ်စ်အက်ဒ်ဝပ်အား သတ်မှုတစ်မှုတည်းဖြင့်သာ စွဲချက်တင်ခဲ့သည်။
သူမ အမှုကို တရားသူကြီး (နောင်အခါ တရားသူကြီးချုပ်ဖြစ်လာခဲ့သူ)

ဆာချားလ်စ်ရပ်ဆဲလ် ဦးဆောင်ပြီး ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ခဲ့သည်။ ကလေးငယ်အား အဆိပ်ကျွေး သတ်ခဲ့ခြင်းမှာ သူ၏ နောင်ရေးအတွက် ကြိုတင်အာမခံ ပေါ်လစီငွေ စတာလင်(၈)ပေါင် ရလို၍ ဖြစ်သည်ဟု အသက်(၄၀)အရွယ်ရှိ မုဆိုးမအန်းက ဝန်ခံထွက်ဆိုခဲ့သည်။ အသတ်ခံရသူ ချားလ်အက်ဒ်ဝပ်မှာ ကွင်းမင်းနင်း အမည်ရှိ သူမ ချစ်သူ ယစ်မျိုး အရာရှိတို့ လက်ထပ်မည့် ကိစ္စ၌ အနှောင့်အယှက် ဖြစ်နေသောကြောင့် ရှင်းလင်းပစ်ခြင်း ဖြစ်သည်။ သူမနှင့် ယစ်မျိုးအရာရှိတို့ လွန်လွန်ကျူးကျူး ဖြစ်ခဲ့ရာ ကိုယ်ဝန်ရှိလာခဲ့၍ မယူမဖြစ်တော့ချေ။ "သူမဟာ မဖုံးနိုင် မဖိနိုင်နဲ့ လင်ကောင်မဖော်နိုင်ရင် လူပုံအလယ်မှာ အရှက်တကွဲ အကျိုးနည်း ဖြစ်တော့မှာမို့လို့ သူမအတွက် ဝန်ထုပ်ဝန်ပိုး အတားအဆီး ဖြစ်နေတဲ့ အက်ဒ်ဝပ်ချားလ်ကို ခုလို အဆိပ်ခတ်ရှင်းပစ်လိုက်ခြင်း ဖြစ်ပါတယ်"ဟူ၍ တရားသူကြီး ချားလ်စ်က ပြောပြခဲ့သည်။

တရားခံနှင့် ယခင် အိမ်နီးချင်းဖြစ်ခဲ့သူ တစ်ဦး၏ ရုံးတော်၌ ထွက်ဆိုချက်မှာ ကလေးမသေခင် နှစ်လ (၁၈၇၂)ခုနှစ် မေလအတွင်းက ဓာတုဗေဒဆေးဝါးပစ္စည်း အရောင်းဆိုင်မှ စိန်နှင့် ဆပ်ပြာပျော့ ရောစပ်ထားသော ဆေးရည်တစ်ပုလင်း မေရီကော့တွန်အိမ်၌ ကြမ်းပိုးသတ်ရန်ဝယ်ပေးခဲ့သည်ဟု ဆိုပါသည်။ ဆေးရည်အများဆုံးကို မွေ့ရာမြောင်းများနှင့် ခုတင်သံပေါင်ထောင့်ချိုးများတွင် ရွှဲအောင် ပွတ်တိုက်ခဲ့သည်ဟုလည်း ထွက်ဆိုသွားခဲ့သည်။

ကျေးရွာ ဓာတုဗေဒပစ္စည်းအရောင်းဆိုင်ရှင် ဂျွန်တောင်းနင်းက အဆိုပါ ရောင်းချလိုက်သော ကြမ်းပိုးသတ်ဆေး၊ စိန်နှင့် ဆပ်ပြာပျော့စပ်ရည်မှာ အာစင်နစ်ခေါ် စိန်သတ္တုတစ်အောင်စ ပါဝင်ပြီး အလေးချိန်(၄၈၀)ဂရမ်ခန့်ရှိသည်ဟု အစစ်ခံခဲ့သည်။ သူက ဆက်လက် ထွက်ဆိုသွားခဲ့သည်မှာ စိန်ခေါ် အာစင်နစ်သုံးဂရမ်သည် လူကြီးတစ်ယောက်အား အေးအေးလေး သေစေနိုင်သည်ဟု ဆိုပါသည်။ သူ့စိတ်ထဲ ဘဝင်မကျ ဖြစ်နေသည်မှာ သူ့ဆိုင်မှာ တရားခံ မုဆိုးမကော့တွန်အိမ်နှင့် နီးနီးကပ်ကပ် မဟုတ်ကြောင်း တင်ပြထွက်ဆိုခဲ့သည်။

တရားလိုသက်သေ လူမှုဝန်ထမ်းဌာနမှ သောမတ်စ်ရီလေးကလည်း

တရားခံမေရီအန်း၏ လုပ်ကြံသတ်ဖြတ်ခြင်းခံရသူ ချားလ်စ်အက်ဒ်ဝပ်အား ရှင်းပစ်ချင်နေသည်မှာ မည်မျှ ဆန္ဒပြင်းပြနေခဲ့ပုံကို သက်သေခံ ထွက်ဆိုသွားသည်။ ဒေါက်တာကီလ်ဘန်ကလည်း မိမိဆေးဘက်ဆိုင်ရာ ပညာရပ်ကို အကိုးအကားဖြင့် တရားခံ သူမ၏ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ပုံကို ရှင်းလင်းတင်ပြထွက်ဆိုခဲ့သည်။ ထို့နောက် တရားခွင်၌ တရားလိုတရားခံ နှစ်ဖက် အကျိုးတော်ဆောင် ရှေ့နေတို့ အချေအတင် အငြင်းပွားခဲ့ကြသည်။

မေရီအန်း၏ မိသားစုထဲမှ ရှေးဦးလုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသောသူတို့အတွက် စွဲချက်တင်ရန် အထောက်အထားများ ရုံးတော်တင်ပြရန်လိုလားနေသည်။ တရားခံရှေ့နေ သောမတ်စ်ကင်ပဲလ်ဖော့စတားကသူ၏ အမှုသည် တရားခံကော့တွန်မှာ ဆက်လက်ကြားနာစစ်ဆေးခံနိုင်စွမ်း မရှိတော့၍ အပြီးသတ်စီရင်ချက် မချမှတ်ခင် နှစ်ရက်အလိုနေ့သို့ ရက်ချိန်းယူ ရွှေ့ဆိုင်းပေးပါရန် ရုံးတော်သို့ လျှောက်ထားခဲ့သည်။ ထို့ပြင် သူက မိမိ၏ တရားခံအား ပြစ်မှုတစ်ခုတည်းနှင့်သာ စွဲချက်တင် စီရင်ဆုံးဖြတ် အပြစ်ပေးသင့်ကြောင်းနှင့် ချားလ်စ်အက်ဒ်ဝပ် သေဆုံးသွားခဲ့ရခြင်းမှာလည်း တမင်လုပ်ကြံသတ်ဖြတ်ခြင်း မဟုတ်။ မတော်တဆ နံရံတွင် ကပ်ထားသော ပန်းပွင့်ပန်းစွယ်များ ဒီဇိုင်းရေးထားသည့် ဝေါလ်ပေပါခေါ် စက္ကူချပ်အစိမ်းရောင်မှ ကြမ်းပိုးသတ်ဆေး စိမ့်အဆိပ် သင့်သွားခဲ့ခြင်းဖြစ်ကြောင်း လုပ်ဇာတ်ခင်း၍ တင်ပြလျှောက်လဲသွားခဲ့၏။ ပြီးခဲ့သည့်ကော့တွန်မိသားစုအတွင်း လူသေမှုတို့ကို ထည့်သွင်းစဉ်းစား ဆွေးနွေးကြမည် ဆိုပါလျှင် တရားရုံးဘက်သို့ မျက်နှာသာလိုက်ခြင်းသာ ဖြစ်ပေလိမ့်မည်ဟု တရားခံရှေ့နေ သောမတ်စ်ကင်းပဲလ်ပော့စကားက ခုခံလျှောက်လဲသွားခဲ့လေသည်။

တရားသူကြီး ဆာသောမတ်စ်အာချီဘောလ်က သူ၏ ခုခံ လျှောက်လဲချက်ကို ရာဇသတ်ကျင့်ထုံးဥပဒေပုဒ်မကို ကိုးကား၍ ပယ်ချလိုက်ပါသည်။ ထိုအချိန်၌ပင် အပြီးသတ်စီရင်ချက် ချမှတ် ပြီးစီးသွားခဲ့သည်။ တရားခံဘက်မှ ခိုင်လုံသော သက်သေအထောက်အထား ရုံးတော်သို့ မတင်ပြနိုင်ခဲ့ချေ။ အပြီးသတ်ကြားနာစစ်ဆေးမှု တတိယမြောက်နေ့ (၁၈၊

၅၀)နာရီတွင် ဂျူရီလူကြီးများသည် မေရီအန်းကော့တွန်၏ လင်ပါသားချားလ်စ်အက်ဒ်ဝပ်အား စိန်အဆိပ်ကျွေးသတ်ဖြတ်မှုကို စဉ်းစားခန်းဝင်ခဲ့ကြရာမှ တစ်နာရီအကြာ၌ ရုံးတော်တရားခွင်သို့ ပြန်လာခဲ့ကြလေသည်။ ထို့နောက် မေရီအန်းကော့တွန်၌ အခင်းဖြစ် လူသတ်မှုတွင် ပြစ်မှုထင်ရှားကြောင်း ကြေညာခဲ့သည်။

တရားသူကြီးသည် သေဒဏ်အမိန့်ချမှတ်ရာ၌ ဆောင်းသည့် ဦးထုပ်အနက်ကို ဆောင်းလျက် သူမအား အပြီးသတ် သေဒဏ်အမိန့် စီရင်ချက်ကို ချမှတ်ခဲ့ပြီး ဤသို့ ပြောကြားခဲ့သည်။

"သင်သည် အလုံးစုံသော မှားယွင်းမှုတို့တွင် ကြောက်စရာ အကောင်းဆုံး မှားယွင်းမှုကို ရှေ့ဆောင်လမ်းပြ ကျူးလွန်ခဲ့သူ ဖြစ်၏။ မဖြစ်သင့်မဖြစ်ထိုက်၊ မလုပ်သင့် မလုပ်ထိုက်သော အမှားအယွင်းမှာ တစ်ခါတစ်ရံ၌ သူတစ်ပါး ပိုင်ဆိုင်မှု ဥစ္စာပစ္စည်းတို့ကို လျော့ကန်သော လူ့ကျင့်ဝတ်၊ ဘာသာတရားနှင့်အညီ ရယူလိုခြင်း ဖြစ်သည်။ သင် တရားခံမမှာမူ ဤသို့မဟုတ် ဆင်ခြင်တုံတရားကင်းမဲ့စွာ ယုတ်မာစဉ်းလဲသောနည်းဖြင့် ကြံစည်လုပ်ကိုင်ရယူခဲ့ခြင်း ဖြစ်သည်။

ထိုမှတစ်ပါး အလုံးစုံသော ရာဇဝတ်မှုတို့တွင် စက်ဆုပ်ရွံရှာဖွယ်အကောင်းဆုံး၊ အဆိုးဆုံး အဆိပ်လက်နက်ဖြင့် လူသတ်မှုကို ကျူးလွန်ခြင်းဖြစ်သည်။ လူသားသဘာဝတွင် ကြောက်လန့်တုန်လှုပ်ဖွယ်ရာ ပြစ်မှုကြီးပင် ဖြစ်သည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ။ ဤသည်မှာ ဘုရားသခင်၏ အလိုကျ ငြင်းကွယ်၍ မရချေ။ အဆိပ်ခတ်သတ်မှု အပြစ်သည်ပြစ်မှုမှတ်တမ်းတွင် ဘယ်သောအခါမှ ဖျောက်ဖျက်မရနိုင်သည့် အစွန်းအထင်းကွက်ကြီးသာ ဖြစ်ပေတော့သည်" ဟူ၍ ပြောကြားခဲ့သည်။

စက်ရှင်တရားသူကြီး ဆာသောမတ်စ်အာချီဘောက်၏ စကားရပ်တို့မှာ အလွန်ပင် ကောင်းမွန်လှပေသည်။ သို့သော် တိတိပပ မမှန်ပေ။ (၁၈၇၀)ခုနှစ်ဝန်းကျင်က ဆေးပညာရပ်အခြေအနေမှာ ယနေ့ခေတ်အခါကဲ့သို့ နည်းပညာများ မထွန်းကား မစုံလင်သေးပေ။ အစစ ကျန်းမာရေးမကောင်း၊ မသန့်ရှင်းသော ခေတ်ကာလ ဖြစ်သည်နှင့်အညီ တိုက်ဖွိုက်အူရောင်ငန်းဖျားရောဂါ ဖြစ်လေ့ဖြစ်ထရှိသည်။ သေဘေးနီးသော ရောဂါ

ဆိုးတစ်ရပ်ပင် ဖြစ်ပါသည်။ မနိုင်မနင်း အလုပ်တာဝန်ပိနေသည့် ဆရာဝန်တို့အနေဖြင့်လည်း လူသေအလောင်းတို့ကို စိတ်ပါဝင်စားစွာ စစ်ဆေးရိုးထုံးစံ မရှိပေ။

မေရီအန်း ဘဝတစ်လျှောက်လုံး ပိပိရိရိ သေသေသပ်သပ် ရက်စက်စွာ သွေးအေးအေးဖြင့် လူသတ်မှုတို့ကို ကျူးလွန်နိုင်ခဲ့သော်လည်း နောက်ဆုံးအချိန်ကျ နှပ်ပစ်ခံခဲ့ရခြင်း ဖြစ်သည်။ သူမသည် မိမိမကောင်းမှုကို အများတကာ သံသယဖြစ်မည့်အရေးကိုတွေးပြီး ကြိုတင်ရှောင်ရှားသည့် အနေဖြင့် လူသတ်မှုတစ်ခု ကျူးလွန်ပြီးတိုင်း ထိုအိမ် ထိုအရပ်ဒေသမှ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ အမြဲတစေ သတိဖြင့် သူမ၏ပစ်မှတ် သားကောင်တို့ သေဆုံးလျှင် မိမိအပေါ် သံသယဒွိဟ မဖြစ်ရန် ဆရာဝန်တို့အား ပင့်ကာ ပြသကုသခံခဲ့သည်ချည်း ဖြစ်၏။ ယင်းသို့ ကြိုတင်ပြင်ဆင် ရှောင်ရှားနိုင်ခဲ့သည်မှာလည်း တစ်ခါက သူမသည် သူနာပြုဆရာမ တစ်ဦး ဖြစ်ခဲ့ဖူးပြီး၊ လူနာ၏ အိမ်နီးပါးချင်းတို့ သံသယမျက်လုံးတို့ကို သဘောပေါက်နားလည်ထားပြီး အများပြည်သူက သူမအပေါ် အယုံအကြည်ရှိစေရန် ဖြစ်ပါသည်။

မေရီအန်းကော့တွန်နှင့် ပတ်သက်ခဲ့သည့် လူပေါင်း(၂၁)ယောက်၏ ကြမ္မာဆိုးကို မည်သူတစ်ဦးတစ်ယောက်မျှ သိနိုင်ကြမည် မဟုတ်ပေ။ ထိုကြမ္မာဆိုးဝင်ကာ အသေဆိုးသေဆုံးခဲ့ကြရသူတို့မှာ ယင်းတို့၏ အသက်အာမခံကြေး ပိုင်ဆိုင်မှုပစ္စည်းဥစ္စာနေကြောင့် သော်လည်းကောင်း၊ သူမ၏ နောက်အိမ်ထောင်သစ် ထူမည့်လမ်းတွင် အတားအဆီး အနှောင့်အယှက် ဖြစ်နေသောကြောင့် သော်လည်းကောင်း ရှင်းလင်းခဲ့ကြရလေသည်။ သူမ အကွက်ချပြီး လုပ်ကြံသတ်ဖြတ်ခဲ့သော သားကောင် အပြစ်မဲ့သူပေါင်း ဆယ့်လေးငါးယောက်ဟုသာ အများတကာက ခန့်မှန်းရေတွက်ခဲ့ကြသည်။ သို့ပါသော်လည်း နယူးကာဆယ်လ် ဂျာနယ် သတင်းစာကြီး၌ ထိတ်လန့်ခမန်း ဖော်ပြထားသည်မှာ **လူအလောင်းဖန်ဆင်းထားသည့် ကြောက်စရာသတ္တဝါကြီး** (ဘီလူးအသည်းနှင့် မိန်းမရိုင်းကြီး) အကြောင်း မသိသူတို့က သူမအား ရာဘက်တရားသူကြီး ရုံးတော်မှ သေဒဏ်အမိန့် ချမှတ်ခဲ့သည်ကို သက်ာမကင်း ဖြစ်နေကြသည်ဟု အတိအလင်း ရေးသား ဖော်ပြထားပါသည်။

အမျိုးသမီးတစ်ယောက်အား ကြိုးပေးသတ်ရန် ပြစ်ဒဏ်စီရင်ချက်

ချမှတ်မှုအပေါ် အချို့က သံသယဒွိဟ ဖြစ်နေကြသည်။ တရားခံ မေရီအန်းကော့တွန်၏ အကျိုးတော်ဆောင်ရှေ့နေကြီးက ရုံးတော်၌ သူ့ဘက်ပါအောင် တရားသူကြီးနှင့် ဂျူရီလူကြီးတို့အား စည်းရုံးသိမ်းသွင်း လျှောက်လဲသွားခဲ့သည်ကိုလည်း သို့လောသို့လော သံသယဒွိဟ ပွားနေချင်ခဲ့ကြသည်။ ယခင်ယခင်က သူမ ကျူးလွန်ခဲ့သော လူသတ်မှုပေါင်း များစွာတို့၏ အထောက်အထား သက်သေသက္ကာယတို့အား ရုံးတော်သို့ တင်သွင်းခွင့်ပြုလေမလားဟူ၍လည်း စိတ်စနိုးစနောင့် ဖြစ်နေခဲ့ကြသည်။ အချို့လည်း တရားခံဘက်မှ လျှော့တွက်၍ သနားဖက်ကာ သူမရှေ့နေ ခုခံကာကွယ် ထုချေလျှောက်လဲမှု၌ မျက်မြင်သက်သေ တစ်စုံတစ်ရာ လိုနေ၍ အမှုရှုံးခဲ့ခြင်း ဖြစ်လေသလောဟု သို့လောသို့လော တွေးတောနေခဲ့ကြလေသည်။

နယူးကာဆယ်လ်ဂျာနယ်ကြီးက ဤသို့ ဝန်ခံရေးသားထားသည်။

"အခင်းဖြစ် အမှုနှင့် ပတ်သက်၍ လူအများ အံ့သြဘနန်း ဖြစ်နေကြသည့်အတွေးမှာ ကြောက်စရာ လန့်စရာ၊ စက်ဆုပ်ရွံ့ရှာဖွယ်ရာ ဖြစ်မလာဘဲ အမျိုးသမီးတစ်ယောက်မှာ ဤသို့သော လူမဆန်စွာ ရက်စက်ယုတ်မာလွန်းသော လူသတ်မှုတို့ကို ကျူးလွန်ခဲ့သည် ဆိုခြင်းပင် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မေရီအန်းကော့တွန်မှာ ရိုးပုံရိုးပန်းနှင့် လင်ကိုထည်လဲ တစ်ယောက်ပြီးတစ်ယောက် ယူခဲ့သူ ဖြစ်သည်။ သူမ၏ အခြားရင်သွေးများနှင့် အိမ်ရှင်ဖြစ်သူတို့အား ကြံစည်၍ အဆိပ်ခတ်သတ်ခဲ့သည်။ ဤမျှ အကြံပက်စက် ရက်စက်လွန်းသူ ဖြစ်သော်ငြားလည်း ကြင်နာတတ်သည့် အမူအရာ ဆောင်တတ်သေးသည်။ တစ်နည်းဆိုရသော် ဘီလူးမပင် ဖြစ်လင့်ကစား မင်းသမီးခေါင်း ဆောင်းတတ်သေးသည်ဟု ပြောစမှတ် ပြုခဲ့ကြသည်။ သတင်းစာက မေရီအန်းကော့တွန်ကဲ့သို့ ရာဇဝတ်ကောင်အား သေဒဏ်ပေးသင့်ကြောင်း ရေးသားဖော်ပြထားသော်လည်း သူ့အလိုအလျောက် ထည့်သွင်းဖြည့်စွက်၍ ဤသို့ ရေးသားထားသည်။ "အခင်းဖြစ်အမှုမှာ ထိတ်လန့်စရာကောင်းလောက်အောင် ရက်စက်လွန်းသည်။ လူသတ်မှုပင် ဖြစ်လင့်ကစား သူမ၏ အသနားခံလွှာကို ချုပ်နှောင်တားဆီးပိတ်ပင်၍ ထားခြင်းငှာ မရချေ"ဟူ၍ ရေးသားဖော်ပြထားပေသည်။

လူသတ်တရားခံ မေရီအန်းမှာ သူမ၏ ကြိုးဒဏ်မကျခံမီ ထောင်

နန်းစံနောက်ဆုံးနေ့များအတွင်း သေဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရန် အသနားခံလွှာ တင်သွင်းထားသည်ကို ထောက်ကူပေးကြရန် ကြိုးပမ်းခဲ့သေးသည်။ အများတကာက ကွစ်မင်းနင်းဟု ခေါ်ကြသော သူမ၏ ချစ်သူယစ်မျိုးအရာရှိအတွက် သမီးကလေးမာဂရက်ကို မွေးဖွားပေးခဲ့သည်။ ထိုကလေးအား သားသမီး မထွန်းကားသော ဇနီးမောင်နှံထံ မွေးစားရန် အပ်နှံဖို့ စီစဉ်ထားသည်။ သူမအား မကွပ်မျက်ခင် ငါးရက်အလိုကျမှ သူမထံမှ သက်ဆိုင်ရာထောင်အာဏာပိုင်တို့က အတင်းအဓမ္မ ခေါ်ဆောင်သွားခဲ့လေသည်။ (၁၈၇၃)ခုနှစ် မတ်လ(၂၄)ရက်နေ့ သေဒဏ်ကျခံရမည့်နေ့ရောက်ခဲ့သည်တိုင် မေရီအန်းကော့တွန်က သူမ၌ အပြစ်မရှိကြောင်း ငြင်းဆို ကန့်ကွက်နေသေးသည်။ သို့ပါသော်လည်း ထိုနေ့၌ မင်ဒါဟမ်ကြိုးစင်တွင် ကြိုးပေးစီရင်ခြင်း ခံသွားခဲ့ရသည်။

မြို့တွင်း ပြဇာတ်ရုံကြီး၌ ရှစ်ညတိုင်တိုင် မေရီအန်းကော့တွန်၏ အသက်ထင်ရှားရှိစဉ်နှင့် သေသည့်ကာလတိုင် ဘဝဖြစ်စဉ် **မဟာလူ့ကျင့်ဝတ် ပညာပေး စင်တင်ပြဇာတ်ကြီး**တစ်ပုဒ်ကို သရုပ်ဆောင် ကပြခဲ့ကြသည်။ မိခင်တို့ကလည်း ကလန်ကဆန် လုပ်တတ်သည့် သားငယ် သမီးငယ်တို့အား "ကြောင်ကြီးရဲ့ မြီးတံတို အဆီကို စားပါလို့ အသားကိုမျို"ဆို၍ ခြောက်တတ်သကဲ့သို့ "ဟော. . . ကလေးတွေ အဆိပ်ကျွေးသတ်တဲ့ အနောက်အတ်ကလန်က မုဆိုးမကြီး စားလိမ့်မယ်" ဟု ခြောက်လှေ့ ကြိမ်းမောင်းလေ့ ရှိလေသည်။

မည်သို့ဆိုစေ လူပေါင်းများစွာအား ပိပိရိရိ သွေးအေးအေးဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သော မုဆိုးမ မေရီအန်းကော့တွန်မှာ ယနေ့ခေတ်အခါ၌ လူသတ်ကောင်စာရင်းမှတ်တမ်းတွင် သိရခက်ခဲလွန်းသော သူတစ်ယောက်အဖြစ် တည်ရှိနေပေသည်။ သူမ၏ စိတ်မှာ ရိုးရိုးအေးအေး ဖြစ်သော်ငြားလည်း ရုတ်တရက် ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ သတ်ရဖြတ်ရမှ ဖြစ်တတ်သလို တစ်ချိန်တည်းမှာပင် ကိုယ်ချင်းစာနာတရားရှိသူ လူပေါင်းများစွာအား သတ်ခဲ့သော လူသတ်သမား ဘီလူးအသည်းနှင့် မိန်းမရိုင်းကြီးပင် ဖြစ်ပေသတည်း။

❁ ❁ ❁



ဝေခွဲမရသော အမှုမှ တရားခံ ဂျွန်ခရစ္စတီ



# မှားယွင်းသော ပြစ်ဒဏ်စီရင်ခဲ့လေသလော
# (ဂျွန်ခရစ္စတီအမှု)

ခရစ္စတီ ခေါ် ဂျွန်ရီဂျင်နယ်လ်ဟာလီဒေး(John Reginald Halliolay) အား သူ၏ အိမ်နီးပါးချင်းတို့က အလုပ်ကြိုးစားလုပ်ကိုင်သူ၊ လေးစားစရာကောင်းသည့်သူ တစ်ဦးအဖြစ် ယူဆထားခဲ့ကြသည်။ သူ့မှာ ဆေးပညာဗဟုသုတ တီးမိခေါက်မိသူဖြစ်၍လည်း ဆေးဘက်ဆိုင်ရာကိစ္စတို့၌ သူ၏ အကြံဉာဏ်ကို ရယူခဲ့ကြ၏။ အရပ်ထဲ၌ ကောလာဟလ သတင်းကြီးနေသည်မှာ မိန်းကလေးများကို ကိုယ်ဝန်မရှိအောင် တားဆီးနိုင်သူဟူ၍ ဖြစ်သည်။ ထိုသတင်းကြီးမှုကြောင့်ပင် ရပ်ရွာထဲမှ ပြည့်တန်ဆာမကလေးတို့အား ဖြားယောင်းရန် လွယ်ကူသွားကြပြီး သူ့အိမ်အပါခေါ် ပျော်ပါးကာ သေလမ်းပို့ခဲ့နိုင်ခြင်း ဖြစ်ပါသည်။

ခရစ္စတီသည် လန်ဒန်မြို့ပျက်၏ ချို့ယွင်းနေသော နော့တင်းဟီးခရိုင်အတွင်းရှိ ရီလင်တန်ပဲလေ့ ခေါ် အရပ်အမှတ် (၁၀) ချုံးချုံးကျ အိမ်ပျက်ကြီး၏ လသာဆောင်၌ (၁၄)နှစ်ကြာ နေထိုင်ခဲ့သည်။ ထို့နောက် (၁၉၃၈) ခုနှစ်အတွင်း၌ မြေညီထပ်သို့ ပြောင်းရွှေ့ကာ ဇနီးဖြစ်သူ အီသယ်လ်နှင့် အတူနေထိုင်ခဲ့သည်။ ထိုအခန်း၌ လူပေါင်းငါးယောက်အနက် အမျိုးသမီးများအား အကြမ်းဖက် သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက သူသည် ရဲတပ်ဖွဲ့အရန်တပ်ရင်း၌ အမှုထမ်းခဲ့သည်။ သူ၏ နောက်ကြောင်းရာဇဝင်မှတ်တမ်းကို စစ်ဆေးခဲ့၍

ယင်းရဲအမှုထမ်းအလုပ် ရရှိခဲ့ခြင်း ဖြစ်သည်။ စစ်ကြီးအပြီး၌ စက်ရုံတစ်ခု၌ ခေတ္တ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထို့နောက် စာတိုက်ဌာနတွင် စာရေး အလုပ် ဝင်ရောက် လုပ်ကိုင်ခဲ့သည်။

သူတို့လင်မယားနှစ်ဦး အမှတ်(၁၀)အိမ်ကြီး၌ နေထိုင်ခဲ့ကြစဉ် ရုတ်တရက် ပျောက်ခြင်းမလှ ဇနီးသည်မှာ ပျောက်သွားခဲ့ခြင်း ဖြစ်သည်။ (၁၉၅၂) ခုနှစ်၌ အခြား တိုက်ခန်းတစ်ခုဆီသို့ မုဆိုးဖို ခရစ္စတီသည် ပြောင်းရွှေ့နေထိုင်ခဲ့လေသည်။

(၁၉၅၃) ခုနှစ် မတ်လ အတွင်း၌ အမြော်အမြင်ရှိသည့် အိမ်ငှား တစ်ဦးသည် အဆိုပါ အမှတ်(၁၀) ရီလင်တန်ပဲလေ့ အိမ်မြေညီထပ်မှ အပုပ်နံ့ကို လိုက်လံစူးစမ်းခဲ့သည်။ အပုပ်နံ့မှာ မြေညီထပ်အတွင်း မီးဖိုခန်း ထဲမှ ကြောင်အိမ်တစ်လုံးပေါ်ရှိ မျက်နှာကြက်စက္ကူအထပ်ကြားမှ ဖြစ် သည်ဟု အိမ်ငှားဖြစ်သူက ထင်မှတ်ထားလေသည်။ ကြွက်တစ်ကောင် ကြောင်အိမ်ထဲ သေနေ၍သာ အပုပ်နံ့ထွက်ပေါ်နေခြင်း ဖြစ်မည်ဟူသော အထင်ဖြင့် ယင်း ဗီရိုကြောင်အိမ်ကို တံခါးဖျက်၍ ဖွင့်ကြည့်လိုက်သည်။ အတွင်း၌ မြင်လိုက်ရသောအရာမှာ အထင်နှင့်အမြင် ပါစင်အောင်လွဲခဲ့ပြီး ထိုမြင်ကွင်းကြောင့် အလွန် ထိတ်လန့်တုန်လှုပ်သွားကာ အနီးရှိ အများသုံး တယ်လီဖုန်းဖြင့် ဖုန်းနံပါတ် (၉၉၉) မှုခင်းထောက်လှမ်းရေးဌာနသို့ အကြောင်း ကြားခဲ့သည်။

သက်ဆိုင်ရာမှုခင်းရဲတို့ အခင်းဖြစ်နေရာသို့ ရောက်ရှိလာခဲ့ကြပြီး အခန်းကို ပိုက်စိပ်တိုက်ရှာဖွေကြသည်။ မြေညီထပ်မီးဖိုခန်းထဲရှိ ဗီရိုကို ဖွင့်၍ ရှာဖွေကြရာ ပြည့်တန်ဆာမသုံးဦး အလောင်းသုံးလောင်းကို တွေ့ ရှိခဲ့ကြသည်။ နောက်ထပ် လူသေအလောင်းကို နောက်ဘက် ခြံဝန်းကပ် စည်းရိုးနား၌ မြှုပ်နှံထားသည်ကို တူးဖော်တွေ့ရှိခဲ့ကြပြန်သည်။ မြေညီထပ် ဧည့်ခန်းကြမ်းခင်းအောက်မှ ခရစ္စတီ၏ဇနီး အီသယ်လ်ခရစ္စတီ၏အလောင်း ကို တွေ့ရှိခဲ့ကြသည်။ တရားခံ ခရစ္စတီက မိမိလူသတ်မှုပေါင်း ခြောက်မှု ကျူးလွန်ခဲ့ကြောင်းကို ဖြောင့်ချက်ပေးခဲ့လေသည်။ သူ၏ အခင်းဖြစ်အမှု ရာဇဝတ်မှုခင်းသမိုင်းတွင် စိတ်ဝင်စားစရာနှင့် ကြောက်စရာအကောင်းဆုံး မှုခင်းဖြစ်ရပ်မှန်တစ်ခု ဖြစ်လေသည်။ အရပ်ထဲ ပြောဆိုနေခဲ့ကြသည်မှာ

ခရစ္စတီသည် အမျိုးသမီးကလေးများအား သတ်ဖြတ်ပြီး လူသေအလောင်းတို့နှင့် ကာမဂုဏ်ပျော်ပါးရမှ ကျေနပ်မှု ရရှိသူ ဖြစ်သည်ဟု သိရှိရ၏။

ဤလူပေါင်းများစွာကို သွေးအေးအေးဖြင့် သတ်ဖြတ်မှုကြီး၌ ခရစ္စတီမှာ ပြစ်မှုထင်ရှားသော်လည်း သူမှာ စိတ်မနှံ့သူ၊ သူရူးတစ်ယောက်ဖြစ်နေ၍ သေဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိလိမ့်မည်ဟု သူက မျှော်လင့်ထားခဲ့သည်။ သို့ရာတွင် ရုံးတော်မှ သူ့အား သေဒဏ်ပြစ်မှုစီရင်ခဲ့သည်။

အခင်းဖြစ် အမှုမှာ ဤမျှဖြင့် ပြီးဆုံးမသွားခဲ့သေးချေ။ အဆိုပါ အမှတ်(၁၀) ရီလင်တန်ပဲလေ့ နေအိမ်တွင်းမှ ရှာဖွေတွေ့ရှိခဲ့သော လူသေအလောင်း(၆)လောင်းအပြင် ခရစ္စတီက သူ၏ ယခင်က အိမ်နီးချင်းဖြစ်ခဲ့ဖူးသူ တီမိုသီးအီဗန်းစ်၏ဇနီး ဘီရိုင်းလ်အီဗန်းစ်အား မိမိပင် သတ်ဖြတ်ခဲ့ကြောင်း ဖြောင့်ချက်ပေးခဲ့သည်။ သူ၏ ဖြောင့်ချက်မှာ နောက်အကျကြီးကျသွားခဲ့ပြီး အပြစ်မဲ့သူ တီမိုသီးအီဗန်းစ်အား မည်သို့မျှ သေမင်းလက်မှ မကယ်နိုင်တော့ပါချေ။ အကြောင်းမှာ (၁၉၅၀)ခုနှစ်အတွင်းက ဇနီးသတ်မှုဖြင့် သူ့အား ဖမ်းဆီးတရားစွဲဆိုပြီး ကြိုးပေးပြစ်ဒဏ် ထင်ရှားစီရင်ခဲ့သောကြောင့် ဖြစ်ပါသည်။

ယနေ့တိုင် တရားခံနှစ်ဦးဖြစ်ကြသော ဖြောင့်ချက်ပေးသူ ခရစ္စတီနှင့် စွဲချက်တင် ပြစ်မှုထင်ရှားသေဒဏ်ကျခံသွားရသူ အသတ်ခံရသူ၏ ခင်ပွန်း တီမိုသီးအီဗန်းစ်နှစ်ဦးအနက် မည်သူတရားခံအစစ် ဆိုသည်ကို မည်သူမျှ ကျိန်းသေ မသိနိုင်ကြပေ။ သေချာသည့် အချက်မှာ ယနေ့ မျက်မှောက် တရားရုံးတော်မှ ဂျူရီလူကြီးမင်းတို့ပင် တီမိုသီးအီဗန်းစ်၏ ရာဇဝတ်မှုခင်းကို အမှန်အကန် မဆုံးဖြတ်နိုင်ကြချေ။

(၁၉၄၉)ခုနှစ် နိုဝင်ဘာလ(၃၀)ရက်နေ့ ဝေလပြည်နယ်၊ မီလ်မြို့ရဲဌာနတစ်ခုသို့ ကိုယ်တိုင်လာရောက် အဖမ်းခံခဲ့ပြီး တရားခံအီဗန်းက ဖြောင့်ချက်ပေးခဲ့ခြင်း ဖြစ်သည်။ သူက ရုံးထိုင်ရဲအရာရှိအား ဤသို့ပြောကြားခဲ့သည်။ "ကျုပ်ကိုယ်တိုင် ဇနီးသတ်မှုတရားခံအဖြစ် လာရောက်အဖမ်းခံပါတယ်။ ကျုပ်ဇနီးအလောင်းကို ကျုပ်ကိုယ်တိုင် ဖျောက်ဖျက်ထားခြင်း ဖြစ်ပါတယ်"ဟူ၍ ဝန်ခံဖြောင့်ချက်ပေးခဲ့သည်။

အီဗန်းစ်မှာ လွယ်လွယ်နှင့် သူတစ်ပါးအလိမ်ခံရသူဖြစ်ပြီး ကုန်တင်

ကားမောင်းသမား ဖြစ်၏။ စာမတတ်။ သူသည် ခရစ္စတီ၏ မကောင်းကြံ စေခိုင်းသမျှ တစ်သဝေမတိမ်း လိုက်နာခဲ့သူ ဖြစ်သည်။ အီဗန်းစ်ကပင် ရဲသို့ မိမိဇနီးအလောင်း မြှုပ်နှံထားသည့်နေရာကို ထုတ်ဖော် ပြောကြားခဲ့ ခြင်း ဖြစ်၏။ သူ၏ ဇနီးအလောင်းမှာ ရီလင်တန်ပဲလေ့စ် နံပါတ်(၁၀) အိမ်ကြီး မြေညီထပ် ရေမြောင်းထဲ၌ ဝှက်ထားသည်ကို တွေ့ရှိခဲ့ကြသည်။ ထိုစဉ်က သူတို့လင်မယားသည် အပေါ်ဆုံးထပ်တွင် နေခဲ့ကြသည်။

ရဲအဖွဲ့ဝင်တို့က သူပြောသည့်အတိုင်း ဘီရိုင်းလ်အီဗန်းစ်၏ အလောင်း ကို ရေမြောင်းထဲ၌ လိုက်လံရှာဖွေကြရာ မတွေ့ခဲ့ကြရချေ။ နောက်ဆုံး၌ အမှတ်(၁၀) အိမ်ကြီးနောက်ဖေး အဝတ်လျှော်ဖွပ်ရာ ရေချိုးခန်းကလေး ထဲ၌ ရှာဖွေတွေ့ရှိခဲ့ကြသည်။ ခရစ္စတီ သတ်ဖြတ်ခဲ့သမျှ သူများကဲ့သို့ပင် အီဗန်းစ်၏ အမျိုးသမီးမှာ လည်လိမ်ချိုးအသတ်ခံခဲ့ရခြင်း ဖြစ်ကြောင်း တွေ့ရသည်။ သို့ရာတွင် ပို၍ ထိတ်လန့်စရာကောင်းသည့် ဒုတိယလူသေ အလောင်းတစ်လောင်းကိုလည်း ထိုအဝတ်လျှော်ခန်းကလေးထဲ၌ပင် ထပ်မံ တွေ့ခဲ့ကြသည်။ ယင်းအလောင်းမှာ အီဗန်းစ်၏ သမီးကလေး ဂျီရာလ်ဒင်း ဖြစ်သည်။ သူ့သမီးငယ်၏ အလောင်းကို တွေ့လိုက်ရသဖြင့် အီဗန်းစ်မှာ ရူးသွပ်မတတ် ဖြစ်သွားခဲ့ပြီး ပထမတော့ ဇနီးနှင့်သမီးကို မိမိ သတ်ခဲ့ပါ သည်ဟု ထွက်ဆိုခဲ့သည်။ ရုံးတော်တွင် ကြားနာစစ်ဆေးသည့် အခါကျမှ အီဗန်းစ်က ခရစ္စတီ သတ်ဖြတ်ခဲ့ကြောင်း စွပ်စွဲထွက်ဆိုခဲ့သည်။

ကံမကောင်း အကြောင်းမလှဘဲ အီဗန်းစ်သည် ခရစ္စတီအား မိမိ ဇနီးမှာ ဒုတိယကိုယ်ဝန် ရှိပြီဖြစ်ကြောင်း ဖွင့်ဟ ပြောကြားခဲ့သည်။ ခရစ္စတီ က သူ့ဇနီးအား ကိုယ်ဝန်ဖျက်ချရန် အကြံပြုခဲ့သည်။ အီဗန်းစ်ကလည်း သဘောတူခဲ့သည်။ ထို့နောက်ပိုင်း ခရစ္စတီက အီဗန်းစ်ဇနီးဖြစ်သူ၏ အလောင်းကို ပြသပြီး ကိုယ်ဝန်ဖျက်ချရင်း သေဆုံးသွားခဲ့ကြောင်း သို့ဖြစ်၍ အီဗန်းစ်အား ဇနီးသည်၏ အဝတ်အစားများနှင့် သူမပိုင်ပစ္စည်းတို့ကို ဖျောက်ဖျက်ပစ်ပြီး လန်ဒန်မှာ ခေတ္တခဏ တိမ်းရှောင်နေရန် အကြံပေးခဲ့ သည်။ ထိုအတောအတွင်း ခရစ္စတီက အီဗန်းစ်၏ သမီးငယ်ကလေးအား သူ့အသိ ဇနီးမောင်နှံအား တရားဝင် မဟုတ်ဘဲ မွေးစားရန် ပေးပစ်ဖို့ စီစဉ်ခဲ့သည်။ သို့ရာတွင် ချက်ချင်း စိတ်ပြောင်းသွားခဲ့ပြီး ထိုကလေးကိုပါ

အပျောက်ရှင်းပစ်ခဲ့လေသည်။

အထက်ဖော်ပြပါ အကြောင်းအရာမှာ တရားခံအီဗန်းစ်ကိုယ်တိုင် ရုံးတော်၌ ထွက်ဆိုခဲ့သော ဖြောင့်ချက် ဖြစ်ပါသည်။ သို့ရာတွင် သူ့စကားကို ဂျူရီလူကြီးတို့ အလျှင်း အယုံအကြည် မရှိခဲ့ကြချေ။ ရုံးတော်တွင် ရဲသားဟောင်းခရစ္စတီမှာ ပိုမို၍ နားလည်သဘောပေါက်အောင် ရှင်းလင်းပြနိုင်သည့် မျက်မြင်သက်သေတစ်ဦး ဖြစ်၏။ အမျိုးသမီးတစ်ဦးအား အနိုင်အထက် လက်နက်ဖြင့် တိုက်ခိုက်သတ်ဖြတ်မှုကိုမူ ဂျူရီလူကြီးအား ထုတ်ဖော်တင်ပြခြင်း မရှိခဲ့ပေ။ ရုံးတော်မှ ထိုအမှုစီရင်ချက်ထဲ၌ ခရစ္စတီအား လုံး၀ အပြစ်မရှိသူဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရ၏။

လူရိုးလူန အီဗန်းစ်မှာ သူ၏ ရင်သွေးလူမည်ကလေးအား သတ်မှုတစ်ခုတည်းဖြင့် ကြိုးဒဏ်ကျခံသွားခဲ့ရသည်။ လူပေါင်းများစွာ သတ်ဖြတ်ခဲ့သူ တရားခံခရစ္စတီမှာမူ သူကျူးလွန်ခဲ့သော ပြစ်မှုများ မပေါ်ပေါက်သေး၍ ရာဇ၀တ်ဘေးမှ သုံးနှစ်ကြာ ကာလအထိ လွတ်မြောက်နေခဲ့သေးသည်။ ယင်း အချိန်အတောအတွင်း နောက်ထပ် လူသတ်မှုပေါင်းလေးမှုကို ကျူးလွန်ခဲ့ပြန်သည်။ ခရစ္စတီသည် သူ၏ ဇနီးနှင့် ပြည့်တန်ဆာမ သုံးယောက်တို့အား ဆက်တိုက် သတ်ဖြတ်ခဲ့သည်။ ယင်းတို့၏ အလောင်းများကို (၁၉၄၂)ခုနှစ်နှင့် (၁၉၄၄)ခုနှစ်အတွင်းက သူကျူးလွန်သတ်ဖြတ်ခဲ့သော မိန်းမနှစ်ယောက်တို့၏ အလောင်းတို့နှင့်ပေါင်း၍ အိမ်နောက်ဘက်ခြံထဲတွင် မြှုပ်နှံထားခဲ့သည်။

ရာဇ၀တ်ဘေးဟူသည် ပြေး၍မလွတ်ပါချေ။ (၁၉၅၃)ခုနှစ်တွင် ခရစ္စတီအား ဖမ်းဆီးကာ ရုံးတင်တရားစွဲဆိုခဲ့သည်။ သူ့အား ကြားနာစစ်ဆေးပြီး မိမိဇနီးအား သတ်မှုဖြင့် (၁၉၅၃)ခုနှစ် ဇူလိုင်လ(၁၅)ရက်နေ့၌ပင် တွန်ပိုင်းလ်ထောင်ကြီးတွင် ကြိုးပေး၍ ပြစ်မှုထင်ရှား စီရင်ခဲ့သည်။

ဤမျှနှင့် အဆိုး၀ါးဆုံး လူသတ်ကောင်ကြီး ခရစ္စတီ၏ ဇာတ်လမ်းမှာ ပြီးဆုံးမသွားခဲ့ပေ။ ပြည်သူများက မိမိရင်သွေး လူမမည်ကလေး သတ်မှုဖြင့် အီဗန်းစ်အား သေဒဏ်စီရင်ချက်ချမှတ် အပြစ်ပေးစီရင်ခဲ့သည်တို့မှာ မှားယွင်းစီရင်ခြင်းတစ်ရပ်အဖြစ် မကျေမနပ် ပွက်လောရိုက်ကာ ပြန်လည်စုံစမ်းစစ်ဆေးရေးတစ်ရပ် ပြုလုပ်ပေးရန် တောင်းဆိုခဲ့ကြသည်။ ထိုကိစ္စမှာ

လိပ်ခဲတည်းလည်းဖြစ်ခဲ့ရာ နှစ်ပေါင်း အတန်ကြာခဲ့ပြီး (၁၉၆၆) နှစ်ကျမှ အီဗန်းစ်၏ အမှုကို ပြန်လည် စစ်ဆေးသုံးသပ်ပေးရန် တောင်းဆိုမှုမှာ အောင်မြင်မှု ရရှိခဲ့သည်။ သို့နှင့် သက်ဆိုင်ရာ အစိုးရအာဏာပိုင်တို့က တရားသူကြီး မစ္စတာဂျပ်စတင်ဘရာဘင် ဦးဆောင်သည့် စုံစမ်းစစ်ဆေး ရေးတစ်ရပ် ဖွင့်ခဲ့သည်။ သူက ဤသို့ အဆုံးအဖြတ်ပေးကာ ပြည်သူတို့ ထင်မြင်ယူဆချက်ဖြစ်သော အီဗန်းစ်အမှုမှာ မှားယွင်းဒဏ်ချသော စီရင် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်ကို ပယ်ချခဲ့သည်။ သူက ဤသို့ ပြောခဲ့သည်။

"အခင်းဖြစ်အမှု၌ တရားခံအီဗန်းစ် မိမိဇနီးဖြစ်သူ ဘီရိုင်းလ်အီဗန်းစ် အား သတ်ခဲ့ကြောင်း ပိုမို ဖြစ်နိုင်စရာရှိပြီး သူ၏ သမီးငယ် ဂျီရာလ်ဒင်း အား သတ်ခဲ့သည် ဆိုခြင်းမှာ ပိုမို ဖြစ်နိုင်ဖွယ်ရှိကြောင်း" အဆုံးအဖြတ် ပေးခဲ့ပါသည်။

သို့သော် ယင်း အီဗန်းစ်၏ အခင်းဖြစ်အမှု ပြန်လည် စစ်ဆေး သုံးသပ်မှု အဖွဲ့ခေါင်းဆောင် တရားသူကြီး ဘရာဘင်၏ တစ်ချက်လွှတ် ပယ်ချမှုမှာ ခေတ္တခဏသာ တည်နေခဲ့သည်။ အီဗန်းစ် လိုလားသူတို့က ထိုအမှုကို မကျေနပ်ဘဲ ဆက်လက် တိုက်ပွဲဝင်ခဲ့ကြသည်။ သူတို့လိုလား နေကြသည်မှာ မိမိသမီးအရင်းခေါက်ခေါက်အား လူသတ်မှုကျူးလွန်ခဲ့ သည်ဟူသော အီဗန်းစ်အပေါ် မှားယွင်းဆုံးဖြတ် အပြစ်ပေးစီရင်ခဲ့သည့် အတွက် နိုင်ငံတော်က သူ့အား ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေး ရန်ပင် ဖြစ်သည်။ သို့နှင့် အီဗန်းစ်မှာ နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့် ရရှိခဲ့ပြီး၊ သူ၏ အလောင်းကိုပင် တန်ဗိုင်းအကျဉ်းထောင်မှ ပြန်လည် တူးဖော်ခဲ့ပြီး ဘုရားကျောင်းအတွင်း၌ ပြန်လည် မြှုပ်နှံခဲ့ကြသည်။

အဆိုပါ အခင်းဖြစ် အီဗန်းစ်၏ အမှုနှင့်ပတ်သက်သည့် အာဏာပိုင် ရဲအဖွဲ့အစည်းတို့ လစ်ဟင်းချက်ကို အကိုးအကားပြု၍ မေးလာသည့် အဆုံးစွန် မေးခွန်းကိုမူ ရုံးတော်မှ အဆုံးအဖြတ် မပေးနိုင်ခဲ့ချေ။ အစ ကောင်းမှ အနှောင်းသေချာ ဆိုသကဲ့သို့ ယင်းအခင်းဖြစ်အမှု စတင်ကြားနာ စစ်ဆေးစဉ်ကတည်းက သက်ဆိုင်ရာရဲအဖွဲ့ဝင် အမှုကိုင်တို့အနေဖြင့် သက်သေအထောက်အထား စုံလင်စွာ ထုတ်ဖော်တင်ပြရန် ပျက်ကွက်ခဲ့ ကြသည်။ အကယ်၍သာ သက်သေအထောက်အထား စုံလင်စွာ ထုတ်

ဖော်ခဲ့ပါက ယင်း အမှုသည်လည်း မှားယွင်းစရာ မရှိ၊ အမှန်အကန်သာ ဖြစ်လာရပေမည်။ စင်စစ် မပြေးသော်ကံရာရှိ၊ အကွက်ဆင် ကြံစည်ကာ လူသတ်မှုကျူးလွန်တတ်သူ အာသွက်လျှာသွက်ဖြင့် ဖြားယောင်းတတ်သည့် လူပေါင်းများစွာကို လည်လိမ်ချိုး၍ သတ်ဖြတ်ခဲ့သော လူသတ်ကောင်ကြီး ခရစ္စတီကိုသာ ခြေရာကောက်မိမည် ဖြစ်ပါသည်။ ထို့ပြင် ကြိုးမိန့်ကျခံသွားခဲ့သူ အီဗန်းစ်က ဇနီးဖြစ်သူ ဘီရိုင်းလ်အီဗန်းစ်နှင့် သမီးငယ်ကလေး ဂျီရယ်လ်ဒင်းတို့အား အမှန်တကယ် သတ်ခဲ့သူမှာ မိမိမဟုတ်၊ ခရစ္စတီသာဖြစ်ကြောင်း စွပ်စွဲတင်ပြ ထုချေထွက်ဆိုသွားစဉ်က တာဝန်ရှိ ရဲအဖွဲ့ဝင်တို့ တရားခံလူသတ်ကောင် ခရစ္စတီ ကျူးလွန်ခဲ့သော ပြစ်မှုမှတ်တမ်းကို ထည့်သွင်းမစဉ်းစားခဲ့ကြခြင်းမှာ သူတို့၏ အမှားပင် ဖြစ်သည်။ သူတို့အနေဖြင့် ဟန်ဆောင်ကောင်းသည့် လူသတ်သမား ခရစ္စတီ၏ စစ်အတွင်း ရဲအမှုထမ်းခဲ့စဉ်က အကျင့်စာရိတ္တ ကောင်းမွန်ခဲ့သော ကိုယ်ရေးသမိုင်းကို ငဲ့ကွက်ခဲ့ကြလေသလော မပြောတတ်ပေ။ တစ်ကိုယ်လုံး မှုသားခြုံနေသော ခရစ္စတီ၏ ဆင်ခြေကို ရဲအဖွဲ့ဝင်တို့ ယုံကြည်ခဲ့ကြသည်။ သူက မိမိမှာ ကြွက်သားကိုက်ခဲသည့် ရောဂါဝေဒနာကြောင့် မည်သည့် အလေးအပင်ကိုမျှ မ,၍မရကြောင်း သို့အတွက် တရားခံအီဗန်းစ်၏ဇနီးဖြစ်သူ ဘီရိုင်းအီဗန်းစ်၏ အလောင်းကို ကူညီရွှေ့ပြောင်း မြှုပ်နှံဖျောက်ဖျက်ရန် အကူအညီ တောင်းခံခဲ့သည်ကို မိမိငြင်းပယ်ခဲ့ကြောင်း ရဲရှေ့၌ ထွက်ဆိုခဲ့သည်။


ပထမကိစ္စရပ်၌ အခင်းဖြစ်အမှု၏ အရေးပိုင် ရဲအဖွဲ့ဝင်တို့သည် မစ္စစ်အီဗန်းစ်၏ အလောင်းကို ရီလင်တန်ပဲလေ့စ်တွင် ရှာဖွေကြစဉ်က အဘယ်ကြောင့် ရေချိုးခန်း အဆောင်ကလေးအတွင်း မရှာဖွေခဲ့ကြပါသနည်း။ တတိယအခေါက် သူတို့ သွားရောက် ရှာဖွေသည့်အခါကျမှ ကြောက်စရာ လန့်စရာ ရုပ်ပျက်ဆင်းပျက် အလောင်းကြီးကို တွေ့ခဲ့ကြရခြင်း ဖြစ်သည်။ ထို့နောက် စုံထောက်များ၊ ရဲအဖွဲ့ဝင်များ ခရစ္စတီနှင့်အတူ သူ၏ ဝင်းခြံနောက်ဖေးဘက်၌ အခင်းဖြစ်အမှုနှင့် ပတ်သက်၍ ဆွေးနွေးမေးနေကြစဉ် အာသာခရစ္စတီ၏ ခြံဝင်းသေးသေးကလေးထဲအနှံ့ တူးဆွကြည့်ခဲ့ပါလျှင် အသတ်ခံခဲ့ရသူ ဘီရိုင်းလ်အီဗန်းစ်၏အလောင်းကို

တွေ့ကောင်းတွေ့ခဲ့မည် ဖြစ်ပါသည်။

အကယ်၍သာ ခရစ္စတီ၏ ခြံဝင်းထဲ တူးဆွရှာဖွေကြည့်ရန် ဆုံးဖြတ်ခဲ့ကြပါက စုံထောက်တို့ လူသေအလောင်းမြှုပ်ထားသည့် သချိုင်းတိမ်တိမ်ကလေးများကို အလွယ်တကူ တွေ့ကြရမည်ဖြစ်၏။ သို့သော် ယင်းသချိုင်းမြေပုံတို့မှာ မစ္စစ်အီဗန်း၏ သချိုင်းတော့ မဟုတ်ပါ။ ခရစ္စတီ ဖြားယောင်း၍ခေါ်လာပြီး သတ်ပစ်ကာ မြှုပ်နှံထားသော မိန်းမနှစ်ယောက်၏ အလောင်းတို့ကို တွေ့ကြရမှာ အမှန်ပင် ဖြစ်ပါသည်။ အခင်းဖြစ်အမှုကို ကိုင်တွယ်ခဲ့ကြသော စုံထောက်များသည် (၁၉၄၉)ခုနှစ် ချမ်းအေးသည့် ဒီဇင်ဘာလနံနက်ခင်း၌ အဆိုပါ အမျိုးသမီးအလောင်းနှစ်လောင်း မြှုပ်နှံထားရာမြေပုံပေါ်တွင်ရပ်လျက် စကားလက်ဆုံကျခဲ့ကြသည်။ ထိုစဉ်က ခရစ္စတီမွေးထားသည့် မွန်ဂရီခွေးကလေးမှာ စုံထောက်တို့ ခြေထောက်အနီးမြေကြီးကို လက်နှစ်ဖက်ဖြင့် ယက်ထုတ်နေခဲ့သည်။ ထိုအခိုက် မိန်းမတစ်ယောက်၏ ဦးခေါင်းခွံကြီး ပေါ်လာခဲ့သည်။ ခရစ္စတီက ခွေးငယ်အားခဲဖြင့်ပေါက်၍ အဝေးသို့ နှင်ထုတ်ခဲ့ပြီး သက်သေအထောက်အထားအလောင်းဦးခေါင်းခွံအား ဖုံးပစ်ခဲ့သည်။ စုံထောက်များ သတိမပြုမိခဲ့ကြချေ။

အကယ်၍သာ သူတို့ ပိုမို အလေးအနက်ထား၍ စူးစမ်းခဲ့ကြပါလျှင်နောက်ထပ် လူသတ်မှု ကျူးလွန်ခံရမည့် အမျိုးသမီးလေးယောက်တို့၏ အသက်ကိုလည်း သေမင်းလက်မှ ကယ်နိုင်မည့်အပြင် တီမိုသီးအီဗန်းစ်အားလည်း ကြိုးဒဏ် ပြစ်ဒဏ် စီရင်ခံရမည့်ဘေးမှ ချမ်းသာရာရလိမ့်မည် ဖြစ်ပါသည်။

❀ ❀ ❀



အဆိပ်ဘုရင်ဟု သမိုင်းတွင် နာမည်ကြီးခဲ့သော နီးလ်ကရင်မ်

# အဆိပ်ဘုရင် နီးလ်ကရင်

နီးလ်ကရင် (Neill Cream)မှာ (၁၈၉၂)ခုနှစ် နိုဝင်ဘာလ (၁၅)ရက်နေ့တွင် စတင်၍ အာဏာပါးကွက်သား ကြိုးစင်ဒေါက်ဖြုတ်သမားအလုပ် လုပ်ခဲ့သည်။ သူ့တွင် အံ့သြစရာအချက်တစ်ချက် ရှိနေသည်။ မမျှော်လင့်ဘဲ မိမိမှာ ဂျက်သည်ရစ်ပါး(Jack The Ripper)ခေါ် စိတ္တဇလူသတ်သမားကြီး ဖြစ်ကြောင်း ဝန်ခံခဲ့သည်။ သက်ဆိုင်ရာ အာဏာပိုင်တို့က သူ့အကြောင်း ပို၍ သိကြသည်။ သူ၏ ဝန်ခံချက်မှာ သနားစရာကောင်းသည့် စိတ္တဇဆန်သူတစ်ဦး၏ ဒေါက်ဖြုတ်သမားအလုပ်နှင့် လိုက်ဖက်ညီအောင် ဂုဏ်ယူဝင့်ကြွားပြဖို့ ကြိုးစားခြင်းတစ်ရပ် ဖြစ်ကြောင်း သူတို့နားလည် သဘောပေါက်ထားကြသည်။ အကြောင်းသိတစ်ဦး၏ ထုတ်ဖော်ပြောပြချက်အရ ကရင်သည် ကလေကချေတစ်ယောက်ဖြစ်ပြီး အလိုရမ္မက်ရှိသူ ဖြစ်၏။ ကာယကံမြောက်လည်း ရက်စက်ယုတ်မာသူ ဖြစ်ပြီး တစ်နေရာ တစ်ဒေသတည်းမှာပင် သူပစ်မှတ်ထားသူတို့အား မရမနေသတ်ဖြတ်ခဲ့သည်။ လူပေါင်းများစွာ သတ်ခဲ့သော စိတ္တဇလူသတ်သမားဖြစ်ကြောင်း သိရှိရသည်။ ဤသို့သော ပုံစံဖြင့် လူသတ်မှုပေါင်းများစွာကျူးလွန်ခဲ့ရာ လန်ဒန်မြေအောက်လောကမှ ကျော်စောသတင်း ကြီးလှသည့် လူသတ်သမားထက် မုန်းစရာအကောင်းဆုံး လူသတ်သမားကြီးဖြစ်လေသည်။

ကရင်သည် အကြင်နာတရားမဖက် ရက်စက်ယုတ်မာလွန်းသော

လူသတ်သမား ဖြစ်၏။ သူထောင်ဒဏ် လျှော့လျှော့ပေါ့ပေါ့ ကျခဲ့ကာ ထွက်ခဲ့ပြီး အဆိုးဝါးဆုံး လူသတ်မှုတို့ကို ကျူးလွန်ခဲ့ပြန်သည်။ သူသည် စကော့တလန်နိုင်ငံ၊ ဂလပ်စ်ဂေါင်းမြို့၌ (၁၈၅၀)ခုနှစ်အတွင်းက မွေးဖွားခဲ့ပြီး သူ့အသက် လေးနှစ်သားအရွယ်တွင် သူ့မိဘနှစ်ပါးသည် ကနေဒါနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ယင်းသို့ ကနေဒါနိုင်ငံ၌ နေထိုင်ခဲ့ကြပြီး ကြီးပွားလာခဲ့ကြရာ သားဖြစ်သူ ကရင်အား မွန်ထရီလ်မြို့ မက္ကဂီးလ်ကောလိပ်သို့ ပို့ကာ ဆက်လက် ပညာသင်ကြားစေခဲ့ရာ (၁၈၇၆)ခုနှစ်၌ ဆရာဝန်ဒေါက်တာဘွဲ့ ရရှိခဲ့သည်။

ဆေးပညာရှင် ဆရာဝန် ဆိုသည်မှာ လူသားတို့၏ အသက်ကို ကယ်ဆယ်ရန် ဖြစ်သော်လည်း သူ့အဖို့တော့ လူ့အသက် နုတ်ယူဖို့ ဖြစ်ခဲ့သည်။ ကယ်တင်ဖို့ထက် သတ်ဖြတ် ဖျက်ဆီးဖို့သာ သူက စိတ်ဝင်စား အာရုံကျခဲ့သူ ဖြစ်၏။ ကိုယ်ဝန်ဖျက်ချသည့် ဆရာဝန်အလုပ်ဖြင့် အသက်မွေးခဲ့ရာ အကျိုးဖြစ်ထွန်းခဲ့သော်လည်း ထိုခေတ် ထိုအခါက ယင်းအလုပ်မှာ တရားဥပဒေက တားမြစ်ထားသော တရားမဝင်လုပ်ငန်း ဖြစ်သည်။ ကရင်မှာ ရာဇဝတ်မှုမကင်းသည့် ကိုယ်ဝန်ဖျက်ချပေးသည့် ဆရာဝန်အလုပ်ဖြင့် စားသာခဲ့ရာ တစ်နေ့ ဖလော်ရာဘရုခ်ဆိုသူ မိန်းကလေးတစ်ဦးနှင့် လွန်လွန်ကျူးကျူး ဖြစ်ခဲ့ပြီး ကလေးမ၌ ကိုယ်ဝန်ရှိခဲ့သည်။ မိန်းကလေးဖခင်ဖြစ်သူက သူ့အား သေနတ်ဖြင့်ချိန်၍ သမီးဖြစ်သူ ဖလော်ရာအား လက်ထပ်စေခဲ့သည်။ ကရင်လည်း မိန်းကလေးအား လက်ထပ်ပြီး ဟန်းနီးမွန်းတစ်ရက်သာ ထွက်ခဲ့ကြပြီး ဆေးပညာ ဆက်လက် သင်ကြားရန် လန်ဒန်သို့ နောက်နေ့၌ ထွက်ခွာခဲ့သည်။

ဇနီးအပေါ် စိတ်စေတနာ မရှိသော ခင်ပွန်းသည် ကရင်သည် တစ်နှစ်အကြာ လန်ဒန်မှ ပြန်ရောက်အလာ၌ ဇနီးဖြစ်သူ ဖလော်ရာသည် အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း သိခဲ့ရသည်။ သူလည်း ဒုံရင်းအလုပ် သားဖျက်ဆရာဝန်အဖြစ် ဆက်လက် လုပ်ကိုင်ခဲ့သည်။ ဘေးပန်းဝင်ငွေအဖြစ်နှင့် ငွေညှစ်သည့်အလုပ်ပါ လုပ်ကိုင်ခဲ့သည်။ ဝင်ငွေဖြောင့်သော်လည်း သူ၏ ဂုဏ်သိက္ခာမှာ ပို၍ပို၍ မကောင်းသတင်း ကြီးလာခဲ့သည်။ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသကဲ့သို့ သူလည်း

အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့ကာ ချီကာဂိုတွင် အခြေချခဲ့သည်။ (၁၈၈၀)ခုနှစ်၌ သူ့အပုပ်နံ့ကို ရဲအာဏာပိုင်တို့ ရသွားခဲ့ကြသည်။

တစ်နေ့ ဂျူလီယာဖောက်လ်နာ အမည်ရှိသော အမျိုးသမီးကလေး တစ်ယောက်၏ ကိုယ်ဝန်ကို ဖျက်ပေးရာမှ ကလေးမလေး သေဆုံးသွားခဲ့သည်။ ယင်း လူသတ်မှုဖြင့် အဖမ်းခံခဲ့ရ၏။ သို့ပါသော်လည်း ကရင်က ကြိုးစား၍ ယင်း ပြစ်မှု ပပျောက်သွားအောင် ရှင်းလင်းပစ်ခဲ့သည်။ နောက်ပိုင်းတွင် သူ၏ တရားဝင်လူနာ အနည်းငယ်ထဲမှ နှစ်ဦး သေဆုံးသွားခဲ့သည်။ ပထမတစ်ဦးမှာ အပျိုကြီးတစ်ယောက် ဖြစ်ပြီး ကရင်၏ ဆေးခန်းသို့ လာနေကျ ဖြစ်၏။ ဒုတိယလူနာမှာ ဝက်ရှူးပြန်ရောဂါသည် မီးရထားအလုပ်သမားတစ်ယောက် ဖြစ်သည်။ သူ့အမည်မှာ ဒင်းနီယယ်လ်စတော့ဖြစ်ပြီး သူ၏ ဇနီးမှာ ဆေးခန်းသို့ ခင်ပွန်းသည်အတွက် ဆေးယူရန် အမြဲတစေ လာလေ့ရှိသည်။ ဆေးအယူလာတိုင်း ဆရာဝန်ကရင်နှင့် ကာမဂုဏ်ခံစားရသည်ကို အမျိုးသမီး ဘဝင်ခိုက်နေခဲ့သည်။

အထက်ပါ ကရင်၏လူနာ အပျိုကြီးနှင့် ဝက်ရှူးပြန်ရောဂါသည် မီးရထားလုပ်သားကြီးတို့ သေဆုံးမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ ရဲအဖွဲ့ဝင်တို့ သူ့အပေါ် သင်္ကာယနမကင်း မဖြစ်ခဲ့ကြပေ။ သို့သော် သူတို့ သူ့အပေါ် အာရုံစိုက်စရာ ဖြစ်လာခဲ့သည်မှာ သူ၏ အိုးမလုံအုံပွင့်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ကရင်က သူ့အပေါ် သံသယကင်းရန် ရည်ရွယ်၍ ဓာတုဗေဒ ဆေးဝါးဆိုင်ရှင်အပေါ် ပုံချဖို့ ကြိုးစားကာ ရာဇဝတ်မှုခင်းဆိုင်ရာ သေမှုသေခင်း စစ်ဆေးရေး ဆေးဘက်ဆရာဝန် ကို့ရိုနာထံ တိုင်စာတစ်စောင် ရေးသားပေးပို့ခဲ့သည်။ စာထဲ၌ သေဆုံးသူ ဝက်ရှူးပြန်ရောဂါသည် မီးရထားအလုပ်သမားကြီး ဒင်နီယယ်လ်စတော့အားပေးသည့် ဓာတုဗေဒ ဆေးဝါး ဖော်စပ်သူ၏ ဆေးလုံးတို့၌ စတွိုင်ချ်နိုင်း (Stoychnine) ခေါ် စိန်အဆိပ်ပါသည့်ဆေး အလွန်အကျွံပါနေ၍ သေဆုံးရခြင်း ဖြစ်ဟန်တူသဖြင့် သူ့အလောင်းကို ပြန်ဖော်၍ စစ်ဆေးကြည့်သင့်ကြောင်း သတင်းပေးခဲ့သည်။ ကရင်မှာ မစွမ်းရင်းက ရှိကြသဖြင့် သေသူစတော့၏ဇနီး မုဆိုးမနှင့် ခိုးရာလိုက်ပြေးခဲ့ကြသည်။ သူ့အား သက်ဆိုင်ရာရဲဘက်မှ လိုက်လံဖမ်းဆီး ရုံးတင်တရားစွဲဆိုပြီး ဒင်နီယယ်လ်စတော့အား အဆိပ်ကျွေး

သတ်မှုဖြင့် လူသတ်မှုပြစ်မှုဆိုင်ရာ ဒုတိယဒီဂရီပုဒ်မဖြင့် ထောင်ဒဏ်တစ်သက် အပြစ်ပေးချမှတ်ခဲ့သည်။

သို့သော် သူ့ကံက ကောင်းနေသေးသည်။ (၁၈၉၁)ခုနှစ် ဇူလိုင်လအတွင်း၌ အီလီနွိုက်ပြည်နယ် ဘုရင်ခံက အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေကြရသော အကျဉ်းသားတို့အား ချမှတ်အပြစ်ပေးထားသော ပြစ်ဒဏ်တို့မှ လျှော့ပေါ့ပေးခဲ့သည်။ သို့နှင့် ကရင်မှာ ထောင်နန်းစံ (၁၀)နှစ်အကြာတွင် ထောင်မှ လွတ်ခဲ့သည်။ သူ့ဖခင် ကွယ်လွန်ခဲ့ပြီး သူ့အတွက် ဒေါ်လာငွေ (၁၆,၀၀၀)ချန်ရစ်ခဲ့သည်။ တန်ခိုးကြီးဇာ တိက္ကမကြီးသည့် ကရင်မှာ လွတ်လပ်သည့်ဘဝကို ပြန်လည်ရရှိခဲ့ကာ စည်းစိမ်ချမ်းသာ အသစ်ကို ခံစားခဲ့ရ၏။ သို့နှင့် ကနေဒါနိုင်ငံသို့ ပြန်ခဲ့သည်။ မကြာမြင့်မီ ကာလ၌ပင် ကရင်သည် အင်္ဂလန်နိုင်ငံသို့ သင်္ဘောဖြင့် ပြောင်းရွှေ့ခဲ့ပြီး လန်ဒန်မြို့နယ်တောင်ပိုင်း ဂတ်စ်မီးရောင်များ ထိန်ထိန်လင်းနေသည့် လင်းဘတ်သ်မြို့သစ်၌ အခြေချခဲ့ပြန်သည်။ ထိုအရပ်၌ ကျောင်းသား တစ်ယောက်ကဲ့သို့ လှည့်လည်ကာ သွားနေခဲ့သည်။

ကရင်သည် ဂျက်သည်ရစ်ပါး (Jack the Ripper) ခေါ် စိတ္တဇလူသတ်သမား၏ဘဝကို အပတ်တကုတ် လေ့လာခဲ့သည်။ သူက ဂုဏ်ယူဝင့်ကြွားစွာဖြင့် စိတ္တဇလူသတ်ကောင် လမ်းစဉ်နောက် ကောက်ကောက်ပါအောင် လျှောက်ခဲ့လေတော့သည်။ သူ၏ ဝါသနာမှာ ပြည့်တန်ဆာမတို့နှင့် ပျော်ပါးခြင်းပင် ဖြစ်၏။ သို့သော် အပြာမယ်တို့နှင့် ကာမဂုဏ်ပျော်ပါးခြင်းသည် သူ့အဖို့ သုခသက်သက်ချည်း မဟုတ်ပေ။ သူက ညဥ့်ငှက်မလေးတို့အား သူတို့၏ မျက်နှာမှ အစက်အပြောက်များ ပျောက်ကင်းစေသည့် ဆေးဟု ပြောဆိုကာ ဆေးလုံးများ ပေးလေ့ရှိခဲ့သည်။ အမှန်စင်စစ် ထိုဆေးမှာ အလွန် မချိမဆံ့ ဝေဒနာပြင်းထန်စွာ ခံစားပြီးမှ အသက်ထွက်ရသော စတ္တိုင်းချ်နိုင်းခေါ် စိန်အဆိပ် ပါဝင်လေသည်။ ထိုပြည့်တန်ဆာမလေးတို့မှာ သူ့အပေါ် ယုံကြည်သဖြင့် သူပြန်သွားလျှင် သွားချင်း၊ သူပေးခဲ့သည့် စိန်ပါသော ဆေးကို သောက်ခဲ့ကြသည်။ ကရင်ကမူ သူ့ပစ်မှတ်သားကောင်တို့ မသေခင် မချိမဆံ့ လူးလိမ့်ကာ ပြင်းထန်စွာ ဝေဒနာခံစားပြီး အသက်ထွက်ကြမည့်အရေးကို တွေး၍ ပီတိဖြစ်နေခဲ့သည်။

(၁၉၈၁)ခုနှစ် နှောင်းပိုင်း၌ အဲလဇဘက်မာစတားစ်နှင့် အဲလဇဘတ်မေ အမည်ရှိ ပြည့်တန်ဆာမလေးနှစ်ယောက်တို့သည် လမ်းဘတ်မြို့ ဟာကြူလီ လမ်း သူတို့ နေအိမ်ပြတင်းမှနေ၍ ကရင်၏ အသွားအလာကို စောင့် ကြည့်နေခဲ့ကြသည်။ သူတို့အခန်းဆီသို့ ရှေ့ရှုလျှောက်လာနေရာမှ အသက် (၂၆)နှစ်ရွယ် မာတီလ်ဒါကလိုပါ အမည်ရှိ ညဥ့်ငှက်မလေး တစ်ဦးက သူ့အား နှုတ်ဆက်သည်ကို တွေ့လိုက်ကြရသည်။ ထို့နောက် လမ်းဘတ်လမ်းမကြီးပေါ်ရှိ သူမ တည်းခိုခန်းသို့ ကောက်ကောက်ပါအောင် လိုက်သွားတော့သည်။ ဤသို့ဖြင့် (၁၀)ရက်အကြာ အောက်တိုဘာလ (၂၀)ရက်နေ့တွင် မာတီလ်ဒါကလိုပါမှာ ပြင်းထန်သော ဝမ်းဗိုက် ဝေဒနာဖြင့် လူးလိမ့်ကာ သေဆုံးခဲ့သည်။ မသေခင် သွေးရူးသွေးတန်းဖြင့် ဖရက်ဆိုသူ တစ်ဦးပေးခဲ့သည့် ဆေးလုံးများ သောက်ခဲ့ပြီး အဆိပ်သင့်ခံရ ကြောင်း ပြောသွားခဲ့သည်။ သို့ရာတွင် မာတီလ်ဒါအား အရက်နာကျသည့် ရောဂါကို ကုသပေးသည့် မိသားစုဆရာဝန်က သူမ သေဆုံးရသော အကြောင်းရင်း ထောက်ခံစာ၌ သေရိုးသေစဥ် (၉၆)ပါးသောရောဂါဖြင့် သေဆုံးကြောင်း ရေးသားဖော်ပြထားလေသည်။

အထက်ပါ အခင်းဖြစ်ကိစ္စ မပေါ်ပေါက်မီ ခုနစ်ရက်အလို အောက် တိုဘာလ (၁၃)ရက်နေ့က အသက် (၁၉)နှစ်ရှိ ပြည့်တန်ဆာမ အီလန် ဒွန်ဝပ်သ်မှာ လန်ဒန်မြို့ ဝါတာလုတံတားကြီးပေါ်၌ ကြောက်စရာ လန့်စရာ မချိမဆံ့ ရောဂါဝေဒနာဖြင့် သေဆုံးခဲ့သည်ကို သိရှိခဲ့ရသည်။ သူမ မသေခင် ဆေးရုံသို့ တင်ပို့စဥ် သေတမ်းစစ်ချက် ထွက်ဆိုသွားသည်မှာ အရပ်ရှည်ရှည် မျက်စိနက်နက် ထောင့်ကပ်စောင့်နေသော ရွှေမျက်မှန် ကိုင်းနှင့် လူတစ်ယောက်က သူမအား အဖြူရောင်အရည်များ ပါဝင်သည့် ဆေးပုလင်းတစ်လုံး သောက်ဖို့ပေးခဲ့သည်ဟု ဆိုပါသည်။ ထိုသူမှာ ပိုးသား ဦးထုပ်တစ်လုံး ဦးခေါင်းတွင် ဆောင်းထားပြီး နှုတ်ခမ်းမွေးကားကားနှင့် ဖြစ်ကြောင်း သိရ၏။ သူမ၏ အလောင်းကို ပို့စ်မော်တင်ခွဲစိတ်စစ်ဆေး ခဲ့ရာ အစာအိမ်ထဲ၌ စိန်အဆိပ် တွေ့ရှိခဲ့သည်။ အီလန်မှာ စတွိုင်းချ်နိုင်း စိန်ပါသော ဆေးကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကရင်မှာ ကိုယ့်အပြစ်ကိုယ် ဆိတ်ဆိတ်မနေဘဲ မာတီလ်ဒါအား

အဆိပ်ခတ် သတ်စဉ်ကကဲ့သို့ပင် အီလန် သေဆုံးရခြင်းနှင့် ပတ်သက်၍ နာမည်ဖျက်၍ လော့ဒ်ရပ်ဆဲလ်နှင့် ဆရာဝန်ဒေါက်တာ ဝီလျံဘာရော့ဘင် ဆိုသူတို့ထံသို့ စွပ်စွဲစာတစ်စောင် ပစ်ခဲ့သည်။ ထိုအဆိပ်ကျွေးသတ်မှုကို မဖော်စေချင်လျှင် သူ့အား ဆရာဝန်က စတာလင်ပေါင် (၂၅၀၀)ပေးရမည်ဟု ခြိမ်းခြောက် ငွေညှစ်ခဲ့သည်။ ဘာရော့ဘင်မှာ ခေါင်းငုံ့မခံဘဲ ရဲသို့ တိုင်ချက်ဖွင့်ခဲ့သည်။ သို့သော် ခြိမ်းခြောက်ငွေညှစ်သမားမှာ စီစဉ်ထားသကဲ့သို့ ဘယ်သောအခါမှ မပေါ်ခဲ့ချေ။ ကရင်သည် သေမှုသေခင်း စစ်ဆေးသူ ရာဇဝတ်ဆေးဘက်ဆိုင်ရာ အရာရှိ ကရိုနာထံသို့လည်း သတင်းအပေးအယူလုပ်သည့် စာတစ်စောင် ပေးပို့ခဲ့သည်။ ကရိုနာမှာ အီလန်ဒွန်ဝပ်အမှုကို စစ်ဆေးရသူ ဖြစ်၏။ သူက မိမိသည် အီလန်အား အဆိပ်ကျွေးသတ်ခဲ့သော တရားခံကို သိထားသောကြောင့် သတင်းကို စတာလင်ပေါင် (၃၀၀,၀၀၀)ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ရေးသားထားခဲ့သည်။ သက်ဆိုင်ရာ ရဲအဖွဲ့ဝင်တို့ကို ထိုစာကို စုံထောက်ဌာနသို့ လွှဲအပ်ပေးခဲ့သည်။ စုံထောက် ဂျီ၊ အိုဘရန်လက်မှတ်ဖြင့် သူရှူးသူနှမ်းတို့ ခပ်ပေါက်ပေါက်ဖြင့် ရေးသားပေးပို့လေ့ရှိသော ဖိုင်တွဲတွင် ထည့်သွင်းထားလိုက်သည်။

ကရင်၏ပစ်စာများ ရေးသားခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ အမှုမှန် တရားခံလက်သည် အစစ်အမှန် မည်သည့်အခါမျှ မပေါ်ရန် ဖြစ်၏။ အချို့ စိတ်ပညာ၌ ကျွမ်းကျင်နှံ့စပ်သူတို့ အဆိုအရ ကရင်မှာ အများပြည်သူတို့၏ စိတ်ထဲ သူကျူးလွန်ခဲ့သော လူသတ်မှု၊ ရာဇဝတ်ပြစ်မှုတို့ကို အမြဲသတိရနေစေချင်၍ ဖြစ်သည်ဟု ဆိုပါသည်။ ထို့ကြောင့်လည်း တမင်သက်သက် လျှို့ဝှက်သတင်း အရောင်းအဝယ် ခြိမ်းခြောက်ငွေညှစ်စာများကို တီထွင်ကာ သူကျူးလွန်ခဲ့သော ရာဇဝတ်သတင်းတို့ကို တန်ဖိုးရှိအောင် သတင်းကြီးအောင် စိတ်ကူးယဉ်ဆန်ဆန်လုပ်ခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် သတင်းကြီးချင်၍ စတန့်ထွင်ခြင်းပင် ဖြစ်၏။

အမှန်စင်စစ် သူခြိမ်းခြောက်ငွေညှစ်ခြင်း၊ သတင်းရောင်းချခြင်းဖြင့် ရရှိမည့် ငွေအပေါ် စိတ်မဝင်စားခဲ့ချေ။ အချို့ ပြောစကားအရဆိုလျှင် ကရင် အဖို့ သူတစ်ပါးအား သေစေလိုသည့် တစ်ခုသာရှိပြီး အဖမ်းအဆီး

ခံချင်နေသည်။ သူ့စိတ်ကူးမှာ ယင်းသို့ အဖမ်းခံရမှ ပြည်သူတို့ အသိအမှတ်ပြုသည့် ဂုဏ်ထူးရရှိမည်ကို သူမျှော်လင့်ထားခြင်း ဖြစ်၏။ ဂျက်သည်ရစ်ပါးခေါ် စိတ္တဇလူသတ်သမားကြီးမှာ သူ့နောက်ခြေရာခံလိုက်သည့် ရဲအဖွဲ့ဝင်စုံထောက်တို့အား မခံချင်အောင် စာတိုက်မှနေ၍ ပေးစာတို့ဖြင့် ကလိပုံကို ကရင် အမှတ်ရကောင်းရဲ့ဟန် တူသည်ဟု အချို့က မှတ်ချက်ချခဲ့ကြသည်။

(၁၈၉၂)ခုနှစ် ဇန်နဝါရီလတွင် ထော်ရာဆပ်ဘက်တီနီနှင့် လက်ထပ်ရန် စေ့စပ်ကြောင်းလမ်းခဲ့ပြီး ကနေဒါနိုင်ငံသို့ သင်္ဘောရွက်လွှင့်ခဲ့သည်။ လမ်းခရီးအကြား သင်္ဘောပေါ်၌ ခရီးသွားဖော်တို့အား ကရင်က မိမိမှာ မည်မျှစွံကြောင်း၊ သူ့မိသားစု လမ်းခရီးဆူးညောင့်ဖြစ်စေမည့် အမျိုးသမီးတို့အား ပျော်ရုံပျော်ပါးပြီး အဆိပ်လက်နက်ဖြင့် မည်သို့မည်ပုံ ရှင်းလင်းပစ်ခဲ့ကြောင်းနှင့် သူ ယင်းသို့ လူသတ်မှု ကျူးလွန်တိုင်း နှုတ်ခမ်းမွေးအတုကြီးကပ်၍ ရုပ်ဖျက်ထားလေ့ရှိကြောင်း ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်ဇာတ်ခင်းကာ ကြွားဝါခဲ့လေသည်။

ကနေဒါနိုင်ငံသို့ ရောက်ခဲ့ပြီး မည်သည့်အကြောင်းမျှ မရှိဘဲ ကြော်ငြာပိုစတာ (၅၀၀)အကုန်အကျခံ ရိုက်နှိပ်ခဲ့သည်။ နံရံကပ်ပိုစတာတို့၌ **"အီလန်ဒွန်ဝပ်သ်သေဆုံးခြင်း". . . မက်ထရိုပိုလ်ဟိုတယ်၌ တည်းခိုနေကြသော ဧည့်ပရိသတ်သို့. . . လူကြီးလူကောင်း အမျိုးသမီးနှင့် လူကြီးမင်းများခင်ဗျား။ အောက်တိုဘာလ (၁၃)ရက်နေ့က အီလန်ဒွန်ဝပ်သ်အား အဆိပ်ခတ် သတ်ခဲ့သူ လူသတ်ကောင်တရားခံသည် ဤဟိုတယ်၌ ဝင်ရောက် အလုပ်လုပ်ကိုင်နေကြောင်း သတိပေးအပ်ပါသည်။ သို့ဖြစ်၍ ဤဟိုတယ်တွင် တည်းခိုနေသမျှ အချိန်အတွင်း အသင်တို့အတွက် အသက်အန္တရာယ် စိုးရိမ်ရကြောင်း သတိပေးကြေညာအပ်ပါသည်။**

**လေးစားစွာဖြင့်**
**ဒဗလျူ၊ အိပ်ချ်၊ မာရေး**
**လန်ဒန် (၁၈၉၂)ခု၊ ဧပြီလ**

ဟူ၍လက်မှတ်ထိုးထားသည်ကို တွေ့ရှိရသည်။ သို့ရာတွင် ကရင်ဘာကြောင့် မက်ထရိုပိုလ်ဟိုတယ်ကိုမှ ရွေးချယ်ရပါသနည်း ဆိုသည်ကိုမူ

ရှင်းလင်းမပြခဲ့ချေ။ အမှန်စင်စစ် သူရိုက်နှိပ်ထားသော ပိုစတာတို့ကို ဟိုတယ်၌ မည်သည့်အခါမျှ မကပ်ခဲ့ချေ။

ကရင်သည် မတ်လ (၂၃)ရက်နေ့က နယူးယောက်မြို့မှ လစ်ဗာပူးလ်မြို့သို့ ထွက်ခွာသွားခဲ့ပြီး ဧပြီလ (၁၁)ရက်နေ့တွင် လမ်းဘတ်သို့ ပြန်ရောက်ခဲ့သည်။ အသက် (၁၈)နှစ်ရှိ အမ်မာရှရီဗဲလ်နှင့် အသက် (၂၁) အရွယ် အဲလစ်မတ်ရှ်ဆိုသူ မိန်းကလေးနှစ်ယောက်နှင့် အိစက်ညက်ညောသည့် ဖဲမွေ့ရာပေါ်မှာ ကာမဂုဏ်ခံစားကာ အပျော်ကြီး ပျော်မြူးနေခဲ့သည်။ မိန်းကလေးနှစ်ဦးနှင့် လမ်းခွဲခါနီး၌ ကရင်က သူတို့ အသားအရေလှပရန် သောက်ဆေးသုံးလုံးစီ ပေးခဲ့သည်။ ပြည့်တန်ဆာမလေးနှစ်ယောက်စလုံး ညတွင်းချင်း သေဆုံးသွားခဲ့ကြသည်။ မသေခင် သွေးရူးသွေးတန်းဖြင့် သူတို့ အပေါင်းအသင်း အပြာမယ်ကလေးတို့အား မိမိတို့ ဖရက်အမည်ရှိ လူတစ်ဦးပေးသည့် ဆေးလုံးများ သောက်၍ မချိမဆံ့ သေဆုံးရကြောင်း ပြောကြားသွားခဲ့ကြလေသည်။

လူသတ်မှုများကို စုံစမ်းစစ်ဆေးရေး အတည်ပြုချက် ဆုံးဖြတ်ချက်မှာ မသေချာ၊ ဇဝေဇဝါ စိတ်ကူးယဉ်ဆန်ဆန် ဖြစ်နေခဲ့သည်။ ဂျက်သည် ရစ်ပါးခေါ် စိတ္တဇလူသတ်သားကြီး လက်ရာလိုလို ပြောဆိုနေခဲ့ကြသည်။ ထိုပြည့်တန်ဆာမကလေးနှစ်ယောက်မှာ စတ္ကိုင်းချနိုင်းခေါ် စိန်အဆိပ်ကြောင့် သေဆုံးခဲ့ကြရခြင်းဖြစ်ကြောင်း မှုခင်းဆေးဘက်ဆိုင်ရာ အစီရင်ခံစာ၌ ဖော်ပြထားသည်။ ကရင်မှာ ကိုယ်လွတ်ရုန်း ပြေး၍ မရတော့ချေ။ ဤအချိမှာ သူ့အား ကြိုးစင်ပို့မည့် ကိန်းဆိုက်ခဲ့တော့သည်။

ကရင်က ဒေါက်တာဟာပါဆိုသူ ဆရာဝန်တစ်ယောက်ထံ ခြိမ်းခြောက်သည့် ပစ်စာတစ်စောင် ရေးသားပေးပို့ခဲ့သည်။ စာထဲ၌ အဲလစ်နှင့် အမ်မာတို့ သေဆုံးရခြင်းမှာ ဒေါက်တာဟာပါ၏ လက်ချက် ဖြစ်ကြောင်း စွပ်စွဲထားခဲ့သည်။ ဆရာဝန်၏ သားမှာ ကရင်နေထိုင်ရာနှင့် မနီးမဝေး လမ်ဘတ်ပဲလေ့စ်လမ်း၌ပင် ဖြစ်လေသည်။ ဤအကြိမ်၌ ခြိမ်းခြောက်ငွေညှစ်သူ ကရင်၏ တောင်းဆိုထားသည့်ဈေးမှာ စတာလင် ပေါင် (၁၅၀၀) ဖြစ်၏။ ဟာပါက သူမည်သို့ပင် ခြိမ်းခြောက်စေကာမူ နည်းနည်းလေးမျှ မကြောက်ဘဲ သက်ဆိုင်ရာ ရဲစခန်းသို့ သွားရောက် တိုင်ကြားခဲ့သည်။

ရဲဘက်မှ ဒေါက်တာဟာပါ ခြိမ်းခြောက်ငွေညှစ်သည့်စာနှင့် မိမိတို့ သိမ်းဆည်းထားသော ကရင်ကိုယ်တိုင် ရေးသားထားသော စာနှစ်စောင် စလုံး၏ လက်ရေးလက်သား၊ မင်စစက္ကူမှာ၍ တိုက်ဆိုင်စစ်ဆေးကြည့်ခဲ့ ကြသည်။ ရဲစခန်းသို့ ပေးပို့ခဲ့သည့်ပစ်စာမှာ အဲလစ်နှင့် အမ်မာတို့ထံသို့ ပြည့်တန်ဆာမ မာတီလ်ဒါနှင့် လူဟာဗေးဆိုသူ မိန်းကလေးတစ်ယောက် အား သတ်ခဲ့သည့် ဒေါက်တာဟာပါအား သတိကြပ်ကြပ်ထားရန် သတိ ပေးထားသောစာ ဖြစ်သည်။ စာနှစ်စောင်အား တိုက်ဆိုင်စစ်ဆေးပြီး ကရင်အား ခြိမ်းခြောက်ငွေညှစ်မှုနှင့် ဟန်ဆောင်မှု၊ အယောင်ဆောင်မှုဖြင့် ဖမ်းဆီးကာ ရုံးတင် တရားစွဲဆိုခဲ့သည်။ ထိုအတောအတွင်း သက်ဆိုင်ရာ ရဲဘက်မှ မာတီလ်ဒါကလိုဗာ၏ အလောင်းကို တူတင်းမြို့ အညတရ သင်္ချိုင်းမှ ပြန်လည် တူးဖော်ပြီး စစ်ဆေးခဲ့ကြသည်။ သူမသည်လည်း စတ္တိုင်းချ်နိုင်း အဆိပ်မိသေဆုံးကြောင်း တွေ့ရှိခဲ့ကြသည်။ ဆရာဝန်၏ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်သည် ဆိုခြင်းနှင့် ကွဲလွဲနေသည်။

ကရင်မှာ နှုပ်ပစ်ခံရတော့မည့် မဟာအမှားကြီး လုပ်မိခဲ့သည်။ မာတီလ်ဒါမှာ လုပ်ကြံသတ်ဖြတ်ခြင်းခံရကြောင်း ထင်ရှားနေသည်။ အခြား သူအား အပြစ်ပုံချပြီး သူကိုယ်တိုင် လူသတ်မှု ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ အဲလ်ဇဘက်မေတို့အား ခေါ်ယူစစ်ဆေးခဲ့ရာ မာတီလ်ဒါ မသေခင် ကရင် နှင့် အတူတွဲနေခဲ့သည်ကို မိမိတို့ တွေ့ရှိခဲ့ကြောင်း အစစ်ခံခဲ့ကြသည်။ သက်ဆိုင်ရာရဲအဖွဲ့ဝင်တို့အနေဖြင့် ကရင်အား စွဲချက်တင်ရန် ခိုင်လုံ သော သက်သေအထောက်အထား ရှိနေပြီဖြစ်ကြောင်း သိနေခဲ့ကြသည်။ တစ်ခုခက်နေသည်မှာ သူ့စာထဲ၌ပါသည့် လူဟာဗေးဆိုသူ အမျိုးသမီး မည်သူမည်ဝါဖြစ်ကြောင်း မသိရခြင်းပင် ဖြစ်၏။ သို့နှင့် ဇူလိုင်လ (၃) ရက် နေ့၌ ကရင်အား လက်ရဖမ်းဆီးပြီး လူသတ်မှုဖြင့် တရားစွဲဆိုခဲ့ကြသည်။ ထို့နောက် လူဟာဗေးဆိုသူ မိန်းကလေးအား ရှာပုံတော် ဖွင့်ခဲ့ကြသည်။

အင်္ဂလန်နိုင်ငံ၊ ဆပ်ဆစ်ပြည်နယ်၊ ဘရစ်တန်မြို့တွင် လူဟာဗေးအား ရှာဖွေတွေ့ရှိခဲ့ကြသည်။ သူမမှာ လူသတ်ကောင်ကြီး ကရင်၏ ပစ်မှတ်မှ ကွင်းကျန်ခဲ့သော မိန်းကလေးတစ်ဦး ဖြစ်သည်။ ပြီးခဲ့သည့် အောက်တို ဘာလအတွင်းက သူမနှင့် ကရင်တို့ လန်ဒန်မြို့ ဆိုလိုရပ်ကွက်၌ တွေ့ခဲ့

ကြပြီး ထိုညကို ဟိုတယ်တစ်ခု၌ အချိန်ကုန်ခဲ့ကြသည်။ နောက်နေ့နံနက်တွင် ကရင် ထွက်ခွာမသွားခင် သူမနဖူးပေါ်မှ တင်းတိပ်များ ပျောက်ကင်းစေရန် သောက်ဆေးအဖြစ် ဆေးလုံးများ ပေးခဲ့သည်။ ထို့နောက် ညကျလျှင် လန်ဒန်အလယ်ပိုင်း ချဲရင်းခရော့စ်မြို့တွင် တွေ့ဆုံကြရန် ချိန်းခဲ့ပြီး ထွက်ခွာသွားခဲ့သည်ဟု သိရ၏။

လူ ဟုအများက အဖျားဆွတ်ခေါ်နေကြသော်လည်း သူမနာမည်အပြည့်အစုံမှာ လူဇာဖြစ်ပြီး သူပေးသည့်ဆေးလုံးတို့ကို ဘယ်သောအခါမှ မသောက်ခဲ့ချေ။ ပြည့်တန်ဆာမလေး လူဇာ၏ ပြည့်တန်ဆာခေါင်းလုပ်သူမှာ ကရင်၏ အသွင်အပြင်ကို မနှစ်သက်သဖြင့် သူပေးသည့်ဆေးလုံးတို့ကို လွှင့်ပစ်ရန် သူမအား တိုက်တွန်းခဲ့သည်။ သူတို့ အချိန်းအချက်ပြုထားသော ညနေစောင်းအချိန်၌ ခေါင်းလုပ်သူမှာ ခပ်လှမ်းလှမ်းတစ်နေရာမှ ကရင်၏ လှုပ်ရှားမှုကို အကဲခတ်နေခဲ့သည်။

ကရင်က လူဇာအား အရက်ယမကာ ဒကာခံ၍ တိုက်ခဲ့ပြီး နှင်းဆီပန်းတို့ကိုလည်း လက်ဆောင်ပေးခဲ့သည်။ ထို့နောက် သူက ဆေးလုံးနှစ်လုံးထပ်၍ ပေးခဲ့ပြန်သည်။ သို့ရာတွင် ကရင်အလစ်၌ မနှစ်မြို့စွာဖြင့် သူပေးသည့်ဆေးနှစ်လုံးကို အဝေးသို့ လွှင့်ပစ်လိုက်သည်။ ကရင်က သူမလက်ကို ဖြန့်ခိုင်းပြီးကြည့်ရာ ဆေးလုံးများကို မမြင်ရ၍ ကျေနပ်သွားခဲ့သည်။ ယုတ်မာပက်စက်လွန်းသည့် လူသတ်သမား ကရင်လည်း သူ့အတွေးဖြင့်သူ ပီတိဖြစ်ရင်း ပြန်သွားခဲ့လေသည်။ တစ်လအကြာ၌ အံ့သြစရာကောင်းလောက်အောင် လူဇာအား အသက်ရှင်လျက် လန်ဒန်မြို့ပစ်ကာဒီလီတွင် တွေ့လိုက်ရသည်။

လူဇာဟာဗေး၏ ကရင်နှင့်ပတ်သက်၍ ထွက်ဆိုချက်ကို သီးခြားဖိုင်တွဲ၍ ထားလိုက်သည်။ (၁၈၉၂)ခုနှစ် အောက်တိုဘာလ (၁၇)ရက်နေ့၌ နှလုံးသားမဲ့ အဆိပ်ခတ်လူသတ်သမားကြီး နီးလ်ကရင်အား လန်ဒန်မြို့ရာဇဝတ် ပြစ်မှုဆိုင်ရာ ဗဟိုတရားရုံးချုပ် အိုးလ်ဘေဘီ၌ တရားမွဲဆိုကြားနာစစ်ဆေးခဲ့သည်။ ကရင်မှာ လူဇာနှင့် အဲလ်ဇ့ကာအမည်တူအမျိုးသမီးနှစ်ဦးတို့၏ စွပ်စွဲချက်ကို ခုခံထုချေရန် ခိုင်လုံသက်သေအထောက်အထား မပြသနိုင်ခဲ့ချေ။

ဓာတုဗေဒပစ္စည်းအရောင်းဆိုင်မှ ဓာတုဗေဒပညာရှင်တစ်ဦးက ကရင်သည် နပ်စ်ဗိုမီကာခေါ် အရှေ့အိန္ဒိယကျွန်းစုများမှ ရရှိသော လိမ္မော်သီးနှင့် ဆင်ဆင်တူသည့် အသီးမှအစေ့တို့ကို ဝယ်ယူသွားခဲ့ကြောင်း ယင်းအစေ့တို့မှ စတ္တိုင်းချ်နိုင်းခေါ် စိန်အဆိပ်ကို ထုတ်ယူ၍ ရရှိနိုင်သည်ဟု သိရှိရ၏။ ထို့ပြင် ဂလက်တင်ဆေးလုံးများလည်း ဝယ်သွားခဲ့သည်ဟု ထွက်ဆိုခဲ့သည်။ ယင်းအမှုကို ကိုင်တွယ်စစ်ဆေးကြသော ရဲတို့၏ ထွက်ချက်၌ ကရင်၏ တည်းခိုခန်းသို့ ရှာဖွေပုံစံဖြင့် သွားရောက် ရှာဖွေသိမ်းဆည်းခဲ့ရာတွင် စတ္တိုင်းချ်နိုင်းပုလင်းပေါင်း (၇)ပုလင်း ရရှိခဲ့သည်ဟု သိရှိရ၏။ ဂျူရီလူကြီးများ အခင်းဖြစ်အမှု၌ ကရင်အား စွဲချက်တင်ထိုက် မတင်ထိုက် စဉ်းစားခဲ့ကြရာ (၁၂)မိနစ်အကြာ၌ သူ့မှာ အပြစ်ရှိကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။ သူ့အား မသေမချင်း ကြိုးပေးသတ်စေရန် အပြီးသတ် အမိန့်ဒီဂရီချမှတ်ခဲ့ရာ မည်သူမျှ သူ့အတွက် ဝမ်းနည်းခြင်း မဖြစ်ခဲ့ကြပေ။

သို့ရာတွင် သေကံမရောက်သက်မပျောက် ဆိုသကဲ့သို့ သူသေဖို့ မတန်သေး၍ မကြာမြင့်မီ ကာလအတောအတွင်း ပြည်သူ့ထံမှ ကရင်အတွက် စာေဒကစာ နှစ်စောင်တက်လာခဲ့သည်။ တိုင်းခေါ် သတင်းမဂ္ဂဇင်းကြီးသို့ ထူးခြားသော စာေဒက စာတစ်စောင် ရောက်ရှိလာခဲ့သည်။ ယင်းစာေဒကတက်လာသည့် အကြံပြုစာရေးသားသူက သူ၏ အယူအဆတစ်ရပ်ကို တင်ပြထားသည်။ ကရင်၏ လူ့ကျင့်ဝတ် ဖောက်ပြန်မှုမှာ အကယ်၍သာ သူ၏ မျက်စိစွေစောင်းမှုကို အသက်ငယ်ရွယ်စဉ်က ဆေးရုံတက် ခွဲစိတ်ပြုပြင်ခဲ့ပါက ယင်းအချက်ကို ခြွင်းချက်အနေဖြင့် ထည့်သွင်းစဉ်းစားရပေမည် ဖြစ်ကြောင်း ချေပထားလေသည်။


ထို့ပြင် ဗြိတိသျှဥပဒေလောကတွင် နေလို၊ လနှယ် ထင်ရှားသည့် ဝတ်လုံတော်ရမင်း ဆာအက်ဒ်ဝပ်မာရှယ်ယောလ်ကလည်း မိမိ တစ်ခါက ကရင်ဆိုသူ ထောင်ကျတစ်ဦးအတွက် ခုခံကာကွယ်ထုချေ လျှောက်လဲခဲ့ဖူးသည်ဟု ဆိုပါသည်။ ထိုစဉ်က ကရင် ဆိုသူမှာ ဩစတေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ အကျဉ်းထောင်ထဲ အကျဉ်းကျခံနေခဲ့စဉ် ဖြစ်၏။ သူ့အပေါ် တင်ထားသည့်စွဲချက်မှာ မယားနှစ်ယောက်ယူမှု ဖြစ်သည်။ ဝတ်လုံတော်ရ

မာရှယ်ယောလ်က သူ့အမှုသည်မှာ တရားစွဲစဉ်ကာလ၌ ထောင်နန်းစံနေခြင်းဖြစ်၍ သူတို့ စွပ်စွဲသည့် ကရင် ဆိုသူ မဖြစ်နိုင်ကြောင်း ခုခံကာကွယ်ခဲ့သည်။ ထောင်အရေးပိုင်ကလည်း တရားလိုဘက်မှ စွပ်စွဲခဲ့ကြသော ကရင် ဆိုသူ ပုံပန်းနှင့်တူသည့် ကရင်မှာ မိမိ ထိန်းသိမ်းထားသော ထောင်ထဲရှိ ထောင်သားပင် ဖြစ်ကြောင်း သက်သေခံခဲ့သည်။

နောက်ပိုင်း ကာလကျမှ မာရှယ်ယောလ် လေ့လာသိရှိခဲ့သည်မှာ ကရင် ဆိုသူမှာ မည်သည့်အခါကမျှ ဩစတေးလျနိုင်ငံသို့ မရောက်ဘူးခဲ့ကြောင်းပင် ဖြစ်သည်။ ဝတ်လုံတော်ကြီး သဘောပေါက်လာခဲ့သည်မှာ မြေအောက်ဒုစရိုက်လောက၌ အဆိပ်လက်နက်သုံး လူသတ်သမား နှစ်ကိုယ်ခွဲရှိနေကြောင်းပင် ဖြစ်သည်။ ထိုသူနှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် ရွေးမရအောင် ချွတ်စွပ်တူနေကြသဖြင့် လိုအပ်လာပါက တစ်ဦးအတွက်တစ်ဦး အလီဘိုင် ပြနိုင်ခဲ့ကြခြင်း ဖြစ်သည်။

အချို့စာရေးဆရာ ဝေဖန်ရေးသမားတို့က နှစ်ကိုယ်ခွဲ ဆိုသည်မှာ ဂျက်သည်ရစ်ပါး စိတ္တဇလူသတ်သမားကြီးသာ ဖြစ်ရမည်ဟု စောဒကတက်ခဲ့ကြသည်။ ကရင့်၏ ထုတ်ဖော်ဝန်ခံဖြောင့်ချက်ကြောင့် ကြိုးမိန့်ကျခဲ့သော် သူသည် အများတကာ ထင်နေကြသော ဂျက်သည်ရစ်ပါး စိတ္တဇလူသတ်သမားကြီး ဘယ်နည်းနှင့်မှ မဖြစ်နိုင်ချေ။ ကရင်၌ ခိုင်မာလွန်းသည့် အလီဘိုင် သက်သေအထောက်အထား ရှိနေပါသည်။ အကြောင်းမှာ အင်္ဂလန်တစ်နိုင်ငံလုံး ဖိမ့်ဖိမ့်တုန်ခဲ့သည့် ဂျက်သည်ရစ်ပါး စိတ္တဇလူသတ်ကောင်ကြီး ထကြွသောင်းကျန်းခဲ့သည့် အခါသမယမှာ (၁၈၈၈) ခုနှစ် အတွင်းကဖြစ်၍ အချိန်ကာလ ကွာဟနေပါသည်။ ကရင်မှာ သံသယအကျိုးကြောင့် သေဒဏ်ပယ်ဖျက်ပြီး ဂျိုလီယက်အကျဉ်းထောင်ကြီးထဲ၌ တစ်သက်တစ်ကျွန်း ကျခံသွားခဲ့သည်။

❀ ❀ ❀



ဘောစတွန်မြို့မှ လူသတ်သမား အယ်ဘ်ဘတ်ဆယ်လ်ဘို

## ဘော့စတွန်မြို့မှ လူသတ်သမား

အချိန်မှာ (၁၉၆၂) ခုနှစ် ဇွန်လအတွင်း အလွန်ပူအိုက်သော ညတစ်ည ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု မက်ဆက်ချူးဆက်ပြည်နယ်၊ ဘော့စတွန်မြို့နယ် အဆောက်အအုံတစ်ခု၏ အခန်းတစ်ခန်းသို့ သတင်းအရ ရဲတပ်ဖွဲ့ဝင်တို့ တက်ရောက် ရှာဖွေခဲ့ကြသည်။ အိပ်ခန်းထဲ၌ အမျိုးသမီး ခပ်ရွယ်ရွယ်တစ်ယောက်၏ အလောင်းကို တွေ့ရ၏။ သူမ ခန္ဓာကိုယ်ပေါ်၌ အင်္ကျီအဝတ်အစားတို့ မလုံမလဲ ဖြစ်နေ၏။ ခြေလက်တို့ အနေအထားမှာ တမင်ကိုးရိုးကားရား မြင်မကောင်းရှုမကောင်းဖြစ်အောင် စီစဉ်ထားသည့် အနေအထားကို တွေ့ရှိကြရသည်။ အမျိုးသမီးမှာ သူမခြေအိတ်ဖြင့် လည်ပင်းကြိုးကွင်းစွပ်၍ အသတ်ခံထားရခြင်း ဖြစ်ကြောင်း တွေ့ရှိခဲ့ကြလေသည်။

ပူအိုက်လွန်းသည့်ညက အမျိုးသမီးမှာ လူသတ်သမား၏ အဓမ္မကြံစည်ပြုကျင့်ခံရပြီး အသတ်ခံခဲ့ရဟန်တူသည်။ ယင်းအမျိုးသမီး မတော်မတရား ပြုကျင့်သတ်ခံခဲ့ရခြင်းမှာ ၎င်းလူသတ်ကောင်၏ ပွဲဦးထွက် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ သတင်းဆိုးဖြစ်ပြီး (၁၈)လတိုင်တိုင် ဘော့စတွန်မြို့တွင် ဆက်တိုက် ထကြွသောင်းကျန်းခဲ့လေသည်။ ယင်း လူသတ်မှုအား သက်ဆိုင်ရာ မှုခင်းထောက်လှမ်းရေး ရဲတပ်ဖွဲ့ဝင်တို့ ခြေရာကောက်မိခဲ့ကြသည်။ (၂၀)ရာစုနှစ်ကျော် ကျော်ကြားခဲ့သော လူသတ်ကောင်တို့ အနက်မှ တစ်ယောက်အကြောင်း ဖြစ်ပါသည်။ ယင်း လူသတ်သမားကြီးမှာ

ဘော့စတွန်လက်မရွံ့သမားပင် ဖြစ်၏။

တစ်နှစ်ခွဲကြာအောင် ဘော့စတွန်မှုခင်းရဲတပ်ဖွဲ့ဝင်တို့ လူသတ်မှုပေါင်း (၁၃)မှုအနက် (၁၁)မှုတိတိ သဲလွန်စရထားခဲ့သော လူသတ်ကောင်ကြီးနောက် ခြေရာခံခဲ့ကြရာ မအောင်မြင်ခဲ့ကြချေ။ လူသတ်သမားက သူသတ်ဖြတ်ခဲ့သော သားကောင်တို့ လည်တိုင်၌ နိုင်လွန်ခြေအိတ်တစ်ဖက်ဖြင့် စည်းနှောင်ကြိုးကွင်းစွပ်၍ လည်စေ့ညှစ်သတ်ခဲ့လေသည်။

သူ၏ သားကောင်နှစ်ယောက်မှာ တစ်ဦးကဓားဖြင့် ထိုးသတ်ခံခဲ့ခြင်းဖြစ်ပြီး ကျန်တစ်ဦးမှာ သူ့လက်တွင်း၌ပင် နှလုံးသွေးရပ်၍ သေဆုံးသွားခဲ့ရကြောင်း တွေ့ရှိခဲ့ကြရသည်။ အဆိုပါ လူသတ်မှုပေါင်းများစွာကျူးလွန်မှုနောက်ကွယ်မှာ သတင်းကြီးနေခဲ့သူမှာ အမေရိကန် တပ်မတော်လက်ဝှေ့ချန်ပီယံဟောင်း အဲလ်ဘတ်ဒီဆော်လ်ဗို (Albert Desallvo) ဖြစ်သည်။ ကိုးရိုးကားရား လည်ပင်းညှစ်သတ်ဖြတ်ခဲ့သည့် အခင်းဖြစ်အမှုအရှုပ်တော်ပုံထဲတွင် တပ်မတော်လက်ဝှေ့ချန်ပီယံဟောင်း အဲလ်ဘတ်အထင်ခံနေကြရသည်မှာ ဆန်းတော့ ဆန်းနေသည်။ သူသည် လိမ်လည်သတ်ဖြတ်မှု ကျူးလွန်ခဲ့သူ မဖြစ်ခဲ့ဘူးချေ။ လုယက်ဓားပြတိုက်မှုများဆက်တိုက် ကျူးလွန်ခဲ့ပြီး မိန်းမနှင့် ပတ်သက်၍ မုဒိမ်းကောင်အဖြစ်နာမည်ပျက်ရှိခဲ့ဖူးသော်လည်း ယင်းမိန်းမတို့အား သတ်ဖြတ်လေ့ရှိသည်ဟုလည်း မကြားရဘူးပေ။

သို့သော် အချို့က ဒီဆောလ်ဗိုအား ဘော့စတွန်လက်မရွံ့ဟု သံသယဒွိဟမကင်း ရှိနေခဲ့ကြသည်။ သူတို့ ပြောပုံအရ လူသတ်သည့်နေရာ၌အင်မတန် ကျွမ်းကျင်ပိရိသေသပ်သောသူ ဖြစ်ပြီး ဆံပင်အနက်ရောင်အမြဲတစေ ဆိုးထားကာ နောက်ပြန်ဖြီးထားလေ့ ရှိသည်။ အဝတ်အစားဝတ်ဆင်သည့်နေရာ၌လည်း သပ်သပ်ရပ်ရပ်ရှိသူ ဖြစ်ပြီး လူသတ်မှုကျူးလွန်တော့မည်ဆိုလျှင် မီးပူတိုက်ပြီးစ ခေါက်ရိုးမကျိုးသည့် ရှပ်အင်္ကျီအဖြူကိုဝတ်ဆင်လေ့ရှိသည်ဟု ဆိုပါသည်။ သူ့အား သက်ဆိုင်ရာ ရာဘက်တရားသူကြီးရုံးမှ ရုံးတင်ကြားနာစစ်ဆေးပြီး တစ်သက်တစ်ကျွန်း ထောင်ဒဏ်ပြစ်ဒဏ် စီရင်ချက်ချမှတ်ပြီးမှ ဒီဆော်လ်ဗိုမှာ ဘော့စတွန်မြို့တွင် လူပေါင်းများစွာ လည်လိမ်ချိုးသတ်ခဲ့သူ ဖြစ်ကြောင်း အချက်အလက် ခိုင်လုံစွာ

ရရှိခဲ့လေသည်။

အဲလ်ဘတ်ဒီဆော်လ်ဗိုမှာ ငယ်စဉ်တောင်ကျေးကလေးဘဝ အရွယ်ကစ၍ ဥပဒေမကင်းသည့် ပြစ်မှုတို့ကို ချိုးဖောက်ခဲ့သည်။ များသောအားဖြင့် သူတစ်ပါး ပိုက်နက်နေအိမ်အတွင်းသို့ တိတ်တဆိတ် ဖောက်ထွင်းဝင်ရောက် ခိုးယူမှုတို့ကို ကျူးလွန်ခဲ့သည်။ ထိုအလေ့အကျင့်တို့သည် နောင် ကြီးပြင်းလာသောအခါ လူသတ်မှုပေါင်းများစွာ ကျူးလွန်ရာတွင် ကြောက်စရာ လန့်စရာကောင်းလောက်အောင် အဆုံးသတ်လာခဲ့တော့သည်။ သူငယ်ရွယ်စဉ်အခါက ဂျာမနီနိုင်ငံ တပ်မတော်ဝန်ထမ်းတပ်ရင်း၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ဂျာမနီနိုင်ငံသူ အမ်ဂတ်အမည်ရှိ မိန်းကလေးတစ်ဦးနှင့် အိမ်ထောင်ရက်သားကျခဲ့ကြပြီး သားသမီးနှစ်ယောက် ထွန်းကားခဲ့သည်။ ထို့နောက် အကြင်တို့လင်မယား လမ်းခွဲခဲ့ကြပြီး ကွဲကွာခဲ့ကြသည်။ ဒီဆော်လ်ဗိုလည်း တပ်မတော်ကြည်း မစ်ဒမ်လ်ဝိတ်တန်းလက်ဝှေ့ချန်ပီယံ ဖြစ်လာခဲ့သည်။ ထို့နောက် တပ်မှထွက်ခဲ့ပြီး အမေရိကသို့ ပြန်ခဲ့ပြီး လက်လုပ်လက်စား ကျပန်းလုပ်ကိုင် စားသောက်နေခဲ့သည်။

ဒီဆော်လ်ဗို၌ မထိန်းသိမ်းနိုင်လောက်အောင် တဏှာရမ္မက်ကြီးသူဖြစ်ကြောင်း အချို့ဆရာဝန်တို့က ဖော်ပြခဲ့ကြသည်။ သူ၏ တပ်မတော်သားဘဝ တာဝန်ထမ်းဆောင်စဉ်က ကိုယ်ရေးမှတ်တမ်းနှင့် ပတ်သက်၍ စိတ်ရောဂါကုဆရာဝန်တစ်ဦး၏ တရားခွင်၌ သက်သေထွက်ဆိုချက်အရဆိုလျှင် ဒီဆော်လ်ဗိုမှာ ဇနီးသည်နှင့် သူ၏ ကာမရမ္မက်ကြီးမှုကြောင့် အမြဲ ပြဿနာတတ်ခဲ့ကြကြောင်း သိရှိရသည်။

ဒေါက်တာဂျမ်းဘရပ်ဆဲလ်က ဆက်လက်၍ ဒီဆော်လ်ဗိုသည် တပ်ထဲတွင်ရှိနေစဉ် နားရက်ဆိုလျှင် ရှေ့တန်းသွားနေကြသည့် အရာရှိတို့၏ ဇနီးသားမယားတို့နှင့် ကြာကူလီ ဇာတ်ခင်းလေ့ရှိသည် ဟူ၍လည်း ထည့်သွင်းထုတ်ဖော် ပြောကြားသွားခဲ့သည်။ "ဒီဆော်လ်ဗိုဟာ စိတ်ရောဂါကုဆေးပညာသိပ္ပံနယ်ပယ်၌ အမြဲတွေ့ကြုံကြရတဲ့ တဏှာရူးစိတ်ဝေဒနာရှင်တစ်ယောက်ဖြစ်ကြောင်း ယုံမှားသံသယ ရှိစရာ မလိုတော့ပါဘူး"ဟူ၍ ခုံကာကွယ် ထုချေလျှောက်လဲသည့်နေရာတွင် အင်မတန် ကျော်ကြားလှသည့် ရှေ့နေကြီးဖြစ်သော သူ၏ အကျိုးတော်ဆောင်က အက်ဖ်လီးဘေလီ

တရားရုံးတော်တွင် ထုချေလျှောက်လဲသွားခဲ့သည်။ "သူသည် စကီဆိုဖရီးနစ် စိတ်ကစဉ့်ကလျား စိတ်ဝေဒနာရှင် ဖြစ်ကြောင်း ယုံမှားသံသယ ရှိစရာ မလိုတော့ပေ"ဟူ၍လည်း တင်ပြသွားခဲ့သည်။

အမျိုးသမီးတို့အား လည်ညှစ်သတ်ဖြတ် သောင်းကျန်းထကြွနေသည့် လူသတ်ကောင်ကြီးမှာ (၁၉၆၂)ခုနှစ်တွင် စတင် လှုပ်ရှားခဲ့သည်။ တရားဥပဒေစိုးမိုးရေး အာဏာပိုင်တို့က စထရင်ဂျလာစကွပ်ခေါ် လည်ညှစ်သတ်မှု အထူးထောက်လှမ်းရေးတပ်ဖွဲ့ကို ဖွဲ့စည်းကာ အပူတပြင်း တောနင်း လိုက်လံရှာဖွေစုံစမ်းခဲ့ကြသော်လည်း (၁၉၆၄)ခုနှစ်တိုင် လူသတ်မှုများ ဆက်တိုက် ဖြစ်ပွားနေခဲ့သေးသည်။ အခင်းဖြစ်အမှုတိုင်း၌ လည်စေ့ညှစ်သတ်သမားသည် အသတ်ခံရသူ အမျိုးသမီးတို့၏ အိမ်တွင်း ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။

ဒီဆော်လ်ဗိုသည် မိမိ သတ်တော့မည့် သားကောင်အိမ်သို့ စာပို့သမား သို့မဟုတ် ရေနှင့်မိလ္လာဌာနမှ ရေပိုက်ပြင်သမားဟန်ဆောင်၍ ဝင်လာတတ်သည်။ သူ၏ များစွာသော သားကောင်တို့မှာ အမွှကြံစည်ခံခဲ့ကြရပြီး သူ၏ ကာမရာဂဆန္ဒ ဖြေဖျောက်ခဲ့ခြင်း ဖြစ်သည်။ ထိုမိန်းကလေးတို့မှာ များသောအားဖြင့် ကိုးရိုးကားရား ကိုယ်နေဟန်ထားဖြင့် ပိုးလိုးပက်လက် သေနေကြသည်ကို တွေ့ရှိရ၏။

လူသတ်ကောင်ကြီး ဆက်လက် သောင်းကျန်းကျူးလွန်နေသဖြင့် ဘော့စတွန်မြို့သူမြို့သားများ ကျီးလန့်စာစား တထိတ်ထိတ် တလန့်လန့် ဖြစ်နေခဲ့ကြသည်။ တစ်မြို့လုံးနီးပါး လူသတ်ကောင်ကြီး၏ အန္တရာယ်ကို ကြောက်လန့်နေခဲ့ကြ၏။ အချို့ အရဲကိုးသူတို့သာ ညအခါ လမ်းထွက်ရဲကြသည်။ လင်ယောကျ်ားတို့ အလုပ်သွားကြလျှင် အိမ်သူသက်ထားသားမယားတို့မှာ အန္တရာယ်ကောင်ကြီးအား ခုခံကာကွယ်ရန် သေနတ်ကျည်အပြည့်ထည့်၍ အိပ်ရာနံဘေး၌ အသင့်ထား အိပ်ကြ၊ နေကြရလေသည်။ ရဲပတ္တရောင်တို့မှာ မမျှော်လင့်သည့်အရပ်မှ ဖြုန်းခနဲ ရောက်လာတတ်သည်။ သို့ပါသော်လည်း လူသတ်မှုများ ဆက်လက် ဖြစ်ပွားနေခဲ့ပြီး နေ့စဉ်နှင့်အမျှ မသင်္ကာမှုဖြင့် အဖမ်းခံကြရပြီး မခိုင်လုံ၍ ပြန်ပြန်လွှတ်ပစ်ရသည်ချည်း ဖြစ်၏။ အဲလ်ဘတ်ဒီဆော်လ်ဗိုမှာ ထိုစဉ်ကာလက

အသက် (၃၂)နှစ်သာ ရှိသေးပြီး သူသည် သက်ဆိုင်ရာရဲအဖွဲ့ဝင်တို့၏ ခေါ်ယူစစ်ဆေးမေးမြန်းခြင်း မည်သည့်အခါမျှ မခံခဲ့ရဘူးချေ။

သူသည် ပထမဆုံးအကြိမ်အဖြစ် စုံစမ်းစစ်ဆေးခြင်းခံခဲ့ရပြီး ဗလက္ကာရမှုဖြင့် ထောင်ဒဏ် (၆)လ ကျခဲ့ကာ ထောင်မှ ထွက်လာခဲ့သည်။ ထောင်မှလွတ်ခဲ့ပြီး သူကိုယ်သူ (ကိုယ်ဟန်ပြကုမ္ပဏီအေဂျင်စီ) တစ်ခုမှ ကိုယ်စားလှယ်တစ်ဦးအဖြစ် ဟန်ဆောင်ကာ အမျိုးသမီးငယ်များအား မော်ဒယ်ကိုယ်ဟန်ပြမယ်အဖြစ် ရွေးချယ်ရန် ကိုယ်နေဟန်ထား အတိုင်းအထွာယူဖို့ သူနောက်လိုက်ခဲ့ရန် ဖြားယောင်းခဲ့သည်။ သို့ရာတွင် သူလုပ်ရပ်သည် ဗလက္ကာရပြုရန် အကြောင်းပြချက် ဖြစ်သဖြင့် ကိုယ်တိုင်းယူသမား၏ အဓမ္မကြံစည်မှုအဖြစ် လူသိရှင်ကြားဖြစ်ကာ အဖမ်းခံခဲ့ရလေသည်။

ထို့နောက် (၁၉၆၄)ခုနှစ်တွင် ဒီဆော်လ်ဗိုမှာ မြစိမ်းရောင်လူရမ်းကားတို့၏ အဓမ္မကြံစည်မှုဖြင့် အဖမ်းခံခဲ့ရပြန်သည်။ မြစိမ်းရောင်ဟုသူ့အား အနွတ္တအမည်ခေါ်ဝေါ် သမုတ်ခြင်းသည် သူ၏ အကြိုက်ဆုံးအရောင်အသွေးမှာ အစိမ်းရောင် ဖြစ်၏။ အစိမ်းရောင်ဘောင်းဘီရှည်ကို အမြဲဝတ်လေ့ရှိပြီး အမျိုးသမီးတစ်ဦးတည်း နေထိုင်သော အိမ်ထဲသို့ ဖောက်ထွင်းဝင်ရောက် ကျူးလွန်လေ့ရှိသောကြောင့် ဖြစ်သည်။

အိမ်ထဲရောက်ပြီး အမျိုးသမီးအား အဓမ္မပြုကျင့်သတ်ဖြတ်ကာ ထွက်ပြေးတိမ်းရှောင်မသွားခင် အမျိုးသမီးကိုယ်ပေါ်မှ အဝတ်အစားတို့ကို လက်ထဲရှိ ဓားမြှောင်ဖြင့် ထိုးခွဲဆုတ်ဖြတ်ချကာ ခန္ဓာကိုယ်အနှံ့ နမ်းရှုပ်လေတော့သည်။ သူ၏ သားကောင်တို့အနက် တစ်ဦး၏ လူသတ်သမား ပုံပန်းဖော်ပြချက်နှင့် မော်ဒယ်အေဂျင်စီမှာ ကိုယ်တိုင်းသမား၏ ပုံသဏ္ဍာန်ကို စုံထောက်တစ်ယောက်၏ နှိုင်းယှဉ်ကြည့်ချက်အရ ထိုသူမှာ အယောင်ဆောင်လူသတ်သမား မုဒိမ်းကောင် ဒီဆော်လ်ဗိုမှန်း အတတ်သိခဲ့ကြသည်။ သို့နှင့် သူ့အား သက်ဆိုင်ရာမှ လက်ရဖမ်းဆီးခဲ့ကြသည်။

ကာမဓားပြလူသတ်သမား ဒီဆော်လ်ဗိုအား လက်ရဖမ်းဆီးပြီး အမေရိကန်ပြည်ထောင်စု မက်ဆက်ချူးပြည်နယ်၊ ဘရစ်ချ်ဝါတာ စိတ်ရောဂါကု ဆေးတက္ကသိုလ်သို့ သက်ဆိုင်ရာရဲအဖွဲ့ဝင်တို့က ပို့ကာ စိတ်ရောဂါ ရှိမရှိ စမ်းသပ်စစ်ဆေးခဲ့သည်။ ဆေးဘက်ဆိုင်ရာမှ ကြောက်စရာ

စိတ်ရောဂါ၏ အဖြစ်မှန်ကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။

သူ့အား အစိမ်းရောင် အဓမ္မဗလက္ကာရမှုဖြင့် သက်ဆိုင်ရာ ရာဘက် တရားသူကြီးရုံးသို့ တရားစွဲဆိုတင်ပို့ကာ ကြားနာစစ်ဆေးခဲ့သည်။ တရားခွင်၌ စိတ်ရောဂါကု ဆရာဝန်ကြီး ရောဘတ်မီဇာ၏ ထွက်ဆိုချက်မှာ တရားခွင် တစ်ခုလုံး အံ့အားသင့် မှင်တက်မိသွားစေခဲ့ပါသည်။ သူက တရားခံ ဒီဆော်လ်ဗိုသည် ဆေးရုံ၌ "လည်စေ့ညှစ်သတ်ခဲ့သည့် ရာဇဝတ်မှုတို့ကို ကျူးလွန်ခဲ့သူဖြစ်ကြောင်း ဝန်ခံဖြောင့်ချက်ပေးခဲ့သည်"ဟု ထွက်ဆိုတင်ပြ သွားခဲ့သည်။ ဆရာဝန်ကြီးက ဒီဆော်လ်ဗိုအား စိတ်ရောဂါ ဆေးရုံကြီး၌ တွေ့ဆုံမေးမြန်းခဲ့ရာ သူက အမျိုးသမီး (၁၃)ယောက်အား လည်ပင်းညှစ် သတ်ဖြတ်ခဲ့ကြောင်းကို ဝန်ခံခဲ့ကြောင်း၊ သူက သူသတ်ခဲ့သော မိန်းကလေး အချို့အကြောင်းကို အသေးစိတ် ပြောပြခဲ့ပြီး သူ၏ လူသတ်ရာ ရာဇဝတ်မှု ကျူးလွန်ရာ၌ မျက်မှန်းတန်းမိနေကြသည့် လုပ်ရပ်တို့ကိုပါ ပြောပြခဲ့သည် ဟု ဆိုပါသည်။

မည်သို့ပင် ဆရာဝန်ကြီး တင်ပြခဲ့သော သက်သေထွက်ဆိုချက် အထောက်အထား ခိုင်လုံပါသော်လည်း မက်ဆက်ချူးဆက်ပြည်နယ် တရားဥပဒေအရ အခင်းဖြစ်ရာဇဝတ်ပြစ်မှု တစ်စုံတစ်ခုမှ မသက်သာစရာ၊ သံသယဖြစ်စရာ သတင်းတို့ကို ရယူပြီး တရားခွင်၌ သက်သေခံအဖြစ် မည်သည့်ဆရာဝန်မျှ တင်သွင်းခွင့် မပြုခဲ့ပေ။ သို့နှင့် တရားခံ ဒီဆော်လ်ဗို၏ အမှုဖြစ်ရပ်မှန် အပြည့်အစုံမှာ သူ၏ အမှုကြားနာစစ်ဆေးရာ တရားခွင်၌ ထွက်ပေါ်မလာခဲ့တော့ချေ။

မည်သို့ပင် ဖြစ်စေကာမူ မှုခင်းကျွမ်းကျင်သူ စုံထောက်၊ ရဲအဖွဲ့ဝင် တို့အနေဖြင့် ဘော့စတွန်မြို့မှ လက်မရွံ့လူသတ်ကောင်ကြီးမှာ ဒီဆော်လ်ဗို ဖြစ်ကြောင်း ခန့်မှန်းမိခဲ့ကြသည်။ ယင်းသို့ အတွေးအမြင် အယူအဆ သံသယဒွိဟများမှာ သူ၏ အကျိုးတော်ဆောင် ရှေ့နေကြီး အက်ဖ်လီးဘေဘီ ၏ စာအုပ်ထဲ၌ ထုတ်ဖော်ရေးသားချက်တို့မှ ကူးစက်လာခဲ့ဟန် တူပေ သည်။ ယင်းစာအုပ်မှာ **အရှုံးမပေး ဆက်လက် ခုခံကာကွယ်သွားမည်** ဖြစ်သည်။ စာရေးသူ တရားခံရှေ့နေကြီး မစ္စတာဘေလီက (၁၉၅၆)ခုနှစ် ဇူလိုင်လအတွင်း အဓိကရ အစည်းအဝေးကြီးတစ်ခု၌ ဆရာဝန်လည်းဖြစ်၊

တရားဥပဒေ စိုးမိုးရေးအရာရှိလည်းဖြစ်သူ ပုဂ္ဂိုလ်ကြီးထံ၌ တရားခံ ဒီဆော်လ်ဗိုသည် နောက်ထပ် ဖြောင့်ချက်တစ်ရပ် ပေးခဲ့ကြောင်း သူ၏ အရှုံးမပေး ဆက်လက် ခုခံကာကွယ်သွားမည် စာအုပ်ထဲ၌ ရှင်းလင်း တင်ပြထားလေသည်။ ဤဖော်ပြချက်မှာ ရဲအဖွဲ့ဝင်တို့နှင့် တရားခံရှေ့နေ တို့အကြား အထူးဆွေးနွေးချက်တစ်ရပ်ဖြစ်ပြီး တရားရုံးတော်၌ မည်သည့် အခါမျှ သက်သေခံအထောက်အထားအဖြစ် တင်ပြခြင်း မရှိခဲ့ပေ။

ကျွန်ုပ် တရားခံအကျိုးတော်ဆောင်အနေဖြင့် ကျွမ်းကျင်သည့် ဆေး ပညာရှင် ဆရာဝန်တို့အား ကျွန်ုပ်၏ အမှုသည် တရားခံ ဒီဆော်လ်ဗိုကို သေချာဆန်းစစ် လေ့လာကြည့်စေလိုပါသည်။ ထို့အတူ သက်ဆိုင်ရာ အာဏာပိုင်တို့ကလည်း အခင်းဖြစ်အမှု စုံစမ်းစစ်ဆေးရေးကို အဆုံးသတ် လိုနေကြပေပြီ။ အခင်းဖြစ် လူသတ်မှုအားလုံးတွင် တရားခံ ဒီဆော်လ်ဗို၏ ထုတ်ဖော် ဝန်ခံချက်တို့သည် ဘော့စတွန် လက်မရွံ့လူသတ်သမားအဖြစ် မငြင်းကွယ်နိုင်လောက်အောင် သက်သေအထောက်အထား ခိုင်လုံနေပါ သည်။ အကယ်၍သာ တရားခံဖြစ်သူ ဒီဆော်လ်ဗိုအား တာဝန်ရှိ သက်ဆိုင်ရာ ရဲအဖွဲ့ဝင်တို့က လူတွေ့ မေးမြန်းစစ်ဆေးခဲ့မည်ဆိုပါက သူ၏ မှတ်ဉာဏ် ဖော်ပြချက်နှင့် များပြားလှစွာသော အခင်းဖြစ် အမျိုးသမီး (၁၃)ယောက် သတ်မှု အသေးစိတ် အချက်အလက်တို့နှင့် ဆန့်ကျင်ကွဲပြား ခြားနားနေ သည်ကို တွေ့ရှိကြရမည်သာ ဖြစ်၏။


ယင်းကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအာဏာပိုင် ဆေးပညာရှင် တို့နှင့် အချေတင်ဆွေးနွေးခဲ့ကြပြီး တရားခံ ဒီဆော်လ်ဗိုအား တရားခွင်၌ မဟုတ်ဘဲ ဘရစ်ချ်ဝါးတားစိတ်ရောဂါကုဆေးရုံ ဆေးသိပ္ပံ၌ တွေ့ဆုံ၍ အပြန်အလှန် မေးမြန်းဖြေကြားခဲ့ကြသည်။ တွေ့ဆုံမေးမြန်းမှု အချိန် ကာလမှာ (၁၅)မိနစ်သာ အချိန်ပေးရန် သတ်မှတ်ထားခဲ့ကြသည်။ သို့သော် တကယ်တမ်း တွေ့ဆုံမေးမြန်းရာ၌ အချိန် ငါးနာရီမက ကြာညောင်းသွားခဲ့ သည်။ သက်သေအထောက်အထား ခိုင်လုံစွာဖြင့် ဒီဆော်လ်ဗိုမှာ ဘော့စတွန် လူသတ်ကောင်ကြီးအဖြစ် ဘွင်းဘွင်းပေါ်ခဲ့သည်။ သူကိုယ်တိုင် သတ်ခဲ့သည့် မိန်းကလေးတို့နှင့်ပတ်သက်၍ သတင်းများ ထုတ်ဖော် ပြောပြခဲ့သည်။ ယင်း အချက်အလက်တို့မှာ တကယ် လူသတ်မှုကျူးလွန်သူမှတစ်ပါး

လုပ်ဇာတ်ခင်း၍ မရစကောင်းချေ။ သူက မိမိသတ်ခဲ့သည့် သားကောင်(၈)၏ အိပ်ရာအောက်၌ မှတ်စုစာအုပ် တစ်အုပ်ရှိပြီး ကိုအမျိုးသမီးမှာ အသား ညိုစိမ့်စိမ့်နှင့် သူမအမည်မှာ ဘီဗာလီဆာမန်စ် ဖြစ်ကြောင်းပါ ထုတ်ဖော် ဝန်ခံခဲ့သည်။ ဒီဆော်လ်ဗိုမှာ သူသတ်ခဲ့သော အမျိုးသမီးတို့၏ အခန်း ဖွဲ့စည်းပုံကိုပါ ရေးဆွဲ ပြနိုင်ခဲ့လေသည်။ ထို့ပြင် ယင်းအိပ်ခန်းတို့၏ အခန်းဖွဲ့ထားပုံ၊ မွမ်းမံပြင်ဆင်ထားပုံ၊ သုတ်ထားသည့် ဆေးအရောင်ပါ အတိအကျ ပြောပြနိုင်ခဲ့သည်။

၎င်းထွက်ဆိုချက်များနှင့် အခြား အသေးစိတ် အချက်အလက်တို့ပါ ပေါင်းလိုက်ရာ အသံဖမ်းတိပ်ခွေ နာရီပေါင်း (၅၀)ကျော် သွင်းယူခဲ့ရပြီး တိပ်မှ ပြန်ကူးခဲ့ရာ စာမျက်နှာပေါင်း (၂၀၀၀)မက ရရှိခဲ့သည်။ သူ၏ ထွက်ဆိုချက် အသေးစိတ်များကို ပြန်လှန်စစ်ဆေးကြည့်ရာ အားလုံး အမှန်တွေချည်း ဖြစ်သည်။

ယင်းသို့ သိရှိကြရသည့်တရားခံ၏ ဖြောင့်ချက်အသေးစိတ်တို့မှာ အခြား အခင်းဖြစ်အမှုများ ကြားနာစစ်ဆေး မပြီးမချင်း အပြည့်အစုံ ထုတ်ဖော် ကြေညာခြင်း မရှိခဲ့ပေ။ အခင်းဖြစ် လူသတ်မှု (၁၃)မှုမှ အမျိုးသမီး (၁၃)ယောက်အား သတ်မသတ် သိနိုင်သည့်သူမှာ တစ်ဦးတည်းသာ ရှိ၏။ ထိုသူမှာ ဒီဆော်လ်ဗိုမှတစ်ပါး မည်သူမျှ မရှိနိုင်တော့ပေ။ အဲလ်ဘတ် ဒီဆော်လ်ဗိုမှာလည်း မည်သည့်အခါမှ အဖြစ်မှန်ကို ပြောပြတော့မည် မဟုတ်ချေ။ (၁၉၇၃)ခုနှစ်အတွင်း မက်ဆက်ချူးဆက်ပြည်နယ် ဝေါလ် ပိုးလ်အစိုးရအကျဉ်းထောင်ကြီး၌ ထောင်ဒဏ် (၆)နှစ် ကျခံပြီးနောက် ဒီဆော်လ်ဗိုမှာ မူးယစ်ဆေးဝါးအဝေမတည့်မှုဖြင့် ထောင်ကျ သုံးဦးနှင့် စကားများပြီး ဓားထိုးခံရကာ သေဆုံးသွားခဲ့လေသည်။

❀ ❀ ❀



ရမ္မက်ရှူးမလေး **မာသာဘက်**နှင့် **လူ့သတ်သမား**
ရေမွန်ဖရင် **ရုံးတော်၌ စစ်**ဆေးခံနေစဉ်



ရဲတို့က လူသတ်လက်နက် သက်သေများ တူးဖော်နေစဉ်

## ရမ္မက်ရူးမလေးနှင့် ဒုစရိုက်သံသရာ

ရေမန်ဖာနန်ဒက်နှင့် မာသာဘက် (Raymond Fernandex and Martha Beck) တို့နှစ်ဦးမှာ ပေါင်းသင်းဆက်ဆံရေး လူ့အသိုင်းအဝိုင်းနှင့် မညက်သူ၊ သဟဇာတမဖြစ်သူ မောင်နှံ ဖြစ်ကြသည်။ သူတို့နှစ်ဦး ကျူးလွန်ခဲ့ကြသော ရာဇဝတ်ပြစ်မှုတို့မှာ လူ့ဘောင်လောက အသိုင်းအဝိုင်းအား အရုပ်ဆိုး အကျည်းတန်စေခဲ့သဖြင့် လူ့အသိုင်းအဝိုင်းကလည်း သူတို့အား ဒဏ်ခတ်ကာ ထားခဲ့လေသည်။ အစကနဦး သူတို့နှစ်ယောက် ကောင်းရောင်းကောင်းဝယ် ရိုးရိုးဟန်းတန်း ဘဝလမ်းကြောင်းကို လျှောက်ခဲ့ကြသည်။ သို့ရာတွင် ကံကြမ္မာ အလှည့်အပြောင်းကြောင့် သူတို့ဘဝ တစ်ဆစ်ချိုး ကွေ့ကောက်ပြီး အမှောင်လမ်းသို့ ရောက်လာခဲ့ကာ ကျင်လည်ခဲ့ကြသည်။ (၁၉၄၇)ခုနှစ်တွင် သူတို့နှစ်ဦး ပေါင်းမိကြကာ လောင်းကျော်ခဲ့ကြသည်။ မကောင်းမှု ဒုစရိုက် ရာဇဝတ်ပြစ်မှုတို့ကို ကျူးလွန်ခဲ့ကြပြီး နောက်ဆုံး သူတို့ ကျူးလွန်ခဲ့ကြသော ရက်စက်လွန်းသည့် ရာဇဝတ်ပြစ်မှုတို့အတွက် သူတို့အသက်တို့ကို ပေးဆပ် သွားခဲ့ကြရလေသည်။

ဖာနန်ဒက်မှာ ဟာဝေယံကျွန်းတွင် စပိန် မိဘနှစ်ပါးမှ ဖွားမြင်ခဲ့သူ ဖြစ်ပြီး (၁၉၃၀) ခုနှစ် ဝန်းကျင်၌ စပိန်နိုင်ငံသို့ ပြောင်းရွှေ့လာခဲ့ကာ စပိန်အမျိုးသမီးနှင့် အိမ်ထောင်ကျခဲ့သည်။ (၁၉၃၆) ခုနှစ် စပိန်ပြည်တွင်း စစ်ကြီးအတွင်းက စပိန်သူပုန် ဖရန်ကိုတပ်ထဲ၌ စစ်မှုထမ်းခဲ့ပြီး အာဇာနည် သူရဲကောင်းအဖြစ် ဂုဏ်သတင်း မွှေးခဲ့သည်။ ယင်းဂုဏ်ထူးဖြင့် စပိန်

နိုင်ငံ ဂျီဘရော်ဒါသဘော်ာကျင်း ပြိတိသျှထောက်လှမ်းရေးဌာနတွင် ဝင်ရောက်အမှုထမ်းခဲ့သည်။ (၁၉၄၅)ခုနှစ်အတွင်း အမေရိကသို့ ရေနံတင်သင်္ဘော အလုပ်သမား အဖြစ်ဖြင့် လိုက်ပါလာခဲ့သည်။ ပင်လယ်ကူးခရီးလမ်း၌ ကုန်းပတ်ပေါ်ရှိ ကုန်တင်ကုန်ချတံခါးဖုံးကြီး သူ့ဦးခေါင်းပေါ် မတော်တဆ ပြုတ်ကျခဲ့ပြီး သတိလစ်မေ့မြောနေခဲ့ရာ နယ်သာလန်ကျွန်းစုများ အတွင်းရှိ ကူဆာကိုကျွန်းဆေးရုံသို့ တင်ခဲ့ကြသည်။ ဆေးရုံရောက်ပြီး သတိပြန်လည် ရရှိခဲ့သော်လည်း သူ၏ ကိုယ်ရည်ကိုယ်သွေးမှာ နဂိုနှင့်မတူ လုံးဝ ပြောင်းလဲ သွားခဲ့သည်။ သူသည် ဘဝတစ်ဖြစ်လဲ စဉ်းလဲကောက်ကျစ်သည့် အကြင်နာတရား မရှိသော လူလိမ်လူကောက် လူဆိုးတစ်ယောက် ဖြစ်လာခဲ့သည်။ သူ့ကိုယ်သူလည်း အမျိုးသမီးတို့စိတ်ကို လွှမ်းမိုးနိုင်သူဟု စိတ်ကြီးဝင်ကာ ယင်း စိတ်တန်ခိုးစွမ်းပကားကို အစွမ်းကုန် အသုံးပြုရန် ဆုံးဖြတ်လိုက်လေသည်။

ဖာနန်ဒက်သည် လုံးလီးဟတ်စ်မဂ္ဂဇင်းမှနေ၍ စတင် ကြော်ငြာခဲ့သည်။ သူ၏ စွဲချက်တို့ကို ပြန်ဖြေသည့် လူနုံလူအတို့အား အမိဖမ်းကာ ကလိမ်ကျခဲ့လေတော့သည်။ (၁၉၄၇) ခုနှစ်၌ သူလိမ်လည်ခဲ့သူပေါင်း (၁၀၀)မက ရှိပြီဖြစ်ကြောင်း သူက အဲတိအလင်း ပြောကြားခဲ့၏။ စပိန်နိုင်ငံမှ ဖာနန်ဒက် ပြန်ရောက်လာလျှင် လာခဲ့ချင်း သူ နောက်ဆုံး လိမ်လည်ခဲ့သည် ငနတုံး တစ်ဦးမှာ အပန်းဖြေခရီးထွက်ရင်း ထူးဆန်းစွာ သေဆုံးသွားခဲ့သည်။ ထိုစဉ် သူလည်း တိတ်တဆိတ် ချစ်ရေးချစ်ရာနှင့် ပတ်သက်၍ ဖလော်ဒါရီမှ ဒေသခံ အမျိုးသမီးတစ်ဦးထံမှ တူနှစ်ကိုယ် ချိန်းတွေ့ရန် စာတစ်စောင် ရရှိခဲ့သည်။ ဖာနန်ဒက်သည် အမျိုးသမီးထံ သွားရောက် တွေ့ဆုံရန် ဆုံးဖြတ်လိုက်လေသည်။

သူမ သူငယ်ချင်းတစ်ယောက်က နောက်ပြောင်ကျီစယ်ကာ သူမ အမည်ကို မာသာဘက်ဟူ၍ လုံးလီးဟက်စ်ကလပ်အသင်းသို့ မိတ်ဆက် စာတစ်စောင် ထည့်ခဲ့သည်။ မာသာမှာ ကိုယ်အလေးချိန်ပေါင် (၂၈၀)ရှိပြီး ပုံပျက်ပန်းပျက် ဝဝဖိုင့်ဖိုင့်ကြီးနှင့် သူမ၏ ရမ္မက်ရုပ်ရည် ရှုပကာကြောင့် သူတကာ စ,စရာ နောက်ပြောင်စရာ ဖြစ်လာခဲ့၏။

လိင်မှုကိစ္စတစ်ခုအတွက် မိခင်ဖြစ်သူက သူမအား ဆယ်ကျော်

သက်ရှယ်ကလေးတစ်ယောက်ကဲ့သို့ မနေရတော့ဘဲ ကြွေနေ့သိက္ခာတစ်ခွဲသားနှင့် နေထိုင်ရန် တောရပ်မှီရသေ့ သူတော်စင်ကျောင်းသို့ ပို့ရန် အတင်းအကျပ် တိုက်တွန်း ခံရလေသည်။

မာသာဘက်လည်း သူနာပြုဆရာမတစ်ယောက်အဖြစ်ဖြင့် ကာလီဖိုးနီးယား တပ်မတော်စစ်ဆေးရုံတစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ သို့သော် သူမဘဝတွင် တဏှာရူးမလေးဟု သားပုပ်လေလွင့် အပြောခံရဖို့ ဖန်လာခဲ့သည်။ အရှေ့ပိုင်းသို့ ပြန်လည် ရောက်ရှိခဲ့ပြီး ဖလော်ရီဒါပြည်နယ် ပင်ဆာကိုလာမြို့ မသန်မစွမ်းကလေးများ ဂေဟာ၌ အုပ်ချုပ်ရေးမှူးရုံးအုပ်အဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။ ထိုဌာနတွင် တာဝန်ထမ်းဆောင်နေစဉ် ဖာနန်ဒက်နှင့် တွေ့ခဲ့ကြခြင်းဖြစ်ပြီး သူ၏ စီးပွားရေးလောက၌ သိနေကြသည့်နာမည် ချားလ်စ်မာတင်အဖြစ် သိကျွမ်းခဲ့ကြခြင်း ဖြစ်ပါသည်။

သူတို့နှစ်ဦး ကြိုးချင်းငြိခဲ့ကြလေသည်။ သူမ၏ သောက်လေသောက်လေ ဝတ်မပြေခဲ့သည့် အာသာရမ္မက်မှာ ယခုမှပင် အာသာပြေသွားခဲ့၏။ မာသာသည် အလုပ်မှထွက်ပြီး သူမ ရင်သွေးကလေးနှစ်ယောက်ကိုပါ စွန့်ပစ်ခဲ့ပြီး တရားမဝင် သူတစ်ပါးအိမ်ထောင်ရေးကို ဖျက်ဆီးခဲ့ကာ ဖာနန်ဒက်နောက် ကောက်ကောက်ပါအောင် လိုက်ခဲ့သည်။ သူမအား သူ၏ ဒုစရိုက်စီးပွားရေးလုပ်ငန်းကို ရှင်းပြခဲ့ရာ ဝတ်မရှက်၊ ကြိုက်မရှက် တဏှာကျွန် မာသာက ခေါင်းညိတ် သဘောတူခဲ့သည်။ သို့နှင့် သူမသည် ဖာနန်ဒက်၏ နှမဟန်ဆောင်၍ ကလိမ်စွေငြမ်းဆင်ကာ ချစ်ဟန်ဆောင်၍ သိုက်တူးကြရန် ဇာတ်တိုက်ခဲ့ကြသည်။ မာသာဘက်မှာ ဖာနန်ဒက်အား အလွန်ပင် ချစ်သူဖြစ်၍ တစ်ပါးသူရင်ခွင်ထက် မွေးစက်မည်ကို နည်းနည်းလေးမျှ သည်းမခံနိုင်ရှာပေ။ နဂိုကတည်းက မြာပွေ့မြာရှုပ်သည့် ဖာနန်ဒက်မှာ နောက်ပိုးထိုးလိုက် ဟောတစ်ယောက် ဟောတစ်ယောက် မိန်းမယူခဲ့သည်။ သို့သော် နှမဟန်ဆောင်ထားသော မာသာမှာ သူတို့နှစ်ယောက်တည်း အလစ်မပေး၊ မုန့်သာဝေစားမည် အချစ်ကို မဝေပေးလိုသဖြင့် တူနှစ်ကိုယ်ချစ်တင်းနှောခွင့် မရခဲ့ကြပေ။

မာသာဘက်မှာ အချစ်နှင့် ပတ်သက်လာလျှင် အလွန်ပင် အူတို

တတ်သူပီပီ သူမချစ်သူ ကလိန်ကကျစ် မြာရှုပ်အား အမြဲတစေ ပိတ်ပင်ဟန့်တားခဲ့သည်။ သူတို့ ကလိန်ကကျစ်မောင်နှံ နှစ်ယောက်ပေါင်း၍ မိန်းမသိုက်တူးခဲ့ကြရာ ကားနှင့်ငွေသား ဒေါ်လာ (၅၀၀)ကို ပိုင်ရှင် အမျိုးသမီးအား ပြန်ပေးလိုက်ရသည်။ သူမ၏ အသက်အာမခံ ပေါ်လစီကိုမူ လက်မှတ်ရေးထိုး လွှဲပြောင်းပေးရန် ငြင်းဆိုခဲ့သည်။ သူတို့ဇနီးမောင်နှံလည်း အီလီနွိုက်ပြည်နယ် ကွတ်မြို့သို့ ပြောင်းရွှေ့ခဲ့ကြသည်။ (၁၉၄၈) ခုနှစ် ဩဂုတ်လအတွင်း ကြာကူလီ ဖာနန်ဒက်သည် မိုက်တဲလ်ယန့်ဆိုသူ အမျိုးသမီးနှင့် လက်ထပ်ခဲ့ပြန်သည်။ သတို့သမီးမှာ လင်တော်မောင်နှင့် အတူ လွတ်လွတ်လပ်လပ် အိပ်ခွင့်မရ၍ အကြီးအကျယ် စကားများခဲ့ကြသည်။ မာသာက ကြားဝင်၍ ဆေးရိုးသည် ကန့်လန့်ကန့်လန့် လုပ်နေ၏။ ကံဆိုးသူမောင်ရှင် သတို့သမီးမိုက်တဲလ်မှာ အိပ်ဆေး အလွန်အကျွံ အကျွေးခံခဲ့ရပြီး အာကင်ဆာမြို့နယ် လစ်တဲရော့ခ်မြို့သို့ ပြေးဆွဲနေသော ဘတ်စ်ကားတစ်စီးပေါ် တင်ပေးလိုက်ကြသည်။ အိပ်ဆေး အလွန်အကျွံ သောက်ကာ သတိလက်လွတ် ဖြစ်နေသော မိုက်တဲလ်မှာ ကားပေါ်မှ လဲပြိုကျခဲ့ပြီး ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ အကြံသမား ဒုစရိုက်သားကောင် ဖာနန်ဒက်နှင့် မာသာမှာ ငွေသား ဒေါ်လာ (၄၀၀၀)နှင့် ကားတစ်စီး အမြတ်ထွက် ခဲ့ကြသည်။

ထိုနှစ် ဒီဇင်ဘာလ နယူးယောက် ရိုင်အဲလ်ဘာနီမြို့၌ အသက် (၆၆)နှစ်အရွယ် မြို့ခံမုဆိုးမကြီး ဂျက်နက်ဖေး ဆိုသူအား ပိုးပန်းကာ ချစ်ဟန်ဆောင် ခဲ့ပြန်သည်။ အမျိုးသမီးကြီးမှာ သူမှသူ အခိုက်ကြီးခိုက်သွားကာ ဖာနန်ဒက်ပြုသမျှ နုရမည့်သူ ဖြစ်သွားခဲ့သည်။ ကလိန်ကကျစ် ဒုစရိုက်သမားအား သူမပိုင်ပစ္စည်းတို့နှင့် အသက်အာမခံ ပေါ်လစီ ဒေါ်လာ (၆၀၀၀)ကိုပါ လက်မှတ်ရေးထိုးကာ လွှဲပေးခဲ့လေသည်။ ထို့နောက် ဖာနန်ဒက်သည် ဂျက်နက်ဖေးအားလည်း လည်စေ့ညှစ်ပြီး တူဖြင့် ခေါင်းထုပြီး သတ်ခဲ့သည်။ အလောင်းကို သေတ္တာကြီးတစ်လုံးထဲသို့ ထည့်ပြီး နယူးယောက်သို့ လစ်ခဲ့သည်။ ကွင်းစ်အရပ်၌ အိမ်တစ်လုံး ငှားရမ်း နေထိုင်ခဲ့ပြီးနောက် လက်ဖြစ် ခေါင်းတစ်လုံးဖြင့် သေတ္တာထဲမှ ဂျက်နက်ဖေး၏ အလောင်းကို ထည့်၍ အိမ်ကြမ်းခင်း သမံတလင်းအောင်တွင် မြှုပ်နှံထားလိုက်ပါသည်။

ထိုနှစ်အတွင်းမှာပင် ဖာနန်ဒက်နှင့် မာသာတို့သည် မစ်ချီဂင်ပြည်နယ်၊ ဂရင်းရပ်ပစ်၌ အသက် (၂၈) နှစ်ရှိ မုဆိုးမ ဒဲလ်ဖင်းဒေါင်းနင်းအား လှည့်ပတ်ဖို့ ကြိုးစားခဲ့ကြပြန်သည်။ သို့နှင့် ဒေါင်းနင်းသည် ဖာနန်ဒက်၏ ပိုက်ကွန်တွင် မိသွားခဲ့ကြပြီး သူတို့နှစ်ဦး လက်ထပ်ခဲ့ကြသည်။ သို့သော် သူတို့မောင်နှံ အတူအိပ်ဖို့ကိုမူ မာသာဘက်က ခွင့်မပြုခဲ့။ တစောင်းစောင်း၊ တမြောင်းမြောင်းနှင့် လုပ်ခဲ့သည်။ ဒဲလ်ဖင်းလည်း ကျောချမ့ ခါးပြမ့်နှီး သိတော့သည်။ သူ့အား ချစ်ဟန်ဆောင်၍ ဥစ္စာသိုက်တူးခြင်း ဖြစ်ကြောင်း သိခဲ့သည်။ ဖာနန်ဒက်က သူ့အား ကွာပေးရန် ခြိမ်းခြောက်လေသည်။ ဖာနန်ဒက်နှင့် မာသာဘက်တို့ လူလိမ်လူကောက် ဒုစရိုက်မောင်နှံ ရုပ်ရှင်ရုံမှ အထွက် လူသေအလောင်းနှစ်လောင်း တွေ့ရှိမှုဖြင့် အဖမ်းခံခဲ့ကြရသည်။ ယင်း လူသေအလောင်းနှစ်လောင်းမှာ ဖာနန်ဒက်တို့ ဇနီးမောင်နှံ နေထိုင်ကြရာ အခန်းကြမ်းခင်း သမံတလင်းအောက်၌ မြှုပ်နှံထားခြင်း ဖြစ်သည်။ စပ်စုသည့် အိမ်နီးပါးချင်းတို့အား ဒဲလ်ဖင်းဒေါင်းနင်းနှင့် သူမ သမီးငယ်မှာ ဟောလီးဒေးခရီး ထွက်သွားခဲ့ကြကြောင်း သတင်းလွှင့်ထားလေသည်။

သို့ရာတွင် သင်္ကာယနမကင်းကြသူ ဆွေမျိုးတို့က ရဲအား တိုင်တန်းကြသည်။ ဖာနန်ဒက်နှင့် မာသာဘက်တို့ ဇနီးမောင်နှံ ရုပ်ရှင် သွားရောက်ကြည့်ရှုနေစဉ် သူတို့ နေအိမ်ကို ရဲများ ပိုက်စိပ်တိုက် ရှာဖွေခဲ့ကြသည်။ ကြမ်းခင်းသမံတလင်းအား မြေလှန်ရှာဖွေခဲ့ရာ လူသေအလောင်း နှစ်လောင်း တွေ့ရှိခဲ့ကြပြီး သူတို့ ရုပ်ရှင်မှအပြန် ဖမ်းဆီးခဲ့ကြခြင်း ဖြစ်သည်။

ဖာနန်ဒက်တို့ ကျူးလွန်ခဲ့ကြသော လူသတ်မှုနှင့် ပတ်သက်၍ ပြည်နယ်နှစ်နယ် အငြင်းပွား ခဲ့ကြသည်။ သူတို့ ဒုစရိုက်မောင်နှံအား မစ်ချီဂင်ပြည်နယ်က သေဒဏ်ချမှတ် မစီရင်လိုပေ။ နယူးယောက်ကမူ သေဒဏ်ချမှတ်ဖို့ လိုလားခဲ့သည်။ ထိုစဉ် ဂျက်နက်ဖေး သတ်ခဲ့မှုကြီးမှာ ဘူးပေါ်သလို ပေါ်ခဲ့သဖြင့် နယူးယောက် အာဏာပိုင်တို့က ဖာနန်ဒက်နှင့် မာသာဘက် ဇနီးမောင်နှံအား အခင်းဖြစ်ပွားခဲ့ရာ အဲဘာနီမြို့သို့ တရားရင်ဆိုင်ရန် အချုပ်နှင့်ပို့ပေးရန် တောင်းဆိုခဲ့ကြသည်။ နယူးယောက်မြို့နယ် ပြည်သူတစ်ရပ်လုံးက ဒုစရိုက်မောင်နှံတို့အပေါ် မကျေမနပ်၊ ထိုက်သင့်သော

အပြစ်ပေးရန် အရေးဆိုလာခဲ့ကြသည်။

ဖာနန်ဒက်နှင့် မာသာဘက်မောင်နှံအား လူသတ်မှုသုံးမှုဖြင့် တရားစွဲဆိုချက်တင်ခဲ့ကြသည်။ ထို့ပြင် မိုက်တဲလ်ယန့် အပါအဝင် နောက်ထပ် လူသတ်မှုပေါင်း (၁၇)မှုကိုလည်း သူတို့ပင် ကျူးလွန်ခဲ့ကြကြောင်း သံသယဖြင့် စွပ်စွဲခဲ့ကြသည်။ (၁၉၄၉)ခုနှစ် ဇူလိုင်လအတွင်း ရုံးတင်ကြားနာ စစ်ဆေးခဲ့သည်။ အခင်းဖြစ်အမှုကို (၄၄)ရက်ကြာမျှ ကြားနာစစ်ဆေးခဲ့သည်။ နေ့စဉ်ထုတ် သတင်းစာမျက်နှာဖုံး၌ သူတို့ ဒုစရိုက်မောင်နှံ၏ ကာမဂုဏ်လိုက်စား ပျော်ပါးခဲ့ကြပုံ အတွင်းကျကျ သတင်းစုံကို စိတ်ဝင်စားဖွယ်ကောင်းအောင် တခမ်းတနား ရေးသား ဖော်ပြထားသည်။ ယင်း တင်ပြရာ၌ အာဃာတမပါ၊ ဒေါသမပါ၊ အရှိအရှိအတိုင်း စိတ်ဝင်စားဖွယ် ဖန်တီးတင်ပြထားခြင်းသာ ဖြစ်၏။ မြို့သူမြို့သားတို့မှာ သူ့ထက်ငါ လူဆိုးကြီးနှင့် သူ၏ဇနီး ဘီလူးပြိတ္တာမကြီးအား ကြည့်ရှုရန် တရားရုံးသို့ အပြေးလာခဲ့ကြသည်။

သူတို့ ရာဇဝတ်သားမောင်နှံအား ချမှတ်သည့် ပြစ်ဒဏ်စီရင်ချက်မှာ သံသယ ကင်းရှင်းလေသည်။ ဖာနန်ဒက်နှင့် မာသာဘက်တို့ ဇနီးမောင်နှံမှာ လူသတ်မှုရာဇဝတ်ပုဒ်မ ပထမဒီဂရီပြစ်မှု ထင်ရှားသဖြင့် ဩဂုတ်လ (၂၉)ရက်နေ့၌ သေဒဏ်ကျခံစေရန် အပြီးသတ် အမိန့်ချမှတ်ခဲ့သည်။ သူတို့၏ အယူခံလွှာကို (၁၉၅၁) ခုနှစ် မတ်လ (၈)ရက်နေ့၌ ရုံးတော်မှ ပလပ်လိုက်လေသည်။ သူတို့နှစ်ဦးအား ဆင်ဆင်ထောင်ကြီးအတွင်း လျှပ်စစ်ကုလားထိုင်ဖြင့် သေဒဏ် စီရင်ခဲ့သည်။

သေဒဏ်မစီရင်ခင် (၂)နာရီအလို၌ ဖာနန်ဒက်က သေဖော်သေဖက် ချစ်ဇနီး မာသာထံ ချစ်ခွန်းခြွေခဲ့သည်။ သူမက ဤသို့ ပြောကြားသွားခဲ့သည်။ "ရေမန်ရဲ့အချစ်ကို ခုမှ တကယ့်ကို ယုံကြည်သွားပြီ၊ ဒီတော့ ကျွန်မ သေပျော်ပြီ၊ သေရကျိုးနပ်ပြီပေါ့ရှင်"ဟူ၍ မချိတင်ကဲ ပြောသွားရှာသည်။ သို့သော် သေခြင်းဆိုသည်မှာ အဘယ်မှာလျှင် ချမ်းမြေ့စရာ ဖြစ်နိုင်ပါမည်နည်း။ သို့သော် နေ့စဉ်ထုတ် သတင်းစာများက အဝလွန် ပြိတ္တာမကြီး မာသာဘက်၏ နောက်ဆုံးချိန်ကို ရယ်စရာကောင်းလောက်အောင် သရုပ်ဖော် ရေးထားကြသည်။ သူမ ခန္ဓာကိုယ် အတ္တဘောကြီးမှာ

လျှပ်စစ်ကုလားထိုင်တွင် မဆုံမပြဲ ဖြစ်နေသဖြင့် ကိုးရိုးကားရား နိုင်လွန်း နေသည်။ သူမ၏ ပျော့အိပျော့တွဲ အဆီများလွန်သော ခန္ဓာကိုယ်ကြီးသို့ လျှပ်စစ်ဓာတ်က မနည်းရှန်းကာ ဖြတ်သန်းနေရသဖြင့် တော်တော်ဖြင့် မသေနိုင်။ တလူးလူး တလွန့်လွန့် ငါးဖယ်ပုံမတတ် ခံစားနေရပြီးမှ ဇီဝိန်ချုပ် သွားခဲ့လေတော့သည်။ အမှန်စင်စစ် ရာဇဝတ်ဘေး ပြေးမလွတ်သည့် ဒုစရိုက်လောကသားတို့၏ သွားရာလမ်းမှာ ထောင်နှင့်ကြိုးစင် သေခြင်း တရားသာ ဖြစ်သည်။ သေခြင်းဆိုသည်မှာ ရယ်စရာ၊ မောစရာ၊ ရွှင်မြူး စရာ၊ နောက်ပြောင်သရော် ကျီစယ်စရာ မဖြစ်ကောင်းပေ။ ဤ လူသတ် သမားဇနီးမောင်နှံတို့၏ အမြင်မှာ လူမိုက်တို့ သွားရာလမ်းအဖြစ် သနားစရာ သင်ခန်းစာယူစရာ တစ်ရပ်ပါပေ။

❀ ❀ ❀

## ကြားစခန်း အမှတ် (၆) အော လူသတ်မှု

ကြားစခန်း အမှတ် (၆)အော လူသတ်မှုမှာ ဗြိတိန်နိုင်ငံတွင် ကျူးလွန်ခဲ့သမျှ လူသတ်မှုတို့ထက် အငြင်းပွားမှု များပြားခဲ့ရသည်။ ယင်း လူသတ်မှုအတွက် စာမတတ်ပေမတတ် ကျပ်မပြည့်သည့် ဒုစရိုက်သမား ပေါက်စဂျိမ်းစ်ဟင်ရက်တီ (James Henratty) မှာ အင်္ဂလိပ်တရားဥပဒေလောကတွင် အချိန်အကြာဆုံး ကြားနာစစ်ဆေးပြီး ကြိုးပေးအသတ်ခံခဲ့ရလေသည်။ ယင်း ကိစ္စကို ဖြိမ်ခံမနေခဲ့ကြ၊ ဗြိတိသျှစာပေပညာရှင် စာရေးဆရာကြီးများက ဗြိတိသျှတရားရုံးတော်မှ တရားခံမဟုတ်သူအား မှားယွင်းပြစ်ဒဏ်စီရင်ခဲ့ကြောင်း ပြည်သူတို့ အံ့ကြွလာအောင် လှုံ့ဆော်ရေးသားခဲ့ကြသည်။

(၁၉၆၁) ခုနှစ် ဩဂုတ်လ (၂၂)ရက်နေ့ ညမှောင်ချိန်၌ အင်္ဂလန်နိုင်ငံ၊ ဘတ်ကင်ပန်ရှိုင်းယားပြည်နယ်၊ ဆလောက်မြို့ လမ်းဌာန သုတေသနဓာတ်ခွဲခန်းအမှုထမ်း သိပ္ပံပညာရှင်နှစ်ဦးမှာ မီးခိုးရောင် မောရစ်မိုင်းနားဆလွန်းကားလေး တစ်စီးဖြင့် ခရီးထွက်လာခဲ့ကြသည်။ ကားရှေ့ခန်း ဒရိုင်ဘာခုံ၌ မိုက်ကယ် ဂရက်ဟာတန်က မောင်းနှင် လာခဲ့သည်။ သူသည် အသက်(၃၈)နှစ်ရှိပြီဖြစ်ပြီး ကလေးနှစ်ယောက်ဖခင် အိမ်ထောင်သည် ဖြစ်၏။ သူ့နံဘေးတွင် စီးနင်းလိုက်လာခဲ့သူမှာ ဗလာရီစတိုရီဆိုသူ မိန်းမချောကလေးဖြစ်ပြီး အသက်မှာ (၂၃)နှစ်သာ ရှိသေးပြီး တစ်ကိုယ်တည်းသမားဖြစ်သည်။ သူမနှင့် ဂရက်စတန်တို့ တိတ်တခိုးလေး ချစ်လာခဲ့ကြသည်မှာ

သုံးနှစ်သုံးမိုးပင် ရှိကြလေပြီ။

သူတို့ ကားကလေး သိမ်းမြစ်နံဘေး ဝင်ဆာနှင့် မေဒင်ဟက်အကြား ဒိုနေရိချ်ပြောင်းခင်းတစ်ခုထဲ၌ ထိုးရပ်ထားပြီး ချစ်သူမောင်နှံနှစ်ဦး ချစ်တင်းနှောနေခဲ့ကြသည်။

အမှတ်မထင် ကားရှေ့ခန်း ဒရိုင်ဘာနံဘေး ပိတ်ထားသော မှန်ပြတင်းပေါက်အား ဒေါက်ဒေါက်ဒေါက် ခေါက်သံပေးသည်ကို ကြားလိုက်ကြရသည်။ ဂရက်စတန်လည်း မှန်ပြတင်းကို အောက်သို့ လှဲချကာ ဖွင့်ကြည့်လိုက်ရာ လူတစ်ယောက် ကားနံဘေး ရပ်နေသည်ကို အမှတ်မထင် တွေ့လိုက်ရ၏။ သူ့လက်ထဲရှိ သေနတ်ဖြင့် သူ့အား ချိန်ထားသည်ကိုလည်း တွေ့ရသည်။ ထိတ်လန့်တုန်လှုပ်နေကြသော မောင်နှံလည်း ကားဓားပြအတိုက်ခံရပြီဟု ထင်မှတ်လိုက်ကြသည်။ ထိုသူအား ငွေလက်ပတ်နာရီနှင့် ကုန်ကုန်ပြောရလျှင် သူတို့ စီးနင်းလာသည့်ကားပါပေး၍ အသက်ချမ်းသာပေးရန် အပေးအယူ လုပ်ခဲ့ကြသည်။

ထိုသူက ကားနောက်ခန်း ကူရှင်ပေါ် အငြိမ့်သားထိုင်၍ နောက်သို့ တစ်စက်ကလေးမျှ လှည့်မကြည့်ကြရန် အမိန့်ပေးထားခဲ့သည်။ သူက ယင်းသို့ သတိပေးရင်း လက်ထဲမှ သေနတ်ကို လှည့်ပတ် ကစားနေလိုက်သေးသည်။ သူက မိမိမှာ ဝရမ်းပြေးဖြစ်ကြောင်း၊ ဗြိတိန်ရဲအဖွဲ့ဝင်မှန်သမျှ သူ့အား မြေလှန်ရှာနေကြကြောင်း ပြောပြခဲ့သည်။ သူ့ကြည့်ရသည်မှာ သူတို့မောင်နှံနှစ်ဦးအား ဘာလုပ်ရမည်ကို မဆုံးဖြတ်ရသေးပုံရသည်။

နောက်ဆုံးတွင် ညဉ့် (၁၁း၃၀)နာရီခန့်၌ သူက ဂရက်စတန်အား ကားကို မောင်းနှင်ထွက်ခွာရန် အမိန့်ပေးခဲ့သည်။ လန်ဒန်မြောက်ပိုင်း ဆင်ခြေဖုံးမြို့ရွာတို့ကို ဖြတ်သန်းပြီး မိုင်ပေါင်း (၃၀)မျှ မောင်းနှင်ခဲ့ကြသည်။ လန်ဒန်ဆင်ခြေဖုံးမြို့နယ်များဖြစ်သော ဘလောက်ဟေးစ်နှင့် စတန်မိုးတို့ကို ဖြတ်သန်း မောင်းနှင်လာခဲ့ရာ ဓာတ်ဆီဖြည့်ရန် စီးကရက် ဝယ်ရန် မှတစ်ပါး တောက်လျှောက် မောင်းနှင်ခဲ့၏။

ဂရက်စတန်မှာ သေနတ်သမားအား တဆတ်ဆတ် တုန်အောင် ကြောက်နေသည်။ ကားနောက်ခန်းမှ အမိန့်ပေးသည့်အတိုင်း လိုက်နာကာ မောင်းနှင်ခဲ့သည်။ ကားအန္တရာယ် ဖြစ်နိုင်သည့်နေရာတို့၌ သတိထား

မောင်းနှင်ရန်ကိုလည်း ထိုသူက တင်းတင်းကြပ်ကြပ် သတိပေးနေသည်။ ယင်းသို့ တရိပ်ရိပ် မောင်းနှင်လာရာ စိန့်အဲလ်ဘန်စ်သို့ ရှေ့ရှုနေသော အေ (၅)လမ်းမကြီးသို့ ချိုးကွေ့ခဲ့သည်။ မောင်းနှင်နေရင်း ဂရက်စတန်မှာ ကားနောက်မီးပွင့်နှစ်လုံးကို ဖွင့်ချည်မှိတ်ချည်ဖြင့် သတိပြုမိကြရန် အချက်ပြ ဆက်သွယ်ခဲ့သည်။ မောင်းနှင်နေရင်းလည်း လမ်းပေါ်မှ ရဲသားတစ်ယောက် တလေများ တွေ့လေမလားဟု ကျိုးကန်းတောင်းမျှော် ကြည့်ရှု ရှာဖွေခဲ့ သည်မှာလည်း အမောပင်။ သို့ပါသော်လည်း ကံမကောင်းရှာ ရဲဆို၍ တစ်ယောက်မျှပင် မတွေ့ခဲ့ချေ။

စိန့်အဲလ်ဘန်စ်နှင့် လူတန်းအကြား အမှတ် (၆)အေ လမ်းမကြီးပေါ် ရောက်အလာ သေနတ်သမားက လမ်းနံဘေး ကြားစခန်းထောက်၍ ကားကို ရပ်ရန် အမိန့်ပေးခဲ့သည်။ သူက တစ်မှေးလောက် အိပ်ဦးမည်ဟု ဆိုကာ မစ္စစတိုရီအား ကားတံခါးလက်ကိုင်၌ ကြိုးနှင့် ချည်နှောင်ထားလိုက်သည်။ ဂရက်စတန်အား ကျောပိုးအိတ်လှမ်းပေးရန် ခိုင်းလိုက်သည်။ သူ့စကား အဟုတ်ထင်ကာ ကျောပိုးအိတ် လှမ်းအယူလိုက်တွင် သေနတ်သမား လူဆိုးက ဂရက်စတန်၏ဦးခေါင်းကို နှစ်ချက်တိတိ ဆင့်ပစ်ချလိုက်လေသည်။ မစ္စစတိုရီမှာ သွေးရူးသွေးတန်း ထိတ်လန့်တကြား ထအော်ဟစ်လိုက်ပါ သည်။ သေနတ်သမားက "ဒီကောင့် လှုပ်ရှားပုံ မရိုးသားဘူး၊ ငါ့ကို အာခံချင်ပုံရတယ်၊ ဒါကြောင့် ဦးအောင် ရှင်းလိုက်တာမှတ်"ဟူ၍ ကြိမ်းမောင်း လိုက်လေသည်။

ဂရက်စတန်မှာ သွေးအိုင်ထဲ၌ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ သေနတ်သမားက မစ္စစတိုရီအား ကားနောက်ခန်းထဲ အဝင်ခိုင်းပြီး အဝတ် အစားချွတ်ခိုင်းကာ အဓမ္မကြံစည်ခဲ့သည်။ ထို့နောက် သူက ကားပေါ်မှ အလောင်းကို ကွန်ကရစ်လမ်းခင်းပေါ်သို့ ဆွဲချခိုင်းခဲ့၏။ သေနတ်သမားမှာ ရှေ့ဆက် ဘာလုပ်ရမည်မှန်းမသိ ချောက်ချားနေစဉ် သူမသည် ချစ်သူ အလောင်းနံဘေး၌ ကျုံ့ကျုံ့ပါအောင် ထိုင်၍ ငိုနေရှာသည်။

နောက်ဆုံးတွင် မစ္စစတိုရီက လူဆိုးအား စတာလင် (၁)ပေါင်တန် ငွေစက္ကူတစ်ချပ် ထုတ်ပေးကာ အပါးမှ ထွက်သွားရန် ပြောကြားခဲ့သည်။ လူသတ်သမား အဓမ္မကောင်လည်း ငွေကိုယူပြီး သွားမည့်ဟန်ပြုလိုက်

သည်။ ကားနား ချဉ်းကပ်သွားပြီးမှ မမျှော်လင့်ဘဲ နောက်ပြန်လှည့်ပြီး သူမအား ကျည်တောင့် (၅)ချက် ဆင့်ပစ်ချလိုက်သည်။ ကျည်တစ်တောင့်မှာ မစ္စစထိုရီ၏ဇက်ကို ဖောက်ထွင်းသွားရာ နောက်ကျောရိုးနှင့် သီသီကလေး လွတ်သွားခဲ့သည်။ သူမက သေဟန်ဆောင်၍ ငြိမ်နေခဲ့သည်။ လူသတ်သမားကလည်း သေချာအောင် သေမသေ စစ်ဆေးကြည့်ခဲ့သေးသည်။ ဒါမှ သူကျူးလွန်ခဲ့သော လူသတ်မှု၌ မျက်မြင်သက်သေ မကျန်ရစ်မည် ဖြစ်၏။ ကျေနပ်တော့မှ အခင်းဖြစ်နေရာမှ ထွက်ခွာ သွားခဲ့လေသည်။

မစ္စစတိုရီလည်း အနီးအပါးမှ ဖြတ်သန်း မောင်းနှင်သွားသော ကားများကို ကြားအောင် အော်ဟစ် အကူအညီ တောင်းခဲ့ပါသော်လည်း သူမအသံကို မကြားခဲ့ကြပေ။ သို့နှင့် သူမလည်း ကြံရာမရဘဲ ဂါဝန်ကိုချွတ်၍ ဝှေ့ယမ်းပြ၍ ကားများကို ရပ်တန့်ခိုင်းခဲ့၏။ သို့သော် မှောင်ကြီးမည်းကြီးထဲဖြစ်၍ သူမ ဝှေ့ယမ်းပြသည်ကို မြင်ကြပုံမရချေ။ ဤသို့ဖြင့် မစ္စစတိုရီလည်း သတိလစ်သွားခဲ့သည်။ နံနက် (၆း၃၀)နာရီခန့်၌ ဆယ်ကျော်သက်လူရွယ်ကလေးတစ်ဦးသည် ခရီးသွားယာဉ်များ စာရင်းပြုစုရန် ရောက်အလာတွင် သူမအား သွေးအလူးလူးဖြင့် တွေ့ရှိခဲ့၏။ ထို့နောက် သက်ဆိုင်ရာသို့ အကြောင်းကြား၍ အကူအညီတောင်းကာ ဆေးရုံသို့ ပို့ခဲ့ကြသည်။ ဆေးရုံရောက်ပြီးမှ သူမလည်း သတိပြန်ရလာခဲ့သည်။

မစ္စစတိုရီ သတိပြန်လည်အလာ စစ်ချက်ယူရန် စောင့်နေကြသော သက်ဆိုင်ရာ မှုခင်းအရာရှိအား ဖြစ်ကြောင်းကုန်စင်ကို ပြောပြတိုင်ချက်ဖွင့်ခဲ့သည်။ သူမဇက်ပိုးမှ လူသတ်သမားပစ်ခဲ့သော ‌သေနတ်ဒဏ်ရာမှာ သေတစ်ပန်သက်တစ်ဆုံး အောက်ပိုင်း သေသွားခဲ့တော့သည်။ ဘီးတပ်ကုလားထိုင်ဖြင့်သာ နေထိုင်သွားလာရသည့်ဘဝ ရောက်ခဲ့ရသော်လည်း သူမ စိတ်ဓာတ်မှာ လုံးဝ မကျခဲ့ချေ။ မစ္စစတိုရီ၏ ဖော်ပြချက်ပေါ် မူတည်၍ ရေးဆွဲပုံဖော်ထားသော ရာဇဝတ်သား၏ ပုံတူပန်းချီနှစ်ပုံကို သက်ဆိုင်ရာရဲအဖွဲ့မှ ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် အသတ်ခံရသူ ဂရက်စတန်၏ကားကို အက်ဆက်ပြည်နယ်၊ အိုင်လ်ဖို့မြို့တွင်း၌ စွန့်ပစ်မထားခင် မောင်းနှင်သွားသည်ကို တွေ့လိုက်မိသော မျက်မြင်သက်သေတို့အား သက်ဆိုင်ရာသို့ လာရောက် အကြောင်းကြားပါရန် ဖိတ်ခေါ်ထားလေသည်။

အခင်းဖြစ်အမှုလိုက်ရဲတို့လည်း စွဲချက်တင်ရန် မရေမရာ ဝေလေလေဖြစ်နေသော သဲလွန်စနောက် မီးခိုးကြွက်လျှောက် လိုက်ခဲ့ကြသည်။ ပထမ၌ ပီတာလူးဝစ္စအယ်လ်ဖုံ ဆိုသူအား သံသယ ရှိခဲ့ကြသည်။ သူတည်းခိုရာ မေဒါပေးမြို့ ဗီယင်နာဟိုတယ်ခန်းထဲမှ ဒသမ (၃၈) ကျည်နှစ်တောင့်ကို တွေ့ရှိခဲ့ကြသောကြောင့် ဖြစ်၏။ အခင်းဖြစ် အကြမ်းဖက်လူသတ်မှု ဖြစ်ပွားသည့်သူက ပီတာလူးဝစ္စအယ်လ်ဖုံမှာ ထိုဟိုတယ်၌ တည်းခိုခဲ့သည်။ လက်နက်ကျွမ်းကျင်သူ ပါရဂူတို့က ဂရက်စတန်အား ပစ်သတ်ခဲ့သော သေနတ်ကျည်ဖူးနှင့် ဟိုတယ်ခန်းထဲမှ အယ်လ်ဖုံ၏ ကျည်ဖူးကို နှိုင်းယှဉ် စစ်ဆေးခဲ့ကြသည်။ သံသယမကင်းသည့် အယ်လ်ဖုံအား အခြားသူတို့နှင့် ရော၍ တန်းစီစစ်ဆေး တရားခံဆွဲထုတ်ပြခိုင်းရာ တရားလို မစ္စဗလာရီစတိုရီမှာ မပြသနိုင်ခဲ့ချေ။ လူသတ်သမား လုံးဝမဖြစ်နိုင်သည့် လူရှင်တော်တစ်ယောက်အား သူမက ဆွဲထုတ်ပြခဲ့၏။ သို့သော် ရဲတို့ထင်ထားသည့် သံသယမကင်းသူ အယ်လ်ဖုံသည်လည်းကောင်း၊ မစ္စစတိုရီ ဆွဲပြခဲ့သည့် လူရှင်တော် ဂျိမ်းစ်ဂင်ရက်တီသည် လည်းကောင်း လူသတ်မှု ကျူးလွန်ခဲ့သော တရားခံ၏ ပုံတူရုပ်နှင့် လုံးဝ မတူကြပေ။ ရဲအဖွဲ့ဝင်တို့က ဂျိမ်းစ်ဂင်ရက်တီအား အခင်းဖြစ်လူသတ်မှုနှင့် လုံးဝပတ်သက်မှု ရှိသည်ဟု သံသယမဖြစ်ခဲ့ကြ၊ အဘယ့်ကြောင့်ဆိုသော် သူ့အား လူတိုင်းက အောင်မြင်မှု မရရှိသေးသည့် လူရှင်တော်ပေါက်စအဖြစ် သိနေခဲ့ကြသောကြောင့် ဖြစ်သည်။ အမှန်စင်စစ် သူ့ပုံပန်းကထောင့်မကျိုး၍ သူတစ်ပါးထင်စရာ မဖြစ်နေခဲ့ခြင်း ဖြစ်၏။

ရဲတို့မှာလည်း အရှူးမီးဝိုင်း ဆိုသကဲ့သို့ မစ္စစတိုရီဆေးရုံ၌ ပြန်လည်သတိရစဉ် သူမ အသက်အား သတ်မည်ဟု ဖုန်းဖြင့် ခြိမ်းခြောက်ခဲ့သည့် အမည်မသိသူကြောင့် တစ်မှောင့် ဦးနှောက်ခြောက်နေခဲ့ကြရသည်။ သို့နှင့် သူမအား ညစဉ် အိမ်ရာရွှေ့ပြောင်းအိပ်စေပြီး အစောင့်အကြပ်တို့ကိုလည်း အထပ်ထပ် ချထားခဲ့ကြသည်။ ထို့နောက် ဂင်ရက်တီက အခင်းဖြစ်အမှုကို ဦးစီးသော ထောက်လှမ်းနေသူ စုံထောက်ရဲမှူးကြီး အေကော့ထံ ဖုန်းဆက်ခဲ့သည်။ သူက ကြားစခန်းအမှတ် (၆) လူသတ်မှုအတွက် သူ့အပေါ် သံသယ ဖြစ်နေကြသည်ကို စိုးရိမ်နေမိကြောင်းနှင့်

ယင်း အခင်းဖြစ်လူသတ်မှု၌ မိမိ အလျှင်းမပတ်သက်ကြောင်း ပြောပြခဲ့သည်။ ဤဖုန်းဆက် ဖြေရှင်းချက်မှာ အိုးမလုံအုံပွင့်ခြင်း ဖြစ်နေသဖြင့် ရဲတို့မှာ သူ့အပေါ် ပို၍ သံသယမကင်း ဖြစ်လာခဲ့တော့သည်။ သို့နှင့် ဂင်ရက်တီမှာ ပို၍ မသင်္ကာဖွယ် ဖြစ်လာခဲ့ပေတော့သည်။

ရဲတို့ ဆက်လက် စုံစမ်းချက်အရ သူ၏ အပေါင်းအသင်း ချားလ်ဖရန် ဆိုသူတစ်ဦးထံ လန်ဒန်ခရီးသည်တင် ဘတ်စ်ကား နောက်ဘက်ခုံ၌ သေနတ်ဝှက်ရန် နေရာကောင်းကောင်းတစ်ခု ရှိနိုင် မရှိနိုင် စုံစမ်းခဲ့ကြောင်း သိရှိခဲ့ကြသည်။ ထိုနှစ်စောစောပိုင်းကတည်းက ဂင်ရက်တီ၌ ဒသမ (၃၈) အင်ဖီးလ်ခြောက်လုံးပြူးတစ်လက် လက်ဝယ်ရှိနေကြောင်း သိနေခဲ့ကြသည်။ ယင်းသေနတ်နှင့် အလားတူ သေနတ်တစ်လက်ကို အမှတ် (၃၆) ဘတ်စ်ကား နောက်တန်းခုံအပေါ် ဗစ္စည်းတင်သည့် အဆင့်ပေါ်တွင် တွေ့ရှိခဲ့ကြသည်။ ထို့ပြင် သက်ဆိုင်ရာ မှုခင်းရဲတို့သည် ဗီယင်နာဟိုတယ်တွင် အခင်းဖြစ်အမှု မဖြစ်ပွားခင်ညက အယ်လ်ဖုံ သူ့ကိုယ်သူ ဂျေရိုင်ယင် အဖြစ် မတည်းခိုခင်ကလေး၌ တည်းခိုသွားခဲ့ကြောင်း သိရှိရလေသည်။ အသတ်ခံခဲ့ရသူ ဂရက်စတန်၏ဇနီး မုဆိုးမစတိုရီကလည်း သူမခင်ပွန်းသည်အား သတ်ခဲ့သူဟု အတပ်စွဲခဲ့သည်။

သို့နှင့် အောက်တိုဘာလ (၉)ရက်နေ့၌ ဘလက်ပူးလ်တွင် ဂင်ရက်တီအား လက်ရ ဖမ်းဆီးလိုက်သည်။ ဤအကြိမ်တွင်လည်း မစ္စစတိုရီမှာ တန်းစီလူဆွဲ မပြနိုင်ခဲ့ချေ။ သို့သော် သူမက လူသတ်သမား၏ စူးရှသော မျက်လုံးပြာတို့ကို ရည်ညွှန်း၍ သူပါဟု စွပ်စွဲနိုင်ခဲ့သည်။ ဂင်ရက်တီမှာလည်း တရားလို ဖော်ပြသည့်မျက်လုံးများ ပိုင်ဆိုင်ထားသူ ဖြစ်နေသည်။ လူသတ်သမား အခင်းဖြစ်ပွားခဲ့စဉ်က ခဏခဏ သုံးစွဲခဲ့သော စကားလုံးတို့ကို မစ္စစတိုရီက တရားခံ ဂင်ရက်တီအား ရွတ်ဆိုအံ့ပြခိုင်းခဲ့သည်။ ယင်းစကားလုံးတို့မှာ "တိတ်တိတ်နေ ငါ စဉ်းစားနေတယ်" ဟူ၍ ဖြစ်သည်။ ယင်းဝါကျကို ဂင်ရက်တီအား အကြိမ်ကြိမ် ရွတ်ဆိုပြစေခဲ့ရာ နောက်ဆုံး စကားလုံးကို အမြဲတစေ "သင်းကင်းအစား ဖင်းကောင်း"ဟူ၍ အသံထွက်လေ့ ရှိခဲ့သည်။ ဤသို့ဖြင့် မစ္စစတိုရီမှာ သူ့အား အသေအချာ မှတ်မိသွားခဲ့သည်။

အခင်းဖြစ်အမှုကို (၁၉၆၂) ခုနှစ် ဇန်နဝါရီလ (၂၂)ရက်နေ့တွင်

စတင် ကြားနာစစ်ဆေးခဲ့သည်။ အမှုလိုက်ရဲတို့မှာ တရားခံ၏ ရှေ့နေ ရှေ့ရပ်တို့၏ မတရားစွပ်စွဲချက်တို့ကို အလူးအလဲ ခံနေခဲ့ကြရသည်။ ထိုသူတို့က ရဲတို့မှာ ယုန်တောင်ပြေး၊ ခွေးမြောက်လိုက် တရားခံအစစ် နောက် ခြေရာကောက်ကြရမည့်အစား မဆိုင်သည့် ဂင်ရက်တီအပေါ် သာ သတ္တုချနေကြသည်ဟု စွပ်စွဲခဲ့ကြခြင်း ဖြစ်၏။ လူတန်းစီ စစ်ဆေးခဲ့ရာ၌ မစ္စစတိုရီမှာ တရားခံအစစ်အား ဆွဲမပြနိုင်ခဲ့သဖြင့် သူမ ဖော်ပြခဲ့သော လူသတ်တရားခံပုံပန်းမှာ ပြောင်းလဲခဲ့ပါသည်။

တရားခံ၏ ရှေ့နေမှာလည်း တရားခံကိုယ်တိုင်၏ ကူညီမှု မရရှိခဲ့ချေ။ ပါးစပ်က သူ၌ အပြစ် မရှိပါ။ အခင်းဖြစ်လူသတ်မှုကို မကျူးလွန်ပါဟု တစာစာ ပြောနေခဲ့သော်လည်း ဂင်ရက်တီမှာ သူ့ကိုယ်သူ လုံလုံပြီ အထင်ဖြင့် ရုံးတော်အား ပမာမခန့် ပြုခဲ့သည်။

တရားခံနှင့်အတူ ထောင်အိပ်ဆောင်တစ်ခုတည်း အတူနေ အကျဉ်းသားတစ်ယောက် မိမိအား ဂင်ရက်တီ အခင်းဖြစ်လူသတ်မှုကို ကျူးလွန်ခဲ့ကြောင်းနှင့် ရဲနှင့် ကာယကံရှင်တရားလို မစ္စစတိုရီတို့သာ သိနိုင်သော အခင်းဖြစ်စဉ်က ဖြစ်ပျက်ခဲ့ပုံ အသေးစိတ်ကိုပါ ပြောပြဝန်ခံခဲ့သည်ဟု အစစ်ခံထွက်ဆိုခဲ့ပါသည်။ သို့ရာတွင် တရားခွင်၌ ဂင်ရက်တီက အခင်းဖြစ်လူသတ်မှု ဖြစ်ပွားနေစဉ်အချိန်က မိမိမှာ လီဗာပူးမြို့၌ သူငယ်ချင်းများနှင့် အတူရှိနေခဲ့ကြောင်း အခိုင်အမာ ထွက်ဆိုအစစ်ခံသွားခဲ့သည်။ သို့သော် ထိုသူငယ်ချင်းတို့၏ အမည် မည်သူမည်ဝါ ဆိုသည်ကို ပြောပြရန် ငြင်းဆိုခဲ့သဖြင့် ရုံးတော်မှ သူ့ထွက်ဆိုချက်ကို မယုံကြည်တော့ပေ။ ထို့နောက် မရှင်းမလင်းဖြင့် သူ၏ အလီဘိုင် သက်သေထူချက်ကို ပြန်၍ ပြောင်းကာ ထွက်ဆိုခဲ့ပြန်သည်။ သူက အခင်းဖြစ် လူသတ်မှုဖြစ်ပွားစဉ်က မိမိမှာ ဝေလနိုင်ငံမြောက်ပိုင်း ရိုင်း၌ရှိနေကြောင်း ပြောဆိုခဲ့ပြန်သည်။ ယင်းသို့ ထိုအရပ်၌ ရှိနေခဲ့သည်ဆိုလျှင် သက်သေသက္ကာယ ပြပါဆိုသော အခါ မပြနိုင်ခဲ့ပြန်ချေ။

တရားခံ ဂျိမ်းစ်ဂင်ရက်တီအပေါ် ပြစ်မှုထင်ရှားစီရင်ဖို့နှင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ဂျူရီလူကြီးများ သံသယဒွိဟ ဖြစ်နေခဲ့ကြသည်မှာ (၁၉၆၂) ခုနှစ် ဖေဖော်ဝါရီလ (၁၁)ရက်နေ့၌ နာရီပေါင်း (၉)

နာရီမျှ ကြာညှောင်းခဲ့၏။ ထို့နောက် ဂျူရီလူကြီးများအားလုံးက တရားခံမှာ ပြစ်မှုထင်ရှားသဖြင့် တည်ဆဲဥပဒေအရ ပြစ်ဒဏ်ပေးသင့်ကြောင်း သဘောတူခဲ့ကြသည်။ တရားခံ ဂင်ရက်တီကတော့ ရှေ့နည်းတူ "ကျွန်တော့်မှာ အပြစ်မရှိပါ" ဟူ၍သာ ဘူးခံနေခဲ့သည်။ သို့၏ အယူခံလွှာအားလုံးကိုလည်း ပယ်ချလိုက်လေသည်။ အသက် (၂၅)နှစ်ရှိ ဂင်ရက်တီမှာ (၁၉၆၂) ခုနှစ် ဧပြီလ (၄)ရက်နေ့၌ ဘတ်ဖို့အကျဉ်းထောင်ကြီးတွင် ကြိုးဒဏ် ခံသွားခဲ့ရသည်။

ယနေ့ကဲ့သို့ အဘက်ဘက် ဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်ကြီးသော်မှ ပြောကြစတမ်းဆိုလျှင် ပြစ်ဒဏ်စီရင်သည့်ကိစ္စနှင့် ပတ်သက်၍ သံသယဒွိဟ သို့လောသို့လော အပြစ်ပြောကြသူတွေ တစ်ပုံတစ်မ ရှိနေကြပေသည်။ ပီတာအယ်လ်ဖုံက အခန်းဆက် ဆောင်းပါးရှည်ကြီးဖြင့် နေ့စဉ်သတင်းစာကြီးထဲ၌ ကြိုးဒဏ်ကျသွားသော ဂင်ရက်တီအပေါ် ပြစ်ဒဏ်စီရင်ခြင်း ဖြစ်ကြောင်း စိတ်ဝင်စားဖွယ်ကောင်းအောင် ရင်ဖွင့်ထားသည်။ နောက်ပိုင်း၌ သူ့ဖြောင့်ချက်တို့ကို ပြန်လည် ရုပ်သိမ်းသွားခဲ့သည်။

ဂင်ရက်တီ၏ သူငယ်ချင်း ချားလ်စ်ဖရန့်စ်မှာ ရုံးတော်၌ တရားခံ ဂင်ရက်တီက မိမိအား ဆန့်ကျင်ပြီး ဘတ်စ်ကားထဲ၌ လာရောက် မှတ်သားခဲ့ကြောင်း သက်သေခံ ထွက်ဆိုသွားခဲ့သူ ဖြစ်၏။ အခင်းဖြစ်အမှုနှင့် ပတ်သက်၍ စာတစ်စောင် ရေးသားထားခဲ့ပြီး သူ့ကိုယ်သူ ကြိုးဆွဲချသတ်သေသွားခဲ့သည်။ ယင်းစာကို ပြည်သူတို့ စိတ်ဝင်စားစရာ မရှိသည့်အတွက် အခင်းဖြစ် အမှုသွားအမှုလာ အခြေခံ စစ်ဆေးမှုအဖြစ် ရုံးတော်တွင် တင်မပြခဲ့ပေ။ ဖရန့်စ် သေဆုံးပြီးနောက်မှ အခင်းဖြစ် ကြားစခန်း အမှတ် (၆)အေ လူသတ်မှုဖြစ်ပွားခဲ့စဉ်ညက ကြိုးမိန့်ကျသွားခဲ့သူ တရားခံအား ရိုင်းလ်မြို့၌ တွေ့မြင်ခဲ့ကြကြောင်း ရုံးတော်တွင် လာရောက် သက်သေခံ ထွက်ဆိုခဲ့ကြသည်။

ဤအခင်းဖြစ်အမှု စတင် စစ်ဆေးစဉ်က သံသယမကင်းခံခဲ့ရသူ တီမိုးသီးအီဗန်စ်မှာ ကလေကချေတစ်ယောက်ဖြစ်ပြီး အခြား လူသတ်မှုဖြင့် သေဒဏ်စီရင်ခြင်းခံရသူ ဖြစ်၏။ ထိုသူ ပြစ်ဒဏ်ကျသွားကတည်းက အခင်းအဖြစ် ကြားစခန်းအမှတ် (၆)အေ လူသတ်မှုနှင့် ပတ်သက်၍

တရားခံမှာ ဂင်ရက်တီ ဖြစ်သည်။ တီမိုသီဖြစ်သည့်ပြင် အငြင်းပွားခဲ့ရကြရပုံ အကြောင်းစုံလင်စွာ ရေးသားထားသော စာရေးဆရာ လူးဝစ္စလွန်ကူးပါး၊ ပေါလ်ဖုနှင့် လူဒိုဗစ်ကင်နက်တီတို့၏ စာအုပ်များ ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့သည်။ သို့သော် အီဗန့်စ်မှာ ခရစ္စတီ၏ မုသားသက်သေထွက်ဆိုချက်ကြောင့် မှားယွင်း၍ သေဒဏ်ပေးခြင်းခံခဲ့ရပြီး နောက်ကျမှ မှားယွင်းစီရင်သည့် အမှုဖြစ်၍ ကွပ်မျက်ခံရပြီးမှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိခဲ့လေသည်။

တရားခံ ဂင်ရက်တီမှာ ပထမအလီဘိုင်ပြချက် မှန်ကန်ပါသော်လည်း နောက်ထပ် တစ်မျိုးပြောင်း၍ အလီဘိုင် သက်သေနေခဲ့သဖြင့် သေဒဏ်ကွပ်မျက်ခဲ့ရပြီးမှ လွတ်ငြိမ်းခွင့် မရရှိနိုင်တော့ချေ။ ယင်းသို့ဖြင့် ကြားစခန်းအမှတ် (၆) အေ လူသတ်မှု၌ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရသူ ဂင်ရက်တီနှင့်ပတ်သက်၍၊ တရားကြိုးပေးခြင်းခံရသူ ဂင်ရက်တီနှင့် ပတ်သက်၍ မတရားကြိုးပေးခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ကြသူတို့ ရှိခဲ့ကြသည်။ ထို့အတူ ယင်းအမှုမှာ စုံထောက်ရဲမှူးကြီး အကော့ ကောက်ချက်ချခဲ့သလို ဂင်ရက်တီမှာ မကြာသေးခင်နှစ်များ အတောအတွင်းက လူသတ်သမားတို့အနက် အဆိုးဝါးဆုံးအမျိုးအစားတို့တွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း သဘောတူခဲ့ကြလေသည်။

❀ ❀ ❀

## ရက်စက်မှု ကမ်းကုန်လွန်းသူ လင်ဆိုးတစ်ယောက်

ဂျွန်အော့တိုဟော့ချ် (Johann Otto Hoch) မှာ မိန်းမတစ်ယောက်အား သုံးနှစ်သုံးမိုး ပိုးပန်းပြီးမှ ယူရသည့်အလုပ်နှင့် သေတစ်ပန်သက်တစ်ဆုံး အိုအောင်မင်းအောင် ပေါင်းသင်းရသော အိမ်ထောင်ရေးကို စိတ်မဝင်စားသူ ဖြစ်၏။ သူကား မိန်းမထည့်လဲ ယူခဲ့သူဖြစ်ပြီး (၁၅)နှစ်သက်တမ်း ကာလအတွင်း မိန်းမ (၂၄)ယောက် ယူခဲ့ပြီး တစ်ယောက်မကျန် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သူ ဖြစ်ပါသည်။

ပြင်သစ်သမိုင်း၌ ရက်စက်မှုသရဖူဆောင်းခဲ့သည့် လူသတ်သမားကြီး တစ်ဦး ရှိခဲ့ဖူးသည်။ သူ့အား အနွတ္တအမည်အားဖြင့် မုတ်ဆိတ်ပြာကြီး (Blue-beard) ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ ပြင်သစ်မှုးမျိုးမတ်နွယ် မြို့စားသူရဲကောင်း (နိုက်)ရှာမီလီးယားရောင်းလ် ဖြစ်၏။ သူသည် သတ္တမမြောက် ဇနီးအား သူသတ်ဖြတ်ထားခဲ့သော ဇနီးသည် ခြောက်ယောက်တို့ အလောင်းများ ထားရှိရာ အခန်းထဲ၍ သတ်ဖြတ်ရန် ပိတ်လှောင်ထားစဉ် လူတွေ့သွားခဲ့၍ သေဘေးမှ လွတ်မြောက် သွားခဲ့သည်။ ယင်း လူဆိုးကြီး မုတ်ဆိတ်ပြာကြီးကဲ့သို့ပင် ဟော့ချ်မှာ ပိန်မသာလိန်မသာ ဖြစ်၏။ ဇနီးသည်အား စိန်အဆိပ်ကျွေးသတ်ဖြတ်ခဲ့ရာ သေငယ်ဇောမြောနေစဉ် ခယ်မဖြစ်သူအား ဆက်သတ်ရန် လုပ်ခဲ့သည်။ ခယ်မကလည်း ခဲအို၏ ကမ်းလှမ်းချက်ကို လက်ခံခဲ့သည်။ ဟော့ချ်က သူမအား "ဘဝဆိုတာ ရှင်သန်နေဖို့ပဲ သေရမယ့်သူဟာ သေကိုသေရမှာပဲ"ဟူ၍ ပြောကြားခဲ့လေ

သည်။

ခရစ်နှစ် (၁၈၉၂) ခုနှစ်မှ (၁၉၀၅) ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စု၌ ဟော့ချ်မှာ မိန်းမတွေယူလိုက် သတ်ပစ်လိုက်နှင့် ထင်ရာစိုင်းနေစဉ်ကာလတစ်လျှောက် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ချီကာဂိုရဲကြီးကျော့ရှစ်ပီသည် သူ့နောက် တိတ်တဆိတ် ခြေရာခံ ထောက်လှမ်းခဲ့သည်။ ဟော့ချ်မှာ လူသတ်မှုကြီး ကျူးလွန်ခဲ့သူအဖြစ် စွဲချက်တင်ထိုက်ကြောင်း ရှစ်ပီသိနေသော်လည်း သက်သေမပြနိုင်၍ နေသေးသပ ချုံထဲက စောင့်ဆိုင်းနေခဲ့ရသည်။

ဟော့ချ်အား ဂျာမနီနိုင်ငံ ဂျီဟာန်ရှုမစ်မြို့၌ (၁၈၆၂) ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဟော့ချ်သည် အသက် (၂၅)နှစ်အရွယ်၌ ဇနီးနှင့်သားသမီးသုံးယောက်ကို ပစ်ထားခဲ့ပြီး ဂျာမနီနိုင်ငံမှ ထွက်ခွာလာခဲ့သည်။ နှုတ်ခမ်းမွေးကုတ်ကုတ်နှင့် လူကောင်ထွားထွား လူပျော်ကြီး ဟော့ချ်မှာ အရပ်တကာလှည့်လည်၍ ပက်ချင်အရက်အရောင်းဈေးသည်အလုပ်ကို အမေရိကန်နိုင်ငံ၌ ရရှိခဲ့ပြီး အခြေချခဲ့သည်။

(၁၈၈၇) ခုနှစ်မှ (၁၉၀၂) ခုနှစ်အတွင်း သူသတ်ဖြတ်ခဲ့သည့် မိန်းမပေါင်း မည်မျှရှိပြီဖြစ်ကြောင်း လူတိုင်းလိုလို ခန့်မှန်းမိလောက်ပါသည်။ (၁၈၉၅) ခုနှစ် ဧပြီလအတွင်း အမေရိကန်ပြည် ဗာဂျီးနီးယားပြည်နယ် အနောက်ပိုင်း ရှီလကင်းမြို့ အရက်ဘားတစ်ခု၌ အမျိုးသမီးတစ်ဦးကို တွေ့ခဲ့သည်။ သူ့ကိုယ်သူ ဂျက်ကော့ဟပ်ဖ်ဟု မိတ်ဆက်ကာ သူမအား ချစ်ရေးဆိုခဲ့ပြီး လက်ထပ် ပေါင်းသင်းခဲ့သည်။ ထို့နောက် သုံးလအကြာ၌ သူမအား သတ်ပစ်ခဲ့သည်။

ဟော့ချ် ကျူးလွန်ခဲ့သော အခြား လူသတ်မှုတို့ကဲ့သို့ပင် မိန်းမသေဆုံးရမှုကိုလည်း သေမှုသေခင်း စစ်ဆေးသူ ရာဇဝတ်ဘက်ဆရာက ကုသမရသည့် ကျောက်ကပ်ရောဂါကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ကောက်ချက်ချခဲ့သည်။ သို့ရာတွင် အမျိုးသမီး၏ ဆရာဘုန်းတော်ကြီးက သူမမှာ သွေးရိုးသားရိုး သေရခြင်း မဟုတ်၊ အသတ်ခံရခြင်းဖြစ်ကြောင်း ကောင်းကောင်းသိခဲ့သည်။ လူသတ်သမား ဟော့ချ်လည်း သူ့ဇနီးပိုင် မြေရာတို့ကို ရောင်းချပြီး ငွေကိုပိုက်၍ အခင်းဖြစ်ဒေသမှ လစ်ခဲ့၏။ သူက ခြေရာ

ဖျောက်ရန် ဤသို့ ကြံစည်ခဲ့သည်။ သူကိုယ်သူ သတ်သေဟန် စာတစ်စောင် ရေးသားထားခဲ့ပြီး မြစ်ကမ်းနား၌ သူ့အဝတ်အစားတို့နှင့် ထားရစ်ခဲ့ပြီး မြစ်ထဲဆင်းသွားခဲ့သည်။ ရေထဲကိုက်တစ်ရာအရောက်တွင် အသင့်ကျောက်ချ ရပ်တန့်ထားသော လှေတစ်စင်းပေါ် တက်ခဲ့ပြီး အဝတ်အစားသစ်များ လဲလှယ်ဝတ်ဆင်ကာ အိုဟိုင်းယိုးမြို့သို့ လှော်ခတ်ခဲ့လေသည်။

(၁၈၉၈) ခုနှစ်အတွင်း ဟော့ချ်တဖြစ်လဲ မာတင်ဒွေါ့စ် အမည်သစ်ဖြင့် အိုဟိုင်းယိုး၌ နေထိုင်ခဲ့စဉ် လူသတ်သမားမှာ မှုခင်းရဲမှူးကြီး ဂျော့ရှစ်ပီ၏ အနံ့ ရရှိသွားခဲ့သည်။ လူသတ်သမား ဟော့ချ်လည်း အသေးအဖွဲ လိမ်လည်မှုဖြင့် ချီကာဂို၌ အဖမ်းခံခဲ့ရသည်။ သို့သော် ဝိုးလင်းမြို့ သူသတ်ခဲ့သော အမျိုးသမီး၏ ဆရာဒကာဘုန်းတော်ကြီးသည် သတင်းစာ၌ သူ၏ ဓာတ်ပုံကို တွေ့ရှိခဲ့ပြီး ချက်ချင်း လူသတ်သမား ဟော့ချ်ဖြစ်ကြောင်း အတပ်သိခဲ့သည်။ သို့နှင့် အခင်းဖြစ်အမှုကိုင်တွယ်နေသော ရဲမှူးကြီး ရှစ်ပီနှင့် ဆက်သွယ်ခဲ့သည်။

ဟော့ချ်မှာ ကွတ်ခရိုင်ထောင်နန်းတွင် တစ်နှစ်တာမျှ စံမြန်းနေစဉ် ရဲမှူးကြီး ရှစ်ပီသည် ရာဇဝတ်တစ်သီးတစ်သန့်ဖြင့် တိမ်းရှောင်နေခဲ့သော သူ၏နောက်ကြောင်းကို ခြေရာကောက်မိခဲ့တော့သည်။ အမှုမပေါ်ခဲ့သော အမျိုးသမီး ဒါဇင်ပေါင်းများစွာ အသတ်ခံရမှုကို စုံစမ်းစစ်ဆေးခဲ့သည်။ ယင်း အမှုများကို မပေါ်ပေါ်အောင် ရေဆုံးရေဖျား လိုက်လံစုံစမ်းကာ ဖော်ထုတ်မည်ဟု သန္နိဋ္ဌာန်ချထားသော ရဲမှူးကြီးရှစ်ပီလည်း ဝိုးလင်းမြို့သို့ သွားပြီး ဟော့ချ်၏ဇနီးဟောင်းအလောင်းကို သင်္ချိုင်းမှ ပြန်ဖော်၍ အလောင်းမှ အရေးကြီးသော ကိုယ်တွင်းအင်္ဂါကလီစာတို့ကို ထုတ်ထားကြောင်း စစ်ဆေး တွေ့ရှိရသည်။

လိမ်လည်မှု ပြစ်ဒဏ်ကျခံပြီး ထောင်မှ ထွက်ခဲ့သည်။ ထို့နောက် (၁၉၀၀)နှင့် (၁၉၀၅) ခုနှစ်အတွင်း မိန်းမထည်လဲယူ၍ ဇနီးမယားပေါင်း (၁၅)ယောက်ကိုလည်း ရှေ့နည်းအတိုင်း သတ်ဖြတ် ဖျောက်ဖျက်ခဲ့သည်။ လူသတ်လက်နက်မှာ ဆေးဝါးစတိုးဆိုင်တို့တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သော သူ၏လက်စွဲအား စင်နစ်ခေါ် စိန်ပင် ဖြစ်သည်။ ဟော့ချ်၏ သားကောင်တို့မှာ အမြဲတစေ တစ်ကိုယ်တည်းသမားများဖြစ်ပြီး ချမ်းသာသူ

အမျိုးသမီးတို့ ဖြစ်ကြသည်။ ယင်း အမျိုးသမီးတို့သည် သူ၏ မာယာကွန်ပိုက်၌ ရမ္မက်ကျေးကျွန် ဖြစ်သွားခဲ့ကြသည်ချည်း ဖြစ်၏။ သူ၏ဇနီးသေဆုံးရမှုကို စစ်ဆေးခဲ့ကြသော ဆရာဝန်တို့သည် နမော်နမဲ့နိုင်လွန်းပြီး ရောဂါရှာဖွေဖော်ထုတ်ရာ၌ အမှားချည်းသာ ဖြစ်ခဲ့ကြသည်။

လူသတ်ကောင် ဟော့ချ်မှာ သူကျူးလွန်သမျှ လူသတ်မှုတို့ မပေါ်ခဲ့သဖြင့် သူ့ကိုယ်သူ ပိရိလှပြီဟု အထင်ရောက်ခဲ့သည်။ တစ်မြို့မှတစ်မြို့သို့ ပြောင်းကာ တစ္ဆေတစ်ကောင်နှင့်မခြား လက်ရဲဇက်ရဲ လူသတ်မှုတစ်မှုပြီးတစ်မှု ဆက်တိုက် ကျူးလွန်ခဲ့သည်။ မကြာမကြာ ဟောတစ်ယောက် ဟောတစ်ယောက် မိန်းမထည်လဲ ယူပြီး ရက်သတ္တတစ်ပတ် မကြာခင်ပင် ဇနီးမယားတို့ကို သေလမ်းပို့ခဲ့သည်။

(၁၉၀၄) ခုနှစ်တွင် သူ၏ နောက်ဆုံးသားကောင် ဇနီးသည်အား သတ်ဖြတ်ပြီး အလောင်း ဖျောက်ဖျက် မြေမြှုပ်ထားခဲ့သည်။ ထိုအမျိုးသမီးမှာ မေရီဝေါလ်ကား ဆိုသူ ဖြစ်၏။ ချက်ချင်းပင် ပူပူနွေးနွေး ကွယ်လွန်သူ မေရီ၏ညီမနှင့် လက်ဆက်ခဲ့သည်။ ထို့နောက် ဇနီးသည် အသစ်စက်စက်ကလေး၏ စုဆောင်းထားသော ငွေကြေးတို့ကို မောင်ပိုင်စီးကာ လစ်ပြေးခဲ့သည်။ ဒေါသအမျက် ချောင်းချောင်းထွက်နေသော ဇနီးသည်မှာ မခံမရပ်နိုင်တော့ဘဲ ရဲမှူးကြီးရှစ်ပီနှင့် ဆက်သွယ်ခဲ့သည်။ သို့နှင့် သူမ အစ်မ မေရီ၏ အလောင်းကို ပြန်ဖော်၍ စစ်ဆေးခဲ့သည်။ ဤအချိန်တွင် ဆေးဘက်ဆိုင်ရာမှ စိန်အဆိပ်မှာ မိန်းမပေါင်းတစ်ဒါဇင်အား သေစေနိုင်လောက်သော ပမာဏရှိကြောင်း စစ်ဆေး တွေ့ရှိခဲ့ရသည်။ ရှစ်ပီမှာ လူသတ်ကောင် ဟော့ချ်နောက် တကောက်ကောက် ခြေရာခံလိုက်ခဲ့ကျိုးနပ်ပြီး သူ့အား လက်ရ ဖမ်းဆီးနိုင်ခဲ့သည်။

သက်ဆိုင်ရာ ရာဇဝတ်တရားရုံးချုပ်၌ သူ၏အမှုကို ကြားနာစစ်ဆေးနေစဉ် ဟော့ချ်မှာ မခုတ်တတ်သည့်ကြောင်ပမာ အပြစ်ကင်းသူအဖြစ် ဟန်ဆောင်နေခဲ့သည်။ ရုံးတော်မှ ပြစ်မှုထင်ရှားစီရင်ချက် ချမှတ်ပြီး နောက်မှသာ သူသည် ကြိုးစင်မှ ရှောင်တိမ်း၍ မရနိုင်တော့ကြောင်း ယုံကြည်ကာ စိတ်နှလုံး တုံးတုံးချသွားခဲ့သည်။

(၁၉၀၆) ခုနှစ် ဖေဖော်ဝါရီလ (၂၃)ရက်နေ့၌ သူ့အား ထောင်ဝါဒါ

အစောင့်အကြပ်တို့က ကြိုးစင်သို့ ခေါ်ဆောင်သွားခဲ့ကြစဉ် သူက မချိသွားဖြဲ ပြုံ့က်လုံး ထုတ်ခဲ့သေးသည်။ "သူငယ်ချင်းတို့ ငါဟာ ကြောက်စရာ လန့်စရာ သရဲသဘက်နဲ့ မတူပါဘူးကွာ၊ တူကောတူလို့လားဟင်"

သူ့မေးခွန်းကို မည်သူကမျှ မဖြေခဲ့ကြချေ။ အကြောင်းမှာ တစ်ချိန်လုံး ဟန်ဆောင်ကာ တင်းထားသမျှ သူ၏လေးလံထိုင်းမှိုင်းသော ခန္ဓာကိုယ်ကြီးမှာ ကြိုးစင်တံခါးဝ၌ အရုပ်ကြိုးပြတ် ဖြစ်သွားခဲ့သောကြောင့် ဖြစ်ပါသည်။

ဝင်းနိုင်ဦး (ရေနံ)

❁ ❁ ❁